မင်းကွန်းဆရာတော်
ရေးသားတော်မူသော

# မင်းကွန်းဝိပဿနာ

## သူဒနီပေါင်းချုပ်

နှင့်

## တောလေးဆယ်အဖွင့်

ဒုတိယ
မင်းကွန်းဆရာတော်အရှင်ဝါယမ
ကြီးကြပ်ပြင်ဆင်တော်မူသည်

ရန်ကုန်မြို့

မင်းကွန်းဆရာတော်

ရေးသားတော်မူသော

# မင်းကွန်းဝိပဿနာ

## သူဒနိပေါင်းချုပ်

နှင့်

သထုံမြို့၊ မူလမင်းကွန်း ဇေတဝန်ဆရာတော် ရေးသားတော်မူသော

## တောလေးဆယ်အဖွင့်

●

မင်းကွန်းဆရာတော် အရှင်ဝါယမ

ကြီးကြပ်ပြင်ဆင်သည်။


ရန်ကုန်မြို့

၁၀၇-ဗိုလ်ချုပ်ဈေး၊

ပြည်သူ့အလင်း စာပုံနှိပ်တိုက်

၁၃၂၂-ခု။

ပေဋကောပဒေသ အဋ္ဌကထာ, မိလိန္ဒပဉှာ အဋ္ဌကထာ
စသော ကျမ်းပေါင်းများစွာ ပြုစုတော်မူသော



ကျေးဇူးရှင်
သထုံမြို့၊ မူလမင်းကွန်း
ဇေတဝန် ဆရာတော်ဘုရားကြီး

ပြည်ထောင်စု မြန်မာနိုင်ငံတော်

ပဋိပတ္တိ သာသနာနုဂ္ဂဟ အသင်းချုပ်ကြီး၏

# မဟာနာယက



ရန်ကုန်မြို့

# မင်းကွန်း ဆရာတော်ဘုရား

# နိဒါန်း

အင်းစိန်မြို့-မင်းကွန်းဆရာတော်ဘုရားသည်၊ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၁-ရက် နေ့က၊ အင်းစိန်တွင် ကရင်သူပုန်များ သောင်းကျန်းထကြွနေသဖြင့်၊ ရန်ကုန်မြို့- ပဋိပတ္တိသာသနာနုဂ္ဂဟ အသင်းကြီးမှ၊ ဦးစီးခေါင်းဆောင်ပြီးလျှင်၊ ရွှေတိဂုံစေတီတော်ကြီး၏ခြေရင်းသို့ နောက်ပါသံဃာတော်များနှင့်တကွ၊ ယောဂီများကိုပါ ပင့်ဆောင်ခဲ့ကြရာ၊ အခိုက်အတန့်အားလျော်စွာ၊ အငြိမ်းစား ရာဇဝတ်ဝန်မင်း ဦးဘရို,မင်းကတော် ဒေါ်လှဖူးတို့က သဒ္ဓါတက်ကြွပြီးလျှင်၊ ၁၅၀၀၀-မှ, ၂၀၀၀၀ နည်းပါးမျှကုန်သော တည်းကျောင်း ဓမ္မာရုံမဏ္ဍပ်ကြီးကို ဆောက်လုပ် လှူဒါန်းပြီးလျှင်၊ ရာဇဝတ်ဝန်မင်းနှင့် မင်းကတော်တို့က၊ သတ္တဝါအပေါင်းတို့၏ **စိတ်** သည်၊ ဆုံးမရန် အလွန်ခဲယဉ်းပါသဖြင့်၊ ထိုစိတ်တလုံးကို အလွယ်ဆုံး အားဖြင့် ဆုံးမရန်နည်းကို ပေးသနားတော်မူပါဘုရားဟု လျှောက်ထားချက်အရ၊ အင်းစိန်မြို့- မင်းကွန်းဆရာတော်ဘုရားသည်၊ စိတ်ကိုဆုံးမသဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ပြီးလျှင်၊ သောတာပန်ဖြစ်ပုံ,သကဒါဂါမိဖြစ်ပုံ, အနာဂါမိဖြစ်ပုံ, ရဟန္တာဖြစ်ပုံ အလုံးစုံကို၊ ဝါတော် ၂၅- ဝါကျမှ၊ ဟောပြောညွှန်ပြ ဆိုဆုံးမတော်မူသော ''**ဩဝါဒသူဒနီ**'' ၃-တွဲ။

၁၃၀၇ – ခုနှစ်က၊ ဆရာတော်ဘုရား တလခွဲတိုင်တိုင်၊ ရွှေတိဂုံစေတီတော် ရေကြည်တော် ဝတ်အသင်း တန်ဆောင်းကြီး၌၊ ညဉ့်တရား ဟောတော်မူသော အခါ၊ သူဌေးကြီး ဆာ,ဦးသွင် သည်၊ အလွန်သဒ္ဓါ တက်ကြွ နှစ်သက် လှသည် ဖြစ်၍၊ ကျမ်းတစောင် တဖွဲ့ ရေးသားပါရန် လျှောက်ထား သဖြင့်၊ ဝါတော် ၂၀ – အရတွင်၊ ရေးသားတော်မူသော ''**စတုသစ္စသူဒနီ**'' ကျမ်း။

၁၃၀၀–ပြည့်နှစ်က၊ အင်းစိန်မြို့- မင်းကွန်းတောရကျောင်းတိုက်၏ ဒါယကာဖြစ်သော၊ ဟင်္သာတမြို့ လဘက်ခြောက်ကုန်သည် **ဦးမောင်ကြီး** လျှောက်ထားသဖြင့်၊ ဝါတော် ၁၂- ဝါအရတွင် ရေးသားတော်မူသော ''**ပညာဘာဝနာသူဒနီ**'' ကျမ်း။

၁၂၉၇–ခုနှစ်က၊အစိုးရပင်စင်အငြိမ်းစားအသင်းကြီးမှ၊ ရွှေတိဂုံဘုရားခြေတော်ရင်း ပုလိပ်ပိဋကတ် တိုက်ကြီးတွင်၊ တရားနာပြီးသည်၏ အဆုံး၌ လျှောက်ထားသဖြင့်၊ ဝါတော် ၆-ဝါအရတွင်၊ ဝိပဿနာရှုနည်း နိဿယည်းအမည်ဖြင့် ရေးသားတော်မူသော ''**ဝိပဿနာသူဒနီ**''ကျမ်း။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကာယဂတာသတိကိုသာ အားထုတ်ပုံ ပြခြင်း | .... | ၅၃ |
| ကာယဂတာသတိကို သမထ,ဝိပဿနာ ခွဲ၍ ပြခြင်း | .... | ၅၄ |
| ဣရိယာပုထ်၌ သမ္ပဇဉ်,ဓါတ်ပါပုံ ပြခြင်း | .... | ၅၆ |
| ဣရိယာပုထ် ၄-ပါး ရှုမှတ်နည်းကို ပြခြင်း | .... | ၅၉ |
| ဇနပဒကလျာဏီဝတ္ထု | .... | ။ |
| ရုပ်,နာမ်သက်သက်ထင်ပုံကို ပြခြင်း | .... | ၆၂ |
| နာမရူပပရိစ္ဆေဒဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၆၃ |
| ရုပ်,နာမ် ကွဲပုံကိုကို ပြခြင်း | .... | ။ |
| ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၆၄ |
| အကြောင်း,အကျိုး ကွဲပုံကို ပြခြင်း | .... | ၆၅ |
| သမ္မသနဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၆၈ |
| သုံးသပ်သောသဘော စိတ်၌ထင်ပုံကို ပြခြင်း | .... | ၇၀ |
| ဒိဋ္ဌိ,မာန,တဏှာ ကွာပုံ ပြခြင်း | .... | ၇၂ |
| ဉဒယဗ္ဗယဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၇၃ |
| လက္ခဏာ ၂-ပါးကွဲပုံကို ပြခြင်း | .... | ၇၄ |
| ပစ္စုပ္ပန်အာရုံ ထင်ပုံကို ပြခြင်း | .... | ၇၆ |
| အဖြစ်,အပျက် အချိန်ကာလကို ပြခြင်း | .... | ၇၈ |
| ဘင်ဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၇၉ |
| ခန္ဓာသာ ပျက်ပုံကို ပြခြင်း | .... | ၈၂ |
| အာနိသင် ၈-ပါး ဘင်ဉာဏ်ထင်၍ ရှိပုံကို ပြခြင်း | .... | ၈၃ |
| ဘယ,အာဒီနဝ, နိဗ္ဗိဒါဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၈၄ |
| မုဉ္စိတုကမျတာ,ပဋိသင်္ခါ,သင်္ခါရုပေက္ခာဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၈၆ |
| အနုလောမ, ဂေါတြဘူ, မဂ်ဉာဏ်ပေါ်ပုံကို ပြခြင်း | .... | ၈၈ |
| အနိစ္စ,ဒုက္ခ,အနတ္တ မဂ်ဝင်ပုံသုံးရပ် ရှင်းလင်းချက် | .... | ၉၀ |
| မဂ်ဉာဏ်က သစ္စာ ၄-ချက်ဖြင့် နိဗ္ဗာန်မြင်ပုံ | .... | ၉၁ |
| ဣရိယာပုထ် ၄-ပါးအားထုတ်၍ အရဟတ္တဖိုလ်ရောက်ပုံ | .... | ၉၂ |


## ပညာဘာဝနာသုဒနီ


| | | |
|---|---|---|
| ပဏ္ဏာမနှင့် ပဋိညာဉ်ကို ပြခြင်း | .... | ၉၃ |
| မျက်စိစသည်ကို ပြခြင်း | .... | ၉၄ |
| မမှတ်ခြင်း၏အပြစ်ကို ပြခြင်း | .... | ၉၆ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သစ္စာ ၄-ပါးကို မပိုင်းခြားပုံကို ပြခြင်း | .... | ၉၇ |
| မှတ်ခြင်း၏အကျိုးကို ပြခြင်း | .... | ၉၈ |
| အတ္တဒိဋ္ဌိမှ လွတ်ပုံကို ပြခြင်း | .... | ၁၀၀ |
| သစ္စာ ၄-ပါး ပိုင်းခြားပုံကို ပြခြင်း | .... | ၁၀၅ |
| ဝိပဿနာဉာဏ်စဉ်ကို ပြခြင်း | .... | ၁၀၇ |
| နာမရူပပရိစ္ဆေဒဉာဏ်ကို ပြခြင်း | .... | ၁၀၈ |
| ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြခြင်း | .... | ၁၁၀ |
| သမ္မသနဉာဏ်ကို ပြခြင်း | .... | ၁၁၄ |
| ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း | .... | ၁၁၈ |
| ဘင်္ဂဉာဏ်ကို ပြခြင်း | .... | ၁၂၅ |
| ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်ကို ပြခြင်း | .... | ၁၂၈ |
| မုဉ္စိတုကမျတာဉာဏ် ပြခြင်း | .... | ၁၃၆ |
| ဥပမာ,ဥပမေယျ နှိုးနှောပုံ ပြခြင်း | .... | ၁၃၉ |
| အကျယ်နှိုးနှောပုံ ပြခြင်း | .... | ၁၄၀ |
| သင်္ခါရုပေက္ခာဉာဏ်ကို ပြခြင်း | .... | ၁၄၂ |
| အနုလောမဉာဏ်ကို ပြခြင်း | .... | ၁၅၁ |
| မဂ်ဉာဏ်ကို ပြခြင်း | .... | ၁၅၆ |
| ဥပမာ,ဥပမေယျ နှိုးနှောပုံ ပြခြင်း | .... | ၁၆၀ |
| ဖိုလ်ဉာဏ်စသည်ကို ပြခြင်း | .... | ၁၆၄ |


### ဝိပဿနာသူဒနီ


| | | |
|---|---|---|
| အဇ္ဈတ္တ, ဗဟိဒ္ဓကို ပြခြင်း | .... | ၁၆၇ |
| ဝိပဿနာတရားကို ရှာခြင်း | .... | ၁၆၈ |
| ဝိပဿနာ၏မူလ သီလကို ပြခြင်း | .... | ၁၇၀ |
| ပစ္စယသန္နိဿိတ သီလကို ပြခြင်း | .... | ၁၇၂ |
| သီလအကျိုးကို ပြခြင်း | .... | ၁၇၄ |
| မဂ္ဂင် ၈-ပါးကို ပြခြင်း | .... | ၁၇၅ |
| ပါဠိသိက္ခာ သုံးပါးကို ပြခြင်း | .... | ၁၇၆ |
| မြန်မာသိက္ခာ သုံးပါးကို ပြခြင်း | .... | ၁၇၇ |
| သိက္ခာ ၃-ပါးပါသော 'သိ'ကို ပြခြင်း | .... | ၁၇၉ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခန္ဓာ စသည်ကိုလည်း သိရမည်ကို ပြခြင်း | .... | ၁၈၂ |
| သညာစသည်ကိုလည်း သိရမည်ကို ပြခြင်း | .... | ၁၈၄ |
| ၃၂-ပါးသော ကောဋ္ဌာသ စသည်ကို သိရမည်ကို ပြခြင်း | .... | ၁၈၆ |
| ဓါတ် ၃-ပါး စသည်ကို သိရမည်ကို ပြခြင်း | .... | ၁၉၀ |
| သိ,စောင့်,တည်–မဂ္ဂင်အလုပ်ကို ပြခြင်း | .... | ၁၉၃ |
| ပဋိစ္စသမုပ္ပါဒ်ကို ပြခြင်း | .... | ၁၉၈ |
| ကာလ ၃-ပါးဖြင့် စက်လည်ပုံကို ပြခြင်း | .... | ၂၀၁ |
| ဝဋ် ၃-ပါး, အလွှာ ၄-လွှာဖြင့် စက်လည်ပုံကို ပြခြင်း | .... | ၂၀၃ |
| အခြင်းအရာ ၂၀-ကို ပြခြင်း | .... | ၂၀၆ |
| မူလ ၂–ပါးဖြင့် စက်လည်ပုံ ပြခြင်း | .... | ၂၀၇ |
| အဝိဇ္ဇာနှင့်တဏှာတွဲပုံကို ပြခြင်း | .... | ၂၀၈ |
| ပါဠိသာဓကကို ပြခြင်း | .... | ၂၁၀ |
| ဒုက္ခနှင့်သမုဒယတွဲပုံကို ပြခြင်း | .... | ၂၁၃ |
| စက်ပြတ်ပုံကို ပြခြင်း | .... | ၂၁၆ |
| ပါဠိသက်သေကို ပြခြင်း | .... | ၂၁၈ |
| နိရောဓ,မဂ္ဂ ၂–ပါးပေါ်ပုံကို ပြခြင်း | .... | ၂၂၁ |
| သစ္စာ ၄–ပါးလုံးပေါ်ပုံကို ပြခြင်း | .... | ၂၂၃ |
| ဗောဓိပက္ခိယတရား ပါပုံကို ပြခြင်း | .... | ၂၂၅ |
| မဂ္ဂကိစ္စ ၄–ချက်ကို ပြခြင်း | .... | ၂၂၈ |
| ကျွက်လေ,ဝင်လေ ရှုနည်းကို ပြခြင်း | .... | ၂၃၀ |
| ထွက်လေ, ဝင်လေလိုဘဲ ဝိပဿနာကိုရှု | .... | ၂၃၄ |
| ဝိပဿနာ အလုပ်အစစ် ဗောဓိယာသုတ်ကို ပြခြင်း | .... | ၂၃၆ |
| နာမရူပပရိစ္ဆေဒဉာဏ်ကို ပြခြင်း | .... | ၂၃၈ |
| ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြခြင်း | .... | ၂၄၂ |
| သမ္မသနဉာဏ်ကို ပြခြင်း | .... | ၂၄၄ |
| ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း | .... | ၂၄၇ |
| ဘင်္ဂဉာဏ်ကို ပြခြင်း | .... | ၂၄၉ |
| ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်ကို ပြခြင်း | .... | ၂၅၀ |
| မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာဉာဏ်ကို ပြခြင်း | .... | ၂၅၂ |
| အနုလောမဉာဏ် စသည်ကို ပြခြင်း | .... | ၂၅၄ |

**အကြောင်းအရာ** **စာမျက်နှာ**

## ဉာဏသုဒ္ဓိ

### နာမရူပပရိစ္ဆေဒဉာဏ်


| | |
|---|---|
| ကာလသုံးပါး သဘောသွားလက္ခဏာ ပြခြင်း .... | ၂၅၇ |
| ပစ္စုပ္ပန်နာမ်ရုပ်ကိုသာ အားထုတ်ရမည် .... | ၂၅၈ |
| ရုပ်-ဗိုင်းခြားပုံကို ပြခြင်း .... | ၂၆၀ |
| ဝိပဿနာ အားမထုတ်သူ ပုထုဇဉ်မည်ပုံ .... | ၂၆၄ |
| ဝိပဿနာ အားထုတ်သူ သေက္ခမည်ပုံ .... | ၂၆၈ |
| ကမ္မဒွါရ, ဝိထိဒွါရ ၂-ပါးကို ပြခြင်း .... | ၂၇၃ |
| မှတ်နေတာ ရုပ်ကိုသာ ဗိုင်းခြားသေး၏ .... | ၂၇၇ |
| နာမ်ကို ဗိုင်းခြားသောဉာဏ် အလိုလိုပေါ်ပုံ .... | ၂၈၀ |
| သိတိုင်း ဝိပဿနာမဟုတ်, သတိပဋ္ဌာန်အတိုင်းမှဟုတ် .... | ၂၈၃ |
| ဣရိယာပထ ၃-မျိုးကွဲပုံကို ပြခြင်း .... | ၂၈၆ |
| သမ္မဇဉ် ၄-ပါးကို ပြခြင်း .... | ၂၈၈ |
| ခွေး,မြေခွေး အသိမျိုးမဟုတ်ပုံကို ပြခြင်း .... | ၂၉၂ |
| အသမ္မောဟ သမ္ပဇဉ်ကို ပြခြင်း .... | ၂၉၆ |
| ဂေါစရသမ္ပဇဉ်ကို ပြခြင်း .... | ၂၉၈ |
| ဓါတ်ကြီး ၄-ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း .... | ၃၀၁ |
| အာရုံ ၆-ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း .... | ၃၀၃ |
| ဝိညာဏ်နှင့်ကိလေသာမစပ်ပုံကို ပြခြင်း .... | ၃၀၅ |
| ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံသာထင်ပုံ ပြခြင်း .... | ၃၀၈ |


### ပစ္စယပရိဂ္ဂဟဉာဏ်


| | |
|---|---|
| ဝိပဿနာသမ္ပဇဉ်ကို ပြခြင်း .... | ၃၁၀ |
| နာမ်၏အကြောင်း ရုပ်ထင်ပုံကို ပြခြင်း .... | ၃၁၁ |
| ဿနကွဲပုံ, မကွဲပုံကို ပြခြင်း .... | ၃၁၄ |
| ဝိပဿနာအားထုတ်သူ, အားမထုတ်သူ အထင်ကို ပြခြင်း .... | ၃၁၈ |
| ဝိပဿနာအားထုတ်သဖြင့် အဝိဇ္ဇာမရှိပုံ ပြခြင်း .... | ၃၂၁ |
| ကာလသုံးပါး၌ ယုံမှားကင်းသည်ကို ပြခြင်း .... | ၃၂၃ |
| ပဋိစ္စသမုပ္ပါဒ် ၁၂-ရပ်သော အင်္ဂါကို ပြခြင်း .... | ၃၂၆ |
| နာမ်ရုပ်၏ အကျိုးအကြောင်း ဗိုင်းခြားရာ၌ ဉာတပရိညာသဘော သွား ပြခြင်း .... | ၃၃၀ |

အကြောင်းအရာ ... စာမျက်နှာ

ယုံမှားကင်းပျောက်၍ ဥာဏ်အဆုံးရောက်ပုံ ပြခြင်း .... ၃၃၃
ဩလီယနှ္တစသော ပုဂ္ဂိုလ် ၃-မျိုးကို ပြခြင်း .... ၃၃၆

## တောလေးဆယ် အဖွင့်

ကျမ်း၏နိဒါန်းကို ပြခြင်း .... ၃၄၁
အနိစ္စလက္ခဏာ ၁၀-ပါးကို ပြခြင်း .... ၃၄၃
ဒုက္ခလက္ခဏာ ၂၅-ပါးကို ပြခြင်း .... ၃၇၁
အနတ္တလက္ခဏာ ၅-ပါးကို ပြခြင်း .... ၄၃၁



## မင်းကွန်းဝိပဿနာ

# ပြဒ်ါဒသုဒ္ဒနီ

၁၃၁၁-ခုနှစ် တံခူးလအတွင်း
အငြိမ်းစား ရာဇဝတ်ဝန်မင်း ဦးဘရီ-မင်းကတော် ဒေါ်လှဖူးတို့၏
ဆောက်လုပ် လှူဒါန်းအပ်သော ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး၏ ခြေတော်ရင်း
မင်းကွန်း စံကျောင်းတော်ကြီး၏ အတွင်း၌
ဟောကြားတော် မူအပ်သော မင်းကွန်းဝိပဿနာ
ပြဒ်ါဒသုဒ္ဒနီ နံပါတ်-၁။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### စိတ်၏ကျရာဌာန ၄-ပါး

အားလုံးသော သတ္တဝါတို့၌၊ ကိုယ်ဟူသော ပစ္စည်းတခု၊ **စိတ်**ဟူသော ပစ္စည်းတခုဟူ၍ နှစ်ခုသာရှိ၏။ ထိုနှစ်ခုမှာလည်း၊ ကိုယ် ဟူသော ပစ္စည်းကို လက်ညှိုးထိုး၍ ပြပါက အကြမ်းပြင်း အားဖြင့် သိမြင်နိုင်၏။ **စိတ်**ဟူသော ပစ္စည်းကို လက်ညှိုးထိုးလည်း မပြနိုင်၊ မရှိဟုလည်း မပြောဆိုနိုင် ကြောင်းကို သိကြပါ၏။ မပြနိုင်သော စိတ်ကို ဆုံးမရန် ခဲယဉ်းကြောင်းကို ဘုရားကလည်း တလောကလုံးကို စိတ်ကဆွဲဆောင်နေသည်၊ တလောကလုံးကို စိတ်က ပြုပြင်နေသည်ဟု ဟောတော်မူ၏။ ဆုံးမရန် ခဲယဉ်းသော စိတ်၏ နေထိုင်ရာ ရှာဖွေရန်မှာ၊ စိတ်ရှိသော သတ္တဝါတိုင်း

တို့၏ တာဝန်ဖြစ်၏။ စိတ်၏ နေထိုင်ရာကား၊ တစုံတခုသော အလုပ်ကိစ္စကို ပြုလုပ်သောအခါ၊ ပြုလုပ်ရာ ဌာန၌ ပြုလုပ်သည့် အမှုအရာတွေကို၊ အစဉ်တစိုက် လိုက်၍ လိုက်၍ သိနေသော သဘောတွေသည် စိတ်ပင်မဟုတ်ပါလော။ သိနေသော စိတ်သဘောတွေသည်၊ သင်တို့၏ ပြုလုပ်ရာကိစ္စ အဝဝတို့၏ အပေါ်၌ ကျရောက်၍နေသော သိမှု စိတ်တွေပင် ဖြစ်ပေ၏။ ဤသိမှု စိတ်ကို၊ အဖြူ, အနီဟု မခွဲခြားသေးဘဲ၊ သိမှု စိတ်၏ ကျရာဌာနကို ခွဲခြား၍ ပြပါအံ့။

**၁။ အကောင်းအပေါ်၌၊ သိမှု စိတ်ကျတာ တမျိုး။**

**၂။ အဆိုးအပေါ်၌၊ သိမှု စိတ်ကျတာ တမျိုး။**

**၃။ အကောင်း အဆိုးနှင့် ရောသောအပေါ်၌၊ သိမှု စိတ်ကျတာ တမျိုး။**

**၄။ အကောင်း အဆိုးနှင့် ဘာမျှ မသက်ဆိုင်သော အပေါ်၌၊ သိမှု စိတ်ကျတာ တမျိုးဟု၊ လေးမျိုးရှိ၏။**

**ထိုလေးမျိုးတို့တွင်**၊ အကောင်းပေါ်၌ သိမှု စိတ် ကျပုံမှာ၊ ဒါန, သီလ, ဘာဝနာ, သမထ, ဝိပဿနာကို ပြုလုပ်သော ကိစ္စတို့၌၊ ကျနေသဲသော စိတ်ကို ဆိုသည်။ အဆိုးပေါ်၌ သိမှု စိတ်ကျပုံမှာ၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူတပါးအိမ်ရာကို ပြစ်မှားခြင်း၊ မုသားကို ဆိုခြင်း၊ သုရာကို သောက်ခြင်းစသော မကောင်းမှုတို့ကို ပြုလုပ်သော ကိစ္စတို့၌၊ စိတ်ကျသဲကို ဆိုသည်။ အကောင်းနှင့် အဆိုး ရောသောအပေါ်၌၊ သိမှု စိတ်ကျပုံမှာ၊ ခိုး၍, တိုက်၍, ခိုက်၍, လုယက်၍ ရသော ပစ္စည်းဥစ္စာတို့ဖြင့် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းအမှု ပြုလုပ်သော ကိစ္စတို့၌၊ သိမှုစိတ်ကျသဲကို ဆိုလိုသည်။ အကောင်းနှင့် အဆိုး ဘာမျှမသက် ဆိုင်သော အပေါ်၌၊ သိမှု စိတ်ကျပုံမှာ၊ **ဥပမာ**– လူတယောက်သည် ကိစ္စတခုခုဖြင့် ခရီး သွားသောအခါ၊ လမ်းတွင် တွေ့မြင်ရသော ကျောက်ခဲ, သလဲ, မြက်မှိုက်, ထင်းချောင်း စသည်တို့ကို၊ မတွေ့သည်ကား မဟုတ် တွေ့၏။ တွေ့သော်လည်း ထိုပစ္စည်းတို့၏ အပေါ်၌ အပြစ် မမြင်, အချစ် မဝင် သလို။ ထို့အတူ၊ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုတို့တွင်၊ မြင်မှုအာရုံ၌ စိတ်ရောက်တုန်း၊ ကြားမှု,နံမှု,စားမှု,ထိမှု, သိမှုတို့သည် မရှိသည်မဟုတ် ရှိ၏။ ရှိသော်လည်း၊ ၎င်းတို့၏အပေါ်၌ အပြစ်လည်းမမြင်,အချစ်လည်းမဝင်သဖြင့်၊ အကောင်း အဆိုးနှင့် ဘာမျှမသက်ဆိုင်ဟု ဆိုသည်။

**ထိုလေးမျိုးတို့၌၊** ကျရောက် ကျရောက်နေသော သိမှု စိတ်အား၊အလွယ်ဆုံးအားဖြင့် ဆုံးမရန်နည်းမှာ၊ စိတ်သည် တည်ရာ မှီရာရှိမှသာလျှင်၊ တည်ရာ မှီရာတို့၏ အပေါ်၌၊ ကျရောက်မြဲဓမ္မတာ ဖြစ်ပါ၏။ သို့အတွက် ဤစာကို ဘတ်နေသော သင်၏စိတ်မှာ၊ စာတလုံး တလုံးတို့၏ အပေါ်၌ စိတ်တို့သည် တည်၍တည်၍ နေသည် မဟုတ်ပါလော။ စာတလုံး တလုံးတို့၏အပေါ်၌ စိတ်သာမတည်ခဲ့လျှင်၊ ဘယ်နည်းနှင့်မှ ဤစာကိုဆုံးအောင် ဘတ်နိုင်မည်မဟုတ်။ သို့ပါ၍ ယခုစာဘတ်နေသော ခဏတွင်၊ စိတ်သည် စာလုံး၌သာ တည်ရာရှိပေသည်။ စာလုံးတွေ၏ အပေါ်မှာသာလျှင်၊ စိတ်ကျနေသည်ဟု ဆိုရပေ၏။ စာလုံးတွေ၏ အပေါ်၌ ဦးစွာကျနေသော ရှေ့စိတ်ကို၊ နောက်စိတ်ဖြင့်–ငါ၏ စိတ်သည်၊ စာလုံးများအပေါ်၌ ကျရောက်သည်ဟု ထပ်၍သိရမည်။ ဤနည်းအတိုင်း ပြုလုပ်ရန် ဝန်လေးလိမ့်မည် မဟုတ်ပေ။ ထို့အတူ စားသော အခါမှာလည်း၊ စားရာ၌ ရှေးဦးစွာ ကျရောက်သော ရှေ့စိတ်ကို၊ နောက်စိတ်ဖြင့် ထပ်၍ သိရန်ကိုလည်း ခဲယဉ်းမည် မဟုတ်ပေ။ လှူဒါန်းပေးကမ်း လိုရာသို့ကျသော ရှေ့စိတ်ကိုလည်း၊ နောက်စိတ်ဖြင့် ထပ်၍ သိရန်အတွက်မှာလည်း၊ ပို၍မခဲယဉ်း နိုင်တော့ပါ။ ဤသို့ စိတ်ကျတိုင်း ကျတိုင်း ရှေ့စိတ်ကို၊ နောက်စိတ်ဖြင့် လိုက်၍သိသော အလုပ်ကို လုပ်သော သူအား အကျိုးခံစားရပုံမှာ။....

## ပဌမအကျိုး ကောင်းရာသို့ ညွှတ်ပုံ

**ကောင်းရာသို့ဖြစ်စေ၊** ဆိုးရာသို့ဖြစ်စေ၊ အကောင်း့အဆိုး လုံးလုံး မပါရာသို့ ဖြစ်စေ၊ ကျရောက်သော ရှေ့စိတ်ကို၊ နောက်စိတ်ဖြင့် လိုက်၍ ကြည့်ရှု – သတိပြုနေ သောသူမှာ၊ ငါ၏စိတ်သည် ယခု တနာရီအတွင်း၌ မကောင်းရာသို့ များများရောက်၍၊ ကောင်းရာသို့ နည်းနည်းသာ ရောက်ပါတကားဟု၊ စိတ်ကို စိတ်ချင်း ပြန်၍ ရှက်ကြောက်သော သဘောအားဖြင့်၊ မကောင်းရာသို့ သွားသော ရှေ့စိတ်ကို၊ နောက်စိတ်က မသွားနှင့်ဟု မပြောသော်လည်း၊ ပြောသကဲ့သို့။ မကောင်းဘက်သို့သွားသော စိတ်သည်၊ အလိုလို တွန့်ဆုတ်သည်ကို၊ ကိုယ်တိုင်တွေ့ကြုံ ခံစားရ ပါလိမ့်မည်။ အကျိုးမရှိရာသို့ သွားသော စိတ်သည်လည်း၊ အကျိုးမရှိမှန်း သိလာသဖြင့်၊ အကျိုး ရှိရာသို့သာ ပြောင်း၍ လာသည်ကိုလည်း၊ ကိုယ်တိုင်တွေ့ကြုံ ခံစား ရပါလိမ့်မည်။ ဘုရား, တရား, သံဃာ, ဒါန, သီလ, ဘာဝနာနှင့် မစပ်ရာသို့ သွားသော စိတ်သည်လည်း၊ ဘုရား, တရား, သံဃာ, အစရှိ

**ကျမ်းဂန်၌လည်း**။ ။အာရမ္မဏပဋိသင်္ခါ၊ အာရုံအပျက်ကို မြင်သိ၍။ ဘင်္ဂါနုပဿနေပညာ၊ အပျက်ဟု ရှုသော ပညာသည်။ ဝိပဿနေညာဏ်၊ ဝိပဿနာညာဏ်မည်၏။

**ဘယဉာဏ်**။ ။အပျက်မြင်သဖြင့် ဘေးထင်၏။ ဘေးထင်တာက ဘယညာဏ်။အပျက်ဆိုတာက-ရုပ်နာမ်ဘဲ။ ဘေးထင်တာက-ယောဂီညာဏ်ဘဲ။

**အာဒီနဝဉာဏ်**။ ။အပျက်မြင်သဖြင့် အပြစ်ထင်၏။ အပြစ်ထင်တာက-အာဒီနဝညာဏ်။ အပျက်ဆိုတာက—ရုပ်နာမ်ဘဲ။ အပြစ်ထင်တာက—ယောဂီညာဏ်ဘဲ။

**နိဗ္ဗိဒါဉာဏ်**။ ။အပျက်မြင်သဖြင့် ငြီးငွေ့၏။ငြီးငွေ့တာက-နိဗ္ဗိဒါညာဏ်။ အပျက်ဆိုတာက-ရုပ်နာမ်ဘဲ။ ငြီးငွေ့တာက-ယောဂီညာဏ်ဘဲ။

**မုဉ္စိတုကမျတာဉာဏ်**။ ။အပျက် မြင်သဖြင့် လွတ်လို၏။ လွတ်လိုတာက-မုဉ္စိတုကမျတာဉာဏ်။ အပျက်ဆိုတာက-ရုပ်နာမ်ဘဲ။ လွတ်လိုတာက-ယောဂီဉာဏ်ဘဲ။

**ပဋိသင်္ခါဉာဏ်**။ ။အပျက်မြင်သဖြင့် ဆင်ခြင်၏။ဆင်ခြင်တာက-ပဋိသင်္ခါညာဏ်။အပျက်ဆိုတာက-ရုပ်နာမ်ဘဲ။ဆင်ခြင်တာက-ယောဂီညာဏ်ဘဲ။

**သင်္ခါရုပေက္ခာဉာဏ်**။ ။အပျက်မြင်သဖြင့် အညီအညွတ်ရှု၊ အညီအညွတ် ရှုတာက-သင်္ခါရုပေက္ခာဉာဏ်။အပျက်ဆိုတာက-ရုပ်နာမ်ဘဲ။အညီအညွတ်ရှုတာက—ယောဂီဉာဏ်ဘဲ။

ရုပ်နာမ်ရှိက အပျက်ရှိ၊ ရုပ်နာမ်မရှိက အပျက်မရှိ။ အပျက်ဆိုတာက အဖြစ်မှလာ၊အဖြစ်ဆိုတာလဲ ရုပ်နာမ်ဘဲ။ အဖြစ်ရုပ်နာမ် မပေါ်က၊ အပျက်ရုပ်နာမ်မပေါ်၊ မဖြစ်ပေါ်တာလဲ **နိဗ္ဗာန်**ဘဲ။

ထိုကြောင့် ဖြစ်ပေါ်ခြင်းက ရုပ်နာမ်ဘဲ။မဖြစ်ပေါ်ခြင်းက **နိဗ္ဗာန်**ဘဲ။ အစဉ် စပ်ခြင်းက ရုပ်နာမ်ဘဲ။အစဉ်ပြတ်ခြင်းက **နိဗ္ဗာန်**ဘဲ။ နိမိတ်ထင်ခြင်းက ရုပ်နာမ်ဘဲ။ နိမိတ်မထင်ခြင်းက **နိဗ္ဗာန်**ဘဲ။

**ကျမ်းဂန်၌လည်း**။ ။ဥပ္ပါဒေါ၊ ရုပ်နာမ်တို့၏ ဖြစ်ရခြင်းသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ အနုပ္ပါဒေါ၊ ရုပ်နာမ်တို့၏ မဖြစ်ရခြင်းသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ပဝတ္တံ၊ ရုပ်နာမ်အစဉ် စပ်ခြင်းသည်ကား။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ အပ္ပဝတ္တံ၊ ရုပ်နာမ်အစဉ် ပြတ်ခြင်း သည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ နိမိတ္တံ၊ ရုပ်နာမ်နိမိတ် ထင်ခြင်းသည်ကား။သင်္ခါရာ၊

ရုပ်ကိုမှီ၍ နာမ်ဖြစ်၏၊ နာမ်ကိုမှီ၍ ရုပ်ဖြစ်၏။

မှီသောရုပ်က နာမ်မှဆိတ်၊ မှီသောနာမ်က ရုပ်မှဆိတ်။

နာမ်စားချင်လို့ ရုပ်ကစား၊ နာမ်သောက်ချင်လို့ ရုပ်ကသောက်။

နာမ်ပြောချင်လို့ ရုပ်ကပြော၊ နာမ်ပြုချင်လို့ ရုပ်ကပြု။

ဤသို့နာမ်နှင့်ရုပ်။ ဝါ၊စိတ်နှင့် စိတ်ကျရာ တခြားစီ ထင်နေသောသူမှာ၊နာမ် နှင့် ရုပ်ကိုသာ ထင်သဖြင့်၊ ပုဂ္ဂိုလ်ရှိ၏ဟု- အမှားယူသောဒိဋ္ဌိ၊ သတ္တဝါရှိ၏ဟု အမှားယူသောဒိဋ္ဌိ၊ကင်းနေပါသဖြင့်၊ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုသည်။ **ဤကား-ဒုတိယခံစားရသော အကျိုးတည်း။**

## တတိယအကျိုး၊ နာမ်ရုပ်အကြောင်း ပေါ်ပုံ

**စိတ်နှင့် စိတ်ကျရာ၊** ကွဲခြား၍ ထင်နေသူမှာ၊ သွားသော အမူအရာ တခုတည်း၌ပင်၊ သွားချင်တာက တခုဘဲ၊ သွားတာက တခုဘဲ။ သွားချင်တာက သွားတာမဟုတ်ဟု၊သွားတာကလဲ သွားချင်တာ မဟုတ်ဟု၊ သွားသောကိစ္စ၌ မသွားမီက အမူအရာ၊ သွားသောအမူအရာ အလုံးစုံကို၊ အကုန် သိမြင် ဉာဏ်မှာထင်၏။

ထိုသို့ထင်ရာ၌၊ သွားချင်တာက အကြောင်းဖြစ်၏။ သွားတာက အကျိုးဖြစ်၏။ သွားချင်သော အကြောင်းကို ပစ္စယ ခေါ်သည်၊ သိမ်းဆည်းတာကို ပရိဂ္ဂဟခေါ်သည်။ ထိုကြောင့်၊ ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်သည်ဟု ဆိုရသည်။ သွားချင်တာ ဘာကြောင့် အကြောင်း ဖြစ်ရသနည်း။ သွားချင်သောစိတ်သည်၊ သွားသော အမူအရာကို၊မသွား သွားအောင် စေ့ဆော် တိုက်တွန်း၍ ပေးသောကြောင့်၊ အကြောင်းဟု ဆိုသည်။ သွားသော အမူအရာ ဘာကြောင့် အကျိုးဖြစ်ရသနည်း။ သွားသော အမူအရာသည်၊ ထိုစေ့ဆော် တိုက်တွန်း၍ပေးသော စိတ်ကမှ ဖြစ်ပေါ်လာသောကြောင့်၊ အကျိုးဟုခေါ်သည်။ သို့အတွက်၊သွားဆဲခဏတွင် သွားချင်သောအကြောင်းနှင့်၊ သွားသောအကျိုးလောက်ကိုသာ သိနေသောသူ၏အာရုံ၌၊ သွားချင်သောအကြောင်းကိုလဲ ဘယ်သူမှမပြု၊ သွားသောအကျိုးကိုလဲ ဘယ်သူမှမခံစား၊ သွားချင်တာနှင့်၊သွားတာ သက်သက်ကြောင့်သာ သွားတာဘဲဟု ထင်ခြင်းသည်၊ အမှန်ထင်သည်ဟု ဆို၏။

**ကျမ်းဂန်၌လည်း**။ ။ကမ္မဿ၊အကြောင်းကို။ ကာရကော၊ ပြုတတ်သောသူသည်။နတ္ထိ'မရှိ။ ဝိပါကဿစ၊ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတတ်သောသူသည်။ နတ္ထိ၊မရှိ။သုဒ္ဓဓမ္မာ၊ သက်သက်သော တရားတို့သည်။ ပဝတ္တန္တိ၊ဖြစ်ကုန်၏။ဧဝေတံ-ဧဝံ ဧတံ၊ ဤသို့ မြင်ခြင်းသည်။သမ္မဒဿနံ၊အမှန်မြင်ခြင်း ပေတည်း။ ။**ဤကား-တတိယ ခံစားရသော အကျိုးပေတည်း**။

## စတုတ္ထအကျိုး သမ္မသနဉာဏ် ပေါ်ပုံ

ဤသို့ စိတ်ကျရာ ကျရာ၌ သတိထား၍ မှတ်သားနေသော သူမှာ၊ သွားဆဲခဏ၌၊ ယခုကား-သွားတုန်းဘဲ၊ နောက်ကလဲ-သွားခဲ့ပြီ၊ ရှေ့ကိုလဲ-သွားလတံ့။ရပ်ဆဲခဏ၌၊ယခုကား-ရပ်တုန်းဘဲ၊နောက်ကလဲ-ရပ်ခဲ့ပြီ၊ ရှေ့ကိုလဲ—ရပ်လတံ့။ထိုင်ဆဲခဏ၌၊ယခုကား-ထိုင်တုန်းဘဲ၊နောက်ကလဲ-ထိုင်ခဲ့ပြီ၊ ရှေ့ကိုလဲ-ထိုင်လတံ့။ အိပ်ဆဲ ခဏ၌၊ ယခုကား-အိပ်တုန်းဘဲ၊ နောက်ကလဲ-အိပ်ခဲ့ပြီ၊ ရှေ့ကိုလဲ-အိပ်လတံ့ဟု ကိစ္စတခု တခု၌(**တုန်း,ပြီ, လတံ့**)ဟု သုံးချက်သုံးချက် ထင်သည်ကို၊ သမ္မသနဉာဏ် ပေါ်သည်ဟုဆို၏။ **တုန်း**-ဆိုတာက ပစ္စုပ္ပန် ဖြစ်ဆဲ။**ပြီ**-ဆိုတာက အတိတ် ဖြစ်ပြီး။ **လတံ့**-ဆိုတာက အနာဂတ် ဖြစ်လတံ့။

**ကျမ်းဂန်၌လည်း**။ ။အတီတာ နာဂတ ပစ္စုပ္ပန္နာနံ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ သံခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ ပညာ၊ ပိုင်းခြားသော ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏ဟု ဟောသောကြောင့်။—

> ဖြစ်ပြီးခိုက်က-ဖြစ်ဆဲမဟုတ်၊ ဖြစ်ဆဲခိုက်က-ဖြစ်လတံ့မဟုတ်၊ အတွင်းဖြစ်ခိုက်က-အပဖြစ်မဟုတ်၊ အကြမ်းဖြစ်ခိုက်က-အနုဖြစ်မဟုတ်၊ အယုတ်ဖြစ်ခိုက်က-အမြတ်ဖြစ်မဟုတ်၊ အဝေးဖြစ်ခိုက်က—အနီးဖြစ် မဟုတ်ဟု ဆိုရပေမည်။ ။**ဤကား-စတုတ္ထ ခံစားရသော အကျိုးတည်း**။

## ပဉ္စမအကျိုး ဉဒယဗ္ဗယဉာဏ် ပေါ်ပုံ

ဤသို့စိတ်ကျရာ ကျရာ၌၊ သတိကပ်၍ ရှုမှတ်နေသောသူမှာ၊စိတ်၏အစ,စိတ်၏ အဆုံးကိုလည်း၊ ဉာဏ်၌အကွင်းသား တွေ့မြင် ထင်ရှားစွာသိပါလိမ့်မည်။ စိတ်ကျရာ၏အစ, စိတ်ကျရာ၏ အဆုံးကိုလည်း၊ အကွင်းသား ထင်ရှားစွာ သိပါလိမ့်မည်။ စိတ်၏အစ ကိုတော့— ဖြစ်သောသဘော၊

ဖြစ်သော သဘောကို **ဥဒယ**-ဟုဆို။ စိတ်၏ အဆုံးကိုတော့- ပျက်သော သဘော- ပျက်သော သဘောကို **ဝယ**-ဟုဆို။ စိတ်ကျရာ၏ အစကို တော့လဲ-ဖြစ်သောသဘော၊ ဖြစ်သောသဘောကို **ဥဒယ**-ဟုဆို။ စိတ်ကျရာ၏ အဆုံးကိုတော့လဲ-ပျက်သောသဘော၊ ပျက်သောသဘောကိုတော့ **ဝယ**-ဟုဆို။ အဖြစ်,အပျက် ထင်တာကို၊ ဥဒယဗ္ဗယဉာဏ် ပေါ်သည်ဟု ဆို၏။

**ကျမ်းဂန်၌လည်း**။ ။ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ် တရားတို့ကို။ ဝိပရိဏာမာနုပဿနေ ပညာ၊ ဖေါက်ပြန်သည်ဟု ရှုသော ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏။

ဘာတွေဖြစ်ပျက်တာကို မြင်မှသာလျှင် ဥဒယဗ္ဗယဉာဏ် ဆိုရမလဲ၊ ရုပ်နာမ်တွေ ဖြစ်ပျက်တာကို မြင်မှသာလျှင် ဥဒယဗ္ဗယဉာဏ် ဆိုသည်။ ဘယ်ရုပ်,ဘယ်နာမ်,အဖြစ်အပျက်ကိုမြင်မှ ဥဒယဗ္ဗယဉာဏ် ခေါ်သနည်း။ **ဥပမာ**—အသံကြားခိုက်၊ အသံနှင့် ကြားသောစိတ်-နှစ်ခုရှိရာ၌၊ အသံ၏ အစထင်တာက ရုပ်၏အစ၊ ဥဒယ-အဖြစ်ထင်တာ၊ အသံ၏အဆုံးထင်တာက ရုပ်၏အဆုံး၊ ဝယ။ ဝါ၊ ဗယ-အပျက်ထင်တာ။ အသံ၏ အစ,အဆုံး ထင်တာက ရုပ်၏အဖြစ်,အပျက်၊ ဥဒယဗ္ဗယဉာဏ်ထင်တာ။ ကြားသောစိတ်၏ အစ ထင်တာက နာမ်၏ အစ၊ ဥဒယ-အဖြစ်ထင်တာ၊ ကြားသောစိတ်၏ အဆုံးထင်တာက နာမ်၏အဆုံး ၊ဝယ။ ဝါ၊ ဗယ—အပျက်ထင်တာ။ စိတ်၏ အစ,အဆုံး ထင်တာက၊ နာမ်၏အဖြစ်အပျက်၊ ဥဒယဗ္ဗယဉာဏ် ထင်တာ။ အသံနှင့်စိတ် အစ,အဆုံးထင်တာက ရုပ်နာမ်၏ အဖြစ်အပျက်၊ ဥဒယဗ္ဗယဉာဏ်ထင်သည်ဟုဆိုရပါသည်။ ။**ဤကား-ပဥ္စမခံစားရသောအကျိုးတည်း**။

## ဆဌမအကျိုး ဘင်္ဂဉာဏ် ပေါ်ပုံ

**ဤသို့** စိတ်ကျရာ ကျရာ၌၊ သတိကပ်၍ ရှုမှတ်သောသူမှာ၊ ကျသောစိတ်၏ ပျက်သွားမှု၊ ကျရာဌာန၏ ပျက်သွားမှု၊ ခုတင်ခုကျ၊ ခုတင်ခုကုန်၊ ခုတင်ခုပျက်၊ ခုတင်ခုပျို၊ ခုတင်ခုချုပ်ဟု စိတ်ကျသမျှ အလုံးစုံကို၊ အကုန်မကြွင်း အပျက်ကြီးဘဲ၊ ထင်လင်းစွာ သိမြင်ပေါ်ပေါက်လာလိမ့်မည်။ ကျသော စိတ်၏အပျက်က-**နာမ်** ပျက်တာ၊ ကျရာဌာန၏ အပျက်က-**ရုပ်** ပျက်တာ။ နှစ်ပါးစုံပျက်ထာက-**ရုပ်နာမ်** ပျက်တာ။ ပျက်သဟု ထင်တာက ယောဂီဉာဏ်ဟု ဆို၏။

သဉ်္ဂါရတို့တည်း။ အနိမိတ္တံ၊ ရုပ်နာမ်နိမိတ် မထင်ခြင်းသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

**အထက်ပါ** ရုပ်နာမ်တို့၏ မဖြစ်ပေါ်ဘဲ၊ ချုပ်သောအာရုံသို့ တကြိမ်မျှလောက် ရောက်ဘူး,ရဘူးသောသူမှာ၊သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတပါးအိမ်ရာ ပြစ်မှားခြင်း၊မုသား ဆိုခြင်း၊ သုရာ သောက်ခြင်းစသော မကောင်းမှုအကုသိုလ် စိတ်တို့သည်မရှိတော့ဘဲ၊ **ရုပ်နာမ်၏ မဖြစ်ဘဲချုပ်သော** ဤနိဗ္ဗာန် တရားသာလျှင် မှန်၏။ ဤတရားမှတပါး အမှန်မရှိတော့ပြီဟု မိမိတွေ့သောနိဗ္ဗာန်, အယူမှန်၌ ယုံမှားသောစိတ် အမြစ်ပါပြတ်သဖြင့်၊ အပါယ်ဘုံ,အပါယ်ဘဝသို့ မရောက်တော့ပြီဟု ထိုသူ၏ စိတ်မှာ တည်တော့၏။ **စိတ်မှာတည်** ဟူသောစကားသည်၊ မရွေ့မပြောင်းတာကိုဆိုသည်။ဘယ်လို မရွေ့ မပြောင်းသနည်း၊သင်သည် လူဖြစ်သည်ကစ၍၊ စားရင်းလဲ လူ၊ သွားရင်းလဲ လူ၊ ပြောရင်းဆိုရင်းလဲ လူ၊ ဘယ်အမှုကိစ္စကိုမဆို ပြုလုပ်ရင်းလဲ လူဘဲဟု ထင်နေသော သင်၏စိတ်သည်၊ တခါတရံ ရွေ့ပြောင်း၍၊ ငါသည် ခွေးများ ဖြစ်လေရော့သလား။ သို့မဟုတ် နွားစသော တိရစ္ဆာန်များ ဖြစ်လေရော့ သလားဟု တခါမှမအောက်မေ့ဘူးတာကို၊ စိတ်မရွေ့မပြောင်းဟုဆို၏။

ထို့အတူဘဲ၊ **ရုပ်နာမ်တို့၏ မဖြစ်ပေါ်ဘဲ ချုပ်သော** နိဗ္ဗာန်အာရုံသို့ တခါတခေါက်မျှ တွေ့ဘူး, ရောက်ဘူးသော သူ၏ စိတ်သည်လည်း၊ ငါသည် အပါယ်သို့များ ရောက်ဦးမှာလား, မရောက်တော့ဘူးလားဆိုတဲ့ ဒွိဟစိတ်သည်၊ အကုန်ပျောက်ကင်းပြီး၊ စားရင်းလဲ အပါယ်မရောက်၊ ရပ်ရင်း,ထိုင်းရင်,အိပ်ရင်းလဲ အပါယ်မရောက်ဟု-စိတ်၌အမြဲထင်သည်ကို ဆို၏။ ဤသို့ စိတ်၌ အပါယ်တံခါး ပိတ်ပြီဟု အမြဲတည်နေသော ပုဂ္ဂိုလ်ကို၊ သောတာပန် ပုဂ္ဂိုလ်ဟုဆို၏။

**ကျမ်းဂန်၌လည်း**။ ။သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်တခါး တို့ကို။ပိဒဟတိ၊ပိတ်၏ ဟူ၍ငင်း။ ဇဝံ၊ ဤသို့။ အနေကာ နိသံသ ဒါယကေန၊များသော အာနိသင်ကို ပေးစေတတ်သော။ သောတာပတ္တိ မဂ္ဂေန၊ သောတာပတ္တိမဂ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ဉာဏံ၊ ဉာဏ်ကို။သောတာပတ္တိမဂ္ဂေဉာဏန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤကား- သော တာပန် ပုဂ္ဂိုလ်ဖြစ်ပုံတည်း။ သကဒါဂါမိ ပုဂ္ဂိုလ်၊ အနာဂါမိ ပုဂ္ဂိုလ်၊ ရဟန္တာ ပုဂ္ဂိုလ် ဖြစ်ရန်ကိုလည်း၊ ဤနည်းအတိုင်း အားထုတ်ရသည်။ ဥဒယဗ္ဗယဉာဏ်ကစ၍ ပေါ်ပုံသာ ထူး၏။

## ဤကား

ငါတို့ ဗုဒ္ဓ ဘာသာတရား ဝါဒ၏
အဆုံးအကျင့်၊ အဆုံးအလုပ်၊
အဆုံးတရား၊ အဆုံးစကား၊
အဆုံးလမ်းပေတည်း။

# ပြဓါနသုဒနီ-၂

၁၃၁၁-ခုနှစ် ကဆုန်လအတွင်း
အငြိမ်းစား ရာဇဝတ်ဝန်မင်း ဦးဘရီ-မင်းကတော် ဒေါ်လှဖူးတို့၏
ဆောက်လုပ် လှူဒါန်းအပ်သော ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး၏ ခြေတော်ရင်း
မင်းကွန်း စံကျောင်းတော်ကြီး၏ အတွင်း၌
ဟောကြားတော် မူအပ်သော မင်းကွန်းဒိပဿနာ
ပြဓါနသုဒနီ နံပါတ်-၂။

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အမှတ်တရားသာလျှင် မဂ္ဂင်အလုပ်

ကမ္ဘာပေါ်တွင်ရှိသော သတ္တဝါမှန်သမျှတို့၏ အကြောက်ဆုံးတရားဟာ၊ **ဇရာ နှင့် မရဏ**။ ဇရာဆိုတာက-အိုတာဘဲ။ မရဏဆိုတာက-သေတာဘဲ။ အိုတာ, သေတာကို ကြောက်ကြ၏။ အိုတာကို ဖယ်ထား၊ သေတာ-ပါပြီ လိုအားဖြင့်—မရဏ။ ဤမရဏဆိုတဲ့တရားဟာ ဘုရားဟော ဘယ်ဒေသနာ မှာရှိသလဲ၊ **ပဋိစ္စသမုပ္ပါဒ်**ဒေသနာတော်မှာ ဇရာ, မရဏလို့ရှိ၏။ ဤဇရာ, မရဏ ဆိုတဲ့တရားဟာ ဘယ်သူကြောင့်ဖြစ်၊ ဇာတိကြောင့်ဖြစ်။ ဇာတိဘယ်သူ့ကြောင့်ဖြစ်၊ ဘဝကြောင့်ဖြစ်။ ဘဝ ဘယ်သူ့ကြောင့်ဖြစ်၊ ဥပါဒါန်ကြောင့်ဖြစ်။ ဥပါဒါန် ဘယ်သူ့ကြောင့်ဖြစ်၊ တဏှာကြောင့်ဖြစ်။ တဏှာ ဘယ်သူ့ကြောင့် ဖြစ်၊ ဝေဒနာကြောင့် ဖြစ်။ ဝေဒနာ ဘယ်သူ့ကြောင့် ဖြစ်၊ ဖဿကြောင့်ဖြစ်။ ဖဿဘယ် သူ့ကြောင့်ဖြစ်၊ သဠာယတနကြောင့်ဖြစ်။ သဠာယတန ဘယ်သူ့ကြောင့် ဖြစ်၊ နာမ်ရုပ်ကြောင့် ဖြစ်။ နာမ် ရုပ် ဘယ်သူ့ကြောင့်ဖြစ်၊ ဝိညာဏ်ကြောင့်ဖြစ်။ ဝိညာဏ် ဘယ်သူ့ကြောင့်ဖြစ်၊ သင်္ခါရကြောင့်ဖြစ်။ သင်္ခါရ ဘယ်သူ့ကြောင့်ဖြစ်၊ အဝိဇ္ဇာကြောင့်ဖြစ်။ အဝိဇ္ဇာ ဘယ်သူ့ကြောင့်ဖြစ်ဟု— မေးလို့မရတော့ပါ။ **အဝိဇ္ဇာ** အကြောင်းတရားဟူသရွေ့ အကုန်ဆုံးသွားလို့ဖြစ်သည်။····ထိုကြောင့်၊—

ဇာတိရှိလို့-ဇရာ မရဏရှိ
ဘဝရှိလို့-ဇာတိရှိ
ဥပါဒါန်ရှိလို့-ဘဝရှိ
တဏှာရှိလို့-ဥပါဒါန်ရှိ

ဝေဒနာရှိလို့- တဏှာရှိ
ဖဿရှိလို့-ဝေဒနာရှိ
သဠာယတနရှိလို့-ဖဿရှိ
နာမ်ရုပ်ရှိလို့-သဠာယတနရှိ
ဝိညာဏ်ရှိလို့-နာမ်ရုပ်ရှိ
သင်္ခါရရှိလို့-ဝိညာဏ်ရှိ
အဝိဇ္ဇာရှိလို့-သင်္ခါရရှိ

ပြောခဲ့သော ပဋိစ္စသမုပ္ပါဒ် တရားတော်၌၊ သာ၍ ပေါ်လွင်ထင်ရှားစေခြင်းငှာ **ဥပမာတခုပြမည်**၊ ပေါက်ပင် ဘယ်သူ့ကြောင့်ကိုင်း၊ ဗျိုင်းနားလို့ကိုင်း။ ဗျိုင်းဘယ်သူ့ကြောင့်နား၊ ငါးပေါ်လို့နား။ ငါးဘယ်သူ့ကြောင့်ပေါ်၊ ရေနောက်လို့ပေါ်။ ရေဘယ်သူ့ကြောင့် နောက်၊ ကျွဲသွားလို့နောက်။ကျွဲဘယ်သူ့ကြောင့် လူး၊ ဖြုတ်ကိုက်လို့လူး။ ဖြုတ်ဘယ်သူ့ကြောင့် ကိုက်၊ မိုဃ်းရွာလို့ကိုက်။ မိုဃ်း ဘယ်သူ့ကြောင့်ရွာ၊ ဘားအော်လို့ရွာ။ ဘား ဘယ်သူ့ကြောင့်အော်၊ မြွေကိုက်လို့အော်။ မြွေ ဘယ်သူ့ကြောင့်ကိုက်ဟု မေးလို့မရတော့ပါ။ မြွေမှာ အကြောင်းတရားဟူသ၍ အကုန်ဆုံးသွားလို့ ဖြစ်သည်။ ဤဥပမာ စကား၌၊ မြွေကို အသေသတ်လိုက်ပါက၊ ဘားအော်ခြင်း အစ၊ ဗျိုင်းနားခြင်း အဆုံးရှိသော အမှုကိစ္စဟူသရွေ့သည်၊ ဖြစ်ပေါ်နိုင်တော့မည် မဟုတ်ပါ။ အဲသည်လိုဘဲ၊ **ပဋိစ္စသမုပ္ပါဒ် တရား ၁၂-ပါးမှာလည်း**၊-

**အဝိဇ္ဇာ**ချုပ်က-သင်္ခါရချုပ်
သင်္ခါရချုပ်က-ဝိညာဏ်ချုပ်
ဝိညာဏ်ချုပ်က-နာမ်ရုပ်ချုပ်
နာမ်ရုပ်ချုပ်က-သဠာယတနချုပ်
သဠာယတနချုပ်က-ဖဿချုပ်
**ဖဿ**ချုပ်က-ဝေဒနာချုပ်
ဝေဒနာချုပ်က-တဏှာချုပ်
တဏှာချုပ်က-ဥပါဒါန်ချုပ်
ဥပါဒါန်ချုပ်က-ဘဝချုပ်
ဘဝချုပ်က-ဇာတိချုပ်
**ဇာတိ** ချုပ်က- ဇရာ, မရဏတို့ အကုန် မဖြစ်ပေါ်တော့ဘဲ ချုပ်တော့၏။

သို့အတွက်၊ ကမ္ဘာပေါ်ရှိ သတ္တဝါဟူသရွေ့တို့ကို အမြဲတန်း သေစေတတ်သော တရားဟာ အဝိဇ္ဇာလို့ ဆိုသည်။ ထိုသို့ဆိုရာ၌ (၁) **သေ**သော တရားတမျိုး။ (၂)**သေစေ** တတ်သော တရားတမျိုးဟု ၂-မျိုးရှိပြန်၏။ ထိုနှစ်မျိုးတို့တွင်၊ သေတာက-**အကျိုး**ဖြစ်၏၊ သေစေတတ်ဆိုတာက-**အကြောင်း**ဖြစ်၏။ အကျိုးဆိုတာက-**နာမ်ရုပ်**ဘဲ၊ အကြောင်းဆိုတာက-**အဝိဇ္ဇာ**ဘဲ။ အဝိဇ္ဇာချုပ်မှ—နာမ်ရုပ်ချုပ်၊ နာမ်ရုပ်ချုပ်မှ—အသေရပ်၏။ သို့အတွက်၊ သေမှာကြောက်ကြကုန်သော လူအပေါင်းတို့သည်၊ သေခြင်း၏ အကြောင်းမူလဖြစ်သော အဝိဇ္ဇာကိုသာ သတ်ရမည်။ သေသောအကျိုး နာမ်ရုပ်ကို မသတ်ရဟု ကေန်မှတ်ကြရသည်။ ထိုအဝိဇ္ဇာ ဆိုသော စကားသည်လည်း၊ ပါဠိစကားသာ ဖြစ်၏။ မြန်မာလိုဆိုလျှင်၊ **မသိ** ဟုဆိုရသည်။ သို့အတွက်၊ မသိလို့ သေကြသည်ဟု ဆိုရမည်။ ဘယ်နှစ်မျိုးကို မသိလို့ သေရသနည်း။....

(၁) ဒုက္ခကို မသိလို့ သေရတာ တမျိုး။

(၂) ဒုက္ခဖြစ်ကြောင်းကို မသိလို့ သေရတာ တမျိုး။

(၃) ဒုက္ခချုပ်ရာကို မသိလို့ သေရတာ တမျိုး။

(၄) ဒုက္ခ ချုပ်ကြောင်းအကျင့်ကို၊ ဝါ၊ အလုပ်ကို မသိလို့ သေရတာတမျိုး—ဟု လေးမျိုးရှိ၏။

ထိုလေးမျိုးမှာလဲ၊ ဒုက္ခကို မသိလို့သေရသည်ဆိုရာ၌၊ ဘယ်ဒုက္ခကို မသိလို့ သေရပါသလဲ ဆိုရင်၊ **ဓမ္မစကြာ** ဒေသနာတော်အရ၊ ပဋိသန္ဓေနေရတဲ့ဒုက္ခကို မသိလို့သေရ၏၊ အိုရတဲ့ဒုက္ခကို မသိလို့ သေရ၏၊ သေရတဲ့ဒုက္ခကို မသိလို့သေရ၏၊ မချစ်သောသူနှင့် အတူနေရတဲ့ဒုက္ခကို မသိလို့ သေရ၏၊ ချစ်သောသူနှင့် အတူမနေရတဲ့ ဒုက္ခကိုမသိလို့ သေရ၏၊ လိုချင်တိုင်း မရတဲ့ဒုက္ခကို မသိလို့သေရ၏။ အကျဉ်းဆုံး ဥပါဒါန် ခန္ဓာငါးပါး ဒုက္ခကို မသိလို့ သေရ၏ဟု ဆိုရပေသည်။ **သတိပဋ္ဌာန်** အရ၊ စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဒုက္ခကိုမသိလို့ သေရသည်ဟု ဆိုရပေသည်။ အထက်ပါ ဒုက္ခအပေါင်းတို့တွင်၊ အကျဉ်းဆုံး ဥပါဒါန် ခန္ဓာငါးပါး၊ဒုက္ခတရားကို ရှင်းပြမည်။ ဥပါဒါန် ဆိုတာက၊ အမှားကို အမှန်ဟု စွဲလမ်းမှု။ ခန္ဓာငါးပါး ဆိုတာက၊ ငါးခုအစု နှစ်ခု ပေါင်းတော့၊ အမှားကို အမှန်ဟု စွဲလမ်းသော ငါးခုအစုဟု ဆိုသည်။ ထိုငါးခုအစု ဘယ်မှာရှိသလဲ၊....

မျက်စိ မှာလဲ – မြင်တုန်းရှိ

နားမှာလဲ – ကြားတုန်းရှိ

နှာခေါင်းမှာလဲ – နံတုန်းရှိ

လျှာ မှာလဲ – စားတုန်းရှိ

ကိုယ် မှာလဲ – ထိတုန်းရှိ

စိတ် မှာလဲ - သိတုန်းရှိ

မျက်စိမှာ မြင်တုန်းရှိပုံ ခဏထား၍၊ နားမှာ ကြားတုန်းရှိပုံ ပြောပြမည်။ ယခု ပြောဟောနေသော တရားသံကို၊ အားလုံးသော တကာ, တကာမတို့၏ နားနှင့် ကြားကြသည်ကား အမှန်ပင်ဖြစ်၏။ ကြားသည့်အတိုင်းလည်း၊ တလုံးပြီးတလုံး စိတ်က သိကြတာလဲ အမှန်ပင်ဖြစ်၏။ နားတခုတည်းနှင့်လည်း မကြားနိုင်၊ အသံတခုတည်းနှင့်လည်း မကြားနိုင်၊ စိတ်တခုတည်းနှင့်လည်း မကြားနိုင်။ သုံးခု တွေ့ထိမှုရှိမှ ကြားနိုင် သောကြောင့်၊ ဖဿလည်း ပါသည်။ တွေ့ထိသဖြင့် ခံစားသောကြောင့်၊ ဝေဒနာလည်း ပါသည်။ သို့အတွက် ယခုကြားနေသော ခဏ၌ပင်၊ **အသံ, နား, ကြားတဲ့စိတ်**, ဖဿ, ဝေဒနာ, ငါးပါး ပေါင်းဆုံနေသည် မဟုတ်လား။

ဤငါးပါးမှာလည်း၊ နား, အသံက-ရူပက္ခန္ဓာ၊ ကြားတဲ့စိတ်က-ဝိညာဏက္ခန္ဓာ၊ တွေ့ထိတဲ့, ဖဿ က-သင်္ခါရက္ခန္ဓာ၊ ခံစားတဲ့, ဝေဒနာက-ဝေဒနက္ခန္ဓာ။ ကြားသောအသံက—တရားသံ၊ ကြားတာက—ငါကြားတယ်လို့ ထင်ခြင်းသည်၊ ပရမတ္ထ လောကအားဖြင့် ရှာနာမ်သာရှိ၏။ တရားသံ, ငါကြား သည်ဟု မရှိ သည် ကို၊ ရှိ သည် ဟု အမှတ် မှား သော စိတ် က သညာက္ခန္ဓာဟူ၍၊ ခန္ဓာငါးပါး ကြားတုန်းအခိုက်၌ပါ၏။ ထိုကြားခိုက် ခန္ဓာငါးပါးကို၊ ခန္ဓာငါးပါးဟု မထင်ဘဲ၊ စွဲလမ်းနေမှုကို—ဥပါဒါန်ဟု ဆိုသည်။ သို့အတွက်၊ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏ဟု ဘုရားဟောတော်မူပါသည်။ ဆိုခဲ့သော ဥပါဒါန် ခန္ဓာငါးပါးကို၊ ဒုက္ခလို့ ဘုရားဟောပါသျက်၊အဘယ်ကြောင့် လူအပေါင်းတို့သည်၊ ဒုက္ခလို့ မထင်ကြပါသလဲ။ ပြောခဲ့သော မသိမှု-အဝိဇ္ဇာက၊ ခန္ဓာငါးပါးကို ဖုံးအုပ် ထားခြင်းကြောင့် မသင်ခြင်းဖြစ်သည်။ ထိုဖုံးအုပ်ခြင်းမှာလဲ၊—

## ကိလေသာ ၃-မျိုး

လွန်ကြူး, ဆုပ္ပွက်၊ မျိုးမပျက်၊ သုံးချက် ကိလေသာ၊—

ဟု ဆိုသောကြောင့်၊ အလွန်အကြူး အားဖြင့်—ဖုံးအုပ်ခြင်း တမျိုး၊ ဆူပွက်၍ ဖုံးအုပ်ခြင်းတမျိုး၊ အမျိုးမပျက်ဘဲ ဖုံးအုပ်ခြင်း တမျိုးဟု ဖုံးအုပ်ခြင်း သုံးမျိုးရှိပါ၏။ ထိုသုံးမျိုးမှာလည်း၊ ခန္ဓာငါးပါးကို ဒုက္ခဟု မသိအောင် ဖုံးအုပ်ခြင်းမှာ၊ **အမျိုးမပျက်** ကိလေသာ ဖုံးအုပ်ခြင်းမျိုးဟု ဆို၏။ အမျိုးမပျက် ဆိုသောစကားကို၊ ဥပမာအားဖြင့် ပြောပြပါမည်။ ပဲကြီးစေ့ကို ရေနှင့်စိမ်လျှင်၊ အညှောက် ပေါက်လာ၏။ ပဲကြီးစေ့ သက်သက်မှာ အညှောက်မရှိ၊ ရေစိမ်မှသာ အမျိုးမပျက်သောကြောင့် အညှောက်ထွက်၏။ ဤအတူဘဲ၊ ယခုကြားဆဲ ခန္ဓာငါးပါး၌၊ ပေါ်ပြီး, ပေါ်ဆဲ, ပေါ်လတံ့, မဟုတ်သော **အမျိုးမပျက်** ကိလေသာသည် ရှိပါ၏။ ထိုကိလေသာကို ပါဠိလို အနုသယ ကိလေသာဟု ဆို၏။ ဤကိလေသာမှာလည်း၊ အဟောင်း ကိလေသာက တမျိုး၊ အသစ် ကိလေသာက တမျိုး၊ မဟောင်း, မသစ် ကိလေသာက တမျိုးဟု သုံးမျိုးရှိပြန်၏။

ထိုသုံးမျိုးလုံးဘဲ၊ ကြားဆဲ—ရုပ်နာမ် ပေါ်သောအခိုက်တွင်၊ အသစ် ကိလေသာနှင့် အဟောင်း ကိလေသာ ရောစပ်ပြီး၊ မဟောင်း, မသစ် ကိလေသာ ပေါ်သောကြောင့်၊ ကြားသော အသံ-ရုပ်၊ ကြား၍သိသော-နာမ်တို့၏ ဒုက္ခကို၊ မသိနိုင်ကြခြင်း ဖြစ်ပါသည်။ ထိုဒုက္ခကို ဒုက္ခလို့ သိနိုင်မှ နိဗ္ဗာန်ရမှာ ဖြစ်ပါ၍၊ မသိ-ဟူသော စကား၏ တွဲတွဲဆန့်ကျင်ဘက်ဟာ၊ သိ-လို့ ဆိုရသည်။ သို့အတွက်၊ မြင်ခိုက်,ကြားခိုက်, စသည် တို့၌၊ သိ-နေပါလျှင်၊ မသိ-အဝိဇ္ဇာ အလိုလိုပျောက်ပြီး၊ သိ-ဝိဇ္ဇာ အလိုသို ရောက်လိမ့်မည်။ မသိ,အဝိဇ္ဇာ၏ တရားကိုယ်က-မောဟ၊ သိ,ဝိဇ္ဇာ၏ တရားကိုယ်က-အမောဟ။ မောဟ-အဝိဇ္ဇာက၊ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် အကြောင်း ဖြစ်သောကြောင့်-**သမုဒယသစ္စာ**၊ အမောဟ-ဝိဇ္ဇာက ပညာစေတသိက်ဖြစ်သောကြောင့်—**မဂ္ဂသစ္စာ**။ မြင်တုန်းမှာ အဆင်းက-ရုပ်၊ ကြားတုန်းမှာ အသံက-ရုပ်၊အဆင်းနှင့် အသံကို သိတာက-နာမ်၊ ဤရုပ်နာမ်က-**ဒုက္ခ သစ္စာ**။ မြင်ခိုက်, ကြားခိုက် သိမှတ်နေသဖြင့်၊ မသိမှု မောဟပျောက်တာက-**နိရောဓသစ္စာ**၊ ဤကား သစ္စာလေးပါး ပါဝင်ပုံဖြစ်သည်။ သိ—ဟူသော မြန်မာစကားမှာလဲ၊ ပါဠိလို ဝိဇ္ဇာ။ ဤဝိဇ္ဇာသည်လည်း၊ သမထကိုသိသော ဝိဇ္ဇာ တမျိုး, ဝိပဿနာကို သိသော ဝိဇ္ဇာတမျိုးဟု ၂-မျိုးရှိ၏။ တနည်း သီလ

ကိုသိသော ဝိဇ္ဇာတမျိုး, သမာဓိကိုသိသော ဝိဇ္ဇာတမျိုး, ပညာကိုသိသော ဝိဇ္ဇာ တမျိုးဟု သုံးမျိုး ရှိပြန်၏။

ထိုသုံးမျိုးတို့တွင်၊ သီလကို သိသော ဝိဇ္ဇာ၌၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, မဂ္ဂင် သုံးပါး ပါသည်။ သမာဓိကို သိသော ဝိဇ္ဇာ၌၊ သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ, မဂ္ဂင် သုံးပါး ပါသည်။ ပညာကို သိသောဝိဇ္ဇာ၌၊ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, မဂ္ဂင် နှစ်ပါး ပါသည်။ ဝိဇ္ဇာလို့ဆိုသော စကားထဲ၌၊ သီလ, သမာဓိ, ပညာ,သုံးပါး ပါသည်။ သီလ, သမာဓိ,ပညာ,ဆိုသော စကားထဲ၌၊မဂ္ဂင်ရှစ်ပါး ပါသည်။ သီလ,သမာဓိ, ပညာ, ဆိုသော စကားသည်၊ ပါဠိစကားဖြစ်သည်။ မြန်မာလို—သီလ, ကို **စောင့်**၊ သမာဓိ,ကို **တည်**၊ ပညာ,ကို-သိ ဟု ဆိုရသည်။ စောင့်, ဆိုသဖြင့်၊ မဂ္ဂင် သုံးပါး။ တည်,ဆိုသဖြင့်၊ မဂ္ဂင်သုံးပါး။ သိ,ဆိုသဖြင့်၊ မဂ္ဂင်နှစ်ပါး။ စောင့်, တည်, သိ, ဆိုသဖြင့်၊ မဂ္ဂင်ရှစ်ပါးလို့ ဆိုသည်။ အထက်က ဆိုခဲ့သော၊ မသိ-အဝိဇ္ဇာ၏ တဘက်ဖြစ်သော သိ-ဝိဇ္ဇာ၌၊ မဂ္ဂင်ရှစ်ပါးလုံး ပါပုံမှာ၊ မြင်မှု၌ သိနေခိုက်၊ **သိ** ထဲ၌ မဂ္ဂင်နှစ်ပါး။ စိတ်ကို တခြားသို့မရောက်အောင် စောင့်ထားသောကြောင့်၊ **စောင့်** ထဲ၌ မဂ္ဂင်သုံးပါး။ သိတုန်းအခိုက် စိတ်တည် နေသောကြောင့်၊ **တည်** ထဲ၌ မဂ္ဂင်သုံးပါး။ ပေါင်း မြင်မှုတခုထဲ၌၊ သိ,စောင့်,တည်,။ ဝါ၊ သီလ, သမာဓိ, ပညာ, သုံးပါးလုံး ပါသောကြောင့်၊ မဂ္ဂင်ရှစ်ပါးလုံး ပါသည်ဟု ဆိုရပါသည်။ ဒါ့ကြောင့်၊—

မဂ္ဂင် နှစ်ပါးက - ပညာတဲ့။
မဂ္ဂင် သုံးပါးက - သီလတဲ့။
မဂ္ဂင် သုံးပါးက - သမာဓိတဲ့။
ပညာဆိုတာက - သိမှုတဲ့။
သီလဆိုတာက - စောင့်မှုတဲ့။
သမာဓိဆိုတာက- တည်မှုတဲ့။

သို့အတွက်၊ **အမှတ်** တရားသာလျှင် မဂ္ဂင် ရှစ်ပါးအလုပ်၊ မဂ္ဂင်ရှစ်ပါး အလုပ်သာလျှင် အမှတ် တရား၊ အမှတ် တရားကို အားထုတ်မှ၊ မသေမီ ယခုတဘဝ အတွင်း၊ နိဗ္ဗာန်ကို အမှန်ရနိုင်မည်ဟု ယုံကြည် စိတ်ချစွာဖြင့်၊ ကျင့်ကြံ အားထုတ်ကြရန် တိုက်တွန်း နှိုးဆော် အပ်ပါသတည်း။

# ဩဝါဒသုဒနီ-၃

၁၃၁၁-ခုနှစ် နယုန်လအတွင်း
အငြိမ်းစား ရာဇဝတ်ဝန်မင်း ဦးဘရှိ-မင်းကတော် ဒေါ်လှဖူးတို့၏
ဆောက်လုပ် လှူဒါန်းအပ်သော ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး၏ ခြေတော်ရင်း
မင်းကွန်း ဇံကျောင်းတော်ကြီး၏ အတွင်း၌
ဟောကြားတော် မူအပ်သော မင်းကွန်းဝိပဿနာ
ဩဝါဒသုဒနီ နံပါတ်-၃။

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ပညာ ၃-ပါး**

(၁) ပါဠိဟာရိယ ပညာ

(၂) နေပက္က ပညာ

(၃) ဝိပဿနာ ပညာ

ဟု သုံးမျိုးတွင်၊ ပါဠိဟာရိယ ပညာကို–ရင်ဆိုင် ပညာဟုဆို၏။ နေပက္ကပညာကို–ရင့်ကျက်သောပညာဟု ဆို၏။ ဝိပဿနာပညာကို–နာမ် ရုပ်ပေါ်ခိုက် သိသော အသိဉာဏ် ပညာဟုဆို၏။ ထိုသုံးမျိုးတို့တွင်၊ ပါဠိ ဟာရိယ ပညာ၏ ရင်ဆိုင်ပုံမှာ၊ မြင်သောခဏ၊ မျက်စိ, အဆင်း,မြင်ခြင်း, တွေ့ခြင်း,ခံစားခြင်း။ ဤငါးပါးသော တရားတို့သည်၊ ဆိုင်၍ဆိုင်၍ ဖြစ်ကြ ကုန်၏။ ထိုဆိုင်သော ခဏ ခဏ တို့၌ သိမှတ် နေခြင်းသည်၊ နောက်က ဆိုခဲ့ သော ငါးပါးသော တရားတို့၏ အဆိုင်ကို သိနေသဖြင့်၊ ပါဠိဟာရိယ ပညာဟုဆို၏။ ဤသို့ သိမှတ်ပါ များသဖြင့်၊စိတ်တည်ကြည်ငြိမ်သက် လာ တာကို၊ ရင့်ကျက်တဲ့ နေပက္ကပညာဟု ဆို၏။ စိတ်တည်ကြည် ငြိမ်သက်ပါ များသဖြင့်၊ မူလက ရင်ဆိုင်နေသော မျက်စိ,အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်းတို့သည်၊ အလိုအလျောက် ရှုမှတ်သောသူ၏ မြင်အာရုံ၌၊ မျက် စိ,အဆင်းက တခြား၊ မြင်ခြင်း,တွေ့ခြင်း,ခံစားခြင်း,တို့က တခြားဟု ထင် လာသည်ကို၊ ဝိပဿနာပညာဟုဆို၏။ ထိုကြောင့်၊····

**ပါဠိဟာရိယပညာက – ရင်ဆိုင်ဘဲ**
**နေပက္က ပညာက – ရင့်ကျက်ဆဲ**
**ဝိပဿနာ ပညာက – နာမ်ရုပ်ဘဲဟု ဆို၏။**

No. 3.

တနည်းအားဖြင့်၊ ပါဠိဟာရိယပညာကို-အလုပ်ပညာဟု ဆိုနိုင်၏။ နေပက္က ပညာကို-အရင့် ပညာဟု ဆိုနိုင်၏။ ဝိပဿနာပညာကို-အပေါ်ပညာဟုဆိုနိုင်၏။ **ဥပမာ**-သစ်ပင်ကို စိုက်ရာ၌၊ မြေနှင့်ရေ ညီညွတ်အောင်ပြုလုပ်ပေးမှုမှာကား၊ လူသာလျှင်ဖြစ်၏။သစ်ပင်၏ကြီးရင့်မှု, အသီးအပွင့် ပေါ်လာမှုတို့သည်ကား၊ ၎င်းသစ်ပင်မှ အလိုလိုဖြစ်ပေါ်လာသလို။ ထို့အတူ၊ မြင်တုန်း,ကြားတုန်း,နံတုန်း,စားတုန်း,ထိတုန်း,သိတုန်းတို့၌ ရင်ဆိုင်နေသော ရုပ်နှင့်နာမ် အခိုက်အတန့်မှာ မှတ်သော၊ပါဠိဟာရိယ ပညာ အလုပ်ကို လုပ်သောသူ၏ စိတ်သည်၊ တည်ကြည် ငြိမ်သက်ခြင်းဟု ဆိုအပ်သော၊ ရင့်ကျက်မှု-နေပက္ကပညာဖြစ်၏။ရင့်ကျက်မှု နေပက္ကပညာဖြစ်သဖြင့်၊ ရုပ်နာမ် ပေါ်မှုဟုဆိုအပ်သော ဝိပဿနာ ပညာသည်၊ အလိုလိုထင်ပေါ်ကုန်၏၊ **ထင်ပေါ်ပုံမှာ**၊····

| | | |
|---|---|---|
| ၁ | **မျက်စိ**,အဆင်းက -တခုဘဲ၊ | မြင်တဲ့စိတ်က -တခုဘဲ။ |
| ၂ | **နား**,အသံက -တခုဘဲ၊ | ကြားတဲ့စိတ်က-တခုဘဲ။ |
| ၃ | **နှာခေါင်း**,အနံ့က-တခုဘဲ၊ | နံတဲ့စိတ်က -တခုဘဲ။ |
| ၄ | **လျှာ**,အရသာက -တခုဘဲ၊ | **စား**တဲ့စိတ်က -တခုဘဲ။ |
| ၅ | **ကိုယ်**, အတွေ့က -တခုဘဲ၊ | **ထိ**တဲ့စိတ်က -တခုဘဲ။ |
| ၆ | **နှလုံး**, သဘောက -တခုဘဲ၊ | **သိ**တဲ့စိတ်က -တခုဘဲ။ |

ဟု ၂-ခုကွဲ၍ ဉာဏ်ထဲမှာထင်တော့၏။ ထိုသို့ထင်ရာ၌၊···· ···

၁ **မျက်စိ**, အဆင်း, ထင်တာက-ရုပ်ထင်တာ၊
မြင်စိတ်, ထင်တာက-နာမ်ထင်တာ။

၂ **နား**, အသံ,ထင်တာက-ရုပ်ထင်တာ၊
ကြားစိတ်, ထင်တာက-နာမ်ထင်တာ။

၃ **နှာခေါင်း**,အနံ့, ထင်တာက-ရုပ်ထင်တာ၊
နံစိတ်, ထင်တာက-နာမ်ထင်တာ။

၄ **လျှာ**,အရသာ, ထင်တာက-ရုပ်ထင်တာ၊
စားစိတ်, ထင်တာက-နာမ်ထင်တာ။

၅ **ကိုယ်**, အတွေ့, ထင်တာက-ရုပ်ထင်တာ၊
ထိစိတ်, ထင်တာက-နာမ်ထင်တာ။

၆ **နှလုံး**,သဘော,ထင်တာက-ရုပ်ထင်တာ၊
သိစိတ်, ထင်တာက-နာမ်ထင်တာ။

**မှတ်ချက်။** ။အထက်ပါ မျက်စိ,အဆင်း ထင်တာက-ရုပ်ထင်တာ ဆိုရာ၌၊ ကြည်တုန်း-မျက်စိ၊ ထင်တုန်း-အဆင်းကို **ရုပ်ဆို၏။** မြင်စိတ်ထင်တာက-နာမ်ထင်တာဆိုရာ၌လဲ၊ မြင်သိတုန်း-ဝိညာဏ်ကို **နာမ်ဆို၏။** နား, အသံ,-ကြားစိတ်၊ နှာခေါင်း, အနံ့-နံစိတ်၊ လျှာ,အရသာ—စားစိတ်၊ ကိုယ်,အတွေ့-ထိစိတ်၊ နှလုံး,သဘော—သိစိတ်တို့၌လည်း အတူတူမှတ်ကြရာ၏။

## အာရုံ ၃-ပါး

ဤသို့ အခိုက်အတန့်အာရုံတို့၌ နာမ်ရုပ် ထင်သဖြင့်၊ နာမရူပ ပရိစ္ဆေဒဉာဏ် ရသည်,ရောက်သည်ဟု ဆိုရ၏။ ထိုသို့ထင်ခိုက် ရုပ်နာမ် အာရုံ၌၊ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမဟု သိမှု ထင်ချက်တစက်ကမျှ မပါသောကြောင့်၊ ကိလေသာ၏ အာရုံဖြစ်သော ပုဂ္ဂိုလ်ပျောက်သည်ဟု ဆိုရ၏။ ၁-မျက်စိ, အဆင်း- ရုပ်နှင့်၊ မြင်တဲ့စိတ်-နာမ်။ ၂-နား, အသံ-ရုပ်နှင့်၊ ကြားတဲ့စိတ်-နာမ်။ ၃ နှာခေါင်း,အနံ့- ရုပ်နှင့်၊ နံတဲ့စိတ်-နာမ်။ ၄-လျှာ,အရသာ-ရုပ် နှင့်၊ စားတဲ့စိတ်-နာမ်။ ၅-ကိုယ်,အတွေ့-ရုပ်နှင့်၊ ထိတဲ့စိတ်-နာမ်။ ၆-နှလုံး,သဘော-ရုပ်နှင့်၊ သိတဲ့ စိတ်-နာမ် ဟုဆိုအပ်သော၊သက်သက် ပရမတ်ရုပ်,ပရမတ်နာမ်,အာရုံမျှသာလျှင် ထင်သောကြောင့်၊ သင်္ခတပရမတ် ရုပ်နာမ် ထင်သည် ဟု ဆိုရ၏။ ဤသင်္ခတ ပရမတ်ရုပ် နာမ်အထင်များသောသူမှာ ဉာဏ်အဆင့်ဆင့်တက်၍၊ အသင်္ခတ ပရမတ်ဖြစ်သော မဂ်ဉာဏ်၏အာရုံ - နိဗ္ဗာန်ရွှေဘုံသို့၊ အမှန်ရောက်မည်ဟု ပညာရှိမှန်က ဧကန် သိနိုင်ပါ၏။ ထိုကြောင့်၊····

ကိလေသာ၏ အာရုံက-ပုဂ္ဂိုလ်ဘဲ
ဝိပဿနာ၏ အာရုံက—ရုပ်နာမ်ဘဲ
မဂ်ဉာဏ်၏ အာရုံက—နိဗ္ဗာန်ဘဲ
ပုဂ္ဂိုလ်ဆိုတာက-ပညတ်ဘဲ
ရုပ်နာမ်ဆိုတာက—ပရမတ်ဘဲ
နိဗ္ဗာန် ဆိုတာက—ပရမတ်ဘဲ
ရုပ် နာမ် ပရမတ်က—သင်္ခတဘဲ
နိဗ္ဗာန်ပရမတ်က-အသင်္ခတဘဲ

ဟု ဆိုသည်။နောက်ကဆိုခဲ့တိုင်း၊ ကြည့်တုန်း-မျက်စိ။ထင်တုန်း-အဆင်း။ မြင်သိတုန်း-ဝိညာဏ်တို့၏ အပေါ်၌ ထင်နေခိုက် အသိဉာဏ်ကို ပညာဟုဆို၏။ ဤသိမှု ပညာပေါ်တုန်း၊ ၎င်းသိမှု၏ ဆန့်ကျင်ဘက် ဖြစ်သော၊ မသိမှု အဝိဇ္ဇာနုသယ ကိလေသာကို ပယ်သည်။ ကြည့်သော မျက်စိ, ထင်သော အဆင်း, မြင်သိသော ဝိညာဏ်၌သာ စိတ်တည်နေတုန်းကို၊ ခဏိက သမာဓိဟု ဆို၏။ ဤတည်မှု-သမာဓိဖြစ်တုန်း၊၎င်းတည်မှု၏ ဆန့်ကျင်ဘက်၊ မတည်မှု-ဥဒ္ဓစ္စပရိယုဋ္ဌာန်ကိလေသာကို ပယ်သည်။ ဤသို့တည်မှု-သမာဓိနှင့်,သိမှု-ပညာနှစ်ပါးတို့သည်၊ မျက်စိ,အဆင်း,မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်း အခိုက်တို့၌ တပါးကို တပါး မလွန်ကြဘဲ၊ပေါ်ဆဲသော ရုပ်နာမ် အာရုံ၌ စုံနေသည်ကို ဘာဝနာဟုဆို၏။ ထို့ကြောင့်၊-

သမာဓိပညာနံ၊ သမာဓိ ပညာ တို့၏။ အနတိ ဝတ္တနဋ္ဌေန၊ တပါးသည် တပါးကို မလွန်သော အနက်ကြောင့်။ ဘာဝနာ၊ ဘာဝနာလည်း တပါး။ သို့အတွက်၊-

သမာဓိနှင့်, ဥဒ္ဓစ္စကလဲ ···· ဆန့်ကျင်ဘက်၊
ပညာနှင့်,အဝိဇ္ဇာကလဲ ···· ဆန့်ကျင်ဘက်၊
ဤနှစ်ပါးစုံ ညီမှ ···· ····ဘာဝနာတချက်။

## ဣန္ဒြေ ၅-ပါး

ဟု ဆို သ ည်၊ မြင် သော ခ ဏ တွင်၊ ကြည့် တုန်း — မျက် စိ ရယ်၊ ထင်တုန်း – အဆင်းရယ်၊ မြင်သိတုန်း -ဝိညာဏ်ရယ်၊ ဤသဘောတရားတို့မှ လွဲ၍၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ, ဆိုတာ မရှိဟု၊ အမှန် ယုံကြည်မှုကို- သဒ္ဓိန္ဒြေ ဆို၏။ ဤယုံကြည်မှု ဣန္ဒြေဖြစ်ခိုက်၊ မယုံကြည်မှုဟု ဆိုအပ်သော အသဒ္ဓိယ ကိလေသာကို ပယ်သည်။ ကြည်တုန်း မျက်စိ၊ ထင်တုန်း အဆင်းက-ရုပ်၊ မြင်သိတုန်း ဝိညာဏ်က-နာမ်။ ထိုရုပ်နာမ်နှစ်ပါး ပေါ်ခိုက်၊ အားထုတ်မှုကို-ဝီရိယိန္ဒြေဟု ဆို၏။ ဤအားထုတ်မှု ဣန္ဒြေဖြစ်ခိုက်၊ ပျင်းရိမှု-ကောသဇ္ဇ ကိလေသာကို ပယ်သည်။ မြင်တုန်း,ကြားတုန်းတို့၌ အောက်မေ့သော သတိကို-သတိန္ဒြေ ဆိုသည်။ ဤအောက်မေ့မှု သတိန္ဒြေ ဖြစ်ခိုက်၊ မေ့လျော့မှု-ပမာဒ ကိလေသာကို ပယ်သည်။ ကြည့်တုန်း—မျက်စိ၊ ထင်တုန်း - အဆင်း၊ မြင်သိတုန်း-ဝိညာဏ်တို့၌၊ တည်ခိုက်ခဏကို - သမာဓိန္ဒြေ ဆိုသည်။ ဤတည်မှု သမာဓိန္ဒြေဖြစ်ခိုက်၊ ပျံ့လွင့်မှု-ဝိက္ခေပ ကိလေသာကို ပယ်သည်။ ကြည့်တုန်း မျက်စိ၊ ထင်တုန်း အဆင်း-ရုပ်၊ မြင်သိတုန်း ဝိညာဏ်—နာမ်။ ဤရုပ်, ဤနာမ် အခိုက်၊ သိမှုကို-ပညိန္ဒြေဆို၏။ ဤသိမှု ပညိန္ဒြေဖြစ်ခိုက်၊ မသိမှု-မောဟ ကိလေသာကို

ပယ်သည်။ ဤသို့ ဣန္ဒြေငါးပါး တရားတို့၏ ကလေသာမှ အပယ်တူကြ သည်ကို ဘာဝနာဟု ဆို၏။ ထို့ကြောင့်၊—

ဣန္ဒြိယာနံ၊ ဣန္ဒြေငါးပါး တရားတို့၏။ ကေရသဘွေနေ၊ ကိလေသာမှ အပယ် တူသော အနက် သဘောကြောင့်။ ဘာဝနာ၊ ဘာဝနာလည်း တပါး။ သို့အတွက်၊····

သဒ္ဓါနှင့် အသဒ္ဓိယ ကလဲ – ဆန့်ကျင်ဘက်
ဝီရိယနှင့် ကောသဇ္ဇ ကလဲ– ဆန့်ကျင်ဘက်
သတိနှင့် ပမာဒ ကလဲ – ဆန့်ကျင်ဘက်
သမာဓိနှင့် ဝိက္ခေပ ကလဲ – ဆန့်ကျင်ဘက်
ပညာနှင့် မောဟ ကလဲ – ဆန့်ကျင်ဘက်
ဤငါးပါး အပယ်တူမှ – ဘာဝနာတချက်

ဤသို့ ကြည်တုန်း မျက်စိ၊ ထင်တုန်း အဆင်း၊ မြင်သိတုန်း ဝိညာဏ် သုံးပါးတို့ကို ရှုမှတ်ပါများသော သူ၏စိတ်မှာ၊ မျက်စိကြည်မှု, အဆင်းထင် မှုကြောင့်၊မြင်သိမှု စက္ခုဝိညာဏ် ပေါ်တာဘဲဟု ထင်ခြင်းကို၊ပစ္စယပရိဂ္ဂဟ ညာဏ်ဟု ဆို၏။ ဤကြည်မှု,ထင်မှု,သိမြင်မှု, တို့၌၊ ယခု ကြည်မှု,ထင်မှု,သိမြင် မှု,တို့ကား၊ နောက်က ကြည်မှု,ထင်မှု,သိမြင်မှု, မဟုတ်။ နောက်က ကြည်မှု, ထင်မှု,သိမြင်မှု, တို့ကား၊ ရှေ့ ကြည်မှု,ထင်မှု,သိမြင်မှု,တို့ မဟုတ်ကုန်ဟု၊ အာရုံကူးပြောင်းတိုင်း, ကူးပြောင်းတိုင်း၊ တခုနှင့် တခု မဆက်စပ်သည်ဟု မြင်ခြင်းကို၊ သမ္မသနညာဏ်ဟု ဆို၏။ ထိုမျက်စိ ကြည်မှု၏ အစ,အဆုံး၊ အ ဆင်းထင်မှု၏ အစ,အဆုံး၊ စက္ခုဝိညာဏ် သိမြင်မှု၏ အစ,အဆုံး ထင်ခြင်း ကို၊ ဥဒယဗ္ဗယညာဏ်ဟု ဆို၏။ ထိုတရား သုံးပါးတို့၏ အစကိုလွှတ်၍။ ဝါ၊ လွှတ်၍ အဆုံး အဆုံး ပျက်ပျက် သွားမှုကို၊ ရေပွက်ကဲ့သို့ငှင်း, တံလျှပ်ကဲ့ သို့ငှင်း, မြင်ခြင်းကို၊ ဘင်ညာဏ်ဟု ဆို၏။ အပျက်ဆိုတာက— မမြဲဘူး၊ မမြဲ ဘူးဆိုတာက– ဗမာလို။ ပါဠိလို ဆိုပါက၊ အနိစ္စ၊ အနိစ္စထင်နေလျှင်– နိစ္စ သညာ ကိလေသာကွာတော့၏။ ထို့ကြောင့်၊—

အနိစ္စ ထင်တုန်း - နိစ္စပျောက်
ဒုက္ခ ထင် တုန်း - သုခပျောက်
အနတ္တထင်တုန်း – အတ္တပျောက်
ငြီးငွေ့နေတုန်း - နန္ဒီပျောက်
တပ်မက်ကင်းတုန်း- တဏှာပျောက်
ချုပ်တာမြင်တုန်း - ဖြစ်တာပျောက်
တဖန် စွန့်တုန်း - တဖန်ပျောက်

၂၄၀၃၆

ဟု ဆိုသည်။ ရုပ်နာမ်၏အပျက် အထင်များသော သူမှာ၊ ရုပ်နာမ်ပျက်၌ ဘေးထင်ခြင်း-ဘယညာဏ်။ ရုပ်နာမ်ပျက်၌ အပြစ်ထင်ခြင်း- အာဒီနဝညာဏ်။ ရုပ်နာမ်ပျက်၌ ငြီးငွေ့ခြင်း-နိဗ္ဗိဒါညာဏ်။ ရုပ်နာမ်ပျက်မှ လွတ်လိုခြင်း-မုဉ္စိတုကမျတာညာဏ်။ ရုပ်နာမ်ပျက်မှ လွတ်အောင် ဆင်ခြင်ခြင်း-ပဋိသင်္ခါညာဏ်။ ရုပ်နာမ်ပျက်ကို အညီအညွတ်ရှုခြင်း- သင်္ခါရုပေက္ခာညာဏ် ဟု ဆိုအပ်သော ဝိပဿနာညာဏ် အဆင့်ဆင့် ဖြစ်ပြီးလျှင်၊ ပျက်မှုဆိုတာက- **အဆုံးစကား**၊ ပျက်မှု၏ အစကား-အဖြစ်မှလာ၊ အဖြစ်ဆိုတာလဲ-ရုပ်နာမ်ဘဲ။ ဖြစ်မှုမရှိက-ပျက်မှုမရှိ ၊မဖြစ်,မပျက် ခြင်းပင်လျှင် **နိဗ္ဗာန်** ဘဲဟု၊ အာရုံပြေးဝင်၊ ညာဏ်မှာထင်၏။

## ဇော ၇-ကြိမ်

**ဥာဏ်ထင်ပုံမှာ**။ ။ဇောခုနှစ်ကြိမ်ရှိရာ၌၊ ပဌမဇောကလဲ-နာမ်ရုပ်၏ အပျက်ထင်၊ ဒုတိယဇောကလဲ-နာမ်ရုပ်၏ အပျက်ထင်၊ တတိယဇောကလဲ-နာမ်ရုပ်၏ အပျက်ထင်၊ စတုတ္ထဇောက - နာမ်ရုပ်၏ **အပျက်မထင်**၊ ကိလေသာမှလဲ - မစင်သေး။ ပဥ္စမဇောကျတော့မှ - ကိလေသာမှလဲစင်၊ နာမ်ရုပ်၏ အပျက်လဲ-မမြင်၊ မဂ်သို့ဝင်၍ ဆဌ, သတ္တမဇော ကိုတော့-အကျိုးတရားဘဲဟု ဆိုရ၏။

ပဌမ ဇောကို - ပရိကံဆို
ဒုတိယဇောကို - ဥပစာဆို
တတိယဇောကို - အနုလုံဆို
စတုတ္ထ ဇောကို - ဂေါတြဘူဆို
ပဥ္စမ ဇော ကို - မဂ်ဟုဆို
ဆဌ,သတ္တမဇောကို - ဖိုလ်ဟုဆို

ဤသို့ ဇောခုနစ်ကြိမ်ကျတာကို၊ အာရုံပြေးဝင်၊ ညာဏ်မှာထင်သည် ဟုဆို၏။ ထိုညာဏ်မှာထင်သော ဇောခုနစ်ကြိမ်တို့တွင်၊ ပဥ္စမဇော၏ အကြိမ်ဖြစ်သော စိတ်လုံးအားဖြင့် တခုဘဲ၊ ဥပါဒ်,ဌီ,ဘင် အားဖြင့် သုံးခုဘဲ၊ ဖြစ်သောခဏ **ဘင်ကာလ**၌၊ ဗောဓိပက္ခိယ တရား ၃၇-ပါးနှင့် ပြည့်စုံတော့၏။ ဗောဓိပက္ခိယတရား ၃၇-ပါးဆိုတာ၊ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄ - ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅ - ပါး၊ ဗိုလ် ၅ - ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး အားဖြင့် ၃၇-ပါးရှိသည်။ ထို ၃၇-ပါး

တို့ကို သဘောတူရာ ပေါင်းလိုက်လျှင်၊ သဒ္ဓါ, ဆန္ဒ, ပီတိ, ဥပေက္ခာ, ပဿဒ္ဓိ, မဂ္ဂင်က ၈-ပါး၊ မဂ်စိတ်က တပါး၊ ဤ ၁၄-ပါးသာရှိသည်။ ထို့ကြောင့်၊......

## ဗောဓိပက္ခိယ ၃၇-ပါး

ကြည်,လို,နှစ်သက်၊ လျစ်လျူ,ဘက်၊ ငြိမ်း, လျက်သိစေရာ။
သိ,စောင့်, တည်,စွက်,၊ မဂ်စိတ်ချက်,၊ ဗောဓိ ၃+၇-ပါ။
ဗောဓိတရား၊ စုံထင်ရှား၊ ရောက်ငြား နိဗ္ဗူတာ။

ထိုသံပေါက် သုံးပုဒ်တို့တွင်၊ **ပဌမ**သံပေါက်၌ ကြည်,ဆိုတာက-သဒ္ဓါ၊ လို,ဆိုတာက-ဆန္ဒ၊ နှစ်သက်,ဆိုတာက-ပီတိ၊ လျစ်လျူ,ဆိုတာက-ဥပေက္ခာ၊ ဘက်,ဆိုတာက-(အပိုစကား)။ ငြိမ်း,ဆိုတာက-ပဿဒ္ဓိ၊ လျက်သိစေရာဆိုတာကလဲ-(အပိုစကား)။**ဒုတိယ**ပုဒ်၌၊သိဆိုတာက-ပညာက္ခန္ဓ ဖြစ်သောကြောင့်၊သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,မဂ္ဂင် ၂-ပါး။စောင့်,ဆိုတာက-သီလက္ခန္ဓဖြစ်သောကြောင့်၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,မဂ္ဂင် ၃-ပါး။ တည်,ဆိုတာက သမာဓိက္ခန္ဓ ဖြစ်သောကြောင့်၊ သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ, မဂ္ဂင် ၃-ပါးအားဖြင့် မဂ္ဂင်ရှစ်ပါး။ ဤရှစ်ပါးသော မဂ္ဂင်ကို စွက်, ဆိုသောစကားအရ၊ နောက်ကဆိုခဲ့သော တရားငါးပါး၌၊ ထည့်စွက်က ၁၃-ခုဖြစ်၏။ မဂ်စစ်ချက်ဟု ဆိုသည့်အတိုင်း မဂ်စိတ်တခုထည့်ပေါင်း ၁၄-ခုဖြစ်၏။ ဤ ၁၄-ခုကို ဗောဓိပက္ခိယတရား၏ကိုယ်ထည်ဟုဆိုသည်။ ၃+၇ ပါ ဆိုရာ၌၊ အကျယ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့ ပါသည်ဟုဆိုသည်။ **တတိယ**ပုဒ်၌၊ ဤ ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့် ပြည့်စုံသော ပဌမဇော စိတ်ချက်ကို၊ မဂ်စိတ်ဟု ခေါ်သောကြောင့်၊ နိဗ္ဗာန်ရောက်သော စိတ်ဟု ဆို၏။

ဇောခုနစ်ကြိမ် တို့တွင်၊ ပဌမဇောစိတ် တချက်တည်း၌၊ဗောဓိပက္ခိယတရား ၃၇-ပါးနှင့်ပြည့်စုံပုံမှာ၊ဤပဌမဇောစိတ်တချက်ဖြင့် ရပ်နာမ်ချုပ်ပုံ၊မဂ္ဂာရုံ **နိဗ္ဗာန်ရှုဘု** သို့၊ အာရုံရောက်သောသူမှာ ငါရောက်သော နိဗ္ဗာန်သည်ကား၊ အမှန်ပင်တည်းဟု ယုံကြည်မှုကို-သဒ္ဓါလို့ဆို၏။ အလိုရှိမှုကို-ဆန္ဒလို့ ဆို၏။ နှစ်သက်မှုကို-ပီတိလို့ ဆို၏။ လျစ်လျူရှုမှုကို -ဥပေက္ခာလို့ဆို၏။ ကိလေသာမှငြိမ်းမှုကို -ပဿဒ္ဓိလို့ ဆို၏။ နိဗ္ဗာန်အာရုံဟု အမှန်သိမှု၌ ပညာမဂ္ဂင် ၂-ပါး ပါသောကြောင့်၊ပညာက္ခန္ဓဟုဆို၏။ ဒိဋ္ဌိ,ဝိစိကိစ္ဆာ,အနုသယကိလေသာ အမှန်ပြတ်၍စောင့်သောကြောင့်၊ စောင့်မှု၌ သီလမဂ္ဂင်

၃-ပါး ပါသောကြောင့်၊ သီလက္ခန္ဓဟု ဆိုသည်။ နိမ္မာန်အာရုံ၌ စိတ်တည် ခိုက်၊ တည်မှု၌ သမာဓိမဂ္ဂင်သုံးပါး ပါသောကြောင့် သမာဓိက္ခန္ဓဟုဆို သည်။ ဤတရားကိုယ် ၁၃-ပါးနှင့်ပြည့်စုံသော ပဥ္စမဇောစိတ်သည်၊ ကိ လေသာအာရုံ, ခန္ဓာဘုံ ၂-ပါးစုံမှ အထတူသောကြောင့်၊ မဂ်စိတ်ဟု ဆို သည်။ ထို့ကြောင့်၊-

ဒုဘတော၊ စိတ်၏အတွင်း **ကိလေသာ**-အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရ **ခယနိမိတ်** အာရုံ-ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ, ဗဟိဒ္ဓ ၂-ပါးစုံမှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ၊ ထ၍ နောက်တဖန် အောက်ပြန်မလည်သော ပညာသည်။ မဂ္ဂေ ဉာဏံ၊ မဂ်ဉာဏ်မည်၏။- ဟု ဟောတော်မူ၏။

အားလုံး ပေါင်းသော်၊ တရားကိုယ်အားဖြင့် ၁၄ - ပါးဖြစ်၏။ ဤ ၁၄-ပါး၏ အကျယ်ကား၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားဟု ဆို ၏။ ဤ ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့် ပြည့်စုံသော စိတ်ချက်ရ ဘို့ရန်မှာ၊ ဝိပဿနာတရားအားထုတ်မှသာလျှင် ရမည်ဖြစ်ပါ၍၊ ဝိပဿနာ တရားကို အားထုတ်ကြရန် တိုက်တွန်းအပ်ပါသတည်း။

**ဩဝါဒသုဒနီပြီး၏။**

## မင်းကွန်းဝိပဿနာ

# စတုသစ္စသုဒနီ

၁၃၀၈-ခုနှစ်၊ တပေါင်းလအတွင်း၊
ရေကြည်တော်ဝတ် အသင်း, တန်ဆောင်းကြီး၌
ညတရား တလခွဲတိုင်တိုင် ဟောတော်မူသော အခိုက်အခါတွင်
သူဌေးကြီး ဆာ, ဦးသွင် တောင်းပန်သဖြင့် ရေးသားတော် မူအပ်သော

**စတုသစ္စသုဒနီ နံပါတ်-၄။**

---

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမနှင့် ပဋိညာဒ် ပြခြင်း

(က) ယော ဗုဒ္ဓေါ စတုသစ္စာနိ၊
သူဒနိ သ ဓမ္မသာဝကော။
**မင်းကွန်း** ဇေတဝနာစေရော၊
ဗုဒ္ဓမတည ဂန္ထကော။ ။

(ခ) **နတ်မှော်** စေရော ဂုဏာဒ္ဓ လယော၊
နတွာ တံ တံ တမာဒရံ။
ကရိဿံ **သစ္စသုဒနိံ**၊
တံ မေ သုဏာထ သာဓဝေါတိ။ ။

သဓမ္မသာဝကော၊ ဆယ်ပါးဓမ္မ သာဝကနှင့် တကွ ဖြစ်တော်မူသော။ ယော ဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရားသည်။ **စတုသစ္စာနိ**၊ "ဤကား ဒုက္ခ, ဤက-လက်သည်, ဤပြည်-ချမ်းသာ, ဤမှာလမ်းပေါက်" ဟူသော သစ္စာလေးပါးတို့ကို။ သူဒနိ၊ သွားရောက်နိုင်သူ, အေးလိမ့်ဟူ၍, သိတဂူ ပုဏ်,မြတ်ကာရုဏ်ဖြင့်, ဝသုန်လက်ခတ်, ညွှန်းလတ်မိန့်ဟ, သမထ-ဝိပဿနာ ဘာဝနာကိုး ဟောသောအားဖြင့် ပြတော်မူလေ၍ရှိ၏။ ယော မင်းကွန်း

ဇေတဝနာစေရော၊အကြင် သထုံမြို့၊ **မင်းကွန်း** ဇေတဝန် ဆရာတော်သည်။ ဗုဒ္ဓမတညု၊ မြတ်စွာဘုရား၏ အလိုတော်ကို သိတော်မူ၏။ ဂန္ထကော၊ **ပဋ္ဌာနဒေသ** အဋ္ဌကထာ, **မိလိန္ဒပဉှာ** အဋ္ဌကထာ စသော ကျမ်းများစွာကို ပြုတော်မူ၏။ (ပဋ္ဌာန ပဒေသ ပါဠိတော်ကို **"ကိုယ်"**ကဲ့သို့၊ နေတ္တိပါဠိတော်ကို**"မျက်စိ"**ကဲ့သို့၊ နေတ္တိအဋ္ဌကထာကို**"မှန်"**ကဲ့သို့၊ မြတ်စွာဘုရားစကားတော်နှင့် အဋ္ဌကထာအလုံးစုံကို **"အရိပ်"**ကဲ့သို့၊ ဆရာအားလုံးတို့၏ အလိုကို**"စိတ်"**ကဲ့သို့ ထား၍ ရေးသားအပ်သော ပဋ္ဌာန ပဒေသ အဋ္ဌကထာကို၊ စူးစိုက်စွာရှုလျက် **"ဗုဒ္ဓမတညု"** ဂုဏ်ကို အာရုံ ယူကြစေလို၏။) ယော နတ်မှော်စေရော၊ အကြင် မော်လမြိုင်မြို့ **နတ်မှော်** ဆရာတော်သည်။ ဂုဏာလယော၊ ပရိယတ္တိဝိသာရဒ, ပဋိပတ္တိ သမ္မာစာရ စသော ဂုဏ်တို့၏ တည်ရာဖြစ်တော်မူ၏။ သ ဓမ္မသာဝကာ၊ ဆယ်ပါးဓမ္မ,သာဝကနှင့် တကွ ဖြစ်တော်မူသော။ စတုသစ္စာနို၊ 'ဤကား-ဒုက္ခ ဤက-လက်သည်, ဤပြည်-ချမ်းသါ, ဤမှာ -လမ်းပေါက်' ဟူသော သစ္စာလေးပါးတို့ကို။ သူဒနိံ၊ သွားရောက်နိုင်သူ,အေးလိမ့်ဟူ၍, သီတဂူပုဏ်,မြတ်ကာရဏ်ဖြင့်, ဝသုန်လက်ခတ်, ညွှန်းလတ်မိန့်ဟ, သမထ-ဝိပဿနာ ဘာဝနာကို ဟောသောအားဖြင့် ပြတော်မူလေ့ရှိသော။တံ ဗုဒ္ဓံ၊ ထိုမြတ်စွာ ဘုရားကိုဋင်း။ ဗုဒ္ဓမတညုံ၊ မြတ်စွာဘုရား၏ အလိုတော်ကို သိတော်မူသော။ ဂန္ထကံ၊ **ပဋ္ဌာနပဒေသ** အဋ္ဌကထာ, **မိလိန္ဒပဉှာ** အဋ္ဌကထာစသော ကျမ်းများစွာကို ပြုတော်မူသော။ တံ မင်းကွန်း ဇေတဝနာစေရံ၊ ထိုသထုံမြို့ မင်းကွန်း ဇေတဝန် ဆရာတော်ကိုဋင်း။ ဂုဏာလယံ၊ ပရိယတ္တိဝိသာရဒ,ပဋိပတ္တိ သမ္မာစာရ စသောဂုဏ်တို့၏ တည်ရာဖြစ်တော်မူသော။တံ နတ်မှော် စေရံ၊ ထိုမော်လမြိုင်မြို့-နတ်မှော် ဆရာတော်ကိုဋင်း။ အာဒရံ၊ရိုသေစွာ။ နတွာ၊ ကာယဝစီ,မနောချီထ,ကြည်ဆွဲညွှတ်နူး,ရှိခိုးဦး၍။ ယံ သစ္စသူဒနိံ၊ သစ္စာလေးပါးတို့ကို ပြရာပြကြောင်း၏ အဖြစ်ကြောင့် ''**သစ္စသူဒနီ**''အမည်ရှိသော အကြင်ကျမ်းကို။ ကရိဿံ၊ ယခုဘာဝ, ဒိဋ္ဌမျက်မှောက်, မင်ဖိုလ်ရောက်စေ, သနစ်ဖွေကာ, စီရင်ပေအံ့။ တံသစ္စသူဒနိံ၊ စတုသစ္စသူဒနီခေါ် ထိုသဘော အဆီတော်ကို။ သာဓဝေါ၊ သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ မေ၊ ငါ၏(အထံမှ)။ သုဏာထ၊ နာကြပါကုန်။ ဣတိ၊ ဤကား ပဏာမ စသည်ကို ပြခြင်းတည်း။

## သေခြင်း၏ အကြောင်းကို ရှာခြင်း

အားလုံးသော သတ္တဝါတို့သည်၊ သေမှာကို ကြောက်ကြ၏။ သေခြင်း၏ အကြောင်းရင်းကိုကား၊ ကြောက်ရမှန်းပင် မသိရှာကြပေ။ ထို့ကြောင့်၊—

(၁) သေခြင်း

(၂) သေခြင်း၏ အကြောင်း

ဤနှစ်ပါးနှင့် စပ်သော ဒေသနာတော်ကို မြတ်စွာဘုရားသည်၊ **ပဋိစ္စသမုပ္ပါဒ်** ဒေသနာတော်၌ 'ဇာတိပစ္စယာ ဇရာမရဏံ' ဟု ဟောတော်မူသောကြောင့်၊ သေခြင်း၏ နီးသော အကြောင်းကား၊ ပဋိသန္ဓေနေမှု 'ဇာတိ' သာ ဖြစ်၏။ ၎င်းဇာတိ သည်လည်း၊ အကြောင်းမရှိဘဲ မဖြစ်လေသဖြင့်၊ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုပင်၊ ပဋိလောမနည်းအားဖြင့် ပြန်၍ကြည့်သော်၊ ဘဝကြောင့် ဇာတိဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်။ ဝေဒနာကြောင့် တဏှာဖြစ်။ ဖဿကြောင့် ဝေဒနာဖြစ်။ သဠာယတနကြောင့် ဖဿဖြစ်။ နာမ်,ရုပ်ကြောင့် သဠာယတနဖြစ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။

ထိုအကြောင်းတရားတို့တွင် **အဝိဇ္ဇာ** သည်၊ သေခြင်း၏ မူလ အကြောင်းရင်းဖြစ်၏။ 'သင်္ခါရ' အစ 'ဇာတိ' တိုင်အောင်သော တရားတို့သည်၊ သေခြင်း၏ မူလီ အကြောင်းများတို့သာ ဖြစ်ကြကုန်၏။ သို့အတွက် သေခြင်းဆိုသည့် အကျိုးတရားကို ကြောက်ကြကုန်သော သူတို့သည်၊ ဤသေခြင်း၏ အကြောင်းရင်း ဖြစ်သော **အဝိဇ္ဇာ** ကို မဖြစ်အောင် ပွါးများအားထုတ်ကြမှသာလျှင် အသေ လက်စ သိမ်းကြရမည် မဟုတ်ပါလော။

ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ 'အဝိဇ္ဇာ' ဆိုသော စကားသည်၊ မာဂဓပါဠိဘာသာ စကားဖြစ်၏။ မြန်မာဘာသာ အားဖြင့် **မသိမှု** ဟု ဆို၏။ ဘာကိုမသိပါသနည်း ဆိုသော် "ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါယ အညာဏံ။" ဟု ဟောတော်မူသောကြောင့်၊ ဒုက္ခသစ္စာ,ကိုလဲ သူမသိ။ သမုဒယသစ္စာ,ကိုလဲ သူမသိ။ နိရောဓသစ္စာ,ကိုလဲ သူမသိ။ မဂ္ဂသစ္စာ, ကိုလဲ သူမသိ ဟု ဆိုရ၏။ ။ဤသစ္စာလေးပါးတို့တွင်၊ ဝိပဿနာစိတ်၏ အာရုံအနိုက်၊ ထင်မှု – ရုပ်, နာမ်ကို 'ဒုက္ခသစ္စာ' ဟု ဆို၏။ ။ဝိပဿနာ စိတ်၏ အာရုံအနိုက်၊ ပယ်မှု-တဏှာကို 'သမုဒယသစ္စာ' ဟု ဆို၏။ ။ဝိပဿနာ

စိတ်၏ အာရုံအခိုက်၊ ချုပ်မှု-တဏှာကို 'နိရောဓသစ္စာ' ဟု ဆို၏။ ။ ဝိပဿနာစိတ် ဖြစ်သော အခိုက်၊ ပွါးမှု-မဂ္ဂင်ကို 'မဂ္ဂသစ္စာ' ဟု ဆို၏။ ထိုကြောင့် ဒုက္ခသစ္စာကို **ထင်** သစ္စာဟု ဆို၏။ သမုဒယသစ္စာကို **ပယ်** သစ္စာဟု ဆို၏။ နိရောဓသစ္စာကို **မျက်မှောက်ပြု** သစ္စာဟု ဆို၏။မဂ္ဂသစ္စာကို **ပွါး** သစ္စာဟု ဆိုအပ်၏။

## ဒုက္ခသစ္စာကိုပြခြင်း

ထိုလေးပါးသော သစ္စာတို့တွင်၊ **ဒုက္ခသစ္စာ** ဆိုသည်ကား၊ ပဋိသန္ဓေ နေရတာလဲ ဒုက္ခဘဲ၊ အိုရတာလဲ ဒုက္ခဘဲ၊ နာရတာလဲ ဒုက္ခဘဲ၊ သေရတာလဲ ဒုက္ခဘဲ၊ မချစ်သူတို့နှင့် ပေါင်းသင်းရတာလဲ ဒုက္ခဘဲ၊ ချစ်သူတို့နှင့် ကွေကွင်းရတာလဲ ဒုက္ခဘဲ၊ လိုချင်တိုင်းမရတာလဲ ဒုက္ခဘဲ။ အကျဉ်းဆုံးအားဖြင့်၊ ဥပါဒါန်နှင့်တကွဖြစ်သော ခန္ဓာငါးပါးလဲ ဒုက္ခဘဲ။ဤဒုက္ခတို့၌မသိခြင်းကို **အဝိဇ္ဇာ** ဟုဆို၏။ ထို့ကြောင့် မြတ်စွာဘုရားသည်၊—

> ဣဒံ ခေါပန ဘိက္ခဝေ **ဒုက္ခံ အရိယသစ္စံ**။ဇာတိပိ ဒုက္ခာ၊ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။**ဓမ္မစကြာပါဠိတော်**။

ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ နာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းသင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်သောသူတို့နှင့်။ ဝိပ္ပယောဂေါ၊ မပေါင်းသင်း ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ယံ ပိစ္ဆံ၊ အကြင်လိုချင်ခြင်းကို။ န လဘတိ၊ မရခဲ့။ တမ္ပိ၊ ထိုလိုရာ မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်လည်း။ ဒုက္ခာ၊ဆင်းရဲကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ခေါပန၊ ဤတရားစုသည်ကား။ဒုက္ခ အရိယသစ္စံ၊ဒုက္ခ အရိယသစ္စာမည်၏။

ထိုသို့ ဟောတော်မူသော ဒုက္ခတို့တွင်၊ဇာတိ ဒုက္ခ,ဇရာ ဒုက္ခ,ဗျာဓိ ဒုက္ခ,မရဏ ဒုက္ခ,အပ္ပိယသမ္ပယောဂ ဒုက္ခ, ပိယဝိပ္ပယောဂ ဒုက္ခ,ယံပိစ္ဆံ

န လဘတိ ဒုက္ခ, တိုင်အောင်သော ဒုက္ခအပေါင်းတို့သည်၊ ရှုမှတ်သောအခိုက် ပစ္စုပ္ပန်အာရုံ၌ မကျနိုင်သောကြောင့်၊ **'ပဝတ္တိ ဒုက္ခ'** ဟု ခေါ်ရကုန်၏။ ငါးပါးသော ဥပါဒါနက္ခန္ဓာ၏ ဒုက္ခတို့သည်ကား၊ **'ခဏိက ဒုက္ခ'** ဖြစ်သောကြောင့်၊ ဒုက္ခ၏ အရင်းအမြစ်ဟု ခေါ်ရကုန်၏။ ထိုအရင်းမူလဖြစ်သော ဥပါဒါနက္ခန္ဓာ ဒုက္ခတရား ငါးပါး၌၊ ဒုက္ခထင်သော သူတို့သည်သာလျှင် ပဝတ္တိဒုက္ခဟု ဆိုအပ်သော 'ဇာတိဒုက္ခ' အစ၊ 'ယံ ပိစ္ဆံ န လဘတိ ဒုက္ခ' တိုင်အောင်သော ဒုက္ခအပေါင်းတို့သည် အကုန်ထင်သည်ဟု ဆိုရပေ၏။ ဤခဏိကဒုက္ခ ထင်သောအခိုက်၊ 'ထင်စ' ကို ခဏိကဇာတိ၊ 'ထင်ဆုံး' ကို ခဏိကမရဏ။ 'ဖြစ်စ'ကို ဥပါဒ်၊ 'ဖြစ်ဆုံး'ကို ဘင်။ 'ပေါ်စ' ကို ဥဒယ၊ 'ပေါ်ဆုံး'ကို ဝယ-ဟု ထင်မှသာလျှင်၊ အခိုက်အတန့် **ရုပ်,နာမ်** ထင်သည်ဟု ဆိုရ၏။

ထို့ကြောင့် ထိုဒုက္ခအပေါင်းတို့၏ အကြောင်းမူလဖြစ်သော၊ ဥပါဒါနက္ခန္ဓာ တရားငါးပါး မပြတ်ဖြစ်တဲ့ နေရာကို၊ တွေ့အောင်ရှာဖွေလျက် ပွါးများမှတ်သားသဖြင့် ဒုက္ခ ထင်မှသာလျှင်၊ ဒုက္ခသစ္စာကို အမှန်သိရာ ရောက်မည် မဟုတ်ပါလော။

## ဤဥပါဒါနက္ခန္ဓာ တရားငါးပါးကား အဘယ်၌ဖြစ်သနည်း

'ဥပါဒါန်' ဟူသော စကားသည်၊ စွဲလမ်းမှုကိုဆိုသည်။ 'ခန္ဓာ'ဟူသော စကားသည်၊အပေါင်းအစုကို ဆိုသည်။ ၎င်းနှစ်ခု တို့သည်၊စွဲလမ်းမှု အပေါင်းအစုဟု ဆိုသည်။

## ထိုငါးပါးကား အဘယ်နည်း

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၌၊မျက်စိ **ကြည်မှု**လည်းပါသည်၊ အဆင်း **ထင်မှု**လည်း ပါသည်၊စက္ခုဝိညာဏ် **မြင်မှု**လည်း ပါသည်၊ ဖဿ **တွေ့မှု**လည်း ပါသည်၊ဝေဒနာ**ခံစားမှု**လည်း ပါသည်။ဤငါးပါး ပေါင်းဆုံသော ခဏကို 'မြင်သောခဏ' ဟုဆို၏။

ထိုငါးပါးတို့တွင်၊ မျက်စိကြည်မှု,အဆင်းထင်မှုကို 'ရူပက္ခန္ဓာ'ဟု ဆိုရ၏။ စက္ခုဝိညာဏ် မြင်မှုကို 'ဝိညာဏက္ခန္ဓာ' ဟုဆိုရ၏။မျက်စိ,အဆင်း, မြင်သောစိတ်,သုံးပါးပေါင်းဆုံသဖြင့် တွေ့ထိသောအခိုက် ဖဿကို 'သင်္ခါရက္ခန္ဓာ' ဟုဆိုရ၏။ တွေ့ထိသဖြင့် ခံစားသောအခိုက် ဝေဒနာကို 'ဝေဒနက္ခန္ဓာ'ဟု ဆိုရ၏။ ထိုသို့မြင်ရာ၌၊ လူကိုမြင်သည်၊ တော, တောင်, ရေ,

မြေ, စသည်တို့ကို မြင်သည်ဟု မှတ်ထင်သော အခိုက် သညာကို 'သညက္ခန္ဓာ' ဟုဆိုရ၏။

## မည်သူမြင်သနည်း

ငါမြင်သည်ဟု စွဲလမ်းသော အခိုက်ကို **ဥပါဒါန်** ဟုဆိုရ၏။ သို့အတွက် 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဝိ ဒုက္ခာ' ဟု ဟောတော်မူသော ဒေသနာတော်၏ ဥပါဒါနက္ခန္ဓာငါးပါးသည်ကား၊ မြင်သောခဏ၌ ဖြစ်သည်မှာ အလွန်ပင် ထင်ရှားလှပါ၏။ ထို့အတူ၊ ကြားသောခဏ, နံသောခဏ,စားသောခဏ,ထိသောခဏ,သိသောခဏ,သွားသောခဏ,ရပ်သောခဏ, ထိုင်သောခဏ, အစရှိသော ခဏတိုင်း ခဏတိုင်းတို့၌၊ဤဥပါဒါနက္ခန္ဓာတရားငါးပါးတို့သည် အမြဲထင်ရှားစွာ ဖြစ်နေကြကုန်၏။

ထိုဥပါဒါနက္ခန္ဓာ တရားငါးပါးတို့၏ ခဏတိုင်း,ခဏတိုင်း အမြဲမပြတ်ဖြစ်၍နေသော ဖြစ်မှု,ပျက်မှု ဥဒယဗ္ဗယ အစအဆုံး၊ ဇာတိခဏ,မရဏခဏ အခြင်းအရာကို မြတ်စွာဘုရားသည် 'ဒုက္ခ' ဟူ၍ရင်း၊' ဆင်းရဲ' ဟူ၍ရင်း ဟောကြားတော်မူပါလျက်၊ အဘယ်ကြောင့်–

**မျက်စိ** မနာဘဲ၊ ကြည့်မှု၌ ဒုက္ခ မထင်ကြလေသနည်း။
**နား** မနာဘဲ၊ ကြားမှု၌ ဒုက္ခမထင်ကြလေသနည်း။
**နှာခေါင်း** မနာဘဲ၊ နံမှု၌ ဒုက္ခ မထင်ကြလေသနည်း။
**လျှာ** မနာဘဲ၊ စားမှု၌ ဒုက္ခ မထင်ကြလေသနည်း။
**ကိုယ်** မနာဘဲ၊သွားမှု,ရပ်မှု,အိပ်မှု,ထိုင်မှု,ထိမှုတို့၌
ဒုက္ခ မထင်ကြလေသနည်း။

ဒုက္ခ မထင်ခြင်း၏ အကြောင်းရင်းကား၊ ဆိုခဲ့ပြီးသော မသိမှု 'အဝိဇ္ဇာ' အကြောင်းရင်းကြောင့်သာ၊ မြင်မှု, ကြားမှု ,နံမှု,စားမှု, ထိမှု, စသည်တို့၌၊ဒုက္ခမထင်ဟု တစ်အစ်သေချာ မှတ်ကြရာ၏။ ထိုအမှုတို့၌ ဒုက္ခမထင်ခြင်းသည်၊ ဥပါဒါနက္ခန္ဓာ တရားငါးပါး၌ ဒုက္ခမထင်သည် မည်၏။ ထိုအမှုတို့၌ ဒုက္ခထင်ခြင်းသည်၊ဥပါဒါနက္ခန္ဓာ တရားငါးပါးမှစ၍၊ ဇာတိ, ဇရာ,ဗျာဓိ,မရဏ,အပ္ပိယသမ္ပယောဂ ,ပိယဝိပ္ပယောဂ, ယံပိစ္ဆံ န လဘတိ, တို့၌ပါ ဒုက္ခထင်သည် မည်၏။ ။ဤကား-ဒုက္ခသစ္စာကို ဆိုခြင်းတည်း။

## မဂ္ဂသစ္စာကို ပြခြင်း

ထိုလေးပါးသော သစ္စာတို့တွင် 'မဂ္ဂသစ္စာ' ဆိုသည်ကား၊ မြင်မှု,

ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု,ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ တရားငါးပါး တို့ကို၊ အမှန်ဒုက္ခဟု မသိအောင် ဖုံးအုပ်ထားသော **မသိမှု** 'အဝိဇ္ဇာ' တရား၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည်ကား၊ **သိမှု** 'ပညာ' ကို 'မဂ္ဂသစ္စာ' ဟုဆို၏။ ဖြစ်တိုင်း ဖြစ်တိုင်းသော ခဏတို့၌ မသိသောကြောင့်၊ ဒုက္ခကို ဒုက္ခရယ်လို့ မထင်ကြသော သူတို့သည်၊ ထိုထိုဖြစ်တိုင်း ဖြစ်တိုင်းသော ခဏတို့၌၊ ဆန့်ကျင်ဘက် သိ၍ သိ၍ နေသဖြင့်၊ ဒုက္ခထင်မည်မှာ အမှန်ပင်ဖြစ်၏။ ထိုကဲ့သို့ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်,တို့၌ သိ၍ နေရမည်ဟု ဘုရားဟောလည်း ရှိပါ၏။

စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ သိအပ်၏။ သောတံ၊ နားကို။ အဘိညေယျံ၊ သိအပ်၏။ ဃာနံ၊ နှာခေါင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဇိဝှံ၊ လျှာကို၊ အဘိညေယျံ၊ သိအပ်၏။ ကာယံ၊ ကိုယ်ကို။ အဘိညေယျံ၊ သိအပ်၏။ မနံ၊ စိတ်ကို။ အဘိညေယျံ၊ သိအပ်၏။—

ဟု **ပဋိသမ္ဘိဒါမဂ်** ပါဠိတော်လာ၊ အဘိညေယျ ဒေသနာတော်၌၊ မသွယ်မဝိုက် မသိမှု၏ ဆန့်ကျင်ဘက်၊သိမှုကို တိုက်ရိုက် ဟောတော်မူအပ်သည် မဟုတ်ပါလော။ ။၎င်းအပြင် **ဥဒါန်းပါဠိတော်လာ**၊ ဗာဟိယဒါရုစိရိယ ကို ဟောသော ဒေသနာတော်၌၊—

ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟု အမှတ်ပြုရုံမျှ။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြား၏ဟု အမှတ်ပြုရုံမျှ။ မုတေ၊နံတွေ့,စားတွေ့,ထိတွေ့, တွေ့ရာ၌။ မုတမတ္တံ၊ တွေ့၏ဟု အမှတ်ပြုရုံမျှ။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိ၏ဟု အမှတ်ပြုရုံမျှ။—ဟု အမှတ်ကို ဟောတော်မူသည် မဟုတ်ပါလော။

ထိုမှတပါး၊ **သတိပဋ္ဌာန်** ဒေသနာတော်၌လည်း၊—

ဂစ္ဆန္တောဝါ၊ သွားသည်ကို မူလည်း။ ဂစ္ဆာမိတိ၊ သွား၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ဌိတောဝါ၊ ရပ်သည်ကိုမူလည်း။ ဌိတောမှိတိ၊ ရပ်၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ နိသိန္နောဝါ၊ ထိုင်သည်ကို မူလည်း။ နိသိန္နောမှိတိ၊ ထိုင်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သယာနောဝါ၊ အိပ်သည်ကို မူလည်း။ သယာနောမှိတိ၊ အိပ်၏ဟူ၍။ ပဇာနာတိ၊သိ၏။— ဟု အမှတ်ကိုသာ လုပ်ထုံးတင်၍၊ ဘုရားရှင်သည်ပင် ဟောတော်မူအပ်သည် မဟုတ်ပါလော။

ဤမှတပါး၊ **သံယုတ် ပါဠိတော်** လာ မာလုကျပုတ္တ ဒေသနာ, ဓမ္မပဒပါဠိတော်လာ အပ္ပမာဒ ဒေသနာ အစရှိသော လုပ်ထုံးကို ဟော ရာ ဒေသနာတော် တို့၌လည်း၊ အသိ, အမှတ်ကို လွှတ်၍ဟောသော ဒေသနာကား၊ တစိုးတစိမျှ မရှိချေ။ သို့အတွက်'**မသိမှုအဝိဇ္ဇာ**' ၏ ဆန့် ကျင်ဘက်ဖြစ်သော၊ **သိမှု** ပညာဉာဏ်ဝိဇ္ဇာဖြင့်၊ မြင်တိုင်း, ကြားတိုင်း, နံ့ တိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း,တို့၌၊ သိမှတ်ပိုင်းခြား၍ နေသောသူ သည်၊ဒုက္ခကို ဒုက္ခမထင်သော ခန္ဓာ ငါးပါးတို့၌၊ ဥပါဒါန် အစွဲ အလမ်း ကင်းပျောက်ပြီးလျှင်၊ သွားမှု, ရပ်မှု, မြင်မှု, ကြားမှု, နံမှု, စားမှု, အစရှိ သော အမှုတို့၏သဘောသတ္တိအပေါ်၌ ဒုက္ခထင်လာလတ့်။ ထိုအမှုတို့၏ သဘောသတ္တိ အပေါ်၌ ဒုက္ခ ထင်သဖြင့် တပ် ခြင်းကင်းသော ကြောင့်၊ တဏှာလည်းမဖြစ်။ ထိုတဏှာ မဖြစ်ခြင်းသည်ပင်လျှင်၊ တဏှာချုပ်သည် ဟု ဆိုရပေ၏။

ဤသို့'သိ'မဂ္ဂသစ္စာကို အထပ်ထပ် ဒေသနာတော်နှင့်တိုက်သဖြင့်။-

**လုပ်ထုံး** အားဖြင့် **သိ** မှတ်မှု တပါး။

တည်မှု-သမာဓိ, သိမှု-ပညာအားဖြင့်၊ သမထ,ဝိပဿနာ ၂-ပါး။

စောင့်မှု-သီလ, တည်မှု-သမာဓိ, သိမှု-ပညာ, သိက္ခာ အားဖြင့် ၃-ပါး။

**ဒေသနာ** အစဉ်အားဖြင့်။-

၁ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ခြင်း။
၂ သမ္မာသင်္ကပ္ပ၊ အမှန်ကြံခြင်း။
၃ သမ္မာဝါစာ၊ အမှန် ပြောခြင်း။
၄ သမ္မာကမ္မန္တ၊ အမှန်အမှု၌ ပြုခြင်း။
၅ သမ္မာအာဇီဝ၊ အမှန် အသက်မွေးခြင်း။
၆ သမ္မာဝါယာမ၊ အမှန် အားထုတ်ခြင်း။
၇ သမ္မာသတိ၊ အမှန် အောက်မေ့ခြင်း။
၈ သမ္မာသမာဓိ၊ အမှန် တည်ခြင်း။

ဟူသော၊ ဒေသနာ အစဉ်အားဖြင့် ရှစ်ပါးရှိပေ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်—

ဣဒံ ခေါ ပန ဘိက္ခဝေ **ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ** အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။ ။မြွေစကြာပါဠိတော်။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်။ သေယျထိဒံ၊အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ခြင်းလည်း တပါး။ သမ္မာသင်္ကပ္ပေါ၊အမှန်ကြံခြင်းလည်း တပါး။သမ္မာဝါစာ၊အမှန်ပြောဆိုခြင်းလည်း တပါး။ သမ္မာကမ္မန္တော၊အမှန်အမှုပြုခြင်းလည်း တပါး။ သမ္မာအာဇီဝေါ၊အမှန်အသက်မွေးခြင်းလည်း တပါး။ သမ္မာဝါယာမော၊ အမှန်အားထုတ် ခြင်းလည်း တပါး။ သမ္မာသတိ၊အမှန်အောက်မေ့ခြင်းလည်း တပါး။ သမ္မာသမာဓိ၊ အမှန်တည်ခြင်းလည်း တပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ခေါ ပန၊ ဤတရားသဘော ရှစ်ပါးသည်ကား။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဒုက္ခ၏ချုပ်ကြောင်းအကျင့်ကိုကျင့်သော အရိယသစ္စာမည်၏။

ထိုမဂ္ဂင်ရှစ်ပါး တရားတို့သည်၊ ဒေသနာအစဉ်သာ ဖြစ်ကြပေ၏။ ထိုရှစ်ပါးတို့တွင်၊ 'သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ' မဂ္ဂင်သုံးပါး တရားကို၊ **သီလ**, သီလက္ခန္ဓ, အဓိသီလသိက္ခာဟု ဆို၏။

'သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ' မဂ္ဂင်သုံးပါး တရားကို၊ **သမာဓိ**, သမာဓိက္ခန္ဓ, အဓိစိတ္တသိက္ခာ'ဟု ဆို၏။

'သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ' မဂ္ဂင်နှစ်ပါးကို '**ပညာ**, ပညက္ခန္ဓ, အဓိပညာ သိက္ခာ'ဟု ဆို၏။ ထို'သီလ, သမာဓိ, ပညာ' သိက္ခာသုံးပါးကို ကျင့်သော သူတို့သည်၊မာရ်မင်း၏ နိုင်ငံကို ခုန်ကျော်လွန်မြောက်၍ ဥဒည်တောင်စွန်းမှ ထွက်ထွန်း ပေါ်ပေါက်လာသော နေမင်းကဲ့သို့၊ တင့်တယ်ပေသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

သီလံ သမာဓိ ပညာစ၊
ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊
အာဒိစ္စောဝ ဝိရောစတိ။ ။
(ဇာတိဝုတ်ပါဠိတော်)

No. 5.

ယသ္မာ၊ အကြင်သူအား။ သီလံစ၊ သီလကိုငှင်း။ သမာဓိစ၊ သမာဓိကိုငှင်း။ ပညာစ၊ ပညာကိုငှင်း။ ဧတေ၊ ထိုတရားသုံးပါးတို့ကို။ သုဘာဝိတာ၊ ကောင်းစွာ ပွါးများ အပ်သည်ရှိသော်။ မာရဓေယျံ၊ မာရ်မင်း၏ နိုင်ငံကို။ အတိက္ကမ္မ၊ လွန်မြောက်၍။ အာဒိစ္စောဝ၊ နေမင်းကဲ့သို့။ ဝိရောစတိ၊ တင့်တယ်ပေ၏။ ။ ထို 'သီလသိက္ခာ, သမာဓိသိက္ခာ,ပညာသိက္ခာ' သုံးပါးတို့ကိုသာ ကောင်းစွာ ပွါးများရမည်ဟု၊ အထက်ပါ ဂါထာဖြင့် မြတ်စွာဘုရား ဆုံးမတော်မူခဲ့ပေ၏။

ထိုသိက္ခာ ၃-ပါးတို့တွင်၊ 'သီလ'ဟူသော စကားသည်၊ပါဠိမာဂဓ စကားသာဖြစ်၏။ မြန်မာ ဘာသာအားဖြင့် **စောင့်** ဟု ဆိုရပေ၏။ ။အဘယ်၌ စောင့်သနည်း။ ။'လောဘ, ဒေါသ, မောဟ' မဖြစ်အောင်၊ သိမှတ်မှု ဝိပဿနာအာရုံ၌ စောင့်ခြင်းကို၊ 'စောင့်' ဟု ဆိုရ၏။ ထို 'စောင့်' ဆိုသော စကားထဲ၌၊ မဂ္ဂင် ၃-ပါး ပါသည်ကိုလည်း သတိပြုကြ။

'သမာဓိ'ဟူသော စကားသည်၊ ပါဠိဘာသာ မာဂဓ စကားသာ ဖြစ်၏။ မြန်မာ ဘာသာ အားဖြင့် **တည်** ဟု ဆိုရပေသည်။ ။အဘယ်၌ တည်သနည်း။ ။ဖြစ်ခိုက် ပရမတ္ထ ရုပ်နာမ်တရားတို့၌၊တည်သည်ဟု ဆိုရ၏။ ထို 'တည်'ဆိုသောစကားထဲ၌၊ မဂ္ဂင်-၃ ပါး ပါသည်ကိုလည်း သတိပြုကြ။

'ပညာ'ဟူသောစကားသည်၊ ပါဠိဘာသာ မာဂဓ စကားသာဖြစ်၏။မြန်မာဘာသာအားဖြင့် **သိ** ဟု ဆိုရပေ၏။ ။အဘယ်၌သိသနည်း။ ။ဖြစ်ခိုက်ပရမတ္ထ ရုပ်,နာမ်၌၊သိသည်ဟု ဆိုရပေ၏။ ထို 'သိ' ဆိုသော စကားထဲ၌ မဂ္ဂင် ၂-ပါး ပါသည်ကိုလည်း သတိပြုကြ။

မြတ်စွာဘုရားသည် ဤ'တည်မှု,စောင့်မှု,သိမှု' ၃-ပါးကို 'သိက္ခာ' ဟုလည်း ဟောတော်မူ၏။

> ယောစ တတ္ထ သံဝရဋ္ဌော အဓိသီလ သိက္ခာ၊ ယောစ တတ္ထ အဝိက္ခေပဋ္ဌော အဓိစိတ္တသိက္ခာ၊ ယောစ တတ္ထ ဒဿနဋ္ဌော အဓိပညာသိက္ခာ။ ။**ပဋိသမ္ဘိဒါမဂ်** ပါဠိတော်၊

တတ္ထ၊ ထိုသိက္ခာသုံးပါး၌။ ယောစ သံဝရဋ္ဌော၊အကြင် စောင့်သော အနက်သဘော။ သော၊ ထို **စောင့်** သော အနက်သဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာ မည်၏။ တတ္ထ၊ ထိုသိက္ခာသုံးပါး၌။ ယောစ အဝိက္ခေပဋ္ဌော၊ အကြင် **မပျံ့လွင့်** သော အနက်သဘော။ သော၊ ထိုမပျံ့လွင့် သော အနက်သဘောသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာ မည်၏။

တတ္တ၊ ထိုသိက္ခာသုံးပါး၌ ။ယောစ ဒဿနဋ္ဌော၊အကြင် **အမှန်မြင်** သော အနက်သဘော။သော၊ ထိုအမှန်မြင်သော အနက်သဘောသည်။အဓိပညာ သိက္ခာ၊ အဓိပညာသိက္ခာ မည်၏။

ဤသို့ ဟောတော်မူ သဖြင့် ပါဠိဘာသာ 'သီလ' ကို၊မြန်မာဘာ သာအားဖြင့် **စောင့်** ဟု ဆိုရသည်။ ။ပါဠိဘာသာ 'သမာဓိ' ကို၊ မြန်မာ ဘာသာအားဖြင့် **တည်** ဟု ဆိုရသည်။ ။ပါဠိဘာသာ 'ပညာ' ကို၊ မြန်မာ ဘာသာအားဖြင့် **သိ** ဟု ဆိုရသည်။ သီလ, သမာဓိ, ပညာ ၃-ပါးကို ဆို သဖြင့်၊မဂ္ဂင် ၈-ပါးဟု မစဉ်းစားဘဲနှင့် သိရမည်။ သို့အတွက်····

၁ သွားသောခဏ, သွားသည်ဟု သိ **မှတ်** ရမည်။
၂ ရပ်သောခဏ, ရပ်သည်ဟု သိ **မှတ်** ရမည်။
၃ ထိုင်သောခဏ, ထိုင်သည်ဟု သိ **မှတ်** ရမည်။
၄ အိပ်သောခဏ, အိပ်သည်ဟု သိ **မှတ်** ရမည်။

ဆိုသော သတိပဋ္ဌာန် အလုပ် တရားထဲ၌၊ထို 'စောင့်မှု,တည်မှု, သိမှု'ဟု ဆိုအပ်သော'သီလ,သမာဓိ,ပညာ' မဂ္ဂင်ရှစ်ပါး ပါ,မပါကို သွတ်သွင်း၍ ကြည့်ရမည်။ မပါလျှင် မဂ်ဖိုလ် ရောက်ကြောင်းတရား မဟုတ်ဟူ၍ မှတ် ယူကြပါလေကုန်။

## မှတ်ခိုက်၌ သိက္ခာ ၃-ပါးဝင်ပုံ

ဂစ္ဆန္တောဝါ၊ သွားသည်ကိုမူလည်း။ ဂစ္ဆာမိတိ၊ သွား၏ဟူ၍။ ပဇာ နာတိ၊သိ၏။

မြန်မာဘာသာ သက်သက်အားဖြင့်၊ သွားသည်ကို သွားသည်ဟု သိမှတ်သော ခဏ၌၊သွားသောအမူအရာကို သိခြင်းသည်၊သွားသော ခဏ ၌ သိသည်မည်၏။ ။အဘယ်၌ သိသနည်း။ သွားတုန်း သွားသောသတ္တိ၏ ဘောက်ပြန်မှု-ရုပ် သဘောနှင့်၊ ထိုသွားရုပ် သတ္တိသဘောကို သိမှု-နာမ်သ ဘော။ဤရုပ်,နာမ်နှစ်ခု ပရမတ်ဆတ်ဆတ်သဘောကို၊မှတ်ခိုက်သိနေသည် မဟုတ်ပါလော။

ဤသို့ သွားသော အမူအရာကို သိမှတ်သဖြင့်၊ ရုပ်ဆတ်ဆတ်,နာမ် ဆတ်ဆတ်, ပရမတ်သဘော ၂-ခု သာ သိသော ကြောင့်၊ ဤသိမှု၌လည်း

မဂ္ဂင် ၂-ပါး ပါသော 'ပညာ, ပညက္ခန္ဓ, အဓိပညာသိက္ခာ'ဟု ဆိုရသည် မဟုတ်ပါလော။

သွား, သွားတယ်-ဟု သိမှတ်သဖြင့်၊ မှတ်တုန်း၌ မသိမှု 'မောဟ' ပျောက်၊ 'မောဟ' ပျောက်တုန်း 'လောဘ'လည်းမပါ၊ 'မောဟ' ပျောက်တုန်း 'ဒေါသ' လည်း မပါသည်ကို၊ **စောင့်သည်** ဟု ဆိုရသည် မဟုတ်ပါလော။

ဤစောင့်မှု၌လည်း၊ မဂ္ဂင် ၃-ပါး ပါသော 'သီလ, သီလက္ခန္ဓ, အဓိသီလသိက္ခာ'ဟု ဆိုရသည်မဟုတ်ပါလော။

သွား, သွားတယ်-ဟု သိမှတ်တုန်း၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, စသည် အမှုအရာတို့သို့ စိတ်မရောက်ခြင်းသည်၊ သွားသော အမှုအရာ သဘောသတ္တိ ရုပ်သဘောနှင့်၊ ထိုသတ္တိ သဘောကို သိသော နာမ်သဘော၊ ဤရုပ်, ဤနာမ် ၂-ခု၌သာလျှင် **တည်နေသည်** မဟုတ်ပါလော။ ဤတည်မှု၌လည်း မဂ္ဂင် ၃-ပါး ပါသော 'သမာဓိ, သမာဓိက္ခန္ဓ, အဓိစိတ္တ သိက္ခာ'ဟု ဆိုရသည် မဟုတ်ပါလော။

သွား-သွားတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊ အိပ်-အိပ်တယ် ဟူသော ခဏ ခဏတို့၌၊ သိမှတ်နေသောသူမှာ မဂ္ဂင် ၈-ပါးတရားနှင့်ပြည့်စုံသော၊ စောင့်မှု, တည်မှု, သိမှု ဟု ဆိုအပ်သော၊ 'သီလသိက္ခာ, သမာဓိ သိက္ခာ, ပညာသိက္ခာ'ဟု ဆိုအပ်သော၊ သိက္ခာ ၃-ပါးကို ပွါးများကျင့်ကြံအားထုတ်နေသည်ဟု မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

အဘိညေယျေ အဘိဇာနန္တော ဣမာတိသော သိက္ခာယော သိက္ခတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အဘိညေယျေ၊ သိအပ်သော နာမ်, ရုပ် တရားတို့ကို။ အဘိဇာနန္တော၊ သိသည်ရှိသော်။ ဣမာတိသော သိက္ခာယော၊ ဤသုံးပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်သည် မည်၏။

ထို့ကြောင့် ဤမဂ္ဂင်တရားတို့သည်၊ ဒေသနာအစဉ်အားဖြင့် **ရှစ်ပါး**။ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ အားဖြင့် **သုံးပါး**။ သမထ, ဝိပဿနာအားဖြင့် **နှစ်ပါး**။ လုပ်ထုံးအားဖြင့် သွားခြင်း, ရပ်ခြင်း, အိပ်ခြင်း, ထိုင်ခြင်းကို **သိမှတ်** ဝိုင်းခြားသော နည်းတခုသာရှိ၏ဟု ဆိုခဲ့ပေ၏။

ထိုသို့ဆိုရာ၌၊ သမထ, ဝိပဿနာအားဖြင့် နှစ်ပါး ဟူသည်ကား၊ သီလမဂ္ဂင် ၃-ပါး၊ သမာဓိမဂ္ဂင် ၃-ပါး၊ ပေါင်း ၆-ပါးကို 'သမထ' ဟု

ဆို၏။ ပညာမဂ္ဂင် ၂-ပါးကို 'ဝိပဿနာ' ဟု ဆို၏။ 'သမထ' ဟူသော စကား၏တရားအရင်းကား၊ 'သမာဓိ'ဟူသောစကားမှလာ၏။ 'ဝိပဿနာ' ဟူသောစကား၏ တရားအရင်းကား၊ 'ပညာ' ဟူသောစကားမှလာ၏။ ထို 'သမာဓိ'နှင့် 'ပညာ'၊ 'သမထ' နှင့် 'ဝိပဿနာ' စကား ၂-ခုတို့တွင်၊ သမာဓိဟူသော ပါဠိဘာသာ စကားကို 'တည်မှု'ဟု မြန်မာပြန်ရ၏။ ပညာ ဟူသော ပါဠိဘာသာ စကားကို 'သိမှု' ဟု မြန်မာပြန်ရ၏။ 'တည်မှု'နှင့် 'သိမှု'ကို ဆိုသဖြင့်၊ 'သမာဓိ'နှင့် 'ပညာ'ကိုဆိုသည်။ 'သမာဓိနှင့်ပညာ'ကို ဆိုသဖြင့်၊ **သမထ** နှင့် **ဝိပဿနာ** ကို ဆိုသည်။ 'သမထ'နှင့် 'ဝိပဿနာ'ကို ဆိုသဖြင့်၊ မဂ္ဂင် ၈-ပါးကိုဆိုသည် ဟူ၍ လည်း မှတ်ရာ၏။

## မှတ်နိုက်၌ သမထ, ဝိပဿနာ ဝင်ပုံ

သွား-သွားတယ်၊ ရပ်-ရပ်တယ်၊ အိပ်-အိပ်တယ်၊ ထိုင်-ထိုင်တယ် ဟု သိမှတ်၍ တရားအားထုတ်ရာ၌၊ သွားသော ခဏ, သွားသော အမူအရာကို မှတ်နိုက်၊ သိလို့သာမှတ်၏။ မသိဘဲနှင့် မှတ်သည်မဆိုရ။ ထိုသို့ သိမှတ်ရာ၌၊ သိမှုကား **အရင်**၊ မှတ်မှုကား **နောက်**၊ သွားတုန်းမှာပင် ထင်သည် မဟုတ်ပါလော။

ထိုသို့သွားနိုက်၊သိမှု,မှတ်မှု ထင်ရာ၌၊သိမှု-ပညာကို'ဝိပဿနာ'ဟု ဆို၏။ မှတ်သဖြင့် တည်မှု-သမာဓိကို'သမထ'ဟု ဆို၏။ ဤ 'သမာဓိ' နှင့် 'ပညာ'၊ 'သမထ'နှင့် 'ဝိပဿနာ'တရားနှစ်ပါးသည်၊ မှတ်သော အနိုက်၌ အစုံဖြစ်နေသည် ဟု မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

> တဿိမေ ဒွေ ဓမ္မာ ယုဂနန္ဓာ ဝတ္တန္တိ သမထောစ ဝိပဿနာစ။ ။ဥပရိပဏ္ဏာသပါဠိတော်၊

တဿ၊ ထိုပွါးများသော ပုဂ္ဂိုလ်အား။ သမထောစ၊ သမထ တရားသည်၎င်း။ ဝိပဿနာစ၊ ဝိပဿနာ တရားသည်၎င်း။ ဣမေ ဒွေ ဓမ္မာ၊ ဤတရား ၂-ပါး တို့သည်။ ယုဂနန္ဓာ၊ အစုံတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ လာသော၊ ယုဂနန်ပွါးနည်းကို မဆို။သမာဓိ ပညာနံ့ အနတိဝတ္တနဋ္ဌေန ဘာဝနာ-ဟု လာသော ပါဠိတော်အရ၊ဝိပဿနာ စိတ္တုပ္ပါဒ်အနိုက်၌ ပါသော ခဏိကသမာဓိကို သမထ, တဒင်္ဂမဂ် ပညာကို ဝိပဿနာ၊ဤသမထ, ဝိပဿနာ ၂-ပါး စုံသည်ကို ယုဂနန် ဆိုသည်မှတ်။

## မှတ်နိုက်၌ အနုသယပြတ်၍ ပရိယုဋ္ဌာန်ငြိမ်းပုံ

ဤသို့ သိမှတ်ရာ၌— ၁ သိမှု တမျိုး
၂ တည်မှု တမျိုး

ထို ၂-မျိုးတို့တွင်၊ သိမှုက-မသိမှုကို ပယ်၏။ တည်မှုက-မတည်မှုကို ပယ်၏။ သိမှု **ပညာ** ၏ ဆန့်ကျင်ဘက်၊ မသိမှုကို- **အဝိဇ္ဇာ** ဟုဆို၏။ တည်မှု **သမာဓိ** ၏ ဆန့်ကျင်ဘက်၊ မတည်မှုကို-**ဥဒ္ဓစ္စ** ဟုဆို၏။

## ဥပမာဖြင့် ပြမည်

'ခန္ဓာ ၅-ပါး' သည်၊ သစ်ပင်လုံးနှင့် တူသည်။ '**အနုသယ** ကိလေသာ' သည်၊ သစ်ပင်၏ အမြစ်နှင့် တူသည်။ '**ပရိယုဋ္ဌာန်** ကိလေသာ'သည်၊ သစ်ပင်၏ အပွင့်, အသီး, အခက်, အလက်, အညွန့်တို့နှင့် တူသည်။ သစ်ပင်၏အမြစ်ကို အကြွင်းမရှိအောင် ဖြတ်သော်၊ ထိုသစ်ပင်၏ အပွင့်,အသီး, အခက်, အလက်, အညွန့်တို့သည်၊ ခြောက်သွေ့ပြုတ်ကျကုန်လျက်၊သစ်ပင်လုံးသာ ငုံးတိတိကျန်သလို။**ထို့အတူ** သိမှတ်ဆဲ ရုပ်,နာမ်၌၊သိမှု-ပညာက၊ မသိမှု-အဝိဇ္ဇာ အမြစ်နှင့်တူသော အနုသယ ကိလေသာကို ဖြတ်လိုက်သဖြင့်၊ အပွင့်,အသီး,အခက်,အလက်,အညွန့်နှင့် တူသော-ပျံ့လွင့်မှုဥဒ္ဓစ္စ သဟဂုတ် ပရိယုဋ္ဌာန် ကိလေသာ အစဉ်မဖြစ်ဘဲ ပြတ်တော့သဖြင့်၊ သိမှတ်ဆဲ ခဏ၌ ကိလေသာ၏ အာရုံဖြစ်သော ပုဂ္ဂိုလ်,သတ္တဝါ မထင်မူ၍၊ ရုပ်,နာမ်၏ အာရုံ ညွတ်မှု သဘော၊ ဖေါက်ပြန်မှု သဘောသာလျှင် ထင်သဖြင့်၊ အနုသယပြတ်၍ ပရိယုဋ္ဌာန် ငြိမ်းသည်ဟု ဆိုရသည်။ ထိုစကားကို မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

> တံ ယထာ ခန္ဓဝန္တဿ ရုက္ခဿ အနုဝသေသ မူလုဒ္ဓရဏေ ကတေ ပုပ္ဖ ဖလ ပလ္လဝင်္ကုရ သန္တတိ သမုစ္ဆိန္နာ ဘဝတိ။ ဧဝံ အနုသယေသု ပဟီနေသု ပရိယုဋ္ဌာန သန္တတိ သမုစ္ဆိန္နာ ဘဝတိ။ ။နေတ္တိပါဠိတော်။

တံ၊ထိုဥပမာသည်။ ယထာ၊ အဘယ်နည်း။ ခန္ဓဝန္တဿ၊ ပင်စည်ရှိသော။ ရုက္ခဿ၊ သစ်ပင်၏။ အနုဝသေသ မူလုဒ္ဓရဏေ၊ အကုန်လုံး အမြစ်က နှုတ်ခြင်းကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ ပုပ္ဖဖလပလ္လဝင်္ကုရ သန္တတိ သမုစ္ဆိန္နာ၊ပွင့်,သီး,ရွက်,ညွန့်,အစဉ်ပြတ်သည်။ ဘဝတိယထာ၊ ဖြစ်သလို။

ဓမ်၊ထို့အတူ။အနုသယေသု၊အနုသယ တို့သည်။ ပဟီနေသု၊ ပျောက်ကုန်သည်ရှိသော်။ ပရိယုဋ္ဌာန သန္တတိ သမုစ္ဆိန္နာ၊ ပရိယုဋ္ဌာန် ကိလေသာ အစဉ်ပြတ်သည်။ ဘဝတိ၊ ဖြစ်၏။

⋈◈⋈⋈◈⋈◈⋈

## အနုသယ,ပရိယုဋ္ဌာန်,ခန္ဓာအစုံ ထပုံ

သွားဆဲ, ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ စသည် တို့၌၊ သိမှတ်သော သူတို့၏ အာရုံတခုတည်းမှာပင်၊ သိမှု,တည်မှု ၂-ခု ပါသလို။ထိုသွားဆဲ,ရပ်ဆဲ, ထိုင်ဆဲ,အိပ်ဆဲ,ခဏ စသည်တို့၌၊မသိ မမှတ်သော သူတို့၏အာရုံတည်းမှာလည်း၊ မသိ မှု,မတည် မှု,ဟု ၂-မျိုးရှိပြန်၏။ ထို ၂-မျိုးတို့၌လည်း မသိမှုသည်၊–

၁ မသိမှု သက်သက် တမျိုး

၂ မသိမှု၏ နေရာ တမျိုး

ဟု ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင်၊ မသိမှုကို – 'အဝိဇ္ဇာနုသယ'၊ မတည်မှုကို–'ဉဒ္ဓစ္စပရိယုဋ္ဌာန်'ဟု ဆိုခဲ့၏။ မသိမှု နေရာကို၊ အဝိဇ္ဇာနုသယ ကိလေသာ၏ တည်နေ ကိန်းအောင်းရာ **ခန္ဓာ** ဟုဆို၏။ မတည်မှု၏ နေရာကို၊ဉဒ္ဓစ္စပရိယုဋ္ဌာန် ကိလေသာ၏ တည်နေကိန်းအောင်းရာ **ခန္ဓာ** ဟုဆို၏။ သွားဆဲ,ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ၌ သိမှတ်နေခိုက်၊ မသိမှု အဝိဇ္ဇာနုသယ ကိလေသာသည်၊ မိမိနေရာ ခန္ဓာမှ ထ၍၊ မတည်မှု ဉဒ္ဓစ္စ သဟဂုတ် ပရိယုဋ္ဌာန် ကိလေသာသည်၊ မိမိနေရာ ခန္ဓာမှ ထ၍၊ မှတ်စိတ် တချက်တည်း၌ အနုသယ,ပရိယုဋ္ဌာန်,မိမိတို့၏တည်ရာ ခန္ဓာသဘော တို့သည်၊ မည်သည့် သဘောကမှ ရှေ့မရောက် နောက်မကျဘဲလျက်၊ မှတ်စိတ် တကြိမ်တည်း၌ အတူတူ ပျောက်ကြသလို၊ အနုသယ, ပရိယုဋ္ဌာန်, ခန္ဓာအစုံ ထသည်ဟု ဆိုရ၏။ထိုစကားကို မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

ဉဒ္ဓစ္စသဟဂတ ကိလေသေဟိစ ခန္ဓေဟိစ ဝုဋ္ဌဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓ ဂေါစရော၊အဝိဇ္ဇာသဟဂတ ကိလေသေဟိစ ခန္ဓေဟိစ ဝုဋ္ဌဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရော။ ဣတိ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ၊ ယုဂနန္ဓာ ဟောန္တိ။ အညမညံ နာတိဝတ္တန္တီ။

။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဥဒ္ဒစ္စသဟဂတာ ကိလေသေဟိစ၊ဥဒ္ဒစ္စသဟဂုတ် ကိလေသာတို့မှ၎င်း။ ခန္ဓေဟိစ၊ ထိုဥဒ္ဒစ္စသဟဂုတ် ကိလေသာ၏တည်ရာ ခန္ဓာတို့မှ၎င်း။ ဝုဋ္ဌဟတော၊ **ထသော** သူ၏။ စိတ္တဿ ဧကဂ္ဂတာ၊ စိတ်တည်မှုကြောင့်။ အဝိက္ခေပေါ၊ မပျံ့လွင့်သော။ သမာဓိ၊ တည်မှု သမာဓိသည်။ နိရောဓဂေါစရော၊ ပျံ့လွင့်မှု,ဥဒ္ဒစ္စသဟဂုတ်ပရိယုဋ္ဌာန်ကိလေသာ၊၎င်းခန္ဓာမှ ငြိမ်းသောနိဗ္ဗာန်ကို အာရုံပြု၏။ အဝိဇ္ဇာ သဟဂတာ ကိလေသေဟိစ၊ မသိမှုနှင့် တကွ ဖြစ်သော အဝိဇ္ဇာ ကိလေသာ တို့မှ၎င်း။ ခန္ဓေဟိစ၊ ထိုအဝိဇ္ဇာ သဟဂုတ်ကိလေသာ၏ တည်ရာ ခန္ဓာတို့မှ၎င်း။ ဝုဋ္ဌဟတော၊ **ထသော** သူ၏။ အနုပဿနဋ္ဌေန၊ သိမှတ်ခြင်း အနက်သဘောကြောင့်။ ဝိပဿနာ၊ သိမှု ဝိပဿနာသည်၊ နိရောဓဂေါစရော၊ မသိမှု အဝိဇ္ဇာသဟဂုတ် အနုသယကိလေသာခန္ဓာမှငြိမ်းသော နိဗ္ဗာန်ကို အာရုံပြု၏။ ဣတိ၊ ဤသို့။ ဝုဋ္ဌာနဋ္ဌေန၊ ကိလေသာခန္ဓာတို့မှ တပြိုင်နက် **ထသော** အနက်သဘောကြောင့်။ သမထ ဝိပဿနာ၊သမထနှင့် ဝိပဿနာတို့သည်။ ဧကရသာ၊တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ယုဂနန္ဓာ၊ အစုံပွါးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညမညံ။ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကြကုန်။

ထို့ကြောင့် လုပ်နည်းအားဖြင့် **တပါး**။ သမထ, ဝိပဿနာ အားဖြင့် **နှစ်ပါး**။ 'သီလ,သမာဓိ,ပညာ' အားဖြင့် သိက္ခာ **သုံးပါး**။ သမ္မာဒိဋ္ဌိ မဂ္ဂင်စသော ဒေသနာအစဉ်အားဖြင့် မဂ္ဂင် **ရှစ်ပါး** တရားတို့သည်၊ သိမှတ်မှုစိတ် တချက်တည်း၌ အကုန် ပါကြ လေသောကြောင့်၊ ဤ သိမှတ်မှုကို 'မဂ္ဂသစ္စာ'ဟု ဆိုသည်။ ။ဤ**ကား**· မဂ္ဂသစ္စာကို ဆိုခြင်းတည်း။

## သမုဒယသစ္စာကို ပြခြင်း။

ထို လေးပါးသော သစ္စာတို့တွင်၊ **သမုဒယ** သစ္စာ ဆိုသည်ကား၊ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်တို့၌၊ မှတ်သားပွါးများခြင်း အမှုကိုမပြုသော သူတို့သည်၊ မြင်ဆဲခဏ မြင်, မြင်တယ်ဟု မသိသဖြင့်၊ မမှတ်သောကြောင့် မသိသော သူတို့သည်၊ မသိသော သဘောနှင့်၊ **တပ်မက်**သော သဘော-တွဲ၍, စပ်၍ နေသည် မဟုတ်ပါလော။

ကြားဆဲခဏ ကြား,ကြားတယ်ဟု မသိသဖြင့်၊ မမှတ်သောကြောင့် မသိသော သဘောသည်၊ တစ်မက် သောသဘောနှင့်–တွဲ၍,စပ်၍ နေသည် မဟုတ်ပါလော။

နံ့ဆဲခဏ နံ့, နံ့တယ်ဟု မသိသဖြင့်၊ မမှတ်သောကြောင့် မသိသော သဘောသည်၊ တစ်မက် သော သဘောနှင့်–တွဲ၍, စပ်၍နေသည် မဟုတ်ပါလော။

စားဆဲခဏ စား, စားတယ်ဟု မသိသဖြင့်၊မမှတ်သောကြောင့် မသိသော သဘောသည်၊ တစ်မက် သော သဘောနှင့်–တွဲ၍, စပ်၍ နေသည် မဟုတ်ပါလော။

ထိဆဲခဏ ထိ, ထိတယ်ဟု မသိသဖြင့်၊ မမှတ်သောကြောင့် မသိ သောသဘောသည်၊ တစ်မက် သော သဘောနှင့်–တွဲ၍, စပ်၍ နေသည် မဟုတ်ပါလော။

သိဆဲခဏ သိ, သိတယ်ဟု မသိသဖြင့်၊ မမှတ်သောကြောင့် မသိ သောသဘောသည်၊ တစ်မက် သော သဘောနှင့်–တွဲ၍, စပ်၍ နေသည် မဟုတ်ပါလော။

ဤ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တို့၌၊ မမှတ်သဖြင့် မသိ သော သဘောနှင့်၊ တစ်မက်သောသဘော တွဲစပ်၍ နေကြောင်းကို၊ မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

> စက္ခုံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ပ။စက္ခုသ္မိံ သာရဇ္ဇတိ။ သောတံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ပ။ သောတသ္မိံ သာရဇ္ဇတိ။ဃာနံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ပ။ ဃာနသ္မိံ သာရဇ္ဇတိ။ဇိဝှံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ ဇိဝှါယ သာရဇ္ဇတိ။ ကာယံ ဘိက္ခဝေ အဇာနံ အပဿံ ယထာ ဘူတံ။ ပ။ ကာယသ္မိံ သာရဇ္ဇတိ။ မနံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ပ။မနသ္မိံ သာရဇ္ဇတိ။ ။ဥပရိပဏ္ဏာသ ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ စက္ခုံ၊မျက်စိကို။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ အဇာနံ–အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ–အပဿန္တော၊ မမြင်သည်ရှိသော်။ စက္ခုသ္မိံ၊ မျက်စိ၌။ သာရဇ္ဇတိ၊ တစ်မက်၏။ ။ဘိက္ခဝေ၊

ရဟာန်းတို့။ သောတံ၊ နားကို။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ အဇာနံ-အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ-အပဿန္တော၊ မမြင်သည်ရှိသော်။ သောတသ္မိံ၊ နား၌လည်း။ သာရဇ္ဇတိ၊ တပ်မက်၏။ ။ဘိက္ခဝေ၊ ရဟာန်းတို့။ ဃာနံ၊ နှာခေါင်းကို။ ယထာဘူတံ၊ဟုတ်မှန်တိုင်း။ အဇာနံ-အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ- အပဿန္တော၊ မမြင်သည်ရှိသော်။ ဃာနသ္မိံ၊နှာခေါင်း၌လည်း။သာရဇ္ဇတိ၊တပ်မက်၏။ ။ဘိက္ခဝေ၊ ရဟာန်းတို့။ဇိဝှံ၊လျှာကို။ယထာဘူတံ၊ဟုတ်မှန်တိုင်း။အဇာနံ-အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ -အပဿန္တော၊ မမြင်သည်ရှိသော်။ ဇိဝှါယမှိ၊ လျှာ၌လည်း။ သာရဇ္ဇတိ၊တပ်မက်၏။ ။ဘိက္ခဝေ၊ ရဟာန်းတို့။ ကာယံ၊ ကိုယ်ကို။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ အဇာနံ-အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ-အပဿန္တော၊ မမြင်သည်ရှိသော်။ ကာယသ္မိံ။ ကိုယ်၌လည်း။ သာရဇ္ဇတိ၊ တပ်မက်၏။ ။ဘိက္ခဝေ၊ ရဟာန်းတို့။ မနံ၊ စိတ်ကို၊ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ အဇာနံ – အဇာနန္တော၊ မသိသည်ရှိသော်။ အပဿံ – အပဿန္တော၊ မမြင်သည်ရှိသော်။ မနသ္မိံ၊ စိတ်၌လည်း။ သာရဇ္ဇတိ၊ တပ်မက် ၏။

ဤဒေသနာအရ မျက်စိဖြင့် မြင်ရာ၌၊ မသိသော သဘောကြောင့် တပ်မက်၏။ မသိကို 'အဝိဇ္ဇာ' ဟု ဆို၏။ တပ်မက်ကို **တဏှာ** ဟု ဆို၏။ ထိုအဝိဇ္ဇာ၏ တရားအရင်းကား 'မောဟ' ဖြစ်၏။ ထို'မောဟ' ကို သစ္စာအားဖြင့်၊ အဘိဓမ္မာ အလို 'ဒုက္ခသစ္စာ' ဟု ဆို၏။ ကိုတဏှာ၏ တရားအရင်းကား 'လောဘ' ဖြစ်၏။ ထိုလောဘကို သစ္စာအားဖြင့်၊ 'သမုဒယသစ္စာ' ဟု ဆို၏။

နားဖြင့် ကြားရာ၌၊မသိသောသဘောကြောင့် တပ်မက်၏။ မသိကို 'အဝိဇ္ဇာ'ဟု ဆို၏။ တပ်မက်ကို **တဏှာ** ဟု ဆို၏။ ထိုအဝိဇ္ဇာ၏ တရားအရင်းကား'မောဟ'ဖြစ်၏။ ထို'မောဟ'ကို သစ္စာအားဖြင့်၊ အဘိဓမ္မာအလို 'ဒုက္ခသစ္စာ'ဟု ဆို၏။ ထိုတဏှာ၏ တရားအရင်းကား 'လောဘ' ဖြစ်၏။ ထို'လောဘ'ကို သစ္စာအားဖြင့်၊ 'သမုဒယသစ္စာ'ဟု ဆို၏။

နှာခေါင်းဖြင့် နံရာ၌၊ မသိသော သဘောကြောင့် တပ်မက်၏။ မသိကို 'အဝိဇ္ဇာ' ဟု ဆို၏။ တပ်မက်ကို **တဏှာ** ဟု ဆို၏။ ထို အဝိဇ္ဇာ၏ တရားအရင်းကား 'မောဟ' ဖြစ်၏။ ထို 'မောဟ' ကို သစ္စာအားဖြင့်၊ အဘိဓမ္မာ အလို 'ဒုက္ခသစ္စာ'ဟု ဆို၏။ ထိုတဏှာ၏ တရားအရင်းကား 'လောဘ'ဖြစ်၏။ထိုလောဘကို သစ္စာအားဖြင့်၊'သမုဒယသစ္စာ'ဟု ဆို၏။

လျှာဖြင့် စားရာ၌၊ မသိသော သဘောကြောင့် တပ်မက်၏။ မသိကို ‘အဝိဇ္ဇာ’ ဟု ဆို၏။ တပ်မက်ကို တဏှာ ဟု ဆို၏။ ထိုအဝိဇ္ဇာ၏ တရားအရင်းကား ‘မောဟ’ ဖြစ်၏။ ထို ‘မောဟ’ကို သစ္စာအားဖြင့်၊ အဘိဓမ္မာအလို ‘ဒုက္ခသစ္စာ’ ဟု ဆို၏။ ထို တဏှာ၏ တရားအရင်းကား ‘လောဘ’ ဖြစ်၏။ ထိုလောဘကို သစ္စာအားဖြင့်၊ ‘သမုဒယသစ္စာ’ဟု ဆို၏။

ကိုယ်ဖြင့် တွေ့ထိရာ၌၊ မသိသော သဘောကြောင့် တပ်မက်၏။မသိကို ‘အဝိဇ္ဇာ’ဟု ဆို၏။တပ်မက်ကို တဏှာ ဟု ဆို၏။ထို ‘အဝိဇ္ဇာ’၏ တရားအရင်းကား‘မောဟ’ ဖြစ်၏။ ထို ‘မောဟ’ ကို သစ္စာအားဖြင့်၊ အဘိဓမ္မာအလို ‘ဒုက္ခသစ္စာ’ ဟု ဆို၏။ ထို တဏှာ၏ တရားအရင်းကား ‘လောဘ’ ဖြစ်၏။ ထိုလောဘကို သစ္စာအားဖြင့်၊ ‘သမုဒယသစ္စာ’ဟု ဆို၏။

စိတ်ဖြင့် သိရာ၌၊ မသိသော သဘောကြောင့် တပ်မက်၏။ မသိကို ‘အဝိဇ္ဇာ’ ဟု ဆို၏။ တပ်မက်ကို တဏှာ ဟု ဆို၏။ ထိုအဝိဇ္ဇာ၏ တရားအရင်းကား ‘မောဟ’ ဖြစ်၏။ ထို ‘မောဟ’ကို သစ္စာအားဖြင့်၊ အဘိဓမ္မာအလို ‘ဒုက္ခသစ္စာ’ဟု ဆို၏။ ထိုတဏှာ၏ တရားအရင်းကား ‘လောဘ’ ဖြစ်၏။ ထိုလောဘကို သစ္စာအားဖြင့်၊ ‘သမုဒယသစ္စာ’ ဟု ဆို၏။

သို့အတွက်၊ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက်တို့၌၊ မသိမှတ်သော သူတို့သည်၊ မသိမှု-မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်မှု-လောဘ သမုဒယသစ္စာနှင့် တွဲ၍, စပ်၍နေ၏။ တွဲစပ်ခြင်းကြောင့် အပိုင်းအခြား မထင်။ အပိုင်းအခြား မထင်တာကို၊ ဒုက္ခသစ္စာ မပိုင်းခြားဘူးဟု ဆိုရသည် မဟုတ်ပါလော။

၅၊မျက်စိ, ၅၊နား, ၅၊နှာခေါင်း, ၅၊လျှာ, ၅၊ကိုယ်, ၅၊စိတ် တို့သည် ပင်လျှင် ချစ်အပ်သောကြောင့်-ပိယရုပ်၊ သာယာအပ်သောကြောင့် - သာတရုပ်။၅၊ချစ်တုန်း,သာယာတုန်း ကိုပင်၊ ‘သမုဒယသစ္စာ’ဟု ဆိုရ၏။ ထိုသမုဒယသစ္စာ တဏှာသည်၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့၌၊ ဖြစ်သော အခိုက်၌ ဖြစ်၍သာ တည်၏ဟု၊ မြတ်စွာဘုရား လည်း ဟောတော်မူ၏။

စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။

မနော လောကေ။ ပိယရူပံ သာတရူပံ၊ ဧတ္ထေ့သာ တဏှာ ဥပ္ပဇ္ဇ မာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ။သတိပဋ္ဌာန်ပါဠိတော်။

လောကေ၊ ဥပါဒါန် ခန္ဓာလောက၌။ စက္ခု၊ မျက်စိသည်။ ပိယ ရူပံ၊ ပိယရုပ်ဖြစ်၍ ချစ်အပ်၏။ သာတရူပံ၊ သာတရုပ်ဖြစ်၍ သာယာ အပ်၏။ ဧတ္ထ၊ ဤပိယရုပ်,သာတရုပ်ဖြစ်သော မျက်စိ၌။ ဧသာ တဏှာ၊ ဤတပ်မက်သော တဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည် ရှိသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤပိယရုပ်, သာတရုပ် ဖြစ်သော မျက်စိ၌။ ဧသာ တဏှာ၊ ဤတပ်မက်သော တဏှာသည်။ နိဝိသမာနာ၊ တည်သည် ရှိသော်။ နိဝိ သတိ၊ တည်၏။ ။လောကေ၊ ၌။ သောတံ၊နားသည်။ ။လောကေ၊ ၌။ ဃာနံ၊ နှာခေါင်းသည်။ ။လောကေ၊ ၌။ ဇိဝှါ၊ လျှာသည်။ ။လောကေ၊ ၌။ ကာယော၊ ကိုယ်သည်။ ။လောကေ၊ ဥပါဒါန်ခန္ဓာလောက၌။ မနော၊ နှလုံးသည်။ ပိယရူပံ၊ ပိယရုပ်ဖြစ်၍ နှစ်သက်အပ်၏။ သာတရူပံ၊ သာတရုပ် ဖြစ်၍ သာယာအပ်၏။ ဧတ္ထ၊ ဤနှလုံး ပိယရုပ်,သာတရုပ်၌။ ဧသာတဏှာ၊ ဤ တဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည်ရှိသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤ ပိယရုပ်,သာတရုပ် နှလုံး၌။ ဧသာတဏှာ၊ ဤတပ်မက်သော တဏှာသည်။ နိဝိသမာနာ၊ တည်သည်ရှိသော်။ နိဝိသတိ၊ တည်၏။

(အာရုံ ၆-ပါး။ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ သညာ ၆-ပါး၊ စေတနာ ၆-ပါး။ တဏှာ ၆-ပါး၊ ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါးတို့၌ တဏှာဖြစ်ပုံ အတူတူဟု မှတ်)။

ထို့ကြောင့် မြင်မှု, ကြားမှု, နံမှု,စားမှု, ထိမှု,သိမှုဟု ဆိုအပ်သော၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့၌၊ မမှတ်သော သတ္တဝါတို့သည်၊ မမှတ်သဖြင့် တပ်မက်သော အဖေါ် တဏှာနှင့် ပူး၍, တွဲ၍ နေသည်၏ အဖြစ်ကြောင့်၊ အဖေါ် တဏှာ ရှိသော သတ္တဝါဟု ဆိုရ၏။ ဤသတ္တဝါ သည် ရှည်မြင့်စွာသောကာလပတ်လုံး၊ သံသရာ၌ တပြောင်းပြန်ပြန် ကျင် လည် ပြေးသွားလျက်၊ အမျိုးမျိုးသော ဘဝဟုဆိုအပ်သော သံသရာဝဋ်ကို မလွတ်နိုင်ဟု၊ မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

တဏှာ ဒုတိယော ပုရိသော၊
ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထ ဘာဝညထာ ဘာဝံ၊
သံသာရံ နာတိ ဝတ္တတိ။ ။

(သုတ္တနိပါတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တဏှာ ဒုတိယော၊ တဏှာ အဖော် ရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသော ကာလ ပတ်လုံး။ သံသရံ-သံသရန္တံ၊ ကျင်လည် ပြေးသွားလျက်။ ဣတ္ထဘာဝ ညထာဘာဝံ၊ ဤမှ, ထိုမှ ဟု ဆိုအပ်သော။ သံသာရံ၊ သံသရာကို။ နာတိဝတ္တတိ၊ မလွန်နိုင်ပေ။

ဤသမုဒယသစ္စာ တဏှာသည်၊ အဘယ်၌ ဖြစ်သနည်း။

မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု စသည်တို့၌၊ မမှတ်သဖြင့် တပ်မက်သောကြောင့်၊ ဤမျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် တို့၌ ဖြစ်၏။

ဤသမုဒယသစ္စာ တဏှာသည်၊ အဘယ်၌ တည်သနည်း။

ထိုအခိုက်, အခိုက်တို့၌၊ မမှတ်သဖြင့် တပ်မက်သောကြောင့်၊ ဤမျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် တို့၌ပင် တည်၏ ဟု မှတ်ကြရာ၏။ ။ဤကား သမုဒယသစ္စာကို ဆိုခြင်းပေတည်း။

---

## နိရောဓသစ္စာကို ပြခြင်း

ထိုလေးပါးသော သစ္စာ တို့တွင်၊ 'နိရောဓ သစ္စာ' ဆိုသည်ကား၊ တဏှာ မဖြစ်ဘဲ ချုပ်ရာ အမှန်ကို ဆို၏။ ။အဘယ်၌ တဏှာ မဖြစ်ဘဲ ချုပ်ရာအမှန်ကို ဆိုသနည်း။

မြင်သောခဏ၌၊ မြင်သည်ဟု သိမှတ်သောသူမှာ၊ မှတ် သောကြောင့် သိ၊ သိသဖြင့်-မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့် – တပ်မက်မှု နှင့် မစပ်။ မစပ်သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာမဖြစ်ဘဲ ချုပ်ရာ အမှန် ဟု ဆို၏။

ကြားသောခဏ၊ ကြား, ကြားသည်ဟု သိမှတ်သောသူမှာ၊ မှတ် သောကြောင့် သိ၊ သိသဖြင့် – မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့် – တပ်မက်မှု နှင့် မစပ်။ မစပ်သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာ မဖြစ်ဘဲ ချုပ်ရာ အမှန်ဟု ဆို၏။

နံသော ခဏ၊ နံ, နံသည်ဟု သိမှတ်သောသူမှာ၊ မှတ်သောကြောင့် သိ၊ သိသဖြင့်-မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့်-တပ်မက်မှုနှင့် မစပ်။ မစပ် သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာ မဖြစ်ဘဲ ချုပ်ရာ အမှန်ဟု ဆို၏။

စားသောခဏ၊ စား, စားသည်ဟု သိမှတ်သော သူမှာ၊ မှတ်သောကြောင့် သိ၊ သိသဖြင့်–မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့်–တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာမဖြစ်ဘဲ **ချုပ်ရာ** အမှန်ဟုဆို၏။

ထိသောခဏ၊ ထိ, ထိသည်ဟု သိမှတ်သောသူမှာ၊ မှတ်သောကြောင့် သိ၊ သိသဖြင့်–မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့်–တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာ မဖြစ်ဘဲ **ချုပ်ရာ** အမှန်ဟုဆို၏။

သိသောခဏ၊ သိ, သိသည်ဟု သိမှတ်သောသူမှာ၊ မှတ်သောကြောင့် သိ၊ သိသဖြင့်–မသိမှု မဖြစ်။ မသိမှု မဖြစ်သဖြင့်–တပ်မက်မှုနှင့် မစပ်။ မစပ်သောကြောင့်ပင်၊ ထိုတပ်မက်မှု တဏှာ မဖြစ်ဘဲ **ချုပ်ရာ** အမှန်ဟုဆို၏။

ဤမျက်စိ, ဤနား, ဤနှာခေါင်း, ဤလျှာ, ဤကိုယ်, ဤစိတ်တို့၌၊ သိမှတ်သဖြင့်–မသိမှုနှင့် တပ်မက်မှု မစပ်ကြောင်းကို၊ မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

> စက္ခုံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ စက္ခုသ္မိံ န သာရဇ္ဇတိ။ သောတံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ သောတသ္မိံ န သာရဇ္ဇတိ။ ဃာနံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ ဃာနသ္မိံ န သာရဇ္ဇတိ။ ဇိဝှံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ ဇိဝှါယ န သာရဇ္ဇတိ။ ကာယံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ ကာယသ္မိံ န သာရဇ္ဇတိ။ မနံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ မနသ္မိံ န သာရဇ္ဇတိ။ ။ဥပရိပဏ္ဏာသပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနံ–ဇာနန္တော၊ သိသည်ရှိသော်။ ပဿံ–ပဿန္တော၊ မြင်သည်ရှိသော်။ စက္ခုသ္မိံ၊ မျက်စိ၌။ န သာရဇ္ဇတိ၊ မတပ်မက်။ ။ဘိက္ခဝေ၊ တို့။ သောတံ၊ နားကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနံ–ဇာနန္တော၊ သိသည်ရှိသော်။ ပဿံ – ပဿန္တော၊ မြင်သည်ရှိသော်။ သောတသ္မိံ၊ နား၌လည်း၊ န သာရဇ္ဇတိ၊ မတပ် မက်။ ။ဘိက္ခဝေ၊ တို့။ ဃာနံ၊ နှာခေါင်းကို၊ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ ဇာနံ–ဇာနန္တော၊ သိသည်ရှိသော်။ ပဿံ – ပဿန္တော၊ မြင်သည်ရှိသော်။ ဃာနသ္မိံ၊ နှာခေါင်း၌လည်း။ န သာရဇ္ဇတိ၊ မတပ် မက်။ ။ဘိက္ခဝေ၊ တို့။ ဇိဝှံ၊ လျှာကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ ဇာနံ–ဇာနန္တော၊ သိသည်ရှိသော်။

ပဿံ-ပဿန္တော၊ မြင်သည်ရှိသော်။ ဇိဝှါယမ္ဘိ၊ လျှာ၌လည်း။ န သာရဇ္ဇတိ၊ မတပ်မက်။ ။ဘိက္ခဝေ၊ တို့။ ကာယံ၊ ကိုယ်ကို။ ယထာဘူတံ၊ဟုတ်မှန်သည့် အတိုင်း။ ဇာနံ- ဇာနန္တော၊ သိသည်ရှိသော်။ ပဿံ-ပဿန္တော၊ မြင်သည်ရှိသော်။ ကာယသ္မိမ္ပိ၊ ကိုယ်၌လည်း။ န သာရဇ္ဇတိ၊ မတပ်မက်။ ။ ဘိက္ခဝေ၊ တို့၊ မနံ၊ နှလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနံ- ဇာနန္တော၊သိသည်ရှိသော်။ပဿံ-ပဿန္တော၊ မြင်သည်ရှိသော်။ မနသ္မိမ္ပိ၊ နှလုံး၌လည်း။ န သာရဇ္ဇတိ၊ မတပ်မက်။

ဤဒေသနာတော်အရ၊ မျက်စိဖြင့် မြင်ခိုက်၊မြင်,မြင်တယ်ဟု သိမှတ်သဖြင့်၊ သိနေ သောကြောင့်၊ မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊ မဖြစ်ဘဲ ချုပ်ရာ အမှန်ဟု ဆို၏။ 'မဖြစ်ဘဲ' ဆိုသော စကားကို 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ' ဟု ဆိုသည်။

နားဖြင့် ကြားခိုက်၊ကြား,ကြားတယ်ဟု သိမှတ်သဖြင့်၊ သိနေသောကြောင့်၊မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊မဖြစ်ဘဲ ချုပ်ရာအမှန်ဟုဆို၏။ 'မဖြစ်ဘဲ' ဆိုသော စကားကို၊ 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ' ဟု ဆိုသည်။

နှာခေါင်းဖြင့် နံခိုက်၊ နံ, နံတယ်ဟု သိ မှတ် သဖြင့်၊ သိ နေ သောကြောင့်၊မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊မဖြစ်ဘဲ ချုပ်ရာအမှန်ဟုဆို၏။ 'မဖြစ်ဘဲ' ဆိုသောစကားကို၊ 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ' ဟု ဆိုသည်။

လျှာဖြင့် စားခိုက်၊ စား,စားတယ်ဟု သိမှတ်သဖြင့်၊ သိနေသောကြောင့်၊မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊ မဖြစ်ဘဲ ချုပ်ရာအမှန်ဟု ဆို၏။ 'မဖြစ်ဘဲ' ဆိုသော စကားကို၊ 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ' ဟု ဆိုသည်။

ကိုယ်ဖြင့် ထိခိုက်၊ထိ,ထိတယ်ဟု သိမှတ်သဖြင့်၊သိနေသောကြောင့်၊ မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊မဖြစ်ဘဲ ချုပ်ရာအမှန်ဟု ဆို၏။ 'မဖြစ်ဘဲ' ဆိုသောစကားကို၊ 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို

'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ' ဟု ဆိုသည်။

စိတ်ဖြင့် သိခိုက်၊သိ,သိတယ်ဟု သိမှတ်သဖြင့်၊ သိနေသောကြောင့်၊ မဖြစ်သေးသော တပ်မက်မှု တဏှာမဖြစ်သည်ကို၊မဖြစ်ဘဲ ချုပ်ရာအမှန်ဟု ဆို၏။ 'မဖြစ်ဘဲ' ဆိုသော စကားကို၊ 'အနုပ္ပါဒ' ဆိုသည်။ ချုပ်ရာကို 'နိရောဓ' ဆိုသည်။ အမှန်ကို 'သစ္စာ' ဆိုသည်။ ထို့ကြောင့် 'အနုပ္ပါဒ **နိရောဓ** သစ္စာ'ဟု ဆိုသည်။

ဤမျက်စိ, ဤနား, ဤနှာခေါင်း, ဤလျှာ, ဤကိုယ်, ဤစိတ် ဟု ဆိုအပ်သော ပိယရုပ်, သာတရုပ်တို့သည်၊ ချစ်ချင်လျက်နှင့် မချစ်ဘဲ ပျောက်တုန်း၊ သာယာချင်လျက် နှင့် မသာယာဘဲ ပျောက်တုန်းကို၊နိရောဓသစ္စာ နိဗ္ဗာန်-ဟု ဆိုရ၏။ ထိုနိရောဓ သစ္စာ နိဗ္ဗာန်သည်၊ မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်တို့မှာ၊ တဏှာပယ်သောအခိုက်၌ ပယ်၍သာ ချုပ်၏ဟု မြတ်စွာဘုရားလည်း ဟောတော်မူ၏။

စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ သောတံ လောကေ။ ဃာနံ လောကေ။ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ။သတိပဋ္ဌာန်ပါဠိတော်။

လောကေ၊ဥပါဒါနက္ခန္ဓာလောက၌။စက္ခုံ၊မျက်စိသည်။ပိယရူပံ၊ချစ်အပ်သောကြောင့်။ ပိယရုပ်မည်၏။ သာတရူပံ၊ သာယာအပ်သောကြောင့် သာတရုပ်မည်၏။ဧတ္ထ၊ဤချစ်မှု,သာယာမှု,ဟုဆိုအပ်သော ရုပ်၌။ဧသာ တဏှာ၊ ဤတပ်မက်သော-တဏှာသည်။ ပဟီယမာနာ၊ပျောက်သည်ရှိသော်။ ပဟီယတိ၊ပျောက်၏။ဧတ္ထ၊ဤပိယရုပ်,သာတရုပ်၌။ဧသာ တဏှာ၊ဤတဏှာသည်။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ နိရုဇ္ဈတိ၊ **ချုပ်** ၏။ လောကေ၊ ၌။ သောတံ၊နားသည်။လောကေ၊ ၌။ဃာနံ၊ နှာခေါင်းသည်။ လောကေ၊ ၌။ ဇိဝှါ၊ လျှာသည်။လောကေ၊၌။ ကာယော၊ ကိုယ်သည်။လောကေ၊ဥပါဒါနက္ခန္ဓာလောက၌။မနော၊နှလုံးသည်။ ပိယရူပံ၊ ချစ်အပ်သောကြောင့် ပိယရုပ်ဖြစ်၏။ သာတရူပံ၊ သာယာအပ်သောကြောင့် သာတရုပ်ဖြစ်၏။ ဧတ္ထ၊ ချစ်အပ်, သာယာ အပ်သော ဤပိယရုပ်,သာတရုပ်၌။ ဧသာ တဏှာ၊ ဤ

တဝ်မက်သောတဏှာသည်။ပဟီယမာနာ၊ပျောက်သည်ရှိသော်။ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤပိယရုပ်,သာတရုပ်၌။ သော တဏှာ၊ ဤတဏှာသည်။ နိရုဇ္ဈမာနာ၊ ချုပ် သည်ရှိသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

(အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး။ သညာ ၆-ပါး၊ စေတနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါးတို့၌လည်း၊ တဏှာချုပ်ပုံ အဘူတ္တဟု မှတ်)။

---

## မဖြစ်သေးတဲ့ကိလေသာ မဖြစ်ဘဲချုပ်ပုံ

မဖြစ်သေးတဲ့ တဝ်မက်မှု တဏှာ မဖြစ်သည်ကို၊ မဖြစ်ဘဲ ချုပ်ရာ အမှန်ဟု ဆိုရာ၌။ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် တို့၌၊ မမြင်,မကြား, မနံ,မစား,မထိ,မသိ ခင်ကလည်း၊ ဤတဝ်မက်မှု တဏှာဖြစ်သည် မဟုတ်။ မြင်ပြီး, ကြားပြီး, နံပြီး, စားပြီး, ထိပြီး, သိပြီး မှလည်း ဖြစ်သည် မဟုတ်။ မြင်တုန်း,ကြားတုန်း,နံတုန်း,စားတုန်း,ထိတုန်း,သိတုန်း ၌သာ ဖြစ်၏။ သို့ ဖြစ်ရာ၌လည်း မသိမှတ်သောကြောင့်သာ ဖြစ်၏၊ သိမှတ်ပါက မဖြစ်ပါ သဖြင့်၊ ထိုဖြစ်မှု တဏှာကို ဖြစ်ပြီး အတိတ် လို့လည်း မဆိုနိုင်၊ ဖြစ်လတံ့ အနာဂတ်လို့လည်း မဆိုနိုင်၊ မသိမှတ်မှ ဖြစ်မှာ၊ သိမှတ်လျှင် မဖြစ်နိုင် သောကြောင့်၊ ဖြစ်ဆဲ ပစ္စုပ္ပန် ကေန်ဟူ၍လည်း မဆိုနိုင်။ ဘာလို့ဆိုနိုင် သနည်း။

ကာလ သုံးပါးမှ လွတ်သောကြောင့်၊ ဖြစ်ခြင်း၄ါ ထိုက်တဲ့ ယိုစီးမှု 'ကာလ ဝိမုတ် တဏှာ'ဟု ဆိုရ၏။ ထိုတဏှာချုပ်ရာကို၊ မဖြစ်ဘဲ ချုပ်ရာအမှန်ဟု ဆိုရ၏။ ထိုစကားတို့တွင် 'ဖြစ်ခြင်း၄ါထိုက်' ကို၊ 'ဥပ္ပန္န နာရဟ'ဟု ဆိုသည်။ 'ယိုစီးမှု' ကို၊ 'ကိလေသာ'ဟု ဆိုသည်။ သို့အတွက် 'ဥပ္ပန္နနာရဟ ကိလေသာ' ဟု ဆိုခဲ့၏။ နောက်က မဖြစ်ဘဲ ချုပ်ရာကို 'အနုပ္ပါဒနိရောဓ'ဟု ဆိုခဲ့၏။ ထို့ကြောင့် တဝ်မက်မှု တဏှာမဖြစ်သည်ကို၊ မဖြစ်ဘဲ ချုပ်ရာအမှန်ဟု ဆိုခဲ့ပေ၏။

ဤသို့ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု တို့၌၊ သိမှတ်နေသော သူ၏ စိတ်အစဉ်သည်၊ တဝ်မက်မှု အခေါ် တဏှာ နှင့် ကွဲကွာနေသော ကြောင့်၊ကင်းပြတ်ပြီးသော တဏှာ ရှိသဖြင့် ငြိမ်းအေးသောသူဟု ဆိုရ၏။ ထိုသူသည်၊ ဖြစ်စရာ ဇာတိ မရှိသောကြောင့်၊ နောက်တဖန် ဘဝ မရှိ တော့ပြီ ဟူ၍ မြတ်စွာဘုရားလည်း ဟောတော်မူပါ၏။

ဥစ္ဆိန္န ဘဝတဏှဿ၊
သန္တစိတ္တဿ ဘိက္ခုနော။
ဝိက္ခိနော ဇာတိသံသာရော၊
နတ္ထိတဿ ပုနဗ္ဘဝေါတိ။ ။
(သုတ္တနိပါတ်ပါဠိတော်)

ဥစ္ဆိန္န ဘဝတဏှဿ၊ ပြတ်ပြီးသော ဘဝတဏှာရှိသော။ သန္တစိတ္တဿ၊ ငြိမ်သက်သောစိတ် ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဇာတိသံသာရော၊ ဖြစ်မှုဇာတိ သံသရာအစုသည်။ဝိက္ခိနော၊ ကုန်ပြီ။တဿ၊ ထိုသူအား။ ပုနဗ္ဘဝေါ၊ တဖန်ဘဝသည်၊ နတ္ထိ၊ မရှိတော့ပြီ။

ဤတဏှာသည် အဘယ်၌ ပယ်သနည်း။

မြင်မှု,ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု စသည်တို့ကို၊ သိမှတ်သဖြင့် မတပ်မက်သောကြောင့်၊မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် တို့၌ ပယ်သည်။

ဤတဏှာသည် အဘယ်၌ ချုပ်သနည်း။

ထိုအခိုက်တို့၌ မှတ်သဖြင့် မတပ်မက်သောကြောင့်၊ ဤမျက်စိ,နား, နှာ,လျှာ,ကိုယ်,စိတ် တို့၌ပင် ချုပ် သည်ဟု မှတ်ကြရာ၏။

ဤကား နိရောဓသစ္စာကို ဆိုခြင်းတည်း။

---

## သစ္စာလေးပါးကို ပေါင်း၍ ပြခြင်း

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု ဆိုအပ်သော ထိုလေးပါးသော သစ္စာတို့တွင်၊ ဝိပဿနာစိတ်၏ အာရုံအခိုက်၊ ထင်မှု ရုပ်,နာမ်ကို'ဒုက္ခသစ္စာ'။ ။ဝိပဿနာစိတ်၏ အာရုံအခိုက်၊ ပယ်မှု တဏှာကို'သမုဒယသစ္စာ'။ ။ဝိပဿနာစိတ်၏ အာရုံအခိုက်၊ချုပ်မှု တဏှာကို 'နိရောဓသစ္စာ'။ ။ဝိပဿနာစိတ်၏ အာရုံအခိုက်၊ ပွါးမှု မဂ္ဂင်ကို 'မဂ္ဂသစ္စာ'ဟု ဆိုခဲ့၏။

ထိုကြောင့် ဒုက္ခသစ္စာကို'ထင်သစ္စာ'၊သမုဒယသစ္စာကို'ပယ်သစ္စာ'၊ နိရောဓသစ္စာကို'မျက်မှောက်ပြုသစ္စာ'၊မဂ္ဂသစ္စာကို 'ပွားသစ္စာ'ဟု မှတ်ကြကုန်ရာ၏။ ၎င်း ၄-ပါးတို့တွင်၊ ထင် ဆိုသည်ကား၊ ဝိပဿနာကို မရှုမှတ်

သော ပုဂ္ဂိုလ်၏ အာရုံ၌၊ ရုပ်ဘဲ, နာမ်ဘဲဟု မထင်နိုင်ကြ။ ဝိပဿနာကို ရှုမှတ်သော ပုဂ္ဂိုလ်တို့၏ အာရုံ၌၊ ရုပ်နာမ်ကို အမှန်ထင်နိုင်ကြကုန်၏။ ရှေးတရား အားမထုတ်ခင်က၊ ရုပ်နှင့်နာမ် ကွဲနေသည်ဟု အာရုံ၌ မထင်မှု။ ယခု တရားအားထုတ်သောအခိုက် အာရုံ၌၊ ရုပ်နှင့် နာမ် ကွဲသည်ကို အာရုံ၌ ထင်မှု။ ကွဲသည် မြင်သဖြင့် တခုနှင့်တခု မစပ်သည်ကို၊ ဒုက္ခသစ္စာ၏'ပရိညာဘိသမယ'ဟု ဆို၏။ဝါ၊ဤအမှန်ထင်သော ရုပ်အာရုံ, နာမ်အာရုံကား မချမ်းသာ၊ မချမ်းသာသည်ကို မည်သူမျှ မနှစ်သက်နိုင်သောကြောင့်၊ နှစ်သက်မှု တဏှာနှင့်–ဆင်းရဲမှု ရုပ်နာမ် မတွဲမစပ်ဘဲ၊ ကွဲပြတ်၍ နေသည်ကို၊ ဒုက္ခသစ္စာ၏ ကိစ္စ 'ပရိညာဘိသမယ' ဟူ၍လည်း ဆိုရပြန်၏။

ထိုဝိပဿနာစိတ်၏ ထင်မှု အာရုံ၌၊ရုပ်,နာမ်ကို တွေ့သဖြင့် ဒုက္ခထင်၊ ဒုက္ခထင်သဖြင့် နှစ်သက်မှု မပေါ်သည်ကို၊ သမုဒယသစ္စာ၏ ကိစ္စ 'ပဟာနာဘိသမယ'ဟု ဆို၏။

ထိုမပေါ်သော နှစ်သက်မှု တဏှာ၏ မဖြစ်ဘဲ ချုပ်သည်ကို၊နိရောဓ သစ္စာ၏ကိစ္စ 'သစ္ဆိကိရိယာဘိသမယ'ဟု ဆို၏။

ရုပ်,နာမ်,အာရုံ အမှန်ထင်အောင် မဂ္ဂင်(၈)ပါးတရားကို၊ ဖြစ်ဆဲ, ဖြစ်ဆဲ, ပစ္စုပ္ပန် အခိုက်အခိုက်တို့၌၊ သိ မှတ် နေမှုကို၊ မဂ္ဂသစ္စာ၏ ကိစ္စ 'ဘာဝနာဘိသမယ'ဟု ဆို၏။

ဤစကားကို ဘုရားလည်း ဟောတော်မူပါ၏။

> ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကိရိယာဘိ သမယေန အဘိသမေတိ။ ။
>
> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ပိုင်းခြားသော သိခြင်းဖြင့်။ အဘိသမေတိ၊ သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ပယ်သော သိခြင်းဖြင့်။ အဘိသမေတိ၊ သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးသော သိခြင်းဖြင့်။ အဘိသမေတိ၊ သိ၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက် ပြုသော သိခြင်းဖြင့်။ အဘိသမေတိ၊ သိ၏။

တနည်း။ ။မဂ္ဂသစ္စာကို 'အလုပ်သစ္စာ'ဟု ဆိုရသည်။ ဒုက္ခသစ္စာကို 'အပေါ်သစ္စာ' ဟု ဆိုရသည်။ သမုဒယသစ္စာကို 'အပယ်သစ္စာ'ဟု ဆိုရသည်။ နိရောဓသစ္စာကို 'အချုပ်သစ္စာ'ဟု ဆိုရသည်။

ထိုလေးပါးတို့တွင်၊ အလုပ်သစ္စာ ဖြစ်သော မဂ္ဂင်(၈)ပါးကိုလုပ်မှ၊ အပေါ်သစ္စာဖြစ်သော ရုပ်,နာမ် ဒုက္ခပေါ်မည်။ အပေါ်သစ္စာဖြစ်သော ရုပ်,နာမ် ဒုက္ခ ပေါ်မှ၊ အပယ်သစ္စာဖြစ်သော သမုဒယတဏှာ ပယ်မည်။ အပယ်သစ္စာ သမုဒယ တဏှာပယ်မှ၊ အချုပ်သစ္စာနိရောဓဖြစ်မည်။ သို့အတွက် အလုပ်သစ္စာဖြစ်သော မဂ္ဂင်(၈)ပါး အလုပ်တရားကိုသာလျှင်၊ မှုလထား၍ ကျင့်ကြံအားထုတ်ရမည်။

ထိုမဂ္ဂင်(၈)ပါး အလုပ်တရားသည်လည်း၊ ဒေသနာ အစဉ်အားဖြင့် ၈-ပါး။သီလ,သမာဓိ,ပညာအားဖြင့် ၃-ပါး။ သမထ,ဝိပဿနာအားဖြင့် ၂-ပါး။ လုပ်နည်းအားဖြင့် သိမှတ်မှု တပါးသာ ရှိကြောင်းကို ဆိုခဲ့လေပြီ။ ထိုသိမှတ်မှု လုပ်နည်း တရားကို၊ **သတိပဋ္ဌာန်** ဒေသနာနှင့် ကိုက်ညီအောင် အားထုတ်ရပါ၏။

---

## သတိပဋ္ဌာန်လေးပါးကို ပြခြင်း

ထိုသတိပဋ္ဌာန် ဒေသနာ၌လည်း၊—

(၁) **ကိုယ်**ကို သိမှတ်၍ အားထုတ်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်း တမျိုး။

(၂) **ဝေဒနာ**ကို သိမှတ်၍ အာထုတ်သော၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်း တမျိုး။

(၃) **စိတ်**ကို သိမှတ်၍ အားထုတ်သော၊စိတ္တာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်း တမျိုး။

(၄) **ရုပ် သဘော, နာမ် သဘော,** ကို သိမှတ်၍ အားထုတ်သော၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်း တမျိုးဟူ၍ ၄-မျိုး ပင်ရှိသော်လည်း၊....

ကိုယ်ကို သိမှတ်၍ အားထုတ်သော၊ကာယာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်းကိုသာ မှုလထား၍ အားထုတ်ရပါ၏။ အဘယ့်ကြောင့် ထို ၄-ပါးသော သတိပဋ္ဌာန် အားထုတ်နည်း တို့တွင်၊ ကိုယ်ကို သိမှတ်၍ အားထုတ်သော ကာယာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်းသည်၊ ရုပ်သက်သက်ကို သိမှတ်၍ အားထုတ်သောနည်းဖြစ်၏။

ဝေဒနာနှင့်စိတ်ကို သိမှတ်၍ အားထုတ်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, အားထုတ်နည်း ၂-ခုသည်၊ နာမ် သက်သက်ကို သိမှတ်၍ အားထုတ်သောနည်းဖြစ်၏။

ရုပ်သဘော, နာမ်သဘောကို သိမှတ်၍ အားထုတ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် အားထုတ်နည်းသည်၊ ရုပ်,နာမ် ၂-ပါးကို သိမှတ်၍ အားထုတ်သောနည်းဖြစ်၏။

---

## ကာယဂတာသတိကိုသာ အားထုတ်ပုံ ပြခြင်း

ထို့ကြောင့် ဝိပဿနာကို အစစွာ အားထုတ် လိုသော ရဟန်း, ရှင်, လူ အားလုံးသော သူတို့သည်၊ ကိုယ် ကို သိမှတ်၍ အားထုတ်သော ကာယာနုပဿနာ သတိပဋ္ဌာန် ရုပ်ကမ္မဋ္ဌာန်းကိုသာလျှင် အဖန်ဖန်ပွါးများ ရမည်။

ဤသို့ ရုပ် ကို အဖန်ဖန်ပွါးများသဖြင့် နာမ် မပေါ်နိုင်ခြင်းကြောင့်၊ စိတ်ညစ်ပြီး အားမထုတ်ဘဲ မနေမူ၍၊ ထိုမူလ အားထုတ်ဆဲ ရုပ်ကိုသာ လျှင် အဖန်ဖန် သုံးသပ်ရမည်၊ နှလုံးသွင်းရမည်၊ သိမ်းဆည်းရမည်၊ ပိုင်းခြား မှတ်သားရမည်။ဤသို့အထပ်ထပ် မှတ်သားသဖြင့်၊ ရုပ်သည် ကောင်းစွာရှင်းလင်းသည် ဖြစ်အံ့၊ အရှုပ်,အထွေး ကင်းသည် ဖြစ်အံ့၊ ကောင်းစွာ စင်ကြယ်သည် ဖြစ်အံ့၊ ထိုစင်ကြယ်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကိလေသာတို့သည် နစ်ကုန်သဖြင့်၊ ရေနယ်၏ အထက်၌ ကြည်သောရေကဲ့သို့၊ စိတ်သည် ကြည်သည်ဖြစ်၍၊ ထိုစင်ကြယ်သော ရုပ်လျှင် အာရုံ ရှိကုန်သော နာမ် တရား တို့သည်၊ အလိုလိုထင်ကုန်၏ဟု အဋ္ဌကထာဆရာ ဆိုသောကြောင့်တည်း။ ထို့ကြောင့်၊—

ဝေမေဝ တေန ဘိက္ခုနာ ခုရနိက္ခေပံ အကတွာ ရူပ မေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ, မနသိကာတဗ္ဗံ, ပရိဂ္ဂဟေတဗ္ဗံ,ဝဝတ္ထပေတဗ္ဗံ၊ ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာ တထာ တပ္ပစ္စနိက ကိလေသာ သန္နိသီဒန္တိ၊ ကဒ္ဒမုပရိ ဥဒကံဝိယ စိတ္တံ ပသန္နံ ဟောတိ။ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ ။(ငံသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ)။

ဝေမေဝ၊ ဤအတူသာလျှင်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ဇုရ နိက္ခေပံ၊ ဝန်ချခြင်းကို။ အကတွာ၊ မပြုမူ၍။ ရူပမေဝ၊ ရုပ် ကိုသာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သမ္မသိတဗ္ဗံ၊ သုံးသပ်အပ်၏။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ပရိဂ္ဂဟေတဗ္ဗံ၊သိမ်းဆည်းအပ်၏။ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားအပ်၏။ ဟိသစ္စံ၊ မှန်၏။ ယထာ ယထာ ယေန ယေန အာကာရေန၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။အဿ၊ထိုယောဂီ ပုဂ္ဂိုလ်အား။ရူပံ၊ ရုပ်သည်။ သုဝိက္ခာလိတံ၊ ကောင်းစွာ သုတ်သင်ရှင်းလင်းအပ်သည်။ ဟောတိ၊ဖြစ်၏။ နိဇ္ဇဋံ၊ အရှုပ်အထွေး ကင်းသည်။ ဟောတိ၊ဖြစ်၏။ သုပရိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သည်။ဟောတိ၊ ဖြစ်၏။တထာ တထာ တေန တေန အာကာရေန၊ ထိုသို့သော အခြင်းအရာအားဖြင့်။ တပ္ပစ္စနီက ကိလေသာ၊ ထိုစင်ကြယ်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကိလေသာတို့သည်။ သန္နိသိဒန္တိ၊နစ်ကုန်၏။ ကဒ္ဒမုပရိ၊ ရေနယ်၏ အထက်၌။ ဥဒကံဝိယ၊ကြည်သော ရေကဲ့သို့။ စိတ္တံ၊ စိတ်သည်။ ပသန္နံ၊ ကြည်သည်။ ဟောတိ၊ဖြစ်၏။ တဒါ ရမ္မဏာ၊ ထိုစင်ကြယ်သောရုပ်လျှင် အာရုံရှိကုန်သော။ အရူပဓမ္မာ၊ နာမ် တရားတို့သည်။ သယမေဝ၊ အလိုလိုသာလျှင်။ ပါကဋာ၊ ထင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ကာယဂတာသတိ ၁၄-ပါးကို

## သမထ,ဝိပဿနာခွဲ၍ ပြခြင်း

ထိုကိုယ်ကို၊ သိမှတ်၍ အားထုတ်သော၊ ကာယာနုပဿနာ သတိ ပဋ္ဌာန် ရုပ်ကမ္မဋ္ဌာန်းသည်လည်း။....

(က) ထွက်လေ, ဝင်လေကို၊ မှတ်၍ အားထုတ်သော၊ အနာပါန အားထုတ်နည်း တမျိုး။

(ခ) သွားခြင်း, ရပ်ခြင်း, စသည်ကို၊ မှတ်၍ အားထုတ်သော၊ ဣရိယာပုထ် အားထုတ်နည်း တမျိုး။

(ဂ) ကွေးခြင်း, ဆန့်ခြင်း စသည်ကို၊မှတ်၍အားထုတ်သော၊ သမ္ပဇည အားထုတ်နည်း တမျိုး။

(ဃ) ပထဝီ စသော ဓါတ်ကြီး ၄-ပါးကို၊ မှတ်၍ အားထုတ်သော၊ ဓာတုမနသိကာရ အားထုတ်နည်း တမျိုး။

(င) ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, အစရှိသော၊ ၃၂-ခု သော ကောဋ္ဌာသ အစုကို၊ မှတ်၍ အားထုတ်သော၊ 'ဒွတ္တိံသ ကောဋ္ဌာသ'ခေါ် ပဋိကူလမနသိကာရ အားထုတ်နည်း တမျိုး။

(စ) **သုသာန်** ၌ သူသေကောင် စသည်ကို၊ မှတ်၍ အားထုတ်သော၊ သိဝထိ အားထုတ်နည်း ၉-မျိုးအားဖြင့်၊ ကာယာနုပဿနာ သတိပဋ္ဌာန် ရုပ်ကမ္မဋ္ဌာန်း အားထုတ်နည်းသည် ၁၄-မျိုးရှိ ပြန်၏။

ထို ၁၄-မျိုးတို့တွင်၊ သွားခြင်း, ရပ်ခြင်း စသော ဣရိယာပုထ် အားထုတ်နည်း။ ကွေးခြင်း, ဆန့်ခြင်းစသော သမ္ပဇဉ် အားထုတ်နည်း။ ပထဝီ,စသော ဓာတ်အားထုတ်နည်း။ ဤအားထုတ်နည်း ၃-မျိုးကို၊ မြတ်စွာဘုရားသည် **ဝိပဿနာ** ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏။

ထွက်လေ,ဝင်လေ,ကို၊ မှတ်၍ အားထုတ်သော၊ အာနာပါန အား ထုတ်နည်း။ ဆံပင်,မွေးညှင်း,စသော ၃၂-ပါးသော ကောဋ္ဌာသကို၊ မှတ်၍ အားထုတ်သော၊ ပဋိကူလ အားထုတ်နည်း။ ဤအားထုတ်နည်း ၂-မျိုး ကို၊ **သမထ** ၏ အစွမ်းအားဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

သုသာန်၌၊ သူသေကောင်စသည်ကို၊ မှတ်၍ အားထုတ်သော၊ သိဝထိ ၉-နည်းကိုကား။ 'သမထ' အရာ၌ဆိုလျှင်၊ 'အသုဘ ကမ္မဋ္ဌာန်း' ထဲ၌ ဝင်၏။ 'ဝိပဿနာ' အရာ၌ ဆိုလျှင်၊ ဝိပဿနာဉာဏ်စဉ် 'အာဒီနဝါနုပဿ နာဉာဏ်' ၏ အာရုံသာ ဖြစ်၏ဟု အဋ္ဌကထာ ဆရာဆိုသော ကြောင့်၊ ဝိပဿနာကို အားထုတ်လိုသော ရဟန်း,ရှင်,လူတို့သည်၊ သွားခြင်း, ရပ် ခြင်းစသော ဣရိယာပုထ် အားထုတ်နည်း၊ ကွေးခြင်း, ဆန့်ခြင်း စသော သမ္ပဇဉ်အားထုတ်နည်း၊ ပထဝီဓာတ်အစရှိသော ဓာတ် ၄-ပါး အားထုတ် နည်း၊ ဤ ၃-ပါးသော အားထုတ်နည်းကိုသာ အား ထုတ် ကြရာ ၏။ ထို့ကြောင့်။....

တတ္ထ ယသ္မာ ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိ ကာရ ပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာ ဝသေန ဝုတ္တာနိ။-ဟူ၍ဝင်း၊

အာနာပါန ပဗ္ဗံ ပန ပဋိကူလမနသိကာရပဗ္ဗဥ္စ ဣမာနေ ဝေတ္ထ
ဒွေ့ သမာဓိဝသေန ဝုတ္တာနိ။ ။ဒိသုဒ္ဓိမဂ်အဋ္ဌကထာ။

တတ္ထ၊ ထို ၁၄-ပါးသော ကာယာနုပဿနာ သတိပဋ္ဌာန်တို့တွင်။ ယသ္မာ၊အကြင့်ကြောင့်။ ဣရိယာပထပဗ္ဗံ၊ဣရိယာပုထ်အပိုင်းလည်း တခု။ စတုသမ္ပဇညပဗ္ဗံ၊ စတုသမ္ပဇဉ် အပိုင်းလည်း တခု။ ဓာတုမန သိကာရပဗ္ဗံ၊ ဓာတုမနသိကာရအပိုင်းလည်း တခု။ ဣတိ ဣမာနိ တီဏိ ပဗ္ဗာနိ၊ ဤ ၃-ပိုင်းတို့ကို။ ဝိပဿနာ ဝသေန၊ ဝိပဿနာ ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ပန၊ ဝိပဿနာအပိုင်းမှတပါး သမထအပိုင်းကို ဆိုအံ့။ အာနာပါနပဗ္ဗဥ္စ၊ အာနာပါန အပိုင်းလည်း တခု။ ပဋိကူလ မနသိကာရပဗ္ဗဥ္စ၊ ပဋိကူလ မနသိကာရ အပိုင်းလည်း တခု။ ဧတ္ထ၊ ဤအရာ၌။ ဣမာနိ ဧဝ ဒွေ၊ ဤနှစ်ပါးသော အပိုင်းတို့ကိုသာလျှင်။ သမာဓိဝသေန၊ သမထ ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

ထိုသို့ ဝိပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သော ဣရိယာပုထ်,သမ္ပဇဉ်,ဓာတ် ၃-ပိုင်းတို့တွင်လည်း၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် အပိုင်းကိုသာ အားထုတ်ရပေ၏။အဘယ့်ကြောင့်နည်း၊ထိုသွားခြင်းစသော အရိယာပုထ် ၄-ပါးကို အားထုတ်ရာ၌၊ ကွေးခြင်း,ဆန့်ခြင်းစသော သမ္ပဇဉ်အပိုင်း၊ ပူခြင်း,ခြေင်း စသော ဓာတ်အပိုင်း၊ ဤ ၂-ပိုင်းတို့သည် အလိုလိုပြီး စီးပါဝင်သော ကြောင့်တည်း။

## ဣရိယာပုထ် ၄-ပါးကို မှတ်သဖြင့် သမ္ပဇဉ်,ဓါတ် ပါပုံကို ပြခြင်း၊ ပြီးစီးပါဝင်ပုံမှာ

(၁) ဣရိယာပုထ်အပိုင်း သွား သော အရာ၌၊ ကိုယ်ကို မတ် စောက်ရပ်၍ ဖြောင့်ဖြောင့်ထားခြင်းဟုဆိုအပ်သော 'ပသာရိတ'၊ မျက်နှာကို ရှေ့သို့ တည့်တည့် ကြည့်ခြင်းဟု ဆိုအပ်သော 'အာလောကိတ'၊ အဝတ်,အခြုံ, အရုံ,သပိတ်, သင်္ကန်း စသည်တို့ကို ဆောင်ခြင်းဟု ဆိုအပ် သော 'သံဃာဋိပတ္တစီဝရဓာရဏ'။ ဤသို့အားဖြင့်သွားသော ဣရိယာပုထ် တခု၌၊ ကိုယ်ကို ဖြောင့်ဖြောင့်ထားခြင်း၊ မျက်နှာ တည့်တည့် ကြည့်ခြင်း၊

အဝတ်,အခြုံ,အရုံ,သပိတ်,သင်္ကန်း စသည်တို့ကို ဆောင်ခြင်းဟု ဆိုအပ်သော သမ္ပဇဉ်သည်၊ အလိုလိုပြီးစီး ပါဝင်တော့၏။

ထို သွားသော ဣရိယာပုထ်၌ပင်၊ ခြေထောက်နှင့် မြေအပြင်, ကြမ်းအပြင် တခုခုသော အပြင်တို့ဖြင့် ထိခိုက်ရာ၌၊ မာခြင်း, ပျော့ခြင်း, ဟု ဆိုအပ်သော ပထဝီ ဓာတ်၏ လက္ခဏာ။ သွားသော အခိုက်အတန့်၌၊ ချွေးယိုခြင်း,သွေးယိုခြင်း,နှာရည်ယိုခြင်း,မျက်ရည် စသည်တို့၏ ယိုခြင်းဟု ဆိုအပ်သော အာပေါ ဓာတ်၏ ပဂ္ဃရဏလက္ခဏာ။ ထိုသွားသော အခိုက်၌၊ ပူခြင်း,ခြင်းဟု ဆိုအပ်သော တေဇော ဓာတ်၏ ဥဏှ, သီတတ္တလက္ခဏာ။ သွားသော သူသည်၊ကိုယ် ရွေ့၍,ရွေ့၍ သွားခြင်းဟု ဆိုအပ်သော ဝါယော ဓာတ်၏ စလန လက္ခဏာ။ ဤဓာတ် ၄ – ပါး သဘောတရားတို့သည်လည်း၊ သွားသော ဣရိယာပုထ်၌ပင် ပါဝင်ပြီးစီးကြကုန်၏။

(၂) ရပ် သော ဣရိယာပုထ်၌၊ ကိုယ်ကို ဆန့်တန်း၍ထားခြင်းဟု ဆိုအပ်သော 'ပသာရိတ'၊ မျက်နှာကို တည့်တည့် ထားက 'အာလောကိတ'၊ တစောင်းထားက 'ဝိလောကိတ'၊ သပိတ်, သင်္ကန်း, အခြုံ, အရုံ ဝတ်ရုံ၍ ထားက 'သံဃာဋိပတ္တစီဝရဓာရဏ'ဟု ဆို အပ် သော သမ္ပဇဉ် အပိုင်းသည်လည်း၊ရပ်သော ဣရိယာပုထ်၌ပင်၊ ထိုက်သည်အားလျော်စွာ ပါဝင်ပြီးစီးကုန်၏။

ထို ရပ် သော ဣရိယာပုထ်၌ပင်၊ ကိုယ်ကို တောင့်ထားနိုင်ခြင်းဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်၏ ထောက်ကန်မှု လက္ခဏာ။ မြေနှင့်သော်၎င်း၊ ပျဉ်နှင့် သော်၎င်း၊ တခုခုနှင့် နင်းထားသဖြင့်၊ မာခြင်း, ပျော့ခြင်းဟု ဆိုအပ်သော ပထဝီဓာတ်၏ ကက္ခဠလက္ခဏာ။ချွေး,သွေး,နှာရည်, မျက်ရည် စသည်တို့၏ ယိုစီးခြင်း, မယိုစီးခြင်းဟု ဆိုအပ်သော အပေါ ဓာတ်၏ ပဂ္ဃရဏ,အာဗန္ဓန လက္ခဏာ။ ဤသို့ရပ်အပ်သော ဣရိယာပုထ်၌ ဓာတ် ၄-ပါးလည်း၊ ထိုက်သည်အားလျော်စွာ ပါဝင်ပြီးစီးကြကုန်၏။

(၃) ထိုင် သော ဣရိယာပုထ်၌၊ အောက်ပိုင်းကို ခေါက်၍ အထက်ပိုင်းကို ထောင်ထားခြင်း – ထိုင်သည်ဟု ဆို၏။ ထို အောက် တပိုင်း အခေါက် ကား 'သမိဉ္ဇိတ'ဟု ခေါ်၏၊ အထက် တပိုင်း အထောင်ကို 'ပသာရိတ'ဟု ဆို၏၊ ထိုင်နေရာ၌ မျက်နှာတည့်တည့်ထားခြင်းကို 'အာလောကိတ'ဟု ဆို၏၊ အဝတ်,အခြုံ အရုံ,ဒုကုဋ်,သင်္ကန်း စသည်ကို ဝတ်, ခြုံ, ရုံထားခြင်းကို 'သံဃာဋိစီဝရဓာရဏ'ဟု ဆို၏။ ထို့ကြောင့် ထိုင်

သော ဣရိယာပုထ်၌၊ သမ္ပဇဉ်လည်း ထိုက်သည့်အားလျော်စွာ ပါဝင်ပြီးစီးကုန်၏။

ထို ထိုင်သော ဣရိယာပုထ်၌ပင်၊ အောက်ကြမ်းပြင်နှင့် တင်ပါး ထိမှု၌၊ ကြမ်းခြင်း,ချောခြင်းသည်၊ ပထဝီဓာတ်၏ လက္ခဏာမည်၏။ ချွေး, သွေး,နှာရည်,မျက်ရည် စသည်တို့၏ ယိုစီးခြင်း,ဖွဲ့စည်းခြင်းသည်၊အာပေါဓာတ်၏ ပဂ္ဃရဏ,အာဗန္ဓန လက္ခဏာမည်၏။ ထိုင်သော အခိုက်အတန့်၌၊ အထက်ကိုယ် တပိုင်းကို ထောင်၍ ထားခြင်းသည်၊ ဝါယောဓာတ်၏ ဥပထမ္ဘလက္ခဏာမည်၏။ ထိုထိုင်သော အခိုက်၌ပင်၊ ပူခြင်း, ချမ်းခြင်းသည်၊ တေဇောဓာတ်၏ သီတတ္တ, ဥဏှတ္တလက္ခဏာမည်၏။ ဤသို့အားဖြင့် ထိုင်သော ဣရိယာပုထ်၌၊ ဓာတ် ၄ – ပါးလည်း ထိုက်သည့် အားလျော်စွာ ပါဝင်ပြီးစီးကုန်၏။

(၄) အိပ် သော ဣရိယာပုထ်၌၊ ကိုယ်ကို ကွေးကွေး အိပ်ခြင်းကို 'သမိဉ္ဇိတ'ဟု ဆို၏။ ကိုယ်ကို စန့်စန့် အိပ်ခြင်းကို'ပသာရိတ'ဟု ဆို၏။ မျက်နှာတည့်တည့်ထား၍ အိပ်ခြင်းကို 'အာလောကိတ'ဟု ဆို၏။ တစောင်းထား၍ အိပ်ခြင်းကို'ဝိလောကိတ'ဟု ဆို၏။ ခြုံ,ရုံ,အိပ် ခြင်းကို 'သံဃာဋိပတ္တစီဝရဓာရဏ'ဟု ဆို၏။ ဤသို့အိပ်သော ဣရိယာပုထ်၌၊ သမ္ပဇဉ် တရားသည်လည်း ထိုက်သည့်အားလျော်စွာ ပါဝင်ပြီးစီးကုန်၏၊

ထို အိပ် သော ဣရိယာပုထ်၌ပင်၊ ကျောနှင့် အခင်း,အကျင်း, သင် ဖြူး, ကော်ဇော,ကမ္ဗလာ,အုံး,မွေ့ရာ စသည်တို့ဖြင့်၊ ထိခိုက်သဖြင့် ချော ခြင်း,ကြမ်းခြင်းသည်၊ပထဝီဓာတ်၏ လက္ခဏာမည်၏။ထိုအိပ်သော အခိုက် ၌၊ ချွေး,သွေး,နှာရည်,မျက်ရည် စသည်တို့၏ ယိုစီးခြင်း,ဖွဲ့စည်းခြင်းသည်၊ အပေါဓာတ်၏ အာဗန္ဓန,ပဂ္ဃရဏလက္ခဏာမည်၏။ထိုအိပ်သောအခိုက်၌၊ ကိုယ်ကို စန့်စန့်, ကွေးကွေး ထားခြင်းသည်။ ဝါယောဓာတ်၏ ဥပထမ္ဘ လက္ခဏာမည်၏။ ဤသို့အားဖြင့် အိပ်သော ဣရိယာပုထ်၌၊ ဓာတ် ၄–ပါး လည်း ထိုက်သည့်အားလျော်စွာ ပါဝင်ပြီးစီးကုန်၏။

ထို့ကြောင့် သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် ၄–ပါး၊ ရုပ်ကမ္မဋ္ဌာန်း တရားကို သာလျှင်၊ ဝိပဿနာကို အစစ္စာ အားထုတ်ကြလိုသော ရဟန်း,ရှင်,လူ အားလုံးသောသူတို့သည်၊ ရှုမှတ်ပိုင်းခြားရမည်ဟု ဆိုခဲ့ပေ၏။

## ဣရိယာပုထ် ၄-ပါး ရှုမှတ်နည်းကို ပြခြင်း

ရှုမှတ်အားထုတ်နည်းမှာ

(၁) သွားသောခဏ၊ သွား, သွားတယ်ဟု၊ သွားသော အမူအရာ၌ **စိတ်** ကို ထားပြီး၊ **သတိ** ကပ်၍ သွားတယ်, သွားတယ်ဟု မှတ်ရပါ၏။

(၂) ရပ်သောခဏ၊ ရပ်, ရပ်တယ်ဟု၊ ရပ်သော အမူအရာ၌ **စိတ်** ကို ထားပြီး၊ **သတိ** ကပ်၍ ရပ်တယ်,ရပ်တယ်ဟု မှတ်ရပါ၏။

(၃) ထိုင်သော ခဏ၊ ထိုင်, ထိုင်တယ်ဟု၊ ထိုင်သော အမူ အရာ၌ **စိတ်**ကို ထားပြီး၊ **သတိ**ကပ်၍ ထိုင်တယ်, ထိုင်တယ်ဟု မှတ်ရပါ၏။

(၄) အိပ်သော ခဏ၊ အိပ်,အိပ်တယ်ဟု၊ အိပ်သော အမူအရာ၌ **စိတ်** ကို ထားပြီး၊ **သတိ** ကပ်၍ အိပ်တယ်,အိပ်တယ်ဟု မှတ်ရပါ၏။

## စိတ်ထားပုံကို၊ ဇနပဒကလျာဏီဝတ္ထုဖြင့် ပြခြင်း၊

ဤသို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော၊ ကိုယ်အမူအရာ၌ စိတ်ကိုထား၍၊ အနားရေးဖြင့် ပြည့်သော ဆီခွက်ကို ကိုင်သော ယောကျ်ားသည်၊ ဆီမဖိတ်အောင် စောင့်ရှောက် ဘိသကဲ့သို့၊ ကိုယ်၌ မှတ်မှုသတိဖြင့် စောင့်ရှောက်ရမည်ဟု စိတ်ထားပုံကို၊ မဟာဝဂ္ဂ သံယုတ် ပါဠိတော် **ဇနပဒကလျာဏီ** သုတ်ကို မြတ်စွာဘုရား ဟောတော်မူ၏။

အခါတပါး မြတ်စွာဘုရားသည်၊ ကောသမ္ဗတိုင်း ဒေသကမည်သော နိဂုံးကိုအမှီပြု၍၊ တခုသော တောအုပ်၌ နေတော်မူလျက်၊ ဇနပဒကလျာဏီ ကို အကြောင်းပြု၍၊ ချစ်သားတို့····ဇနပဒကလျာဏီ ဟူသော စကားသည်၊ ဇနပုဒ်၌ **(၁) မမြင့်လွန်း (၂) မနိမ့်လွန်း (၃) မကြုံလွန်း (၄) မဆုလွန်း (၅) မမည်းလွန်း (၆) မဖြူလွန်း** လူ၏အဆင်းကိုလွန်၍၊ နတ်အဆင်းကဲ့သို့ မရောက်တတ်ဘဲ၊ ၆-ပါးသော အပြစ်မှ ကင်းသော မိန်းမကို ဆိုသည်။

ထို ဇနပဒကလျာဏီ သည်။

(၁) ဖိုးလိမ်း ပြုပြင်၍ထားအပ်သော ခေတ္တအရောင်မျိုးမဟုတ်ဘဲ၊ မပြုမပြင်ဘဲလျက်၊ မိမိ၏ မူလ ကိုယ်ရောင်သည်၊ ၁၂-တောင် ရှိသော အရပ်၌ လင်း၍၊ ရွှေအဆင်းကဲ့သို့ ရွှေသော အဆင်းရှိ၏ဟု ဆိုအပ်သော **အရေ**၏ ကောင်းခြင်း။

(၂) လက်ဘဝါး နှစ်ဘက်,ခြေဘဝါး နှစ်ဘက်,အထက် နှုတ်ခမ်း တို့သည်၊ ချိပ်ရည်ဖြင့် ဆိုးထားသကဲ့သို့၊ သန္တာနီ,ကမ္ဗလာနီ နှင့် တူသော **အသား**၏ ကောင်းခြင်း။

(၃) လက်ဆယ်ချောင်း, ခြေဆယ်ချောင်း ပေါင်း(၂၀)တို့သည်၊ အသားမှ မလွှတ်သော အရပ်၌၊ ချိပ်ရည်ဖြင့် ပြည့်သကဲ့သို့၊ အသားမှ လွှတ်သောအရပ်၌၊ နို့ရည် အယဉ်ကဲ့သို့ ဖြူဖွေးသောကြောင့်၊ **အကြော**၏ ကောင်းခြင်း။

(၄) သုံးဆယ့် နှစ်ချောင်းသော သွားတို့သည်၊ ကောင်းစွာ ညီညွတ်ကုန်သည်ဖြစ်၍၊ သွေး ထား အပ် သော ဝရဇိန်စဉ်းသွားကဲ့သို့ ဖြစ်သောကြောင့်၊ **အရိုး**၏ ကောင်းခြင်း။

(၅) အသက် ၁၂၀-ပင် ရှိသော်လည်း၊အရည် မတွန့်ဘဲ တဆယ့် ခြောက်နှစ် အရွယ်ကဲ့သို့ ပြည့်ဖြိုးသောကြောင့်၊ **အရွယ်**၏ ကောင်းခြင်း။

ဤသို့ ၆-ပါးသော အပြစ်မှ ကင်းလွတ်၍၊ ၅-ပါးသော ကောင်းခြင်းနှင့်ပြည့်စုံသော ဇနပဒကလျာဏီသည်၊ မြတ်သော ကခြင်း,သီဆိုခြင်း တို့ဖြင့် က၏, **သီ**ဆို၏ ဟု လူများစွာတို့သည် စည်းဝေး ကြရာ၏။ ထို အခါ သေမှာကြောက်သော ယောက်ျားတယောက်လည်း၊ ထိုကပွဲသဘင် သို့ လာရာ၏။ ထိုယောက်ျားကို လူအများသည်၊ အိုး....ယောက်ျား၊ သင် သည် အတွင်းအနားရစ်နှင့် အမျှပြည့်သော **ဆီခွက်**ကို၊ လူအပေါင်းတို့၏ အလယ်၌၎င်း၊ ဇနပဒကလျာဏီ၏ အလယ်၌၎င်း၊ ယူဆောင်သွားရမည်။ သင်၏နောက်မှ ချိမိုးသောသံလျက်ကို လက်စွဲသော လူတယောက်လည်း၊ အစဉ်လိုက်ပါလိမ့်မည်၊ အကြင်နေရာ၌ ဆီသည်အနည်းငယ်မျှဖိတ်အံ့၊ ထို နေရာ၌ပင်လျှင် သင်၏ဦးခေါင်းကို သံလျက်ဖြင့် ဖြတ်လိမ့်မည်ဟု ဆိုရာ၏။

ထိုအခါ၊ သေမှာကြောက်သော ယောကျ်ားသည်၊ ဆီခွက်ကို နှလုံး မသွင်းမူ၍၊ ဆီခွက်မှ အပ ဖြစ်သော ပရိသတ်နှင့် တကွ၊ ဇနပဒကလျာဏီ ၏ ကခြင်း,ဆိုခြင်းသို့ စိတ်ရောက်စေ၍၊ ဆောင်ယူသော် ဆီမဖိတ်ဘဲ ဖြစ် နိုင်ပါမည်လောဟု၊ ရဟန်းများအား မိန့်တော်မူသော အခါ။ ရဟန်းတို့ သည်၊ အရှင်ဘုရား၊ ဤဆီခွက်မှ တပါးစိတ်ထား၍ ဆောင်ယူခြင်းသည်၊ ဆီမဖိတ်အောင် မဖြစ်နိုင်ပါ။ ဆီခွက်၌ စိတ်ထား၍ ဆောင်ယူမှသာလျှင်၊ ဆီမဖိတ်ဘဲဖြစ်နိုင်ပါ၏ဟု လျှောက်ထားသောအခါ။ ရဟန်းတို့....အတွင်း အနားရစ်နှင့်အမျှပြည့်သော ဆီခွက်ဟူသော အမည်ကား၊ **'ကာယဂတာ သတိ'** ၏ အမည်ပေတည်း။ သို့အတွက် ဤသာသနာ၌ နေကြကုန်သော ရဟန်းတို့သည်၊ ဆီမဖိတ်အောင် ဆီခွက်၌ စိတ်ထား၍ ယူဆောင်ဘိသကဲ့ သို့။ ကိုယ်အမူအရာ၌ စိတ် ထားပြီးလျှင်၊ 'ကာယဂတာသတိ' ကို ရှုမှတ် ပွားများရမည်ဟု ဟောတော်မူ၏။

ထို့ကြောင့်၊ အစမထင်သံသရာ၌၊ တခါတခေါက်မျှ မရောက်ဘူး သော နိဗ္ဗာန်သို့ တောင့်တသောသူသည်၊ မိမိ၏ စိတ်ကို ကိုယ်အမူအရာ၌ ထားပြီးလျှင်၊ ဆီခွက်ဆောင်သော ယောကျ်ားကဲ့သို့၊ စောင့်ရှောက်ထိန်း သိမ်းရပေ၏။ ထို့ကြောင့်၊....

သမတိတ္တိကံ အနဝသေကံ၊
တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သ စိတ္တ မနုရက္ခေ၊
ပတ္ထယာနော ဒိသံ အဂတပုဗ္ဗံ။ ။

(ကေနိပါဘ်)

ဘိက္ခဝေ၊ ရဟန်းတို့။ အနဝသေကံ၊ တဖန်မလောင်းအပ်သည်ကို ပြု၍။ သမတိတ္တိကံ၊ အတွင်းအနားရစ်နှင့်အမျှ ဆီပြည့်သော။ တေလပတ္တံ၊ **ဆီခွက်ကို**။ ပုရိသော၊ ယောကျ်ားသည်။ ပရိဟရေယျ ယထာ၊ ဆောင်ရာ သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အဂတပုဗ္ဗံ၊ အစမထင် သံသရာ၌ မရောက် ဘူးသော။ ဒိသံ၊ နိဗ္ဗာန်သို့။ ပတ္ထယာနော-ပတ္ထေန္တော၊ တောင့်တသော ရဟန်းသည်။ သစိတ္တံ၊ မိမိ၏ စိတ် ကို။ အနုရက္ခေ၊ စောင့်ရာ၏။

ဤသို့ ကိုယ် အမူအရာ၌ စိတ် ကို ထားပြီးလျှင်၊ ကာယ ဂတာသတိ ကို ရှုမှတ်ပွားများသည်ရှိသော်၊ စိတ်လည်း မပျံ့လွင့်၊ အား ထုတ် သော

ကိုယ်စိတ်လည်း ခန့်၏၊ ဝိပဿနာ အညစ် အကြေးလည်း ပျောက်၏၊ ဝိတက် အကြံအစည်လည်း ငြိမ်း၏၊ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏၊ အနုသယလည်း ပျက်စီး၏၊ ကာယဂတာသတိ ရုပ်ကမ္မဋ္ဌာန်းလည်း ဖြစ်၏။

## ဣရိယာပုထ်မှတ်နေနိုက်၊ ရုပ်သက်သက် နာမ်သက်သက် ထင်ပုံကို ပြခြင်း

သွား သောခဏ၊ သွား,သွားတယ်၊ သွားတယ်မှတ်, မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊ မသွား မှီက ရုပ်အစဉ်, သွားသော ရုပ်အစဉ်, ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ သွားသော ရုပ်အစဉ်,သွားတယ်မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ သွား,သွားတယ်မှတ်သော စိတ်အစဉ်၊ သွားတယ်မှတ်, မှတ်တယ် မှတ်သော စိတ်အစဉ်, ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။

ရပ် သောခဏ၊ ရပ်,ရပ်တယ်၊ ရပ်တယ်မှတ်, မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊ မရပ် မှီက ရုပ်အစဉ်,ရပ်သော ရုပ်အစဉ်, ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ ရပ်သော ရုပ်အစဉ်, ရပ်တယ် မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ ရပ်,ရပ်တယ် မှတ်သော စိတ်အစဉ်၊ရပ်တယ်မှတ်,မှတ်တယ် မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။

ထိုင်သောခဏ၊ ထိုင်,ထိုင်တယ်၊ ထိုင်တယ်မှတ်,မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မထိုင်မှီက ရုပ်အစဉ်,ထိုင်သော ရုပ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ ထိုင်သော ရုပ်အစဉ်,ထိုင်တယ်မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ထိုင်,ထိုင်တယ်မှတ်သော စိတ်အစဉ်၊ထိုင်တယ်မှတ်,မှတ်တယ် မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ပြတ်သော အပိုင်းအခြားထင်၏။

အိပ် သောခဏ၊ အိပ်, အိပ်တယ်၊ အိပ်တယ်မှတ်, မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊မအိပ်မှီက ရုပ်အစဉ်,အိပ်သော ရုပ်အစဉ်

ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏၊ အိပ်သော ရုပ်အစဉ်, အိပ်တယ်မှတ်သော စိတ်အစဉ်, ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။အိပ်,အိပ်တယ်မှတ်သော စိတ်အစဉ်၊အိပ်တယ်မှတ်, မှတ်တယ် မှတ်သော စိတ်အစဉ်,ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဏ်၏ အာရုံထင်သောအတိုင်း၊ရုပ်သက်သက်,နာမ်သက်သက်မျှသာ ထင်၏။ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ မထင်။

## နာမ်ရုပ်ပေါ်ပုံကို ပြခြင်း

### နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ်ပုံ

ဤသို့ ဣရိယာပုထ် ၄-ပါး ရှုမှတ်သော သူမှာ၊သွားဆဲခဏ၊သွား, တခြား၊သွားတယ်,တခြား၊မှတ်တာ,တခြား၊အာရုံ၌ ထင်ရုံမျှကို၊ရုပ်,နာမ် ကွဲသည်ဟု ဆို၏။ ။ရပ်ဆဲခဏ၊ ရပ်,တခြား၊ ရပ်တယ်,တခြား၊ မှတ်တာ, တခြား၊ အာရုံ၌ ထင်ရုံမျှ ကို၊ ရုပ်, နာမ် ကွဲသည်ဟု ဆို၏။ ။ထိုင်ဆဲခဏ၊ ထိုင်,တခြား၊ ထိုင်တယ်,တခြား၊ မှတ်တာ,တခြား၊ အာရုံ၌ ထင်ရုံမျှကို၊ ရုပ်,နာမ် ကွဲသည်ဟုဆို၏။ ။အိပ်ဆဲခဏ၊အိပ်,တခြား၊အိပ်တယ်,တခြား၊ မှတ်တာ,တခြား၊ အာရုံ၌ ထင်ရုံမျှကို၊ ရုပ်,နာမ် ကွဲသည်ဟု ဆို၏။

## ရုပ်,နာမ်ကွဲပုံ ပြခြင်း

**သွား**,တခြား၊**သွား**တယ်,တခြား၊မှတ်တာ,တခြား ထင်ရာ၌။သွားထဲ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ သွားတယ်၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ မှတ်တာ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါ မပါသဖြင့်၊ သွား,ဆိုတာက-မှတ်စရာ **အာရုံ**၊ အာရုံဆိုတာက-ရုပ်ဘဲ။ သွားတယ်, ဆိုတာက-မှတ်တဲ့စိတ်၊ စိတ်ဆိုတာက - နာမ် ဘဲ။ မှတ်ဆိုတာက-သတိ, ပညာ, ဝိပဿနာ၊ ဝိပဿနာဆိုတာက-**ဉာဏ်** ဘဲ။

ရပ်,တခြား၊ ရပ်တယ်,တခြား၊ မှတ်တာ,တခြား ထင်ရာ၌။ ရပ်ထဲ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ရပ်တယ်၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ မှတ်တာ၌လဲ၊ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ငါ မပါသဖြင့်၊ ရပ်,ဆိုတာက-မှတ်စရာ

အာရုံ၊ အာရုံဆိုတာက-ရုပ် ဘဲ။ ရပ်တယ်, ဆိုတာက - မှတ်တဲ့စိတ်၊ စိတ်ဆိုတာက-နာမ် ဘဲ။ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ၊ ဝိပဿနာဆိုတာက-ဉာဏ်ဘဲ။

ထိုင်,တခြား၊ ထိုင်တယ်, တခြား၊ မှတ်တာ,တခြား ထင်ရာ၌။ထိုင်ထဲ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ထိုင်တယ်၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ မှတ်တာ၌လဲ၊ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါမပါသဖြင့်၊ထိုင်,ဆိုတာက-မှတ်စရာ အာရုံ၊ အာရုံ ဆိုတာက-ရုပ်ဘဲ။ ထိုင်တယ်,ဆိုတာက - မှတ်တဲ့စိတ်၊ စိတ်ဆိုတာက -နာမ် ဘဲ။ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ၊ ဝိပဿနာဆိုတာက-ဉာဏ်ဘဲ။

အိပ်,တခြား၊ အိပ်တယ်, တခြား၊ မှတ်တာ,တခြား ထင်ရာ၌။ အိပ်ထဲ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ အိပ်တယ်၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ မှတ်တာ၌လဲ၊ ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါမပါသဖြင့်၊ အိပ်, ဆိုတာက-မှတ်စရာအာရုံ၊အာရုံဆိုတာက-ရုပ်ဘဲ။ အိပ်တယ်,ဆိုတာက-မှတ်တဲ့စိတ်၊ စိတ်ဆိုတာက-နာမ်ဘဲ။မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ၊ဝိပဿနာဆိုတာက-ဉာဏ်ဘဲ။

> မြင်ဆဲခဏ၊ ကြားဆဲခဏ၊ နံဆဲခဏ၊ စားဆဲခဏ၊ ထိဆဲခဏ၊ သိဆဲခဏ တို့၌လည်း အတူတူပင်၊ ရုပ်ဘဲ, နာမ်ဘဲဟု အထူးပိုင်းခြား၍ မှတ်သားဘို့ရာ မလိုပါ၊ အာရုံ၌ တခြားစီ ထင်ကထဲက ရုပ်, နာမ် ထင်၏ဟု မှတ်ရာ၏။

နာမရူပ ပရိစ္ဆေဒဉာဏ် ပြီး၏။

---

## ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်ပုံကို ပြခြင်း

ဤသို့ ဣရိယာပုထ် ၄-ပါး၌၊ မှတ်ခိုက်,မှတ်ခိုက် တခြားစီ ထင်ပါများသော သူသည်။

(၁) သွားသော အမူအရာ၌၊ သွားချင်တာ, ကိုလည်း သိ၏။ သွားတာ,ကိုလည်း သိ၏။ သွားချင် သောကြောင့်၊ သွားတာကိုလည်း သိ၏။ ထို့ကြောင့် သွားချင်, သွားချင်တယ်၊ သွား, သွားတယ်၊ သွားတယ် မှတ်, မှတ်တယ် ဟုလည်း မှတ်၏။

(၂) ရပ်သော အမူအရာ၌၊ **ရပ်ချင်တာ**, ကိုလည်းသိ၏။ **ရပ်တာ**, ကိုလည်း သိ၏။ **ရပ်ချင်** သောကြောင့်၊ ရပ်တာကိုလည်းသိ၏။ထို့ကြောင့် ရပ်ချင်, **ရပ်ချင်တယ်**။ ရပ်, ရပ်တယ်။ **ရပ်တယ်** မှတ်, မှတ်တယ်ဟု လည်း မှတ်၏။

(၃) ထိုင်သော အမူအရာ၌၊ **ထိုင်ချင်တာ**, ကိုလည်း သိ၏။ **ထိုင်တာ**, ကိုလည်း သိ၏။ **ထိုင်ချင်** သောကြောင့်၊ ထိုင်တာ ကိုလည်း သိ၏။ ထို့ကြောင့် ထိုင်ချင်,**ထိုင်ချင်တယ်**။ ထိုင်, ထိုင်တယ်။ **ထိုင်တယ်** မှတ်, မှတ်တယ်ဟုလည်း မှတ်၏။

(၄) အိပ်သော အမူအရာ၌၊ **အိပ်ချင်တာ**, ကိုလည်း သိ၏။ **အိပ်တာ**,ကိုလည်း သိ၏။ **အိပ်ချင်** သောကြောင့်၊ အိပ်တာ ကိုလည်း သိ၏။ ထို့ကြောင့် အိပ်ချင်, **အိပ်ချင်တယ်**။ အိပ်, အိပ်တယ်။ **အိပ်တယ်** မှတ်, မှတ်တယ်ဟုလည်း သိ၏။

## ပရမတ်သဘော ဝင်လာပုံ

ထိုသို့ မှတ်သဖြင့်၊ သွား,သွားတယ်။ ရပ်,ရပ်တယ်။ ထိုင်,ထိုင်တယ်။ အိပ်,အိပ်တယ်ဟု မှတ်တာက၊ **မူလအမှတ်**။ သွားချင်, သွားချင်တယ်။ ရပ်ချင်, ရပ်ချင်တယ်။ ထိုင်ချင်,ထိုင်ချင်တယ်။ အိပ်ချင်,အိပ်ချင်တယ် မှတ်တာက၊ **အမှတ်တိုးတာ**။ အမှတ်တိုးသဖြင့်၊ **မှတ်စရာများ**။ မှတ်စရာ များသဖြင့်၊ **အသိပွါး**။ အသိပွါးသည်ကို၊ ဉာဏ်တိုးသည်, ဉာဏ်တက်သည်ဟု ဆိုရ၏။

---

## အကြောင်းအကျိုး ကွဲပုံကို ပြခြင်း

(၁) ထိုသို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း ဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါး တို့ကို မှတ်ရာ၌၊ သွားသောခဏ သွားချင်သောကြောင့်၊ သွား၏ဟု ထင်ရာ၌။ သွားချင် တာက — အကြောင်းထင်တာ၊ သွားတာက- အကျိုးထင်တာ။ သွားချင်သော အကြောင်းက-သွားတာမဟုတ်၊ သွားသော အကျိုးက-သွားချင်တာ မဟုတ်၊ သွားချင်သောကြောင့်လည်း သွားတာပင် ဟုတ်၏။ သွားချင်သော အကြောင်း၌လည်း၊ ပြုလုပ်တတ်တာ ငါမပါ၊ သွားသော အကျိုး၌လည်း ခံစားတတ်တာ ငါ

မပါ၊ ငါမပါသဖြင့် မှတ်ဆဲခဏ၌၊ **အကြောင်းနှင့်အကျိုး** သက်သက်ထင် နေသည်ကို၊ အကြောင်းပါ သိမ်းဆည်း၍ ထင်သော **'ပစ္စယပရိဂ္ဂဟဉာဏ်'** ထင်သည်ဟု ဆိုရ၏။

(၂) ရပ်သောခဏ ရပ်ချင်သောကြောင့်၊ ရပ်၏ဟု ထင်ရာ၌။ ရပ်ချင်တာက – အကြောင်း ထင်တာ၊ ရပ်တာက – အကျိုးထင်တာ။ ရပ်ချင်သော အကြောင်းက– ရပ်တာ မဟုတ်၊ ရပ်သောအကျိုးက – ရပ်ချင်တာ မဟုတ်၊ ရပ်ချင်သောကြောင့်လည်း ရပ်တာပင် ဟုတ်၏။ ရပ်ချင်သော အကြောင်း၌လည်း၊ ပြုလုပ်တတ်တာ ငါမပါ။ ရပ်သောအကျိုး၌လည်း၊ ခံစားတတ်တာ ငါမပါ။ ငါမပါသဖြင့် မှတ်ဆဲခဏ၌၊ **အကြောင်းနှင့်အကျိုး** သက်သက် ထင်နေသည်ကို၊ အကြောင်းပါ သိမ်းဆည်း၍ ထင်သော **'ပစ္စယပရိဂ္ဂဟဉာဏ်'** ထင်သည်ဟု ဆို၏။

(၃) ထိုင်သောခဏ ထိုင်ချင်သောကြောင့်၊ ထိုင်၏ဟု ထင်ရာ၌။ ထိုင်ချင်တာက – အကြောင်းထင်တာ၊ ထိုင်တာက– အကျိုးထင်တာ။ ထိုင်ချင်သော အကြောင်းက-ထိုင်တာ မဟုတ်၊ ထိုင်သော အကျိုးက-ထိုင်ချင်တာ မဟုတ်၊ ထိုင်ချင်သောကြောင့်လည်း ထိုင်တာပင် ဟုတ်၏။ ထိုင်ချင်သော အကြောင်း၌လည်း၊ ပြုလုပ်တတ်တာ ငါမပါ။ ထိုင်သော အကျိုး၌လည်း၊ခံစားတတ်တာ ငါမပါ။ ငါမပါသဖြင့် မှတ်ဆဲခဏ၌၊**အကြောင်းနှင့် အကျိုး** သက်သက် ထင်၍ နေသည်ကို၊ အကြောင်းပါ သိမ်းဆည်း၍ထင်သော **'ပစ္စယပရိဂ္ဂဟဉာဏ်'** ထင်သည်ဟု ဆိုရ၏။

(၄) အိပ်သောခဏ အိပ်ချင်သောကြောင့်၊ အိပ်၏ဟု ထင်ရာ၌။ အိပ်ချင်တာက– အကြောင်းထင်တာ၊ အိပ်တာက– အကျိုးထင်တာ။ အိပ်ချင်သော အကြောင်းက - အိပ်တာမဟုတ်၊ အိပ်သော အကျိုးကလည်း– အိပ်ချင်တာမဟုတ်၊ အိပ်ချင်သော ကြောင့်လည်း အိပ်တာပင် ဟုတ်၏။ အိပ်ချင်သော အကြောင်း၌လည်း၊ ပြုလုပ်တတ်တာ ငါမပါ။ အိပ်သော အကျိုး၌လည်း၊ ခံစား တတ်တာ ငါမပါ။ ငါမပါသဖြင့် မှတ်ဆဲ ခဏ၌၊ **အကြောင်းနှင့်အကျိုး** သက်သက် ထင်၍ နေသည်ကို၊ အကြောင်းပါ သိမ်း ဆည်း၍ ထင်သော **'ပစ္စယပရိဂ္ဂဟဉာဏ်'** ထင်သည်ဟု ဆိုရ၏။ ။မြင်သော ခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ထိသောခဏ၊ သိသော ခဏတို့၌လည်း အတူတူပင်။ ထို့ကြောင့်၊—

(၁) ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။ ။

(၂) ကမ္မံ နတ္ထိ ဝိပါကမှိ၊
ပါကော ကမ္မေ နဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊
နစ **ကမ္မံ** ဝိနာ ဖလံ။ ။

(၃) န ဟေတ္ထ ဒေဝေါ ဗြဟ္မာဝါ၊
သံသာရဿတ္ထိ ကာရကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဟေတုသမ္ဘာရ ပစ္စယာ။ ။(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

(၁) ကမ္မဿ၊ **အကြောင်း** ကံကို။ ကာရကော၊ ပြုတတ်သော သူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿစ၊ **အကျိုး** ကိုလည်း။ ဝေဒကော၊ ခံစားတတ်သော သူသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ ပြုတတ်သောသူ, ခံစားတတ်သောသူ မရောယှက်ဘဲ၊ သက်သက် အကြောင်း, အကျိုး တရားနှစ်ပါးတို့သည်။ ပဝတ္တန္တိ၊ ဖြစ်၍ နေကြကုန်၏။ ဧဝေတံ-ဧဝံ ဧတံ ဒဿနံ၊ ဤသို့ မြင်ခြင်းသည်။ သမ္မာဒဿနံ၊ အမှန်ကို မြင်ခြင်းပင်တည်း။

(၂) ကမ္မံ၊ **အကြောင်း** ကံသည်။ ဝိပါကမှိ၊ အကျိုး၌။ နတ္ထိ၊ မရှိ။ ဝိပါကော၊ **အကျိုး** သည်။ ကမ္မေ၊ အကြောင်းကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ အညမညံ၊ အချင်းချင်း။ ဥဘော၊ အကြောင်းနှင့်အကျိုး နှစ်ပါးစုံတို့သည်။ သုညာ၊ တခုမှတခု ဆိတ်ကြကုန်၏။ ကမ္မံ၊ အကြောင်းကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ နစ ဇာယတိ၊ ဖြစ်လည်းမဖြစ်။

(၃) ဟိသစ္စံ၊ မှန်၏။ ဧတ္ထလောကေ၊ ဤလောက၌။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုတတ်သော။ ဒေဝေါဝါ၊ နတ် သည် လည်း။ နတ္ထိ၊ မရှိ။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်လည်း။ နတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ ဇနကအကြောင်း, ဥပထမ္ဘက အကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ သက်သက်သော **အကြောင်း နှင့် အကျိုး** တရားနှစ်ပါး တို့သည်။ ပဝတ္တန္တိ၊ ဖြစ်၍ နေကြကုန်၏၊

ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏။

## သမ္မသနဥာဏ် ပေါ်ပုံကို ပြခြင်း

ဤသို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါးတို့၌၊ မှတ်ခိုက်, မှတ်ခိုက်၊ သွားချင်သော, ရပ်ချင်သော, ထိုင်ချင်သော,အိပ်ချင်သော **အကြောင်း** သဘောနှင့်၊ သွားသော, ရပ်သော, ထိုင်သော, အိပ်သော **အကျိုး** သဘော ထင်ပေါ် များသောသူသည်။

(၁) သွားသော အခိုက်၌၊ ယခု သွားခြင်းကား၊ သွားပြီးတာကလဲ-မပါလာ၊ မသွားရသေးတာသို့လဲ-ပါမသွား၊ သွားနေတုန်းတွင်၊ **ကုန်တာဘဲ** ဟု သုံးသပ်၏။ အတွင်း သွားခြင်းကား၊ အပ သွားခြင်းသို့ မပါ။ အကြမ်း သွားခြင်းကား၊ အနု သွားခြင်းသို့ မပါ။အယုတ် သွားခြင်းကား၊ အမြတ် သွားခြင်းသို့ မပါ။အနီး သွားခြင်းကား၊အဝေး သွားခြင်းသို့ မပါ။ သွားနေတုန်းပင် **ကုန်တာဘဲ** ဟု သုံးသပ် အပ်၏။ ဤ ၁၁-ဌာနတို့၌၊ စိတ်ကူး ပြောင်း တိုင်း, ကူးပြောင်းတိုင်း၊ တခုမှ တခုသို့မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကို၊ ရပ်,နာမ် ကို သုံးသပ်သော 'သမ္မသနဉာဏ်'အာရုံ ထင်သည်ဟု ဆိုရ၏။

(၂) ရပ်သောအခိုက်၌၊ ယခု ရပ်ခြင်းကား၊ရပ်ပြီးတာကလဲ-ပါမလာ၊ မရပ်သေးတာသို့လဲ-ပါမသွား၊ ရပ်နေတုန်းတွင်၊ **ကုန်တာဘဲ**ဟု သုံးသပ်၏။ အတွင်း ရပ်ခြင်းကား၊ အပြင် ရပ်ခြင်းသို့ မပါ။ အကြမ်း ရပ်ခြင်းကား၊အနု ရပ်ခြင်းသို့ မပါ။အယုတ် ရပ်ခြင်းကား၊အမြတ် ရပ်ခြင်းသို့ မပါ။ အဝေး ရပ်ခြင်းကား၊အနီး ရပ်ခြင်းသို့ မပါ။ ရပ်နေတုန်းတွင်၊ **ကုန်တာဘဲ** ဟု သုံးသပ်၏။ ဤ ၁၁-ဌာန တို့၌၊ စိတ် ကူးပြောင်းတိုင်း,ကူးပြောင်းတိုင်း တခုမှ တခုသို့မပါဟု မှတ်စိတ်၌သာ ထင်၍ နေခြင်းကို၊ရပ်,နာမ်ကို သုံးသပ်သော 'သမ္မသနဉာဏ်' အာရုံ ထင်သည်ဟု ဆိုရ၏။

(၃) ထိုင်သောအခိုက်၌၊ ယခု ထိုင်ခြင်းကား၊ ထိုင်ပြီးတာကလဲ-ပါခဲလာ၊ မထိုင်ရသေးတာသို့လဲ-ပါမသွား၊ ထိုင်နေတုန်းတွင်၊ **ကုန်တာဘဲ**ဟု သုံးသပ်၏။ အတွင်း ထိုင်ခြင်းကား။ အပ ထိုင်ခြင်းသို့ မပါ။ အကြမ်း ထိုင်ခြင်းကား၊အနုထိုင်ခြင်းသို့ မပါ။အယုတ် ထိုင်ခြင်းကား၊ အမြတ် ထိုင်ခြင်းသို့ မပါ။အဝေး ထိုင်ခြင်းကား၊ အနီး ထိုင်ခြင်းသို့ မပါ။ထိုင်နေတုန်းတွင်၊ **ကုန်တာဘဲ**ဟု သုံးသပ်၏။ ဤ ၁၁-ဌာနတို့၌၊ စိတ် ကူးပြောင်းတိုင်း, ကူးပြောင်းတိုင်း၊ တခုမှ တခုသို့မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကို၊ သုံးသပ်သော 'သမ္မသနဉာဏ်' အာရုံ ထင်သည်ဟု ဆိုရ၏။

(၄) အိပ်သောအခိုက်၌၊ယခု အိပ်ခြင်းကား၊အိပ်ပြီးတာကလဲ-ပါမလာ၊မအိပ်ရသေးတာသို့လဲ-ပါမသွား၊ အိပ်နေတုန်းတွင်၊ **ကုန်တာဘဲ**ဟု သုံးသပ်၏။အတွင်း အိပ်ခြင်းကား၊အပ အိပ်ခြင်းသို့ မပါ။အကြမ်း အိပ်ခြင်းကား၊ အနု အိပ်ခြင်းသို့ မပါ။အယုတ် အိပ်ခြင်းကား၊ အမြတ် အိပ်ခြင်းသို့ မပါ။အဝေး အိပ်ခြင်းကား၊အနီး အိပ်ခြင်းသို့ မပါ။ အိပ်နေတုန်းတွင်၊**ကုန်တာဘဲ**ဟု သုံးသပ်၏။ ဤ ၁၁-ဌာနတို့၌၊စိတ် ကူးပြောင်းတိုင်း,ကူးပြောင်းတိုင်း၊ တခုမှ တခုသို့မပါဟု မှတ်စိတ်၌သာ ထင်ရှားနေခြင်းကို၊ ရုပ်,နာမ်ကို သုံးသပ်သော 'သမ္မသနညာဏ်' အာရုံ ထင်သည်ဟု ဆိုရ၏။ ။မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက် တို့၌လည်း အတူတူပင်။ ထို့ကြောင့်၊····

> တသ္မာ သေ ယံ အတီတံ ရူပံ၊ တံ ယသ္မာ အတီတေ ယေဝ ခီဏံ၊ န ယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန။ ယံ အနာဂတံ အနန္တရဘဝေ နိဗ္ဗတ္တိဿတိ၊ တမ္ပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတီတိ အနိစ္စံ ခယဋ္ဌေန။ ယံ ပစ္စုပ္ပန္နံ ရူပံ၊ တမ္ပိ ဣဓေဝ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။ ယံ အဇ္ဈတ္တံ၊တမ္ပိ အဇ္ဈတ္တမေဝ ခီယတိ၊န ဗဟိဒ္ဓါဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။ ယံ ဗဟိဒ္ဓါ။ပ။ ဩဠာရိကံ၊ သုခုမံ၊ ဟီနံ၊ ပဏီတံ၊ဒူရေ၊ သန္တိကေ၊ တမ္ပိ တတ္ထေဝ ခီယတိ၊ န ဒူရဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေနာတိ သမ္မသတိ။ဣဒံ သဗ္ဗမ္ပိ အနိစ္စံ ခယဋ္ဌေနာတိ ဧတဿ ဝသေန ဧကံ သမ္မသနံ။ ဘေဒတော ပန ဧကာဒသ ဝိဓံ ဟောတိ။
>
> ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

တသ္မာ၊ ထို့ကြောင့်။ သေ-သော၊ ဤယောဂီသည်။ ယံ အတီတံ ရူပံ၊ အကြင်အတိတ်ရုပ်။ တံ၊ထိုအတိတ်ရုပ်သည်။ ယသ္မာ၊အကြင့်ကြောင့်။ အတီတေယေဝ၊ အတိတ်၌သာလျှင်။ ခီဏံ၊ **ကုန်ပြီ**။ ဣမံ ဘဝံ၊ ယခုဘဝသို့။ န သမ္ပတ္တံ၊ မရောက်။ ဣတိ၊ ဤသို့။ ခယဋ္ဌေန၊ ကုန်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မမြဲ။ ယံ အနာဂတံ ရူပံ၊ အကြင် အနာဂတ်ရုပ်။တံ၊ ထိုအနာဂတ်ရုပ်သည်။ အနန္တရ ဘဝေ၊ အခြားမဲ့သော ဘဝ၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတံ့။ တမ္ပိ၊ ထိုအနာဂတ်ရုပ်သည်လည်း။ တတ္ထေဝ၊ ထိုအခြားမဲ့သော ဘဝ၌သာလျှင်။ ခီယိဿတိ၊ **ကုန်လတံ့**။ တတော၊ ထိုအခြားမဲ့သော ဘဝမှ။ ပရံဘဝံ၊ နောက်ဘဝသို့။ န ဂမိဿတိ၊ မရောက်လတံ့။ ဣတိ၊ ဤသို့။ခယဋ္ဌေန၊ ကုန်သောအနက်သဘောကြောင့်၊အနိစ္စံ၊ မမြဲ။ယံ ပစ္စုပ္ပန္နံ ရူပံ၊ အကြင်ပစ္စုပ္ပန်ရုပ်။ တမ္ပိ၊ ထိုပစ္စုပ္ပန်ရုပ်သည်လည်း။ ဣဓေဝ၊ ယခုဘဝ

ဌသာလျှင်။ ခိယတိ၊ **ကုန်၏။** ဋုတောဘဝ ါ၊ ဤယခုဘဝမှ။ ပရံဘဝံ၊နောက်ဘဝသို့။ န ဂစ္ဆတိ၊ မရောက်။ ဣတိ၊ ဤသို့။ ခယဌေနေ၊ ကုန်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မမြဲ။ ယံ အဇ္ဈတ္တံရူပံ၊ အကြင် အဇ္ဈတ္တရုပ်။တမ္ပိ၊ ထို အဇ္ဈတ္တ ရုပ်သည်လည်း။ အဇ္ဈတ္တမေဝ၊ အဇ္ဈတ္တဌသာလျှင်။ ခိယတိ၊ **ကုန်၏။** ဗဟိဒ္ဓါဘာဝံ၊ ဗဟိဒ္ဓ၏ အဖြစ်သို့။ န ဂစ္ဆတိ၊ မရောက်။ ဣတိ၊ ဤသို့။ခယဌေနေ၊ ကုန်သောအနက်သဘောကြောင့်။ အနိစ္စံ၊မမြဲ။ယံ ဗဟိဒ္ဓါရူပံ၊အကြင် ဗဟိဒ္ဓရုပ်။ ပ။ ယံ ဩဠာရိကံရူပံ၊ အကြင် ဩဠာရိကရုပ်။ ယံ သုခုမံရူပံ၊ အကြင်သုခုမရုပ်။ ယံ ဟီနံရူပံ၊ အကြင်ဟီနရုပ်၊ ယံ ပဏီတံရူပံ။ အကြင်ပဏီတရုပ်။ယံ ဒူရေ ရူပံ၊အကြင်ဒူရေရုပ်။ ယံ သန္တိကေရူပံ၊အကြင်သန္တိကေရုပ်။ တမ္ပိ၊ ထိုသန္တိကေရုပ်သည်လည်း။ တတ္ထေဝ၊ထိုသန္တိကေဌသာလျှင်။ခိယတိ၊ ကုန်၏။ဒူရဘာဝံ၊ ဒူရ၏ အဖြစ်သို့။ န ဂစ္ဆတိ၊ မရောက်။ ဣတိ၊ ဤသို့။ ခယဌေနေ၊ကုန်သောအနက်သဘောကြောင့်။အနိစ္စံ၊မမြဲ။ဣတိ၊ ဤသို့။သမ္မသတိ၊ သုံးသပ်၏။ဣဒံ သဗ္ဗမ္ပိသမ္မသနံ၊ ဤအလုံးစုံ သုံးသပ်ခြင်းသည်လည်း။ အနိစ္စံ ခယဌေနာတိဧတဿ ပဒဿ၊ အနိစ္စံခယဌေန-ဟူသောပုဒ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကံ သမ္မသနံ၊ တခုသော သမ္မသနဉာဏ်သည်။ဟောတိ၊ ဖြစ်၏။ ဘေဒတောပန၊ အပြားအားဖြင့်ကား။ ကောဒသဝိဓံ၊ တဆယ့် တပ ါး အပြားရှိသည်။ ဟောတိ; ဖြစ်၏။

---

## သုံးသပ်သောသဘော စိတ်၌ထင်ပုံ ပြခြင်း

ဤသို့ သွားပြီး,သွားဆဲ,သွားလတံ့။ ရပ်ပြီး,ရပ်ဆဲ,ရပ်လတံ့။ထိုင်ပြီး,ထိုင်ဆဲ,ထိုင်လတံ့။ အိပ်ပြီး,အိပ်ဆဲ,အိပ်လတံ့တို့၌၊ ကုန်တာဘဲဟု သုံးသပ်သောသူ၏စိတ်၌—

(၁) အသက်
(၂) အတ္တဘော
(၃) ချမ်းသာ ဆင်းရဲ

ဤသဘောတရား ၃–ခုတို့သည်၊ တခုသော စိတ်နှင့်ယှဉ်၍ လျင်မြန်စွာလည်း ဖြစ်ကြကုန်၏ဟူ၍ရင်း။ ကမ္ဘာပေါင်း – ၈၄၀၀၀–ကာလပတ်လုံး အသက်ရှည်ကြကုန်သော နေဝသညာ နာသညာ ဗြဟ္မာကြီးတို့လဲ၊စိတ်နှစ်ချက် အတူ ဖြစ်သည်ဟူ၍မရှိ၊ တချက်စဉ်သာ ဖြစ်ကြကုန်၏ ဟူ၍ရင်း။

(၁) သေသောသူ၏ ခန္ဓာချုပ်ခြင်း

(၂) တည်ရှိသောသူ၏ ခန္ဓာချုပ်ခြင်း

ဤ ၂-မျိုးသော ချုပ်ခြင်းတို့သည်၊ တဖန် မဖြစ်ကြကုန်ဘဲလျက်၊ မမြင်ရာသို့ အသွားချင်း တူကြကုန်၏ ဟူ၍ရင်း။ ပျက်ပြီးသော အတိတ်ခန္ဓာတို့၏ ပျက်မှုနှင့်၊ ပျက်လတံ့သော အနာဂတ်ခန္ဓာတို့၏ ပျက်မှု။ ဤ ၂-ခုတို့၏အကြား၊ ယခုပျက်ဆဲသော ပစ္စုပ္ပန်ခန္ဓာတို့၏ ပျက်မှုတို့သည်၊ ချုပ်ပျက်သော အချိန် ကာလ လက္ခဏာအားဖြင့် တူကြကုန်၏ ဟူ၍ရင်း။ ပညတ်အလို, ပရမတ်အလို အားဖြင့်၊ လူအပေါင်းသည် မဖြစ်မိက ဖြစ်သည်ဟုမဆိုနိုင်။ ဖြစ်ဆဲခဏ ပစ္စုပ္ပန်ကာလဖြင့်သာ အသက်ရှင်သဖြင့် စိတ်ပျက်ခြင်းကြောင့်၊ သေသည် မည်၏ဟူ၍ရင်း။ ပျက်ပြီးကုန်သော ခန္ဓာ တို့သည်၊ မြုပ်နှံသိုမှီး သိမ်းဆည်းရာသို့ မရောက်ကြကုန်။ နောင် အနာဂတ်ကာလ၌ ဖြစ်စရာ အစုအပုံလည်း မရှိကြကုန်။ ဖြစ်ဆဲသော ခန္ဓာ တို့၏ တည်မှု အချိန်ကာလသည်၊ နှူးဖျား တွင် မုံညင်းစေ့ တင်သော အခိုက်လောက်သာ အချိန်ကြာ၏ဟူ၍ရင်း။ ဖြစ်ဆဲသော သဘောတရားတို့သည်၊ မမြင်ရာမှ ရောက်လာကြကုန်၍၊ မမြင်ရာ သို့ ပြောင်းရွှေ့ ကြကုန်သော ကြောင့်၊ ကောင်းကင်၌ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်လည်း ဖြစ် ကြ ကုန် ၏။ ပျက်လည်း ပျက်ကြကုန်၏ဟူ၍ရင်း။ သုံးသပ်သော သဘောသည် ထင်၏။ ထို့ကြောင့်····

အဒဿန တော အာယန္တိ၊
ဘဂ္ဂါ ဂစ္ဆန္တျ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊
ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။ ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဥပ္ပန္နာ၊ ဖြစ်ဆဲသော တရားတို့သည်။ အဒဿနတော၊ မမြင်ရာမှ။ အာယန္တိ၊ ရောက်လာကြကုန်၏။ ဘဂ္ဂါ၊ ပျက်ဆဲကုန်သော တရားတို့သည်။ အဒဿနံ၊ မမြင်ရာသို့။ ဂစ္ဆန္တိ၊ ရောက်သွားကြကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ လျှပ်စစ်ကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက်ကြကုန်၏။ ဣတိဝေံ၊ ဤသို့။ အယ မတ္ထော၊ ဤအနက်သည်။ ပါကဋော၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။

## ဒိဋ္ဌိ,မာန,တဏှာကွာပုံ ပြခြင်း

ဤသို့ ရုပ်,နာမ်၏ဖြစ်ရာ ၁၁-ဌာနတို့၌၊ တခုမှ တခုသို့ မပါသည်ကို၊ သုံးသပ်ခိုက် မပါမှု အာရုံမှာ၊ တခုမှ တခုသို့ ခပါသော သဘော၏ ဖေါက်ပြန်မှု- ရုပ်အစု။ မပါသော အခြင်းအရာ၌၊ ညွတ်သော သဘော— နာမ်အစု။ ဤသဘောတရား ၂-ခုတို့၌၊ မှတ်သားမှု အာရုံတွင် မပါဟု သုံးသပ် ရှုမြင်ကတဲက၊ ဖေါက်ပြန်မှု သဘော-ရုပ်အစုဘဲ၊ ညွတ်မှုသဘော— နာမ်အစုဘဲဟု အထူးသုံးသပ်ရန်မလိုပါ။ မှတ်ဆဲအာရုံမှာ တခုမှတခု မပါ ပါလားဟု ထင်ကတဲက၊ ရုပ်,နာမ်ကို သုံးသပ်သည်ဟု မှတ်ရာ၏။

ဤသို့ ဖေါက်ပြန်မှု-ရုပ်သဘောနှင့်၊ညွတ်မှု-နာမ်သဘော ၂-ခုကို၊ ရှုမှတ်သော အခိုက်,အခိုက် အာရုံ၌၊ ပိုင်းခြားသောသူသည်၊ ဖေါက်ပြန်မှု-ရုပ်စု,ညွတ်မှု-နာမ်စုမှ တပါး၊ တခြား သတ္တဝါဟု ရှုမှတ်သော စိတ်မရှိသောကြောင့်၊သတ္တဝါကို မမြင်ဟု ဆိုရ၏။သတ္တဝါ မမြင်သည်ကို၊ **သတ္တဝါ** အခွတ် ကွာသည်ဟု ဆိုရ၏။ဤသတ္တဝါဟု မှတ်မှုကွာသော စိတ်ဖြင့်၊ ဖေါက်ပြန်မှု,ညွတ်မှုဟု ဆိုအပ်သော ရုပ်, နာမ်သင်္ခါရတို့ကို သိမ်းဆည်းသောသူ အား၊ သတ္တဝါရှိ၏ဟု အယူမှားစိတ် ခရှိသောကြောင့် 'ဒိဋ္ဌိ'မဖြစ်။ဒိဋ္ဌိမဖြစ်ခြင်းကြောင့်၊ **ဒိဋ္ဌိ** ကွာသည် ဆိုရ၏။ဤ ဒိဋ္ဌိ ကွာသော စိတ်ဖြင့်၊ ဖေါက်ပြန်မှု, ညွတ်မှုဟု ဆိုအပ်သော၊ရုပ်,နာမ် သင်္ခါရတို့ကို သိမ်းဆည်းသော သူအား၊ ထောင်လွှားစရာ-မာန မရှိသောကြောင့်၊ 'မာန' မဖြစ်။ မာန မဖြစ်ခြင်းကြောင့်၊ **မာန ကွာ** သည်ဟု ဆိုရ၏။ ဤမာန ကွာသော စိတ်ဖြင့်၊ ဖေါက်ပြန်မှု,ညွတ်မှုဟု ဆိုအပ်သော၊ ရုပ်, နာမ် သင်္ခါရ တို့ကို၊ သိမ်းဆည်းသောသူ အား၊ တပ်မက်စရာ မရှိသောကြောင့်၊ 'နိကန္တိတဏှာ' မဖြစ်။ နိကန္တိတဏှာမဖြစ်ကြောင့်၊ **တဏှာ**ကုန်သည်ဟု ဆိုရ၏။ ထို့ကြောင့်၊····

တံ ပဿန္တော ရူပါရူပတော ဥဒ္ဓံ အညံ သတ္တံ နာမ နပဿတိ။ သတ္တဿ အဒဿနတော ပဌ္ဌာယ သတ္တသညာ **ဥဂ္ဃါဋိတာ** ဟောတိ။ သတ္တသညံ ဥဂ္ဃါဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော ဒိဋ္ဌိ နုပ္ပဇ္ဇတိ။ ဒိဋ္ဌိယာ အနုပ္ပဇ္ဇမာနာယ ဒိဋ္ဌိ **ဥဂ္ဃါဋိတာ** နာမ ဟောတိ။ဒိဋ္ဌိဥဂ္ဃါဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော မာနော နုပ္ပဇ္ဇတိ။ မာနေ အနုပ္ပဇ္ဇန္တေ မာနော **သမုဂ္ဃါဋိ**တောနာမ ဟောတိ။ မာန သမုဂ္ဃါဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော တဏှာ နုပ္ပဇ္ဇတိ။ တဏှာယ အနုပ္ပဇ္ဇန္တိယာ နိကန္တိပရိယာဒိန္နာနာမ ဟောတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

တံ၊ ထိုရုပ်,နာမ်ကို။ ပဿန္တေဿ၊ မြင်သည်ရှိသော်။ ရူပါရူပတော၊ ရုပ်,နာမ်ထက်။ ဥဒ္ဓံ၊ အလွန်။ အညံ၊ တပါးသော။ သတ္တံနာမ၊ သတ္တဝါ မည်သည်ကို။ န ပဿတိ၊ မမြင်။ သတ္တဿ၊ သတ္တဝါကို။ အဒဿနတော၊ မမြင်သည်မှ။ ပဋ္ဌာယ၊ စ၍။ သတ္တသညာ၊ သတ္တဝါ အမှတ်သည်။ ဥဂ္ဃါဋိတာ၊ **ကွာသည်**။ ဟောတိ၊ ဖြစ်၏။သတ္တသညံ၊သတ္တဝါအမှတ်ကို။ဥဂ္ဃါဋိတစိတ္တေန၊ ကွာသော စိတ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသောသူအား။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိသည်။ အနုပ္ပဇ္ဇမာနာယ၊ မဖြစ်သည်ရှိသော်။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥဂ္ဃါဋိတာ နာမ၊ **ကွာသော** မည်သည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိဥဂ္ဃါဋိတစိတ္တေန၊ ဒိဋ္ဌိကွာသောစိတ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသောသူအား။ မာနော၊ မာနသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ မာနေ၊ မာနသည်။ အနုပ္ပဇ္ဇန္တေ၊ မဖြစ်သည် ရှိသော်။ မာနော၊ မာနသည်။ သမုဂ္ဃါဋိတော နာမ၊ **ကွာသော** မည်သည်။ ဟောတိ၊ ဖြစ်၏။ မာနသမုဂ္ဃါဋိတစိတ္တေန၊ မာနကွာသောစိတ်ဖြင့်၊ သင်္ခါရေ၊ သင်္ခါရတို့ကို။ပရိဂ္ဂဏှတော၊ သိမ်းဆည်းသောသူအား။ တဏှာ၊ တဏှာသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ တဏှာယ၊ တဏှာသည်။ အနုပ္ပဇ္ဇန္တိယာ၊ မဖြစ်သည် ရှိသော်။ နိကန္တိ၊ နိကန္တိသည်။ ပရိယာဒိန္နာ နာမ၊ **ကုန်သော** မည်သည်။ ဟောတိ၊ ဖြစ်၏။

သမ္မသနဉာဏ်ပြီး၏။

## ဥဒယဗ္ဗယဉာဏ်ပေါ်ပုံကို ပြခြင်း။

ဤသို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါး တို့၌၊ မှတ်ခိုက်,မှတ်ခိုက် ကုန်တာဘဲဟု သုံးသပ်ပါများသောသူသည်။

(၁) သွားသောခဏ၊ သွား, သွားတယ် မှတ်သဖြင့်၊ အသစ် **အသစ်** ဖြစ်၍၊ အဟောင်း,**အဟောင်း** ပျောက်သည်ဟု မှတ်တိုင်း, မှတ်တိုင်း အာရုံ၌ ထင်၏။

(၂) ရပ်သောခဏ၊ ရပ်, ရပ်တယ် မှတ်သဖြင့်၊ အသစ်, **အသစ်** ဖြစ်၍၊ အဟောင်း, **အဟောင်း** ပျောက်သည်ဟု မှတ်တိုင်း, မှတ်တိုင်း အာရုံ၌ ထင်၏။

(၃) ထိုင်သောခဏ၊ ထိုင်, ထိုင်တယ် မှတ်သဖြင့်၊ အသစ်, **အသစ်** ဖြစ်၍၊ အဟောင်း, **အဟောင်း** ပျောက်သည်ဟု မှတ်တိုင်း, မှတ်တိုင်း အာရုံ၌ ထင်၏။

(၄) အိပ်သောခဏ၊ အိပ်, အိပ်တယ် မှတ်သဖြင့်၊ အသစ်, **အသစ်** ဖြစ်၍၊ အဟောင်း, **အဟောင်း** ပျောက်သည်ဟု မှတ်တိုင်း, မှတ်တိုင်း အာရုံ၌ ထင်၏။

---

## လက္ခဏာ ၂-ပါးကွဲပုံ ပြခြင်း

ထိုလေးပါးတို့တွင်၊ သွား, သွားတယ် မှတ်သဖြင့်၊ အသစ် အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်ဟု၊ မှတ်တိုင်း, မှတ်တိုင်း အာရုံမှာ ထင်ရာ၌။ အသစ်, အသစ် ဖြစ်တာက- နိဗ္ဗတ္တိ လက္ခဏာ **အဖြစ်** ထင်တာ။ အဟောင်း,အဟောင်း ပျောက်တာက – ဝိပရိဏာမ လက္ခဏာ **အပျက်** ထင်တာ။ အဖြစ်ထင်တာက - ဥဒယ, သဘော၊ အပျက်ထင်တာက-ဝယ,သဘော။ **အဖြစ်အပျက်** ထင်တာက - ဥဒယဗ္ဗယ သဘော။ ပျက်တာက-အနိစ္စ၊ ပျက်သော အခြင်းအရာက – အနိစ္စ လက္ခဏာ။ ဘေးထင်တာက-ဒုက္ခ၊ ဘေးထင်သော အခြင်းအရာက-ဒုက္ခလက္ခဏာ။ အစိုးမရတာက-အနတ္တ၊ အစိုးမရသော အခြင်းအရာက-အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်။ ဖြစ်ဖြစ် လာ၍၊ ပျက်ပျက် သွားသည်။ အစ, အစ ပေါ်ပြီး၊ အဆုံး, အဆုံး ပျောက်, ပျောက် သွားသည်ဟု ထင်မြင် လာသည်ကို၊ **'ဥဒယဗ္ဗယဉာဏ်'** ထင်သည်ဟု ဆိုရ၏။

ရပ်, ရပ်တယ် မှတ်သဖြင့်၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်ဟု၊ မှတ်တိုင်း, မှတ်တိုင်း အာရုံမှာ ထင်ရာ၌၊ အသစ်,အသစ် ဖြစ်တာက-နိဗ္ဗတ္တိလက္ခဏာ အဖြစ်ထင်တာ။ အဟောင်း, အဟောင်း ပျောက်တာက-ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ။ အဖြစ်ထင်တာက- ဥဒယ, သဘော၊ အပျက်ထင်တာက-ဝယ,သဘော၊ **အဖြစ်အပျက်** ထင်တာက-ဥဒယဗ္ဗယ သဘော။ ပျက်တာက-အနိစ္စ၊ ပျက်သော အခြင်းအရာက–အနိစ္စလက္ခဏာ။ ဘေးထင်တာက-ဒုက္ခ၊ ဘေးထင်သော အခြင်းအရာက-ဒုက္ခလက္ခဏာ။ အစိုးမရတာက-အနတ္တ၊ အစိုးမရသော

အခြင်းအရာက- အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်။ ဖြစ်ဖြစ် လာ၍၊ ပျက်ပျက်သွားသည်။ အစ, အစ ပေါ်ပြီး၊အဆုံး,အဆုံး ပျောက်,ပျောက် သွားသည်ဟု ထင်မြင်လာသည်ကို၊ '**ဥဒယဗ္ဗယဉာဏ်**' ထင်သည်ဟု ဆိုရ၏။

ထိုင်, ထိုင်တယ် မှတ်သဖြင့်၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်ဟု အာရုံမှာ ထင်ရာ၌။ အသစ်, အသစ် ဖြစ်တာက-နိဗ္ဗတ္တိလက္ခဏာ အဖြစ်ထင်တာ။ အဟောင်း,အဟောင်း ပျောက်တာက-ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ။ အဖြစ်ထင်တာက-ဥဒယ, သဘော၊ အပျက်ထင်တာက-ဝယ,သဘော၊ **အဖြစ်,အပျက်** ထင်တာက-ဥဒယဗ္ဗယ သဘော။ပျက်တာက-အနိစ္စ၊ ပျက်သောအခြင်းအရာက-အနိစ္စလက္ခဏာ။ ဘေးထင်တာက-ဒုက္ခ၊ ဘေးထင်သော အခြင်းအရာက-ဒုက္ခလက္ခဏာ။ အစိုးမရတာက - အနတ္တ၊ အစိုးမရသော အခြင်းအရာက - အနတ္တ လက္ခဏာ။ ရှုမှတ်သော သူ၏ အာရုံမှာ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်။ ဖြစ်ဖြစ် လာ၍၊ ပျက်ပျက် သွားသည်။ အစ,အစ ပေါ်ပြီး၊ အဆုံး,အဆုံး ပျောက်,ပျောက် သွားသည်ဟု ထင်မြင်လာသည်ကို၊ '**ဥဒယဗ္ဗယဉာဏ်**' ထင်သည်ဟု ဆိုရ၏။

အိပ်,အိပ်တယ် မှတ်သဖြင့်၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်ဟု အာရုံမှာ ထင်ရာ၌။ အသစ်,အသစ် ဖြစ်တာက-နိဗ္ဗတ္တိ လက္ခဏာ အဖြစ် ထင်တာ။ အဟောင်း, အဟောင်း ပျောက်တာက-ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ။ အဖြစ်ထင်တာက-ဥဒယ, သဘော၊ အပျက်ထင်တာက-ဝယ,သဘော၊ **အဖြစ်,အပျက်** ထင်တာက-ဥဒယဗ္ဗယ သဘော။ပျက်တာက-အနိစ္စ၊ ပျက်သောအခြင်းအရာက-အနိစ္စလက္ခဏာ။ ဘေးထင်တာက-ဒုက္ခ၊ ဘေးထင်သော အခြင်းအရာက-ဒုက္ခလက္ခဏာ။ အစိုးမရတာက - အနတ္တ၊ အစိုးမရသော အခြင်းအရာက - အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ၊ အသစ်, အသစ် ဖြစ်၍၊ အဟောင်း,အဟောင်း ပျောက်သည်။ ဖြစ်ဖြစ်လာ၍၊ ပျက်ပျက်သွားသည်။ အစ,အစ ပေါ်ပြီး၊အဆုံး,အဆုံး ပျောက်,ပျောက် သွားသည်ဟု ထင်မြင်လာသည်ကို၊ '**ဥဒယဗ္ဗယဉာဏ်**' ထင်သည်ဟု ဆိုရ၏။

မြင်ဆဲ, ကြားဆဲ, နံဆဲ, စားဆဲ, ထိဆဲ, သိဆဲခဏတို့တွင်၊ မှတ်ရာ၌လည်း အတူတူထင်၏။ ထို့ကြောင့်၊—

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ၊ ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

သော ဧဝံ ပါဠိနယေန ဇာတဿ နာမရူပဿ နိဗ္ဗတ္တိလက္ခဏံ ဇာတိံ ဥပ္ပါဒံ အဘိနဝါကာရံ ဥဒယောတိ ဝိပရိဏာမလက္ခဏံ ခယံ ဘင်္ဂံ ဝယောတိ သမနုပဿတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ပစ္စုပ္ပန် ရုပ်,နာမ်, တရားတို့၏။ ဝိပရိဏာမာနုပဿနေပညာ၊ ဖေါက်ပြန်သည်ကို ရှုသော ပညာသည်။ ဥဒယဗ္ဗယာနုပဿနေဉာဏံ။ ဥဒယဗ္ဗယ အနုပဿနာဉာဏ်မည်၏။ ဇာတံ၊ ဖြစ်ဆဲ။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် မည်၏။ တဿ၊ ထို ပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်သောလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်သောလက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ ဖြစ်ပျက်သည်ဟု ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။ ။ ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် အတူတူ။

သော၊ ထိုယောဂီသည်။ ဧဝံ ပါဠိနယေန၊ ဤပါဠိတော်နည်းဖြင့်။ ဇာတဿ၊ ဖြစ်ဆဲသော။ နာမရူပဿ၊ နာမ်,ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်သော လက္ခဏာကို။ ဇာတိန္တိ၊ ဇာတိ ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဥပ္ပါဒန္တိ၊ ဥပ္ပါဒ ဟူ၍။ သမနုပဿတိ၊ ရှု၏။ အဘိနဝါကာရန္တိ၊ **အသစ်** ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဥဒယောတိ၊ ဥဒယ ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဇာတဿ၊ ဖြစ်ဆဲသော။ နာမရူပဿ၊ နာမ်, ရုပ် ၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်သောလက္ခဏာကို။ ခယန္တိ၊ ခယ ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဘင်္ဂန္တိ၊ ဘင်ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝယောတိ၊ ဝယ ဟူ၍။ သမနုပဿတိ၊ ရှု၏။

## ပစ္စုပ္ပန်အာရုံ ထင်ပုံကို ပြခြင်း

ဤသို့ အသစ်, အသစ် ဖြစ်၍၊ အဟောင်း, အဟောင်း ပျောက်သည်ဟု၊ မှတ်တိုင်း,မှတ်တိုင်း အာရုံမှာ၊ ထင်နေသော သူသည်၊ ပစ္စုပ္ပန် ရုပ်,နာမ်တို့၏၊ ဖြစ်ဆဲ, ပျက်ဆဲကို သိ၍ နေသည်ဟု ဆိုရ၏။ ထိုဖြစ်ဆဲ, ပျက်ဆဲ ရုပ်,နာမ် တို့၏ ဖြစ်ပျက်ပုံကား၊ **စောင်း** တီးသောအခါ၊ ဖြစ်ပေါ်လာသော **အသံ** ကဲ့သို့တည်း။

ထင်ရှားစေအံ့။ ။စောင်း တီးသော အခါ၊ ဖြစ်ပေါ်ဆဲသော စောင်းသံ၏၊ မဖြစ်ခင်ရှေးက စောင်းသံ အစုအပုံလည်း မရှိ။ ယခုဖြစ်ဆဲသော စောင်းသံသည်လည်း၊ အစုအပုံမှ လာတာယည်းမဟုတ်၊ ချုပ်ဆဲသော စောင်းသံ သည်လည်း၊ ထိုထို ဤဤ သို့ သွားတယ်လို့ မရှိ။ ချုပ်ပြီးသော စောင်းသံလဲ၊ တခုခုသော နေရာ၌ စုပုံ နေတယ်ဟူ၍ မရှိသလို။ ဤဖြစ်ဆဲသော ရုပ်,နာမ်၏ မဖြစ်ခင်၊ ရှေးက နာမ်အစုအပုံ, ရုပ်အစုအပုံလည်း မရှိ။ ယခု ဖြစ်ဆဲသော နာမ်,ရုပ် ကလဲ၊ အစုအပုံမှ လာတာလည်း မဟုတ်။ ယခု ချုပ်ဆဲသော နာမ်,ရုပ်လဲ၊ထိုထို ဤဤ သို့ သွားတယ်လို့ မရှိ။ ချုပ်ပြီးသော နာမ်,ရုပ်လဲ၊ တခုခုသော နေရာ၌ စုပုံနေတယ် ဟူ၍လည်း မရှိ။ စင်စစ်မှာကား၊ စောင်း, စောင်းကြိုး, တီးခတ်သော ယောက်ျား၏ လုံ့လ ၎င်းသုံးမျိုးကိုစွဲ၍၊စောင်းသံသည် **ရှေးကမဖြစ်** မူ၍၊ ယခု ဖြစ်ကုန်သကဲ့သို့၊ ယခုဖြစ် ကုန်၍၊ ယခုဘဲ ပျောက်ကုန် သကဲ့သို့။ ထို့အတူ၊ အားလုံးသော ရုပ်တရား,နာမ် တရားတို့သည်၊ ရှေးကမဖြစ်ကုန်မူ၍၊ယခု ဖြစ်ကုန်၏။ ယခုဖြစ်ကုန်၍၊ ယခု ပျက်ကုန်၏ဟု သိရာ၏။ ထို့ကြောင့်၊....

> ယထာ ပန ဝီဏာယ ဝါဒိယမာနာယ ဥပ္ပန္နသဒ္ဒဿ နေဝ ဥပ္ပတ္တိတော ပုဗ္ဗေ သန္နိစယော အတ္ထိ၊ န ဥပ္ပဇ္ဇမာနော သန္နိစယတော အာဂတော၊ န နိရုဇ္ဈမာနဿ ဒိသာ ဝိဒိသာဂမနံ အတ္ထိ၊ န နိရုဒ္ဓေါ ကတ္ထစိ သန္နိစိတော တိဋ္ဌတိ၊အထခေါ ဝီဏဉ္စ ဥပဝီဏဉ္စ ပုရိသဿစ တဇ္ဇံ ဝါယာမံ ပဋိစ္စ အဟုတွာ သမ္ဘောတိ၊ ဟုတွာ ပဋိဝေတိ။ ဧဝံ သဗ္ဗေပိ ရူပါရူပိနော ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ဟုတွာ ပဋိဝေန္တိ။
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ယထာ ပန၊ ဥပမာ မည်သည်ကား။ ဝီဏာယ၊ စောင်းကို။ ဝါဒိယမာနယ၊ တီးခတ်အပ်သည်ရှိသော်။ ဥပ္ပန္နသဒ္ဒဿ၊ ဖြစ်သော **စောင်းသံ**၏။ ဥပတ္တိတော၊ ဖြစ်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ အနုပ္ပန္နသဒ္ဒဿ၊ မဖြစ်သေးသော စောင်းသံ၏။ သန္နိစယော၊ ဖြစ်ရာအပေါင်းအစုသည်။ နေဝအတ္ထိ၊ မရှိလင့်ချေ။ ဥပ္ပဇ္ဇမာနော-ဥပ္ပဇ္ဇမာနဿ၊ ဖြစ်ဆဲသော။ သဒ္ဒဿ၊ စောင်းသံ၏။ သန္နိ၎ယတော၊ ဖြစ်စရာအပေါင်းအစုမှ။ အာဂတော၊ လာသည်။ နတ္ထိ၊ မရှိချေ။ နိရုဇ္ဈမာနဿ၊ ချုပ်ဆဲသော။ သဒ္ဒဿ၊ စောင်းသံ၏။ ဒိသာဝိဒိသာဂမနံ၊ အရပ်တပါးသို့ ဖဲသွားသည် မည်သည်။ နတ္ထိ၊ မရှိချေ။ နိရုဒ္ဓေါ၊ ချုပ်ပြီးသော။ သဒ္ဒဿ၊ စောင်းသံ၏။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ သန္နိစိတော၊အပေါင်းအစုသည်။ န တိဋ္ဌတိ၊ မတည်။ အထခေါ၊ စင်စစ်သော်ကား။ ဝီဏဉ္စ၊ စောင်းကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ဥပဝီဏဉ္စ၊ စောင်းကြိုးကိုလည်း။

ပဋိစ္စ၊ စွဲ၍။ ပုရိသဿ၊ ယောက်ျား၏။ တဇ္ဇံ၊ ထိုစောင်းအား လျော်သော။ ဝါယာမဉ္စ၊ လုံ့လကိုလည်း။ ပဋိစ္စ၊ စွဲ၍။ အဟုတွာ၊ ရှေးကမဖြစ်မူ၍။ သမ္ဘောတိ ယထာ၊ ယခုဖြစ်သကဲ့သို့။ ဟုတွာ၊ ယခုဖြစ်၍။ ပဋိဝေတိ ယထာ၊ ယခု ပျက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ရူပါရူပိနော ဓမ္မာ၊ ရုပ် တရား, နာမ်, တရား တို့သည်။ အဟုတွာ၊ ရှေးက မဖြစ်ကုန်မူ၍။ သမ္ဘောန္တိ၊ ယခုဖြစ်ကုန်၏။ ဟုတွာ၊ ယခုဖြစ်ကုန်၍။ ပဋိဝေန္တိ၊ ယခု ပျက်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

## အဖြစ်, အပျက်အချိန်ကာလကို ပြခြင်း

ဤသို့ရုပ်တရား, နာမ်တရားတို့သည်၊ ရှေးကမဖြစ်မူ၍ ယခုဖြစ်ကုန်၏။ ယခု ဖြစ်ကုန်၍လည်း၊ ယခုပျက်ကုန်၏ဟု၊ အမြဲ အသစ်, အသစ်ဖြစ်ကုန်၏ဟု၊ ထင်ကုန်သည်မဟုတ်သေး။ နေထွက်သောအခါ၊ ပျောက်သော နှင်းပေါက်၏ ဖြစ်, ပျောက်သော အချိန်ကာလလောက်ရှင်း။ ရေပွက်သော အခါ၊ ဖြစ်သော ရေပွက်၏ ဖြစ်, ပျောက်သော အချိန်ကာလလောက်ရှင်း။ ရေ၌ တုတ်နှင့် ခြစ်သောအခါ၊ ဖြစ်သော ရေအကြောင်း၏ ဖြစ်, ပျောက်သော အချိန်ကာလလောက်ရှင်း။ စူးဖျား၌မုံညင်းစေ့တင်, ကျသော အချိန်ကာလလောက်ရှင်း။ လျှပ်စစ်ပြက်သော အခါ၊ လျှပ်ပန်းနွယ် ၏ ပေါ်, ပျောက်သော အချိန်ကာလလောက်ရှင်း။ တိုသော တည်မှု အချိန်ကာလစု ရှိသည်ဖြစ်၍၊ သင်္ခါရ ရုပ်, နာမ်တို့၏ ဖြစ်သည်, ပျက်သည်ကို ထင်ကြကုန်၏။ ဤသို့ တိုသော တည်မှု အချိန်ကာလစု၌၊ ထင်မြင်လာသော ရုပ်တရား, နာမ်တရားတို့သည်၊ မျက်လှည့်ထဲ၌ အနှစ်ရှာမရသလို၊ တံလျှပ်ထဲ၌ အနှစ်ရှာမရသလို၊ အိပ်မက်ထဲ၌ အနှစ်ရှာမရသလို၊ မီးစ, စက်ဝန်းထဲ၌၊ အနှစ်ရှာ မရသလို၊ ရေမြှုပ်, ငှက်ပျောတုံး စသည်တို့အထဲ၌၊ အနှစ်ရှာမရသလို၊ ဤဖြစ်, ပျက်နေသော ရုပ်နာမ် သင်္ခါရ အစုတို့ ထဲ၌လည်း အနှစ်မရှိကုန်၊ အနှစ်ကင်းကုန်၏။ ထို့ကြောင့်၊····

ဧဝံ ကိရ နာမိမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ နိရုဇ္ဈန္တီတိ နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ န ကေဝလဉ္စ နိစ္စနဝါ၊ သူရိယုဂ္ဂမနေ **ဥဿာဝ** ဗိန္ဒု ဝိယ ဥဒက ပုပ္ဖုဠော ဝိယ ဥဒကေ ဒဏ္ဍရာဇိ ဝိယ အာရဂ္ဂေ သာသပေါ ဝိယ ဝိဇ္ဇုပ္ပါဒေါ ဝိယ စ ပရိတ္တဋ္ဌာယိနော။ မာယာ, မရီစိ, သုပိနန္တ, အလာတစက္က, ဂန္ဓဗ္ဗနဂရ, ဖေဏ, ကဒလိအာဒယော ဝိယ အသာရာ နိဿာရာတိ စာပိ ဥပဋ္ဌဟန္တိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဍုမေ ဓမ္မာ၊ ဤသဘောတရားတို့သည်။ အနုပ္ပန္နပုဗ္ဗာ၊ ရှေးကမဖြစ်ဘူးကုန်ဘဲ။ ဥပ္ပဇ္ဇန္တိ ကိရနာမ၊ ယခုဖြစ်ကုန်သတတ်။ ဥပ္ပန္နာ၊ ယခုဖြစ်ကုန်သော။ဍုမေ ဓမ္မာ၊ဤသဘောတရားတို့သည်။ နိရုဇ္ဈန္တိ ကိရနာမ၊ ယခုချုပ်ကုန်သတတ်။ ဍုတိ၊ဤသို့။ နိစ္စနဝါဝ၊ အမြဲ အသစ်,အသစ်တို့သည်သာလျှင်။ ဟုတွာ၊ ဖြစ်ကုန်၍။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ကေဝလဥ္စ၊ သက်သက်လည်း။ နိစ္စနဝါ၊ အမြဲအသစ်,အသစ်တို့သည်။ ဟုတွာ၊ဖြစ်ကုန်၍။သင်္ခါရာ၊ သင်္ခါရတို့သည်။ န ဥပဋ္ဌဟန္တိ၊ ထင်ကုန်သည်မဟုတ်သေး။ သူရိယုဂ္ဂမနေ၊ နေထွက်သောအခါ၌။ ဥဿာဝဗိန္ဒုဝိယ၊ ကျသော နှင်းပေါက်ကဲ့သို့။ ဥဒကပုပ္ဖုဠောဝိယ၊ ရေပွက်ကဲ့သို့။ ဥဒကေ၊ ရေ၌။ဒဏ္ဍရာဇိဝိယ၊တံကျစ်ရေးသကဲ့သို့။ အာရဂ္ဂေ၊ စူးဖျား၌။သာသပေါဝိယ၊ မုံညင်းစေ့ကဲ့သို့။ ဝိဇ္ဇုပ္ပါဒေါဝိယ၊ လျှပ်စစ်နွယ်ကဲ့သို့။ ပရိတ္တဋ္ဌာယိနော၊ နည်းသော တည်ရာ ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ မာယာ၊ မျက်လှည့်။ မရီစိ၊ တံလျှပ်။ သုပိနန္တ၊ အိပ်မက်။ အလာတစက္က၊ မီးစစက်။ ဂန္ဓဗ္ဗနဂရ၊ နတ်မြို့။ ဖေဏ၊ ရေမြှုပ်။ ကဒလိအာဒယောဝိယ၊ ငှက်ပျောတုံး စသည်ဘို့ကဲ့သို့။အဿာရာ၊ အနှစ်မဟုတ်ကုန်။ နိဿာရာ၊ **အနှစ်မရှိကုန်**။ ဍုတိစာဝိ၊ ဤသို့လည်း။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

**ဥဒယဗ္ဗယဥာဏ်ပြီး၏။**

## ဘင်္ဂဥာဏ်ပေါ်ပုံကို ပြခြင်း

သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်းဟု ဆိုအပ်သော ဍုရိယာပုထ် ၄-ပါးတို့၌၊ မှတ်ခိုက်,မှတ်ခိုက် ရှုမှတ်သောသူ၏ **အာရုံမှာ**၊အသစ်,အသစ်ဖြစ်၍၊ အဟောင်း, အဟောင်းပျောက်သည်။ ဖြစ်, ဖြစ်လာ၍၊ ပျက်, ပျက်သွားသည်။ အစ, အစပေါ်ပြီး၊ အဆုံး,အဆုံး ချုပ်သည်ဟု၊ ထင်ပါများသောသူသည်၊—

(၁) သွား,သွားတယ် မှတ်သဖြင့်၊ သွားသော အမူအရာ၌၊ ကုန်တယ်,**ပျက်တယ်**,ပြိုတယ်,ချုပ်တယ် ဟူ၍သာမြင်၏။

(၂) ရပ်,ရပ်တယ် မှတ်သဖြင့်၊ ရပ်သော အမူအရာ၌၊ **ကုန်တယ်**, ပျက်တယ်,ပြိုတယ်,ချုပ်တယ် ဟူ၍သာ မြင်၏။

(၃) ထိုင်,ထိုင်တယ်မှတ်သဖြင့်၊ထိုင်သောအမူအရာ၌၊ကုန်တယ်, ပျက်တယ်,ပြိုတယ်,ချုပ်တယ် ဟူ၍သာ မြင်၏။

(၄) အိပ်, အိပ်တယ် မှတ်သဖြင့်၊ အိပ်သော အမူအရာ၌၊ ကုန်တယ်,ပျက်တယ်,ပြိုတယ်,**ချုပ်တယ်** ဟူ၍သာ မြင်၏။

ထိုလေးပါးဘို့တွင်၊ သွား, သွားတယ်ဟု မှတ်သဖြင့်၊ သွားသော အမူအရာ၌၊ ကုန်တယ်, ပျက်တယ်, ပြိုတယ်, ချုပ်တယ်ကိုသာ မြင်ရာ၌။ ကုန်တာ, ပျက်တာ,ပြိုတာ, ချုပ်တာက **အနိစ္စ**၊ ကုန်တယ်, ပျက်တယ်, ပြိုတယ်,ချုပ်တယ်သင်တာက အနိစ္စ **ထင်တာ**။အနိစ္စ ထင်တုန်း–နိစ္စပျောက်၊ ဒုက္ခ ထင်တုန်း– သုခပျောက်၊ အနတ္တထင်တုန်း–အတ္တ ပျောက်၊ ငြီးငွေ့နေတုန်း–နန္ဒီပျောက်၊ မတပ်မက်တုန်း – ရာဂပျောက်၊ ချုပ်တာမြင်တုန်း ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသောသူ၏ အာရုံမှာ၊ ရေပွက်ကဲ့သို့ငင်း၊ တံလျှပ်ကဲ့သို့ငင်း၊ ရေအစဉ်စီး ကျသကဲ့သို့ငင်း၊မီးအလျှံ တက်ကြွသကဲ့သို့ ငင်း၊ ကုန်သည်,ပျက်သည်,ပြိုသည်,ချုပ်သည်ဟု မပြတ်မြင်၍ နေသည်ကို၊ **'ဘင်္ဂဉာဏ်'** ထင်သည်ဟု ဆိုရ၏။

ရပ်,ရပ်တယ် မှတ်သဖြင့်၊ ရပ်သော အမူအရာ၌၊ ကုန်တယ်, ပျက်တယ်,ပြိုတယ်,ချုပ်တယ်ကိုသာမြင်ရာ၌။ ကုန်တာ,ပျက်တာ,ပြိုတာ,ချုပ်တာက–**အနိစ္စ**၊ကုန်တယ်,ပျက်တယ်,ပြိုတယ်,ချုပ်တယ်ထင်တာက–အနိစ္စ **ထင်တာ**။ အနိစ္စထင်တုန်း-နိစ္စပျောက်၊ ဒုက္ခထင်တုန်း-သုခပျောက်၊အနတ္တထင်တုန်း–အတ္တပျောက်၊ ငြီးငွေ့နေတုန်း – နန္ဒီပျောက်၊ မတပ်မက်တုန်း–ရာဂပျောက်၊ ချုပ်တာမြင်တုန်း- ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသောသူ၏ အာရုံမှာ၊ရေပွက်ကဲ့သို့ငင်း၊ တံလျှပ်ကဲ့သို့ငင်း၊ ရေအစဉ် စီးကျသကဲ့သို့ငင်း၊ မီးအလျှံတက်ကြွသကဲ့သို့ငင်း၊ကုန်သည်,ပျက်သည်,ပြိုသည်,ချုပ်သည်ဟု မပြတ်မြင်၍ နေသည်ကို၊ **'ဘင်္ဂဉာဏ်'** ထင်သည်ဟု ဆိုရ၏။

ထိုင်, ထိုင်တယ် မှတ်သဖြင့်၊ ထိုင်သော အမူအရာ၌၊ ကုန်တယ်, ပျက်တယ်,ပြိုတယ်,ချုပ်တယ်ဟုသာမြင်ရာ၌၊ ကုန်တာ,ပျက်တာ,ပြိုတာ, ချုပ်တာက–**အနိစ္စ**၊ ကုန်တယ်,ပျက်တယ်,ပြိုတယ်,ချုပ်တယ် ထင်တာက–အနိစ္စ**ထင်တာ**။ အနိစ္စထင်တုန်း– နိစ္စပျောက်၊ ဒုက္ခထင်တုန်း–သုခပျောက်၊ အနတ္တထင်တုန်း– အတ္တပျောက်၊ ငြီးငွေ့နေတုန်း– နန္ဒီပျောက်၊မတပ်မက်တုန်း- ရာဂပျောက်၊ ချုပ်တာမြင်တုန်း–ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသောသူ၏ အာရုံမှာ၊ ရေပွက်သို့ငင်း၊ တံလျှပ်ကဲ့သို့ငင်း၊ ရေအစဉ် စီး

ကျသကဲ့သို့၎င်း၊ မီးအလျှံတက်ကြွသကဲ့သို့၎င်း၊ ကုန်သည်, ပျက်သည်, ပြို သည်, ချုပ်သည်ဟု မပြတ် ထင်နေ သည်ကို၊ **'ဘင်္ဂဉာဏ်'** ထင်သည်ဟု ဆိုရ၏။

အိပ်, အိပ်တယ် မှတ်သဖြင့်၊ အိပ်သော အမူအရာ၌၊ ကုန်တယ်, ပျက်တယ်,ပြိုတယ်,ချုပ်တယ် ဟုသာမြင်ရာ၌။ ကုန်တာ,ပျက်တာ,ပြိုတာ, ချုပ်တာက-**အနိစ္စ**၊ ကုန်တယ်,ပျက်တယ်,ပြိုတယ်,ချုပ်တယ် ထင်တာက- အနိစ္စ **ထင်တာ**။ အနိစ္စထင်တုန်း-နိစ္စပျောက်၊ ဒုက္ခထင်တုန်း-သုခပျောက်၊ အနတ္တထင်တုန်း- အတ္တပျောက်၊ ငြီးငွေ့နေတုန်း-နန္ဒီပျောက်၊ မတပ်မက်တုန်း- ရာဂပျောက်၊ ချုပ်တာမြင်တုန်း- ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲ သောသူ၏ အာရုံမှာ၊ ရေပွက်ကဲ့သို့၎င်း၊ တံလျှပ်ကဲ့သို့၎င်း၊ ရေအစဉ် စီးကျသကဲ့သို့၎င်း၊ မီးအလျှံတက်ကြွသကဲ့သို့၎င်း၊ ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု မပြတ် ထင်နေ သည်ကို၊ 'ဘင်္ဂဉာဏ်' ထင်သည်ဟု ဆိုရ၏။ ထို့ကြောင့်-မြင်သောခဏ, ကြားသောခဏ, နံသောခဏ, စားသောခဏ, ထိသောခဏ, သိသောခဏ တို့၌လည်း၊ အတူတူပင် ထင်မြင် ကြကုန်၏။ ထို့ကြောင့်၊—

> ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံဝါ ဌိတိံဝါ ပဝတ္တံဝါ နိမိတ္တံဝါ န သမ္ပာပုဏာတိ။ ခယ ဝယ ဘေဒ နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ တဿေဝံ ဥပ္ပဇ္ဇိတွာ ဝေိနာသ သင်္ခါရဂတံ နိရုဇ္ဈတိတိ ပဿတော ဧတသ္မိံ ဌာနေ ဘင်္ဂါ နုပဿနံ နာမ **ဝိပဿနာဉာဏံ** ဥပ္ပဇ္ဇတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။
>
> အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟာတိ။ ဒုက္ခတော အနုပဿန္တော သုခသညံ၊ အနတ္တတော အနုပဿန္တော အတ္တ သညံ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ၊ ဝိရဇ္ဇန္တော ရာဂံ၊ နိရောဓေန္တော သမုဒယံ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟာတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်စွာ။ ဝဟန္တေ၊ ရွက်ဆောင်သည်ရှိသော်။ သင်္ခါရေသု၊ သင်္ခါရတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည် ရှိသော်။ ဥပ္ပါဒံဝါ၊ ဖြစ်ခြင်းကို၎င်း။ ဌိတိံဝါ၊ တည်ခြင်းကို၎င်း။ ပဝတ္တံဝါ၊ အစဉ်မပြတ် စပ်ခြင်းကို၎င်း။ နိမိတ္တံဝါ၊ မိမိကိုယ်ဟု ထင်သော အမှတ် နိမိတ်ကို၎င်း။ န သမ္ပါပုဏာတိ၊ မမှီနိုင်။ ခယ ဝယ ဘေဒ နိရောဓေယေဝ၊ **ကုန်** သောသဘော, **ပျက်** သော သဘော, ပြိုသော

သဘော, **ချုပ်** သောသဘော၌ သာလျှင်။ သတိ၊ ထင်သော သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ ဧဝံနာမ သမ်ါရဂတံ၊ ဤမည်သော သင်္ခါရ အပေါင်းသည်။ ဧဝံ၊ ဤသို့။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုယောဂီအား၊ ဧကသ္မိံ ဌာနေ၊ တခုသော ဌာန၌။ ဘင်္ဂါနုပဿနံ နာမ၊ ဘင်္ဂါနုပဿနာမည်သော။ ဝိပဿနာဉာဏံ၊ **ဝိပဿနာဉာဏ်** သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အနိစ္စတော၊ မမြဲဟု။ အနုပဿန္တော၊ ရှု၍မြင်သည်ရှိသော်။ နိစ္စသညံ၊ နိစ္စသညာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှု၍မြင်သည်ရှိသော်။ သုခသညံ၊ သုခသညာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ အနတ္တတော၊ အစိုးမရဟု။ အနုပဿန္တော၊ ရှု၍မြင်သည်ရှိသော်။ အတ္တသညံ၊ အတ္တသညာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိံ၊ **နန္ဒီတဏှာ** ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဝိရဇ္ဇန္တော၊ တပ်မက်ကင်းသည်ရှိသော်။ ရာဂံ၊ ရာဂကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ နိရောဓေန္တော၊ ချုပ်စေသည်ရှိသော်။ သမုဒယံ၊ အသစ်အသစ်ကျ အနုသယ သမုဒယသစ္စာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ပဋိနိဿဇ္ဇန္တော၊ တဖန်ကို စွန့်သည်ရှိသော်။ အာဒါနံ၊ အသစ်, အသစ် တဖန် **ပရိယုဋ္ဌာန်** ကို။ ပဇဟတိ၊ ပယ်စွန့်၏။

## ခန္ဓာသာ ပျက်ပုံကို ပြခြင်း

ဤသို့ ရှုမှတ်သော သူ၏ အာရုံမှာ၊ ရေပွက်ကဲ့သို့ဂင်း၊ တံလျှပ်ကဲ့သို့ဂင်း၊ ရေအစဉ် စီးကျသကဲ့သို့ဂင်း၊ မီးအလျှံတက်ကြွ သကဲ့သို့ဂင်း၊ ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု မပြတ်မြင်၍ နေခြင်းသည်၊ ခန္ဓာငါးပါးတို့၏ အပျက်, အပြို, အကုန်, အချုပ် တို့ပင်တည်း။ ခန္ဓာငါးပါး ပျက်ခြင်းမှ တပါးသောတရား ရှိလည်းမရှိ။ ခန္ဓာတို့၏ ပျက်ခြင်းကို၊ **သေသည်** ဟု ဆို၏။ ရွှံကို စိန်သွားဖြင့် ဖေါက်သောအခါ၊ အသင့်အားဖြင့် ရှုမြင် သကဲ့သို့၊ မမေ့မလျော့သော သတိနှင့်ပြည့်စုံသော သူသည်၊ ထို ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၏ အပျက်ကိုမြင်ကြရာ၏။ ထို့ကြောင့်၊—

ခန္ဓာ နိရုဇ္ဈန္တိ န စတ္ထိ အညော၊
ခန္ဓာနံ ဘေဒေါ မရဏန္တိ ဝုစ္စတိ။

တေသံ ခယံ ပဿတိ အပ္ပမတ္တော၊
မဏိံဝ ဝိဇ္ဈံ ဝဇိရေန ယောနိသောတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ခန္ဓာ၊ ခန္ဓာ တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ အညော၊ ခန္ဓာမှ တပါးသော သဘောတရားသည်။ နစ အတ္ထိ၊ ရှိလည်းမရှိ။ ခန္ဓာနံ၊ ခန္ဓာ တို့၏။ ဘေဒေါ၊ ပျက်ခြင်းကို။ မရဏန္တိ၊ မရဏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မဏိံ၊ ရွဲကို။ ဝိဇ္ဈံ-ဝိဇ္ဈန္တော၊ ဖေါက်ထွင်းသော ယောကျ်ားသည်။ ဝဇိရေန၊ စိန်သွားဖြင့်။ ဝိဇ္ဈံ၊ ဖေါက်ထွင်းသည်ကို။ ယောနိသော၊ အသင့်အားဖြင့်။ ပဿတိဣဝ၊ ရှုမြင်သကဲ့သို့။ ဧဝံတတော၊ ထို့အတူ။ အပ္ပမတ္တော၊ မမေ့ မလျော့သောသူသည်။ တေသံ၊ ထိုသင်္ခါရတို့၏။ ခယံ၊ ကုန်ခြင်းကို။ ပဿတိ၊ ရှုမြင်၏။ ဣတိဧဝံ၊ ဤသို့။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

## အာနိသင် ၈-ပါး ဘင်္ဂဥာဏ်ထင်၍ရှိပုံကို ပြခြင်း

ဤသို့ အလုံးစုံသော ရုပ်,နာမ်,ခန္ဓာ,သင်္ခါရတို့သည် ပျက်စီးကုန်၏။ ပျက်စီးကုန်၏ဟု မပြတ်မြင်သောသူအား–

(၁) ဘဝ၌ **အယူမှား** ကို ပယ်ခြင်း။

(၂) အသက်၌ **တပ်မက်** သော တဏှာကို စွန့်ခြင်း။

(၃) အခါခပ်သိမ်း **ဝိပဿနာ** ကို အားထုတ်ခြင်း။

(၄) **အသက်** မွေးခြင်း၌ စင်ကြယ်ခြင်း။

(၅) **စိုးရိမ်** ကြောင့်ကြ ပျောက်ခြင်း။

(၆) **အကြောက်** ကင်းခြင်း။

(၇) **သည်းခံ** နိုင်သော စိတ်နှလုံးကို ရခြင်း။

(၈) **မွေ့** လျော်ခြင်း, **မမွေ့** လျော်ခြင်း၌ သည်းခံနိုင်ခြင်း။

ဟု ဆိုအပ်သော ဤအကျိုး (၈) ပါးနှင့် ပြည့်စုံသော ဘင်္ဂါနုပဿနာဉာဏ်ကိုရ၏။ ဤသို့ဂုဏ်အားဖြင့် မြတ်သော အကျိုး (၈) ပါးကို မြင်၍၊ သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ခြင်းငှါ၊ အပျက်ထင်အောင်

ရှုမြင်နိုင်သော အလေ့သဘော ရှိသော ယောဂီသည်၊ ဦးရစ်ခေါင်းပေါင်း ဥဏှောင်း ၌ မီးလောင်သကဲ့သို့၊ ထိုအပျက်တရား၌၊ အဖန်တလဲလဲ သုံးသပ်ပွါးများရာ၏။ ထို့ကြောင့်၊-

ဇုမာနိ အဋ္ဌဂ္ဂုဏမုတ္တမာနိ၊
ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ။
အာဒိတ္တ စေလဿိရသူပမော မုနိ၊
ဘင်္ဂါနုပဿီ အမတဿ ပတ္တိယာတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဂုဏမုတ္တမာနိ၊ ဂုဏ်အားဖြင့် မြတ်ကုန်သော။ ဇုမာနိ အဋ္ဌ အာနိသံသာနိ၊ ဤ(၈)ပါးသော အာနိသင် တို့ကို။ ဒိသွာ၊ မြင်၍။ အမတဿ၊ သေခြင်းကင်း သော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ဘင်္ဂါနုပဿီ၊ အပျက်ဟု ရှုမြင်နိုင်သော အလေ့သဘော ရှိသော။ အာဒိတ္တ စေလဿိ ရသူပမော၊ မီးလောင်သော ဦးရစ်ခေါင်းပေါင်း ဦးခေါင်းလျှင် ဥပမာ ရှိသော။ မုနိ၊ ရဟန်းသည်။ တဟိံဘင်္ဂေ၊ ထိုအပျက်၌။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သမ္မသတေ၊ သုံးသပ်ရာ၏။ ဇုတိဧဝံ၊ ဤသို့။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

**ဘင်္ဂါနုပဿနာဥာဏ်ပြီး၏။**

## ဘယ,အာဒီနဝ,နိဗ္ဗိဒါဉာဏ် ပေါ်ပုံ ပြခြင်း

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် ၄-ပါးတို့၌၊ ရှုမှတ်သောသူ၏ အာရုံမှာ၊ ရေပွက်ကဲ့သို့ရင်း၊ တံလျှပ်ကဲ့သို့ရင်း၊ ရေအစဉ် စီးကျသကဲ့သို့ရင်း၊ မီးအလျှံတက်ကြွ သကဲ့သို့ရင်း၊ ကုန်သည်,ပျက်သည်,ပြိုသည်,ချုပ်သည်ဟု ထင်ပါများသောသူသည်။

(၁) သွား, သွားတယ် မှတ်သော အမှုအရာ၌၊ ကုန်တာ မြင်သဖြင့် ဘေးထင်၏၊ ဘေး ထင်သော ကြောင့် – **'ဘယဉာဏ်'**။ ကုန်တာမြင်သဖြင့် အပြစ် ထင်၏၊ အပြစ် ထင်သောကြောင့် – **'အာဒီနဝဉာဏ်'**။ ကုန်တာ မြင်သဖြင့် ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့်– **'နိဗ္ဗိဒါဉာဏ်'**ဟု ဆိုရ၏။

(၂) ရပ်, ရပ်တယ် မှတ်သော အမှုအရာ၌၊ ကုန်တာ မြင်သဖြင့် ဘေးထင်၏၊ ဘေးထင်သောကြောင့်-'ဘယဉာဏ်'။ ကုန်တာ မြင်သဖြင့် အပြစ်ထင်၏၊ အပြစ် ထင်သောကြောင့်- 'အာဒီနဝဉာဏ်'။ ကုန်တာမြင်သဖြင့် ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့်- 'နိဗ္ဗိဒါဉာဏ်'ဟု ဆိုရ၏။

(၃) ထိုင်, ထိုင်တယ် မှတ်သော အမှုအရာ၌၊ ကုန်တာ မြင်သဖြင့် ဘေးထင်၏၊ ဘေးထင် သောကြောင့် – 'ဘယဉာဏ်'။ ကုန်တာ မြင်သဖြင့် အပြစ်ထင်၏၊ အပြစ်ထင်သောကြောင့်- 'အာဒီနဝဉာဏ်'။ ကုန်တာ မြင်သဖြင့် ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့်- 'နိဗ္ဗိဒါဉာဏ်'ဟု ဆိုရ၏။

(၄) အိပ်, အိပ်တယ် မှတ်သော အမှုအရာ၌၊ ကုန်တာမြင်သဖြင့် ဘေးထင်၏၊ ဘေးထင်သောကြောင့်- 'ဘယဉာဏ်'။ ကုန်တာ မြင်သဖြင့် အပြစ်သင်၏၊ အပြစ်ထင်သောကြောင့် – 'အာဒီနဝဉာဏ်'။ ကုန်တာမြင်သဖြင့် ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့် – 'နိဗ္ဗိဒါဉာဏ်'ဟု ဆိုရ၏။

ထိုလေးပါးတို့တွင်၊ သွားသော ခဏ၊ သွား, သွားတယ် မှတ်သဖြင့် ဘေးထင်ရာ၌။ကုန်ခြင်းအစဉ်က၊ဒုက္ခထင်တာ၊ဒုက္ခထင်သဖြင့်–ပဝတ္တဘေး။ ကုန်ခြင်း အဆုံးက အနိစ္စထင်တာ၊ အနိစ္စထင်သဖြင့်- နိမိတ္တဘေး။ အစဉ်အဆုံး ထင်တာက အနတ္တ ထင်တာ၊ အနတ္တထင်သဖြင့် – နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ၊အပြစ်မြင်တာက-'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ၊ ငြီးငွေ့တာက-'နိဗ္ဗိဒါဉာဏ်'။

ရပ်သောခဏ၊ ရပ်, ရပ်တယ် မှတ်သဖြင့် ဘေးထင်ရာ၌။ ကုန်ခြင်းအစဉ်က- ဒုက္ခထင်တာ၊ဒုက္ခထင်သဖြင့်-ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက- အနိစ္စထင်တာ၊ အနိစ္စ ထင်သဖြင့်–နိမိတ္တဘေး။ အစဉ်အဆုံးထင်တာက- အနတ္တထင်တာ၊ အနတ္တ ထင်သဖြင့်–နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ၊ အပြစ်မြင်တာက- 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ- ငြီးငွေ့တာ၊ ငြီးငွေ့တာက–'နိဗ္ဗိဒါဉာဏ်'။

ထိုင်သောခဏ၊ ထိုင်, ထိုင်တယ် မှတ်သဖြင့် ဘေးထင်ရာ၌။ ကုန်ခြင်းအစဉ်က- ဒုက္ခထင်တာ၊ ဒုက္ခထင်သဖြင့်–ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက-အနိစ္စထင်တာ၊အနိစ္စထင်သဖြင့်–နိမိတ္တဘေး။ အစဉ်အဆုံးထင်တာက- အနတ္တထင်တာ၊ အနတ္တထင်သဖြင့်–နှစ်ပါးစုံဘေး။ ဘေးထင်၍သာ- အပြစ်မြင်တာ၊ အပြစ်မြင်တာက - 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ၊ ငြီးငွေ့တာက-'နိဗ္ဗိဒါဉာဏ်'။

အိပ်သောခဏ၊အိပ်,အိပ်တယ် မှတ်သဖြင့် ဘေးထင်ရာ၌။ကုန်ခြင်း အစဥ်က- ဒုက္ခထင်တာ၊ ဒုက္ခထင်သဖြင့်-ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက- အနိစ္စထင်တာ၊ အနိစ္စထင်သဖြင့်-နိမိတ္တဘေး။ အစဥ်အဆုံး ထင်တာက- အနတ္တထင်တာ၊ အနတ္တထင်သဖြင့်-နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ် မြင်တာ၊အပြစ်မြင်တာက- **'အာဒီနဝဉာဏ်'**။အပြစ်မြင်၍သာ ငြီးငွေ့တာ၊ ငြီးငွေ့တာက- **'နိဗ္ဗိဒါဉာဏ်'** ။ဤသို့ 'ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါ ဉာဏ်'။ ဤဉာဏ် ၃-ဉာဏ် တို့သည်၊ အမည် အားဖြင့် ကွဲသော် လည်း၊ သဘောတခုတည်းသာ ဖြစ်ကြကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။-

> ယာစ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေဉာဏံ၊ ယာစ
> နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနန္တိ။ ။
>
> ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

ယာစ ဘယတု ပဋ္ဌာနေ ပညာ၊ အကြင် ဘယတု ပဋ္ဌာနဉာဏ် လည်း တပါး။ယဉ္စ အာဒီနဝေဉာဏံ၊ အကြင်အာဒီနဝဉာဏ်လည်း တပါး။ ယာစ နိဗ္ဗိဒါ၊အကြင်နိဗ္ဗိဒါဉာဏ်လည်း တပါး။ ဣမေ ဓမ္မာ၊ဤတရား သုံး ပါးတို့သည်။ ဧကတ္ထာ၊ တူသော အနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသာ လျှင်။ **နာနံ၊**မတူ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်ပြီး၏။**

## မုဉ္စိတုကမျတာ,ပဋိသင်္ခါ,သင်္ခါရုပေက္ခာဉာဏ် ပေါ်ပုံကို ပြခြင်း

သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း,ဟု ဆိုအပ်သော ဣရိယာ ပုထ် ၄-ပါးတို့၌၊ ရှုမှတ်ဆဲသောသူ၏ အာရုံမှာ၊ ရေပွက်ကဲ့သို့ရင်း၊ တံ လျှပ်ကဲ့သို့ရင်း၊ ရေအစဥ် စီးကျသကဲ့သို့ရင်း၊ မီးအလျှံ တက်ကြွ သကဲ့သို့ ရင်း၊ ကုန်သည်, ပျက်သည်,ပြိုသည်, ချုပ်သည်ဟု ထင်ပါများသဖြင့်၊ ဘေးထင်, အပြစ်မြင်, ငြီးငွေ့ပါများသောသူသည်။

(၁) သွားသောခဏ၊သွား,သွားတယ် မှတ်သဖြင့် **လွတ်လို**၊လွတ်လို သောကြောင့်-'မုဉ္စိတုကမျတာဉာဏ်'။လွတ်လိုသဖြင့်-မလွတ်, **လွတ်အောင်**

ဆင်ခြင်၊ မလွတ်, လွတ်အောင် ဆင်ခြင်သောကြောင့်- 'ပဋိသင်္ခါဉာဏ်'။ မလွတ်သဖြင့် **အညီအညွတ်ရှု**၊ အညီအညွတ် ရှုသောကြောင့် – 'သင်္ခါရုပေက္ခာဉာဏ်' ဟုဆိုရ၏။

(၂) ရပ်သောခဏ၊ ရပ်, ရပ်တယ် မှတ်သဖြင့် လွတ်လို၊ လွတ်လိုသောကြောင့်–'**မုဋ္ဌိတုကမျတာဉာဏ်**'။လွတ်လိုသဖြင့်-မလွတ်,**လွတ်အောင်** ဆင်ခြင်၊ မလွတ်, လွတ်အောင် ဆင်ခြင်သောကြောင့်- '**ပဋိသင်္ခါဉာဏ်**'။ မလွတ်သဖြင့် အညီအညွတ်ရှု၊ အညီအညွတ် ရှုသောကြောင့် – **သင်္ခါရုပေက္ခာဉာဏ်**'ဟု ဆိုရ၏။

(၃) ထိုင်သောခဏ၊ ထိုင်,ထိုင်တယ် မှတ်သဖြင့် လွတ်လို၊**လွတ်လို** သောကြောင့်-'မုဋ္ဌိတုကမျတာဉာဏ်'။လွတ်လိုသဖြင့်-မလွတ်,**လွတ်အောင်** ဆင်ခြင်၊ မလွတ်, လွတ်အောင် ဆင်ခြင်သောကြောင့်– 'ပဋိသင်္ခါဉာဏ်'။ မလွတ်သဖြင့် အညီအညွတ်ရှု၊ **အညီအညွတ်** ရှုသောကြောင့်-'သင်္ခါရုပေက္ခာဉာဏ်' ဟုဆိုရ၏။

(၄) အိပ်သောခဏ၊အိပ်,အိပ်တယ် မှတ်သဖြင့် လွတ်လို၊လွတ်လို သောကြောင့်-'**မုဋ္ဌိတုကမျတာဉာဏ်**'။လွတ်သလိုဖြင့်-မလွတ်,လွတ်အောင် ဆင်ခြင်၊ မလွတ်, လွတ်အောင် ဆင်ခြင်သောကြောင့်–'**ပဋိ သင်္ခါဉာဏ်**'။ မလွတ်သဖြင့် အညီအညွတ်ရှု၊ အညီအညွတ်ရှုသောကြောင့်– '**သင်္ခါရုပေက္ခာ** ဉာဏ်'ဟုဆိုရ၏။

မြင်သောခဏ, ကြားသောခဏ, နံသောခဏ, စားသောခဏ, ထိသောခဏ,သိသောခဏ တို့၌လည်း၊ အတူတူထင်၏။

ဤသို့ မုဋ္ဌိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဤဉာဏ် ၃-ပါးတို့သည်၊အမည်အားဖြင့် ကွဲသော်လည်း၊သဘော တခုတည်းသာ ဖြစ်ကြကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ထို့ကြောင့်—

> ယာစ မုဋ္ဌိတုကမျတာ၊ ယာစ ပဋိသင်္ခါနုပဿနာ၊ ယာစ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကဏ္ဍာ၊ ဗျဉ္ဇနမေဝ နာနန္တိ။ ။
>
> ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ယာစ မုဋ္ဌိတုကမျတာ၊ အကြင် မုဋ္ဌိတုကမျတာဉာဏ်လည်းတပါး။ ယာစ ပဋိသင်္ခါနုပဿနာ၊ အကြင်ပဋိသင်္ခါနုပဿနာဉာဏ်လည်း တပါး။ ယာစ သင်္ခါရုပေက္ခာ၊အကြင်သင်္ခါရုပေက္ခာဉာဏ်လည်း တပါး။ဣမေဓမ္မာ,

ဤတရား ၃–ပါးတို့သည်။ ကေတ္တာ၊ တူသော အနက်ရှိကုန်၏။ဗျဉ္ဇနမေဝ၊ သဒ္ဒါသာလျှင်။ နာနံ၊မတူ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,
သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

## အနုလောမဉာဏ်,ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်ပေါ်ပုံ ပြခြင်း

### အနိစ္စဖြင့် မဂ်ဝင်ပုံ

သွား,သွားတယ် မှတ်သဖြင့်၊ သွား,ကုန်တယ်ဟု ထင်ရာ၌၊ သွား, က–ရုပ်၊ သွားတယ်,က–နာမ်။ ဤရုပ်,နာမ်က–သွားတာဘဲ၊ သွား,သွား တယ် မှတ်တာက-ဝိပဿနာဉာဏ်ဘဲ၊ သွားကုန်တာက- အနိစ္စဘဲ၊ ကုန် တယ် ထင်တာက - အနိစ္စထင်တာဘဲ။ အနိစ္စထင်၊ နိစ္စကိုမြင်မှ မဂ်ဝင် တာဘဲ။ ထို့ကြောင့်–

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလ ဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ နိယာမံ ဩက္ကမတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။အနိစ္စတော၊မမြဲဟု။ပဿန္တော၊ မြင်သည်ရှိသော်။ အနုလောမိကံခန္တိံ၊ **အနုလောမခန္တီဉာဏ်ကို**။ ပဋိလ ဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်း သည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ **နိဗ္ဗာန်တည်း**။ ဣတိ၊ဤသို့။ ပဿန္တော၊မြင် သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။ ။**ဤကား အနိစ္စနှင့်ဝင်သော မဂ်တည်း**။

ရုပ်ဆဲ,ထိုင်ဆဲ,အိပ်ဆဲ,မြင်ဆဲ,ကြားဆဲ,နံဆဲ,စားဆဲ,ထိဆဲ,သိဆဲ တို့၌လည်း၊ အတူတူပင်။

### ဒုက္ခဖြင့် မဂ်ဝင်ပုံ

သွား,သွားတယ် မှတ်သဖြင့်၊သွား,ဘေးဟု ထင်ရာ၌၊သွားက–ရုပ် သွားတယ်က - နာမ်။ ဤရုပ်, နာမ်က- သွားတာဘဲ၊ သွား, သွားတယ်

မှတ်တာက - ဝိပဿနာဉာဏ်ဘဲ၊ သွား, ဘေးက- ဒုက္ခဘဲ၊ ဘေးထင်တာ က-ဒုက္ခ ထင်တာဘဲ။ ဒုက္ခထင်၊ သုခကိုမြင်မှ မဂ်ဝင်တာဘဲ။ ထို့ကြောင့်—

> ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိ-တော်။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာ တို့ကို။ ဒုက္ခတော၊ ဆင်းရဲဟု။ ပဿန္တော၊ မြင်သည် ရှိသော်။ အနုလောမိကံခန္တိံ၊ **အနုလောမ ခန္တိ** ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ **နိဗ္ဗာန်** တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။ **။ဤကား ဒုက္ခနှင့်ဝင်သော အပ္ပဏိဟိတမဂ်တည်း။**

ရုပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ,မြင်ဆဲ,ကြားဆဲ,နံဆဲ,စားဆဲ,ထိဆဲ,သိဆဲ တို့၌လည်း၊ အတူတူပင်။

---

## အနတ္တဖြင့် မဂ်ဝင်ပုံ

သွား,သွားတယ် မှတ်သဖြင့်၊ သွား,ဆိတ်သည်ဟု ထင်ရာ၌၊ သွား က-ရုပ်၊ သွားတယ်,က-နာမ်။ ဤ ရုပ်,နာမ်က-သွားတာဘဲ၊ သွား, သွား တယ် မှတ်တာက - ဝိပဿနာဉာဏ်ဘဲ၊ သွား, ဆိတ် တာ က- အနတ္တဘဲ၊ ဆိတ်တယ် ထင်တာက-အနတ္တ ထင်တာဘဲ။ အနတ္တထင်၊ ပရမတ္ထကိုမြင်မှ မဂ်ဝင်တာဘဲ။ ထို့ကြောင့်-

> ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိံပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာ တို့ကို။ အနတ္တတော၊ အစိုးမရဟု။ ပဿန္တော၊ မြင်သည်ရှိသော်။ အနုလောမိကံခန္တိံ၊ **အနုလောမ** ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ပရမတ္ထံ၊ ပရမတ္ထ ဖြစ်သော။ နိဗ္ဗာနံ၊ **နိဗ္ဗာန်** တည်း။ ဣတိ၊ ဤသို့။ ပဿန္တော။ မြင်သည်ရှိသော်။သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။ **။ဤကား အနတ္တနှင့် ဝင်သော သုညတ မဂ်တည်း။**

ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ,မြင်ဆဲ,ကြားဆဲ,နံဆဲ,စားဆဲ,ထိဆဲ,သိဆဲ တို့၌လည်း၊ အတူတူပင်။

---

## မဂ်ဝင်ပုံ သုံးရပ် ရှင်းလင်းချက်

'အနိစ္စထင်၊ **နိစ္စကိုမြင်မှ** မဂ်ဝင်တာဘဲ'ဆိုတဲ့ အဓိပ္ပါယ်က။ အမှတ်ပြုတဲ့ ရုပ်,နာမ် အာရုံ၊ ဖြစ်ပျက်၍ ကုန်တာကို၊ ကုန်တယ်လို့ ထင်မှသာ မှချသိမြင်၊ ဝိပဿနာဉာဏ်က အနိစ္စထင်တယ်လို့ ဆိုရ၏။ အနိစ္စထင်တဲ့ ဝိပဿနာဉာဏ်က မှချသိမြင်၊ ကုန်တယ်လို့ထင်မှသာ ဖြစ်, ပျက်၍ ကုန်၊ အမှတ်ပြုတဲ့ ရုပ်,နာမ် အာရုံမှာ၊ ကံ, **ကိလေသာ** ၏ အသစ်, အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဖန် အသစ် ကံ,ကိလေသာ၏ အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်မပျက်,ကောန်၊ ဘဝတဖန် ခန္ဓာ,နာမ်,ရုပ် ချုပ်တဲ့ နိဗ္ဗာန်ကို၊ **မဂ်ဉာဏ်** က အမှန်မြင်မှသာ၊ မဂ်ဝင်တာဘဲလို့ ဆိုရ၏။

'ဒုက္ခထင်၊ **သုခကိုမြင်မှ** မဂ်ဝင်တာဘဲ'ဆိုတဲ့ အဓိပ္ပါယ်က။ အမှတ်ပြုတဲ့ ရုပ်,နာမ် အာရုံ၊ ဖြစ်, ပျက်တဲ့ ဘေးကို၊ ဘေးလို့ ထင်မှသာ မှချသိမြင်၊ ဝိပဿနာဉာဏ်က ဒုက္ခထင်တယ်လို့ ဆိုရ၏။ ဒုက္ခထင်တဲ့ ဝိပဿနာဉာဏ်က မှချသိမြင်၊ ဘေးလို့ ထင်မှသာ ဖြစ်,ပျက်တဲ့ဘေးဟု၊ အမှတ်ပြုတဲ့ ရုပ်, နာမ် အာရုံမှာ၊ ကံ, **ကိလေသာ** ၏ အသစ်, အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဖန် အသစ် ကံ, ကိလေသာ၏အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်၊ မဖြစ် မပျက်, ကောန်၊ ဘဝတဖန် ခန္ဓာ, နာမ်, ရုပ် ချုပ်တဲ့ **သုခနိဗ္ဗာန်**ကို၊မဂ်ဉာဏ်က အမှန်မြင်မှသာ၊မဂ်ဝင်တာဘဲလို့ဆိုရ၏။

'အနတ္တထင်၊ **ပရမတ္ထကိုမြင်မှ** မဂ်ဝင်တာဘဲ' ဆိုတဲ့ အဓိပ္ပါယ်က။ အမှတ်ပြုတဲ့ ရုပ်, နာမ် အာရုံ၊ ဖြစ်, ပျက်၍ ဆိတ်တာကို၊ ဆိတ်တယ်လို့ ထင်မှသာ မှချသိမြင်၊ ဝိပဿနာဉာဏ်က အနတ္တထင်တယ်လို့ ဆိုရ၏။ အနတ္တထင်တဲ့ ဝိပဿနာဉာဏ်က မှချသိမြင်၊ ဆိတ်တယ်လို့ ထင်မှသာ ဖြစ်,ပျက်၍ ဆိတ်၏ဟု၊အမှတ်ပြုတဲ့ ရုပ်, နာမ် အာရုံမှာ၊ကံ, ကိလေသာ၏ အသစ်,အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဖန် အသစ် ကံ, **ကိလေသာ** ၏ အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်၊ မဖြစ် မပျက်,ကောန်၊ ဘဝတဖန် ခန္ဓာ, နာမ်,ရုပ် ချုပ်တဲ့ **ပရမတ္ထနိဗ္ဗာန်** ကို၊ မဂ်ဉာဏ်က အမှန်မြင်မှသာ၊ မဂ်ဝင်တာဘဲလို့ ဆိုရ၏။

## မဂ်ဉာဏ်က သစ္စာ ၄-ချက်ဖြင့် နိဗ္ဗာန်မြင်ပုံ

'နိဗ္ဗာန်ကို၊ မဂ်ဉာဏ်က အမှန်မြင်' ဆိုတဲ့ အဓိပ္ပါယ်က၊ မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးတယ်လို့ ဆိုရ၏။ 'မဂ်ကိစ္စ ၄-ချက် တပြိုင်နက်ပြီး' ဆိုတာက၊ ဒုက္ခသစ္စာကိုလဲ ပိုင်းခြား၏။ သမုဒယသစ္စာကိုလဲ ပယ်၏။ နိရောဓသစ္စာကိုလဲ မျက်မှောက်ပြု၏။ မဂ္ဂသစ္စာကိုလဲ ပွား၏ဟု ဆိုရ၏။

'ဒုက္ခသစ္စာကို ပိုင်းခြားခြင်း' ဆိုတဲ့ အဓိပ္ပါယ်က။ မဂ်ဖြင့် အသစ်, အဟောင်း အကြောင်း မဖြစ်၊ ပျောက်, ပျက်သော ကံ, ကိလေသာနှင့် ရောနှောခွင့် မရ။ မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ, နာမ်, ရုပ် ကို၊ မဂ်က ဒုက္ခသစ္စာကို ပိုင်းခြား တယ်လို့ ဆိုရ၏။

'သမုဒယ သစ္စာကို ပယ်' ဆိုတဲ့ အဓိပ္ပါယ်က။ ရောနှောခွင့် မရ၊ မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ, နာမ်, ရုပ် ၌၊ မဂ်ဖြင့် အသစ်, အဟောင်း အကြောင်း မဖြစ်၊ ပျောက်, **ပျက်သော** ကံ, ကိလေသာကို၊ မဂ်က သမုဒယသစ္စာကို ပယ်တယ်လို့ ဆိုရ၏။

'နိရောဓ သစ္စာကို မျက်မှောက်ပြု' ဆိုတဲ့ အဓိပ္ပါယ်က။ မဂ်ဖြင့် အသစ်, အဟောင်း အကြောင်း မဖြစ်၊ ပျောက်, ပျက်သော ကံ, ကိလေသာနှင့် ရောနှောခွင့် မရ။ မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ, နာမ်, ရုပ်၌၊ မဂ်ဖြင့် ဘဝတဖန် အသစ်၊ ကံ, ကိလေသာ၏ **အကျိုးမဖြစ်** ဟု ရှုမြင်သည်ကို၊ မဂ်က နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ ဆိုရ၏။

'မဂ္ဂသစ္စာကို ပွား' ဆိုတဲ့ အဓိပ္ပါယ်က။ ဘဝတဖန် အသစ်၊ ကံ, ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုသော မဂ် ပညာက—ဝိပဿနာ၊ မဂ် သမာဓိက- သမထ။ ဤသမထ, ဝိပဿနာအစုံက၊ လောကီ ခန္ဓာ, နာမ်, ရုပ်၌၊ အနုသယ, ပရိယုဋ္ဌာန် ကိလေသာမှ **လွတ်သောကိစ္စ** တူကြသည်ကို၊ မဂ်က မဂ္ဂသစ္စာကို ပွားတယ်ဟု ဆိုရ၏။

ဤလို မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးစီးတာကို၊ နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်သည်ဟု ဆိုရ၏။

ဤ ကား မဂ်ဉာဏ်ကို ပြခြင်း ပြီး၏။

## ဍရိယာပုထ် ၄-ပါးကို သိမ်းဆည်းနိုင်က အရဟတ္တဖိုလ် တိုင်အောင် ရောက်ပုံ ပြခြင်း

ဤသို့ သစ္စာ ၄–ပါး တရား၏ အစွမ်းအားဖြင့်၊ ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့်တက်၍၊ နိဗ္ဗာန်သို့ ရောက်အောင် ထွက်မြောက်ကြောင်း ဖြစ်သောကြောင့်၊ လေးပါးသော ဣရိယာပုထ်ကို သိမ်းဆည်းသော နည်းသည်၊ အရဟတ္တဖိုလ် တိုင်အောင် ရောက်သောအကျင့်ဟု သေချာ တပ်အပ် မှတ်ကြရာ သတည်း။ ထို့ကြောင့်၊—

ဧဝံ စတုသစ္စဝသေန ဉဿက္ကိတွာ နိဗ္ဗုတိံ ပါပုဏာတီတိ ဍဒ မေကာဿ စတုဣရိယာပထပရိဂ္ဂါဟဿ ဘိက္ခုနော ယာဝ အရဟတ္တာ နိယျာန မုခန္တိ။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဧဝံ၊ ဤသို့။ စတုသစ္စဝသေန၊သစ္စာလေးပါး တရား၏ အစွမ်းအား ဖြင့်။ဉဿက္ကိတွာ၊ဝိပဿနာဉာဏ်ဖြင့် မဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့်တက် ၍။နိဗ္ဗုတိံ၊ နိဗ္ဗာန် သို့။ ပါပုဏာတိ၊ ရောက်၏။ဣတိ ဣဒံ နိယျာန မုခံ၊ဤ သို့သော ထွက်မြောက်ကြောင်းသည်။ ဧကဿ၊ တယောက်သော။ စတု ဣရိယာပထ ပရိဂ္ဂါဟဿ၊ ဣရိယာပုထ် ၄–ပါးကို သိမ်းဆည်းသော။ ဘိက္ခုနော၊ ရဟန်း၏။ ယာဝ အရဟတ္တာ၊ အရဟတ္တဖိုလ်တိုင်အောင်။ နိယျာနမုခံ၊ ထွက်မြောက်ခြင်း၏ အဦးတည်း။

ဉာဏ်စဉ် ၁၆–ပါး ပြီး၏။

## ဤတွင် စတုသစ္စသျှဒနီကျမ်း ပြီးပြီ။

## မင်းကွန်းဝိပဿနာ

# ပညာဘာဝနာသူဒနီ

၁၃၀၀ ပြည့်နှစ်၊ သီတင်းကျွတ်လအတွင်း၊
အင်းစိန်မြို့၊ မင်းကွန်းကျောင်းတိုက်ကြီး၌၊ သီတင်းသုံး နေတော်မူခိုက်၊
ကျောင်းဒါယကာကြီး ဦးမောင်ကြီး လျှောက်ထားတောင်းပန်သဖြင့်၊
ရေးသားတော် မူအပ်သော

## ပညာဘာဝနာသူဒနီ နံပါတ်–၅

—◆—

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမနှင့် ပဋိညာဉ်ကို ပြခြင်း

(၁) ကာမ်ဿေဒံ မဟာညာဏံ၊ သဗ္ဗညေယျ ဝိဇာနကံ။
မမ္ဗုဋ္ဌ အကာလိကမ္ဗိ၊ ဇိနောရသံ နိရင်္ဂဏံ။ ။

(၂) 'မင်းကွန်း ဇေတဝန်' မဟာထေရံ၊ မဟာမေရု ဂုဏာကရံ။
ပေဋကောပဒေသ ပါဌဿ၊ ဝဏ္ဏနာ ဂန္ထကာရကံ။ ။

(၃) အထော နတ်မှော် မဟာစေရံ၊ ပရိယတ္တိ ဝိသာရဒံ။
ဝန္ဒိတွာရ စယိဿာမိ၊ 'ပညာဘာဝနာ သူဒနိံ'။ ။

(၁) အဟံ၊ ငါသည်။ ကာမ်ဿေဒံ၊ ကာဒ်ါယုံမှား၊ ၁၆–ပါးကို၊ ပယ်ရှား ဖြတ်တောက်တော် မူပြီးထသော။ သဗ္ဗညေယျ ဝိဇာနကံ၊ ခပ်သိမ်းညေယျ၊ မမ္ဗုဥဿုံ၊ အလုံးစုံကို၊ အကုန်အစင် သိမြင်တော်မူပြီးထသော။ မဟာညာဏံ၊ သဗ္ဗညုတ၊ အနန္တညာဏ်ရှင်၊ ဘုရားသျှင် ကိုယ်တော်မြတ်ကြီးကိုရင်း။ အကာလိကမ္ဗိ၊ အခါမလင့်၊ အကျိုးအခွင့်ကို ပေးတတ်သော 'အကာလိကဂုဏ်' နှင့် ပြည့်စုံတော်မူသည်လည်း ဖြစ်သော။ မမ္ဗုဋ္ဌ၊ **တရားတော်** မြတ်

ကိုရင်း။ နိရုဂ်ဏံ၊ ကိလေသာဟူ၊ မြူအညစ်အကြေး၊ ကင်းဝေး စင်ကြယ်တော်မူသော။ ဇိနောရသံ၊ မြတ်စွာဘုရား၏ ရွှေရင်တော်နှစ်၊ သားတော်စစ်ဖြစ်သော သံဃာ တော်မြတ်ကိုရင်း။

(၂) မဟာမေရု ဂုဏာကရံ၊ မြင့်မိုရ်တောင်ကြီးအလား၊ ကြီးမားသော ကျေးဇူးတော် ဂုဏ်တော်အများတို့၏ တည်ရာဖြစ်တော်မူသော။ ပေဋကောပဒေသ ပါဠိသာ၊ပေဋကောပဒေသ ပါဠိတော်ကြီး၏။ဝဏ္ဏနာ ဂန္ထကာရကံ၊အဖွင့် အဋ္ဌကထာ၊သံဝဏ္ဏနာ ကျမ်းကြီးကို ပြုစုစီရင်တော်မူသော။ 'မင်းကွန်း ဇေတဝန်' မဟာထေရံ၊ 'မင်းကွန်းဇေတဝန်' အကျော်၊ ဆရာတော်ဘုရားကြီးကိုရင်း။

(၃) အထော၊ ထိုမှတပါး။ ပရိယတ္တိဝိသာရဒံ၊ ပရိယတ္တိဝိသာရဒ ဂုဏ်နှင့်၊ လောက်လုံ ပြည့်ဝတော်မူသော။ 'နတ်မှော် မဟာစေရံ၊ မော်လမြိုင်မြို့ မောင်ငံ-နတ်မှော် ဆရာတော်ကိုရင်း။ ဝန္ဒိတွာ၊ ကာယဝစီ၊ မနော ချီ၍၊ သုံးလီစေတနာ၊ သုံးဖြာဒွါရ၊ ပဏာမပြင့်၊ ကြည်ဆွဲညွတ်နူး၊ ရှိခိုးဦး၍။ 'ပညာဘာဝနာ သူဒနီ"၊ ပညာ ဘာဝနာကို၊ ထင်စွာပြတတ်၊ ဤကျမ်းမြတ်ကို။ ရစယိဿာမိ၊ကောင်းစွာ ပြုပြင်၊စီရင်ရေးသားပေအံ့သတည်း။

---

## မျက်စိ စသည်ကို ပြခြင်း

(၁) မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်။ ဤ ၆-ပါးသည်၊ ဒွါရ ၆–ပါးမည်၏။

(၂) အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘော။ ဤ ၆-ပါးသည်၊ အာရုံ ၆-ပါးမည်၏။

(၃) မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း, သိခြင်း။ ဤ ၆-ပါးသည်၊ ဝိညာဏ် ၆-ပါးမည်၏။

(၄) မြင်တွေ့,ကြားတွေ့,နံတွေ့, စားတွေ့,ထိတွေ့, သိတွေ့။ ဤ ၆-ပါးသည်၊ ဖဿ ၆–ပါးမည်၏။

(၅) မြင်တွေ့-ခံစား၊ ကြားတွေ့-ခံစား၊ နံတွေ့-ခံစား၊ စားတွေ့-ခံစား၊ ထိတွေ့-ခံစား၊ သိတွေ့-ခံစား။ ဤ ၆-ပါးသည်၊ ဝေဒနာ ၆-ပါးမည်၏။

ဤ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး တရားတို့သည်၊ မြင်သောခဏ ၅-ပါးစီ၊ ကြားသောခဏ ၅-ပါးစီ၊ နံသောခဏ ၅-ပါးစီ၊ စားသောခဏ ၅-ပါးစီ၊ ထိသောခဏ ၅-ပါးစီ၊ သိသောခဏ ၅-ပါးစီ၊ တပေါင်းတည်း ဖြစ်ကြကုန်၏။

မြင်သောခဏ ၅-ပါးစီ ဆိုသည်ကား၊ မျက်စိဖြင့် အဆင်းကို မြင်သောခဏ၌၊ မျက်စိ ကြည်ခြင်းလည်း တပါး၊ အဆင်း ထင်ခြင်းလည်း တပါး၊ စက္ခုဝိညာဏ် မြင်ခြင်းလည်း တပါး၊ ဖဿ တွေ့ခြင်းလည်း တပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ ၅-ပါးတို့သည်၊ **မြင်သောခဏ၌** ဖြစ်ကြကုန်၏။

ကြားသောခဏ ၅-ပါးစီ ဆိုသည်ကား၊ နားဖြင့် အသံကို ကြားသောခဏ၌၊ နား ကြည်ခြင်းလည်း တပါး၊ အသံ ထင်ခြင်းလည်း တပါး၊ သောတဝိညာဏ် ကြားခြင်းလည်း တပါး၊ ဖဿ တွေ့ခြင်းလည်း တပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ ၅-ပါးတို့သည်၊ **ကြားသောခဏ၌**၊ ဖြစ်ကြကုန်၏။

နံသောခဏ ၅-ပါးစီ ဆိုသည်ကား၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၌၊ နှာခေါင်း ကြည်ခြင်းလည်း တပါး၊ အနံ့ ထင်ခြင်းလည်း တပါး၊ ဃာနဝိညာဏ် နံခြင်းလည်း တပါး၊ ဖဿ တွေ့ခြင်းလည်း တပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ၅-ပါးတို့သည်၊ **နံသောခဏ၌** ဖြစ်ကြကုန်၏။

စားသောခဏ ၅-ပါးစီ ဆိုသည်ကား၊ လျှာဖြင့် အရသာကို စားသောခဏ၌၊ လျှာ ကြည်ခြင်းလည်း တပါး၊ အရသာ ထင်ခြင်းလည်း တပါး၊ ဇိဝှါဝိညာဏ် စားခြင်းလည်း တပါး၊ ဖဿ တွေ့ခြင်းလည်း တပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ ၅-ပါးတို့သည်၊ **စားသောခဏ၌** ဖြစ်ကြကုန်၏။

ထိသောခဏ ၅-ပါးစီ ဆိုသည်ကား၊ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၌၊ ကိုယ် ကြည်ခြင်းလည်း တပါး၊ အတွေ့ ထင်ခြင်းလည်း တပါး၊ ကာယဝိညာဏ် ထိခြင်းလည်း တပါး၊ ဖဿ တွေ့ခြင်းလည်း တပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ ၅-ပါးတို့သည်၊ **ထိသောခဏ၌** ဖြစ်ကြကုန်၏။

သိသောခဏ ၅-ပါးစီ ဆိုသည်ကား၊ စိတ်ဖြင့် သဘောကို သိသောခဏ၌၊ နှလုံး ကြည်ခြင်းလည်း တပါး၊ သဘော ထင်ခြင်းလည်း တပါး၊

မနောဝိညာဏ် သိခြင်းလည်း တပါး၊ဖဿ တွေ့ခြင်းလည်းတပါး၊ ဝေဒနာ ခံစားခြင်းလည်း တပါး။ ဤ ၅-ပါးတို့သည်၊ **သိသောခဏ၌** ဖြစ်ကြကုန်၏။

---

## မမှတ်ခြင်း၏အဖြစ်ကို ပြခြင်း

မြင်သောခဏ၊ မြင်, မြင်တယ်ဟု မမှတ်သောသူမှာ။ မျက်စိ ကြည်ခြင်းကိုလဲ မမှတ်မိ၊ အဆင်း ထင်ခြင်းကိုလဲ မမှတ်မိ၊ စက္ခုဝိညာဏ် မြင်ခြင်းကိုလဲ မမှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ဝေဒနာ ခံစားခြင်းကိုလဲ မမှတ်မိ။ ဤငါးပါးကို မမှတ်မိသဖြင့်-တဏှာ၊တဏှာသဖြင့်-ခန္ဓာပွါး၊ ခန္ဓာပွားသဖြင့်-စွဲလမ်း၊ စွဲလမ်းသဖြင့်-ကိုယ်ပူလောင်၊ ကိုယ်ပူလောင်သဖြင့်-စိတ်ပူအိုက်၊ စိတ်ပူအိုက်သဖြင့်-ကိုယ်,စိတ် ၂-ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်းခြား** ခြင်းကြောင့်တည်း။

ကြားသောခဏ၊ကြား,ကြားတယ်ဟု မမှတ်သောသူမှာ။နား ကြည်ခြင်းကိုလဲ မမှတ်မိ၊ အသံ ထင်ခြင်းကိုလဲ မမှတ်မိ၊ သောတဝိညာဏ် ကြားခြင်းကိုလဲ မမှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မမှတ်မိ။ ဤငါးပါးကို မမှတ်မိသဖြင့်-တဏှာ၊တဏှာသဖြင့်-ခန္ဓာပွား၊ ခန္ဓာပွားသဖြင့် – စွဲလမ်း၊ စွဲလမ်းသဖြင့် – ကိုယ်ပူလောင်၊ ကိုယ်ပူလောင်သဖြင့်-စိတ်ပူအိုက်၊စိတ်ပူအိုက်သဖြင့်-ကိုယ်,စိတ် ၂-ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်းခြား** ခြင်းကြောင့်တည်း။

နံသောခဏ၊နံ,နံတယ်ဟု မမှတ်သောသူမှာ၊ နှာခေါင်း ကြည်ခြင်းကိုလဲ မမှတ်မိ၊ အနံ့ ထင်ခြင်းကိုလဲ မမှတ်မိ၊ ဃာနဝိညာဏ် နံခြင်းကိုလဲ မမှတ်မိ၊ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ဝေဒနာ ခံစားခြင်းကိုလဲ မမှတ်မိ။ဤငါးပါးကို မမှတ်မိသဖြင့်-တဏှာ၊ တဏှာသဖြင့်- ခန္ဓာပွား၊ ခန္ဓာပွားသဖြင့်-စွဲလမ်း၊စွဲလမ်းသဖြင့်- ကိုယ်ပူလောင်၊ ကိုယ်ပူလောင်သဖြင့်- စိတ်ပူအိုက်၊ စိတ်ပူအိုက် သဖြင့် - ကိုယ်,စိတ် ၂-ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်းခြား** ခြင်းကြောင့်တည်း။

စားသောခဏ၊ **စား, စား**တယ်ဟု မမှတ်သောသူမှာ၊ လျှာ ကြည်ခြင်းကိုလဲ မမှတ်မိ၊ အရသာ ထင်ခြင်းကိုလဲ မမှတ်မိ၊ ဇိဝှါဝိညာဏ် စားခြင်းကိုလဲ မမှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မမှတ်မိ။ ဤငါးပါးကို မမှတ်မိသဖြင့်-တဏှာ၊ တဏှာသဖြင့်- ခန္ဓာပွား၊ခန္ဓာပွားသဖြင့်-စွဲလမ်း၊ စွဲလမ်းသဖြင့်-ကိုယ်ပူလောင်၊ကိုယ်ပူလောင်

သဖြင့်–စိတ်ပူအိုက်၊စိတ်ပူအိုက်သဖြင့်–ကိုယ်,စိတ် ၂–ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်ခြား** ခြင်းကြောင့်တည်း။

ထိသောခဏ၊ **ထိ,ထိတယ်** ဟု မမှတ်သော သူမှာ၊ ကိုယ် ကြည်ခြင်းကိုလဲ မမှတ်မိ၊ အတွေ့ ထင်ခြင်းကိုလဲ မမှတ်မိ၊ ကာယ ဝိညာဏ် သိခြင်းကိုလဲ မမှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ ဝေဒနာ ခံစားခြင်း ကိုလဲ မမှတ်မိ။ ဤငါးပါးကို မမှတ်မိသဖြင့်–တဝ်မက်၊ တဝ်မက်သဖြင့်–ခန္ဓာပွါး၊ ခန္ဓာပွါးသဖြင့်–စွဲလမ်း၊ စွဲလမ်းသဖြင့်–ကိုယ်ပူလောင်၊ ကိုယ်ပူလောင် သဖြင့်– စိတ်ပူအိုက်။ စိတ်ပူအိုက်သဖြင့်–ကိုယ်,စိတ် ၂–ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်းခြား** ခြင်းကြောင့်တည်း။

သိသောခဏ၊ သိ,သိတယ် ဟု မမှတ်သော သူမှာ၊ နှလုံး ကြည်ခြင်းကိုလဲ မမှတ်မိ၊ သဘော ထင်ခြင်းကိုလဲ မမှတ်မိ၊ မနောဝိညာဏ် သိခြင်းကိုလဲ မမှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မမှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မမှတ်မိ။ ဤငါးပါးကို မမှတ်မိသဖြင့်–တဝ်မက်၊ တဝ်မက်သဖြင့်–ခန္ဓာပွါး၊ ခန္ဓာပွါးသဖြင့်–စွဲလမ်း၊ စွဲလမ်းသဖြင့်–ကိုယ်ပူလောင်၊ ကိုယ် ပူလောင်သဖြင့်–စိတ်ပူအိုက်၊ စိတ်ပူအိုက်သဖြင့်–ကိုယ်,စိတ် ၂ ပါး ဆင်းရဲကို ခံစားရ၏၊ **မပိုင်းခြား** ခြင်းကြောင့်တည်း။

## သစ္စာ ၄–ပါးကို မပိုင်းခြားပုံ

**မပိုင်းခြား** ခြင်းကြောင့် ဆိုသည်ကား၊ ဒုက္ခသစ္စာကိုလဲ မပိုင်းခြား၊ သမုဒယသစ္စာကိုလဲ မပယ်၊ နိရောဓသစ္စာကိုလဲ မျက်မှောက်မပြု၊ မဂ္ဂသစ္စာကိုလဲ မပွါးဟု ဆိုရ၏။

**ဒုက္ခ** သစ္စာကို၊ ဘယ်လို မပိုင်းခြား ပါသလဲလို့ ဆိုတော့၊ မမှတ်သောကြောင့် မသိ၊ မသိသည်ကား–**အဝိဇ္ဇာ**။ အဝိဇ္ဇာ ဖြစ်သောကြောင့် အားထုတ်မှုပေါ်၊ အားထုတ်မှု ပေါ်သည်ကား–**သင်္ခါရ**။ သင်္ခါရဖြစ်သောကြောင့် တပ်နှစ်သက်၊ တပ်နှစ်သက်သည်ကား–**တဏှာ**။ တဏှာဖြစ်သောကြောင့် စွဲလမ်းမှု ပေါ်၊ စွဲလမ်းမှု ပေါ် သည် ကား–**ဥပါဒါန်**။ ဥပါဒါန် ဖြစ်သောကြောင့် ပြုမှုပေါ်၊ ပြုမှုပေါ် သည်ကား–**ကံ**။ ဤသို့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ ဟူသော၊ အတိတ်, အကြောင်း တရား

ငါးပါးတို့ ဖြစ်သဖြင့်၊ တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရ ဟူသော၊ ပစ္စုပ္ပန်အကြောင်း တရားငါးပါးတို့ ဖြစ်သောကြောင့်၊မသိသော အဝိဇ္ဇာ၊ **အတိတ်** အကြောင်းမူလနှင့်၊ တပ်သော–တဏှာ၊**ပစ္စုပ္ပန်** အကြောင်းမူလတို့ မချုပ်ဘဲဖြစ်၍ တွဲနေသည်ကို၊ ဒုက္ခသစ္စာကို **မပိုင်းခြားဟု** ဆိုရပေ၏။

**သမုဒယ** သစ္စာကို၊ ဘယ်လို မပယ် သလဲလို့ ဆိုတော့၊ မမှတ်သောကြောင့် မသိ၊ မသိသောကြောင့် နာမ်,ရုပ် မထင်၊ နာမ်,ရုပ် မထင်သောကြောင့် ဖြစ်ခွင့်ထိုက်သော၊ အတ္တ ဒိဋ္ဌိ, **အနုသယကိန်း**၊ အနုသယကိန်း ဖြစ်သဖြင့် **ပရိယုဋ္ဌာန်** မငြိမ်းသည်ကို၊ သမုဒယ သစ္စာကို **မပယ်** ဟု ဆိုရပေ၏။

**နိရောဓ** သစ္စာကို၊ ဘယ်လို မျက်မှောက် မပြုပါသလဲလို့ ဆိုတော့၊ မမှတ်သောကြောင့် မသိ၊ မသိသောကြောင့် တပ်နှစ်သက်၊ တပ်နှစ်သက်သဖြင့် ဇောဝိညာဏ်**စည်းပင်**၊ဇောဝိညာဏ် စည်ပင်သဖြင့် နာမ်,ရုပ်သို့ **သက်**၊ နာမ်, ရုပ် သို့ သက်သဖြင့် စေတနာ သင်္ခါရပွါး၊ စေတနာ သင်္ခါရ **ပွါး** သဖြင့် နောင်တဖန် ဘဝသစ်ကို **ဖြစ်စေ**၊ နောင်တဖန် ဘဝသစ်ကို ဖြစ်စေသဖြင့်၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကို ဖြစ်စေ၏။ ထိုသို့ ပဋိသန္ဓေ နေရ,အိုရ,သေရ, စိုးရိမ်ရ, ပူလောင်ရ, ပင်ပန်းရခြင်း ရှိသဖြင့်၊ နိရောဓ သစ္စာကို **မျက်မှောက်မပြု** ဟု ဆိုရပေ၏။

မဂ္ဂ သစ္စာကို၊ ဘယ်လို မပွါးပါသလဲလို့ ဆိုတော့၊ မမှတ်သောကြောင့် မသိ၊ မသိသောကြောင့် နာမ်,ရုပ် မထင်၊ နာမ်,ရုပ် မထင်သောကြောင့် ဖြစ်ခွင့်ဖြစ်ထိုက်သော၊ အတ္တဒိဋ္ဌိ, အနုသယကိန်း၊ အနုသယကိန်း သဖြင့် ပရိယုဋ္ဌာန် မငြိမ်း၊ အနုသယ ကိန်းသောကြောင့် **အဝိဇ္ဇာ** ဖြစ်၊ ပရိယုဋ္ဌာန် မငြိမ်း သောကြောင့် **ဥဒ္ဓစ္စ** ဖြစ်။ အဝိဇ္ဇာ ဖြစ်သဖြင့် ပညာ မဖြစ်၊ ဥဒ္ဓစ္စ ဖြစ်သဖြင့် သမာဓိ မဖြစ်၊ သမာဓိ မဖြစ်သဖြင့် သမထ မဖြစ်၊ ပညာ မဖြစ်သဖြင့် ဝိပဿနာ မဖြစ်။ ဤသို့ မမှတ်မိသော အခိုက်၌၊ သမထ နှင့် ပညာ၊ ၂–ပါးမစုံသည်ကို၊ မဂ္ဂသစ္စာကို **မပွါး** ဟု ဆိုရပေ၏။

## မှတ်ခြင်း၏ အကျိုး

မြင်သောခဏ၊ မြင်–မြင်တယ်ဟု၊ **မှတ်သောသူ** မှာ၊ မျက်စိ ကြည်ခြင်းကိုလဲ မှတ်မိ၊ အဆင်း ထင်ခြင်းကိုလဲ မှတ်မိ၊ စက္ခုဝိညာဏ် မြင်ခြင်းကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မှတ်မိ။

ဤငါးပါးကို မှတ်မိသဖြင့်-မတပ်မက်၊ မတပ်မက်သဖြင့်-ခန္ဓာမပွါး၊ ခန္ဓာမပွါး သဖြင့်-မစွဲလမ်း၊ မစွဲလမ်းသဖြင့်-ကိုယ်မပူလောင်၊ကိုယ် မပူလောင်သဖြင့်-စိတ်မပူအိုက်၊ စိတ်မပူအိုက်သဖြင့်-ကိုယ်,စိတ် ၂-ပါး ချမ်းသာကို ခံစားရ၏။ **ဖြစ်ခွင့်ရာရှိ** အတ္တဒိဋ္ဌိမှ လွတ်သောကြောင့်တည်း။

ကြားသော ခဏ၊ ကြား – ကြားတယ်ဟု၊ **မှတ်သောသူ** မှာ၊ နား ကြည် ခြင်းကိုလဲ မှတ်မိ၊ အသံ ထင်ခြင်း ကိုလဲ မှတ်မိ၊ သောတဝိညာဏ် ကြားခြင်းကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မှတ်မိ၊ ဝေဒနာ ခံစားခြင်း ကိုလဲ မှတ်မိ။ ဤငါးပါးကို မှတ်မိသဖြင့် – မတပ်မက်၊ မတပ်မက်သဖြင့်– ခန္ဓာ မပွါး၊ ခန္ဓာ မပွါးသဖြင့်-မစွဲယမ်း၊ မစွဲလမ်းသဖြင့် ကိုယ် မပူလောင်၊ ကိုယ် မပူလောင်သဖြင့် – စိတ်မပူအိုက်၊ စိတ်မပူအိုက်သဖြင့် – ကိုယ်, စိတ် ၂ – ပါး ချမ်းသာကို ခံစားရ၏။ **ဖြစ်ခွင့်ရာရှိ အတ္တဒိဋ္ဌိမှ လွတ်သော** ကြောင့်တည်း။

နံသောခဏ၊ နံ-နံတယ်ဟု၊ **မှတ်သောသူ** မှာ၊ နှာခေါင်း ကြည်ခြင်း ကိုလဲ မှတ်မိ၊ အနံ့ ထင်ခြင်းကိုလဲ မှတ်မိ၊ ဃာနဝိညာဏ် နံခြင်းကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မှတ်မိ။ ဤငါးပါးကို မှတ်မိသဖြင့်- မတပ်မက်၊ မတပ်မက် သဖြင့် – ခန္ဓာ မပွါး၊ ခန္ဓာမပွါး သဖြင့်- မစွဲလမ်း၊ မစွဲလမ်းသဖြင့်-ကိုယ် မပူလောင်၊ ကိုယ် မပူ လောင်သဖြင့်-စိတ်မပူအိုက်၊ စိတ်မပူအိုက်သဖြင့်-ကိုယ်,စိတ် ၂-ပါး ချမ်း သာကို ခံစားရ၏။ **ဖြစ်ခွင့်ရာရှိ** အတ္တဒိဋ္ဌိမှ လွတ်သောကြောင့်တည်း။

စားသောခဏ၊ စား-စားတယ်ဟု၊ မှတ်သောသူမှာ၊ လျှာ ကြည် ခြင်းကိုလဲ မှတ်မိ၊ အရသာ ထင်ခြင်းကိုလဲ မှတ်မိ၊ ဇိဝှါဝိညာဏ် စားခြင်း ကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မှတ်မိ။ ဤငါးပါးကို မှတ်မိသဖြင့်–မတပ်မက်၊ မတပ်မက်သဖြင့်–ခန္ဓာမပွား၊ ခန္ဓာ မပွားသဖြင့်-မစွဲလမ်း၊မစွဲလမ်းသဖြင့်–ကိုယ် မပူလောင်၊ ကိုယ် မပူလောင် သဖြင့်–စိတ်မပူအိုက်၊စိတ် မပူအိုက်သဖြင့်–ကိုယ်,စိတ် ၂-ပါး ချမ်းသာကို ခံစားရ၏။ **ဖြစ်ခွင့်ရာရှိ** အတ္တဒိဋ္ဌိမှ လွတ်သောကြောင့်တည်း။

ထိသောခဏ၊ ထိ–ထိတယ်ဟု၊ **မှတ်သောသူ**မှာ၊ ကိုယ် ကြည်ခြင်း ကိုလဲ မှတ်မိ၊ အတွေ့ ထင်ခြင်းကိုလဲ မှတ်မိ၊ ကာယဝိညာဏ် ထိခြင်းကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲမှတ်မိ၊ ဝေဒနာ ခံစားခြင်းကိုလဲ မှတ်မိ။ ဤ

ငါးပါးကို မှတ်မိသဖြင့်- မတပ်မက်၊ မတပ်မက်သဖြင့် – ခန္ဓာမပွား၊ ခန္ဓာမပွားသဖြင့်–မစွဲလမ်း၊ မစွဲလမ်းသဖြင့်–ကိုယ်မပူလောင်၊ ကိုယ်မပူလောင်သဖြင့်-စိတ်မပူအိုက်၊ စိတ်မပူအိုက်သဖြင့်- ကိုယ်,စိတ် ၂-ပါး ချမ်းသာကိုခံစားရ၏။ **ဖြစ်ခွင့်ရာရှိ** အဏ္ဏဒိဋ္ဌိမှ လွတ်သောကြောင့်တည်း။

သိသောခဏ၊ သိ-သိတယ်ဟု၊ **မှတ်သောသူမှာ**၊ နှလုံး ကြည်ခြင်းကိုလဲ မှတ်မိ၊ သဘော ထင်ခြင်းကိုလဲ မှတ်မိ၊ မနောဝိညာဏ် သိခြင်းကိုလဲ မှတ်မိ၊ ဖဿ တွေ့ခြင်းကိုလဲ မှတ်မိ၊ ဝေဒနာခံစားခြင်းကိုလဲ မှတ်မိ။ ဤငါးပါးကို မှတ်မိသဖြင့်–မစွဲလမ်း၊ မစွဲလမ်းသဖြင့်-ကိုယ်မပူလောင်၊ ကိုယ်မပူလောင်သဖြင့်-စိတ်မပူအိုက်၊ စိတ်မပူအိုက်သဖြင့် – ကိုယ်, စိတ် ၂-ပါး ချမ်းသာကို ခံစားရ၏။ **ဖြစ်ခွင့်ရာရှိ** အဏ္ဏဒိဋ္ဌိမှ လွတ်သောကြောင့်တည်း။

## အဏ္ဏဒိဋ္ဌိမှ လွတ်ပုံ

ဖြစ်ခွင့်ရာရှိ **အဏ္ဏဒိဋ္ဌိမှ** ဘယ်လို လွတ်ပါသလဲ ဆိုတော့၊ မြင်သောခဏ၊ မြင်–မြင်တယ်ဟု မှတ်ခိုက်၊ ရုပ်,သက်သက်၊ နာမ်,သက်သက်ကိုသာ သိသောကြောင့်၊ မျက်စိ၌လဲ – ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ အဆင်း၌လဲ -ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ မျက်စိ,အဆင်း ၂-ပါးတို့၏ အကြား၊ မြင်ခြင်း, တွေ့ခြင်း,ခံစားခြင်းတို့၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါမပါသဖြင့် ကိလေသာနှင့် မရောယှက်၊ ကိလေသာနှင့် မရောယှက်သဖြင့်၊ မြင် – **ကုန်**တယ်ဟု ထင်၊ မြင်-**ဘေး**ဟု ထင်၊ မြင်–**ဆိတ်**သဟု ထင်သောကြောင့်၊ ဉာဏ် အစဉ်အတိုင်းတက်၍၊ ဒုက္ခသစ္စာကိုလဲ- ပိုင်းခြား၏၊ သမုဒယသစ္စာကိုလဲ-ပယ်၏၊ နိရောဓသစ္စာကိုလဲ–မျက်မှောက် ပြု၏၊ မဂ္ဂသစ္စာကိုလဲ–ပွား၏။

မြင်–မြင်တယ် မှတ်ခိုက်၊ မြင်,ကုန်တယ်ဟု ထင်ဆိုရာ၌။ မြင်သောခဏ၊ မျက်စိ ကြည်တာ,အဆင်း ထင်တာက–ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက–နာမ်၊ ဤရုပ်, နာမ်က မြင်ပေ၏။ မြင်, မြင်တယ်လို့ မှတ်တာက–ဝိပဿနာဉာဏ်၊ မြင်, ကုန်တာက - အနိစ္စ၊ **ကုန်** တယ်လို့ ထင်တာက–အနိစ္စထင်တာဟု မှတ်။

မြင် - မြင်တယ် မှတ်ခိုက်၊ မြင်,ဘေးဟု ထင်ဆိုရာ၌။ မြင်သောခဏ၊ မျက်စိ ကြည်တာ,အဆင်း ထင်တာက–ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က မြင်ပေ၏။ မြင်,မြင်တယ်လို့ မှတ်တာက-ဝိပဿနာဉာဏ်၊ **မြင်တဲ့** ဘေးက-ဒုက္ခ၊ ဘေးလို့ ထင်တာက-ဒုက္ခထင်တာဟု မှတ်။

မြင် - မြင်တယ် မှတ်ခိုက်၊ မြင်, ဆိတ်သဟု ထင်ဆိုရာ၌။ မြင်သော ခဏ၊ မျက်စိကြည်တာ,အဆင်းထင်တာက - ရုပ်၊ မြင်တာ,တွေ့တာ,ခံစားတာက - နာမ်၊ ဤရုပ်, နာမ်က မြင်ပေ၏။ မြင်, မြင်တယ်လို့ မှတ်တာက - ဝိပဿနာဉာဏ်၊ မြင်,ဆိတ်တာက - အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက - အနတ္တထင်တာဟု မှတ်။

ကြားသော ခဏ၊ ကြား - ကြားတယ်ဟု မှတ်ခိုက်၊ ရုပ်, သက်သက်၊ နာမ်,သက်သက်ကိုသာ သိသောကြောင့်၊ နား၌လဲ - ဖြစ်ခွင့်ထိုက်ရာ ငါမပေါ၊ အသံ၌လဲ - ဖြစ်ခွင့်ထိုက်ရာ ငါမပေါ၊ နား, အသံ ၂ ပါးတို့၏ အကြား၊ ကြားခြင်း,တွေ့ခြင်း,,ခံစားခြင်းတို့၌လဲ - ဖြစ်ခွင့်ထိုက်ရာ ငါမပေါ။ ငါမပေါသဖြင့် ကိလေသာနှင့် မရောယှက်၊ ကိလေသာ နှင့် မရောယှက်သဖြင့်၊ ကြား - ကုန်တယ်ဟု ထင်၊ ကြား - ဘေးဟု ထင်၊ ကြား - ဆိတ်သဟု ထင်သောကြောင့်၊ ဉာဏ် အစဉ်အတိုင်းတက်၍၊ ဒုက္ခသစ္စာကိုလဲ - ပိုင်းခြား၏၊ သမုဒယသစ္စာကိုလဲ - ပယ်၏၊ နိရောဓသစ္စာကိုလဲ - မျက်မှောက်ပြု၏၊ မဂ္ဂသစ္စာကိုလဲ - ပွား၏။

ကြား - ကြားတယ် မှတ်ခိုက်၊ ကြား,ကုန်တယ်ဟု ထင်ဆိုရာ၌။ ကြားသောခဏ၊ နားကြည်တာ,အသံထင်တာက - ရုပ်၊ ကြားတာ,တွေ့တာ,ခံစားတာက - နာမ် ဤရုပ်,နာမ်က ကြားပေ၏။ ကြား, ကြားတယ်လို့ မှတ်တာက - ဝိပဿနာဉာဏ်၊ ကြား, ကုန် တာ - အနိစ္စ၊ ကုန်တယ်လို့ ထင်တာက - အနိစ္စထင်တာဟု မှတ်။

ကြား - ကြားတယ် မှတ်ခိုက်၊ ကြား, ဘေးဟု ထင်ဆိုရာ၌။ ကြားသောခဏ၊ နားကြည်တာ, အသံထင်တာက - ရုပ်၊ ကြားတာ, တွေ့တာ ခံစားတာက - နာမ်၊ ဤရုပ်,နာမ်က ကြားပေ၏။ကြား,ကြားတယ်လို့ မှတ်တာက - ဝိပဿနာဉာဏ်၊ကြားတဲ့ ဘေးက - ဒုက္ခ၊ဘေးလို့ ထင်တာက - ဒုက္ခထင်တာဟု မှတ်။

ကြား - ကြားတယ် မှတ်ခိုက်၊ ကြား, ဆိတ်သဟု ထင်ဆိုရာ၌။ ကြားသောခဏ၊ နားကြည်တာ, အသံထင်တာက - ရုပ်၊ ကြားတာ, တွေ့တာ, ခံစားတာက - နာမ်၊ ဤရုပ်,နာမ်က - ကြားပေ၏။ ကြား,ကြားတယ်လို့ မှတ်တာက - ဝိပဿနာဉာဏ်၊ ကြား,ဆိတ်တာက - အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက - အနတ္တထင်တာဟု မှတ်။

နံသောခဏ၊ နံ-နံတယ်ဟု မှတ်ခိုက်၊ ရုပ်,သက်သက်၊ နာမ်, သက်သက်ကိုသာ သိသောကြောင့်၊ နှာခေါင်း၌လဲ - ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ အနံ့၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊နှာခေါင်း,အနံ့ ၂-ပါးတို့၏ အကြား၊ နံခြင်း, တွေ့ခြင်း, ခံစားခြင်းတို့၌လဲ-ဖြစ်ခွင့်ထိုက်ရာငါမပါ။ ငါမပါသဖြင့် ကိလေသာနှင့် မရောယှက်၊ ကိလေသာနှင့် မရောယှက်သဖြင့်၊ နံ – ကုန်တယ်ဟု ထင်၊ နံ-ဘေးဟု ထင်၊ နံ-ဆိတ်သဟု ထင်သောကြောင့်၊ ဉာဏ် အစဉ်အတိုင်းတက်၍၊ ဒုက္ခသစ္စာကိုလဲ—ပိုင်းခြား၏၊ သမုဒယသစ္စာကိုလဲ-ပယ်၏၊ နိရောဓသစ္စာကိုလဲ-မျက်မှောက်ပြု၏၊ မဂ္ဂသစ္စာကိုလဲ-ပွား၏။

နံ-နံတယ် မှတ်ခိုက်၊နံ, ကုန်တယ်ဟု ထင်ဆိုရာ၌။နံသောခဏ၊နှာခေါင်းကြည်တာ, အနံ့ထင်တာက—ရုပ်၊ နံတာ, တွေ့တာ,ခံစားတာက—နာမ်၊ ဤရုပ်,နာမ်က—နံပေ၏။နံ,နံတယ်လို့ မှတ်တာက—ဝိပဿနာဉာဏ်၊ နံ, ကုန်တာက—အနိစ္စ၊ ကုန်တယ်လို့ ထင်တာက-အနိစ္စထင်တာဟု မှတ်။

နံ-နံတယ် မှတ်ခိုက်၊ နံ, ဘေးဟု ထင်ဆိုင်ရာ၌။ နံသောခဏ၊ နှာခေါင်းကြည်တာ,အနံ့ထင်တာတာက-ရုပ်၊နံတာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က-နံပေ၏။နံ, နံတယ်လို့ မှတ်တာက-ဝိပဿနာဉာဏ်၊ နံတဲ့ဘေးက-ဒုက္ခ၊ ဘေးလို့ ထင်တာက-ဒုက္ခထင်တာဟု မှတ်။

နံ-နံတယ် မှတ်ခိုက်၊ နံ, ဆိတ်သဟု ထင်ဆိုရာ၌။ နံသောခဏ၊ နှာခေါင်း ကြည်တာ,အနံ့ထင်တာက-ရုပ်၊ နံတာ, တွေ့တာ, ခံစားတာက—နာမ်၊ဤရုပ်နာမ်က-နံပေ၏၊ နံ,နံတယ်လို့ မှတ်တာက-ဝိပဿနာဉာဏ်၊နံ, ဆိတ်တာက—အနတ္တ၊ဆိတ်တယ်လို့ ထင်တာက-အနတ္တထင်တာဟုမှတ်။

စားသောခဏ၊ စား—စားတယ်ဟု မှတ်ခိုက်၊ ရုပ်,သက်သက်၊ နာမ် သက်သက်ကိုသာ သိသောကြောင့်၊ လျှာ၌လဲ - ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ အရသာ၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ လျှာ,အရသာ ၂—ပါးတို့၏အကြား၊ စားခြင်း, တွေ့ခြင်း, ခံစားခြင်းတို့၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါမပါသဖြင့်၊ ကိလေသာနှင့် မရောယှက်၊ ကိလေသာနှင့် မရောယှက်သဖြင့်၊စား-ကုန်တယ်ဟု ထင်၊ စား-ဘေးဟု ထင်၊စား-ဆိတ်သဟု ထင်သောကြောင့်၊ ဉာဏ် အစဉ်အတိုင်းတက်၍၊ ဒုက္ခသစ္စာကိုလဲ- ပိုင်းခြား၏၊ သမုဒယသစ္စာကိုလဲ-ပယ်၏၊ နိရောဓသစ္စာကိုလဲ - မျက်မှောက်ပြု၏၊ မဂ္ဂသစ္စာကိုလဲ – ပွား၏။

စား-စားတယ် မှတ်ခိုက်၊ **စား, ကုန်** တယ်ဟု ထင်ဆိုရာ၌။ စားသော ခဏ၊ လျှာ ကြည်တာ, အရသာ ထင်တာက – ရုပ်၊ စားတာ, တွေ့တာ, ခံစားတာက–နာမ်၊ ဤ ရုပ်,နာမ်က– စားပေ၏။ စား,စားတယ်လို့ မှတ်တာက -- ဝိပဿနာဉာဏ်၊ စား, ကုန်တာက– အနိစ္စ၊ ကုန်တယ်လို့ ထင်တာက–အနိစ္စ ထင်တာဟု မှတ်။

စား-စားတယ် မှတ်ခိုက်၊ **စား, ဘေး**ဟု ထင်ဆိုရာ၌။ စားသော ခဏ၊ လျှာ ကြည်တာ,အရသာ ထင်တာက - ရုပ်၊ စားတာ,တွေ့တာ,ခံစား တာက-နာမ်၊ ဤ ရုပ်, နာမ်က-စားပေ၏။ စား,စားတယ်လို့ မှတ်တာ က – ဝိပဿနာဉာဏ်၊ စားတဲ့ ဘေးက- ဒုက္ခ၊ ဘေးလို့ ထင်တာက – ဒုက္ခထင်တာဟု မှတ်။

စား-စားတယ် မှတ်ခိုက်၊ **စား, ဆိတ်** သဟု ထင်ဆိုရာ၌။ စားသော ခဏ၊ လျှာ ကြည်တာ, အရသာ ထင်တာက – ရုပ်၊ စားတာ, တွေ့တာ, ခံစားတာက–နာမ်၊ ဤ ရုပ်,နာမ်က- စားပေ၏။ စား, စားတယ်လို့ မှတ် တာက–ဝိပဿနာဉာဏ်၊ စား,ဆိတ်တာက-အနတ္တ၊ ဆိတ်တယ်လို့ ထင် တာက-အနတ္တထင်တာဟု မှတ်။

ထိသောခဏ၊ ထိ - ထိတယ်ဟု မှတ်ခိုက်၊ ရုပ်, သက်သက်၊ နာမ်, သက်သက်ကိုသာ သိသောကြောင့်၊ ကိုယ်၌လဲ ဖြစ်ခွင့် ထိုက်ရာ ငါမပါ၊ အတွေ့၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ ကိုယ်,အတွေ့ ၂–ပါးတို့၏ အကြား၊ ထိခြင်း,တွေ့ခြင်း,ခံစားခြင်းတို့၌လဲ–ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ငါမပါသဖြင့်၊ ကိလေသာနှင့်မရောယှက်၊ မရောယှက်သဖြင့်၊ ထိ–ကုန်တယ်ဟု ထင်၊ ထိ– ဘေးဟုထင်၊ထိ-ဆိတ်သဟု ထင်သောကြောင့်၊ဉာဏ်အစဉ်အတိုင်းတက်၍၊ ဒုက္ခသစ္စာကိုလဲ–ပိုင်းခြား၏၊ သမုဒယ သစ္စာကိုလဲ–ပယ်၏၊ နိရောဓသစ္စာ ကိုလဲ–မျက်မှောက်ပြု၏၊ မဂ္ဂသစ္စာကိုလဲ–ပွါး၏။

ထိ – ထိတယ် မှတ်ခိုက်၊ **ထိ, ကုန်** တယ်ဟု ထင်ဆိုရာ၌။ ထိသော ခဏ၊ ကိုယ် ကြည်တာ, အတွေ့ ထင်တာက-ရုပ်၊ ထိတာ, တွေ့တာ, ခံစား တာက–နာမ်၊ ဤရုပ်,နာမ်က–ထိပေ၏။ ထိ,ထိတယ်လို့ မှတ်တာက–ဝိပ ဿနာဉာဏ်၊ ထိ, ကုန်တာက–အနိစ္စ၊ ကုန်တယ်လို့ ထင်တာက–အနိစ္စ ထင်တာဟု မှတ်။

ထိ–ထိတယ် မှတ်ခိုက်၊ **ထိ,ဘေး** ဟု ထင် ဆိုရာ၌၊ ထိသော ခဏ၊ ကိုယ် ကြည်တာ,အတွေ့ ထင်တာက-ရုပ်၊ထိတာ,တွေ့တာ, ခံစားတာက–

နာမ်၊ ဤ ရုပ်,နာမ်က–ထိပေ၏။ ထိ,ထိတယ်လို့ မှတ်တာက–ဝိပဿနာ ဉာဏ်၊ ထိ,တဲ့ဘေးက–ဒုက္ခ၊ ဘေးလို့ ထင်တာက–ဒုက္ခထင်တာဟု မှတ်။

ထိ–ထိတယ် မှတ်ခိုက်၊ **ထိ,ဆိတ်** သဟု ထင်ဆိုရာ၌။ ထိသောခဏ၊ ကိုယ်ကြည်တာ, အခွေ့ ထင်တာက–ရုပ်၊ ထိတာ,တွေ့တာ,ခံစားတာက · နာမ်၊ ဤ ရုပ်, နာမ် က– ထိပေ၏။ ထိ,ထိတယ်လို့ မှတ်တာက–ဝိပဿနာ ဉာဏ်၊ ထိ,ဆိတ်ဘာက - အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက- အနတ္တထင် တာဟု မှတ်။

သိ သောခဏ၊ သိ,သိတယ်ဟု မှတ်ခိုက်၊ ရုပ်,သက်သက်၊ နာမ်, သက်သက်ကိုသာ သိသောကြောင့်၊ နှလုံး၌လဲ-ဖြစ်ခွင့် ထိုက်ရာ ငါမပါ၊ သဘော၌လဲ-ဖြစ်ခွင့်ထိုက်ရာ ငါမပါ၊ နှလုံး, သဘော ၂–ပါး တို့၏ အ ကြား၊ သိခြင်း, တွေ့ခြင်း, ခံစားခြင်း တို့၌လဲ–ဖြစ်ခွင့်ထိုက်ရာ ငါမပါ။ ငါ မပါသဖြင့်၊ ကိလေသာနှင့် မရောယှက်၊ ကိလေသာနှင့် မရောယှက်သဖြင့်၊ သိ– ကုန်ဘယ်ဟု ထင်၊ သိ - ဘေးဟု ထင်၊ သိ-ဆိတ် သဟု ထင်သော ကြောင့်၊ ဉာဏ် အစဉ် အတိုင်း တက်၍၊ ဒုက္ခ သစ္စာကိုလဲ - ပိုင်းခြား၏၊ သမုဒယ သစ္စာကိုလဲ - ပယ်၏၊ နိရောဓသစ္စာကိုလဲ - မျက်မှောက်ပြု၏၊ မဂ္ဂ သစ္စာကိုလဲ-ပွါး၏။

သိ–သိတယ် မှတ်ခိုက်၊ **သိ,ကုန်တယ်ဟု** ထင်ဆိုရာ၌။ သိသောခဏ၊ နှလုံးကြည်တာ,သဘော,ထင်တာက–ရုပ်၊ သိတာ, တွေ့တာ, ခံစားတာ က–နာမ်၊ ဤ ရုပ်,နာမ်က သိပေ၏။ သိ,သိတယ်လို့ မှတ်တာက ဝိပဿနာ ဉာဏ်၊ သိ,ကုန်တာက – အနိစ္စ၊ ကုန်တယ်လို့ ထင်တာက–အနိစ္စ ထင် တာဟု မှတ်။

သိ–သိတယ် မှတ်ခိုက်၊ **သိ,ဘေးဟု** ထင်ဆိုရာ၌။ သိသောခဏ၊ နှလုံး ကြည်တာ,သဘောထင်တာက–ရုပ်၊ သိတာ,တွေ့တာ,ခံစားတာက–နာမ်၊ ဤရုပ်,နာမ်က သိပေ၏။ သိ,သိတယ်လို့ မှတ်တာက–ဝိပဿနာဉာဏ်၊ သိ, တဲ့ဘေးက–ဒုက္ခ၊ ဘေးလို့ ထင်တာက–ဒုက္ခထင်တာဟု မှတ်။

သိ–သိတယ် မှတ်ခိုက်၊ **သိ,ဆိတ်** သဟု ထင်ဆိုရာ၌။ သိသောခဏ၊ နှလုံးကြည်တာ,သဘောထင်တာက–ရုပ်၊ သိတာ,တွေ့တာ,ခံစားတာက– နာမ်၊ ဤရုပ်, နာမ်က–သိပေ၏။ သိ, သိတယ်လို့ မှတ်တာက–ဝိပဿနာ ဉာဏ်၊ သိ,ဆိတ်တာက–အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက–အနတ္တထင် တာဟု မှတ်။

အနိစ္စတော မနသိကရောတော ခယ တော သင်္ခါရာ ဥပဋ္ဌဟန္တိ။ ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ အနတ္တတော မနသိကရောတော သုည တော သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အနိစ္စတော၊ မမြဲဟု။ မနသိကရောတော၊ နှလုံး သွင်းမိသော သူအား။ ခယတော၊ ကုန်၏ဟု။ သင်္ခါရာ၊ ရုပ်,နာမ်, ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဒုက္ခတော၊ ဆင်းရဲဟု။ မနသိကရောတော၊ နှလုံး သွင်းမိသော သူအား။ ဘယတော၊ ဘေးဟု။ သင်္ခါရာ၊ ရုပ်, နာမ်, ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ အနတ္တတော၊ အစိုးမရဟု။ မနသိကရောတော၊ နှလုံး သွင်းမိသော သူအား။ သုညတော၊ ဆိတ်သဟု။ သင်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

အနိစ္စဘဲ–မမြဲဟု၊ နှလုံးသွင်းသောသူ၏၊ စိတ် အသိ,အမြင်။ ဒုက္ခဘဲ–ဆင်းရဲဟု၊ နှလုံး သွင်းသော သူ၏၊ စိတ် အသိ,အမြင်။ အနတ္တဘဲ–အစိုးမရဟု၊ နှလုံးသွင်းသောသူ၏၊ စိတ် အသိ,အမြင်မှာ၊ ဖြစ်ခိုက် အာရုံပြုမိတဲ့–ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ၊ ကုန်တာဘဲလို့ ထင်ရှံမျှ၊ ဘေးလို့ ထင်ရှံမျှ၊ ဆိတ်တယ်လို့ ထင်ရှံမျှသာ ဖြစ်၏။ အနိစ္စဘဲ–မမြဲဟု၊ ဒုက္ခဘဲ–ဆင်းရဲဟု၊ အနတ္တဘဲ-အစိုးမရဟု၊ နှလုံးသွင်းမှု ထပ်မံပြုရတော့သည် မဟုတ်ပါ။ ကုန်တယ်လို့ ထင်ကတဲက၊ ဘေးလို့ ထင်ကတဲက၊ ဆိတ်တယ်လို့ ထင်ကတဲက။ အနိစ္စဘဲ–မမြဲတဲ့ အနေ၊ ဒုက္ခဘဲ–ဆင်းရဲတဲ့ အနေ၊ အနတ္တဘဲ–အစိုးမရတဲ့အနေ၊ ဟုတ်တိုင်း ပင် သိပေသည်လို့ ဆိုရ၏။

---

## သစ္စာ ၄-ပါး ပိုင်းခြားပုံ

**ဉာဏ်အစဉ်** အတိုင်း တက်၍၊ ဒုက္ခသစ္စာကို ဘယ်လို ပိုင်းခြားသလဲလို့ ဆိုတော့၊ မှတ်သောကြောင့်–သိ၊ သိသဖြင့် - အဝိဇ္ဇာချုပ်။ အဝိဇ္ဇာချုပ်သောကြောင့်–အားမထုတ်၊ အားမထုတ် သဖြင့်–သင်္ခါရချုပ်။ သင်္ခါရချုပ်သဖြင့်–မတပ်၊ မတပ်သောကြောင့်–တဏှာချုပ်။ တဏှာချုပ်သဖြင့်–မစွဲလမ်း၊ မစွဲလမ်း သောကြောင့်- ဥပါဒါန်ချုပ်။ ဥပါဒါန် ချုပ်သဖြင့်–မပြု၊ မပြုသဖြင့်–ကံချုပ်။ ဤသို့ မဂ်ဖြင့်-အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကံ ဟူသော၊ အတိတ် အကြောင်း၊ **အဟောင်း** ငါးပါးတို့ ချုပ်သဖြင့်၊

တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရ ဟူသော၊ ပစ္စုပ္ပန်အကြောင်း၊ အသစ် ငါးပါးတို့မဖြစ်။ ဤသို့ ပျောက်ပျက်၍ သွားသော၊ ကံ, ကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော၊ လောကီ ခန္ဓာ,နာမ်, ရုပ်ကို၊ မဂ်က-ဒုက္ခသစ္စာကို၊ ပိုင်းခြား တယ်လို့ ဆိုရပေ၏။

သမုဒယ သစ္စာကို၊ ဘယ်လို ပယ်သလဲလို့ ဆိုတော့၊ မှတ်သော ကြောင့်-သိ၊ သိသောကြောင့်-နာမ်,ရုပ်ထင်၊နာမ်,ရုပ် ထင်သောကြောင့်- ဖြစ်ခွင့် ထိုက်သော အတ္တဒိဋ္ဌိ အနုသယမကိန်း၊ အနုသယမကိန်း သဖြင့် ပရိယုဋ္ဌာန်ငြိမ်း။ ဤသို့ ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော၊ လောကီ ခန္ဓာ, နာမ်, ရုပ် ၌၊ မဂ်ဖြင့် အသစ်, အဟောင်း၊ အကြောင်း မဖြစ်မူ၍၊ ပျောက်ပျက်သော၊ ကံ, ကိလေသာကို၊ မဂ်က–သမုဒယသစ္စာကို၊ ပယ်တယ် လို့ ဆိုရပေ၏။

နိရောဓ သစ္စာကို၊ ဘယ်လို မျက်မှောက် ပြုပါသလဲလို့ ဆိုတော့၊ မှတ်သောကြောင့် – သိ၊ သိ,သဖြင့် – မတပ်၊ မတပ်သဖြင့် – ဇောဝိညာဏ် မစည်ပင်၊ ဇောဝိညာဏ် မစည်ပင် သဖြင့် - နာမ်, ရုပ်သို့ မသက်၊ နာမ်, ရုပ်သို့ မသက် သဖြင့်–စေတနာ သင်္ခါရ မပွါး၊ စေတနာ သင်္ခါရ မပွါး သဖြင့်–နောင်တဖန် ဘဝသစ်ကို မဖြစ်စေ၊ နောင်တဖန် ဘဝသစ်ကို မဖြစ် စေသဖြင့်–ပဋိသန္ဓေ မနေရ,မအိုရ,မသေရ,မစိုးရိမ်ရ,မပူလောင်ရ, မပင် ပန်းရ။ ဤသို့ မဂ်ဖြင့် အသစ်, အဟောင်း အကြောင်းမဖြစ်၊ ပျောက်ပျက် သော၊ ကံ, ကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော၊ လော ကီ, ခန္ဓာ, နာမ်, ရုပ် ၌၊ မဂ်ဖြင့် ဘဝတဖန် အသစ်၊ ကံ, ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုမြင်သည်ကို၊မဂ်က–နိရောဓသစ္စာကို၊မျက်မှောက်ပြု တယ် လို့ ဆိုရပေ၏။

မဂ္ဂ သစ္စာကို၊ ဘယ်လို ပွါးပါ သလဲလို့ ဆိုတော့၊ မှတ်သော ကြောင့်–သိ၊ သိ သောကြောင့် – နာမ်,ရုပ် ထင်၊ နာမ်, ရုပ် ထင်သော ကြောင့်– ဖြစ်ခွင့်ထိုက်သော အတ္တဒိဋ္ဌိ အနုသယမကိန်း၊ အနုသယမကိန်း သဖြင့် ပရိယုဋ္ဌာန်ငြိမ်း၊ အနုသယ မကိန်း သောကြောင့်- ပညာ, ဖြစ်၊ ပရိ ယုဋ္ဌာန် ငြိမ်းသောကြောင့် – သမာဓိ,ဖြစ်။ ပညာ, ဖြစ်သဖြင့် – အဝိဇ္ဇာ, မဖြစ်၊ သမာဓိ, ဖြစ်သဖြင့်–ဥဒ္ဓစ္စ,မဖြစ်။ သမာဓိ, ဖြစ်သဖြင့်– သမထ,ဖြစ်၊ ပညာ,ဖြစ်သဖြင့်–ဝိပဿနာ,ဖြစ်။ ဤသို့ သမထ,နှင့် ဝိပဿနာ၊ သမာဓိ, နှင့် ပညာ ၂–ပါးစုံသဖြင့်၊ ဘဝတဖန် အသစ်၊ ကံ,ကိလေသာ၏ အကျိုး

မဖြစ်ဟု ရှုသော၊ မဂ်,ပညာက- ဝိပဿနာ၊ မဂ်,သမာဓိက-သမထ။ ဤ သမထ,ဝိပဿနာ အစုံက၊ လောကီ,ခန္ဓာ, နာမ်, ရုပ်၌၊ အနုသယ, ပရိယုဋ္ဌာန် ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသည်ကို၊ မဂ်က-မဂ္ဂသစ္စာကို၊ ပွါးတယ် လို့ ဆိုရပေ၏။

---

## ဝိပဿနာဉာဏ်စဉ်ကို ပြခြင်း

ဉာဏ်အစဉ် အတိုင်း ဆိုရာ၌၊ ဉာဏ်သည်-နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်၊ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယ ဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတု ကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူ ဉာဏ်-ဟု၊ အားထုတ် အပ်သော **ဝိပဿနာဉာဏ် ၁၃-ပါး**။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်-ဟု၊ ဝိပဿနာဉာဏ်ဖြင့် ရောက်အပ်သော ဉာဏ် ၃-ပါး။ ပေါင်း ၁၆-ပါး ရှိပေ၏။

(၁) နာမ်, ရုပ်ကို၊ ပိုင်းခြား သည်ကို၊ **နာမရူပ ပရိစ္ဆေဒ ဉာဏ်** လို့ ခေါ်၏။

(၂) နာမ်,ရုပ်၏ အကြောင်းကို၊ သိမ်းဆည်းသည်ကို၊ **ပစ္စယ ပရိဂ္ဂဟ**ဉာဏ်လို့ ခေါ်၏။

(၃) နာမ်,ရုပ်ကို၊ သုံးသပ် သည်ကို၊ **သမ္မသန** ဉာဏ်လို့ ခေါ်၏။

(၄) ဖြစ်ဆဲသော နာမ်,ရုပ်၏၊ အဖြစ်, အပျက်ကို၊ ရှုမြင် သည်ကို၊ **ဥဒယဗ္ဗယ** ဉာဏ်လို့ ခေါ်၏။

(၅) ဖြစ်ဆဲသော နာမ်, ရုပ်၏၊ အပျက်ကို၊ ရှုမြင် သည်ကို၊ **ဘင်** ဉာဏ်လို့ ခေါ်၏။

(၆) ဖြစ်ဆဲသော နာမ်,ရုပ် တို့၌၊ ဘေးထင်သည်ကို၊ **ဘယ** ဉာဏ် လို့ ခေါ်၏။

(၇) ဖြစ်ဆဲသော နာမ်,ရုပ် တို့၌၊ အပြစ်ထင်သည်ကို၊ **အာဒီနဝ** ဉာဏ်လို့ ခေါ်၏။

(၈) ဖြစ်ဆဲသော နာမ်,ရုပ် တို့၌၊ ငြီးငွေ့ သည်ကို၊ **နိဗ္ဗိဒါ** ဉာဏ် လို့ ခေါ်၏။

(၉) ဖြစ်ဆဲသော နာမ်,ရုပ် တို့မှ၊ လွတ်လိုသည်ကို၊ **မုဉ္စိတုကမျတာ** ဉာဏ်လို့ ခေါ်၏။

(၁၀) ဖြစ်ဆဲသော နာမ်,ရုပ် တို့မှ၊ မလွတ်,လွတ်အောင် ဆင်ခြင်သည်ကို၊ **ပဋိသင်္ခါ** ဉာဏ်လို့ ခေါ်၏။

(၁၁) ဖြစ်ဆဲသော နာမ်,ရုပ် တို့၌၊ ချစ်မုန်းခြင်းကင်း၊ ညီမျှသော အားဖြင့် နေသည်ကို၊ **သင်္ခါရုပေက္ခာ** ဉာဏ်လို့ ခေါ်၏။

(၁၂) ဖြစ်ဆဲသော နာမ်,ရုပ် အခိုက်၊ အောက်ဉာဏ် ၁၀-ပါးဖြင့်၊ လျော်၍ လိုက်သည်ကို၊ **အနုလောမ** ဉာဏ်လို့ ခေါ်၏။

(၁၃) ပျက်ဆဲသော နာမ်,ရုပ် အခိုက်၊ ဗဟိဒ္ဓအာရုံမှ၊ တဖန် ပြန်မရောက်သည်ကို၊ **ဂေါတြဘူ** ဉာဏ်လို့ ခေါ်၏။

(၁၄) စိတ်၏ အတွင်း ကိလေသာ၊ စိတ်မှအပ ရုပ်,နာမ် အာရုံ၊ ၂-ပါးစုံမှ နောက်ထပ် တဖန်၊ ပြန်မလည် သည်ကို၊ **မဂ်ဉာဏ်** လို့ ခေါ်၏။

(၁၅) စိတ် အတွင်း,အပ၊ ၂-ပါးစုံမှ ထသော မဂ်ပယောဂ သမ္ဗန္ဓခါန်၊ တဖန် မရှိ ငြိမ်းသော ပညာကို၊ **ဖိုလ်ဉာဏ်** လို့ ခေါ်၏။

(၁၆) ထိုထို မဂ်ဖိုလ်နိဗ္ဗာန်၏ အဖြစ်ဖြင့်၊ ထင်ခြင်းသို့ ရောက်ကုန်သော တရားတို့၌၊ ရှုသော ပညာကို၊ **ပစ္စဝေက္ခဏာ** ဉာဏ်လို့ ခေါ်၏။

---

## နာမ ရူပ ပရိစ္ဆေဒ ဉာဏ်ကို ပြခြင်း

မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊ သိသောခဏ စသည်တို့၌၊ မြင်တယ်၊ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ် စသည်ဖြင့်၊ မှတ်သော သူတို့မှာ၊ ဝိပဿနာဉာဏ် အစဉ် အတိုင်း၊ ဘယ်လို တက်ပါသလဲ ဆိုတော့၊ —

မြင်,မြင်တယ် မှတ်သောခဏ၌၊ မြင်, တခြား၊ မြင်တယ်, တခြား၊ မှတ်တာ,တခြားထင် ၏။

ကြား,ကြားတယ် မှတ်သောခဏ၌၊ ကြား, တခြား၊ ကြားတယ်, တခြား၊ မှတ်တာ, တခြားထင်၏။

နံ့,နံ့တယ် မှတ်သောခဏ၌၊ နံ့ တခြား၊ နံ့တယ်,တခြား၊မှတ်တာ, တခြားထင်၏။

စား,စားတယ် မှတ်သော ခဏ၌၊ စား,တခြား၊စားတယ်,တခြား၊ မှတ်တာ,တခြားထင်၏။

ထိ,ထိတယ်မှတ်သောခဏ၌၊ထိ,တခြား၊ထိတယ်,တခြား၊မှတ်တာ, တခြားထင်၏။

သိ, သိတယ် မှတ်သောခဏ၌၊ သိ,တခြား၊ သိတယ်, တခြား၊ မှတ်တာ, တခြားထင်၏။

အဆင်း, ထင်တာက-ရုပ်, ထင်တာ၊ မြင်, ထင်တာက-နာမ်, ထင်တာ၊ မြင်တယ်,ဆိုတာက-အမှတ်ထင်တာ၊ တခြား ထင်တာက-ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက-သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

အသံ,ထင်တာက-ရုပ်,ထင်တာ၊ကြား,ထင်တာက-နာမ်,ထင်တာ၊ ကြားတယ်,ဆိုတာက - အမှတ် ထင်တာ၊ တခြား ထင်တာက – ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက—သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

အနံ့, ထင်တာက-ရုပ်, ထင်တာ၊ နံ့,ထင်တာက-နာမ်, ထင်တာ၊ နံ့တယ်, ဆိုတာက-အမှတ်ထင်တာ၊ တခြား, ထင်တာက-ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက-သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

အရသာ,ထင်တာက-ရုပ်,ထင်တာ၊ စား, ထင်တာက-နာမ်, ထင်တာ၊စားတယ်,ဆိုတာက-အမှတ်ထင်တာ၊ တခြား ထင်တာက-ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက-သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

အတွေ့,ထင်တာက-ရုပ်,ထင်တာ၊ ထိ,ထင်တာက-နာမ်,ထင်တာ၊ ထိတယ်, ဆိုတာက-အမှတ်ထင်တာ၊ တခြား ထင်တာက-ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက-သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

သဘော, ထင်တာက- ရုပ်, ထင်တာ၊ သိ, ထင်တာက-နာမ်, ထင်တာ၊ သိတယ်,ဆိုတာက-အမှတ်ထင်တာ၊ တခြား ထင်တာက-ပရိစ္ဆေဒ ပိုင်းခြားတာ၊ မှတ်,ဆိုတာက-သတိ,ပညာ,ဝိပဿနာ ဉာဏ်ထင်တာ။

ဤကဲ့သို့ ထင်သောသူမှာ၊ နာမ်, ရုပ ပရိစ္ဆေဒဉာဏ်ကို၊ ရောက်သည်,ရသည်ဟု ဆိုရ၏။ နာမ် တခြား၊ ရုပ် တခြား။ နာမ်ဘဲ၊ ရုပ်ဘဲ။နာမ်,

ရုပ်ဘဲဟု နှလုံးသွင်းမှု၊ ထပ်မံ၍ ပြုရတော့မည် မဟုတ်ပါ။ မှတ်ခိုက် ပစ္စုပ္ပန် အာရုံ၌၊ တခြားစီ ထင်ကတဲက၊ ရုပ်, နာမ် ပိုင်းခြား၍ ထင်သည်ဟု ဆိုရပေသည်။

ဤသို့အစဖြစ်သော၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကို၊ အားထုတ်သဖြင့် ထင်သော၊ အာဒိကမ္မိက သုဒ္ဓဝိပဿနာ ယာနိက ပုဂ္ဂိုလ်သည်၊ ဒွါရ၌ အာရုံထင်သည်၊ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြု၍သာ နေ၏။

လာသော အာရုံ၊ သွားသော ဝိညာဉ်ကို အမှတ်မပြု။ လာသော အာရုံ၊ သွားသော ဝိညာဉ်၊ မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။

စိတ်လည်း မပျံ့လွင့်၊ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏၊ ဝိပဿနာ၏ အညစ်အကြေး လည်း ပျောက်၏၊ ဝိတက် အကြံအစည်လည်း ငြိမ်း၏။

ပုရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏၊အနုသယလည်း ပျက်စီး၏၊ နာမ,ရူပ ပရိစ္ဆေဒ ဉာဏ်အထူးကိုလည်းရ၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ၊ မုတေ မုတမတ္တံ၊ ဝိညာတေ ဝိညာတမတ္တံ။- ဟူသော ဗာဟိယသုတ်နှင့်အညီ—

မြင်သော် မြင်၏ဟု အမှတ်ပြုရုံမျှ၊ ကြားသော် ကြား၏ဟု အမှတ်ပြုရုံမျှ၊ နံသော် နံ၏ဟု အမှတ်ပြုရုံမျှ၊ စားသော် စား၏ဟု အမှတ်ပြုရုံမျှ၊ထိသော် ထိ၏ဟု အမှတ်ပြုရုံမျှ၊ သိသော် သိ၏ဟု အမှတ်ပြုရုံမျှ မပြတ်သော သတိဖြင့် နာမ်, ရုပ်မျှသာရှိ၏။ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမ မရှိဟု၊ ဆုံးဖြတ်သောဉာဏ် တဘက်ကမ်းသို့ ရောက်၏။ နာမ,ရူပ ပရိစ္ဆေဒဉာဏ်သည်၊ ဂေါစရသမ္ဘဇဉမည်၏။ ဆုံးဖြတ်သော ဉာဏ်သည်၊ အသမ္မောဟ သမ္ပဇဉမည်၏။

**နာမ, ရူပ ပရိစ္ဆေဒဉာဏ်ပြီး၏။**

## ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပြခြင်း

မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊သိသောခဏ၊ကွေးသောခဏ စသည်တို့၌၊မှတ်တိုင်း မှတ်တိုင်း၊

တခြားစီ များစွာထင်လာသော ယောဂီပုဂ္ဂိုလ်မှာ၊နာမ်, ရုပ်ကို ဝိုင်းခြားသော၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ရင့်သန်ကြီးထွား တိုးတက်ဖန် များလာသဖြင့်၊ **အမှတ်ပွား**လာသည်မှာ—

(၁) မြင်သော ခဏ၊ မြင်, မြင်တယ်၊ မြင်တယ်မှတ်, မှတ်တယ်၊ မျက်စိ,ဖြင့်–အဆင်းကို၊ မြင်တယ်ဟု ထင်၏။

(၂) ကြားသော ခဏ၊ ကြား, ကြားတယ်၊ ကြားတယ်မှတ်, မှတ်တယ်၊ နား,ဖြင့်–အသံကို၊ ကြားတယ်ဟု ထင်၏။

(၃) နံသောခဏ၊ နံ,နံတယ်၊ နံတယ်မှတ်, မှတ်တယ်၊ နှာခေါင်း, ဖြင့် အနံ့ကို၊ နံတယ်ဟု ထင်၏။

(၄) စားသော ခဏ၊ စား, စားတယ်၊ စားတယ်မှတ်, မှတ်တယ်၊ လျှာ,ဖြင့်–အရသာကို၊ စားတယ်ဟု ထင်၏။

(၅) ထိသောခဏ၊ ထိ, ထိတယ်၊ ထိတယ်မှတ်,မှတ်တယ်၊ကိုယ်, ဖြင့်–အတွေ့ကို၊ ထိတယ်ဟု ထင်၏။

(၆) သိသောခဏ၊ သိ,သိတယ်၊ သိတယ်မှတ်, မှတ်တယ်၊ နှလုံး, ဖြင့်–သဘောကို၊ သိတယ်ဟု ထင်၏။

မြင်သောခဏ၊ မြင်,မြင်တယ်၊ မြင်တယ်မှတ်,မှတ်တယ်၊ မျက်စိ,ဖြင့် အဆင်းကို မြင်၏ဟု ဆိုရာ၌။မြင်,မြင်တယ်က–**မူလအမှတ်**၊ မြင်တယ်မှတ်, မှတ်တယ်က–အမှတ် **တိုးတာ**။ အမှတ်တိုးသဖြင့် မှတ်စရာများ၊ မှတ်စရာများသဖြင့် အသိပွား၊ အသိပွားသည်ကို၊ **ဉာဏ်တက်**သည်ဟု ဆိုရ၏။

မျက်စိ ကြည်လင်, အဆင်း ထင်သောကြောင့်၊ မြင်၏ဟု ဆိုရာ၌။ မျက်စိကြည်လင်,အဆင်းထင်တာက–**အကြောင်း** ပစ္စယ၊ **သိမ်းဆည်း** တာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်။

ကြားသောခဏ၊ ကြား, ကြားတယ်၊ ကြားတယ်မှတ်, မှတ်တယ်၊ နား, ဖြင့် အသံကို ကြား၏ဟု ဆိုရာ၌။ ကြား, ကြားတယ်က–**မူလအမှတ်**၊ ကြားတယ်မှတ်,မှတ်တယ်က–အမှတ်**တိုးတာ**။ အမှတ် တိုးသဖြင့် မှတ်စရာများ၊ မှတ်စရာများသဖြင့် အသိပွား၊ အသိပွားသည်ကို၊ ဉာဏ်တက်သည်ဟု ဆိုရ၏။

နား ကြည်လင်,အသံ ထင်သောကြောင့်၊ ကြား၏ဟု ဆိုရာ၌ နားကြည်လင်, အသံထင်တာက–**အကြောင်း**ပစ္စယ၊ **သိမ်းဆည်း** တာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်။

နံ့သောအခါ၊ နံ့,နံ့တယ်၊နံ့တယ်မှတ်,မှတ်တယ်၊နှာခေါင်းဖြင့်,အနံ့ကို နံ၏ဟု ဆိုရာ၌။ နံ့,နံ့တယ်က–မူလအမှတ်၊ နံ့တယ်မှတ်, မှတ်တယ်က–အမှတ် ပိုးတာ။ အမှတ်တိုးသဖြင့် မှတ်စရာများ၊ မှတ်စရာ များသဖြင့် အသိပွား၊ အသိပွားသည်ကို ဉာဏ်တက်သည်ဟု ဆိုရ၏။

နှာခေါင်း ကြည်လင်, အနံ့ထင်သောကြောင့်၊ နံ၏ဟု ဆိုရာ၌။ နှာခေါင်းကြည်လင်,အနံ့ထင်တာက–အကြောင်းပစ္စယ၊ သိမ်းဆည်းတာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်။

စားသောအခါ၊ စား,စားတယ်၊ စားတယ်မှတ်,မှတ်တယ်၊ လျှာဖြင့်, အရသာကိုစား၏ဟု ဆိုရာ၌။ စား,စားတယ်က–မူလ အမှတ်၊ စားတယ်မှတ်,မှတ်တယ်က–အမှတ် တိုးတာ။ အမှတ် တိုးသဖြင့် မှတ်စရာများ၊ မှတ်စရာများသဖြင့် အသိပွား၊ အသိပွားသည်ကို ဉာဏ်ထက်သည်ဟု ဆိုရ၏။

လျှာ ကြည်လင်, အရသာ ထင်သောကြောင့်၊ စား၏ဟု ဆိုရာ၌။ လျှာကြည်လင်, အရသာထင်တာက–အကြောင်း ပစ္စယ၊ သိမ်းဆည်း တာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်။

ထိသောအခါ၊ ထိ, ထိတယ်၊ထိတယ်မှတ်,မှတ်တယ်၊ကိုယ်ဖြင့်,အတွေ့ကို ထိ၏ဟုဆိုရာ၌။ထိ, ထိတယ်က–မူလအမှတ်၊ ထိတယ်မှတ်, မှတ်တယ်က–အမှတ်ဘိုးတာ။ အမှတ် တိုးသဖြင့် မှတ်စရာများ၊မှတ်စရာ များသဖြင့် အသိပွား၊ အသိပွားသည်ကို ဉာဏ်တက်သည်ဟု ဆိုရ၏။

ကိုယ် ကြည်လင်,အတွေ့ ထင်သောကြောင့်၊ ထိ၏ဟု ဆိုရာ၌။ကိုယ်ကြည်လင်, အတွေ့ထင်တာက–အကြောင်း ပစ္စယ၊ သိမ်းဆည်း တာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်။

သိသောအခါ၊ သိ, သိတယ်၊ သိတယ်မှတ်, မှတ်တယ်၊ စိတ်ဖြင့်, သဘောကို သိ၏ဟု ဆိုရာ၌။ သိ,သိတယ်က–မူလအမှတ်၊ သိတယ်မှတ်,မှတ်တယ်က–အမှတ်တိုးတာ။အမှတ်တိုးသဖြင့် မှတ်စရာများ၊မှတ်စရာများသဖြင့် အသိပွား၊ အသိပွားသည်ကို ဉာဏ်တက်သည်ဟု ဆိုရ၏။

နှလုံး ကြည်လင်, သဘော ထင်သောကြောင့်၊ သိ၏ဟု ဆိုရာ၌။ နှလုံးကြည်လင်, သဘော ထင်တာက – အကြောင်း ပစ္စယ၊ သိမ်းဆည်း တာက–ပရိဂ္ဂဟ၊ သိတာက–ဉာဏ်၊

နာမ်,ရုပ်၏ အကြောင်းတွေဘဲဟု၊ နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပါ။ ဒွါရကြည်လင်၊ အာရုံထင်ကတဲ့က၊ အကြောင်းကို သိမ်းဆည်းသည်ဟု ဆိုရပေသည်။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံ, အာဟာရကြောင့်၊ ရုပ်, ဖြစ်၏ဟု၊ ရုပ်,၏ အကြောင်းကို၊ သိမ်းဆည်းဆင်ခြင်၍၊ အကြား,အကြား၊ မြင်သော ခဏ၊ မြင်, မြင်တယ်၊ မြင်တယ်မှတ်, မှတ်တယ်၊ **မျက်စိကြည်လင်**၊ အဆင်း ထင်သောကြောင့်-မြင်၏။

အကြား,အကြား၊ ကြား,ကြားတယ်၊ ကြားတယ်မှတ်, မှတ်တယ်၊ နားကြည်လင်၊ **အသံ** ထင်သောကြောင့်-ကြား၏။

အကြား,အကြား စား,စားတယ်၊ စားတယ်မှတ်, မှတ်တယ်၊ **လျှာကြည်လင်**၊ အရသာ ထင်သောကြောင့်-စား၏။

အကြား, အကြား၊ ထိ, ထိတယ်၊ ထိတယ်မှတ်, မှတ်တယ်၊ ကိုယ်ကြည်လင်၊ **အတွေ့** ထင်သောကြောင့်-ထိ၏။

အကြား, အကြား၊ သိ, သိတယ်၊ သိတယ်မှတ်, မှတ်တယ်၊ **နှလုံးကြည်လင်**၊ သဘော ထင်သောကြောင့်-သိ၏ဟု၊ နာမ်၏ အကြောင်းကို၊ သိမ်းဆည်း၏။

ဤသို့ သိမ်းဆည်းဖန် များ၍၊ ငါ, ဖြစ်သည် မထင်၊ အကြောင်းကြောင့် - နာမ်,ရုပ် ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါကာလ၊ ယခု အကြောင်းကြောင့် နာမ်,ရုပ် ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်,ရုပ်ဖြစ်ပြီ၊နောင်ခါလည်း အကြောင်းကြောင့် နာမ်, ရုပ်ဖြစ်လတံ့ဟု၊....

ပစ္စုပ္ပန်ကို သက်သေ ပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလတို့၌၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်,ရုပ်ဖြစ်သည်ကိုမြင်၏။ ထိုအခါ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော **ယုံမှားခြင်း** ကင်းပျောက်၏။

ဤသို့၊ နာမ်, ရုပ်၏ အကြောင်းကို၊ သိမ်း ဆည်းသော သူသည်၊ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါး တပါးသော ဒွါရ၌၊ အာရုံထင်သည်၊ ဝိညာဏ်, သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင်၊ အမှတ် ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ် နာမ် ရုပ် ထင်၏။

ထင်ပြီး၍၊ တဆင့် ဤ နာမ်,ရုပ်သည်၊ ယခု အကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေ့ကလည်း အကြောင်းကြောင့် ဖြစ်ပြီ၊ နောင်အခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှု၍သာနေ၏။

လာသော အကြောင်း၊ သွားသော အကျိုးကိုလည်း အမှတ်မပြု၊ လာသော အကြောင်း, သွားသော အကျိုး၊ မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။

စိတ်လည်း မပျံ့လွင့်၊ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏၊ ဝိပဿနာ အညစ် အကြေးလည်း ပျောက်၏၊ ဝိတက် အကြံအစည်လည်းငြိမ်း၏၊ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏၊ အနုသယလည်း ပျက်စီး၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ **အကြောင်းနှင့်အကျိုး** မျှသာ ရှိ၏။ အကြောင်း၌လည်း အကျိုးမရှိ၊ အကျိုး၌လည်း အကြောင်းမရှိ၊ အကြောင်းကြောင့်သာ အကျိုးဖြစ်၏။ အကြောင်းကြောင့်သာ အကျိုး၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,ယောကျ်ား,မိန်းမ၊ ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတံ့မရှိဟု၊ ဆုံးဖြတ်သောဉာဏ် တဘက်ကမ်းသို့ ရောက်၏။ ပစ္စယပရိဂ္ဂဟ ဉာဏ်သည်၊ ဝေါစရသမ္မာဇညမည်၏။ ဆုံးဖြတ်သောဉာဏ်သည်၊ အသမ္မောဟသမ္ပဇည မည်၏။

**ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။**

---

## သမ္မသန ဉာဏ်ကို ပြခြင်း

မြင်သောခဏ၊ မြင်, မြင်တယ်၊ မြင်တယ်မှတ်, မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊ အကြား,အကြား၌၊ မျက်စိ **ကြည်**လင်၊ အဆင်း ထင်သောကြောင့်–မြင်၏။

ကြားသောခဏ၊ ကြား,ကြားတယ်၊ ကြားတယ်မှတ်, မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊ အကြား,အကြား၌၊ နား ကြည်လင်၊ အသံ **ထင်သော**ကြောင့်–ကြား၏။

နံသော ခဏ၊ နံ, နံတယ်၊ နံတယ်မှတ်, မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊ အကြား, အကြား၌၊ နှာခေါင်း **ကြည်**လင်၊ အနံ့ ထင်သောကြောင့်–နံ၏။

စားသောခဏ၊ စား,စားတယ်၊ စားတယ်မှတ်, မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊ အကြား,အကြား၌၊ လျှာ ကြည်လင်၊ အရသာ ထင်သော ကြောင့်–စား၏။

ထိသောခဏ၊ ထိ,ထိတယ်၊ ထိတယ်မှတ်,မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊အကြား, အကြား၌၊ ကိုယ် ကြည်လင်၊ အတွေ့ ထင်သောကြောင့်– ထိ၏။

သိသောခဏ၊ သိ,သိတယ်၊ သိ,တယ်မှတ်,မှတ်တယ်ဟု၊ မှတ်သော စိတ်၏၊အကြား,အကြား၌၊ စိတ် ကြည်လင်၊ သဘော ထင်သောကြောင့်– သိ၏ဟု၊ အထင်များလာသော သူမှာ၊ နာမ်, ရုပ်၏ အကြောင်းကို သိမ်း ဆည်းသော၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ရင့်သန်ကြီးထွား တိုးတက်ဖန် များလာ သဖြင့်၊–

မြင်သောခဏ၊ မြင်,မြင်တယ်ဟု – မှတ်ရာ၌။ ရှေ့က ဖြစ်ပြီးသော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း တို့သည်၊ ယခု ဖြစ်ဆဲ သော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းသို့ မရောက်။

ယခုဖြစ်ဆဲသော၊ မြင်ခြင်း, ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိ ခြင်း တို့သည်၊ နောက်ဖြစ်လတံ့သော၊ မြင်ခြင်း, ကြားခြင်း, နံခြင်း, စား ခြင်း,ထိခြင်း, သိခြင်းသို့ မရောက်။

ကုန်သော အနက် သဘောကြောင့်–မမြဲ။ မမြဲသော အနက်သဘော သည်ပင်၊ကြောက်အပ်သော အနက် သဘောကြောင့်–ဆင်းရဲ။ မမြဲ,ဆင်းရဲ သော အနက်သဘောသည်ပင်၊ အနှစ်ကင်းသော အနက်သဘောကြောင့်– အစိုးမရဟု၊ သုံးသပ်၏။

အတွင်း ဖြစ်သော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း တို့သည်၊ အပ ဖြစ်သော၊ မြင်ခြင်း, ကြားခြင်း, နံခြင်း,စားခြင်း, ထိခြင်း,သိခြင်းသို့ မရောက်။

အပ ဖြစ်သော၊မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း တို့သည်၊ အတွင်း ဖြစ်သော၊မြင်ခြင်း,ကြားခြင်း,နံခြင်း, စားခြင်း, ထိခြင်း, သိခြင်းသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်–မမြဲ။ မမြဲသော အနက်သဘော သည်ပင်၊ ကြောက်အပ်သော အနက် သဘောကြောင့် – ဆင်းရဲ၊ မမြဲ,

ဆင်းရဲသော အနက်သဘောသည်ပင်၊ အနှစ်ကင်းသော အနက်သဘော ကြောင့်–အစိုးမရဟု၊ သုံးသပ်၏။

**ကြမ်း,ကြမ်း၊** မြင်ခြင်း, ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း တို့သည်၊ နု,နု၊ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း သို့ မရောက်။

**နု, နု၊** မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း တို့သည်၊ ကြမ်း, ကြမ်း၊ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်းသို့ မရောက်။

ကုန်သော အနက် သဘောကြောင့်–မမြဲ။ မမြဲသော အနက်သဘော သည်ပင်၊ ကြောက်အပ်သော အနက်သဘောကြောင့်–ဆင်းရဲ။ မမြဲ,ဆင်းရဲ သော အနက်သဘောသည်ပင်၊အနှစ်ကင်းသော အနက်သဘောကြောင့်– အစိုးမရဟု၊ သုံးသပ်၏။

**ယုတ်သော၊** မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း တို့သည်၊ မြတ်သော၊ မြင်ခြင်း,ကြားခြင်း,နံခြင်းစားခြင်း ထိခြင်း,သိခြင်း သို့ မရောက်။

**မြတ်သော၊** မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း တို့သည်၊ ယုတ်သော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း, ထိခြင်း, သိ ခြင်းသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်–မမြဲ။ မမြဲသော အနက်သဘော သည်ပင်၊ ကြောက်အပ်သော အနက်သဘောကြောင့်–ဆင်းရဲ။ မမြဲ, ဆင်း ရဲသော အနက် သဘောသည်ပင်၊ အနှစ်ကင်းသော အနက် သဘော ကြောင့်–အစိုးမရဟု၊ သုံးသပ်၏။

**နီးသော၊** မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းတို့ သည်၊ ဝေးသော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းသို့ မရောက်။

**ဝေးသော၊** မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းတို့ သည်၊ နီးသော၊ မြင်ခြင်း, ကြားခြင်း, နံခြင်း,စားခြင်း, ထိခြင်း,သိခြင်းသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်-မဗြ။ မမြဲသော အနက်သဘော သည်ပင်၊ ကြောက်အပ်သော အနက်သဘောကြောင့်-ဆင်းရဲ။မမြဲ,ဆင်းရဲ သော အနက်သဘောသည်ပင်၊ အနှစ်ကင်းသော အနက်သဘောကြောင့်- အစိုးမရဟု၊ သုံးသပ်၏။

ယံ ကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံရူပံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။ဒုက္ခတော ဝဝတ္ထ ပေတိ၊ ဧကံ သမ္မသနံ။ အနတ္တတော ဝဝတ္ထပေတိ၊ ဧကံ **သမ္မသနံ**။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)

အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်၌ဖြစ်သော။ ယံကိဉ္စိ၊အလုံးစုံသော။ယံ ရူပံ၊အကြင်ရုပ်သည်။အဇ္ဈတ္တံဝါ၊ အတွင်းသန္တာန် ၌လည်းဖြစ်၏။ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်းဖြစ်၏။ ဩဠာရိကံဝါ၊ ကြမ်း ထမ်းစွာလည်းဖြစ်၏။ သုခုမံဝါ၊ နူးညံ့စွာလည်းဖြစ်၏။ ဟီနံဝါ၊ ယုတ်စွာ လည်းဖြစ်၏။ ပဏီတံဝါ၊ မြတ်စွာလည်းဖြစ်၏။ ဒူရေဝါ၊ အဝေး၌လည်းဖြစ် ၏။ သန္တိကေဝါ၊အနီး၌လည်းဖြစ်၏။ တံ သဗ္ဗံ ရူပံ၊ထိုအလုံးစုံသော ရုပ်ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သမ္မသနညာဏ် သည်။ ဧကံ၊ တခု။ ဒုက္ခတော၊ဆင်းရဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသ နံ၊ သမ္မသနညာဏ်သည်။ ဧကံ၊ တခု။ အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထပေ တိ၊ ပိုင်းခြား၏။ သမ္မသနံ၊ **သမ္မသနညာဏ်**သည်။ ဧကံ၊ တခု။

ယာကာစိ ဝေဒနာ။ပ။ယာကာစိ သညာ။ပ။ယေကေစိ သင်္ခါ ရာ။ပ။ယံကိဉ္စိ ဝိညာဏံ။ပ။သဗ္ဗံ ဝိညာဏံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။

ဤသို့ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့, အတွင်း, အပ, အကြမ်း, အနု, အယုတ်,အမြတ်,အဝေး,အနီး–ဟူသော နာမ်, ရုပ် တို့၏တည်ရာ ၁၁-ဌာ နတို့တွင်၊တခုသော ဌာနမှ၊တခုသော ဌာနသို့၊ပြောင်းရွှေ့နေရ၊ မှတ်သော ခဏ,ခဏ၊ အကြား, အကြား၌၊ မှတ်ခဲ့သော၊ ရွေ့သဘော- ရွေ့ဌာန၏ ကုန်ခြင်းကြောင့်–မမြဲ။မမြဲခြင်းကြောင့်–ဆင်းရဲ။ မမြဲ,ဆင်းရဲခြင်းကြောင့်- အစိုးမရဟု၊သုံးသပ်၏။

နာမ်,ရုပ်၏ ညွတ်သော, ဖေါက်ပြန်သောအားဖြင့် လာသော၊ သ ဘာဝ လက္ခဏာ။ နာမ်,ရုပ်၏ ဥပါဒ်, ဋ္ဌီ,ဘင် အားဖြင့် သွားသော၊သင်္ခတ လက္ခဏာကိုလည်း အမှတ်မပြု၊မထင်သည်လည်းမဟုတ်၊ထင်လည်းသင်၏။

ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏၊ ဝိတက် အကြံအစည်လည်း ငြိမ်း၏၊ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏၊ အနုသယလည်း ပျက်စီး၏၊ သမ္မသနဉာဏ် အထူးကိုလည်း ရ၏။ ။သမ္မသနဉာဏ်သည်၊ ဂေါစရ သမ္မဇဉ မည်၏။ ဆုံးဖြတ်သော ဉာဏ်သည်၊ အသမ္မောဟ သမ္မဇဉမည်၏။

သမ္မသနဉာဏ် ပြီး၏။

---

## ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း

ဤသို့ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့၊ အတွင်း, အပ၊ အကြမ်း, အနု၊ အယုတ်,အမြတ်၊ အဝေး,အနီး၊-ဟူသော နာမ်ရုပ်၏ တည်ရာဌာန ၁၁-ပါး တို့၌-

မှတ်သော အာရုံ၊ ကူးပြောင်းတိုင်း, ကူးပြောင်းတိုင်း၊ ကုန်သော အနက်သဘောကြောင့်-မမြဲ။ မမြဲသော အနက်သဘောသည်ပင်၊ ကြောက်အပ်သော အနက်သဘောကြောင့် - ဆင်းရဲ။ မမြဲ, ဆင်းရဲသော အနက်သဘောသည်ပင်၊ အနှစ်ကင်းသော အနက်သဘောကြောင့် - အစိုးမရဟု သုံးသပ်သော၊ သမ္မသနဉာဏ်၊ ရင့်သန် ကြီးထွား တိုးတက်ချားလာ သော အခါ-

မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက်, ကွေးခိုက်, ဆန့်ခိုက် စသည်တို့၌၊ မှတ်တိုင်း, မှတ်တိုင်း၊ ဖြစ်သည်, ပျက်သည် ဟုသာ ထင်၏။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)

ဇာတံ၊ ဖြစ်ဆဲသော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ တဿ၊ ထိုဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်သော လက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်သော လက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ ဖြစ်,ပျက်, သဟု ရှုခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။

ထို့ကြောင့်၊ မြင်ဆဲ ခဏ၊ မြင်, မြင်တယ်ဟု မှတ်ဖန် များသော သူမှာ၊ မှတ်သော အခိုက်,အခိုက်တို့၌၊ **အဖြစ်,အပျက်** ကိုသာ မြင်သဖြင့်၊ အဖြစ်,မြင်တာက-ဥဒယ၊ အပျက်,မြင်တာက-ဝယ၊ အဖြစ်,အပျက် မြင်တာက-ဥဒယဗ္ဗယ၊ သိ,တာက-ဉာဏ်။

ထို့အတူ၊ကြား,ဆဲခဏ၊ နံ့,ဆဲခဏ၊ စား,ဆဲခဏ၊ ထိဆဲခဏ၊ သိ,ဆဲခဏ၊ အစရှိသည်တို့ကို၊ မှတ်ခိုက်, မှတ်ခိုက် တို့၌လည်း၊ **အဖြစ်,အပျက်** ကိုသာ မြင်သဖြင့်၊ အဖြစ် မြင်တာက-ဥဒယ၊ အပျက်,မြင်တာက-ဝယ၊ အဖြစ်,အပျက် မြင်တာက-ဥဒယဗ္ဗယ၊ သိ,တာက-ဉာဏ်။

ဤသို့ ပစ္စုပ္ပန် ခဏခဏတို့၌၊ အဖြစ်,အပျက်ကို မြင်သော ယောဂီသည်၊ **ရုပ်**၏ အဖြစ်,အပျက်ကိုလဲ- မြင်သည်မည်၏၊ **ဝေဒနာ**၏ အဖြစ်, အပျက်ကိုလဲ- မြင်သည်မည်၏၊ **သညာ**၏ အဖြစ်, အပျက်ကိုလဲ- မြင်သည် မည်၏၊ **သင်္ခါရ**၏ အဖြစ်, အပျက်ကိုလဲ - မြင်သည်မည်၏၊ **ဝိညာဏ်**၏ အဖြစ်,အပျက်ကိုလဲ-မြင်သည်မည်၏။

ရုပ်၏ အဖြစ်, အပျက် တခြား၊ ဝေဒနာ၏ အဖြစ်,အပျက်တခြား၊ သညာ၏ အဖြစ်, အပျက် တခြား၊ သင်္ခါရ၏ အဖြစ်, အပျက် တခြား၊ ဝိညာဏ်၏ အဖြစ်,အပျက် တခြားဟု၊တခြားစီ ရှုရသည် မဟုတ်ပါ၊အဖြစ်, အပျက်ကို မြင်ကတဲက၊ ခန္ဓာ ငါးပါးလုံး ပါကြပေ၏။

ထိုသို့ ခန္ဓာ ငါးပါးလုံးပါသော အဖြစ်, ထဲ၌၊ လက္ခဏာ ၂၅-ပါး ပါပေ၏။ခန္ဓာ ငါးပါးလုံးပါသော အပျက်,ထဲ၌၊လက္ခဏာ ၂၅-ပါး ပါပေ၏။ ခန္ဓာ ငါးပါးလုံးပါသော အဖြစ်, အပျက် ထဲ၌၊လက္ခဏာ ၅၀-ပါပေ၏။

အဖြစ်,ထဲ၌၊ လက္ခဏာ ၂၅-ပါး ဟူသော်ကား၊ အဝိဇ္ဇာဖြစ်သော ကြောင့်-ရုပ် ဖြစ်၏၊ တဏှာဖြစ်သောကြောင့်- ရုပ် ဖြစ်၏၊ ကံ ဖြစ်သော ကြောင့် - ရုပ်ဖြစ်၏၊ အာဟာရ ဖြစ်သောကြောင့် - ရုပ် ဖြစ်၏။ အဖြစ်, လက္ခဏာကို မြင်သော်လည်း၊ **ရူပက္ခန္ဓာ**၏ အဖြစ်ကို မြင်၏။

အဝိဇ္ဇာ, ဖြစ်သောကြောင့် - ဝေဒနာ, ဖြစ်၏၊ တဏှာ, ဖြစ်သော ကြောင့်- ဝေဒနာ,ဖြစ်၏၊ ကံ, ဖြစ်သောကြောင့်-ဝေဒနာ, ဖြစ်၏။ ဖဿ, ဖြစ်သောကြောင့်- ဝေဒနာ,ဖြစ်၏။ အဖြစ်,လက္ခဏာကို မြင်သော်လည်း၊ **ဝေဒနာက္ခန္ဓာ**၏ အဖြစ်ကို မြင်၏။

အဝိဇ္ဇာ,ဖြစ်သောကြောင့် - သညာ, ဖြစ်၏။ တဏှာ, ဖြစ်သောကြောင့်-သညာ,ဖြစ်၏၊ ကံ, ဖြစ်သောကြောင့် - သညာ,ဖြစ်၏၊ ဖဿ, ဖြစ်သောကြောင့် - သညာ, ဖြစ်၏။ အဖြစ်, လက္ခဏာကို မြင်သော်လည်း၊ **သညာက္ခန္ဓာ**,၏ အဖြစ်,ကို မြင်၏။

အဝိဇ္ဇာ,ဖြစ်သောကြောင့် - သင်္ခါရ, ဖြစ်၏၊ တဏှာ, ဖြစ်သောကြောင့်-သင်္ခါရ,ဖြစ်၏၊ ကံ ,ဖြစ်သောကြောင့်-သင်္ခါရ,ဖြစ်၏၊ ဖဿ,ဖြစ်သောကြောင့်-သင်္ခါရ,ဖြစ်၏။ အဖြစ်,လက္ခဏာကို မြင်သော်လည်း ၊ **သင်္ခါရက္ခန္ဓာ**,၏ အဖြစ်,ကို မြင်၏။

အဝိဇ္ဇာ,ဖြစ်သောကြောင့် - ဝိညာဏ်, ဖြစ်၏၊ တဏှာ, ဖြစ်သောကြောင့်-ဝိညာဏ်,ဖြစ်၏၊ ကံ,ဖြစ်သောကြောင့်-ဝိညာဏ်,ဖြစ်၏၊ နာမ်,ရုပ် ဖြစ်သောကြောင့်-ဝိညာဏ်, ဖြစ်၏။ အဖြစ်, လက္ခဏာကို မြင်သော်လည်း၊ **ဝိညာဏက္ခန္ဓာ**,၏ အဖြစ်ကို မြင်၏။ အဖြစ်ကို မြင်သဖြင့်၊ ဤ ၂၅-ပါးသော လက္ခဏာတို့ကို မြင်သည်မည်၏။

အပျက်, ထဲ၌၊ လက္ခဏာ ၂၅ - ပါးဟူသော်ကား၊ အဝိဇ္ဇာ, ချုပ်သောကြောင့်-ရုပ်,ချုပ်၏၊ တဏှာ, ချုပ်သောကြောင့်-ရုပ်, ချုပ်၏၊ ကံ, ချုပ်သောကြောင့်- ရုပ်ချုပ်၏၊ အာဟာရ,ချုပ်သောကြောင့်-ရုပ်,ချုပ်၏။ အပျက်,လက္ခဏာကို မြင်သော်လည်း၊ **ရူပက္ခန္ဓာ**၏ အပျက်,ကို မြင်၏။

အဝိဇ္ဇာ,ချုပ်သောကြောင့်- ဝေဒနာ,ချုပ်၏၊ တဏှာ, ချုပ်သောကြောင့်-ဝေဒနာ,ချုပ်၏၊ကံ, ချုပ်သောကြောင့်-ဝေဒနာ, ချုပ်၏၊ ဖဿ, ချုပ်သောကြောင့်-ဝေဒနာ,ချုပ်၏။အပျက်,လက္ခဏာကို မြင်သော်လည်း၊ **ဝေဒနာက္ခန္ဓာ**၏ အပျက်,ကို မြင်၏။

အဝိဇ္ဇာ,ချုပ်သောကြောင့်-သညာ, ချုပ်၏၊ တဏှာ, ချုပ်သောကြောင့်-သညာ,ချုပ်၏၊ ကံ,ချုပ်သောကြောင့် - သညာ,ချုပ်၏၊ ဖဿ, ချုပ်သောကြောင့်-သညာ,ချုပ်၏။အပျက်,လက္ခဏာကို မြင်သော်လည်း၊ **သညာက္ခန္ဓာ**၏ အပျက်,ကို မြင်၏။

အဝိဇ္ဇာ,ချုပ်သောကြောင့်- သင်္ခါရ,ချုပ်၏၊ တဏှာ,ချုပ်သောကြောင့်-သင်္ခါရ,ချုပ်၏၊ ကံ, ချုပ်သောကြောင့် - သင်္ခါရ,ချုပ်၏၊ ဖဿ, ချုပ်သောကြောင့်-သင်္ခါရ,ချုပ်၏။ အပျက်,လက္ခဏာကို မြင်သော်လည်း၊ **သင်္ခါရက္ခန္ဓာ**၏ အပျက်,ကို မြင်၏။

အဝိဇ္ဇာ,ချုပ်သောကြောင့်–ဝိညာဏ်, ချုပ်၏၊ တဏှာ, ချုပ်သောကြောင့်-ဝိညာဏ်, ချုပ်၏၊ ကံ,ချုပ်သောကြောင့်-ဝိညာဏ်, ချုပ်၏၊ နာမ်ရုပ်, ချုပ်သောကြောင့်-ဝိညာဏ်, ချုပ်၏။ အပျက်လက္ခဏာကို မြင်သော်လည်း၊ **ဝိညာဏက္ခန္ဓာ**၏ အပျက်,ကိုမြင်၏။ အပျက်ကို မြင်သဖြင့်၊ဤ ၂၅-ပါးသော လက္ခဏာတို့ကို မြင်သည်မည်၏။ အဖြစ်,အပျက်,ကို မြင်သဖြင့်၊ ဤ၅၀-သောလက္ခဏာတို့ကို မြင်သည်မည်၏။

ထိုသို့ ဖြစ်သည်,ပျက်သည်ကို မြင်သော ယောဂီပုဂ္ဂိုလ်အား၊ နာမ်ရုပ်တို့၏ ဖြစ်ဆဲသောလက္ခဏာကို မြင်သဖြင့်၊ **ဇာတိ**,ဟူ၍၎င်း၊**ဥပါဒ်**,ဟူ၍၎င်း၊ **အသစ်**,ဟူ၍၎င်း၊ **ဥဒယ**,ဟူ၍၎င်း ရှုမြင်၏။ နာမ်, ရုပ်တို့၏ ပျက်ဆဲသောလက္ခဏာကို မြင်သဖြင့်၊**ခယ**,ဟူ၍၎င်း၊**ဘင်**,ဟူ၍၎င်း၊**ဝယ**,ဟူ၍၎င်း၊ ရှုမြင်၏။

ထိုသို့ရှုသော ယောဂီပုဂ္ဂိုလ်သည်၊ ဤနာမ်, ရုပ်၏ ဖြစ်သည်မှ ရှေ့၌၊ မဖြစ်သေးသော နာမ်, ရုပ်၏၊ ဖြစ်စရာ **အစု** သည်လည်း မရှိ၊ ဖြစ်စရာ **အပေါင်း**သည်လည်း မရှိ။

ဖြစ်ဆဲသော နာမ်, ရုပ်၏လည်း၊ ဖြစ်စရာအစုမှ လာခဲ့သောမည်သည် မရှိ၊ ဖြစ်စရာအပေါင်းမှ လာခဲ့သောမည်သည် မရှိ။

ချုပ်ဆဲသော နာမ်,ရုပ်၏၊ အရပ်တပါးသို့ ဖဲသွားသော မည်သည် မရှိ၊ ချုပ်ပြီးသော နာမ်, ရုပ်၏၊ တခုတခုသော အရာ၌၎င်း၊ အပေါင်းအားဖြင့်၎င်း၊ သိုမှီးသိမ်းဆည်းသော အားဖြင့်၎င်း၊ တည်သော မည်သည် မရှိ။

**စောင်း** တီးခတ်အပ်သည်ရှိသော်၊ ဖြစ်သော **စောင်းသံ**၏ ဖြစ်သည်မှ ရှေး၌၊ မဖြစ်သေးသော စောင်းသံ၏ ဖြစ်စရာအပေါင်းအစုသည် မရှိ၊ ဖြစ်ဆဲသော စောင်းသံ၏ ဖြစ်စရာအပေါင်းအစုမှ၊ လာခဲ့သော မည်သည် မရှိ၊ ချုပ်ဆဲသော စောင်းသံ၏ အရပ်တပါးသို့၊ ဖဲသွားသောမည်သည် မရှိ၊ ချုပ်ပြီးသော စောင်းသံ၏ တစုံတခုသောအရပ်၌၊ အပေါင်းအစုအားဖြင့် မတည်။ စင်စစ်သော်ကား၊ စောင်းကို၎င်း, စောင်းကြိုးကို၎င်း, ယောကျ်ား၏ ထိုစောင်းအား လျော်သော လုံ့လကို၎င်း စွဲ၍၊ ရှေးကအသံမဖြစ်မူ၍၊ ယခုဖြစ်ပေါ်လာသလို၊ ယခုဖြစ်ပြီး၍ ယခုပျက်သွားသလို။—

ထို့အတူ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ ရုပ်တရား, နာမ်တရားတို့သည်၊ ရှေးက မဖြစ်ကုန်မူ၍၊ **ယခုဖြစ်**ကုန်၏။ယခုဖြစ်ကုန်၍၊ **ယခုပျက်**ကုန်၏ဟု ထင်ကုန်၏။

ထို ၅၀-သော လက္ခဏာတို့၏ အစွမ်းအားဖြင့်၊ ဤအကြောင်းဖြင့်လည်း ရုပ်၏ဖြစ်ခြင်း၊ဤအကြောင်းဖြင့်လည်း ရုပ်၏ ပျက်ခြင်း။ဤ ခဏအားဖြင့်လည်း ရုပ်သည်ဖြစ်၏၊ ဤခဏ အားဖြင့်လည်း ရုပ်သည် ပျက်၏။

ဤသို့ **အကြောင်း** အားဖြင့်၎င်း၊ **ခဏ** အားဖြင့်၎င်း၊ အကျယ်အားဖြင့် နှလုံးသွင်းသော ယောဂီအား၊ ဤတရားတို့သည် ရှေးကမဖြစ်ကုန်မူ၍၊ ယခုဖြစ်ကုန်၏။ ယခုဖြစ်ကုန်၍၊ ယခုပျက်ကုန်၏ဟု၊ အသိဉာဏ်သည် အထူးသဖြင့် သန့်ရှင်းစင်ကြယ်၏။

ဤသို့ အကြောင်းအားဖြင့်၎င်း၊ ခဏအားဖြင့်၎င်း၊ အဖြစ်အပျက် နှစ်ပါးကိုမြင်သော ယောဂီအား၊ သစ္စာအပြား၊ ပဋိစ္စ သမုပ္ပါဒ်အပြား၊ နည်းအပြား၊ လက္ခဏာအပြားတို့သည် ထင်ကုန်၏။

အဘယ်သို့ ထင်ကုန်သနည်း၊ ထိုယောဂီအား၊ အဝိဇ္ဇာစသည်တို့၏ ဖြစ်ခြင်းကြောင့်၊ ခန္ဓာတို့၏ အဖြစ်ကိုမြင်၏။ အဝိဇ္ဇာစသည်တို့၏ ချုပ်ခြင်းကြောင့်၊ ခန္ဓာတို့၏ချုပ်သည်ကိုမြင်၏။ ဤသို့မြင်ခြင်းသည်၊ ယောဂီအား၊ **အကြောင်း**အားဖြင့် အဖြစ်အပျက်ကို မြင်သည်မည်၏။

ဖြစ်သော လက္ခဏာ၊ ပျက်သော လက္ခဏာကို မြင်သည်ရှိသော်၊ ခန္ဓာတို့၏ အဖြစ်အပျက်ကိုမြင်၏။ ဤသို့ မြင်ခြင်းသည်၊ ဤယောဂီအား၊ **ခဏ**အားဖြင့် အဖြစ်အပျက်ကို မြင်သည်မည်၏။

ဤသို့အကြောင်းအားဖြင့်၎င်း၊ ခဏအားဖြင့်၎င်း၊ အဖြစ်အပျက် နှစ်ပါးကိုမြင်သော ယောဂီအား၊ အကြောင်းအားဖြင့် အဖြစ်ကိုမြင်သဖြင့်၊ **သမုဒယသစ္စာ** ထင်တော့၏။ အဘယ့်ကြောင့်နည်း၊အကြောင်းဟု သိသောကြောင့်တည်း။

ခဏအားဖြင့် အဖြစ်ကို မြင်သဖြင့်၊**ဒုက္ခသစ္စာ** ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ ဖြစ်ခြင်း ဆင်းရဲဟု သိသောကြောင့်တည်း။

အကြောင်းအားဖြင့် အပျက်ကိုမြင်သဖြင့်၊ **နိရောဓသစ္စာ** ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ အကြောင်း မဖြစ်သဖြင့်၊ အကျိုးတရားတို့၏ မဖြစ်ဟု သိသောကြောင့်တည်း။

ခဏအားဖြင့် အပျက်ကို မြင်သဖြင့်၊ **ဒုက္ခသစ္စာ** သည်သာလျှင် ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ သေခြင်း ဆင်းရဲဟု သိသောကြောင့်တည်း။

ဤယောဂီ၏ အကြင် အဖြစ်, အပျက် ထင်ခြင်းသည်၊ လောကီဖြစ်သော မဂ်သည်သာလျှင်တည်း။ ဤသို့ **မဂ္ဂသစ္စာ** သည်လည်း ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ ထိုသို့ အဖြစ်,အပျက် ထင်ရာ၌၊ မောဟကို ပယ်ခြင်းကြောင့်တည်း။ ဤသို့အားဖြင့် သစ္စာအပြားသည် ထင်၏။

ထိုယောဂီအား၊ အကြောင်းအားဖြင့် အဖြစ်ကို မြင်သဖြင့်လည်း၊ **အနုလောမ**ပဋိစ္စသမုပ္ပါဒ်သည် ထင်၏။ အဘယ့်ကြောင့်နည်း၊ ဤအကြောင်းသည် ရှိသော်၊ ဤအကျိုးသည် ဖြစ်၏ဟု သိသောကြောင့်တည်း။

အကြောင်းအားဖြင့် အပျက်ကို မြင်သဖြင့်၊ **ပဋိလောမ** ပဋိစ္စသမုပ္ပါဒ် ထင်၏။ အဘယ့်ကြောင့်နည်း၊ ဤအကြောင်း၏ ချုပ်ခြင်းကြောင့်၊ ဤအကျိုးသည် ချုပ်၏ဟု သိသောကြောင့်တည်း။

ခဏအားဖြင့် အဖြစ်,အပျက်ကို မြင်သဖြင့်၊ ပဋိစ္စသမုပ္ပါဒ်၏ အကျိုးတရားတို့သည် ထင်ကုန်၏။ အဘယ့်ကြောင့်နည်း၊ ဥပါဒ်,ဌီ,ဘင် သင်္ခတလက္ခဏာဟု သိသောကြောင့်တည်း။

မှန်၏၊ အကြင် ဥပါဒ်,ဌီ, ဘင် သင်္ခတလက္ခဏာတို့သည်၊ ဖြစ်ခြင်း, ပျက်ခြင်း ရှိကုန်၏။ ထို ဥပါဒ်,ဌီ, ဘင် သင်္ခတလက္ခဏာတို့သည်၊ ပဋိစ္စသမုပ္ပါဒ်၏ အကျိုးတရားတို့မည်ကုန်၏။ ဤသို့အားဖြင့်၊ **ပဋိစ္စသမုပ္ပါဒ်**အပြားသည် ထင်၏။

ဤ ယောဂီအား၊ အကြောင်းအားဖြင့် အဖြစ်ကို မြင်သဖြင့်၊ **ဧကတ္တ** နည်းသည် ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ အကြောင်း အကျိုးနှင့် စပ်သဖြင့်၊ အစဉ်၏ မပြတ်ဟု သိသောကြောင့်တည်း။ ထိုသို့ သိသည်ရှိသော်၊ ကောင်းစွာ ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်စွန့်၏။

ခဏအားဖြင့် အဖြစ်ကို မြင်သဖြင့်၊ **နာနတ္တ** နည်းသည် ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ အသစ်အသစ်တို့၏ ဖြစ်သည်ဟု သိသောကြောင့်တည်း။ ထိုသို့ သိသည်ရှိသော်၊ ကောင်းစွာ သဿတဒိဋ္ဌိကို ပယ်စွန့်၏။

ဤယောဂီအား အဖြစ်အပျက်ကို မြင်သဖြင့်၊ **အဇ္ဈာပေါရနည်းသည်** ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ သဘောတရားတို့၏ အလိုသို့ မလိုက်သည်အဖြစ်ကို သိသောကြောင့်တည်း။ထိုသို့ သိသည့်ရှိသော်၊ ကောင်းစွာ အတ္တဒိဋ္ဌိကို ပယ်စွန့်၏။

အကြောင်းအားဖြင့် အဖြစ်ကို မြင်သဖြင့်၊ **ဧဝံဓမ္မတာ** နည်းသည် ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ အကြောင်းအားလျော်စွာ အကျိုး၏ ဖြစ်သည်ဟု သိသောကြောင့်တည်း။ ထိုသို့ သိသည့်ရှိသော်၊ အကြိယဒိဋ္ဌိကို ပယ်စွန့်၏။ ဤသို့အားဖြင့် **နည်း**အပြားသည် ထင်၏။

ဤယောဂီအား၊ အကြောင်းအားဖြင့် အဖြစ်ကို မြင်သဖြင့်၊ **အနတ္တ** လက္ခဏာ ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ သဘောတရားတို့၏ မိမိကား ဖြစ်အောင် အားထုတ်ခြင်း မရှိ၊ အကြောင်းတပါး နှင့် စပ်၍ ဖြစ်သည်ဟု သိသောကြောင့်တည်း။

ခဏအားဖြင့် အဖြစ်အပျက်ကို မြင်သဖြင့်၊ **အနိစ္စ** လက္ခဏာ ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ ဖြစ်ပြီး၍ မရှိဟု သိသောကြောင့်တည်း။ တနည်း၊ ရှေး-အစွန်း,နောက်-အစွန်းမှ၊ ဆိတ်သည်ဟု သိသောကြောင့်တည်း။

**ဒုက္ခ** လက္ခဏာလည်း ထင်တော့၏။အဘယ့်ကြောင့်နည်း၊ဖြစ်ခြင်း, ပျက်ခြင်းဖြင့်၊ မပြတ်ပင်ပန်းသည်ဟု သိသောကြောင့်တည်း။

**သဘာဝ** လက္ခဏာလည်း ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ ဖြစ်ခြင်း,ပျက်ခြင်းဖြင့်၊ ပိုင်းခြားသည်ဟု သိသောကြောင့်တည်း။

သဘာဝ လက္ခဏာ၌၊ **သင်္ခတ**လက္ခဏာ၏၊ အခိုက်အတံ့၏အဖြစ်ဖြင့်လည်း ထင်တော့၏။ အဘယ့်ကြောင့်နည်း၊ ဖြစ်သောခဏ၌၊ အပျက်မရှိဟု သိသောကြောင့်တည်း။ ပျက်သောခဏ၌၊ အဖြစ်မရှိဟု သိသောကြောင့်တည်း။ ဤသို့အားဖြင့်၊ **လက္ခဏာ**အပြားသည် ထင်၏။

ဤသို့ထင်သည် ဖြစ်၍ ဖြစ်သော၊သစ္စာအပြား,ပဋိစ္စသမုပ္ပါဒ်အပြား,-နည်းအပြား,လက္ခဏာအပြားရှိသော ထိုယောဂီအား၊ ဤသဘောတရာတို့သည်၊ မဖြစ်ဘူးကုန်ဘဲ ဖြစ်ကုန်၏။

ယခု ဖြစ်ကုန်သော ဤ သဘော တရား တို့သည်၊ ယခုပင် ချုပ်ကုန်၏ဟု၊ အမြဲ အသစ်အသစ်ဖြစ်သော၊ သင်္ခါရတို့သည် သာလျှင် ထင်ကုန်၏။

သက် သက် လည်း၊ အမြဲ အသစ်အသစ် ဖြစ်ကုန်သော၊ သင်္ခါရတို့သည်၊ ထင်ကုန်သည် မဟုတ်သေး။ နေထွက်သော အခါ၌၊ နှင်းပေါက်ကဲ့သို့၊ ရေပွက် ကဲ့သို့၊ ရေ၌ တုတ်တံ ဖြင့် ရေးခြစ် သကဲ့သို့၊ ပွတ် ဆောက်ဖျား၌ မုံညင်း စေ့ ကဲ့သို့၊ လျှပ်စစ် နွယ်ကဲ့သို့၊ နည်းသော တည်ရာ ရှိကုန်သည်ဖြစ်၍၊ သင်္ခါရတို့သည် ထင်ကုန်၏။

မျက်လှည့်, တံလျှပ်, အိပ်မက်, ရေမြှုပ်, ငှက်ပျောတုံး စသည်တို့ကဲ့သို့၊ အနှစ်မရှိ ကုန်သည် ဖြစ်၍၊ အနှစ်ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏။ ဤသို့ ထင်သော ယောဂီသည်၊ ဥဒယဗ္ဗယ ဉာဏ်သို့ ရောက်၏။ ဥဒယဗ္ဗယဉာဏ်သည်၊ ဝေါစရသမ္မဇဉ်မည်၏။ ဆုံးဖြတ်သောဉာဏ်သည်၊ အသမ္မောဟသမ္ပဇဉ် မည်၏။

ဥဒယဗ္ဗယဉာဏ် ပြီး၏။

## ဘင်္ဂဥာဏ်ကို ပြခြင်း

ဤသို့၊ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်,သိခိုက်,ကွေးခိုက်,ဆန့်ခိုက် စသည် တို့၌၊ မှတ်တိုင်း, မှတ်တိုင်း၊ အဖြစ်, အပျက်ကို မြင်သော ဥဒယဗ္ဗယဉာဏ်၊ ရင့်သန်ကြီးထွား တိုးတက်များလာသောအခါ၊-

မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊ သိသောခဏ၊ ကွေးသောခဏ၊ ဆန့်သောခဏ၊ ဘယ်, ညာ တစောင်း ပြောင်းသော ခဏ၊ လှုပ်သောခဏ၊ ကြွသောခဏ၊ ထသောခဏ၊ မ သောခဏ စသည်တို့၌၊ မှတ်ခိုက်, မှတ်ခိုက်၊ ကုန်သော သဘော၊ ပျက်သော သဘော၊ ပြိုသော သဘော၊ ချုပ်သော သဘောဟု ရှု၏။ ထိုပျက်သော သဘော၊ ကုန်သော သဘော၊ ပြိုသော သဘော၊ ချုပ်သော သဘောကို ရှုသော စိတ်၏ အဆုံးကို မြင်သဖြင့်၊ ကုန်သော သဘော၊ ပျက်သော သဘော၊ ပြိုသော သဘော၊ ချုပ်သော သဘောတို့၌ သာလျှင် သတိထင်၍နေ၏။

ဖြစ်သော သဘော၊ တည်သော သဘော၊ စဲသော သဘော၊နိမိတ် သဘော တွေသည် မရှိနိုင်၊ အဘယ့် ကြောင့်နည်း၊ **ဉာဏ်ထက် သော** ကြောင့်တည်း။

> ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံဝါ ဌိတိံဝါ ပဝတ္တံဝါ နိမိတ္တံဝါ န သမ္ပါ ပုဏာတိ။ ခယ ဝယ ဘေဒ နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်စွာ။ ဝဟန္တေ၊ ရွက်ဆောင် သည်ရှိသော်။ သင်္ခါရေသု၊ သင်္ခါရတို့သည်။ လဟုံ၊ လျင်စွာ။ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ ဥပ္ပါဒံဝါ၊ ဖြစ်သော သဘော တရားကိုဒင်း။ ဌိတိံဝါ၊ တည်သော သဘော တရားကိုဒင်း။ ပဝတ္တံဝါ၊ အစဉ်မပြတ်ဖြစ်သော သဘောတရားကိုဒင်း။ နိမိတ္တံဝါ၊ နိမိတ်ထင်ခြင်းကိုဒင်း။ န သမ္ပါပုဏာတိ၊ မရှိနိုင်။ခယ,ဝယ,ဘေဒ,နိရောဓေယေဝ၊ ကုန်သော သဘော၊ ပျက်သော သဘော၊ ပြိုသော သဘော၊ ချုပ်သော သဘော ၌သာလျှင်။ သတိ၊ **သတိ** သည်။ သန္တိဋ္ဌတိ၊ တည်၏။

နာမ်,ရုပ် ဟူသော–ဉာတ၊ ရှုသော–ဉာဏ၊ ဤ ဉာတ,ဉာဏ ၂–ပါးစုံ အာရုံကို ရှုပြီးမှ၊ ဤ နာမ်, ရုပ် သည်၊ ယခု ပျက်သကဲ့သို့၊ ရှေ့ကလည်း ပျက်ပြီ။ နောင်ခါလည်း ပျက်လတံ့ဟု ရှု၍သာနေ၏။

ထိုသူအား၊ မချုပ်ဘဲသာလျှင် ချုပ်သဟုထင်သော၊ မပျက်ဘဲသာ လျှင် ပျက်သဟု ထင်သော နှလုံးသွင်းခြင်းကြောင့်–

ကွဲလုနည်းသောအိုး၏ အကွဲကို မြင်သလို၊ နုသောမြူမှုံတို့၏ ပြန့်ကျဲ သည်ကို မြင်သလို၊ ကြိတ်ကွဲကုန်သော နှမ်းတို့ကို မြင်သလို။

အလုံးစုံသော သင်္ခါရတို့၏ ဖြစ်ခြင်း, တည်ခြင်း, အစဉ် ဖြစ်ခြင်း, နိမိတ်ထင်ခြင်းကို လွှတ်၍၊ အပျက်ကိုသာလျှင် မြင်၏။

မျက်စိ အမြင်ရှိသော ယောကျ်ားသည်၊ ကမ်းဘောင်ရိုး, **မြစ်ကမ်း ပါး** တခုခုသို့ ရောက်သောအခါ၊ မိုဃ်းသည် သည်းထန်စွာ ရွာသဖြင့်၊ရေ ပွက်တို့သည် ဖြစ်ပြီး၍, ဖြစ်ပြီး၍၊ လျင်စွာ, လျင်စွာ ပျက်သည်ကို မြင်သလို၊

ထို့အတူ ယောဂီသည်၊ ကွေးခြင်း, ဆန့်ခြင်း, မြင်ခြင်း, ကြားခြင်း စသော၊ သင်္ခါရတို့၏ အပျက်ကိုသာ မြင်၏။

ယထာ ပုဗ္ဗုဠကံ ပဿေ၊
ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။ ။
(ဓမ္မပဒပါဠိတော်)

ပုဗ္ဗုဠကံ၊ **ရေပွက်** ကို။ ပဿေ ယထာ၊ မြင်သကဲ့သို့ရင်း။ မရီစိကံ၊ **တံလျှပ်** ကို။ ပဿေ ယထာ၊ မြင်သကဲ့သို့ရင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ဤသို့ အပျက်ကိုသာ မြင်သော သူအား၊ မှတ်သော အာရုံတိုင်း, အာရုံတိုင်း၌၊ မမြဲဟု ရှု၏၊ မြဲသဟု မရှု။ ဆင်းရဲဟု ရှု၏၊ ချမ်းသာဟု မရှု။

အစိုးမရဟု ရှု၏၊ အစိုးရ သဟု မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်မက်ကင်း၏၊ မတပ်မက်။ ချုပ်စေ၏၊ မဖြစ်စေ။ တဖန်ကို စွန့်၏၊ တဖန်ကို မယူ။

မမြဲဟု ရှုသည်ရှိသော်၊မြဲ၏ဟု **အမှားသညာ** ကိလေသာကို ပယ်၏။ ဆင်းရဲဟု ရှုသည်ရှိသော်၊ချမ်းသာဟု **အမှားသညာ** ကိလေသာကိုပယ်၏။ အစိုးမရဟု ရှုသည် ရှိသော်၊ အစိုးရသဟု **အမှားသညာ** ကိလေသာကို ပယ်၏။

ငြီးငွေ့သည်ရှိသော်၊နန္ဒီတဏှာ ကိလေသာကို ပယ်၏။တပ်မက်ကင်းသည် ရှိသော်၊ ရာဂ တဏှာ ကိလေသာကို ပယ်၏။ တဖန်ချုပ်စေသည် ရှိသော်၊ တဖန်ယူခြင်း အနုသယကို ပယ်၏။ တဖန်ကို စွန့်သည် ရှိသော်၊ တဖန်ယူခြင်း ပရိယုဋ္ဌာန်ကိုပယ်၏။ ဘင်္ဂဉာဏ်သည်၊ ဂေါစရသမ္ပဇဉ်မည်၏။ ဆုံးဖြတ်သော ဉာဏ်သည်၊ အသမ္မောဟ သမ္ပဇဉ်မည်၏။

**ဘင်္ဂဉာဏ် ပြီး၏။**

## ဘယ,အာဒီနဝ,နိဗ္ဗိဒါဉာဏ်ကို ပြခြင်း

ဤသို့၊ မြင်ခိုက်,ကြားခိုက်,နံခိုက်,စားခိုက်,ထိခိုက်,သိခိုက်,ကွေးခိုက်, ဆန့်ခိုက်,လှုပ်ခိုက်,ရွခိုက်,မ ခိုက် အစရှိသောအားဖြင့်၊ ဖြစ်ပေါ်လာသော အခိုက်,အခိုက်တို့၌၊ မှတ်တိုင်း,မှတ်တိုင်း၊ ပျက်သည်, ကုန်သည်, ပြိုသည်, ချုပ်သည်ကိုသာမြင်၍၊ ပျက်မှု,ကုန်မှု,ပြိုမှု,ချုပ်မှု ကိုသာ တဖန် ရှုသဖြင့်၊ ပျက်သော သဘော၊ ကုန်သော သဘော၊ ပြိုသော သဘော၊ ချုပ်သော သဘောကိုသာ မြင်သော၊ ဘင်္ဂဉာဏ် ရင့်သန် ကြီးထွား တိုးတက်များလာ သောအခါ–

အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသော ဂတိ၊ အလုံးစုံသော ဌိတိ၊ အလုံးစုံသော သတ္တာဝါသ တို့၌၊ ပျက်စီးခြင်းနှင့်တကွ ဖြစ်သောသင်္ခါရတို့သည်၊ ဘေးကြီးဟု ထင်ကုန်၏။

ချမ်းသာစွာ အသက်မွေးလိုသော၊ ကြောက်တတ်သော ယောကျ်ား အား၊ ခြင်္သေ့, ကျား, သစ်, ဝံ, အောင်း, ဘီးလူး, ရက္ခိုသ်, နွားကြမ်း, ခွေးကြမ်း,မုံယစ်နေ၍ ကြမ်းသော ဆင်, ကြမ်းသော လျှင်သော အဆိပ်ရှိ သော မြွေ, မိုးကြိုးစက်, သုသာန်မြေ,မီးကြီးတွင်း စသည်တို့၌၊ ဘေးကြီး ထင်သလို။—

ယောဂီအား၊ အလုံးစုံသော၊ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု,လှုပ်မှု,ကြွမှု,မ မှု အစရှိသော ကိစ္စအဝဝတို့၌၊ အပျက်ကိုသာ တွင်တွင် မြင်သဖြင့် မနှစ်သက်၊ မနှစ်သက်သဖြင့် ဆင်းရဲသောကြောင့်၊ တခါတခါ ဘေးထင်၏။

အာရုံကျသောအခိုက်, ကျသောအခိုက်၊ မှတ်တိုင်း, မှတ်တိုင်းတို့၌၊ အပျက် မြင်သဖြင့် မနှစ်သက်၊ မနှစ်သက်သဖြင့် ဘေးထင်ဖန် များသော ယောဂီသည်၊ အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသော ဂတိ၊ အလုံးစုံသော ဌိတိ၊ အလုံးစုံသော သတ္တာဝါသတို့၌။ —

ဘာတခုကိုမျှ၊ စောင့်ရှောက်ရာ, ပုန်းအောင်းရာ, လားရာ, ကျွတ် လွတ်ရာ မထင်ဘဲ၊ အလုံးစုံသော ဘဝ,ယောနိ,ဂတိ,ဌိတိ, သတ္တာဝါသသို့ ရောက်ကုန်သော သင်္ခါရတို့တွင်၊ တခုသော သင်္ခါရကိုမျှ၊ တောင့်တခြင်း သည်ရှင်း၊ သုံးသပ်ခြင်း သည်ရှင်း မဖြစ်။

သုံးပါးသော ဘဝတို့သည်၊ အနိုးအလျှံနှင့်တကွ ပြည့်သော မီးကြီးတွင်းကဲ့သို့ရှင်း။ လေးပါးသော **မဟာဘုတ်** တို့သည်၊ လျင်သော ကြမ်းသော အဆိပ်ရှိသော မြွေကဲ့သို့ရှင်း။

ခန္ဓာ ငါးပါး တို့သည်၊ တကယ် အဟုတ်၊ ခုတ်မည် ရွယ်မိုးသော သန်လျက် ဓါးလက်နက် စွဲကိုင်သော၊ **သူသတ်** ယောက်ျားကဲ့သို့ရှင်း။

အဇ္ဈတ္တိကာယတန ၆-ပါးတို့သည်၊ **ဆိတ်သောရွာ** ကဲ့သို့ရှင်း။ ဗာဟိရာယတန ၆-ပါးတို့သည်၊ ရွာ၌ ခိုးသော **သူခိုး** ကဲ့သို့ရှင်း။ ၇-ပါးသော သတ္တဝိညာဏ ဋ္ဌိတိ၊ ၉-ပါးသော သတ္တာဝါသတို့သည်၊ ၁၁-ပါးသော မီးတို့ဖြင့် ရဲရဲ ပြောင်ပြောင် တောက် လောင် ခြင်း၊ အလျှံ ပြောင်ပြောင် တောက် လောင် ခြင်း၊ အနိုး အလျှံနှင့်တကွ တောက်လောင်ခြင်း ဖြစ်သကဲ့သို့။

အလုံးစုံသော သင်္ခါရတို့သည်၊ အိုင်းအမာ သဘွယ်ဖြစ်၍ ဖြစ်ကုန်သည်၊ ရောဂါသဘွယ်ဖြစ်၍ ဖြစ်ကုန်သည်၊ မြှား ငြောင့်သဘွယ်ဖြစ်၍ ဖြစ်ကုန်သည်၊ မကောင်းမှု သဘွယ်ဖြစ်၍ ဖြစ်ကုန်သည်၊ အနာသဘွယ်ဖြစ်၍ ဖြစ်ကုန်သည်၊ အနှစ်မရှိကုန်သည်၊ သာယာဘွယ်မရှိကုန်သည်၊ များစွာသော **အပြစ်အစုအပုံ** ဖြစ်ကုန်သည်ဟု ထင်ကုန်၏။

ချမ်းသာစွာ အသက်ရှည်လိုသော၊ ကြောက်တတ်သော ယောက်ျားအား၊ မွှေ့လျော်ဘွယ် အခြင်းအရာအားဖြင့် တည်သော်လည်း၊ သားရဲရှိသဖြင့် သက်ဝင်ခြင်းငှာ ခဲယဥ်းသောတောအုပ်။

ကျားရဲရှိသော ဂူ၊ ဖမ်းယူကိုက်စားတတ်သော မိချောင်း၊ ရေစောင့်ရက္ခိုသ်ရှိသော ရေ၊ တကယ်အဟုတ် ခုတ်မည်ဟု ရွယ်မိုးလာသော သန်လျက်ဓား လက်နက်ရှိသော ရန်သူ။

အဆိပ်ရှိသော ဘောဇဉ်၊ သူခိုးရှိသော ခရီး၊ အလျှံပြောင်ပြောင် တောက်လောင်သော မီး၊ ချီတက်အပ်သော စစ်သည်ရှိသော စစ်မြေပြင် တို့ကဲ့သို့။

အနှစ်မရှိ ကုန်သည်၊ သာယာဘွယ် မရှိကုန်သည်၊ များစွာသော အပြစ် အစုအပုံ ဖြစ်ကုန်သည်ဟု ထင်ကုန်၏။

ထိုယောက်ျားသည်၊ ထိုသားရဲစသော တောအုပ်သို့ ရောက်သည် ရှိသော်၊ ကြောက်ရွံ့, ထိတ်လန့်, ကြက်သီးမွေးညှင်း ထသည် ဖြစ်၍၊ မရောက်ခင်က ထိုဌာနတို့၏အပြစ်ကို မြင်သလို။

ယောဂီသည်လည်း၊ ထို မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရှုမှု, မ မှု အခိုက် အခိုက်၊မှတ်တိုင်း,မှတ်တိုင်းသော သင်္ခါရတို့၌။

အပျက်ကိုသာ မြင်သဖြင့် မနှစ်သက်၊ မနှစ်သက်သဖြင် - ဘေးထင်၊ ဘေးထင်သဖြင့် - ကြောက်၊ ကြောက်သဖြင့် - ထက်ဝန်းကျင်မှ ပြည့်စုံခြင်း ကင်း၊ ပြည့်စုံခြင်းကင်းသဖြင့် - သာယာခြင်းကင်း၊ သာယာခြင်းကင်းသော ကြောင့် **အပြစ်** ကိုသာ မြင်၏။

မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, လှုပ်မှု, ရှုမှု, မ မှု အခိုက် အခိုက်၊ မှတ်တိုင်း,မှတ်တိုင်းသော သင်္ခါရတို့၌။

အပျက်ကိုသာ မြင်သဖြင့် မနှစ်သက်၊ မနှစ်သက်သဖြင့်–ဘေးထင်၊ ဘေးထင်သဖြင့်- ကြောက်၊ ကြောက်သဖြင့် – ထက်ဝန်းကျင်မှ ပြည့်စုံခြင်း ကင်း၊ ပြည့်စုံခြင်းကင်းသဖြင့် - သာယာခြင်းကင်း၊ သာယာခြင်း ကင်းသ ဖြင့်-အပြစ်ကိုသာ မြင်ဖန်များသော ယောဂီသည်။

အသုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏ, ဌိတိ, သတ္တာဝါသသို့ ရောက်ကုန်သော၊ ပျက်စီးခြင်းနှင့်တကွ ဖြစ်ကုန်သော၊ သင်္ခါရ အပေါင်း တို့၌ ငြီးငွေ့၏၊ ပျင်းရိ၏၊ မမွေ့လျော် မပျော်။

စိတ္တကုဋ်တောင်၌ မွေ့လျော်သော ရွှေဟင်္သာမင်းသည်၊မစင်ကြယ် သော ဒွန်းစဏ္ဍားတို့၏ ရွာတံခါး၌ တည်သော တွင်း၌ မမွေ့လျော်ဘဲ၊ အိုင်ကြီး ၇–အိုင်၌သာလျှင် မွေ့လျော်သလို။

ရွှေဟင်္သာမင်းတည်းဟူသော ယောဂီအရှင်သည်၊ ကောင်းစွာထင် အပ်သော အပြစ်နှင့် တကွ၊ ပျက်စီးခြင်း ရှိသော သင်္ခါရအပေါင်း၌ **မမွေ့လျော်** ဘဲ၊ ဘာဝနာ၌ နှစ်သက်ခြင်း၊ ဘာဝနာ၌ မွေ့လျော်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အနိစ္စ အစရှိသော ၇-ပါးသော အနုပဿနာတို့၌သာ လျှင် မွေ့လျော်၏။

ရွှေချိုင့်၌ လှောင်ထားသော ခြင်္သေ့မင်းသည်၊ထိုရွှေချိုင့်ထဲ၌ မမွေ့ လျော်ဘဲ၊ ယူဇနာ ၃–ထောင် ပြန့်ကျယ်သော၊ ဟိမဝန္တာ၌သာလျှင် **မွေ့ လျော်** သလို။

ခြသေ့်မင်း တည်းဟူသော ယောဂီသည်၊ ဘဝသုံးပါးတို့၌ မမွေ့လျော်ဘဲ၊ သုံးပါးသော အနုပဿနာတို့၌သာ မွေ့လျော်၏။

ကိုယ်လုံးကျွတ်ဖြူသော၊ ၇-ပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်သော၊ တန်ခိုးရှိသော ကောင်းကင်သို့ ပျံသွားနိုင်သော ဆဒ္ဒါန်ဆင်မင်းသည်၊ မြို့၏အလယ်၌ မမွေ့လျော်ဘဲ၊ ဟိမဝန္တာ၌သာလျှင် **မွေ့လျော်** သလို။

ဆင်မင်း တည်းဟူသော ယောဂီသည်၊ အလုံးစုံသော သင်္ခါရ အပေါင်း၌ မမွေ့လျော်ဘဲ၊ မဖြစ်သေးဘဲ ချုပ်ခြင်း ရှိသော နိဗ္ဗာန် ၌သာ မွေ့လျော်၏။

ဤသို့၊ ဘေးထင်သော – ဘယဉာဏ်၊ အပြစ်ထင်သော – အာဒီနဝဉာဏ်၊ ငြီးငွေ့သော–နိဗ္ဗိဒါဉာဏ် သုံးပါးတို့သည်၊ ဖြစ်ခိုက်,ဖြစ်ခိုက် သင်္ခါရတို့၌၊ အာရုံပြုသည် အားလျော်စွာ၊ မှတ်တိုင်း,မှတ်တိုင်း၊ မူလဝတ္ထု ၅-ပါး၊ ပရိယာယ်ဝတ္ထု ၁၀-ပါး၊ ပေါင်း ၁၅ – ပါးတို့တွင်၊ မူလဝတ္ထု ၅ ပါး တပါးပါး၌၊ ဘေးတည်းဟု အပြစ်ထင်သော အာဒီနဝဉာဏ် ၅-ပါး၊ ဘေးမဲ့တည်းဟု နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ် ၅–ပါး။ ဤ ၁၀-ပါးသော ဉာဏ်နှင့်ပြည့်စုံသော ယောဂီသည်၊–

ဖြစ်ခိုက်, ဖြစ်ခိုက်၊ တပါးတပါးသော ဒွါရတို့၌၊ အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ်–နာမ်,ရုပ် ထင်၍၊ နာမ်,ရုပ်၏ **ဖြစ်**ခြင်း သည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။

နာမ်,ရုပ်၏ **မဖြစ်**ခြင်း သည်ကား၊ ဘေးမဲ့တည်းဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ **အစဉ်မပြတ်** ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။

နာမ်,ရုပ်၏ **အစဉ်ပြတ်** ခြင်းသည်ကား၊ ဘေးမဲ့ တည်းဟု နိဗ္ဗာန်ထင်၏။

နာမ်, ရုပ်၏ **နိမိတ်ထင်** ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။

နာမ်,ရုပ်၏ **နိမိတ်မထင်** ခြင်းသည်ကား၊ ဘေးမဲ့ တည်းဟု နိဗ္ဗာန်ထင်၏။

နာမ်, ရုပ်၏ **အားထုတ်** ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။

နာမ်,ရုပ်၏ **အားမထုတ်** ခြင်းသည်ကား၊ ဘေးဝေ တည်းဟု နိဗ္ဗာန် ထင်၏။

ယခု,ယခု နာမ်,ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်, ရုပ် နှင့် **စပ်ခြင်း** သည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။

ယခု,ယခု နာမ်,ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်, ရုပ် နှင့် **မစပ်ခြင်း** သည်ကား၊ ဘေးဝေတည်းဟု နိဗ္ဗာန်ထင်၏။

ဥပ္ပါဒေ ဘယံ၊ အနုပ္ပါဒေ ခေမန္တိ သန္တိပဒေဉာဏံ။ ပ။ ဥပါ ယာသေ ဘယံ၊ အနုပါယာသေ ခေမန္တိ သန္တိပဒေ ဉာဏံ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒေ၊ နာမ်, ရုပ်၏ ဖြစ်ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ အနုပ္ပါဒေ၊ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား။ ခေမံ၊ ဘေးဝေတည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထင်သော ပညာသည်။ သန္တိပဒေ ဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။ ပ။ ဥပါယာသော၊ ပင်ပန်းရခြင်း သည်ကား။ ဘယံ၊ ဘေးတည်း။ အနုပါယာသော၊ မပင်ပန်းရခြင်းသည် ကား။ ခေမံ၊ ဘေးဝေတည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးဝေ ထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ **နိဗ္ဗာန်ထင်** သော ဉာဏ်မည်၏။

နာမ်,ရုပ်၏ ဖြစ်ခြင်း သည်ကား၊ **ဆင်းရဲ** တည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား၊ **ချမ်းသာ** တည်းဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ အစဉ်မပြတ် ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အပြစ် ထင်၏။ နာမ်,ရုပ်၏ အစဉ်ပြတ်ခြင်းသည်ကား၊ ချမ်းသာတည်းဟု နိဗ္ဗာန် ထင်၏။

နာမ်, ရုပ်၏ နိမိတ် ထင်ခြင်း သည်ကား၊ ဆင်းရဲတည်းဟု အပြစ် ထင်၏။ နာမ်,ရုပ်၏ နိမိတ်မထင်ခြင်းသည်ကား၊ ချမ်းသာတည်းဟု နိဗ္ဗာန် ထင်၏။

နာမ်, ရုပ်၏ အားထုတ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အပြစ် ထင်၏။ နာမ်, ရုပ်၏ အားမထုတ်ခြင်းသည်ကား၊ ချမ်းသာတည်းဟု နိဗ္ဗာန်ထင်၏။

ယခု,ယခု နာမ်, ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်,ရုပ် နှင့် စပ်ခြင်းသည်ကား၊ **ဆင်းရဲ** တည်းဟု အပြစ်ထင်၏။ ယခု,ယခု နာမ်,ရုပ်၏

နောင်တဖန်, နောင်တဖန်၊ နာမ်,ရုပ်နှင့် မစပ်ခြင်းသည်ကား၊ **ချမ်းသာ** တည်းဟု နိဗ္ဗာန်ထင်၏။

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေဉာဏံ။ ပ ။ ဥပါယာသော ဒုက္ခံ၊ အနုပါယာသော သုခန္တိ **သန္တိ ပဒေ ဉာဏံ**။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒေါ၊ နာမ်, ရုပ်၏ ဖြစ်ခြင်း သည်ကား။ ဒုက္ခံ၊ ဆင်းရဲတည်း။ အနုပ္ပါဒေါ၊ နာမ်, ရုပ်၏ မဖြစ်ခြင်း သည်ကား။ သုခံ၊ ချမ်းသာတည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထေင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။ ပ ။ ဥပါယာသော၊ ပင်ပန်းရခြင်းသည်ကား။ ဒုက္ခံ၊ ဆင်းရဲတည်း။ အနုပါယာသော၊ မပင်ပန်းရခြင်းသည်ကား။ သုခံ၊ ချမ်းသာတည်း။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးေ ထင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ **နိဗ္ဗာန်ထင်** သော ဉာဏ်မည်၏။

နာမ်,ရုပ်၏ ဖြစ်ခြင်းသည်ကား၊ **ဝဋ္ဋစာ** တည်းဟု အပြစ် ထင်၏။ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား၊ **ဝဋ္ဋစာမဟုတ်**ဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ အစဉ်မပြတ်ခြင်းသည်ကား၊ဝဋ္ဋစာတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ အစဉ်ပြတ်ခြင်းသည်ကား၊ ဝဋ္ဋစာမဟုတ်ဟု နိဗ္ဗာန်ထင်၏။

နာမ်ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား၊ဝဋ္ဋစာတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ နိမိတ်မထင်ခြင်းသည်ကား၊ ဝဋ္ဋစာမဟုတ်ဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ အားထုတ်ခြင်းသည်ကား။ ဝဋ္ဋစာတည်းဟု အပြစ်ထင်၏။ နာမ်, ရုပ်၏ အားမထုတ်ခြင်းသည်ကား၊ ဝဋ္ဋစာမဟုတ်ဟု နိဗ္ဗာန်ထင်၏။

ယခု,ယခု နာမ်,ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်, ရုပ်နှင့် စပ်ခြင်းသည်ကား၊ **ဝဋ္ဋစာတည်း**ဟု အပြစ်ထင်၏။ ယခု,ယခု နာမ်,ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်, ရုပ်နှင့်မစပ်ခြင်းသည်ကား၊ **ဝဋ္ဋစာမဟုတ်**ဟု နိဗ္ဗာန်ထင်၏။

ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေဉာဏံ။ ပ။ ဥပါယာသော သာမိသံ၊ အနုပါယာသော နိရာမိသန္တိ **သန္တိပဒေဉာဏံ**။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဥပ္ပါဒေါ၊ နာမ်,ရုပ်၏ ဖြစ်ခြင်းသည်ကား။ သာမိသံ၊ ဝဋ္ဋစာတည်း။ အနုပ္ပါဒေါ၊ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား။ နိရာမိသံ၊ ဝဋ္ဋစာမဟုတ်။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထေင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။ ပ။ ဥပါယာသော၊ ပင်ပန်းရခြင်းသည်ကား။ သာမိသံ၊ ဝဋ္ဋစာတည်း။ အနုပါယာသော၊ မပင်ပန်းရခြင်းသည်ကား။ နိရာမိသံ၊ ဝဋ္ဋစာမဟုတ်။ ဣတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထေင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ **နိဗ္ဗာန်ထင်** သောဉာဏ်မည်၏။

နာမ်,ရုပ်၏ ဖြစ်ခြင်းသည်ကား၊ **ခန္ဓာဝန်မှ** ပြုရခြင်းတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား၊ **ခန္ဓာရုပ်သိမ်း** ငြိမ်းရခြင်းတည်းဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ အစဉ်မပြတ် ခြင်းသည်ကား၊ ခန္ဓာဝန်မှ ပြုရခြင်းတည်းဟု အပြစ်ထင်၏။ နာမ်, ရုပ်၏ အစဉ်ပြတ်ခြင်းသည်ကား၊ ခန္ဓာရုပ်သိမ်း ငြိမ်းရခြင်းတည်းဟု နိဗ္ဗာန်ထင်၏။

နာမ်,ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား၊ ခန္ဓာဝန်မှ,ပြုရခြင်းတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ နိမိတ်မထင်ခြင်းသည်ကား၊ ခန္ဓာရုပ်သိမ်း ငြိမ်းရခြင်းတည်းဟု နိဗ္ဗာန်ထင်၏။

နာမ်, ရုပ်၏ အားထုတ်ခြင်းသည်ကား၊ ခန္ဓာဝန်မှ ပြုရခြင်းတည်းဟု အပြစ်ထင်၏။ နာမ်, ရုပ်၏ အားမထုတ်ခြင်းသည်ကား၊ ခန္ဓာရုပ်သိမ်း ငြိမ်းရခြင်းတည်းဟု နိဗ္ဗာန်ထင်၏။

ယခု, ယခု နာမ်, ရုပ်၏၊ နောင်တဖန်, နောင်တဖန်၊ နာမ်, ရုပ်နှင့် စပ်ခြင်းသည်ကား၊ **ခန္ဓာဝန်မှ** ပြုရခြင်းတည်းဟု အပြစ်ထင်၏။ ယခု,ယခု နာမ်,ရုပ်၏၊ နောင်တဖန်,နောင်တဖန်၊ နာမ်,ရုပ်နှင့် မစပ်ခြင်းသည်ကား၊ **ခန္ဓာရုပ်သိမ်း** ငြိမ်းရခြင်းတည်းဟု နိဗ္ဗာန်ထင်၏။

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။ ပ။ ဥပါယာသော သင်္ခါရာ၊ အနုပါယာသော နိဗ္ဗာနန္တိ သန္တိပဒေဉာဏံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဥပ္ပါဒေ၊ နာမ်, ရုပ်၏ ဖြစ်ခြင်းသည်ကား။ သင်္ခါရာ၊ ခန္ဓာဝန်မှု ပြုရခြင်းတည်း။ အနုပ္ပါဒေ၊ နာမ်, ရုပ်၏ မဖြစ်ရခြင်းသည်ကား။ နိဗ္ဗာနံ၊ ခန္ဓာရုပ်သိမ်း ငြိမ်းရခြင်းတည်းဟု။ ဉာတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထောင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ နိဗ္ဗာန်ထင်သော ဉာဏ်မည်၏။ပ။ဥပါယာသော၊ပင်ပန်းရခြင်းသည်ကား။သင်္ခါရာ၊ခန္ဓာဝန်မှု ပြုရခြင်းတည်း။ အနုပါယာသော၊ မပင်ပန်းရခြင်းသည်ကား။ နိဗ္ဗာနံ၊ ခန္ဓာရုပ်သိမ်း ငြိမ်းရခြင်းတည်း။ ဉာတိ၊ ဤသို့။ ခေမတုပဋ္ဌာနေပညာ၊ ဘေးထောင်သော ပညာသည်။ သန္တိပဒေဉာဏံ၊ **နိဗ္ဗာန်ထင်သော** ဉာဏ်မည်၏။

ဤသို့၊ အပြစ်ထင်သော အာဒီနဝဉာဏ်၊ နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ်၊အစုံအစုံဖြင့်၊ဒွါရ, အာရုံ,ဝိညာဉ်-နာမ်,ရုပ် ထင်တိုင်း ထင်တိုင်း၌၊ ရှုရှုသာနေ၏။

ရှေ့ ရှေ့က လာသော မူလဝတ္ထု ၅-ပါး၊ နောက်နောက်သို့ သွားသော ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝတ္ထုကို၊ အမှတ်မပြု မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။

စိတ်လည်း **မပျံ့လွင့်**၊ အားထုတ်သော ကိုယ်စိတ်လည်း **ခန့်၏**၊ ဝိပဿနာ အညစ်အကြေးလည်း ပျောက်၏၊ ဝိဘက် အကြီအစည်လည်း ငြိမ်း၏၊ ပရိယုဋ္ဌာန် သံဃောဇဉ်လည်း **ပျောက်၏**၊ အနုသယလည်း ပျက်**စီး၏**၊ အာဒီနဝ ဉာဏ်အထူးကိုလည်း ရ၏၊ လွတ်လိုသဖြင့်၊ ဉာဏ်တဘက်ကမ်းသို့ ရောက်၏။

> ယာစ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေဉာဏံ၊ ယာစ
> နိဗ္ဗိဒါ၊ ဣမေဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။
> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊)

ယာစ ဘယတု ပဋ္ဌာနေ ပညာ၊ အကြင်ဘေးထင်သော ပညာသည် ရှိ၏။ ယဉ္စ အာဒီနဝေဉာဏံ၊ အကြင် အပြစ်ထင်သော ဉာဏ်သည်ရှိ၏။ ယာစနိဗ္ဗိဒါ၊ အကြင် ငြီးငွေ့သော ဉာဏ်သည်ရှိ၏ ။ ဣမေဓမ္မာ၊ ဤတရားသုံးပါးတို့သည်၊ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသာလျှင်။ နာနံ၊ မတူ။

**ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ပြီး၏။**

## မုဉ္စိတုကမျတာဉာဏ်ကို ပြခြင်း

မြင်မှု, ကြားမှု,နံမှု, စားမှု,ထိမှု, သိမှု,လှုပ်မှု, ရှုမှု, မ မှု, ချမှု အခိုက် အခိုက်၊ မှတ်တိုင်း,မှတ်တိုင်းသော သင်္ခါရတို့၌။—

အပျက်ကိုသာ မြင်သဖြင့် မနှစ်သက်၊ မနှစ်သက်သဖြင့်—ဘေးထင်၊ ဘေးထင်သဖြင့်— ကြောက်၊ ကြောက်သဖြင့် —ထက်ဝန်းကျင်မှ ပြည့်စုံခြင်း ကင်း၊ထက်ဝန်းကျင်မှ ပြည့်စုံခြင်းကင်းသဖြင့်—သာယာခြင်းကင်း၊ သာယာ ခြင်းကင်းသဖြင့်—အပြစ်မြင်၊အပြစ်မြင်သဖြင့်—ငြီးငွေ့သော ယောဂီအား၊—

အလုံးစုံသော ဘဝ၊ အလုံးစုံသော ယောနိ၊ အလုံးစုံသော ဂတိ၊ အလုံးစုံသော ဌိတိ၊အလုံးစုံသော သတ္တာဝါသ သို့ရောက်ကုန်သော၊ပျက်စီး ခြင်းနှင့်တကွ ဖြစ်ကုန်သော သင်္ခါရတို့တွင်၊ တခုတခုသော သင်္ခါရကိုမျှ၊ စိတ်သည် မကပ်,မငြိ,မဖွဲ့သည်ဖြစ်၍၊ အလုံးစုံသော သင်္ခါရ အပေါင်းမှ၊ လွတ်လိုသော စိတ်,ထွက်မြောက်လိုသော စိတ်သည် ဖြစ်၏။

ပိုက်ကွန်တွင်းသို့ရောက်သော ငါးကဲ့သို့ရင်း၊ မြွေ၏ခံတွင်းသို့ ရောက် သော ဘားကဲ့သို့ရင်း၊ သံချိုင့်ဖြင့် လှောင်အပ်သော တောခွေးကဲ့သို့ရင်း၊ မြဲမြံသော ကြော့ကွင်း၏အလိုသို့ လိုက်ရသော သမင်ကဲ့သို့ရင်း၊ အလမ္ပါယ် ၏ လက်တွင်းသို့ ရောက်သော မြွေကဲ့သို့ရင်း၊ ကြီးစွာသော ညွှံအိုင်သို့ ပြေးဆင်းမိသော ဆင်ပြောင်ကြီးကဲ့သို့ရင်း၊ ဂဠုန်ခံတွင်းသို့ ရောက်သော နဂါးမင်းကဲ့သို့ရင်း၊ ရာဟု အသုရိန်၏ခံတွင်းသို့ ပြေးဆင်းမိသော လ,ကဲ့ သို့ရင်း၊ ရန်သူဝိုင်းထားသော ယောကျ်ားကဲ့သို့ရင်း။ ဤသို့အစရှိသည်တို့ သည်၊ ထိုထိုမိမိတို့၏ အနှောင်အဖွဲ့မှ၊ လွတ်လိုသော စိတ်, ထွက်မြောက် လို သောစိတ် ရှိကြကုန်သကဲ့သို့၊—

ဤအတူ၊ ယောဂီ၏စိတ်သည်၊ အလုံးစုံသော၊ မြင်မှု,ကြားမှု,နံမှု, စားမှု,ထိမှု,သိမှု,လှုပ်မှု,ရှုမှု,မ မှု,ချမှုဟု ဆိုအပ်သော၊သင်္ခါရ အပေါင်းမှ၊ လွတ်လို,ထွက်မြောက်လို၏။

ထိုသို့ထွက်မြောက်လိုသည်ရှိသော်၊ ဤယောဂီအား၊ အလုံးစုံသော သင်္ခါရတို့၌၊ ကင်းသော အာလယ ရှိသည်ဖြစ်၍၊ အလုံးစုံသော သင်္ခါရ အပေါင်းမှ၊ ထွက်မြောက် လိုသောကြောင့်၊ **မုဉ္စိတုကမျတာ ဉာဏ်** သည် ဖြစ်၏။

**မုဉ္စိတုကမျတာဉာဏ်ပြီး၏။**

ဤသို့အလုံးစုံသော–ဘဝ၊ အလုံးစုံသော–ယောနိ၊ အလုံးစုံသော–ဂတိ၊အလုံးစုံသော ဌိတိ၊အလုံးစုံသော–နိဝါသသို့ ရောက်ကုန်သော၊ပျက်စီးခြင်းနှင့်တကွ ဖြစ်ကုန်သော၊ သန်ါရတို့မှ လွတ်လိုသည်ဖြစ်၍၊ တဖန်သာလျှင် ထိုသန်ါရတို့မှ လွတ်ခြင်းငှါ၊ မလွတ်, **လွတ်အောင်** ဆင်ခြင်သော ဉာဏ်ဖြင့်၊ မမြဲ,ဆင်းရဲ,အစိုးမရဟု ထင်မြင်တော့၏။

**ထင်မြင်ပုံမှာ**။ ။ထိုယောဂီသည်၊ အလုံးစုံသော၊ မြင်မှု,ကြားမှု,နံမှု, စားမှု,ထိမှု,သိမှု,ရှုမှု,မှုမှု,ချမှုဟု ဆိုအပ်ကုန်သော၊ သန်ါရတို့ကို အနိစ္စနှင့်နှီးခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ အခိုက်အတံ့ကျခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ ဖြစ်ခြင်း,ပျက်ခြင်းဖြင့် ပိုင်းခြားခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ ပျက်စီးခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ တုန်လှုပ်ခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ ပျက်စီးခြင်းသို့ရောက်သော အလေ့သဘောကြောင့်–မမြဲဟု ရှုမြင်၏၊ မမြဲခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ နှစ်ဝါးသော အခြင်းအရာအားဖြင့် ဖေါက်ပြန်သောကြောင့်–မမြဲဟု ရှုမြင်၏၊ အနှစ်မရှိခြင်းကြောင့်–မမြဲဟု ရှုမြင်၏၊ ဖြစ်၍ကင်းခြင်းကြောင့်၊မမြဲဟု ရှုမြင်၏၊ ဥပါဒ်,ဌီ,ဘင် သင်္ခတကြောင့်–မမြဲဟု ရှုမြင်၏၊ ပျက်စီးတတ်သော သဘောကြောင့်–မမြဲဟု ရှုမြင်၏။ ဤသို့အစရှိသော အကြောင်းတို့ကြောင့် **မမြဲဟု ရှုမြင်၏**။

မပြတ် ပင်ပန်း ခြင်းကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ အခံ ခက်ခြင်းကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ ဒုက္ခ၏တည်ရာဝတ္ထု၏ အဖြစ်ကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ ရောဂါကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ အိုင်းအမာကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ မြားငြောင့်ကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ မကောင်းမှုကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ အနာကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ များစွာပျက်စီးခြင်းကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ နှိပ်စက်ခြင်းကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ ဘေးကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ အပြစ်မပြတ် ငြိကပ်ခြင်းကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ အစောင့်အရှောက် မရှိခြင်းကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ ပုန်းအောင်းရာ မရှိခြင်းကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ ကိုးကွယ်ရာ မရှိခြင်းကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ အပြစ်ကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ မကောင်းမှု၏အကြောင်းရင်း မူလကြောင့်– ဆင်းရဲဟု ရှုမြင်၏၊ နှိပ်စက် တတ်သောကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ အာသဝေါနှင့် နှီးခြင်းကြောင့်–ဆင်းရဲဟု ရှုမြင်၏၊မာရ်မင်း၏ အစာကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ ဖြစ်သောသဘောကြောင့်–ဆင်းရဲဟု ရှုမြင်၏၊ အိုသော သဘောကြောင့်–

ဆင်းရဲဟု ရှုမြင်၏၊ နာသော သဘောကြောင့်-ဆင်းရဲဟု ရှုမြင်၏၊ စိုးရိမ်ခြင်း၏ အကြောင်းကြောင့်-ဆင်းရဲဟု ရှုမြင်၏၊ ငိုကြွေးခြင်း၏ အကြောင်းကြောင့် - ဆင်းရဲဟု ရှုမြင်၏၊ ပင်ပန်းသော သဘောကြောင့် - ဆင်းရဲဟု ရှုမြင်၏၊ တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတ အညစ်အကြေး၏ အာရုံသဘောကြောင့်-ဆင်းရဲဟု ရှုမြင်၏။ ဤသို့အစရှိသော အကြောင်းတို့ကြောင့် ဆင်းရဲဟု ရှုမြင်၏။

မသိခြင်း ကြောင့် – မတင့်တယ်ဟု ရှုမြင်၏၊ အနံ့မကောင်းခြင်းကြောင့် – မတင့်တယ်ဟု ရှုမြင်၏၊ စက်ဆုပ်ဘွယ်ကြောင့် – မတင့်တယ်ဟု ရှုမြင်၏၊ ရွံရှာဘွယ်ကြောင့် – မတင့်တယ်ဟု ရှုမြင်၏၊ တန်းဆာမဆင်သဖြင့်၊ ပျက်စီးခြင်းကြောင့်-မတင့်တယ်ဟု ရှုမြင်၏၊ မလှခြင်းကြောင့်-မတင့်တယ်ဟု ရှုမြင်၏၊ အသွား ချို့တဲ့ခြင်းကြောင့် - မတင့်တယ်ဟု ရှုမြင်၏။ ဤသို့အစရှိသော အကြောင်းတို့ကြောင့်-မတင့်တယ်ဟု ရှုမြင်၏။

[အမှာ။ ။ဤအသုဘ လက္ခဏာသည်၊ ဒုက္ခလက္ခဏာ၏ အခြံအရံဖြစ်သောကြောင့်၊ ဒုက္ခလက္ခဏာသို့ သွင်း၍ယူအပ်၏ ]

တပါးကြောင့်-အစိုးမရဟု ရှုမြင်၏၊ ကင်းခြင်းကြောင့်-အစိုးမရဟု ရှုမြင်၏၊ အချီးနှီးကြောင့် – အစိုးမရဟု ရှုမြင်၏၊ ဆိတ်ခြင်းကြောင့် - အစိုးမရဟု ရှုမြင်၏၊ အရှင်မရှိခြင်းကြောင့်–အစိုးမရဟု ရှုမြင်၏၊ အစိုးမရခြင်းကြောင့်–အစိုးမရဟု ရှုမြင်၏၊ အလိုသို့ မလိုက် ခြင်းကြောင့် – အစိုးမရဟု ရှုမြင်၏၊ ဤသို့ အစရှိသော အကြောင်းတို့ကြောင့် အစိုးမရ ဟု ရှုမြင်၏။

ဤသို့ ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား လက္ခဏာ သုံးပါး ထင်၍၊ သင်္ခါရတို့ကို သိမ်းဆည်းသည်မည်ကုန်၏။ အဘယ့်ကြောင့်နည်း၊ ဤယောဂီသည်၊ ထိုသင်္ခါရတို့ကို၊ လွတ်ခြင်း၏ အကြောင်းနှင့်၊ ပြည့်စုံခြင်းအကျိုးငှါ၊ သိမ်းဆည်းသောကြောင့်တည်း။ ထိုသို့သိမ်းဆည်းရာ၌၊ ဤဆိုလတံ့သည်ကား၊ ဥပမာတည်း။

တယောက်သော ယောကျ်ားသည်၊ ငါးတို့ကို ဘမ်းအံ့ဟု မြှုံးကိုကိုင်၍ ရေ၌ချ၏။ ထိုယောကျ်ားသည်၊ မြှုံးဝဖြင့် လက်ကိုနှိုက်၍၊ ရေ၏အတွင်း၌ မြွေကိုလည်ပင်း၌ဆုပ်ကိုင်၍၊ ငါသည် ငါးကိုဘမ်းမိပြီဟု၊ ရွှင်လန်းနှစ်သက်သောစိတ် ဖြစ်၍၊ ငါရသော ငါးသည် အလွန်တရာ ကြီးစွတကားဟု၊ ချီမြှောက်၍ ကြည့်သည်ရှိသော်၊——

အခွေ သုံးပတ်ကို မြင်သဖြင့်၊ မြွေကြီးပါ တကားဟု သိ၍ ကြောက်၏။ကြောက်သဖြင့် အပြစ်ကိုမြင်၍၊ ဆုပ်ကိုင်ခြင်း၌ ငြီးငွေ့၏။ငြီးငွေ့သဖြင့် လွှတ်လိုသည်ဖြစ်၍၊ လွှတ်ခြင်း၏အကြောင်းကို ရှာသည်ရှိသော်၊—

အမြီးဖျားမှစ၍ လက်ဖြင့် ဖြိုပြီးလျှင်၊ လက်ရုံးကို မြှောက်၍ ဦးခေါင်းထက်၌၊ နှစ်ကြိမ်, သုံးကြိမ် ဆွဲရမ်းလျက်၊ မြွေကို အားနည်းအောင် ပြု၍၊ မြွေဆိုး သွားလေ ဤသို့စွန့်လွှတ်၍၊ လျင်သော အဟုန်ဖြင့် ကမ်းရိုးသို့ ပြေးတက်ပြီးလျှင်၊ အိုအချင်းတို့ ကြီးစွာသောမြွေ၏ ခံတွင်းမှ လွှတ်ပြီ တကား၊ ဤသို့ဆို၍ ပြေးလာသော လမ်းခရီးကိုကြည့်လျက် ရပ်သကဲ့သို့၊—

ထို ဥပမာ၌။ (၁) မြွေကို ဘမ်းမိ သဖြင့်၊ ငါးထင်၍ နှစ်သက်သော အခိုက် (၂) မြှုံးဝမှ မြွေဦးခေါင်းကိုထုတ်၍၊ အခွေသုံးပတ်ကို မြင်သော အခိုက် (၃) ကြောက်သော အခိုက် (၄) အပြစ်မြင်သော အခိုက် (၅) ဆုပ်ကိုင်ခြင်း၌၊ ငြီးငွေ့သော အခိုက် (၆) မြွေကို လွှတ်လိုသောအခိုက် (၇) လွှတ်ခြင်း၏ အကြောင်းကို ပြုသော အခိုက်။ ဤသို့သော အခိုက်စသည်တို့၌၊ မြွေဘမ်းယောကျ်ား၏၊ မြွေဘေးမှ လွှတ်လိုပုံ၊ ငြီးငွေ့ပုံ အစရှိသော အခိုက်အခိုက်တို့၏ ဖြစ်ပုံကို၊ သတိပြု၍ မှတ်သားရာ၏။

**ဥပမေယျ၌** သော်ကား။ (၁) အစက သာလျှင် အတ္တဘောကိုရ၍ နှစ်သက်သော အခိုက် (၂) ယောဂီအား အပျက်ကိုမြင်သဖြင့်၊ ဿနကဲ့သော အခိုက် (၃) ဘယဉာဏ် အခိုက် (၄) အာဒီနဝဉာဏ် အခိုက် (၅) နိဗ္ဗိဒါဉာဏ် အခိုက် (၆) မုဉ္စိတုကမျတာဉာဏ် အခိုက် (၇) ပဋိသင်္ခါဉာဏ် အခိုက်တို့၌၊ ယောဂီ၏စိတ်ကို မှတ်ရာ၏။

### ဥပမာ, ဥပမေယျ နှိုင်းနှောပုံကား

(၁) မြွေကိုဘမ်း၍ နှစ်သက်သော အခိုက်ကဲ့သို့၊ **ပုထုဇဉ်** ဘဝ အတ္တဘောကိုရ၍ နှစ်သက်သော အခိုက်ကိုမှတ်။

(၂) မြှုံးမှ မြွေတွေ့သော အခိုက်ကဲ့သို့၊ **ဘင်** ဉာဏ် ဖြစ်ခိုက်ကို မှတ်။

(၃) ကြောက်သော အခိုက်ကဲ့သို့၊ **ဘယ**ဉာဏ် ဖြစ်ခိုက်ကိုမှတ်။

(၄) ဘမ်းခြင်း၌အပြစ်မြင်သော အခိုက်ကဲ့သို့၊ **အာဒီနဝ** ဉာဏ် ဖြစ်ခိုက်ကိုမှတ်။

(၅) ဆုပ်ကိုင်ရခြင်း၌ ငြီးငွေ့သော အခိုက်ကဲ့သို့၊ **နိဗ္ဗိဒါ** ဉာဏ်ဖြစ်သော အခိုက်ကိုမှတ်။

(၆) လွှတ်လိုသော အခိုက်ကဲ့သို့၊ **မုဥ္စိတုကမျတာ** ဉာဏ်ဖြစ်သော အခိုက်ကိုမှတ်။

(၇) လွှတ်ခြင်း၏အကြောင်းကို ပြုသော အခိုက်ကဲ့သို့၊ **ပဋိသင်္ခါ** ဉာဏ်ဖြစ်သော အခိုက်ကိုမှတ်။

ဤသို့ မြွေဘမ်း ယောက်ျား၏ ဘမ်းကိုင်ထားသော၊ မြွေ၏အပေါ်၌ စိတ်အစဉ် ဖြစ်ပေါ် သလို။ ယောဂီပုဂ္ဂိုလ်၏ ရမိထားသော၊ ခန္ဓာ၏အပေါ်၌ စိတ်အစဉ် ဖြစ်ပေါ်ပုံ၊ ဥပမာ, ဥပမေယျ ၂-ပါးစုံ နှိုးနှောပုံကိုမှတ်။

**အကျယ်နှိုးနှောပုံကား**

ထိုပုဂ္ဂိုလ်သည်၊ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း အစရှိသော၊ မိမိတို့၏ ခန္ဓာကိုယ်၌၊ ဖြစ်မှု, ပျက်မှု စသည် တို့ကို၊ မရှု,မမြင် မထင်ကြကုန်သည်ဖြစ်၍၊ ထိုခန္ဓာကိုယ်ရုပ် အကောင်ပုတ်ပေါ်၌၊ နှစ်သက်ခြင်း ခင်မင်ခြင်း စွဲလမ်းခြင်းတို့သည်သာ၊ အမြဲ,အစဉ် ထင်မြင်ကြကုန်လျက်၊ မြွေဘမ်းယောက်ျား မြွေကိုငါးဟု၊ အထင် မှောက်မှား၊ နှစ်သက်၍ ဝမ်းမြောက်ဘိ အလား။ ပုထုဇဉ် တို့လည်း၊ မိမိတို့၏ခန္ဓာကိုယ် ဖြစ်မှု,ပျက်မှုကို၊ မြူမျှမထင်သောကြောင့်၊ နှစ်သက်ခဲ့ **ဝမ်းမြောက်ခဲ့** ပေ၏။

ထိုယောက်ျားသည်၊ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု,သိမှု,လှုပ်မှု, ရွှမှု,မ မှု,ချမှု အစရှိသော ကိစ္စအဝဝ၊ ခန္ဓာကိုယ်၌ ကျတိုင်း,ကျတိုင်းသော အခိုက်,အခိုက်တို့ကို၊ သတိ, ပညာ, ဝိပဿနာဖြင့်၊ ပိုင်းခြား မှတ်သားဖန်များသည်ရှိသော်၊—

ထိုပြုမှုကိစ္စ အဝဝတို့သည်၊ ဘာတခုမျှ မြဲ၍ နေသည်ကို မမြင်ဘဲ လျက်၊ မြင်ပြီးလျှင်လဲ၊ ပျောက်,ပျက်,ကုန်,ဆုံးသည်ကိုသာ ထင်၏။ ကြားပြီးလျှင်လဲ၊ ပျောက်,ပျက်,ကုန်,ဆုံးသည်ကိုသာ ထင်၏။ နံ, စား, ထိ, သိ, ကွေး,ကြွ,မ,ချ အစရှိသော၊ အခိုက်,အခိုက်တို့ကို၊ မှတ်တိုင်း, မှတ်တိုင်း၌ လဲ၊ **ပျောက်,ပျက်,ကုန်,ဆုံး**သည်ကိုသာ ထင်တော့သဖြင့်၊—

အစက၊ မြဲသည်, နှစ်သက်ဘွယ် ရှိသည်၊ အစိုးရသည်, ချမ်းသာသည်ဟု၊ ထင်မြင်နေသော ဤအတ္တဘော၌၊ယခု မမြဲ,ဆင်းရဲ,အစိုးမရမှန်း

သိသဖြင့်၊ အပျက်ကိုသာ မြင်သည်ဖြစ်၍၊ မြွေဘမ်းယောက်ျား ငါး,ဟု ထင်မှတ်၍၊ ရေမှဆွဲတင်သော မြွေကို မြင်သလို၊ ထိုယောဂီသည်လည်း၊ မိမိတို့၏ ခန္ဓာတခုလုံး မှတ်သော အခိုက်, အခိုက်တို့၌၊ အပျက်ကိုသာ တွင်တွင် မြင်တော့၏။

ထိုသို့ အပျက်ကိုသာ တွင်တွင် မြင်သဖြင့် ဘင်္ဂဉာဏ်သို့ ရောက်၍၊ မြင်မှု,ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု အစရှိသည်တို့၌ ကြောက်တော့၏။မြွေဘမ်းယောက်ျားသည် မြွေဟု သိသဖြင့်၊ အလွန်ကြောက်လှသော စိတ်ဖြစ်ဘိသကဲ့သို့၊ ထိုယောဂီသည်လည်း၊ သင်္ခါရမှု အစုစုတို့၌၊ အပျက်ကိုသာ မြင်သဖြင့်၊ ကြောက်သောစိတ်သည် ဖြစ်ပေါ်၍လာတော့၏။

ထိုကွေးမှု, ဆန့်မှု, လှုပ်မှု, ရွမှု စသည်တို့၌ အပျက်မြင်၊ အပျက်မြင်သဖြင့်-ကြောက်၊ ကြောက်သဖြင့်–ဘယဉာဏ်ဖြစ်ပေါ်ပြီးသော ယောဂီသည်၊ထိုသင်္ခါရမှုအစုစုတို့၌ အပြစ်ကိုသာမြင်တော့၏။မြွေဘမ်းယောက်ျားသည်၊ မြွေကို ဘမ်းမှု,ကိုင်မှု,ဆုပ်မှု တို့၌၊ အပြစ်ကို မြင်ဘိသကဲ့သို့။ ထို့အတူ ယောဂီသည်လည်း၊ ခန္ဓာကိုယ်ကြီး၏ ရမှု,တည်မှု,ဖြစ်မှု,လှုပ်မှု,ရှားမှု စသည်တို့၌၊ မှတ်တိုင်း,မှတ်တိုင်း အပြစ်ကိုသာ မြင်၏။

ထိုသို့ အပြစ်မြင်ဖန်များသော ယောဂီသည်၊ ထိုခန္ဓာကိုယ်ကြီး၏ လှုပ်မှု, ရွမှု, မမှု အစရှိသော၊ အပြစ်၏အစုအပုံကြီးကို ငြီးငွေ့၏။ ထိုခန္ဓာကိုယ်ကြီး၌ မမွေ့မလျော် မပျော်။ မြွေဘမ်းယောက်ျားသည်၊ မိမိ၏ ဘမ်း, ဆုပ်, ကိုင်ဆွဲထားသော၊ မြွေ၏အပေါ်၌ ငြီးငွေ့သလို။ ထို့အတူ ယောဂီသည်လည်း၊ခန္ဓာငါးပါးတို့၏ ဖြစ်မှု,ပျက်မှုပေါ်၌ငြီးငွေ့ ၏၊မမွေ့မလျော် မပျော်။

ဤသို့ ငြီးငွေ့ဖန်များသော ယောဂီသည်၊ မြင်မှု,ကြားမှု စသည်တို့မှ လွတ်လို၏။ မြွေဘမ်း ယောက်ျားသည်၊ မြွေကို ဘမ်းကိုင် ထားရခြင်း၌ လွတ်လိုဘိသကဲ့သို့။ ထို့အတူ ယောဂီသည်လည်း၊ ခန္ဓာသိုက်အုံ စုပုံဖြစ်ပျက်၊ သက်သက်မကောင်း ဒုက္ခအပေါင်းမှ၊ ကောင်းကောင်းကြီး လွတ်လို၏။

လွန်လိုဖန်များသော ယောဂီသည်၊ လွတ်ခြင်း၏ အကြောင်းကို ကောင်းစွာ ရှာဖွေတော့၏။ မြွေဘမ်းယောက်ျားသည် မြွေကိုကိုင်ထားရခြင်း၌၊လွတ်လိုခြင်း၏ အကြောင်းကို ကောင်းစွာရှာဖွေသကဲ့သို့။ ထို့အတူ

ယောဂီ သည်လည်း၊ ခန္ဓာသိုက်အံ့ စုပုံဖြစ်ပျက်၊ သက်သက်မကောင်း ဒုက္ခပေါင်းမှ၊ လွတ်လိုသဖြင့် လွတ်ခြင်း၏ အကြောင်းကို၊ ကောင်းကောင်း ကြီး ရှာဖွေ ့တော့၏။

ဥပမာ အကြွင်းစကားကိုဆိုအံ့။ ထိုယောက်ျားသည်၊ မြွေကိုတကြိမ် နှစ်ကြိမ် ဆွဲရမ်းပြီး အားနည်းအောင်ပြုလျက်၊ ပြန်လှန်၍ ကိုက်ခြင်းငှါ မ စွမ်းနိုင်သည်၏ အဖြစ်သို့ ရောက်စေ၍၊ ကောင်းစွာ လွှတ်သကဲ့သို့။

ထို့အတူ ဤယောဂီသည်လည်း၊ လက္ခဏာရေး သုံးပါးထင်သဖြင့်၊ ကွေးခြင်း,ဆန့်ခြင်း အစရှိသော သင်္ခါရတို့ကို၊ မမြဲ,ဆင်းရဲ,အစိုးမရဟု၊ နှစ်ကြိမ်, သုံးကြိမ် ဆွဲရမ်း၍၊ ထိုသင်္ခါရတို့သည်၊ မြဲသဟု,ချမ်းသာသဟု, အစိုးရသဟု, တင့်တယ်သဟု ပြန်လှန်၍၊ အမှား ထင်သော ကိလေသာ ကိုက်ဖျက်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍၊ ဤမမြဲ, ဆင်းရဲ, အစိုးမရ, မတင့် တယ်ဟု၊ ကောင်းစွာ ထင်လျက် လွှတ်လေ၏။

**ပဋိသင်္ခါ ဉာဏ်ပြီး၏။**

---

## သင်္ခါရုပေက္ခာဉာဏ်ကို ပြခြင်း

ဤသို့၊ ပဋိသင်္ခါဉာဏ်ဖြင့် သိမ်းဆည်းပြီး၍၊ တဖန် မိမိမှဧင်း၊ မိမိ ဥစ္စာမှဧင်း၊ **အစွန်းနှစ်ဘက်ရှိသော** သုညတကို၊ သိမ်းဆည်း၏။

ယောဂီသည် ဤသို့ ထင်၏။ မျက်စိသည်၊ မိမိမှဧင်း,မိမိဥစ္စာမှဧင်း၊ နိစ္စမှဧင်း,ဓုဝမှဧင်း၊ သဿတမှဧင်း, ဝိပရိဏာမဓမ္မမှဧင်း ဆိတ်၏ဟု၊ ချစ် ဘွယ်ကို မလို၊ မုန်းဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

နားသည်၊ မိမိမှဧင်း,မိမိဥစ္စာမှဧင်း၊ နိစ္စမှဧင်း,ဓုဝမှဧင်း၊ သဿတ မှဧင်း,ဝိပရိဏာမဓမ္မမှဧင်း ဆိတ်၏ဟု၊ချစ်ဘွယ်ကို မလို၊ မုန်းဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

နှာခေါင်းသည်၊ မိမိမှဧင်း, မိမိဥစ္စာမှဧင်း၊ နိစ္စမှဧင်း, ဓုဝမှဧင်း၊ သဿတမှဧင်း, ဝိပရိဏာမဓမ္မမှဧင်း ဆိတ်၏ဟု၊ ချစ်ဘွယ်ကို မလို၊ မုန်း ဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

လျှာသည်၊ မိမိမှုငင်း၊ မိမိဥစ္စာမှုငင်း၊ နိစ္စမှုငင်း၊ ဓုဝမှုငင်း၊ သဿတမှုငင်း၊ ဝိပရိဏာမဓမ္မမှုငင်း ဆိတ်၏ဟု၊ ချစ်ဘွယ်ကို မလို၊ မုန်းဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

ကိုယ်သည်၊ မိမိမှုငင်း၊ မိမိဥစ္စာမှုငင်း၊ နိစ္စမှုငင်း၊ ဓုဝမှုငင်း၊ သဿတမှုငင်း၊ ဝိပရိဏာမဓမ္မမှုငင်း ဆိတ်၏ဟု၊ ချစ်ဘွယ်ကို မလို၊ မုန်းဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

စိတ်သည်၊ မိမိမှုငင်း၊ မိမိဥစ္စာမှုငင်း၊ နိစ္စမှုငင်း၊ ဓုဝမှုငင်း၊ သဿတမှုငင်း၊ ဝိပရိဏာမဓမ္မမှုငင်း ဆိတ်၏ဟု၊ ချစ်ဘွယ်ကို မလို၊ မုန်းဘွယ်ကို မပြု၊ **အညီအမျှ** ရှု၏။

(၁) ခန္ဓာငါးပါး (၂) ဒွါရခြောက်ပါး (၃) အာရုံခြောက်ပါး (၄) ဝိညာဏ်ခြောက်ပါး (၅) ဖဿခြောက်ပါး (၆) ဝေဒနာခြောက်ပါး (၇) သညာခြောက်ပါး (၈) စေတနာခြောက်ပါး (၉) တဏှာခြောက်ပါး (၁၀) ဝိတက်ခြောက်ပါး (၁၁) ဝိစာရခြောက်ပါး (၁၂) ဓါတ်ခြောက်ပါး (၁၃) ကသိုဏ်ဆယ်ပါး (၁၄) သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ (၁၅) အာယတန တဆယ့်နှစ်ပါး (၁၆) ဓါတ်တဆယ့်ရှစ်ပါး (၁၇) လောကီဣန္ဒြေ တဆယ့်ကိုးပါး (၁၈) ဓါတ်သုံးပါး (၁၉) ဘဝကိုးပါး (၂၀) ဈာန်လေးပါး (၂၁) အပ္ပမညာလေးပါး (၂၂) သမာပတ်လေးပါး (၂၃) ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆယ့်နှစ်ပါးဟု ဆိုအပ်ကုန်သော ၂၃-ပါးသော ကောဋ္ဌာသတို့တွင်၊ အခိုက်၊ အခိုက်ကျသော ကောဋ္ဌာသတို့၌၊ စိတ်ကျသည်အား လျော်စွာ၊ ချစ်မုန်းခြင်းကင်း ညီမျှသည်ဟု ရှု၏။

ရုပ်ကို မမြဲဟု၊ ကိုးကွယ်ရာ မရှိဟု ရှုမြင်သည်ရှိသော်၊ လောကကို ဆိတ်သဟု ရှုသည်မည်၏။

ဝေဒနာကို မမြဲဟု၊ ကိုးကွယ်ရာ မရှိဟု၊ ရှုမြင်သည်ရှိသော်၊ လောကကို ဆိတ်သဟု ရှုသည်မည်၏။

သညာကို မမြဲဟု၊ ကိုးကွယ်ရာ မရှိဟု၊ ရှုမြင်သည်ရှိသော်၊ လောကကို ဆိတ်သဟု ရှုသည်မည်၏။

သင်္ခါရတို့ကို မမြဲဟု၊ ကိုးကွယ်ရာ မရှိဟု၊ ရှုမြင်သည် ရှိသော်၊ လောကကို ဆိတ်သဟု ရှုသည်မည်၏။

ဝိညာဏ်ကို မမြဲဟု, ကိုးကွယ်ရာမရှိဟု၊ ရှုမြင်သည်ရှိသော်၊ လောကကို ဆိတ်သဟု၊ ရှုသည်မည်၏။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို၊ မမြဲဟု, ကိုးကွယ်ရာ မရှိဟု၊ ရှုမြင်သည်ရှိသော်၊ လောကကို ဆိတ်သဟု ရှုသည်မည်၏။ ထို့ကြောင့်၊-

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(စူဠနိဒ္ဒေသပါဠိတော်)

မောဃရာဇ၊ မောဃရာဇပုဏ္ဏား။ သဒါ၊ အခါခပ်သိမ်း။ သတော ထင်သောသတိရှိသည်ဖြစ်၍။ တွံ၊ သင်သည်။ အတ္တာနုဒိဋ္ဌိံ၊ အတ္တဒိဋ္ဌိကို။ ဥဟစ္စ၊ ပယ်ခွါနှုတ်ထုတ်၍။ လောကံ၊ လောကကို။ သုညတော၊ ဆိတ်သဟု။ အဝေက္ခဿု၊ ရှုလော့။ ဧဝံ၊ ဤသို့ရှုသည်ရှိသော်။ တေ၊သင်၏။ မစ္စုတရော၊ သေမင်းကိုလွန်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ ရှုသောသင့်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ဤသို့ သုညတထင်၍၊ သင်္ခါရတို့ကို ကြောက်ခြင်းကိုဎင်း၊ နှစ်သက်ခြင်းကိုဎင်း၊ ချစ်မုန်းခြင်းကင်း ညီမျှခြင်းသည်ဖြစ်၏။ စွန့်ပစ်အပ်ပြီးသော မယားရှိသော ယောက်ျားကဲ့သို့တည်း။

ဤအတူ ဤယောဂီသည်၊ အလုံးစုံသော သင်္ခါရတို့မှ လွတ်လိုသည်ဖြစ်၍၊ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသည် ရှိသော်၊ ထိုမြင်ခြင်း, ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း,လှုပ်ခြင်း, ရှုခြင်း, မခြင်း, ချခြင်း စသည်တို့၌၊ ငါ, ငါ့ဥစ္စာဟု ယူအပ်သည်ကို မမြင်မူ၍၊ ကြောက်ခြင်းကိုဎင်း, နှစ်သက်ခြင်းကိုဎင်း ပယ်ဖျောက်၍၊ အလုံးစုံသော သင်္ခါရတို့၌ ချစ်မုန်းခြင်းကင်း ညီမျှခြင်းဖြစ်၏။

ဤသို့သိသော,ဤသို့မြင်သော ထိုယောဂီ၏စိတ်သည်၊၃-ပါးသော ဘဝတို့၌ဎင်း၊ ၄-ပါးသော ယောနိတို့၌ဎင်း၊ ၅-ပါးသော ဂတိတို့၌ဎင်း, ၇-ပါးသော ဝိညာဏဋ္ဌိတိ တို့၌ဎင်း၊ ၉-ပါးသော သတ္တာဝါသ တို့၌ဎင်း၊

တွန့်၏, ကောက်၏, လိမ့်ကျ၏၊ မစန့်, လျစ်လျူသည်၎င်း၊ ရှုံ့ရှာဘွယ်၏ အဖြစ်သည်၎င်း တည်တော့၏။

စဉ်းငယ်ကိုင်းသော **ကြာဖက်**၌၊ ရေပေါက်တို့သည်၊ တွန့်ကုန်သကဲ့သို့၊ ကောက်ကုန်သကဲ့သို့၊ လိမ့်ကျကုန်သကဲ့သို့၊ မစန့်ကုန်သကဲ့သို့၎င်း။

**ကြက်တောင်** ကို၎င်း၊ အကြောညှင်းကို၎င်း၊ မီး၌ထည့်အပ်သည်ရှိသော်၊ တွန့်သကဲ့သို့၎င်း၊ ကောက်ကွေ့သကဲ့သို့၎င်း၊ လိမ့်သကဲ့သို့၎င်း၊ မစန့်သကဲ့သို့၎င်းတည်း။

ဤအတူသာလျှင်၊ဤသို့သိသော ဤသို့မြင်သော ယောဂီ၏စိတ်သည်၊ ဘဝ ၃-ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅-ပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးတို့၌၊ တွန့်၏,ကောက်၏,လိမ့်ကျ၏၊မစန့်,လျစ်လျူသည်၎င်း၊ ရှုံ့ရှာသည်၏ အဖြစ်သည်၎င်း တည်တော့၏။ ဤသို့တည်သော သူအား၊ သင်္ခါရုပေက္ခာဉာဏ် ဖြစ်သည်မည်၏။

ထို သင်္ခါရုပေက္ခာဉာဏ်သည်၊ငြိမ်းခြင်းသို့ ရောက်သော နိဗ္ဗာန်ကို၊ သေဟု အကယ်၍ မြင်သည်ဖြစ်အံ့။ အလုံးစုံသော ဖြစ်မှု,ပျက်မှု,လှုပ်မှု,ရွမှု သင်္ခါရတို့၏ဖြစ်ခြင်းကို စွန့်လွှတ်၍၊ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်တော့၏။

နိဗ္ဗာန်ကို သေဟု အကယ်၍ မမြင်သည်ဖြစ်အံ့။ အဖန်ဖန်ဖြစ်မှု, ပျက်မှု,လှုပ်မှု,ရွမှု အစရှိသော၊ သင်္ခါရအစုတို့၌သာလျှင် အာရုံရှိသည်ဖြစ်၍ဖြစ်၏။ ပင်လယ်သို့ကူးကုန်သော ကုန်သည်တို့၏ ဒိသာကာက ကျီးကဲ့သို့ တည်း။

ပင်လယ်ကို ကူးကုန်သော ကုန်သည်တို့သည်၊ လှေ, သင်္ဘောသို့ တက်စီးကြကုန်သည်ရှိသော်၊ **ဒိသာကာက** အမည်ရှိသော၊ကျီးကို ဘမ်းယူ ကြကုန်၏။

ထိုကုန်သည်တို့သည် အကြင်အခါ၌၊ လှေ,သင်္ဘောသည် လေလွှင့်သည်ဖြစ်၍၊ အရပ်တပါးသို့ရောက်၏၊ ကမ်းလမ်းကိုမမြင်။ ထိုအခါ၊ ဒိသာ ကာက အမည်ရှိသောကျီးကို လွှတ်ကြကုန်၏။

ထိုဒိသာကာက ကျီးသည်၊လင်းယင် မာလိန်တိုင်မှ၊ကောင်းကင်သို့ ပျံတက်၍၊ အလုံးစုံသော အဖြောင့်အရပ် မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့သို့ အစဉ်မပြတ်သွား၍၊ ကမ်းကို အကယ်၍မြင်သည်ဖြစ်အံ့၊ ထိုကမ်း

သို့ ရှေးရှုသာလျှင် ပျံတော့၏။ ကမ်းကို အကယ်၍ မမြင်သည်ဖြစ်အံ့၊အဖန်ဖန်ပြန်လာ၍ လင်းယင်မာလိန် တိုင်၌သာလျှင် ပြန်နားသလို။

ဤအတူသာလျှင်၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ငြိမ်းခြင်းသို့ ရောက်သော နိဗ္ဗာန်ကို၊ သေဟု အကယ်၍ မြင်သည်ဖြစ်အံ့၊ အလုံးစုံသော ဖြစ်မှု, ပျက်မှု အစရှိသော၊ သင်္ခါရ တို့၏ ဖြစ်ခြင်းကို စွန့်လွှတ်၍၊ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်၏။

နိဗ္ဗာန်ကို သေဟု၊ အကယ်၍ မမြင်သည်ဖြစ်အံ့၊ အဖန်ဖန် သင်္ခါရမှု၊ အာရုံစု၌သာလျှင် ဖြစ်၍နေ၏။

ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်၊ မန်း, ဆန်ကော၌ မုံ့ညက်ကို ဆင့်သကဲ့သို့၊ ကြိတ်အပ်ပြီးသော ဝါဂွမ်းဆိုင်ကို ဖတ်သကဲ့သို့၊ အထူးထူး အပြားပြား အားဖြင့်၊ သင်္ခါရ တို့ကို သိမ်းဆည်း၍၊ ကြောက်ခြင်း ကိုဂုင်း။ ချစ်နှစ်သက်ခြင်းကိုဂုင်း ပယ်ဖျောက်၍၊ သင်္ခါရကို ရှေးချယ် စီစစ်ရာ၌၊ ချစ်မုန်းခြင်းကင်း၊ ညီမျှခြင်းသည် ဖြစ်၍၊ ၃-ပါးသော အနုပဿနာ၏ အစွမ်းအားဖြင့် တည်၏။

ယခု ဆိုအပ်ပြီးသော သင်္ခါရုပေက္ခာဉာဏ်သည်၊ ရှေ့ မုဥ္စိတုကမျတာဉာဏ်,ပဋိသင်္ခါဉာဏ် ၂-ပါးနှင့်၊ အနက်အားဖြင့် တူကြကုန်၏။

> ဣဒံ သင်္ခါရုပေက္ခာဉာဏံ ဧကမေဝ တိဏိနာမာနိ လဘတိ။ ဟေဋ္ဌာ မုဥ္စိတုကမျတာဉာဏံနာမ ဇာတံ။ မဇ္ဈေ ပဋိသင်္ခါနုပဿနာဉာဏံနာမ။ အန္တေစ သိခါပတ္တံ သင်္ခါရုပေက္ခာဉာဏံနာမ။
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဣဒံ သင်္ခါရုပေက္ခာဉာဏံ၊ ဤသင်္ခါရုပေက္ခာဉာဏ်သည်။ ဧကမေဝ၊ တပါးတည်းသာလျှင် ဖြစ်လျက်။တိဏိနာမာနိ၊ သုံးပါးသော အမည်တို့ကို။ လဘတိ၊ ရ၏။ ဟေဋ္ဌာ၊ အောက်၌။ မုဥ္စိတုကမျတာဉာဏံနာမ၊ မုဥ္စိတုကမျတာဉာဏ်မည်သည်။ ဇာတံ၊ ဖြစ်၏။ မဇ္ဈေ၊ အလယ်၌။ ပဋိသင်္ခါနုပဿနာဉာဏံနာမ၊ ပဋိသင်္ခါနုပဿနာဉာဏ်မည်သည်။ ဇာတံ၊ ဖြစ်၏။ အန္တေစ၊ အဆုံး၌လည်း။ သိခါပတ္တံ၊ အထွဋ်အထိပ်သို့ ရောက်သည်ရှိသော်။ သင်္ခါရုပေက္ခာဉာဏံနာမ၊ သင်္ခါရုပေက္ခာဉာဏ်မည်သည်။ ဇာတံ၊ ဖြစ်၏။

ထိုစကားကို မြတ်စွာဘုရားလည်း ဟောတော်မူပါသေး၏။

ကထံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာပညာ သင်္ခါရု ပေက္ခာသု ဉာဏံ။ ။(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သန္တိဋ္ဌနာပညာ၊ လွတ်လိုသောပညာ, ဆင်ခြင်သောပညာ, အညီအညွတ်ရှိသော ပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။တံ ဉာဏံ၊ ထိုဉာဏ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။

ဥပ္ပါဒံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာပညာ သင်္ခါရု ပေက္ခာသု ဉာဏံ။ ။(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒံ၊ သင်္ခါရတို့၏ ဖြစ်ခြင်းကို။ မုဉ္စိတုကမျတာ,ပဋိသင်္ခါ သန္တိဋ္ဌ နာပညာ၊ လွတ်လိုသောပညာ,ဆင်ခြင်သောပညာ,အညီအညွတ် ရှိသော ပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။

ပဝတ္တံ, နိမိတ္တံ, အာယူဟနံ, ပဋိသန္ဓိံ, ဂတိံ, နိဗ္ဗတ္တိံ, ဥပပတ္တိံ, ဇာတိံ, ဇရံ, ဗျာဓိံ, မရဏံ, သောကံ, ပရိဒေဝံ, ဥပါယာသံ, မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာပညာ၊ သင်္ခါ ရုပေက္ခာသုဉာဏံ။ ။(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ပဝတ္တံ၊အစဉ်မပြတ် စပ်ခြင်းကို။နိမိတ္တံ၊သင်္ခါရ,ခယ,အမှတ် နိမိတ်ထင်ခြင်းကို။အာယူဟနံ၊ သင်္ခါရတို့၏ အားထုတ်ရခြင်းကို။ ပဋိသန္ဓိံ၊ ပဋိသန္ဓေနေရခြင်းကို၊ ဂတိံ၊ ထိုဘဝ,ဤဘဝသို့၊ လားရ, ရောက်ရခြင်းကို။ နိဗ္ဗတ္တိံ၊ အကျိုးခန္ဓာတို့၏ ဖြစ်ရခြင်းကို။ ဥပပတ္တိံ၊ အကျိုးခန္ဓာတို့၏ ပြည့်စုံခြင်းကို။ ဇာတိံ၊ အကျိုးခန္ဓာတို့၏ ဖြစ်ရခြင်းကို။ ဇရံ၊ အကျိုးခန္ဓာတို့၏ ဆွေးမြေ့, ဟောင်းမြင်း, အိုမင်းရခြင်းကို။ ဗျာဓိံ၊ အကျိုးခန္ဓာတို့၏ နာရခြင်းကို။ မရဏံ၊ အကျိုးခန္ဓာတို့၏ သေရခြင်းကို။ သောကံ၊ အကျိုးခန္ဓာတို့၏ စိုးရိမ်ရခြင်းကို။ ပရိဒေဝံ၊ အကျိုးခန္ဓာတို့၏ ငိုကြွေး ရခြင်းကို၊ ဥပါယာသံ၊ အကျိုးခန္ဓာတို့၏ ပင်ပန်းရခြင်းကို။ မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သန္တိဋ္ဌနာ ပညာ၊ လွတ်လိုသော ပညာ, ဆင်ခြင်သော ပညာ, အညီအညွတ်ရှိသော ပညာသည်။ သင်္ခါရုပေက္ခာသုဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဤသို့ ရအပ်ပြီးသော၊သင်္ခါရုပေက္ခာဉာဏ် ရှိသော အမျိုးကောင်း သားအား၊ အထွဋ်အထိပ်သို့ ရောက်သော ဝိပဿနာသည်၊ ၎င်္ခါနုဂါမိနီ

ဝိပဿနာ မည်၏။ ထို သိခါပတ္တ ဝိပဿနာ ဟူသော အမည်သည်ရင်း၊ ဝုဋ္ဌာနဂါမိနီ ဟူသော အမည်သည်ရင်း၊ သင်္ခါရုပေက္ခာဉာဏ်, အနုလောမ ဉာဏ်,ဂေါတြဘူ ဉာဏ်–ဟု ဆိုအပ်သော ဉာဏ်သုံးပါးတို့၏ အမည်တည်း။

မှန်၏။ ထို ဝိပဿနာသည်၊ အထွဋ်အထိပ်၏အဖြစ်သို့ ရောက်သည်၏အဖြစ်ကြောင့်၊ သိခါပတ္တမည်၏။ မဂ်သို့ရောက်တတ်သောကြောင့်၊ ဝုဋ္ဌာနဂါမိနီမည်၏။

သင်္ခါရ အပနိမိတ်ဖြစ်၍ ဖြစ်သော၊ တည်ရာအာရုံ ဝတ္ထုမှရင်း၊ ဖြစ်ရာ အဇ္ဈတ္တမှရင်း ထခြင်းကြောင့်၊ မဂ်ကို-ဝုဋ္ဌာနဟု ဆိုအပ်၏။ ထိုမဂ်သို့ ရောက်တတ်သောကြောင့်၊ ဝုဋ္ဌာနဂါမိနီ မည်၏။ ထိုဝုဋ္ဌာနဂါမိနီသည်၊ မဂ်နှင့်စပ်ခြင်းတည်း။ ထိုသို့ **မဂ်နှင့်စပ်** ရာ၌၊ ဤဆိုလတံ့သည်ကား၊ အဘိနိဝေသ ဝုဋ္ဌာနတို့၏ထင်ခြင်း အကျိုးငှါ၊ မာတိကာတည်း။

အဇ္ဈတ္တ၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ အဇ္ဈတ္တမှ ထ၏။ အဇ္ဈတ္တ၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ဗဟိဒ္ဓမှ ထ၏။ ဗဟိဒ္ဓ၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ဗဟိဒ္ဓမှ ထ၏။ ဗဟိဒ္ဓ၌၊နှလုံးသွင်းသောအားဖြင့် တည်၍၊ အဇ္ဈတ္တမှ ထ၏။

ရုပ်၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ ရုပ်မှ ထ၏။ ရုပ်၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ နာမ်မှ ထ၏။ နာမ်၌၊ နှလုံးသွင်းသော အားဖြင့်တည်၍၊ ရုပ်မှ ထ၏။ နာမ်၌၊ နှလုံးသွင်းသောအားဖြင့် တည်၍၊ နာမ်မှ ထ၏။

တပြိုင်နက်၊ ခန္ဓာငါးပါးတို့မှ ထ၏။ အနိစ္စဟု နှလုံး သွင်းသောအားဖြင့် တည်၍၊အနိစ္စမှ ထ၏။အနိစ္စဟု နှလုံးသွင်းသောအားဖြင့် တည်၍၊ ဒုက္ခမှရင်း, အနတ္တမှရင်း ထ၏။ ဒုက္ခဟု နှလုံးသွင်းသောအားဖြင့် တည်၍၊ အနိစ္စမှရင်း, အနတ္တမှရင်း ထ၏။ အနတ္တဟု နှလုံးသွင်းသောအားဖြင့် တည်၍၊ အနတ္တမှရင်း,အနိစ္စမှရင်း,ဒုက္ခမှရင်း ထ၏။

ယခုအခါ၌၊ ရှေ့ဉာဏ်,နောက်ဉာဏ်တို့နှင့်တကွ၊ ဝုဋ္ဌာနဂါမိနီမည်သော ဝိပဿနာကို၊ ထင်စွာ ပြခြင်း အကျိုးငှါ၊ **ဥပမာအားဖြင့်** ထုတ်ဆောင်ပေအံ့။

ယခု ထုတ်ဆောင်လတံ့သော ဥပမာသည်လည်း၊ ဘေးထင်သော ဉာဏ်မှစ၍ တစုံတခုသော ဉာဏ်၌တည်၍၊ ထုတ်ဆောင်ခြင်းငှါ သင့်ကုန်ရာ၏။ ထိုသို့ပင် သင့်ကုန်သော်လည်း၊ ဤသင်္ခါရုပေက္ခာဉာဏ်အရာ၌ ဆောင်အပ်ကုန်သည်ရှိသော်၊ ဘေးထင်သောဉာဏ်မှ စ၍ ဖိုလ်ဉာဏ် တိုင်အောင်၊ အလုံးစုံသောဉာဏ်သည်ထင်၏။ ထို့ကြောင့် ဤသင်္ခါရုပေက္ခာဉာဏ်မှသာလျှင် ထုတ်ဆောင်ပေအံ့။ ဥပမာကား၊—

တကောင်သော **လင်းနို့**သည်၊ အပွင့်,အသီးကို စားအံ့ဟု၊အကိုင်းငါးခုရှိသော မယ်ဇယ်ပင်၌နား၍၊ အကိုင်းတကိုင်းကို ရှာဖွေ သုံးသပ်သည်ရှိသော်၊ ထိုအကိုင်း၌ တစုံတခုသော အပွင့်, အသီးကို၊ ယူလောက်အောင် မတွေ့မမြင်။

ထိုရှာဖွေသော အကိုင်း၌၊ မတွေ့မမြင်သလို။ ၂–ခုမြောက်သော အကိုင်း၊ ၃–ခုမြောက်သော အကိုင်း၊ ၄–ခုမြောက်သော အကိုင်း၊ ၅–ခုမြောက်သော အကိုင်းတို့၌လည်း၊ အပွင့်, အသီးကို ယူလောက်အောင် မတွေ့မမြင်။

ထိုလင်းနို့သည်၊ ဤမယ်ဇယ်ပင်၌ တစုံတခုသော၊ အပွင့်, အသီး ယူစရာ မရှိပြီတကားဟု၊ ထိုမယ်ဇယ်ပင်၌ အာလယကိုစွန့်၍၊ ဖြောင့်သော အကိုင်းသို့ တက်၍၊ ပါးပျဉ်းခွစုံ ကြားဖြင့် ဥက္ကောင်းကိုထုတ်၍၊ အထက်သို့ ကြည့်ပြီး ကောင်းကင်သို့ပျံတက်၍၊ တပါးသော အသီးရှိသော သစ်ပင်၌ နားသကဲ့သို့။

**ထိုဥပမာ၌**။ (၁) လင်းနို့ (၂) အကိုင်း ငါးကိုင်းရှိသော မယ်ဇယ်ပင် (၃) ထိုမယ်ဇယ်ပင်၌ လင်းနို့နားခြင်း (၄) အကိုင်းတကိုင်းကို ရှာဖွေ၍၊ တစုံတခုသော အသီးကိုမျှ မတွေ့သဖြင့်၊ ကြွင်းသော အကိုင်းတို့၌လည်း၊ တစုံတခုသော အသီးကိုမျှ မတွေ့ခြင်း (၅) ထိုသစ်ပင်၌ အသီးမရှိသည်ကိုသိသဖြင့် အာလယကို စွန့်ခြင်း (၆) ဖြောင့်သောအကိုင်း၏ အထက်ကိုတက်ခြင်း (၇) လင်းနို့၏ ဥက္ကောင်းကို ထုတ်၍ ကြည့်ခြင်း (၈) လင်းနို့သည် ကောင်းကင်၌ ပျံတက်ခြင်း (၉) တပါးသော အသီးရှိသော သစ်ပင်၌နားခြင်းဟူသော ဥပမာတို့၏၊ဖြစ်ခိုက်,ဖြစ်ခိုက်ကို မှတ်အပ်ကုန်၏။

**ဥပမေယျသော်ကား**။ (၁) ယောဂီ ပုဂ္ဂိုလ် (၂) ခန္ဓာ ငါးပါး (၃) ခန္ဓာ ငါးပါး၌ နှလုံးသွင်းခြင်း (၄) ထိုငါးပါးတို့တွင် ရူပက္ခန္ဓာကို

သုံးသပ်ပြီး၍၊ ကျန်လေးပါးတို့ကို သုံးသပ်ခြင်း (၅) မမြဲ, ဆင်းရဲ, အစိုး မရသည်၏ အစွမ်းအားဖြင့် ငြီးငွေ့ခြင်း လွတ်လိုခြင်း,မလွတ်လွတ်အောင် ဆင်ခြင်သဖြင့်၊ အာလယစွန့်၍ အညီအမျှ ရှုခြင်း (၆) အနုလောမဉာဏ် (၇) ဂေါတြဘူဉာဏ် (၈) မဂ်ဉာဏ် (၉) ဖိုလ်ဉာဏ် – ဟူသောဉာဏ်စဉ် တို့၏၊ အခိုက်အခိုက် ဖြစ်ပေါ်မှုကိုလည်း မှတ်အပ်ကုန်၏။

**ဥပမာ, ဥပမေယျ နှီးနှောပုံကား။** လင်းနို့ကဲ့သို့၊ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏။အကိုင်း ငါးကိုင်းရှိသော မယ်ဇယ်ပင်ကဲ့သို့၊ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို မှတ်အပ်ကုန်၏။ လင်းနို့သည်၊ ထိုမယ်ဇယ်ပင်၌ နားသကဲ့သို့၊ ယောဂီသည်လည်း ခန္ဓာငါးပါး၌၊ နှလုံးသွင်းသောအားဖြင့် တည်ခြင်းကို မှတ်အပ်၏။

ထိုလင်းနို့သည်၊အကိုင်းတကိုင်းကို သုံးသပ်၍၊တစုံတခု ယူလောက်အောင်၊ အသီး, အပွင့် မတွေ့မမြင်မူ၍၊ ကြွင်းသော အကိုင်းတို့၌လည်း၊ ထို့အတူ သုံးသပ်၍ မတွေ့မမြင်သကဲ့သို့။ ယောဂီသည်၊ ရူပက္ခန္ဓာကို သုံးသပ်၍၊ထိုရူပက္ခန္ဓာ၌၊မြဲသောသဘော,ချမ်းသာသော သဘော,အလိုကျကျ အစိုးရသော သဘော,တင့်တယ်သော သဘောဟု ဘာတခုကိုမျှ မမြင်မူ၍၊ ထို့အတူ ကြွင်းသော ခန္ဓာတို့၌လည်း၊ သုံးသပ်၍ မြင်သည်ကို မှတ်အပ်၏။

ထိုလင်းနို့သည်၊ ဤသစ်ပင်၌ အသီးမရှိတကားဟု၊ မယ်ဇယ်ပင်ကို အာလယစွန့်သကဲ့သို့။ ယောဂီသည်လည်း၊ခန္ဓာငါးပါးတို့၌၊ မမြဲ, ဆင်းရဲ, အစိုးမရ အနှစ်သာရ မရှိသည်ကို၊ ထင်မြင်သည်၏ အစွမ်းအားဖြင့်၊ ထို ခန္ဓာငါးပါး၌၊ ငြီးငွေ့သော-နိဗ္ဗိဒါဉာဏ်ဖြစ်ခြင်းကို၊ လွတ်လိုသော-မုဉ္စိတုကမျတာဉာဏ်ဖြစ်ခြင်းကို၊ မလွတ် လွတ်အောင် ဆင်ခြင်သော – ပဋိသင်္ခါ ဉာဏ်ဖြစ်ခြင်းကို၊အညီအညွတ်ရှုသော–သင်္ခါရုပေက္ခာဉာဏ်ဖြစ်ခြင်းကို မှတ်အပ်၏။

ထိုလင်းနို့သည်၊ ဖြောင့်သော သစ်ကိုင်း၏ အထက်သို့ တက်သော အခိုက်ကဲ့သို့၊ အနုလောမဉာဏ်ကို မှတ်အပ်၏။

ထိုလင်းနို့သည်၊ သစ်ပင်ခွကြားမှ ဥက္ကောင်းကိုထုတ်၍ ကြည့်သော အခိုက်ကဲ့သို့။ ယောဂီအား၊ ဂေါတြဘူဉာဏ် ဖြစ်သော အခိုက်ကို မှတ်အပ်၏။

ထိုလင်းနို့သည်၊ ကောင်းကင်၌ ပျံတက်သော အခိုက်ကဲ့သို့၊ ယောဂီ၏ မဂ်ဉာဏ်ဖြစ်သော အခိုက်ကို မှတ်အပ်၏။

ထိုလင်းနို့သည်၊ တပါးသော အသီးရှိသော သစ်ပင်၌ နားသော အခိုက်ကဲ့သို့။ ယောဂီအား၊ ဖိုလ်ဉာဏ်ဖြစ်သော အခိုက်ကို မှတ်အပ်၏။

ဤသို့၊ဥပမာနှင့်,ဥပမေယျတို့၊ ဖြစ်သော အခိုက်အခိုက်တို့၌၊သဘာဝတူအောင် ထပ်တူဆောင်၍ မှတ်ကုန်ရာသတည်း။

မုဥ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,
သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

## အနုလောမဉာဏ်ကို ပြခြင်း

ထို သင်္ခါရုပေက္ခာဉာဏ်ကို အဖန်တလဲလဲ မှီဝဲသော၊အဖန်တလဲလဲ ပွားများသော၊ ကြိမ်ဖန်များစွာ လေ့လာသော ထိုယောဂီအား၊ အဓိမောက္ခ, မည်သော သဒ္ဓါတရားသည် အားကြီးစွာဖြစ်၏။ ဝီရိယ သည် ကောင်းစွာ ချီးမြှင့်ထောက်ပံ့၏။ သတိသည် ကောင်းစွာထင်၏။ စိတ်သည် ကောင်းစွာတည်သည်ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်သည်ဖြစ်၏။

ထိုယောဂီအား၊ ယခုအခါ၌ မဂ်သည် ဖြစ်လတံ့ဟု သင်္ခါရုပေက္ခာဉာဏ်သည်၊ သင်္ခါရတို့ကို မမြဲဟူ၍၎င်း,ဆင်းရဲဟူ၍၎င်း, အစိုးမရဟူ၍၎င်း သုံးသပ်၍ ဘဝင်သို့သက်၏။

ဘဝင်၏အခြားမဲ့၌၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ပြုအပ်သောနည်းဖြင့်သာလျှင်၊ မမြဲ,ဆင်းရဲ,အစိုးမရဟု အာရုံပြုလျက်၊ မနောဒွါရာဝဇ္ဇန်းသည်ဖြစ်၏။ ထိုနောင်မှ ဘဝင်သည် လည်၍ဖြစ်သော၊ထိုမနောဒွါရာဝဇ္ဇန်းကြိယာစိတ်၏ အခြားမဲ့၌၊ အကြားအပြတ် မရှိသည်ဖြစ်၍ စိတ်အစဉ်သို့ အစဉ်လိုက်လျက်၊ ထို့အတူ သင်္ခါရတို့ကို အာရုံပြု၍ ပဌမဇောစိတ်သည် ဖြစ်၏။ အကြင်စိတ်ကို **ပရိကံ**–ဟူ၍ ဆိုအပ်၏။

ထိုပရိကံ၏အခြားမဲ့၌၊ ထို့အတူသာလျှင် သင်္ခါရတို့ကို အာရုံပြု၍၊ ဒုတိယ ဇောစိတ်သည်ဖြစ်၏။ အကြင် ဒုတိယဇောစိတ်ကို **ဥပစာ** – ဟူ၍ ဆိုအပ်၏။

ထိုဥပစာ၏အခြားမဲ့၌လည်း၊ ထို့အတူသာလျှင် သင်္ခါရတို့ကို အာရုံပြု၍၊ တတိယဇောစိတ်သည် ဖြစ်၏။အကြင် တတိယဇောစိတ်ကို **အနုလုံ**-ဟူ၍ ဆိုအပ်၏။ ဤမည်သည်ကား၊ ထိုပရိကံ့ဥပစာ့အနုလုံ သုံးပါးတို့၏ အသီးသီးဖြစ်သော အမည်တည်း။

သာမညအားဖြင့်ကား၊၃-ပါးသော အပြားရှိသည်လည်းဖြစ်သော ထိုအမည်ကို၊ အာသေဝန-ဟူ၍ရင်း၊ ပရိကံ-ဟူ၍ရင်း၊ ဥပစာ-ဟူ၍ရင်း၊ အနုလုံ-ဟူ၍ရင်း ဆိုခြင်းငှါသင့်၏။

အဘယ်အား လျော်သနည်း၊ရှေ့အတို့နောက်အတိုတို့အား လျော်၏။ ထိုအနုလောမဉာဏ်သည်၊ ရှေး၌ဖြစ်ကုန်သော ရှစ်ပါးကုန်သော၊ အောက် ဝိပဿနာ ဉာဏ်တို့အား၊ မှန်သော ကိစ္စရှိသည်၏ အဖြစ်ဖြင့် လျော်စေ၏။ အထက် ဗောဓိပက္ခိယ တရား ၃၇-ပါးတို့အားလည်း လျော်စေ၏။

အောက်ဉာဏ် ရှစ်ပါးနှင့် လျော်ပုံကို ဆိုအံ့။ ထိုအနုလောမဉာဏ်သည်၊အနိစ္စလက္ခဏာ့ဒုက္ခလက္ခဏာ့ အနတ္တလက္ခဏာတို့၏ အစွမ်းအားဖြင့်၊ သင်္ခါရတို့ကို အာရုံပြု၍ ဖြစ်သည်၏အဖြစ်ကြောင့်၊ ဖြစ်ခြင်း့ ပျက်ခြင်း ရှိသည်သာလျှင် ဖြစ်ကုန်သော၊သင်္ခါရတရားတို့၏ ဖြစ်ခြင်း့ပျက်ခြင်းတို့ကို၊ **ဥဒယဗ္ဗယဉာဏ်**သည်၊ စင်စစ်မြင်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

ပျက်ခြင်းရှိသည်သာလျှင် ဖြစ်ကုန်သော၊ သင်္ခါရတရားတို့၏ အပျက်ကို၊ **ဘင်္ဂါနုပဿနာဉာဏ်**သည် စင်စစ်မြင်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

ဘေးရှိသော သင်္ခါရတရားသည် သာလျှင်၊ **ဘယတုပဋ္ဌာနဉာဏ်**သည် စင်စစ်ထင်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

အပြစ်ရှိသော သင်္ခါရတရား၌သာလျှင်၊ **အာဒီနဝါနုပဿနာဉာဏ်**သည် စင်စစ်မြင်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

ငြိမ်းငွေ့အပ်သော သင်္ခါရတရား၌သာလျှင်၊ **နိဗ္ဗိဒါဉာဏ်** သည်၊ စင်စစ် ငြိမ်းငွေ့ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

လွတ်အပ်သော သင်္ခါရ တရားတို့၌ သာလျှင်၊ **မုဉ္စိတုကမျတာဉာဏ်** သည် စင်စစ် လွတ်လိုခြင်းဖြစ်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

ဆင်ခြင်အပ်သော သင်္ခါရတို့ကိုသာလျှင်၊ **ပဋိသင်္ခါဉာဏ်** သည်၊ စင်စစ်ဆင်ခြင်အပ်ပြီ။ ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

အညီအညွတ် ရှုအပ်သော သင်္ခါရတရားတို့ကိုသာလျှင်၊ **သင်္ခါရုပေက္ခာဉာဏ်**သည်၊စင်စစ် အညီအညွတ် ရှုအပ်ပြီ။ဤသို့လည်း အနက်အားဖြင့် ပြောကြားလာသကဲ့သို့ လျော်စေ၏။

ဤသို့ အောက်ဉာဏ် ရှစ်ပါးတို့အားလည်း၊ မှန်သော ကိစ္စရှိသည် အဖြစ်ဖြင့် လျော်စေသည်။

အထက် ၃၇-ပါးသော၊ ဗောဓိပက္ခိယ တရားတို့အားလည်း လျော်စေ၏။ အဘယ့်ကြောင့်နည်း၊ ထိုလျော်သော အကျင့်ဖြင့် ရောက်အပ်သော ကြောင့်တည်း။

မဂ်ဉာဏ်သည် သိမြင်တတ်သော အနက်သဘောကြောင့် - ဗောဓိ မည်၏။ မဂ်ဉာဏ်အား ကျေးဇူးပြုသော တရားသည်၊ ဗောဓိပက္ခိယ တရား မည်၏။ **ဗောဓိပက္ခိယ** တရားသည်၊ တရားကိုယ်အားဖြင့် ၁၄-ပါး၊ ကောဋ္ဌာသအားဖြင့် ၇-ပါး၊ ကိစ္စအားဖြင့် ၃၇-ပါး အပြားရှိ၏။

**တရားကိုယ်** အားဖြင့် ၁၄-ပါး ဟူသော်ကား၊ ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ,ဥပေက္ခာ,သဒ္ဓါ,ဝါယာမ,ကမ္မဋ္ဌာန, အာဇီဝ, သဒ္ဓါ, သမာဓိ, ပညာ, သတိ,ဝီရိယ အားဖြင့် ၁၄-ပါးရှိ၏။

**ကောဋ္ဌာသ** အားဖြင့် ၇-ပါးဟူ သော်ကား၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်အားဖြင့် ၇-ပါးရှိ၏။

**ကိစ္စ** အားဖြင့် ၃၇-ပါး ဟူသော်ကား၊ဆန္ဒိဒ္ဓိပ္ပါဒ်ကိစ္စ,ဆန္ဒ တပါး၊ စိတ္တိဒ္ဓိပ္ပါဒ် ကိစ္စ, စိတ် တပါး၊ ပီတိသမ္ဗောဇ္ဈင် ကိစ္စ, ပီတိ တပါး၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကိစ္စ, ပဿဒ္ဓိ တပါး၊ဥပေက္ခာသမ္ဗောဇ္ဈင်ကိစ္စ, ဥပေက္ခာ တပါး၊

သမ္မာသင်္ကပ္ပမဂ္ဂင်ကိစ္စ, သင်္ကပ္ပ တပါး၊ သမ္မာဝါစာ မဂ္ဂင်ကိစ္စ, ဝါစာ တပါး၊ သမ္မာကမ္မန္တ မဂ္ဂင်ကိစ္စ, ကမ္မန္တ တပါး၊ သမ္မာအာဇီဝမဂ္ဂင် ကိစ္စ, အာဇီဝ တပါး။

သဒ္ဓိန္ဒြေကိစ္စ,သဒ္ဓါဗိုလ်ကိစ္စ သဒ္ဓါ ၂-ပါး။သမာဓိန္ဒြေကိစ္စ,သမာဓိဗိုလ်ကိစ္စ, သမာဓိသမ္ဗောဇ္ဈင် ကိစ္စ, သမာဓိမဂ္ဂင် ကိစ္စ သမာဓိ ၄-ပါး။ ဝီမံသိဒ္ဓိပ္ပါဒ်ကိစ္စ, ပညိန္ဒြေကိစ္စ, ပညာဗိုလ်ကိစ္စ, ဓမ္မဝိစယ သမ္ဗောဇ္ဈင် ကိစ္စ, သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ ပညာ ၅-ပါး။

ကာယာနုပဿနာ သတိပဋ္ဌာန်ကိစ္စ၊ဝေဒနာနုပဿနာ သတိပဋ္ဌာန် ကိစ္စ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် ကိစ္စ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ကိစ္စ၊ သတိန္ဒြေကိစ္စ၊ သတိဗိုလ်ကိစ္စ၊ သတိသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာသတိ မဂ္ဂင်ကိစ္စ သတိရှစ်ပါး။

အနုပ္ပန္န အကုသိုလ် အနုပ္ပါဒ သမ္မပ္ပဓာန် ကိစ္စ၊ ဥပ္ပန္န အကုသိုလ် ပဟာန သမ္မပ္ပဓာန်ကိစ္စ၊ အနုပ္ပန္န ကုသိုလ် ဥပ္ပါဒ သမ္မပ္ပဓာန်ကိစ္စ၊ ဥပ္ပန္န ကုသိုလ် ဌိတိသမ္မပ္ပဓာန် ကိစ္စ၊ ဝီရိယိဒ္ဓိပ္ပါဒ် ကိစ္စ၊ ဝီရိယိန္ဒြေ ကိစ္စ၊ ဝီရိယ ဗိုလ်ကိစ္စ၊ ဝီရိယသမ္ဗောဇ္ဈင်ကိစ္စ၊ သမ္မာဝါယာမ မဂ္ဂင် ကိစ္စ၊ ဝီရိယ ၉-ပါး အားဖြင့် ၃၇-ပါး အပြားရှိ၏။ ထို့ကြောင့်။

စုဒ္ဒသေဝ အသမ္ဘိန္နာ၊
ဟောန္တေတေ ဗောဓိပက္ခိယာ။
ကောဋ္ဌာသတော သတ္တဝိဓာ၊
သတ္တတိံသ ပဘေဒတော။ ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဧတေ ဗောဓိပက္ခိယာ၊ဤဗောဓိပက္ခိယတရားတို့သည်။အသမ္ဘိန္နာ-အသမ္ဘိန္နေန၊ ကိစ္စမပြား တရားကိုယ်အားဖြင့်။ စုဒ္ဒသေဝ၊ တဆဲ့လေးပါး တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကောဋ္ဌာသတော၊ ကောဋ္ဌာသ အားဖြင့်။ သတ္တဝိဓာ၊ ၇-ပါး အပြား ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဘေဒတော၊ ကိစ္စ အပြား အားဖြင့်။ သတ္တတိံသ၊ ၃၇-ပါး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝိပဿနာဉာဏ်နှင့် သမ္ပယုတ် ဖြစ်သော၊မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ်တရားသည်၊ အထူးထူးသော ဝိပဿနာစိတ်၌ ရအပ်သော၊ ဗောဓိပက္ခိယတရား ၃၇-ပါး တို့တွင်၊ ဝီမံသိဒ္ဓိပ္ပါဒ် ကိစ္စ, ပညိန္ဒြေ ကိစ္စ,

ပညာဗိုလ်ကိစ္စ, ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိစ္စ, သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ တပ်သော ဗောဓိပက္ခိယတရားတို့ဖြင့် လျော်သည်မည်၏။

မဂ်နှင့် သမ္ပယုတ်ဖြစ်သော၊ မဂ်ကုသိုလ် ဇောစိတ္တုပ္ပါဒ် သမ္ပယုတ် တရားသည်၊ တခုတည်းသော မဂ်စိတ်၌ တပေါင်းတည်း တပြိုင်နက် ရအပ်သော၊ ဗောဓိပက္ခိယတရား ၃၇-ပါး တို့တွင်၊ ဝီမံသိဒ္ဓိပ္ပါဒ် ကိစ္စ, ပညိန္ဒြေကိစ္စ, ပညာဗိုလ်ကိစ္စ, ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိစ္စ, သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ တပ်သော ဗောဓိပက္ခိယတရားတို့ဖြင့် လျော်သည်မည်၏။

ဤလျော်သော တရားသည်၊ အထူးထူးသော ဝိပဿနာစိတ်, တခု တည်းသော မဂ်စိတ်၌ရအပ်သော၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့တွင်၊ ဝီမံသိဒ္ဓိပ္ပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ တပ်သော ဗောဓိပက္ခိယ တရားဖြင့်၊ လျော်၍ သိမြင်သည်၏အဖြစ်ကို သိ သော ဒေသနာဉာဏ်။

**ပဋိသမ္ဘိဒါဉာဏ်** ၏ အကြောင်း၊ သုတမယဉာဏ်, စိန္တာမယဉာဏ်၏ အကျိုး၊ အထူးထူးသော ဝိပဿနာစိတ်, တခုတည်းသော မဂ်စိတ်၌ ရအပ် သော၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့တွင်၊ ဝီမံသိဒ္ဓိပ္ပါဒ်, ပညိန္ဒြေ, ပညာ ဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ တပ်သော ဗောဓိပက္ခိယ တရားဖြင့်၊ လျော်၍ သိမြင်ပေသတည်း။ ထို့ကြောင့်၊—

> ဣတိ ဣမေ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ ပုဗ္ဗဘာဂေ လောကိယ ဝိပဿနာယ ဝတ္တမာနာယ။ ပ ။နာနာစိတ္တေသု လဗ္ဘန္တိ။ ဣမေသံ ပန စတုန္နံ ဉာဏာနံ ဥပ္ပတ္တိကာလေ ဧက စိတ္တေ လဗ္ဘန္တိ။ ။ဒိသုဒ္ဓိမဂ်အဋ္ဌကထာ ။

ဣတိ၊ ဤသို့။ ဣမေ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ၊ ဤ ၃၇-ပါး သော ဗောဓိပက္ခိယ တရားတို့ကို။ ပုဗ္ဗဘာဂေ၊ မဂ်၏ ရှေးအဘို့၌။ လော ကိယ ဝိပဿနာယ၊ လောကီဝိပဿနာသည်။ ဝတ္တမာနာယ၊ ဖြစ်သည်ရှိ သော်။ ပ ။ နာနာစိတ္တေသု၊ အထူးထူးသော ဝိပဿနာစိတ်တို့၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣမေသံ ပန စတုန္နံ ဉာဏာနံ၊ ဤ လေးပါးသော မဂ်ဉာဏ် တို့၏။ ဥပ္ပတ္တိကာလေ၊ ဖြစ်သော ကာလ၌။ ဧကစိတ္တေ၊ တခုတည်းသော မဂ်စိတ်၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ထိုသို့ လျော်သည်ကို ဥပမာဖြင့် ထင်အောင် ပြအံ့။ **တရားစောင့်သော မင်းသည်၊** တရားဆုံးဖြတ်ရာ၌ နေသည်ရှိသော်၊ တရားဆုံးဖြတ် အမတ်ကြီး ရှစ်ယောက်တို့၏ အဆုံးအဖြတ်ကိုကြား၍၊ အဂတိသို့ လိုက်ခြင်းကို ပယ်စွန့်၍ ညီညွတ် လိုသည် ဖြစ်၍၊ ဤသို့ အမတ်ကြီးတို့ ဆုံးဖြတ်တိုင်း၊ ဖြစ်စေသတည်းဟု အနုမောဒနာပြုသည်ရှိသော်၊–

ထိုတရားဆုံးဖြတ် အမတ်ကြီး ရှစ်ယောက်တို့၏ အဆုံးအဖြတ်အားလည်း လျော်စေ၏။ တရားစောင့်သော၊ ရှေးမင်းဟောင်းအားလည်း လျော်စေ၏။ ဤသို့ ဥပမာနှင့် ပြည့်စုံခြင်းကို သိအပ်၏။

မင်းကဲ့သို့၊ အနုလောမဉာဏ်ကို မှတ်အပ်၏။ အမတ်ကြီးရှစ်ယောက်ကဲ့သို့၊ အောက်ဉာဏ် ရှစ်ပါးတို့ကို မှတ်အပ်ကုန်၏။ တရားစောင့်သော ရှေးမင်းဟောင်းကဲ့သို့၊ ၃၇ –ပါးသော ဗောဓိပက္ခိယ တရားတို့ကို မှတ်အပ်ကုန်၏။

ထိုစကား၌၊ မင်းသည် ဤသို့ အမတ်ကြီးတို့ ဆုံးဖြတ်တိုင်း၊ ဖြစ်စေသတည်းဟု ပြောဆိုသည်ရှိသော်၊ တရားဆုံးဖြတ် အမတ်ကြီး ရှစ်ယောက်တို့၏ အဆုံးအဖြတ်နှင့်လည်း လျော်စေ၍၊ တရားစောင့်သော ရှေးမင်းဟောင်းအားလည်း လျော်စေသကဲ့သို့။

ဤသို့ အနုလောမဉာဏ်သည်လည်း၊ အနိစ္စ, ဒုက္ခ, အနတ္တတို့၏ အစွမ်းအားဖြင့်၊ သင်္ခါရတို့ကို အာရုံပြုသည် ရှိသော်၊ အောက်ဉာဏ် ရှစ်ပါးတို့အားလည်း မှန်သောကိစ္စ ရှိသည်၏အဖြစ်ဖြင့် လျော်စေ၏။အထက် ဗောဓိပက္ခိယတရား ၃၇-ပါ'တို့လည်း၊ ထိုလျော်သော အကျင့်ဖြင့် ရောက်အပ်သည်၏ အဖြစ်ကြောင့် လျော်စေ၏။

**အနုလောမဉာဏ်ပြီး၏။**

## မဂ္ဂဉာဏ်ကို ပြခြင်း

ဤ အနုလောမဉာဏ်မှ နောက်၌၊ **ဂေါတြဘူဉာဏ်** သည်ဖြစ်၏။ ထိုဂေါတြဘူဉာဏ်သည်၊ မဂ်၏အာဝဇ္ဇန်းအရာ၌ တည်သည့် အဖြစ်ကြောင့်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသို့ မကပ်,ဉာဏဒဿန ဝိသုဒ္ဓိသို့လဲမကပ်၊ဝိသုဒ္ဓိ

နှစ်ပါးတို့၏ အကြား၌၊ ဝိသုဒ္ဓိ မခေါ်ဝေါ်လောက်သည်သာလျှင်တည်း။ဝိပဿနာ၏ အယဉ်၌ ကျသည်၏ အဖြစ်ကြောင့်၊ ဝိပဿနာဟူသော ရေတွက်ခြင်းသို့ ရောက်၏။

**သောတာပတ္တိမဂ်လည်း** တပါး၊ သကဒါဂါမိမဂ်လည်း တပါး၊ အနာဂါမိမဂ်လည်း တပါး၊ အရဟတ္တမဂ်လည်း တပါး။ ဤသို့ ၄-ပါး သောမဂ်တို့၌ တည်သောဉာဏ်သည်၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

ထိုလေးပါးသော မဂ်ဉာဏ်တို့တွင်၊ ပဌမ, မဂ်ဉာဏ်ကို ရှေးဦးစွာ ပြည့်စုံစေလိုသော ယောဂီသည်၊ တပါးသော တစုံတခုကိုမျှ ပြုဘွယ်ကိစ္စ မည်သည် မရှိ။

မှန်၏၊ အကြင်ပဌမ မဂ်ဉာဏ်ကို၊ ဤယောဂီသည် ပြုအပ်သည်ဖြစ် ငြားအံ့။ ထိုပဌမ မဂ်ဉာဏ်သည်၊ အနုလုံအဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်စေသဖြင့် ပြီးတော့သည်သာလျှင်တည်း။

ဤသို့ ဖြစ်ပြီးသော အနုလောမဉာဏ် ရှိသော ဤယောဂီအား၊ ထိုသုံးပါးသော အနုလောမဉာဏ်တို့ဖြင့် မိမိအစွမ်းအားလျော်စွာ၊ အလွန်ထူထဲသော နိရောဓသစ္စာကို ဖုံးအုပ်သော၊ အဝိဇ္ဇာအမိုက်တိုက်သည် ကွယ်ပျောက်သည်ရှိသော်။

အလုံးစုံသော သင်္ခါရတို့၌ စိတ်သည် မပြေးဝင်၊ အလုံးစုံသော သင်္ခါရတို့၌ စိတ်သည် မတည်၊ အလုံးစုံသော သင်္ခါရတို့၌ နှလုံးမသွင်း၊ အလုံးစုံသော သင်္ခါရတို့၌ မကပ်,မငြိ,မဖွဲ့တော့သည်ဖြစ်၍၊ကြာဖက်မှ ရေပေါက်ကဲ့သို့၊ တွန့်၏,ကောက်ကွေး၏,လိမ့်ကျ၏။ အလုံးစုံသော သင်္ခါရ, ခယ,အမှတ်နိမိတ်မိမိကိုယ်ဟု၊ ထင်သော အာရုံသည်ငင်း၊ အလုံးစုံသော အစဉ်မပြတ်စပ်သော အာရုံသည်ငင်း၊ အနှောင့်အယှက် အပိတ်အပင်ဟု ထင်တော့၏။

ထိုသို့ ထင်သည် ရှိသော်၊ ဤယောဂီအား အလုံးစုံသော သင်္ခါရ, ခယ,အမှတ်နိမိတ် မိမိကိုယ်ဟုထင်၊ အစဉ်မပြတ်သော အာရုံသည်၊ အနှောင့်အယှက် အပိတ်အပင်ဟု ထင်သည်ရှိသော်၊—

အနုလောမဉာဏ် အာသေဝန အဆုံး၌၊ သင်္ခါရ, ခယ, အမှတ်နိမိတ် မိမိကိုယ်ဟု မထင်သော၊ အစဉ်ကင်းပြတ် မစပ်သော၊ ဉပါဒ်,ဌီ,ဘင် သင်္ခါရ ကင်းသော၊ မဖြစ်ဘဲ ချုပ်ခြင်းရှိသော **နိဗ္ဗာန်ကို** အာရုံပြုလျက်၊—

ပုထုဇဉ်တို့၏ အမျိုးအနွယ်ကို၊ ပုထုဇဉ်တို့၏ အရေအတွက်ကို၊ ပုထုဇဉ်တို့၏ ဖြစ်ရာဘုံကို လွန်မြောက်လျက်၊-

အရိယာတို့၏ အမျိုးအနွယ်သို့၊ အရိယာတို့၏ အရေအတွက်သို့၊ အရိယာတို့၏ ဖြစ်ရာဘုံသို့ သက်ဝင်လျက်၊ နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာလှည့်လည်၊ ရှေးဦးစွာ သုံးဆောင်၊ ရှေးဦးစွာ မှတ်သည်ဖြစ်၍ ဖြစ်လျက်၊-

မဂ်၏ အနန္တရ ပစ္စည်း၊ သမနန္တရ ပစ္စည်း၊ အာသေဝန ပစ္စည်း၊ ဥပနိဿယ၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်းတို့၏ အစွမ်းအားဖြင့်၊ ခြောက်ပါးသော အခြင်းအရာတို့ဖြင့်၊ ပစ္စည်း၏အဖြစ်ကို ပြီးစေလျက်၊ ဝိပဿနာ၏ အထွဋ်အထိပ်ဖြစ်၍ ဖြစ်သော၊ပုထုဇဉ် တဖန်တခေါက် ပြန်မရောက်သော၊ ဂေါတြဘုဉာဏ်သည်ဖြစ်၏။ ထို့ကြောင့်၊....

ကထံ ဗဟိဒ္ဓါ ဝုဋ္ဌာန ဝိဝဋ္ဋနေ ပညာ ဂေါတြဘုဉာဏံ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ကထံ၊ အဘယ်သို့လျှင်။ ဗဟိဒ္ဓါ၊ အပ,သင်္ခါရ,ခယ,အမှတ်နိမိတ် မိမိကိုယ်ဟု ထင်ခြင်းမှ။ ဝုဋ္ဌာယ၊ ထ၍။ ဝိဝဋ္ဋနေ ပညာ၊ ပုထုဇဉ် တဖန်တခေါက်၊ ပြန်မရောက်သော ပညာသည်။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်မည်သနည်း။

ဥပ္ပါဒံ အဘိဘုယျတီတိ ဂေါတြဘု၊ ပဝတ္တံ။ပ။ ဥပါယာသံ အဘိဘုယျတီတိ ဂေါတြဘု၊ ဗဟိဒ္ဓါ သင်္ခါရ နိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘု။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒံ၊ ဖြစ်ခြင်းကို။ အဘိဘုယျတိ၊ လွန်မြောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ ပဝတ္တံ၊အစဉ်မပြတ် စပ်ခြင်းကို။ ပ။ဥပါယာသံ၊ ပင်ပန်းခြင်းကို။အဘိဘုယျတိ၊ လွန်မြောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ ဗဟိဒ္ဓါ သင်္ခါရ နိမိတ္တံ၊ အပ, သင်္ခါရ,ခယ,အမှတ်နိမိတ် မိမိကိုယ်ဟု ထင်ခြင်းကို။ အဘိယျတိ၊ လွန်မြောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။

အနုပ္ပါဒံ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ အပဝတ္တံ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အနုပ္ပါဒံ နိရောဓံ၊ မဖြစ်ဘဲ ချုပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ အပဝတ္တံ နိရောဓံ၊ အစဉ်ကင်းပြတ် မစပ်ဘဲချုပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ ပ ။

ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒံ၊ ဖြစ်ခြင်းကို။ အဘိဘုယျိတွာ၊ လွှမ်းမြောက်၍။ အနုပ္ပါဒံ နိရောဓံ၊ မဖြစ်ဘဲချုပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ပ။

ထိုမဂ်ဝီထိကျရာ၌ ဤဆိုလတံ့သည်ကား၊ တအာဝဇ္ဇန်းတည်းဖြင့် တဝီထိတည်း၌ ဖြစ်ကုန်သော၊ အနုလောမဉာဏ်, ဂေါတြဘုဉာဏ် တို့၏ အထူးထူးသောအာရုံ၌၊ ဖြစ်သော အခြင်းအရာကိုပြသော ဥပမာတည်း။

မြောင်းကြီးကို ခုန်၍၊ ကမ်းတဘက်၌ တည်လိုသော ယောကျ်ားသည်၊ လျင်သော အဟုန်ဖြင့် ပြေးလာ၍၊ မြောင်းကြီး၏ ဤမှာဘက်ကမ်း၌ သစ်ကိုင်း၌ဖွဲ့ချည်၍၊ တွဲရရွဲဆွဲအပ်သော ကြိုးကိုဖြစ်စေ, ဒုတ်ကိုဖြစ်စေ ကိုင်ဆွဲ၍၊ ခုန်၍ ကမ်းတဘက်သို့၊ ညွတ်သော, ကိုင်းသော, ရှိုင်းသော ကိုယ်ရှိသည်ဖြစ်၍၊ ကမ်းတဘက်၏ အထက်အဘို့သို့ ရောက်သည်ရှိသော်၊ ထိုကြိုး, ဒုတ်ကိုလွှတ်၍၊ တုန်လှုပ်လျက် ကျ၍၊ တဖြေးဖြေးတည်သလို။

ထိုဥပမာ၌သော် ကား။ ။(၁)ဤမှာ ဘက်ကမ်း၊(၂)ထိုမှာဘက်ကမ်း(၃)ပြေးလာခြင်း(၄)သစ်ကိုင်း၌ ဖွဲ့ချည်ခြင်း(၅)ကြိုး(၆)ဒုတ်(၇)ကိုင်ဆွဲခြင်း (၈)ခုန်ခြင်း (၉)ကမ်းတဘက်သို့ ကိုင်းသော, ရှိုင်းသော ကိုယ်ရှိခြင်း (၁၀)ကမ်းတဘက်၏ အထက်သို့ရောက်ခြင်း (၁၁)ဒုတ်ကြိုးကို လွှတ်ခြင်း (၁၂)ကောင်းစွာ တည်ခြင်း။ ဤသို့ ၁၂-ဌာနမှတ်ရာ၏။

ဥပမေယျသော်ကား။ ။(၁) ဘဝ, ယောနိ,ဂတိ, ဋ္ဌိတိ, နိဝါသ (၂)နိဗ္ဗာန်(၃)ဥဒယဗ္ဗယမှစသော ဉာဏ်စဉ် (၄) အတ္တဘော (၅) ရုပ် (၆) ဝေဒနာစသော ခန္ဓာ ၄-ပါး (၇) အနုလောမအာဝဇ္ဇန်း (၈)ပဌမ အနုလုံစိတ် (၉) ဒုတိယအနုလုံစိတ် (၁၀) တတိယအနုလုံစိတ် (၁၁) ဂေါတြဘုစိတ် (၁၂) မဂ်ဉာဏ်။ ဤသို့ ၁၂-ဌာနမှတ်ရာ၏။

## ဥပမာ,ဥပမေယျ နှိုးနှောပုံကား

(၁) ဤမှာဘက်ကမ်းနှင့်၊ ဘဝ, ယောနိ,ဂတိ,ဌိတိ, နိဝါသတို့နှင့်တူ၏။

(၂) ထိုမှာဘက်ကမ်းနှင့်၊ နိဗ္ဗာန်နှင့်တူ၏။

(၃) ပြေးလာခြင်းနှင့်၊ ဥဒယဗ္ဗယမှစသော ဉာဏ်စဉ်တို့နှင့်တူ၏။

(၄) သစ်ကိုင်း၌ ဖွဲ့ချည်ခြင်းနှင့်၊ အတ္တဘော၌ စိတ်တည်ခြင်းနှင့်တူ၏။

(၅) ကြိုးနှင့်၊ ရုပ်နှင့်တူ၏။

(၆) ဒုတ်နှင့်၊ ဝေဒနာစသော ၄-ပါးသော နာမ်ခန္ဓာတို့နှင့်တူကုန်၏။

(၇) ကိုင်ဆွဲခြင်းနှင့်၊ အနုလောမ အာဝဇ္ဇန်းနှင့်တူ၏။

(၈) ခုန်ခြင်းနှင့်၊ ပဌမ အနုလုံစိတ်နှင့်တူ၏။

(၉) ကမ်းတဘက်သို့ ကိုင်းသော, ရှိုင်းသော ကိုယ်ရှိခြင်းနှင့်၊ ဒုတိယ အနုလုံစိတ်နှင့် တူ၏။

(၁၀) ကမ်းတဘက်၏ အထက် အဘို့သို့ ရောက်ခြင်းနှင့်၊ တတိယ အနုလုံစိတ်နှင့် တူ၏။

(၁၁) ဒုတ်ကြိုးကို လွှတ်ခြင်းနှင့်၊ ဂေါတြဘူစိတ်နှင့် တူ၏။

(၁၂) ကောင်းစွာ တည်ခြင်းနှင့်၊ မဂ်စိတ် နှင့် တူ၏။ ဤသို့ ဥပမာ,ဥပမေယျတွဲစပ်ပုံကို သိရာ၏။

## အကျယ်နှိုးနှောပုံကား

ဤယောဂီသည်၊ ၃-ပါးသော ဘဝ၊ ၄-ပါးသော ယောနိ၊ ၅-ပါးသော ဂတိ၊ ၇-ပါးသော ဌိတိ၊ ၉-ပါးသော နိဝါသတို့၏ ကမ်းတဘက်သဘွယ်ဖြစ်သော နိဗ္ဗာန်၌၊ တည်လိုသည်ဖြစ်၍။

ဥဒယဗ္ဗယာနုပဿနာ အစရှိသော၊ လျင်သော အဟုန်ဖြင့် ပြေး လာ၍၊ အတ္တတော တည်းဟူသော သစ်ကိုင်း၌ ဖွဲ့ချည်၍၊ တွဲရရွဲ ဆွဲအပ် သော ကြိုးနှင့်တူသော ရပ်ကိုင်း၊ ဒုတ်နှင့်တူသော ဝေဒနာ အစရှိသော တခုတခုသော နာမ်ကိုင်း၊ ကိုင်ဆွဲခြင်းနှင့်တူသော မမြဲဟု, ဆင်းရဲဟု, အစိုးမရဟု၊ အနုလုံအာဝဇ္ဇန်းဖြင့် ကိုင်ဆွဲ၍၊–

ထိုကြိုးနှင့်တူသော–ရုပ်, ဒုတ်နှင့်တူသော–နာမ်ကို မလွှတ်စေမူ၍၊ ခုန်ခြင်းနှင့်တူသော ပဌမအနုလုံ စိတ်သည်ဖြစ်၏။ ကမ်းတဘက်သို့ ညွတ် သော, ကိုင်းသော, ရှိုင်းသော ကိုယ်ရှိသည်နှင့်တူသော ဒုတိယအနုလုံ စိတ်ဖြင့်၊ နိဗ္ဗာန်သို့ ညွတ်သော,ကိုင်းသော,ရှိုင်းသော စိတ်ရှိသည်ဖြစ်၍၊ ကမ်းတဘက်၏ အထက်အဘို့သို့၊ ရောက်သည်နှင့်တူသော တတိယအနုလုံ စိတ်ဖြင့်၊ ယခုရောက်အပ်သော နိဗ္ဗာန်၏ အနီးသည်ဖြစ်၍၊–

ထို တတိယ အနုလုံစိတ်၏ ချုပ်ခြင်းကြောင့်၊ ထိုသင်္ခါရ အာရုံကို လွှတ်၍၊ ဒုတ်နှင့်ကြိုးကို လွှတ်သကဲ့သို့၊ ဂေါတြဘူ စိတ်ဖြင့်၊ ဥပါဒ်,ဋ္ဌီ,ဘင် သင်္ခါရကင်းသော၊ဘဝတို့၏ ကမ်းတဘက်သဘွယ်ဖြစ်သော နိဗ္ဗာန်၌ကျ၏။

**နိဗ္ဗာန်အာရုံပြု**၊ တကြိမ်တည်း၌ကား၊ အာသေဝနပစ္စည်း မရသည် ၏အဖြစ်ကြောင့်၊ ကမ်းသို့ကျသောအခိုက် တုန်လှုပ်သော ယောကျ်ားကဲ့သို့၊ နိဗ္ဗာန်သို့ ကျသောအခိုက် ကောင်းစွာ မတည်နိုင်သေးသည်ဖြစ်၍၊ ထို့ နောင်မှ မဂ်ဉာဏ်ဖြင့်တည် နိုင်တော့၏။

ထိုအနုလုံ,ဂေါတြဘူ ၂-ပါးတို့တွင်၊ အနုလုံသည်၊ နိရောဓသစ္စာကို ဖုံးအုပ်သော ကိလေသာ အဝိဇ္ဇာ အမိုက်တိုက်ကို၊ပယ်ဖျောက်ခြင်းငှါ စွမ်း နိုင်၏။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါ မစွမ်းနိုင်။

ဂေါတြဘူသည်၊ နိဗ္ဗာန်ကို သာလျှင် အာရုံပြုခြင်းငှါ စွမ်းနိုင်၏။ နိရောဓသစ္စာကို ဖုံးအုပ်သော၊ ကိလေသာ,အဝိဇ္ဇာအမိုက်တိုက်ကို၊ ပယ် ဖျောက်ခြင်းငှါ မစွမ်းနိုင်။

ထိုသို့ စွမ်းနိုင်ရာ, မစွမ်းနိုင်ရာ၌၊ ဤဆိုလတံ့သည်ကား၊ ဥပမာ တည်း။ တယောက်သော မျက်စိ အမြင်ရှိသော ယောကျ်ား သည်၊ နက္ခတ် ယှဉ်ခြင်းကို သိအံ့ဟု၊ ညဥ့်အဘို့၌ ထွက်၍၊ လ,ကို မြင်ခြင်းငှါ ကောင်း ကင်သို့ ကြည့်၏။

ထိုယောကျ်ားအား၊ တိမ်တိုက် တို့ဖြင့်၊ ကောင်းကင်၌ ဖုံးအုပ်အပ် သည်ဖြစ်၍၊ လ,ကို မမြင်။

ထိုသို့ မမြင်သည်ရှိသော်၊ လေ တကြိမ်သည်ထ၍၊ အလွန် ထူထဲကုန်သော တိမ်တိုက်တို့ကို တိုက်လွှင့် ဖျက်ဆီးကုန်၏။ နောက် ဒုတိယ လေ တကြိမ်သည် ထ၍၊ အလယ်ဖြစ်သော တိမ်တိုက်တို့ကို တိုက်လွှင့် ဖျက်ဆီးကုန်၏။ နောက် တတိယ လေတကြိမ်သည်ထ၍၊ နူးညံ့သိမ်မွေ့ကုန်သော တိမ်တိုက်တို့ကို၊ တိုက်လွှင့် ဖျက်ဆီးကုန်၏။

ထိုသို့ တိုက်လွှင့် ဖျက်ဆီးခြင်းကြောင့်၊ ထိုယောကျ်ားသည်၊ တိမ်တိုက် ကင်းသော ကောင်းကင်၌၊ လ,ကိုမြင်၍ နက္ခတ်ယှဉ်ခြင်းကို သိသလို။

**ထိုစကားရပ်၌**၊ တိမ်တိုက်သုံးပါးတို့ကဲ့သို့၊ နိရောဓသစ္စာကို ဖုံးအုပ်သော၊ ထူထဲသော ကိလေသာ အဝိဇ္ဇာ အမိုက်တိုက်၊ အလယ် ဖြစ်သော ကိလေသာ အဝိဇ္ဇာ အမိုက်တိုက်၊နူးညံ့သိမ်မွေ့သော ကိလေသာ အဝိဇ္ဇာ အမိုက်တိုက်ကို မှတ်အပ်၏။

လေ သုံးကြိမ်တို့ကဲ့သို့၊ အနုလုံစိတ် သုံးကြိမ်တို့ကို မှတ်အပ်ကုန်၏။ မျက်စိ အမြင်ရှိသော ထိုယောကျ်ားကဲ့သို့၊ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လ,ကဲ့သို့၊ နိဗ္ဗာန်ကို မှတ်အပ်၏။

တကြိမ်,တကြိမ်သောလေ၏ အစဉ်အတိုင်း တိမ်တိုက်တို့ကို၊ တိုက်လွှင့်ဖျက်ဆီးသကဲ့သို့၊ တကြိမ်,တကြိမ်သော အနုလုံစိတ်၏ အစဉ်အတိုင်း၊ နိရောဓသစ္စာကို ဖုံးအုပ်သော ကိလေသာ အဝိဇ္ဇာအမိုက်တိုက်ကို၊ဖျက်ဆီးခြင်းကို မှတ်အပ်၏။

ကောင်းကင်သည်၊တိမ်တိုက်ကင်းသည်ရှိသော်၊ထိုယောကျ်ားအား၊ စင်ကြယ်သော၊ လ,ကို မြင်သကဲ့သို့၊ နိရောဓသစ္စာကို ဖုံးအုပ်သော ကိလေသာ အဝိဇ္ဇာအမိုက်တိုက်သည် ကင်းသည်ရှိသော်၊ ဂေါတြဘူဉာဏ်၏ စင်ကြယ်သော နိဗ္ဗာန်ကို၊ မြင်ခြင်းကို မှတ်အပ်၏။

**ဥပမာတထပ်** စကားရပ်ကို ဆိုအံ့။ လေ သုံးကြိမ်တို့သည်၊ လ,ကို ဖုံးအုပ်ကုန်သော တိမ်တိုက်တို့ကိုသာလျှင်၊ တိုက်လွှင့်ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကုန်၍၊ လ,ကိုမြင်ခြင်းငှါ မစွမ်းနိုင် ကုန်သကဲ့သို့။

ထို့အတူ၊ အနုလုံစိတ် သုံးကြိမ်တို့သည်၊ နိရောဓသစ္စာကို ဖုံးအုပ်သော ကိလေသာ အဝိဇ္ဇာအမိုက်တိုက်ကိုသာလျှင်၊ ဖျောက်ပယ်ခြင်းငှါ စွမ်းနိုင်ကုန်၍၊ နိဗ္ဗာန်ကိုမြင်ခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုယောကျ်ားသည်၊ လ, ကိုသာလျှင် မြင်ခြင်းငှါ စွမ်းနိုင်၍၊ တိမ်တိုက်တို့ကို တိုက်လွှင့်ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သကဲ့သို့။

ထို့အတူ၊ ဂေါတြဘူဉာဏ်သည်၊ နိဗ္ဗာန်ကိုသာလျှင် မြင်ခြင်းငှါ စွမ်းနိုင်၍၊ ကိလေသာ အဝိဇ္ဇာအမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်။

ထိုကြောင့်သာလျှင်၊ ထိုဂေါတြဘူဉာဏ်ကို၊ မဂ်၏ အာဝဇ္ဇန်းဟူ၍ ဆိုအပ်၏။ ထိုစကားမှန်၏၊ ဂေါတြဘူဉာဏ်သည်၊ အာဝဇ္ဇန်းမဟုတ်သည် ဖြစ်လျက်လည်း၊ အာဝဇ္ဇန်းအရာ၌ တည်၍၊ 'ဤသို့ဖြစ်လေ့ဟု' မဂ်အား အမှတ်ကို ပေးသကဲ့သို့ ချုပ်၏။

မဂ်သည်လည်း၊ ဂေါတြဘူဉာဏ်သည် ပေးအပ်သော အမှတ်ကို၊ မလွတ်စေဘဲသာလျှင် အကြားအပြတ်မရှိ၊ အစဉ်စပ်သည်၏အစွမ်းအားဖြင့်၊ ထိုဂေါတြဘူဉာဏ်သို့ အစဉ်လိုက်လျက်၊ မဖေါက်ထွင်းဘူးသော၊ မပေါက်ကွဲဘူးသော၊ လောဘတုံး, ဒေါသတုံး, မောဟတုံးကို၊ ဖေါက်ထွင်း, ပေါက်ကွဲစေလျက်သာလျှင် ဖြစ်၏။

ထိုသို့ ဖြစ်ရာ၌၊ ဤဆိုလတံ့သည်ကား ဥပမာတည်း၊ တယောက်သော **လေးသမား** သည်၊ ရှစ်ဥသဘ ပမာဏရှိသော အရပ်၌၊ ပျဉ်ချပ်မှတ်တရာကို ထားစေ၍၊ အဝတ်ဖြင့် မျက်နှာကို ရစ်ပတ်စေ၍ မြှားကိုဖွဲ့ပြီးလျှင်၊ စက်ယန္တရား၌ တည်၏။

တယောက်သော ယောကျ်ားသည်၊ ထိုလေးသမားရပ်သော စက်ယန္တရားကို ဆွဲလှည့်၍၊ အကြင်အခါ၌ လေးသမား၏ ပျဉ်ချပ်မှတ်သည် ရှေးရှုသည်ဖြစ်အံ့၊ ထိုအခါ၌ ပျဉ်ချပ်မှတ်ကို တုတ်ဖြင့် အသံပေး၏။ လေးသမားသည်၊ တုတ်ဖြင့် ပေးသော မှတ်သံကို မလွတ်စေဘဲသာလျှင်၊ မြှားကို လွှတ်သဖြင့်၊ ပျဉ်ချပ်မှတ်တရာသည်၊ ဖေါက်ထွင်းသကဲ့သို့။

ထိုဥပမာ၌၊ တုတ်ဖြင့် ပေးသော အမှတ်သံကဲ့သို့၊ **ဂေါတြဘူဉာဏ်ကို** မှတ်အပ်၏။ လေးသမားကဲ့သို့၊ **မဂ်ဉာဏ်** ကို မှတ်အပ်၏။

လေးသမား၏ တုတ်ဖြင့်ပေးအပ်သော အမှတ်ကို မလွတ်စေဘဲသာလျှင်၊ ပျဉ်ချပ်မှတ်တရာကို ဖေါက်ထွင်းသကဲ့သို့။ မဂ်ဉာဏ်၏ ဂေါတြဘူဉာဏ်သည် ပေးအပ်သော၊နိဗ္ဗာန်အမှတ်ကို မလွတ်စေဘဲသာလျှင်၊နိဗ္ဗာန်ကို အာရုံပြု၍၊ မဖေါက်ထွင်းဘူးကုန်သော၊ မပေါက်ကွဲဘူးကုန်သော၊ လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖေါက်ထွင်း ပေါက်ကွဲခြင်းကို မှတ်အပ်၏။

**သက်သက်** လည်း၊ ဤမဂ်သည်၊ လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို၊ ဖေါက်ထွင်းခြင်းကိုသာလျှင် ပြုအပ်သည်မဟုတ်သေး။ စင်စစ်

သော်ကား၊ မသိအပ်သော,အစရှိသော သံသရာဝဋ်ဒုက္ခ သမုဒ္ဒရာကို ခမ်းခြောက်စေသေး၏။ အလုံးစုံသော အပါယ်တံခါးတို့ကို ပိတ်နိုင်သေး၏။ အရိယာတို့၏ ဥစ္စာ ခုနစ်ပါးတို့ကို၊ မျက်မှောက်၏အဖြစ်ကို ပြုစေနိုင်သေး၏။ အင်္ဂါရှစ်ပါးရှိသော၊ မိစ္ဆာမဂ်ကို စွန့်နိုင်သေး၏။ အလုံးစုံသော ဘေးရန်တို့ကို ငြိမ်းနိုင်သေး၏။ မြတ်စွာဘုရား၏ ရင်သွေးတော်နှစ်, သားတော်စစ်, သွီးတော်စစ်အဖြစ်သို့၊ ရောက်စေနိုင်သေး၏။

ပဉ္စမ မဂ်ဉာဏ် ပြီး၏။

---

## ဖိုလ်ဉာဏ်စသည်ကို ပြခြင်း

ဤသို့ သင်္ခါရုပေက္ခာဉာဏ်၊ တဘက်ကမ်းသို့ ရောက်သောသူသည်၊ နိဗ္ဗာန်ကို မြင်သဖြင့်၊ အနိစ္စတော-အစ,သံကိလေသိကမ္မတော-အဆုံးရှိသော၊ ဝိပဿနာ လေးဆယ်တို့တွင်၊-

အနိစ္စတော၏ အရ၊ မဂ်သို့ ရောက်သော၊ ဝိပဿနာဖြစ်သောကြောင့်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာမည်သော၊ သင်္ခါရုပေက္ခာဉာဏ်, အနိစ္စာနုပဿနာဖြင့်၊ ယခုပင် **အနိမိတ္တ** မဂ်သို့ ဝင်ခြင်း၄ါ၊-

တပါးပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ်ဖြစ်ခိုက် ထင်သော နာမ်,ရုပ်ကို၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်၍ ဘဝင်သို့သက်၏။

ဘဝင်မှ ထ၍၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့်သုံးသပ်သော နာမ်, ရုပ်ကိုပင်၊ အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။ အာဝဇ္ဇန်း၏အဆုံး၊ တိက္ခပုဂ္ဂိုလ်အား ၂-ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ၃-ကြိမ်၊ ပရိကံ,ဥပစာ,အနုလုံ မည်သော အနုလောမဉာဏ်ဖြင့်၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်,ရုပ်ကိုပင်၊ မမြဲ,မမြဲ,မမြဲဟု ၃-ကြိမ် အာရုံပြု၍။

အနုလောမဉာဏ်၏အဆုံး၊ ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်သောအားဖြင့် လွန်၍၊ အရိယာတို့၏အနွယ်သို့ ဝင်သောအားဖြင့် သက်၍၊ ပုထုဇဉ် တဖန်တခေါက် ပြန်မရောက်သော၊ ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍။

ဂေါတြဘူဉာဏ်၏ အဆုံး၊ ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ၊ သမုဒယ သစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စ၊ ဤမဂ်ကိစ္စ လေးချက်ကို တပြိုင်နက် ပြီးစေလျက်၊ သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍။

သောတာပတ္တိ မဂ်၏ အဆုံး၊ တိက္ခ ပုဂ္ဂိုလ်အား သုံးကြိမ်၊ မန္ဒ ပုဂ္ဂိုလ်အား နှစ်ကြိမ်၊ သောတာပတ္တိဗိုလ်ဖြင့် အဇ္ဈတ္တ,ဗဟိဒ္ဓမှ ထသော၊ မဂ်ပယောဂ သပ္ပဋ္ဌခြန်၊ငြိမ်းသော ပဋိပဿဒ္ဓိပဟာန်၊ဗိုလ်အကျိုးကို ခံစားခြင်းငှါ၊ နိဗ္ဗာန်ကို ၂-ကြိမ်, ၃-ကြိမ် အာရုံပြု၍ ဘဝင်သို့သက်၏။

ဘဝင်မှ ထ၍၊ အာဝဇ္ဇန်း၏အဆုံး၊ **'ငါသည် သောတာပတ္တိမဂ်ကိုရပြီ''ငါသည် သောတာပတ္တိဗိုလ်ကို ရပြီ''ငါသည် နိဗ္ဗာန်ကို ရပြီ'**ဟု ဗဟုဿုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။ 'ငါသည် မဂ်ကိုရပြီ၊ ဗိုလ်ကို ရပြီ၊ နိဗ္ဗာန်ကို ရပြီ' ဟု၊ အပ္ပဿုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ န ဝါ။ ။

**(သင်္ဂြိုဟ်ပါဠိတော်)**

ပဏ္ဍိတော၊ အရိယာ ပညာရှိသည်။ မဂ္ဂဉ္စ၊ မဂ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဖလဉ္စ၊ ဗိုလ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဟီနေ ကိလေသေစ၊ပယ်ပြီးသော ကိလေသာတို့ကိုငှင်း။သေသေစ ကိလေသေ၊ကြွင်းသော ကိလေသာတို့ကိုငှင်း။ပစ္စဝေက္ခတိဝါ၊ ဆင်ခြင်မိသူလည်းရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်မိသူလည်းရှိ၏။

ပစ္စဝေက္ခဏာဉာဏ်အဆုံး ဘဝင်သို့သက်၏။ဘဝင်မှထ၍ အာဝဇ္ဇန်း၏အခြားမဲ့၌၊ **ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။**

ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့်၊သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၊ ပရိကံ,ဥပစာ, အနုလုံ, ဂေါတြဘူ,သကဒါဂါမိမဂ်, သကဒါဂါမိဗိုလ်,ပစ္စဝေက္ခဏာဉာဏ် **အစဉ်အတိုင်းဖြစ်၏။**

ပစ္စဝေက္ခဏာဉာဏ်၏အဆုံး ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏အခြားမဲ့၌၊ **ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။**

တဖန်၊ ဥဒယဗ္ဗယဉာဏ်မှစ၍၊ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့။သင်္ခါရုပေက္ခာဉာဏ်အဆုံး၊ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ,အနာဂါမိမဂ်, အနာဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ်အတိုင်းဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်၏အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၌၊ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။

တဖန်၊ ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၊ ပရိကံ, ဥပစာ,အနုလုံ,ဂေါတြဘူ, အရဟတ္တမဂ်, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ်အတိုင်းဖြစ်၏။

ပစ္စဝေက္ခဏာဉာဏ်၏အဆုံး ဘဝင်သို့သက်၏။ 'ဘဝင်မှထ၍ အာဝဇ္ဇန်း၏အခြားမဲ့၌၊ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။' ဤသို့သောတာပန်,သကဒါဂါမိ,အနာဂါမိ,ရဟန္တာပုဂ္ဂိုလ် လေးယောက်လုံးပင်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဆင်ခြင်ပြီး၍ ဥဒယဗ္ဗယဉာဏ်၌ တည်မြဲဖြစ်၏။ထို့ကြောင့်၊ 'ယံကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ' ဟု ဟောတော်မူ၏။ ယံကိဉ္စိ၊ အလုံးစုံသည်။သမုဒယ ဓမ္မံ၊ဖြစ်သော သဘောရှိ၏။ သဗ္ဗံ တံ၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည်။ နိရောဓ ဓမ္မံ၊ ချုပ်ပျက်သော၊ သဘောရှိ၏။ ဣတိ၊ ဤသို့။ အရိယော၊ အရိယာသည်။ အနုပဿတိ၊ ရှု၏။

အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်
ပစ္စဝေက္ခဏာဉာဏ် ပြီး၏။

ဤတွင်

မင်းကွန်းဝိပဿနာ,ပညာဘာဝနာသျှုဒနီကျမ်း

ပြီး၏။

## မင်းကွန်းဝိပဿနာ

# ဝိပဿနာသျှုဒနီ

၁၂၉၀–ခုနှစ်၊ တပေါင်းလအတွင်း၊ ရန်ကုန်မြို့၊ အစိုးရာင်စင်
အငြိမ်းစားအသင်းကြီး၌၊ ရွှေတိဂုံဘုရား ခြေတော်ရင်း-ပုလိပ်ဒိဌကတ်တိုက်ကြီးတွင်၊
တရားနာပြီးသည်၏ အဆုံး၌၊ လျှောက် ထားတောင်းပန် သဖြင့်၊
ရေးသားတော် မူအပ်သော

**ဝိပဿနာသျှုဒနီ နံပါတ်–၆**

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## အဇ္ဈတ္တ,ဗဟိဒ္ဓကို ပြခြင်း

သတ္တဝါတို့၏ သန္တာန်၌၊ ဖြစ်နေ,ဖြစ်ခနိုက်သော သင်္ခါရတရား သည်ကား၊ အာရမ္မဏိက တရားမျိုးဖြစ်၍၊ **အတွင်း,အဇ္ဈတ္တ** ဟုခေါ်၏။

(၁) ဒုက္ခသစ္စာ (၂) သမုဒယသစ္စာ (၃) နိရောဓသစ္စာ (၄) မဂ္ဂသစ္စာ (၅) အတိတ်ခန္ဓာ (၆) အနာဂတ်ခန္ဓာ (၇) ပစ္စုပ္ပန်ခန္ဓာ (၈)ဇုဒပ္ပစ္စယတာအဝိဇ္ဇာ။ ဤ ၈–ပါးကား၊ အာရုံတရားမျိုးဖြစ်၍၊ **အပ, ဗဟိဒ္ဓ**ဟု ခေါ်၏။

ထို ၂-ပါးတို့တွင်၊ ဖြစ်ခိုက် သင်္ခါရတရားသည်လည်း၊ အတွင်း, အပကို မသိမမြင်နိုင်သော သင်္ခါရတရား တမျိုး၊ အတွင်းကိုသာသိ၍၊ အပ,ကို မသိမမြင်နိုင်သော သင်္ခါရတရားဟု ၂–မျိုးပြားပြန်၏။

ထို ၂-မျိုးတို့တွင်၊ အတွင်း,အပခေါ်သော၊ အဇ္ဈတ္တ,ဗဟိဒ္ဓ ၂-ပါး စုံကို၊ မသိမမြင်နိုင်သော သင်္ခါရတရားမှာလဲ။-

(၁) ဒါနကို အားထုတ်သော၊ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်,ပုညာဘိသင်္ခါရတရား တမျိုး။

(၂) သီလကို အားထုတ်သော၊ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်, ပုညာဘိသင်္ခါရတရား တမျိုး။

(၃) သုတမယ ဉာဏ်ကို အားထုတ်သော၊ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်,ပုညာဘိသင်္ခါရတရား တမျိုး။

(၄) စိန္တာမယ ဉာဏ်ကို အားထုတ်သော၊ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်,ပုညာဘိသင်္ခါရတရား တမျိုး။

(၅) ဥပစာရ သမာဓိကို အားထုတ်သော၊ မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်,ပုညာဘိသင်္ခါရတရား တမျိုး။

(၆) အပ္ပနာ သမာဓိကို အားထုတ်သော၊ ရူပကုသိုလ်ဇော စိတ္တုပ္ပါဒ်,ပုညာဘိသင်္ခါရတရား တမျိုး။

(၇) အပ္ပနာ သမာဓိကို အားထုတ်သော၊ အကုသိုလ်ဇော စိတ္တုပ္ပါဒ်,အာနဉ္စာဘိသင်္ခါရတရား တမျိုး။

(၈) အကုသိုလ်ကို အားထုတ်သော၊ အကုသိုလ်ဇောစိတ္တုပ္ပါဒ်, အပုညာဘိသင်္ခါရတရား တမျိုး။

ဟူ၍ ၈–မျိုးရှိပြန်၏။ ထို ၈–မျိုးတို့တွင်၊ မကောင်းမှု အကုသိုလ်ကို၊ ရဟန်း,ရှင်,လူ မည်သူတဦးတယောက်မျှ အားမထုတ်အပ်၊ ပယ်သာ ပယ်အပ်သော တရားမျိုးဖြစ်၏။

---

## ဝိပဿနာတရားကို ရှာခြင်း၊

ယခုဘဝ၊ နောက်နောက်သောကာလ၊ ဘဝဘဝတို့၌၊ လောကီ, လောကုတ္တရာ ၂–ဖြာသော ကောင်းကျိုးချမ်းသာကို၊ ရည်သန်တောင်းတ၍၊ ဒါနကို ရဟန်း,ရှင်,လူ မည်သူမဆို အားထုတ်အပ်၏၊ မပယ်အပ်။ သို့ပင် မပယ်အပ်သော်လည်း၊ ဝိပဿနာ၏ အခြေမူလ, ဘူတ တရားမျိုး မဟုတ်။

သုတမယဉာဏ်၏ အာရုံကား၊ ပရိယတ္တိသာသနာ၌ တည်၏။ စိန္တာမယ ဉာဏ်၏ အာရုံကား၊ ပဋိပတ္တိ သာသနာ၌ တည်၏။ ဘာဝနာမယ ဉာဏ်၏ အာရုံကား၊ ပဋိဝေဓသာသနာ၌ တည်သောကြောင့်၊ ၁-ပထဝီ ကသိုဏ်း၊ ၂-အာပေါ ကသိုဏ်း၊ ၃-တေဇော ကသိုဏ်း၊ ၄-ဝါယော ကသိုဏ်း၊ ၅-နီလ ကသိုဏ်း၊ ၆-ပီတ ကသိုဏ်း၊ ၇-လောဟိတ ကသိုဏ်း၊ ၈-ဩဒါတ ကသိုဏ်း၊၉-အာလောက ကသိုဏ်း၊၁၀-အာကာသ ကသိုဏ်း-ဟူသော **ကသိုဏ်း** ပညတ်တရား ၁၀-ပါး။

၁-ဥဒ္ဓုမာတက အသုဘ၊၂-ဝိနီလက အသုဘ၊ ၃-ဝိပုဗ္ဗက အသုဘ၊ ၄-ဝိစ္ဆိဒ္ဒက အသုဘ၊ ၅-ဝိက္ခာယိတက အသုဘ၊ ၆-ဝိက္ခိတ္တက အသုဘ၊ ၇-ဟတဝိက္ခိတ္တက အသုဘ၊ ၈-လောဟိတက အသုဘ၊ ၉-ပုဠုဝက အသုဘ၊ ၁၀-အဋ္ဌိက အသုဘ-ဟူသော **အသုဘ** ပညတ်တရား ၁၀-ပါး။

အနုဿတိ ၁၀-ပါးထဲမှ၊ကာယဂတာသတိ ပညတ် တပါး၊အာနာပါနာသတိ ပညတ် တပါး ပေါင်း ၂-ပါး။

၁-မေတ္တာ ဗြဟ္မဝိဟာရ၊ ၂-ကရုဏာ ဗြဟ္မဝိဟာရ၊ ၃-မုဒိတာ ဗြဟ္မဝိဟာရ၊ ၄-ဥပေက္ခာ ဗြဟ္မဝိဟာရ-ဟူသော **ဗြဟ္မဝိဟာရ** တရား လေးပါး။

၁-အာကာသာနဉ္စာယတန အရူပ၊ ၂-ဝိညာဏဉ္စာယတန အရူပ၊ ၃-အာကိဉ္စညာယတန အရူပ၊ ၄-နေဝသညာနာသညာယတန အရူပ-ဟူ၍၊ **အရူပ** တရား လေးပါး။

ဤသို့ အားဖြင့် ၁၀-ပါး×၂-လီ၊ ၄-ပါး×၂-လီ၊ ၂-ပါး×၁-လီ၊ ပေါင်း ၃၀။ ဤ ၃၀-သော ကမ္မဋ္ဌာန်းတရားသည်၊ ဥပစာရသမာဓိ,အပ္ပနာ သမာဓိ ၂-ပါးနှင့် ပြည့်စုံသော ကမ္မဋ္ဌာန်းတရားတို့ မည်ကုန်၏။

ဥပစာ,အပ္ပနာ,ဟူသော စကား ၂-ရပ်၌၊ **ဥပစာ** ဟူသော စကားသည်၊ ဥပရာဇာဟူသော စကားကဲ့သို့ဖြစ်၏။ ဤ ဥပရာဇာဟူသော စကားသည်၊ အိမ်ရှေ့ မင်းသားကိုသာ ဆိုသဖြင့်၊ ရှင်ဘုရင်အစစ် မဟုတ်သေး၊ ရှင်ဘုရင် အစစ်ကို ရာဇာဟု ဆိုရသကဲ့သို့။ ထို့အတူ၊ ဥပစာရ သမာဓိ, ဟူသည်၊ ဈာန်,မဂ်,သို့ မရောက်သေး၊ ဈာန်၏ ရှေ့၊ ဝါ-ဈာန်၏ ဥပစာ။ မဂ်၏ ရှေ့၊ ဝါ-မဂ်၏ ဥပစာသို့သာ ရောက်သေးသည်ဟု မှတ်အပ်၏။ **အပ္ပနာ,** ဟူသော စကားနှင့်၊ ရာဇာဟူသော၊ ဝါ-မင်း,ဟူသော စကား

တူ၏။ ထိုစကား၌၊ ဈာန်ကိုလည်း အပ္ပနာ ခေါ်၏။ မဂ်ကိုလည်း အပ္ပနာ ခေါ်၏။ ထို့ကြောင့် ထို ၃၀-သော ကမ္မဋ္ဌာန်းတရားတို့ကို၊ အားထုတ်သော ဘဗ္ဗပုဂ္ဂိုလ် ရဟန်း, ရှင်, လူ တယောက်ယောက်သော သူသည်၊ ဈာန်၏ ရှေ့သို့လည်း ရောက်နိုင်၏၊ ဈာန်ကိုလည်း ရနိုင်၏။ မဂ်၏ရှေ့သို့လည်း ရောက်နိုင်၏၊ မဂ်ကိုလည်း ရနိုင်၏၊ ဟူလို။

၁-ဗုဒ္ဓါနုဿတိ၊ ၂-ဓမ္မာနုဿတိ၊ ၃-သံဃာနုဿတိ၊ ၄-သီလာနုဿတိ၊ ၅-စာဂါနုဿတိ၊ ၆-ဒေဝတာနုဿတိ၊ ၇-ဥပသမာနုဿတိ၊ ၈-မရဏာနုဿတိ၊ ၉-အာဟာရေ ပဋိကူလသညာ၊ ၁၀-စတုဓာတုဝဝတ္ထာန်။ ဤ ၁၀-ပါးသော ကမ္မဋ္ဌာန်း တရားတို့သည်၊ ဥပစာရသမာဓိ နှင့်သာပြည့်စုံ၏။ အပ္ပနာသမာဓိနှင့်မပြည့်စုံ။ ဝါ-ဤ ၁၀-ပါးသောကမ္မဋ္ဌာန်းတရားကို၊ အားထုတ်ကြသော ရဟန်း,ရှင်,လူ ခပ်သိမ်းသူတို့သည်၊ဈာန်၏ရှေ့သို့သာ ရောက်နိုင်၏၊ ဈာန်ကိုမရနိုင်။ မဂ်၏ရှေ့သို့သာ ရောက်နိုင်၏၊ မဂ်ကိုမရနိုင်။ ။ယခုဘဝ၊ နောက်နောက်သောကာလ ဘဝတို့၌၊ လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာကို၊ ရည်သန်တောင်းတ၍၊ ရဟန်း, ရှင်, လူ မည်သူမဆို၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ တရား နှစ်ပါးကို အားထုတ်အပ်၏။ ဝိပဿနာ၏ အခြေမူလ အနေမျိုးလည်းဖြစ်၏။

ဤသို့ ဝိပဿနာ၏ အခြေမူလ အနေမျိုး ဖြစ်သော်လည်း၊ အချို့သော သမထယာနိက ပုဂ္ဂိုလ် တို့သည်၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ တရား ၂-ပါးကို အားထုတ်ကြ၏။ အချို့သော သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်တို့သည်၊ အားမထုတ်။ ဤသို့ အချို့အချို့သောပုဂ္ဂိုလ် အားထုတ်၍၊ အချို့အချို့သောပုဂ္ဂိုလ် အားမထုတ်ကြသောကြောင့်၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ တရားနှစ်ပါးသည်၊ ဝိပဿနာ၏ အခြေ မုချ မူလ ကေန် မဟုတ်၊ အနေကန်မျှသာဖြစ်ပေ၏။

---

## ဝိပဿနာ၏ မူလ သီလကို ပြခြင်း

နောက်နောက်သော ကာလ၊ ဘဝဘဝတို့၌၊ လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကို၊ ရည်သန် တောင်းတသောထက်၊ ယခု ပစ္စက္ခဒိဋ္ဌ မျက်မှောက် နိဗ္ဗာန်သို့ ရောက်အပ်, ရအပ်သော၊ ဝိပဿနာ၏ မူလဘူတ အခြေအမြစ် ကေန် အမှန်ဖြစ်သောတရား

ကား၊ **'သီလ'** ပင်တည်း။ ဤသီလတရားကို ရဟန်းရော, ရှင်ရော, လူပါ၊ တဦးတယောက်မျှမကျန် အားထုတ်အပ်၏။

ထိုသီလသည်လည်း ၄-ပါးရှိ၏။၄-ပါးကား၊ ၁-**ပါတိမောက္ခသံဝရ သီလ** တပါး၊ ၂-**ဣန္ဒြိယ** သံဝရသီလ တပါး၊ ၃-**အာဇီဝပါရိသုဒ္ဓိ** သီလ တပါး၊ ၄-**ပစ္စယသန္နိဿိတ** သီလ တပါးဟူ၍ လေးပါးရှိ၏။

ထို ၄-ပါးတို့တွင်၊ **ပါတိမောက္ခသံဝရသီလ**-ဟူသည်ကား၊ ၂၂၇-သွယ်သော သိက္ခာပုဒ်ကို၊ မကျိုးမပေါက် မပြောက်မကျားအောင်၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ ပါတိမောက္ခ သံဝရသီလ မည်၏။

**ဣန္ဒြိယသံဝရသီလ** - ဟူသည်ကား၊ စက္ခုန္ဒြိယ သံဝရသီလ, သောတိန္ဒြိယ သံဝရသီလ, ဃာနိန္ဒြိယ သံဝရသီလ, ဇိဝှိန္ဒြိယ သံဝရသီလ, ကာယိန္ဒြိယ သံဝရသီလ, မနိန္ဒြိယ သံဝရသီလဟူ၍ ၆-ပါးရှိ၏။

မျက်စိဖြင့် အဆင်းကို မြင်သောကာလ၊ မိန်းမ ဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ ခြေ,လက်,အင်္ဂါ၊မျက်နှာ,ရင်,ဝမ်း၊နှုတ်ခမ်း, သွား,မေးတို့ကို အမှတ်မပြုဘဲ၊ မြင်,မြင်ကာမျှ၊ မျက်စိကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ စက္ခုန္ဒြိယ သံဝရသီလ မည်၏။

နားဖြင့် အသံကို ကြားသောကာလ၊ မိန်းမ ဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ လက်,ခြေ,အင်္ဂါ၊မျက်နှာ,ရင်,ဝမ်း၊နှုတ်ခမ်း, သွား,မေးတို့ကို အမှတ်မပြုဘဲ၊ ကြား,ကြားကာမျှ၊နားကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ သောတိန္ဒြိယ သံဝရသီလမည်၏။

နှာခေါင်းဖြင့် အနံ့ကို နံသောကာလ၊ မိန်းမဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ လက်,ခြေ,အင်္ဂါ၊မျက်နှာ,ရင်,ဝမ်း၊နှုတ်ခမ်း, သွား,မေးတို့ကို အမှတ်မပြုဘဲ၊ နံ,နံကာမျှ၊ နှာခေါင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ ဃာနိန္ဒြိယ သံဝရသီလ မည်၏။

လျှာဖြင့် အရသာကို စားသောကာလ၊ မိန်းမဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ လက်,ခြေ,အင်္ဂါ၊မျက်နှာ,ရင်,ဝမ်း၊နှုတ်ခမ်း, သွား,မေးတို့ကို အမှတ်မပြုဘဲ၊ စား,စားကာမျှ၊ လျှာကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည်၊ ဇိဝှိန္ဒြိယ သံဝရသီလ မည်၏။

ကိုယ်ဖြင့် အတွေ့ကို ထိသော ကာလ၊ မိန်းမ ဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ လက်,ခြေ,အင်္ဂါ၊မျက်နှာ,ရင်,ဝမ်း၊နှုတ်ခမ်း,

သွား,မေးတို့ကို အမှတ်မပြုဘဲ၊ ထိ, ထိကာမျှ၊ ကိုယ်ကို ထိန်းသိမ်း စောင့် ရှောက်ခြင်းသည်၊ ကာယိန္ဒြိယ သံဝရသီလ မည်၏။

စိတ်ဖြင့် သဘောကို သိသော ကာလ၊ မိန်းမ ဟူသော အမှတ်၊ ယောကျ်ားဟူသော အမှတ်၊ လက်,ခြေ,အင်္ဂါ၊ မျက်နှာ,ရင်,ဝမ်း၊ နှုတ်ခမ်း, သွား,မေးတို့ကို အမှတ်မပြုဘဲ၊ သိ, သိကာမျှ၊ စိတ်ကို ထိန်းသိမ်း စောင့် ရှောက်ခြင်းသည်၊ မနိန္ဒြိယ သံဝရသီလ မည်၏။

> **အာဇီဝပါရိသုဒ္ဓိသီလ**-ဟူသည်ကား၊ ဣဒမတ္ထိ အလမေတံ သဗ္ဗန္တိ ဥပပရိက္ခာ ဘောဇနေ မတညုတာ။ အယံ အာဇီဝ ပါရိသုဒ္ဓိသီလံနာမ။

ဣဒံ၊ ဤသုံးဆောင်ဘွယ်သည်။ မေ၊ ငါ့အား။ အတ္ထိ၊ ရှိပြီ။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံ ပိုမိုသုံးဆောင်ဘွယ်သည်။ မေ၊ ငါ့အား။ အလံ၊ တန်ပြီ။ ဣတိ၊ ဤသို့။ ဥပပရိက္ခာ၊ ဆင်ခြင် ခြင်းသည်။ ဘောဇနေမတညုတာ၊ ဘောဇနေ မတ္တညုတာမည်၏။ အယံ၊ ဤသို့ သုံးဆောင်ဘွယ် မသင့်သော ပစ္စည်းကို ပယ်၍၊ သုံးဆောင်ဘွယ်သင့်သော ပစ္စည်းကို သုံးဆောင်ခြင်း၌ လိမ္မာသည်၏ အဖြစ်သည်။ အာဇီဝပါရိသုဒ္ဓိသီလံနာမ၊ အာဇီဝပါရိသုဒ္ဓိ သီလ မည်၏။

---

## ပစ္စယ သန္နိဿိတသီလကို ပြခြင်း

**ပစ္စယသန္နိဿိတသီလ** - ဟူသည်ကား၊ စီဝရ ပစ္စယသန္နိဿိတသီလ တပါး၊ ပိဏ္ဍပါတ ပစ္စယသန္နိဿိတသီလ တပါး၊ သေနာသန ပစ္စယသန္နိ ဿိတသီလ တပါး၊ ဘေသဇ္ဇပစ္စယ သန္နိဿိတ သီလ တပါး၊ ၄-ပါးရှိ၏။

**သင်္ကန်းကို** မှီဝဲဝတ်ရုံ သုံးဆောင်သောကာလ၊ အချမ်းအပူကို ပယ် ဖျောက်ခြင်းအကျိုးငှါ၊ သင်္ကန်းကို ဝတ်ရုံပါ၏။ မှက်,ခြင်,ယင်,လေ,နေပူ, မြွေ, ကင်း, သန်း တို့၏ အတွေ့ အထိ တို့ကို၊ ပယ်ဖျောက်ခြင်းအကျိုးငှါ၊ သင်္ကန်းကို ဝတ်ရုံပါ၏။အရှက်အကြောက် အသရေကို ဖြစ်စေတတ်သော၊ ကိုယ်အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းငှါ သင်္ကန်းကို ဝတ်ရုံပါ၏။ ဤသို့ပညာ ဖြင့် ဆင်ခြင်၍၊ သင်္ကန်းကို ဝတ်ရုံ သုံးဆောင် ခြင်းသည်၊ စီဝရ ပစ္စယသန္နိ ဿိတသီလ မည်၏။

ဆွမ်းကို မှီဝဲဘုဉ်းပေး သုံးဆောင်သောကာလ၊ မြူးတူးပျော်ပါး ကစားခြင်းအကျိုးငှါလည်း၊ ဆွမ်းကို ငါးမစား။ မာန်ယစ်ခြင်းအကျိုးငှါ လည်း၊ ဆွမ်းကို ငါမစား။ တန်ဆာဆင်ခြင်း အကျိုးငှါလည်း၊ ဆွမ်းကို ငါမစား။ အကြင်မျှလောက် ဤကိုယ်၏ အရှည်သဖြင့် တည်ခြင်းအကျိုး ငှါ,မျှခြင်းအကျိုးငှါ၊ ဆွမ်းကို မှီဝဲဘုဉ်းပေး သုံးဆောင်ပါ၏။ မွတ်သိပ် ဆာ လောင်သဖြင့်၊ ပင်ပန်း နွမ်းနယ်သော ဆင်းရဲကို ပယ်ဖျောက်ခြင်း အကျိုး ငှါ၊ မြတ်စွာဘုရား၏ သာသနာတော်ကို ချီး မြှောက် ထောက် ပင့် ခြင်း အကျိုးငှါ၊ သင်ကြားအပ်သော ပရိယတ္တိ သာသနာတော်ကို၊ သင်ကြား သဖြင့် ချီးမြှောက်ထောက်ပင့်ခြင်း အကျိုးငှါ၊ ကျင့်အပ်သော ပဋိပတ္တိ သာသနာတော်ကို ကျင့်သဖြင့်၊ ချီးမြှောက် ထောက်ပင့်ခြင်း အကျိုးငှါ၊ မဂ်,ဖိုလ်,နိဗ္ဗာန်ဟု ထိုးထွင်းသိသော ပဋိဝေဓသာသနာတော်ကို၊မဂ်,ဖိုလ်, နိဗ္ဗာန်ဟု ထိုးထွင်းသိသဖြင့်၊ ချီးမြှောက် ထောက်ပင့်ခြင်းအကျိုးငှါ၊ဆွမ်း ကို မှီဝဲသုံးဆောင်ပါ၏။ ဤသို့ပညာဖြင့် ဆင်ခြင်၍၊ ဆွမ်းကို မှီဝဲဘုဉ်းပေး သုံးဆောင်သောငါသည်၊ ယခု အဟောင်းဖြစ်သော ဒုက္ခဝေဒနာကိုလည်း ပယ်ဖျောက်၏။ အသစ်, အသစ် ဖြစ်ခြင်းငှါ ထိုက်သော ဒုက္ခဝေဒနာကို လည်း မဖြစ်စေ၊ မွတ်သိပ်ဆာလောင်ခြင်းကင်းသဖြင့် မျှသည်၏ အဖြစ် သည်လည်း ငါ့အားဖြစ်လတံ့၊ အပြစ် မရှိသည်၏ အဖြစ်သည်လည်း ငါ့အားဖြစ်လတံ့၊ ချမ်းသာစွာ နေရသည်၏ အဖြစ်သည်လည်း ငါ့အား ဖြစ်လတံ့။ ဤသို့ ပညာဖြင့်ဆင်ခြင်၍ ဆွမ်းကို မှီဝဲဘုဉ်းပေး သုံးဆောင် ခြင်းသည်၊ ပိဏ္ဍပါတ ပစ္စယသန္နိဿိတသီလ မည်၏။

ကျောင်းကိုမှီဝဲသုံးဆောင် နေထိုင်သော ကာလ၊ပညာဖြင့် ဆင်ခြင် ၍ အချမ်း,အပူကို ပယ်ဖျောက်ခြင်းအကျိုးငှါ၊ ကျောင်းကို မှီဝဲသုံးဆောင် နေထိုင်ပါ၏။ မှက်, ခြင်, ယင်, လေ, နေပူ,မြွေ, ကင်း, သန်းတို့၏ အတွေ့ အထိတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါ၊ ကျောင်းကို မှီဝဲသုံးဆောင်နေထိုင် ပါ၏။အကြင်မျှလောက်၊ သမထ,ဝိပဿနာ,ဘာဝနာကို၊အားထုတ်သော ကာလ၊ ကိန်းအောင်းခြင်းအကျိုးငှါ၊ ကျောင်းကို မှီဝဲသုံးဆောင် နေထိုင် ပါ၏။ ဤသို့ ပညာဖြင့် ဆင်ခြင်၍ ကျောင်းကို မှီဝဲသုံးဆောင် နေထိုင်ခြင်း သည်၊ သေနာသန ပစ္စယသန္နိဿိတသီလ မည်၏။

ဆေးကို မှီဝဲ ဘုဉ်းပေး သုံးဆောင်သော ကာလ၊ ပညာဖြင့် ဆင် ခြင်၍၊ ဖြစ်တိုင်း, ဖြစ်တိုင်း ကုန်သော၊ အနာရောဂါ ဒုက္ခဝေဒနာတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှါ၊ ဆေးကို မှီဝဲဘုဉ်းပေး သုံးဆောင်ပါ၏။အကြင်

မျှလောက်၊ အနာရောဂါ ဒုက္ခဝေဒနာ မရှိသဖြင့်၊ ချမ်းသာစွာနေရခြင်း အတိုင်းအရှည်အကျိုးငှါ၊ ဆေးကို မှီဝဲဘုဉ်းပေး သုံးဆောင်ပါ၏။ ဤသို ပညာဖြင့် ဆင်ခြင်၍၊ ဆေးကို မှီဝဲဘုဉ်းပေး သုံးဆောင်ခြင်းသည်၊ ဘေသဇ္ဇပစ္စယ သန္နိဿိတသီလ မည်၏။ဤကား ရဟန်းတို့အတွက် သီလဝိသုဒ္ဓိ ဖြစ်၏။

**လူတို့၏အတွက်သော်ကား**၊ပါဏာတိပါတာ ဝေရမဏီ၊သူ့အသက် ကို မသတ် ရှောင်ကြဉ်ပါ၏။ အဒိန္နာဒါနာ ဝေရမဏီ၊ သူ့ဥစ္စာကို မခိုး ရှောင်ကြဉ်ပါ၏။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ သူ့အိမ်ယာကို မပြစ် မှား ရှောင်ကြဉ်ပါ၏။မုသာဝါဒါ ဝေရမဏီ၊ မဟုတ်မတရား မုသားမဆို ရှောင်ကြဉ်ပါ၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊ သေရည်,သေ ရက်ကို မသောက်မစား ရှောင်ကြဉ်ပါ၏။ ဤသို့ ငါးပါးသီလကို မကျိုး မပေါက် မပြောက်မကျားအောင်၊ ထိန်း သိမ်း စောင့် ရှောက် ခြင်းသည်၊ လူတို့၏ သီလဝိသုဒ္ဓိမည်၏။

တတ္ထ သီလဝိသုဒ္ဓိနာမ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ သီလံ၊ တဉ္စ သီလနိဒ္ဒေသေ ဝိတ္ထာရိတမေဝ။

တတ္ထ၊ ထိုသုဒ္ဓိ ၂-ပါးတို့တွင်။ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ၊ ပါတိမောက္ခသံဝရ အစရှိသောအားဖြင့်ပြားသော၊၄-ပါးအပြားရှိသော။ သီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ သီလဝိသုဒ္ဓိနာမ၊သီလဝိသုဒ္ဓိမည်၏။ တဉ္စ၊ ထိုသီလကိုလည်း။ သီလနိဒ္ဒေသေ၊ သီလနိဒ္ဒေသ၌။ ဝိတ္ထာရိတမေဝ၊ ချဲ့အပ် ပြီးသည်သာလျှင်တည်း။

## သီလအကျိုးကို ပြခြင်း

ထို့ကြောင့် သီလသည်၊ လောဘ, ဒေါသ, မောဟတို့ကို ပယ်ခြင်း ကြောင့်-သီလမည်၏။ ၎င်းတို့ကို ကြဉ်ခြင်းကြောင့်-သီလမည်၏။ ၎င်းတို့ကို ပယ်ခြင်း ကြဉ်ခြင်းငှါ အားထုတ်ခြင်းကြောင့် – သီလမည်၏။ ၎င်းတို့ကို မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်တို့၌ မဖြစ်ရအောင်၊စောင့်ရှောက် ခြင်းကြောင့်- သီလမည်၏။ မလွန်ကျူးခြင်းကြောင့်လည်း-သီလမည်၏။ ထို သီလတို့သည်၊ စင်စစ် သံသရာ၌ ငြီးငွေ့ခြင်းငှါ၊ ကေန် ကိလေသာ ကင်း ခြင်းငှါ၊ တဖန် ဘဝချုပ်ခြင်းငှါ,ငြိမ်းခြင်းငှါ၊ သစ္စာလေးပါးကို သိခြင်း ငှါ၊ မဂ်အကျိုးငှါ၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။ ထို့ကြောင့်။—

ပဟာနံ, သီလံ၊ ဝေရမဏိ, သီလံ၊ စေတနာ, သီလံ၊ သံဝရော, သီလံ၊ အဝိ တိက္ကမော,သီလံ။ ဧဝ ရူပါနိ သီလာနိ။ပ။ကေနဋ္ဌေန သီလံ... နိဗ္ဗိဒါယ, ဝိရာဂါယ, နိရောဓာယ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ, နိဗ္ဗာနာယ သံဝတ္တန္တိ။ ။၂၃၊ သမ္ဘိဒါမဂ်ပါဠိတော်။

ပဟာနံ၊ ပယ်ခြင်းသည်၏။သီလံ၊ သီလမည်၏။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ ပယ်ခြင်း, ကြဉ်ခြင်း၄ါ အားထုတ်ခြင်းသည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်ရှောက်ခြင်းသည်။ သီလံ၊ သီလမည်။ အဝိတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလ မည်၏။ ဧဝ ရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ သီလာနိ၊ သီလတို့သည်။ပ။ကေနဋ္ဌေန... နိဗ္ဗိဒါယ၊ စင်စစ် ငြီးငွေ့ခြင်း၄ါ။ ဝိရာဂါယ၊ ကိလေသာ ကင်းခြင်း၄ါ။ နိရောဓာယ၊ တဖန်ဘဝ ချုပ်ခြင်း၄ါ။ ဥပသမာယ၊ ငြိမ်းခြင်း၄ါ။ အဘိညာယ၊ သစ္စာ ၄-ပါးကို သိခြင်း၄ါ။သမ္ဗောဓာယ၊မဂ်အကျိုး၄ါ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အကျိုး၄ါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

---

## မဂ္ဂင် ၈-ပါးကို ပြခြင်း

**မဂ္ဂင် ၈-ပါးဟူသော်ကား၊** ၁-သမ္မာဒိဋ္ဌိမဂ္ဂင်-အမှန်မြင်ခြင်း တပါး၊ ၂-သမ္မာသင်္ကပ္ပမဂ္ဂင်-အမှန်ကြံခြင်း တပါး၊ ၃-သမ္မာဝါစာမဂ္ဂင်- အမှန်ပြောခြင်း တပါး၊ ၄-သမ္မာကမ္မန္တမဂ္ဂင်-အမှန်ပြုခြင်း တပါး၊ ၅-သမ္မာအာဇီဝမဂ္ဂင်-အမှန်အသက်မွေးခြင်း တပါး၊ ၆-သမ္မာဝါယာမ မဂ္ဂင်- အမှန်အားထုတ်ခြင်း တပါး၊၇-သမ္မာသတိမဂ္ဂင်-အမှန် အောက်မေ့ခြင်း တပါး၊ ၈-သမ္မာသမာဓိမဂ္ဂင်-အမှန် တည်ခြင်း တပါး။ ဤသို့လျှင် မဂ္ဂင်သည် ရှစ်ပါးရှိ၏။

ထိုမဂ္ဂင် ရှစ်ပါးတို့၏ တရားကိုယ်ကား၊ သမ္မာ ဒိဋ္ဌိ မဂ္ဂင်၏ တရားကိုယ်သည်၊ ပညာမည်၏။ သမ္မာသင်္ကပ္ပမဂ္ဂင်၏ တရားကိုယ်သည်၊ ဝိတက်မည်၏။ သမ္မာဝါစာ မဂ္ဂင်၏ တရားကိုယ်သည်၊ သမ္မာဝါစာ စေတသိက်မည်၏။ သမ္မာကမ္မန္တ မဂ္ဂင်၏ တရားကိုယ်သည်၊ သမ္မာကမ္မန္တ စေတသိက်မည်၏။ သမ္မာအာဇီဝ မဂ္ဂင်၏တရားကိုယ်သည် သမ္မာအာဇီဝစေတသိက်မည်၏။ သမ္မာဝါယာမ မဂ္ဂင်၏ တရားကိုယ်သည်၊ ဝီရိယ မည်၏။ သမ္မာသတိမဂ္ဂင်၏ တရားကိုယ်သည်၊သတိ မည်၏။သမ္မာသမာဓိမဂ္ဂင်၏ တရားကိုယ်သည်၊သမာဓိ မည်၏။

## ပါဠိသိက္ခာ ၃-ပါးကို ပြခြင်း

ထိုမဂ္ဂင် ရှစ်ပါးတို့တွင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင်ကို၊ တတွဲ တွဲ၍ မှတ်အပ်၏။ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ ဂုဏ်းမဂ္ဂင် သုံးပါးအပေါင်းကို၊ တတွဲ တွဲ၍ မှတ်အပ်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဂုဏ်းမဂ္ဂင် သုံးပါးကိုလည်း၊ တတွဲ တွဲ၍ မှတ်အပ်၏။

ထိုသုံးတွဲတို့တွင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင် အတွဲကို၊ **ပညာ**,ပညာက္ခန္ဓ,အဓိပညာသိက္ခာဟု၊ ရေတွက် မှတ်သားအပ်၏။ သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင် သုံးပါးပေါင်း အတွဲကို၊ **သီလ**,သီလက္ခန္ဓ,အဓိသီလသိက္ခာဟု၊ ရေတွက်မှတ်သားအပ်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင် သုံးပါးပေါင်းအတွဲကို၊ **သမာဓိ**, သမာဓိက္ခန္ဓ,အဓိစိတ္တသိက္ခာဟု၊ ရေတွက် မှတ်သားအပ်၏။ ထို့ကြောင့်။

> တီဟိ စ ခေါ အာဝုသော ဝိသာခ ခန္ဓေဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော။ ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယောစ သမ္မာကမ္မန္တော၊ ယောစ သမ္မာအာဇီဝေါ။ ဣမေ ဓမ္မာ **သီလ**က္ခန္ဓေ သင်္ဂဟိတာ။ ယောစ သမ္မာဝါယာမော၊ ယာစ သမ္မာ သတိ၊ ယောစ သမ္မာ**သမာဓိ**။ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိ တာ။ ယာစ သမ္မာဒိဋ္ဌိ၊ ယောစ သမ္မာသင်္ကပ္ပေါ။ ဣမေ ဓမ္မာ **ပညာ**က္ခန္ဓေ သင်္ဂဟိတာ။ ။မူလပဏ္ဏာသစူဠဝေဒလ္လသုတ်။

အာဝုသော ဝိသာခ၊ ဒါယကာ ဝိသာခါ။ အရိယော၊မြတ်သော။ အဋ္ဌင်္ဂိကော၊အင်္ဂါ ၈-ပါးရှိသော။မဂ္ဂေါ၊ မင်္ဂကို။ တီဟိခန္ဓေဟိ၊ သုံးပါးသော ခန္ဓာတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ အာဝုသော ဝိသာခ၊ ဒါယကာ ဝိသာခါ။ ယာစ သမ္မာဝါစာ၊ အကြင်သမ္မာဝါစာလည်း တပါး။ ယောစ သမ္မာကမ္မန္တော၊ အကြင် သမ္မာကမ္မန္တလည်း တပါး။ ယောစ သမ္မာအာဇီဝေါ၊အကြင် သမ္မာ အာဇီဝလည်း တပါး။ဣမေ ဓမ္မာ၊ ဤတရား ၃-ပါးတို့ကို။သီလက္ခန္ဓေ၊သီလက္ခန္ဓာ၌။သင်္ဂဟိတာ၊ရေတွက်အပ် ကုန်၏။ ယောစ သမ္မာဝါယာမော၊ အကြင်သမ္မာဝါယာမလည်း တပါး။ ယာစ သမ္မာသတိ၊ အကြင် သမ္မာသတိသည်း တပါး။ ယောစ သမ္မာ သ မာဓိ၊အကြင် သမ္မာ သမာဓိလည်း တပါး။ဣမေ ဓမ္မာ၊ဤတရား ၃-ပါးတို့ ကို။သမာဓိက္ခန္ဓေ၊ သမာဓိက္ခန္ဓာ၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ယာစ သမ္မာဒိဋ္ဌိ၊အကြင် သမ္မာဒိဋ္ဌိလည်း တပါး။ ယောစ သမ္မာသင်္ကပ္ပေါ၊ အကြင်

သမ္မာသင်္ကပ္ပလည်း တပါး။ဣမေ ဓမ္မာ၊ ဤတရား ၂-ပါးတို့ကို။ပညာက္ခန္ဓေ၊ ပညာက္ခန္ဓာ၌။သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

> သီလ,သမာဓိ, ပညာ ဆိုဆို၊ ပညာ, သီလ, သမာဓိ ဆိုဆို၊ ဝိပဿနာ စိတ်ဖြစ်သော အခိုက်၌၊ ၎င်းသုံးပါးတို့သည်၊ အပုဗ္ဗအစရိမ ဖြစ်ကြသည် ကို သတိပြုရာ၏။

ထိုကဲ့သို့ မဂ္ဂင်ရှစ်ပါးတို့ကို၊ သိက္ခာသုံးပါးတို့နှင့် တွဲစပ်, ဖွဲ့စည်းသောအခါ၊ ပညာ, သီလ, သမာဓိဟု၊ သုံးဌာနသာရှိပေ၏။ ထိုသုံးပါးတို့တွင်၊ ပညာဟူသော စကားထဲ၌၊ မဂ္ဂင်နှစ်ပါးရှိ၏။သီလဟူသော စကားထဲ၌၊ မဂ္ဂင်သုံးပါးရှိ၏။ သမာဓိဟူသော စကားထဲ၌၊ မဂ္ဂင် သုံးပါး ရှိ၏။ ပညာ, သီလ, သမာဓိဟူသော စကားသုံးပါးထဲ၌၊ မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်းတရား ရှိကြောင်းကိုလည်း၊ သိထားရမည်။

ယခု မဂ္ဂင်ရှစ်ပါးမှ၊ အကျဉ်းချုံးရသော်၊ ပညာ, သီလ, သမာဓိ သုံးပါးတို့မှာ၊ ပညာသည်-ဝိပဿနာမည်၏။ သီလ, နှင့် သမာဓိ, သည် - သမထမည်၏။ဝိပဿနာအလုပ်ကို၊ အားထုတ်လိုသောသူတို့သည်၊ ပညာ, သီလ, သမာဓိ ကို၊ စိတ်တချက်တည်း, တအာရုံတည်း၌၊ ပညာ, သီလ, သမာဓိ ပါသော အလုပ်မျိုးကို၊ မြင်တိုင်း, မြင်တိုင်း၊ ကြားတိုင်း, ကြားတိုင်း၊ နံတိုင်း,နံတိုင်း၊ စားတိုင်း,စားတိုင်း၊ ထိတိုင်း,ထိတိုင်း၊ သိတိုင်း, သိတိုင်းတို့၌ လုပ်ကိုင်ရမည်။

---

## မြန်မာသိက္ခာ ၃-ပါးကို ပြခြင်း

လုပ်ကိုင်ဘို့ရာ နည်းလမ်းကောင်းကား၊ ဤသို့ မှတ်အပ်၏။ ပညာဖြစ်သော်-သီလ ဖြစ်ရမည်၊ သီလဖြစ်သော်-သမာဓိ ဖြစ်ရမည်။ ထိုသုံးပါးတို့တွင်၊ ပဌမ ပညာ ဟူသော စကားသည်၊ မြန်မာ စကား မဟုတ်၊ ပါဠိစကား သက်သက် မျှသာ ဖြစ်သည်။ ဒုတိယ သီလဟူသော စကားသည်၊ မြန်မာစကားမဟုတ်၊ ပါဠိစကား သက်သက် မျှသာ ဖြစ်သည်။ တတိယ သမာဓိ ဟူသော စကားသည်၊ ပါဠိစကားသက်သက်မျှသာဖြစ်သည်။

ထို သုံးပါးတို့တွင်၊ ပညာ-ဟူသော ပါဠိစကားကို၊ မြန်မာဘာသာအားဖြင့် ပြန်ဆိုခဲ့သော်၊ 'ပဇာနနဋ္ဌေန ပညာ' ဟူသော ပါဠိကို၊ ထောက်

သော အားဖြင့်။ ပဇာနနဋ္ဌေန၊ သိသော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ ပညာ-ဟူသော ပါဠိစကား၏ မြန်မာပြန်သက်သက်ကား၊ သိပင် ဖြစ်၏။ အဘယ်၌ သိရမည်နည်းဟု ဆိုသော်၊ 'နာမ,ရူပဓမ္မေ ပဇာန နဋ္ဌလက္ခဏံ'ဟူသော ပါဠိကို၊ ထောက်သော အားဖြင့်၊ ရုပ်တရား, နာမ် တရားတို့၌ သိခြင်းသည်၊ ပညာသိ မည်၏။ ၎င်းစကားရပ်၌၊ သိ-ဟူသော ပဌမစကား၊ 'ရုပ်တရား,နာမ်တရားတို့၌ သိ'ဟူသော ဒုတိယစကား။ ဤ စကားနှစ်ရပ်ကို၊ ခွဲခြား၍ မှတ်ထားလေဦး။

ထို သုံးပါးတို့တွင်၊ သီလ-ဟူသော ပါဠိစကားကို၊ မြန်မာဘာသာ အားဖြင့်၊ ပြန်ဆိုခဲ့သည်ရှိသော်၊ 'ရက္ခနဋ္ဌေန သီလံ'ဟူသော ပါဠိကို၊ ထောက်သောအားဖြင့်။ ရက္ခနဋ္ဌေန၊ စောင့်သော အနက်သဘောကြောင့်၊ သီလံ၊ သီလမည်၏။ သီလ - ဟူသော ပါဠိစကား၏မြန်မာသက်သက် ကား၊'**စောင့်ပင်**'ဖြစ်၏။ဘာကို စောင့်သနည်းဆိုသော်၊'လောဘ,ဒေါသ, မောဟဓမ္မေသု ရက္ခနဋ္ဌ လက္ခဏံ'ဟူသော ပါဠိကို၊ထောက်သောအားဖြင့်၊ လောဘတရား, ဒေါသတရား, မောဟ တရား တို့ကို မလာစေခြင်းငှါ၊ စောင့်ထားခြင်းသည်၊ သီလမည်၏။ ၎င်းစကားရပ်၌လည်း၊ 'စောင့်' ဟူ သော ပဌမစကား၊ 'လောဘ, ဒေါသ, မောဟ တို့ကို စောင့်' ဟူသော ဒုတိယစကား။ ဤစကားနှစ်ရပ်ကိုလည်း၊ ခွဲခြား၍ မှတ်ထားလေဦး။

ထို သုံးပါးတို့တွင်၊ သမာဓိ-ဟူသော ပါဠိစကားကို၊ မြန်မာဘာ သာ အားဖြင့်၊ ပြန်ဆိုခဲ့သည်ရှိသော်၊ 'သမာဓေယဋ္ဌေန သမာဓိ'ဟူသော ပါဠိကို ထောက်သောအားဖြင့်။သမာဓေယဋ္ဌေန၊တည်သော အနက်သဘော ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ သမာဓိ-ဟူသော ပါဠိစကား၏ မြန်မာ သက်သက်ကား၊**တည်ပင်**ဖြစ်၏။အဘယ်၌ တည်သနည်းဆိုသော်၊ရုပ်တရား, နာမ်တရားတို့၌ တည်ခြင်းသည်၊ သမာဓိမည်၏။၎င်းစကား နှစ်ရပ်၌ကား၊ 'တည်'ဟူသော ပဌမစကား၊ 'ရုပ်တရား,နာမ်တရားတို့၌ တည်' ဟူသော ဒုတိယစကား။ ဤစကား နှစ်ရပ်ကိုလည်း၊ ခွဲခြား၍ မှတ်ထားလေဦး။

ထိုစကားသုံးရပ်တို့တွင်၊ ပဌမစကားကိုချည်းပင်၊ စဉ်၍ကြည့်သော်၊ သိ, စောင့်, တည် သုံးလုံး ဖြစ်၏။ သိ-ဟူသော စကားထဲ၌၊ မဂ္ဂင်နှစ်ပါး ပါ၏။ စောင့်-ဟူသော စကားထဲ၌၊ မဂ္ဂင်သုံးပါးပါ၏။ တည် - ဟူသော စကားထဲ၌၊ မဂ္ဂင်သုံးပါးပါ၏။ သိ,စောင့်,တည်-ဟူသော စကားသုံးလုံး ထဲ၌၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း မဂ္ဂင်ရှစ်ပါးစလုံးပါ၏။

ဒုတိယ စကားများသည်၊ ပ-ဟူသော ဥပသာရပုဒ်၏ ပကာရတ္တ အနက်ဖြစ်၍၊ ရှုမှတ် ပိုင်းခြားရာ၌၊ ထင်မြင်ခြင်း, ပယ်ခြင်း, တည်ခြင်း တို့သည်၊ ဌာနအားဖြင့် ထင်ရှားကြကုန်၏။

## သိက္ခာ ၃-ပါး ပါသော'သိ'ကို ပြခြင်း

ထို သိ,စောင့်,တည်ဟူသော စကားသုံးလုံး၌၊ သိသဖြင့်-စောင့်ရာ ရောက်၏။ စောင့်သဖြင့် - တည်ရာ ရောက်၏ဟု မှတ်သား ထားရမည်။ အဘယ်၌ သိရမည်နည်းဆိုသော်၊ အလုံးစုံကို သိအပ်၏ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ထိုကြောင့်၊-

> သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အဘိ ညေယျံ၊ စက္ခုံ ဘိက္ခဝေ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊ စက္ခုသမ္ဖဿော အဘိညေယျော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံကို။ အဘိညေယျံ၊ သိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်သို့သာလျှင်။ သဗ္ဗံ၊ အလုံးစုံကို။ အဘိ ညေယျံ၊ သိအပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ အဘိ ညေယျံ၊ သိအပ်၏။ ရူပါ၊ အဆင်းတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခု သမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲ သည်လည်းဖြစ်သော။အဒုက္ခ မသုခံဝါ၊ ချမ်းသာသည်လည်းမဟုတ်,ဆင်း ရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊သိအပ်၏။

> သောတံ အဘိညေယျံ၊ သဒ္ဒါ အဘိညေယျာ၊ သောတဝိ ညာဏံ အဘိညေယျံ၊ သောတသမ္ဖဿော အဘိညေယျော၊ ယမိဒံ သောတသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ အဘိညေယျံ။
> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

သောတံ၊ နားကို။ အဘိညေယျံ၊ **သိအပ်၏**။ သဒ္ဒါ၊ အသံတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ သောတဝိညာဏံ၊ ကြားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ သောတ သမ္ဖဿော၊ သောတ သမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ သောတသမ္ဖဿပစ္စယာ၊ သောတသမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။အဒုက္ခ မသုခံဝါ၊ ချမ်းသာလည်း မဟုတ်,ဆင်းရဲသည်လည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ သိအပ်၏။

> ဃာနံ အဘိညေယျံ၊ ဂန္ဓာ အဘိညေယျာ၊ ဃာနဝိညာဏံ အဘိညေယျံ၊ ဃာနသမ္ဖဿော အဘိညေယျော၊ ယမိဒံ ဃာနသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ အဘိညေယျံ၊ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဃာနံ၊ နှာခေါင်းကို။ အဘိညေယျံ၊ **သိအပ်၏**။ ဂန္ဓာ၊ အနံ့တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဃာနဝိညာဏံ၊ နံခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ဃာနသမ္ဖဿော၊ ဃာနသမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ ဃာနသမ္ဖဿပစ္စယာ၊ ဃာနသမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခ မသုခံဝါ၊ ချမ်းသာသည်လည်းမဟုတ်,ဆင်းရဲသည်လည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။တမ္ပိ၊ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ သိအပ်၏။

> ဇိဝှါ အဘိညေယျာ၊ ရသာ အဘိညေယျာ၊ ဇိဝှါ ဝိညာဏံ အဘိညေယျံ၊ ဇိဝှါသမ္ဖဿော အဘိညေယျော၊ ယမိဒံ ဇိဝှါသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမ သုခံဝါ၊ တမ္ပိ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဇိဝှါ၊ လျှာကို၊ အဘိညေယျာ၊ **သိအပ်၏**။ ရသာ၊ အရသာတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဇိဝှါဝိညာဏံ၊ စားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဇိဝှါသမ္ဖဿော၊ ဇိဝှါသမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ ဇိဝှါသမ္ဖဿပစ္စယာ၊ ဇိဝှါသမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခ မသုခံဝါ၊ ချမ်း-

သာသည်လည်းမဟုတ်, ဆင်းရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိဇာနာတိ၊ သိအပ်၏။

ကာယော အဘိညေယျော၊ ဖေါဋ္ဌဗ္ဗာ အဘိညေယျာ၊ ကာယဝိညာဏံ အဘိညေယျံ၊ ကာယသမ္ဖဿော အဘိညေယျော၊ ယမိဒံ ကာယသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ကာယော၊ ကိုယ်ကို။ အဘိညေယျော၊ သိအပ်၏၊ ဖေါဋ္ဌဗ္ဗာ၊ အတွေ့တို့ကို။အဘိညေယျာ၊ သိအပ်ကုန်၏။ ကာယဝိညာဏံ၊ ထိခြင်းကို။ အဘိညေယျံ၊သိအပ်၏။ ကာယသမ္ဖဿော၊ ကာယသမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ကာယသမ္ဖဿပစ္စယာ၊ ကာယသမ္ဖဿကြောင့်။သုခံဝါ၊ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ချမ်းသာသည်လည်းမဟုတ်,ဆင်းရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ သိအပ်၏။

မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ၊ မနောဝိညာဏံ အဘိညေယျံ၊ မနောသမ္ဖဿော အဘိညေယျော၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

မနော၊ နှလုံးကို။ အဘိညေယျော၊ သိအပ်၏။ ဓမ္မာ၊ သဘောတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ မနောဝိညာဏံ၊ သိခြင်းကို၊ အဘိညေယျံ၊ သိအပ်၏။ မနောသမ္ဖဿော၊ မနောသမ္ဖဿကို။ အဘိညေယျော၊ သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ မနောသမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ချမ်းသာသည်လည်း မဟုတ်, ဆင်းရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ သိအပ်၏။

## ခန္ဓာစသည်ကိုလည်း သိရမည်ကို ပြခြင်း

**ခန္ဓ ကောဋ္ဌာသ။** ။ရူပံ အဘိညေယျံ၊ ဝေဒနာ အဘိညေယျာ၊ သညာ အဘိညေယျာ၊ သင်္ခါရာ အဘိညေယျာ၊ ဝိညာဏံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ရူပံ၊ **ရုပ်ကို။** အဘိညေယျံ၊ **သိအပ်၏။** ဝေဒနာ၊ ဝေဒနာကို။ အဘိညေယျာ၊သိအပ်၏။ သညာ၊ သညာကို။အဘိညေယျာ၊သိအပ်၏။ သင်္ခါရာ၊ သင်္ခါရတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဉ်ကို။ အဘိညေယျံ၊ သိအပ်၏။

**ဒွါရကောဋ္ဌာသ။** ။စက္ခုံ အဘိညေယျံ၊ သောတံ အဘိညေယျံ၊ ဃာနံ အဘိညေယျံ၊ ဇိဝှါ အဘိညေယျာ၊ ကာယော အဘိညေယျော၊မနော အဘိညေယျော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

စက္ခုံ၊ **မျက်စိကို။** အဘိညေယျံ၊ **သိအပ်၏။** သောတံ၊ နားကို။ အဘိညေယျံ၊ သိအပ်၏။ ဃာနံ၊ နှာခေါင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဇိဝှါ၊ လျှာကို။ အဘိညေယျာ၊ သိအပ်၏။ ကာယော၊ ကိုယ်ကို။ အဘိညေယျော၊ သိအပ်၏။ မနော၊ နှလုံးကို။ အဘိညေယျော၊ သိအပ်၏။

**အာရမ္မဏ ကောဋ္ဌာသ။** ။ရူပါ အဘိညေယျာ၊ သဒ္ဒါ အဘိညေယျာ၊ ဂန္ဓာ အဘိညေယျာ၊ ရသာ အဘိညေယျာ၊ ဖောဋ္ဌဗ္ဗာ အဘိညေယျာ၊ ဓမ္မာ အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ရူပါ၊ **အဆင်းတို့ကို။** အဘိညေယျာ၊ **သိအပ်ကုန်၏။** သဒ္ဒါ၊ အသံတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဂန္ဓာ၊အနံ့တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ရသာ၊ အရသာတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဖောဋ္ဌဗ္ဗာ၊ အတွေ့တို့ကို၊ အဘိညေယျာ၊ သိအပ်ကုန်၏။ ဓမ္မာ၊ သဘောတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။

**ဝိညာဏ ကောဋ္ဌာသ။** ။စက္ခုဝိညာဏံ အဘိညေယျံ၊ သောတဝိညာဏံ အဘိညေယျံ၊ ဃာနဝိညာဏံ အဘိညေယျံ၊ ဇိဝှါဝိညာဏံ အဘိညေယျံ၊ ကာယဝိညာဏံ အဘိညေယျံ၊ မနောဝိညာဏံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အဘိညေယျံ၊ **သိအပ်၏**။ သောတဝိညာဏံ၊ ကြားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဃာနဝိညာဏံ၊နံခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဇိဝှါဝိညာဏံ၊ စားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ ကာယဝိညာဏံ၊ ထိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။ မနောဝိညာဏံ၊ သိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

**ဖဿ ကောဋ္ဌာသ**။ ။စက္ခုသမ္ဖဿော အဘိညေယျော၊ သောတသမ္ဖဿော အဘိညေယျော၊ ဃာနသမ္ဖဿော အဘိညေယျော၊ ဇိဝှါသမ္ဖဿော အဘိညေယျော၊ ကာယသမ္ဖဿော အဘိညေယျော၊မနောသမ္ဖဿော အဘိညေယျော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် **တွေ့ခြင်းကို**။ အဘိညေယျော၊ **သိအပ်၏**။ သောတသမ္ဖဿော၊ နားဖြင့် ကြားခြင်း၏ အသံနှင့် တွေ့ခြင်းကို။ အဘိညေယျော၊ သိအပ်၏။ ဃာနသမ္ဖဿော၊ နှာခေါင်းဖြင့် နံခြင်း၏ အနံ့နှင့်တွေ့ခြင်းကို။ အဘိညေယျော၊ သိအပ်၏။ဇိဝှါသမ္ဖဿော၊ လျှာဖြင့် စားခြင်း၏ အရသာနှင့်တွေ့ခြင်းကို။အဘိညေယျော၊ သိအပ်၏။ ကာယသမ္ဖဿော၊ ကိုယ်ဖြင့် ထိခြင်း၏ အတွေ့နှင့်တွေ့ခြင်းကို အဘိညေယျော၊သိအပ်၏။ မနောသမ္ဖဿော၊နှလုံးဖြင့် ထိခြင်း၏ သဘောနှင့် တွေ့ခြင်းကို။ အဘိညေယျော၊ သိအပ်၏။

(တိဏ္ဍာ သင်္ဂတိ ဖဿောနှင့်အညီ အနက်ပေးသည်)

**ဝေဒနာကောဋ္ဌာသ**။ ။စက္ခုသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ၊ သောတသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ၊ ကာယသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ၊ မနောသမ္ဖဿဇာ ဝေဒနာ အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

စက္ခုသမ္ဖဿဇာ၊ မျက်စိဖြင့်မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့် ဖြစ်သော။ ဝေဒနာ၊ **ဝေဒနာကို**။ အဘိညေယျာ၊ **သိအပ်၏**။ သောတသမ္ဖဿဇာ ဝေဒနာ၊ နားဖြင့် ကြားခြင်း၏ အသံနှင့်တွေ့ခြင်းကြောင့် ဖြစ်သော ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။ ဃာနသမ္ဖဿဇာ ဝေဒနာ၊ နှာခေါင်းဖြင့်နံခြင်း၏ အနံ့နှင့်တွေ့ခြင်းကြောင့် ဖြစ်သော ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ လျှာဖြင့် စားခြင်း၏ အရ

သာနှင့် တွေ့ခြင်းကြောင့် ဖြစ်သော ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။ ကာယသမ္ဖဿဇာ ဝေဒနာ၊ ကိုယ်ဖြင့် ထိခြင်း၏ အတွေ့နှင့် တွေ့ခြင်းကြောင့်ဖြစ်သော ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။ မနောသမ္ဖဿဇာ ဝေဒနာ၊ နှလုံးဖြင့် သိခြင်း၏ သဘောနှင့် တွေ့ခြင်းကြောင့်ဖြစ်သော ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။

## သညာ,စေတနာကိုလည်းသိရမည်ကို ပြခြင်း

**သညာကာယာ။** ။ရူပသညာ အဘိညေယျာ၊ သဒ္ဒသညာ အဘိညေယျာ၊ ဂန္ဓသညာ အဘိညေယျာ၊ ရသသညာ အဘိညေယျာ၊ ဖောဋ္ဌဗ္ဗသညာ အဘိညေယျာ၊ ဓမ္မသညာ အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ရူပသညာ၊ အဆင်းဟုမှတ်သော **ရူပသညာကို**။ အဘိညေယျာ၊ သိ **အပ်၏**။ သဒ္ဒသညာ၊ အသံဟုမှတ်သော သဒ္ဒသညာကို။ အဘိညေယျာ၊ သိအပ်၏။ ဂန္ဓသညာ၊ အနံ့ဟုမှတ်သော ဂန္ဓသညာကို။ အဘိညေယျာ၊ သိအပ်၏။ ရသသညာ၊ အရသာဟု မှတ်သော ရသသညာကို။ အဘိညေယျာ၊ သိအပ်၏။ ဖောဋ္ဌဗ္ဗသညာ၊ အတွေ့ဟု မှတ်သော ဖောဋ္ဌဗ္ဗသညာကို။ အဘိညေယျာ၊ သိအပ်၏။ ဓမ္မသညာ၊ သဘောဟု မှတ်သော ဓမ္မသညာကို။ အဘိညေယျာ၊ သိအပ်၏။

**စေတနာကာယာ။** ။ရူပသဉ္စေတနာ အဘိညေယျာ၊ သဒ္ဒသဉ္စေတနာ အဘိညေယျာ၊ ဂန္ဓသဉ္စေတနာ အဘိညေယျာ၊ ရသသဉ္စေတနာ အဘိညေယျာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ အဘိညေယျာ၊ ဓမ္မသဉ္စေတနာ အဘိညေယျာ။ ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ရူပသဉ္စေတနာ။ အဆင်းဟု **အားထုတ်ခြင်းကို**။ အဘိညေယျာ၊ သိ **အပ်၏**။ သဒ္ဒသဉ္စေတနာ၊ အသံဟု အားထုတ်ခြင်းကို။ အဘိညေယျာ၊ သိအပ်၏။ ဂန္ဓသဉ္စေတနာ၊ အနံ့ဟု အားထုတ်ခြင်းကို။ အဘိညေယျာ၊ သိအပ်၏။ ရသသဉ္စေတနာ၊ အရသာဟု အားထုတ်ခြင်းကို။ အဘိညေယျာ၊ သိအပ်၏။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ အတွေ့ဟု အားထုတ်ခြင်းကို။ အဘိညေယျာ၊ သိအပ်၏။ ဓမ္မသဉ္စေတနာ၊ သဘောဟု အားထုတ်ခြင်းကို။ အဘိညေယျာ၊ သိအပ်၏။

**တဏှာ ကောဋ္ဌာသ**။ ။ရူပတဏှာ အဘိဇ္ဈေယျာ၊ သဒ္ဒတဏှာ အဘိဇ္ဈေယျာ၊ ဂန္ဓတဏှာ အဘိဇ္ဈေယျာ၊ ရသတဏှာ အဘိဇ္ဈေယျာ၊ ဖောဋ္ဌဗ္ဗတဏှာ အဘိဇ္ဈေယျာ၊ ဓမ္မတဏှာ အဘိဇ္ဈေယျာ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ရူပတဏှာ၊ အဆင်းဟု **တပ်မက်ခြင်းကို**။ အဘိဇ္ဈေယျာ၊ **သိအပ်၏**။ သဒ္ဒတဏှာ၊ အသံဟု တပ်မက်ခြင်းကို။ အဘိဇ္ဈေယျာ၊ သိအပ်၏။ ဂန္ဓတဏှာ၊ အနံ့ဟု တပ်မက်ခြင်းကို။ အဘိဇ္ဈေယျာ၊ သိအပ်၏။ ရသတဏှာ၊ အရသာဟု တပ်မက်ခြင်းကို။ အဘိဇ္ဈေယျာ၊ သိအပ်၏။ ဖောဋ္ဌဗ္ဗ တဏှာ၊ အတွေ့ဟု တပ်မက်ခြင်းကို။ အဘိဇ္ဈေယျာ၊ သိအပ်၏။ ဓမ္မတဏှာ၊ သဘောဟု တပ်မက်ခြင်းကို။ အဘိဇ္ဈေယျာ၊ သိအပ်၏။

**ဝိတက် ကောဋ္ဌာသ**။ ။ရူပဝိတက္ကော အဘိဇ္ဈေယျော၊ သဒ္ဒဝိတက္ကော အဘိဇ္ဈေယျော၊ ဂန္ဓဝိတက္ကော အဘိဇ္ဈေယျော၊ ရသဝိတက္ကော အဘိဇ္ဈေယျော၊ ဖောဋ္ဌဗ္ဗ ဝိတက္ကော အဘိဇ္ဈေယျော၊ ဓမ္မဝိတက္ကော အဘိဇ္ဈေယျော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ရူပဝိတက္ကော၊ အဆင်းဟု ရှေးရှု **ကြံခြင်းကို** အဘိဇ္ဈေယျော၊ **သိအပ်၏**။ သဒ္ဒဝိတက္ကော၊ အသံဟု ရှေးရှုကြံခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ဂန္ဓ ဝိတက္ကော၊ အနံ့ဟု ရှေးရှု ကြံခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ရသဝိတက္ကော၊ အရသာဟု ရှေးရှု ကြံခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ဖောဋ္ဌဗ္ဗဝိတက္ကော၊ အတွေ့ဟု ရှေးရှုကြံခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ဓမ္မဝိတက္ကော၊ သဘောဟု ရှေးရှုကြံခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။

**ဝိစာရ ကောဋ္ဌာသ**။ ။ရူပ ဝိစာရော အဘိဇ္ဈေယျော၊ သဒ္ဒဝိစာရော အဘိဇ္ဈေယျော၊ ဂန္ဓဝိစာရော အဘိဇ္ဈေယျော၊ ရသဝိစာရော အဘိဇ္ဈေယျော၊ ဖောဋ္ဌဗ္ဗဝိစာရော အဘိဇ္ဈေယျော၊ ဓမ္မဝိစာရော အဘိဇ္ဈေယျော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ရူပဝိစာရော၊ အဆင်းဟု ရှေးရှု **သုံးသပ်ခြင်းကို**။ အဘိဇ္ဈေယျော၊ **သိအပ်၏**။ သဒ္ဒဝိစာရော၊ အသံဟု ရှေးရှုသုံးသပ်ခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ဂန္ဓဝိစာရော၊ အနံ့ဟု ရှေးရှုသုံးသပ်ခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ရသဝိစာရော၊ အရသာဟု ရှေးရှုသုံးသပ်ခြင်းကို။ အဘိဇ္ဈေယျော၊ သိအပ်၏။ ဖောဋ္ဌဗ္ဗဝိစာရော၊ အတွေ့ဟု ရှေးရှု သုံးသပ် ခြင်းကို။

အဘိညေယျော၊ သိအပ်၏။ ဓမ္မဝိစာရော၊ သဘောဟု ရှေးရှု သုံးသပ်ခြင်းကို။ အဘိညေယျော၊ သိအပ်၏။

ဓါတ် ကောဋ္ဌာသ။ ။ပထဝီဓာတု အဘိညေယျာ၊ အာပေါဓာတု အဘိညေယျာ၊ တေဇောဓာတု အဘိညေယျာ၊ ဝါယောဓာတု အဘိညေယျာ၊ အာကာသဓာတု အဘိညေယျာ၊ ဝိညာဏဓာတု အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊

ပထဝီဓာတု၊ **ပထဝီဓါတ်ကို**။ အဘိညေယျာ၊ **သိအပ်၏**။ အာပေါဓာတု၊ အာပေါဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဝါယောဓာတု၊ ဝါယောဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။အာကာသဓာတု၊ အာကာသဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဝိညာဏဓာတု၊ ဝိညာဏဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။

ကသိုဏ်း ကောဋ္ဌာသ။ ။ပထဝီ ကသိဏံ အဘိညေယျံ၊အာပေါကသိဏံ အဘိညေယျံ၊ တေဇောကသိဏံ အဘိညေယျံ၊ ဝါယောကသိဏံ အဘိညေယျံ၊ နီလကသိဏံ အဘိညေယျံ၊ ပီတကသိဏံ အဘိညေယျံ၊ လောဟိတ ကသိဏံ အဘိညေယျံ၊ ဩဒါတကသိဏံ အဘိညေယျံ၊ အာကာသကသိဏံ အဘိညေယျံ၊ ဝိညာဏကသိဏံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ပထဝီကသိဏံ၊ **ပထဝီကသိုဏ်းကို**။ အဘိညေယျံ၊ **သိအပ်၏**။ အာပေါကသိဏံ၊ အာပေါကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ တေဇောကသိဏံ၊ တေဇောကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ နီလကသိဏံ၊ နီလကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ ပီတကသိဏံ၊ ပီတကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ လောဟိတ ကသိဏံ၊ လောဟိတ ကသိုဏ်းကို။ အဘိညေယျံ၊သိအပ်၏။ ဩဒါတကသိဏံ၊ ဩဒါတကသိုဏ်းကို။ အဘိညေယျံ၊သိအပ်၏။ အာကာသကသိဏံ၊ အာကာသ ကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။ ဝိညာဏ ကသိဏံ၊ ဝိညာဏ ကသိုဏ်းကို။ အဘိညေယျံ၊ သိအပ်၏။

## ၃၂-ပါးသော ကောဋ္ဌာသ စသည်ကို သိရမည်ကို ပြခြင်း

ဒွတ္တိံသ ကောဋ္ဌာသ။ ။ကေသာ အဘိညေယျာ၊ လောမာ အဘိညေယျာ၊ နခါ အဘိညေယျာ၊ ဒန္တာ အဘိညေယျာ၊ တစော

အဘိညေယျော၊(တစပဉ္စက)။ ။မံသံ အဘိညေယျံ၊ နှာရူ အဘိညေယျာ၊အဋ္ဌိ အဘိညေယျာ၊ အဋ္ဌိမိဉ္ဇံ အဘိညေယျံ၊ ဝက္ကံ အဘိညေယျံ၊(ဝက္ကပဉ္စက)။ ။ဟဒယံ အဘိညေယျံ၊ယကနံ အဘိညေယျံ၊ ကိလောမကံ အဘိညေယျံ၊ ပိဟကံ အဘိညေယျံ၊ ပပ္ဖါသံ အဘိညေယျံ၊ (ပပ္ဖါသပဉ္စက)။ ။အန္တံ အဘိညေယျံ၊ အန္တဂုဏံ အဘိညေယျံ၊ ဥဒရိယံ အဘိညေယျံ၊ ကရီသံ အဘိညေယျံ၊ မတ္ထလုင်္ဂံ အဘိညေယျံ၊ (မတ္ထလုင်္ဂပဉ္စက)။ ။ပိတ္တံ အဘိညေယျံ၊သေမှံ အဘိညေယျံ၊ပုဗ္ဗော အဘိညေယျော လောဟိတံ အဘိညေယျံ၊သေဒေါ အဘိညေယျော၊ မေဒေါ အဘိညေယျော (မေဒဆက္က)။ ။အဿု အဘိညေယျာ၊ ဝသာ အဘိညေယျာ၊ ခေဠော အဘိညေယျော၊ သိင်္ဃာဏိကာ အဘိညေယျာ၊ လသိကာ လသိကာ အဘိညေယျာ၊ မုတ္တံ အဘိညေယျံ။ (မုတ္တဆက္က)။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ကေသာ၊ဆံတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ လောမာ၊ အမွေးတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ နခါ၊ ခြေသည်း, လက်သည်းတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဒန္တာ၊ သွားတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ တစော၊ အရေကို။ အဘိညေယျော၊ သိအပ်၏။ (၁)။ ။မံသံ၊ အသားကို။ အဘိညေယျံ။ သိအပ်၏။ နှာရူ၊ အကြောတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ အဋ္ဌီ၊ အရိုးတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီကို။ အဘိညေယျံ၊ သိအပ်၏။ ဝက္ကံ၊ အညို့ကို။ အဘိညေယျံ၊ သိအပ်၏။(၂)။ ။ဟဒယံ၊ နှလုံးကို။ အဘိညေယျံ၊ သိအပ်၏။ယကနံ၊ အသည်းကို။ အဘိညေယျံ၊ သိအပ်၏။ကိလောမကံ၊ အမြှေးကို။ အဘိညေယျံ၊ သိအပ်၏။ ပိဟကံ၊ အဖျဉ်းကို။ အဘိညေယျံ၊ သိအပ်၏။ ပပ္ဖါသံ၊ အဆုတ်ကို။ အဘိညေယျံ၊ သိအပ်၏။ (၃)။ ။အန္တံ၊ အူမကို။ အဘိညေယျံ၊ သိအပ်၏။ အန္တဂုဏံ၊ အူသိမ်ကို။ အဘိညေယျံ၊ သိအပ်၏။ ဥဒရိယံ၊ အစာသစ်ကို။ အဘိညေယျံ၊ သိအပ်၏။ ကရီသံ၊ အစာဟောင်းကို။ အဘိညေယျံ၊ သိအပ်၏။ မတ္ထလုင်္ဂံ၊ ဦးနှောက်ကို။ အဘိညေယျံ၊သိအပ်၏။ (၄)။ ။ပိတ္တံ၊ သည်းခြေကို။ အဘိညေယျံ၊ သိအပ်၏။ သေမှံ၊ သလိပ်ကို။ အဘိညေယျံ၊ သိအပ်၏။ ပုဗ္ဗော၊ ပြည်ကို။ အဘိညေယျော၊ သိအပ်၏။ လောဟိတံ၊ သွေးကို။ အဘိညေယျံ၊ သိအပ်၏။ သေဒေါ၊ ချွေးကို။ အဘိညေယျော၊ သိအပ်၏။မေဒေါ၊ အဆီခဲကို။ အဘိညေယျော၊ သိအပ်၏။ (၅)။ ။အဿု၊ မျက်ရည်ကို။ အဘိညေယျာ၊ သိအပ်၏။ ဝသာ၊ ဆီ

ကြည်ကို။ အဘိညေယျာ၊ သိအပ်၏။ ခေဠော၊ တံထွေးကို။ အဘိညေယျာ၊ သိအပ်၏။ သိင်္ဃာဏိကာ၊ နှပ်ကို။ အဘိညေယျာ၊ သိအပ်၏။ လသိကာ၊ အစေးကို၊ အဘိညေယျာ၊ သိအပ်၏။ မုတ္တံ၊ ကျင်ငယ်ကို။ အဘိညေယျံ၊ သိအပ်၏။(၆)။ ။

**အာယတန ကောဋ္ဌာသ။** ။စက္ခာယတနံ အဘိညေယျံ၊ ရူပါယတနံ အဘိညေယျံ၊ သောတာယတနံ အဘိညေယျံ၊ သဒ္ဒါယတနံ အဘိညေယျံ၊ ဃာနာယတနံ အဘိညေယျံ၊ ဂန္ဓာယတနံ အဘိညေယျံ၊ ဇိဝှါယတနံ အဘိညေယျံ၊ ရသာယတနံ အဘိညေယျံ၊ ကာယာယတနံ အဘိညေယျံ၊ ဖောဋ္ဌဗ္ဗာယတနံ အဘိညေယျံ၊ မနာယတနံ အဘိညေယျံ၊ ဓမ္မာယတနံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

စက္ခာယတနံ၊ စက္ခာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ရူပါယတနံ၊ ရူပါယတနကို။ အဘိညေယျံ၊ သိအပ်၏။ သောတာယတနံ၊ သောတာယတနကို။ အဘိညေယျံ၊ သိအပ်၏။ သဒ္ဒါယတနံ၊ သဒ္ဒါယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဃာနာယတနံ၊ ဃာနာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဂန္ဓာယတနံ၊ ဂန္ဓာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဇိဝှါယတနံ၊ ဇိဝှါယတနကို။ အဘိညေယျံ၊ သိအပ်၏။ ရသာယတနံ၊ ရသာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ကာယာယတနံ၊ ကာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာယတနကို။ အဘိညေယျံ၊ သိအပ်၏။ မနာယတနံ၊ မနာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဓမ္မာယတနံ၊ ဓမ္မာယတနကို။ အဘိညေယျံ၊ သိအပ်၏။

**ဓါတု ကောဋ္ဌာသ။** ။စက္ခုဓာတု အဘိညေယျာ၊ ရူပဓာတု အဘိညေယျာ၊ စက္ခုဝိညာဏဓာတု အဘိညေယျာ၊ သောတဓာတု အဘိညေယျာ၊ သဒ္ဒဓာတု အဘိညေယျာ၊ သောတဝိညာဏဓာတု အဘိညေယျာ၊ ဃာနဓာတု အဘိညေယျာ၊ ဂန္ဓဓာတု အဘိညေယျာ၊ ဃာနဝိညာဏဓာတု အဘိညေယျာ၊ ဇိဝှါဓာတု အဘိညေယျာ၊ ရသဓာတု အဘိညေယျာ၊ ဇိဝှါညာဏဓာတု အဘိညေယျာ၊ ကာယဓာတု အဘိညေယျာ၊ ဖောဋ္ဌဗ္ဗဓာတု အဘိညေယျာ၊ ကာယဝိညာဏဓာတု အဘိညေယျာ၊ မနောဓာတု အဘိညေယျာ၊ ဓမ္မဓာတု အဘိညေယျာ၊ မနောဝိညာဏဓာတု အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

စက္ခုဓာတု၊ **စက္ခုဓာတ်ကို**။ အဘိညေယျာ၊ **သိအပ်၏**။ ရူပဓာတု၊ ရူပဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်ကို၊ အဘိညေယျာ၊ သိအပ်၏။ သောတဓာတု၊ သောတဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ သဒ္ဒဓာတု၊ သဒ္ဒဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ သောတဝိညာဏဓာတု၊ သောတဝိညာဏဓာတ်ကို။အဘိညေယျာ၊ သိအပ်၏။ ဃာနဓာတု၊ ဃာနဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဂန္ဓဓာတု၊ ဂန္ဓာဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဃာနဝိညာဏဓာတု၊ ဃာနဝိညာဏဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဇိဝှါဓာတု၊ ဇိဝှါဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ရသဓာတု၊ ရသဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဇိဝှါဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ကာယဓာတု။ ကာယဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဖေါဋ္ဌဗ္ဗဓာတု၊ ဖေါဋ္ဌဗ္ဗဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ မနောဓာတု၊ မနောဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ ဓမ္မဓာတု၊ ဓမ္မဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်ကို။အဘိညေယျာ၊ သိအပ်၏၊

**ဣန္ဒြိယ ကောဋ္ဌာသ**။ ။စက္ခုန္ဒြိယံ အဘိညေယျံ၊ သောတိန္ဒြိယံ အဘိညေယျံ၊ ဃာနိန္ဒြိယံ အဘိညေယျံ၊ ဇိဝှိန္ဒြိယံ အဘိညေယျံ၊ ကာယိန္ဒြိယံ အဘိညေယျံ၊မနိန္ဒြိယံ အဘိညေယျံ၊(**ဣန္ဒြေ ၆-ပါး**)။ ။ဇီဝိတိန္ဒြိယံ အဘိညေယျံ၊ ဣတ္ထိန္ဒြိယံ အဘိညေယျံ၊ ပုရိသိန္ဒြိယံ အဘိညေယျံ(**ဣန္ဒြေ၃-ပါး**)။ ။သုခိန္ဒြိယံ အဘိညေယျံ၊ ဒုက္ခိန္ဒြိယံ အဘိညေယျံ၊ သောမနဿိန္ဒြိယံ အဘိညေယျံ၊ ဒေါမနဿိန္ဒြိယံ အဘိညေယျံ၊ဥပေက္ခိန္ဒြိယံ အဘိညေယျံ၊(**ဝေဒနိန္ဒြေ ၅-ပါး**)။ ။သဒ္ဓိန္ဒြိယံ အဘိညေယျံ၊ ဝီရိယိန္ဒြိယံ အဘိညေယျံ၊ သတိန္ဒြိယံ အဘိညေယျံ၊ သမာဓိန္ဒြိယံ အဘိညေယျံ၊ပညိန္ဒြိယံ အဘိညေယျံ၊ (**ဣန္ဒြေ ၅-ပါး**)။ ။အနညာတညဿာမီတိန္ဒြိယံ အဘိညေယျံ၊ အညိန္ဒြိယံ အဘိညေယျံ၊ အညာတာဝိန္ဒြိယံ အဘိညေယျံ၊ (**လောကုတ္တရာ ဣန္ဒြေ ၃-ပါး**)။ ။မိုင်္ဂသမ္ဘိဒါဇင်္ဂါဒိတော်!

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အဘိညေယျံ၊ **သိအပ်၏**။ သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ အဘိညေယျံ၊သိအပ်၏။ ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေကို။အဘိညေယျံ၊ သိအပ်၏။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေကို။ အဘိညေယျံ သိအပ်၏။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ မနိန္ဒြိယံ၊ မနိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။(၆)။ ။ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ (၃)။ ။သုခိန္ဒြိယံ၊ သုခိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ဥပေက္ခိန္ဒြိယံ၊ ဥပေက္ခိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ (၅)။ ။သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ သတိန္ဒြိယံ၊သတိန္ဒြေကို။အဘိညေယျံ၊ သိအပ်၏။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ အဘိညေယျံ၊သိအပ်၏။ပညိန္ဒြိယံ၊ပညိန္ဒြေကို။ အဘိညေယျံ၊သိအပ်၏။ (၅)။ ။အနညာတညဿာမိတိန္ဒြိယံ၊ အနညာတညဿာမိတိန္ဒြေကို။အဘိညေယျံ၊ သိအပ်၏။ အညိန္ဒြိယံ၊ အညိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေကို။ အဘိညေယျံ၊ သိအပ်၏။ (၃)

---

## ဓါတ် ၃-ပါး စသည်ကို သိရမည်ကို ပြခြင်း

ဓာတု ကောဋ္ဌာသ။ ။ကာမဓာတု အဘိညေယျာ၊ ရူပဓာတု အဘိညေယျာ၊ အရူပဓာတု အဘိညေယျာ။

ကာမဓာတု၊ **ကာမဓာတ်ကို**။အဘိညေယျာ၊ **သိအပ်၏**။ ရူပဓာတု၊ ရူပဓာတ်ကို။ အဘိညေယျာ၊ သိအပ်၏။ အရူပဓာတု၊ အရူပဓာတ်ကို။အဘိညေယျာ၊ သိအပ်၏။

ဘဝ ကောဋ္ဌာသ။ ။ကာမဘဝေါ အဘိညေယျော၊ ရူပဘဝေါ အဘိညေယျော၊ အရူပ ဘဝေါ အဘိညေယျော၊ သညာဘဝေါ အဘိညေယျော၊ အသညာ ဘဝေါ အဘိညေယျော၊ နေဝသညာနာသညာ ဘဝေါ အဘိညေယျော၊ကေဝေါကာရ

ဘဝေါ အဘိညေယျော၊ စတုဝေါကာရ ဘဝေါ အဘိညေယျော၊ ပဉ္စဝေါကာရ ဘဝေါ အဘိညေယျော။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ကာမဘဝေါ၊ **ကာမဘဝကို**။ အဘိညေယျော၊ **သိအပ်၏**။ ရူပဘဝေါ၊ ရူပဘဝကို။ အဘိညေယျော၊ သိအပ်၏။အရူပဘဝေါ၊ အရူပဘဝကို။ အဘိညေယျော၊ သိအပ်၏။ သညာဘဝေါ၊ သညာဘဝကို။ အဘိညေယျော၊ သိအပ်၏။ အသညာဘဝေါ၊ အသညာဘဝကို။ အဘိညေယျော၊ သိအပ်၏။နေဝသညာ နာသညာ ဘဝေါ၊ နေဝသညာနာသညာ ဘဝကို။ အဘိညေယျော၊သိအပ်၏။ဧကဝေါကာရ ဘဝေါ။ ဧကဝေါကာရ ဘဝကို။ အဘိညေယျော၊ သိအပ်၏။ စတုဝေါကာရဘဝေါ၊ စတုဝေါကာရဘဝကို။ အဘိညေယျော၊ သိအပ်၏။ ပဉ္စဝေါကာရ ဘဝေါ၊ ပဉ္စဝေါကာရဘဝကို။ အဘိညေယျော၊ သိအပ်၏။

**ဈာန ကောဋ္ဌာသ**။ ။ပဌမဈာနံ အဘိညေယျံ၊ ဒုတိယဈာနံ အဘိညေယျံ၊ တတိယ ဈာနံ အဘိညေယျံ၊ စတုတ္ထဈာနံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ပဌမဈာနံ၊ **ပဌမဈာန်ကို**။ အဘိညေယျံ၊ **သိအပ်၏**။ ဒုတိယ ဈာနံ၊ ဒုတိယဈာန်ကို။ အဘိညေယျံ၊ သိအပ်၏။ တတိယဈာနံ၊ တတိယဈာန်ကို။ အဘိညေယျံ၊ သိအပ်၏။ စတုတ္ထဈာနံ၊ စတုတ္ထဈာန်ကို။ အဘိညေယျံ၊ သိအပ်၏။

**အပ္ပမညာ ကောဋ္ဌာသ**။ ။မေတ္တာ စေတောဝိမုတ္တိ အဘိညေယျာ၊ ကရုဏာ စေတောဝိမုတ္တိ အဘိညေယျာ၊ မုဒိတာ စေတောဝိမုတ္တိ အဘိညေယျာ၊ ဥပေက္ခာ စေတောဝိမုတ္တိ အဘိညေယျာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

မေတ္တာ စေတောဝိမုတ္တိ၊ **မေတ္တာဈာန်ကို**။ အဘိညေယျာ၊**သိအပ်၏**။ ကရုဏာ စေတောဝိမုတ္တိ၊ ကရုဏာဈာန်ကို။ အဘိညေယျာ၊သိအပ်၏။ မုဒိတာ စေတောဝိမုတ္တိ၊ မုဒိတာဈာန်ကို။ အဘိညေယျာ၊ သိအပ်၏။ဥပေက္ခာ စေတောဝိမုတ္တိ၊ ဥပေက္ခာဈာန်ကို။ အဘိညေယျာ၊ သိအပ်၏။

**သမာပတ် ကောဋ္ဌာသ။** ။အာကာသာနဉ္စာယတန သမာပတ္တိ အဘိညေယျာ၊ ဝိညာဏဉ္စာယတန သမာပတ္တိ အဘိညေယျာ၊ အာကိဉ္စညာယတန သမာပတ္တိ အဘိညေယျာ၊ နေဝသညာနာသညာယတန သမာပတ္တိ အဘိညေယျာ။ ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အာကာသာနဉ္စာယတန သမာပတ္တိ၊ အာကာသာနဉ္စာ ယတန သမာပတ်ကို။ အဘိညေယျာ၊ သိအပ်၏။ဝိညာဏဉ္စာ ယတန သမာပတ္တိ၊ ဝိညာဏဉ္စာယတန သမာပတ်ကို။ အဘိညေယျာ၊ သိအပ်၏။ အာကိဉ္စညာယတန သမာပတ္တိ၊ အာကိဉ္စညာယတနသမာပတ်ကို။ အဘိညေယျာ၊ သိအပ်၏။ နေဝသညာနာသညာယတန သမာပတ္တိ၊ နေဝသညာ နာသညာယတန သမာပတ်ကို။ အဘိညေယျာ၊ သိအပ်၏။

**ပဋိစ္စသမုပ္ပါဒ် ကောဋ္ဌာသ။** ။အဝိဇ္ဇာ အဘိညေယျာ၊သင်္ခါရာ အဘိညေယျာ၊ ဝိညာဏံ အဘိညေယျံ၊ နာမရူပံ အဘိညေယျံ၊ သဠာယတနံ အဘိညေယျံ၊ ဖဿော အဘိညေယျော၊ ဝေဒနာ အဘိညေယျာ၊ တဏှာ အဘိညေယျာ၊ ဥပါဒါနံ အဘိညေယျံ၊ ဘဝေါ အဘိညေယျော၊ ဇာတိ အဘိညေယျာ၊ ဇရာမရဏံ အဘိညေယျံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ အဘိညေယျာ၊ သိအပ်၏။ သင်္ခါရာ၊ သင်္ခါရတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဏကို။ အဘိညေယျံ၊ သိအပ်၏။ နာမရူပံ၊ နာမ်ရုပ်ကို။ အဘိညေယျံ၊ သိအပ်၏။ သဠာယတနံ၊ သဠာယတနကို။ အဘိညေယျံ၊ သိအပ်၏။ ဖဿော၊ ဖဿကို။ အဘိညေယျော၊ သိအပ်၏။ဝေဒနာ၊ ဝေဒနာကို။ အဘိညေယျာ၊ သိအပ်၏။ တဏှာ၊ တဏှာကို။ အဘိညေယျာ၊ သိအပ်၏။ ဥပါဒါနံ၊ ဥပါဒါန်ကို။ အဘိညေယျံ၊ သိအပ်၏။ ဘဝေါ၊ ဘဝကို။ အဘိညေယျော၊ သိအပ်၏။ ဇာတိ၊ ဇာတိကို။ အဘိညေယျာ၊ သိအပ်၏။ ဇရာမရဏံ၊ ဇရာမရဏကို။ အဘိညေယျံ၊ သိအပ်၏။

ဤသို့ ၃၂-ပါးသော ကောဋ္ဌာသတို့၌၊ စိတ်ကျရာ စိတ်ကျရာ၊ ဖြစ်စဉ်အားလျော်စွာ၊ သိမှတ်,ပိုင်းခြားရမည်ဟု၊ အဘိညေယျ ဒေသနာတွင်၊ ဘုရားဟောတော်မူသောကြောင့်၊ အာရမ္မဏကောဋ္ဌာသ၌၊ အဆင်းတို့ကို

သိအပ်ကုန်၏။ အသံတို့ကို သိအပ်ကုန်၏။ အနံ့တို့ကို သိအပ်ကုန်၏။ အရသာတို့ကို သိအပ်ကုန်၏။ အတွေ့တို့ကို သိအပ်ကုန်၏။ သဘောတို့ကို သိအပ်ကုန်၏ဟု ဆိုသဖြင့်၊ မျက်စိနှင့် အဆင်းကို မြင်သော အခိုက်အတန့်၌၊ မြင်,မြင်သည်ဟု သိမှတ်ပိုင်းခြားရမည်။ နားနှင့်အသံ ကြားသော အခိုက်အတန့်၌၊ ကြား, ကြားသည်ဟု သိမှတ်, ပိုင်းခြား ရမည်။ နှာခေါင်းနှင့် အနံ့ နံသော အခိုက်အတန့်၌၊ နံ,နံသည်ဟု သိမှတ်ပိုင်းခြားရမည်။ လျှာနှင့်အရသာ စားသော အခိုက်အတန့်၌၊ စား, စားသည်ဟု သိမှတ်,ပိုင်းခြားရမည်။ ကိုယ်နှင့် အတွေ့ ထိသော အခိုက်အတန့်၌၊ ထိ, ထိသည်ဟု သိမှတ်,ပိုင်းခြားရမည်။ စိတ်နှင့်သဘော သိသော အခိုက်အတန့်၌၊ သိ, သိသည်ဟု သိမှတ်,ပိုင်းခြားရမည်။

ထိုသို့ ဒွါရ,အာရုံ,ဝိညာဏ်-စသော ၂၃-ပါးသော ကောဋ္ဌာသ၌၊ ကျရာ,ကျရာ ထိုက်သည် အားလျော်စွာ၊ သိ,သိနေသော ရဟန်း,ရှင်,လူ တဦး တယောက်သော သူတို့မှာ၊ မဂ္ဂင် ၈ – ပါး၊ သိက္ခာ ၃ – ပါး၊ သိ, စောင့်,တည်–ဟူသော တရားအပေါင်းတို့၊ သက်ဆုံ,ဝင်နှံ၍၊ အမြဲ ဖြစ်ကြသောကြောင့်၊ ဝိပဿနာတရား ကေန်အားထုတ်ရာ ရောက်၏။

## သိ,စောင့်,တည်-မဂ္ဂင်အလုပ်ကို ပြခြင်း

သိ,စောင့်,တည်–ဟူသော သိက္ခာ သုံးပါး၊ မဂ္ဂင် ၈–ပါးတရားနှင့် အဘယ်သို့ ညီသနည်းဆိုသော်၊ မျက်စိနှင့်အဆင်း မြင်သောအခါ၌၊ မြင်, မြင်သည်ဟု သိရမည်ဟု၊ ဘုရားရှင် ဟောတော်မူသောကြောင့်၊ မဂ္ဂင် ၈-ပါး၏ အကျဉ်းချုပ် သိက္ခာ ၃-ပါးတို့တွင်၊ ပဥ္စမ သိက္ခာ,မဂ္ဂင် ၂-ပါး၏ တရားနှင့် ညီမျှ၏။ သိ,ဟူသော စကားထဲ၌၊ မဂ္ဂင် ၂-ပါး ပါသည်ကိုလည်း၊ သတိထားရာ၏။

အဘယ်၌၊ သိ, သနည်းဟု ဒုတိယစကားကို ကြည့်ရှု၍၊ အမေးထုတ်သော်၊ ရုပ်တရား, နာမ်တရားတို့၌ သိသည်ဟု ဖြေဆိုရမည်။ ဤရုပ်တရား, နာမ်တရားကား၊ အဘယ်နည်း ဆိုသော်၊ မြင်သောအခါ၊ မြင်, သည်ဟု မှတ်သဖြင့်၊ မြင်ခြင်းကား၊ အခြားကို မမြင်၊ အဆင်းကိုသာ မြင်သောကြောင့်၊ အဆင်းသည် ရုပ်မည်၏။

> သိရုံသာ သိရမည်။ အဆင်းရုပ်ဟု စိတ်၌ အထူးမကူးအပ်၊ သိကာမျှဖြင့်သာ၊ ဂေါစရသမ္ပဇဉ် ဖြစ်၏။ ဤကားအမှာ၊
>
> ထိုအဆင်းကို မှတ်၍, မှတ်၍ နေခြင်းသည်ကား၊ နာမ်မည်၏။
>
> နာမ်ဘဲဟု အထူးစိတ်၌ မကူးအပ်၊ အာရုံသို့ ညွှတ်ကတည်းက၊ နမန လက္ခဏာ ထင်ရှားလှပေ၏၊ ဤကားအမှာ၊

သို့ဖြစ်၍၊ မြင်သောအခါ၊ မြင်ကာမျှ၊ အမှတ်, ပြုကာမျှဖြင့်၊ ရုပ်, နာမ် ၂-ပါးကို၊ ထင်ရှားစွာ အမှတ်ပြုနေသည်ကိုပဲ တထစ်ချမှတ်သား၍၊ နှလုံး၌ ထားရမည်။

သိ, သိနေသဖြင့်၊ ဘယ်လို **စောင့်ပါသနည်း** ဆိုသော်၊ မျက်စိဖြင့် အဆင်းကို မြင်နေသည်ဟု သိနေသဖြင့်၊ မြင်,မြင်သည်ဟု မှတ်နေသဖြင့်၊ ထိုသိမှတ်နေသော အခိုက်အတန့်ကလေး၌၊ လိုချင်နှစ်သက် ရမက်စွဲလမ်းသော စိတ်မရှိသဖြင့်၊ လောဘ, အကုသိုလ် တရားကို မလာရအောင်၊ စောင့်ထားရာ ရောက်၏။ မြင်,မြင်သည်ဟု သိ, သိနေသဖြင့်၊ သိမှတ်နေသော အခိုက်အတန့်ကလေး၌၊ မလိုချင်,မနှစ်သက်၊ဒေါသ၏ အကုသိုလ်တရားတို့ကို မလာရအောင်၊ စောင့်ထားရာ ရောက်၏။ မြင်,မြင်သည်ဟု သိမှတ်, ပိုင်းခြားနေသဖြင့်၊ မသိသော မောဟ၏ အကုသိုလ်တရားတို့ကို မဖြစ်အောင်၊ စောင့်ထားရာ ရောက်၏။ မြင်, မြင်သည်ဟု သိမှတ်, ပိုင်းခြားသော၊ အခိုက်အတန့်၌၊ သူ့အသက်ကို သတ်လိုသော စိတ်,မရှိသောကြောင့်၊ ပါဏာတိပါတ, သိက္ခာပုဒ်ကို စောင့်ထိန်းရာ ရောက်၏။ ၎င်းအခိုက်အတန့်၌၊အဒိန္နာဒါနာ,စသောသိက္ခာပုဒ်များ,မကောင်းမှု ဒုစရိုက်များကို၊ ယခုနေရာက နေ၍၊ စောင့်,စောင့်နေသောကြောင့်၊ စောင့်,ဟူသော အထက်ပါ ဒုတိယ သိက္ခာစကားနှင့် ညီမျှ၏။ ထိုသို့ ညီမျှသောကြောင့်၊စောင့်သော အခိုက်အတန့်၌၊မဂ္ဂင် ၃-ပါးထင်ရှားစွာ ပါကြပေ၏။

> အထက်ပါ ပယ်ပုံတို့၏ စကား ၃-ရပ် ဆင်ခြင်ရန်မှာ၊ တခုသော စိတ္တက္ခဏ၏ တကြိမ်သော စိတ်ဖြစ်ပေါ်နေတုန်း, အခိုက်အတန့်၌၊ အခြားသော စိတ် မဖြစ်သည်ကို၊ အထူးသတိပြုရာ၏။ ဤကားအမှာ။

သိ,သိနေသဖြင့်၊ အဘယ်၌ **တည်ပါသနည်း** ဆိုသော်၊ မျက်စိဖြင့် အဆင်းကို မြင်သော ခဏ၌၊ မြင်,မြင်သည်ဟု သိနေခိုက်၊ ကြားသော နေရာသို့ စိတ်မရောက်သောကြောင့်၊ ၎င်းအခိုက်အတန့်၌ပင် တည်၏။ မြင်,

မြင်သည်ဟု သိနေခိုက်၊ နံသော နေရာသို့ စိတ် မရောက်သောကြောင့်၊ ၎င်းအခိုက် အတန့်၌ပင် တည်၏။ မြင်,မြင်သည်ဟု သိနေခိုက်၊စားသော ခဏသို့ စိတ်မရောက်သောကြောင့်၊ ၎င်းအခိုက် အတန့်၌ပင် တည်၏။ မြင်, မြင်သည်ဟု သိနေခိုက်၊ ထိသော ခဏသို့ စိတ်မရောက်သောကြောင့်၊ ၎င်း အခိုက်အတန့်၌ပင် တည်၏။ မြင်,မြင်သည်ဟု သိနေခိုက်၊ သိသောခဏသို့ စိတ်မရောက်သောကြောင့်၊ ၎င်းအခိုက်အတန့်၌ပင် တည်၏။

ထိုသို့ သိ, သိနေသဖြင့်၊ သူ့အခိုက်အတန့်, သူ့အခိုက်အတန့်၌၊ တည်,တည်နေသောကြောင့်၊ 'တည်' ဟူသော စကားနှင့်လည်း ညီမျှပေ၏။ ညီမျှသဖြင့်လည်း ထိုစကားထဲ၌၊သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ-ဟု ဆိုအပ်သော မဂ္ဂင် ၃-ပါး ပါပေ၏။

အဘယ်၌ တည် သနည်းဆိုသော်၊ ရုပ်တရား, နာမ်တရား တို့၏ အပေါ်၌ တည်ပေ၏။ တည်ပုံမှာ၊ မြင်,မြင်သည်ဟု မှတ်သဖြင့်၊ အဆင်း ဘည်းဟူသော-ရုပ၊ မြင်ခြင်းတည်းဟူသော-နာမ။ ဤနာမ,ရုပ, ၂-ပါး အပေါ်၌၊ မြင်နေခိုက် သိသဖြင့် တည်၏။ ကြား, ကြားသည်ဟု မှတ်သဖြင့်၊ အသံတည်းဟူသော - ရုပ၊ ကြားခြင်းတည်းဟူသော- နာမ။ ဤ နာမ,ရုပ, ၂-ပါးအပေါ်၌၊ ကြားနေခိုက် သိသဖြင့် တည်၏။ နံ,နံသည် ဟု မှတ်သဖြင့်၊ အနံ့တည်းဟူသော—ရုပ၊ နံခြင်းတည်းဟူသော- နာမ။ ဤနာမ,ရုပ, ၂-ပါး အပေါ်၌၊ နံနေခိုက် သိသဖြင့် တည်၏။ စား,စား သည်ဟု မှတ်သဖြင့်၊အရသာ တည်းဟူသော-ရုပ၊စားခြင်းတည်းဟူသော နာမ။ဤနာမ,ရုပ,၂-ပါး အပေါ်၌၊ စားနေခိုက် သိသဖြင့် တည်၏။ထိ, ထိသည်ဟု မှတ်သဖြင့်၊အတွေ့တည်းဟူသော-ရုပ၊ထိခြင်းတည်းဟူသော- နာမ။ ဤနာမ,ရုပ, ၂-ပါး အပေါ်၌၊ ထိနေခိုက် သိသဖြင့် တည်၏။ သိ, သိသည်ဟု မှတ်သဖြင့်၊ နှလုံးသဘောတည်းဟူသော-ရုပ၊ သိခြင်းတည်း ဟူသော-နာမ။ ဤနာမ,ရုပ, ၂-ပါး အပေါ်၌၊ သိသဖြင့် တည်၏။

သို့ဖြစ်၍၊ အဘိဓေယျ ဒေသနာတော် လာတိုင်း၊ သိ,သိနေရ မည်ဟု ဟောတော် မူသော အသိ၌၊ သိသဖြင့် စောင့်၏၊ စောင့်သဖြင့် တည်၏။ဤသိ,စောင့်,တည်,၃-ပါးနှင့် ညီသောကြောင့်၊ဝိပဿနာတရား ကို အားထုတ်၍၊ နိဗ္ဗာန်ကို အလိုရှိကြ ကုန်သောသူတို့သည်၊ ဒွါရ,အာရုံ, ဝိညာဏ်တို့၌၊ စိတ်ချက်ကျတိုင်း, ကျတိုင်း၊ သိမှတ်ပိုင်းခြား မှုသာလျှင်၊

ဝိပဿနာတရားကို ပွါးများရာ ရောက်သောကြောင့်၊ **နိဗ္ဗာန်ကို–ယခုဘဝတွင်** ကေန် ရကြ ပေလိမ့်မည်။ အဓိသီလသိက္ခာအရ စောင့်သဖြင့်၊ အဓိစိတ္တသိက္ခာဖြစ်၍ တည်၏။ စောင့်တည်သဖြင့်၊ အမှန် မြင်ခြင်းကိုရင်း၊ သိသဖြင့် သိက္ခာ ၃–ပါးကို ကျင့်ရာရောက်ကြောင်းကိုလည်း၊ ဘုရားရှင် ဟောတော်မူသည်။ ထို့ကြောင့်၊–

> ဝေရူပါနံ သီလာနံ သံဝရပါရိသုဒ္ဓိ အဓိသီလံ။ သံဝရပါရိသုဒ္ဓိယာ ဋ္ဌိတံ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ၊ အဝိက္ခေပပါရိသုဒ္ဓိ အဓိစိတ္တံ။ သံဝရပါရိသုဒ္ဓိံ သမ္မာ ပဿတိ၊ အဝိက္ခေပ ပါရိသုဒ္ဓိံ သမ္မာ ပဿတိ၊ ဒဿန ပါရိသုဒ္ဓိ အဓိပညာ။ ယော တတ္ထ သံဝရဋ္ဌော၊ အယံ အဓိသီလသိက္ခာ။ ယော တတ္ထ အဝိက္ခေပဋ္ဌော၊ အယံ အဓိစိတ္တသိက္ခာ။ ယော တတ္ထ ဒဿနဋ္ဌော၊ အယံ အဓိပညာသိက္ခာ။ ဣမာတိဿော သိက္ခာယော။ ။ပ။ အသိဋ္ဌေယျံ အဘိဇာနန္တော သိက္ခတိ၊ ပရိဋ္ဌေယျံ ပရိဇာနန္တော သိက္ခတိ၊ ပဟာတဗ္ဗံ ပဇဟန္တော သိက္ခတိ၊ သစ္ဆိကာတဗ္ဗံ သစ္ဆိကရောန္တော သိက္ခတိ၊ ဘာဝေတဗ္ဗံ ဘာဝေန္တော သိက္ခတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဝေရူပါနံ၊ ဤသို့ သဘောရှိကုန်သော။ သီလာနံ၊ သီလတို့ကို။ သံဝရပါရိသုဒ္ဓိ၊ စောင့်ရှောက်သဖြင့် စင်ကြယ် ခြင်းသည်။ အဓိသီလံ၊ အဓိသီလမည်၏။ သံဝရပါရိသုဒ္ဓိယာ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကြောင့်။ ဋ္ဌိတံ၊ တည်သော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အဝိက္ခေပပါရိသုဒ္ဓိ၊ မပျံ့မလွင့်သဖြင့် စင်ကြယ်ခြင်းသည်။ အဓိစိတ္တံ၊ အဓိစိတ္တမည်၏။ သံဝရပါရိသုဒ္ဓိယာ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကြောင့်။ ဋ္ဌိတံ၊ တည်သော။ စိတ္တံ၊ စိတ်သည်။ သံဝရပါရိသုဒ္ဓိံ၊ စောင့်ရှောက်သဖြင့် စင်ကြယ်ခြင်းကို။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။ **(အမှန် မြင်၏ ဟူလို)**။ ။အဝိက္ခေပပါရိသုဒ္ဓိံ၊ မပျံ့လွင့်သဖြင့် စင်ကြယ်ခြင်းကို။ သမ္မာ ကောင်းစွာ။ ပဿတိ၊ မြင်၏။ ဒဿနပါရိသုဒ္ဓိ၊ မြင်သဖြင့် စင်ကြယ်ခြင်းသည်။ အဓိပညာ၊ အဓိပညာမည်၏။ တတ္ထ၊ ထိုသီလတို့၌။ ယော သံဝရဋ္ဌော၊ အကြင်စောင့်သော အနက်သဘော။ အယံ၊ ဤစောင့်သော အနက်သဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ထိုသီလတို့၌။ ယော အဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့်သောအနက်သဘော။ အယံ၊ ဤမပျံ့လွင့်သောအနက်သဘောသည်။ အဓိ

စိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ထိုသီလတို့၌။ ယော ဒသာန ဌေ့ာ၊ အကြင်မြင်သော အနက်သဘော။ အယံ၊ ဤမြင်သော အနက်သ ဘောသည်၊ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။ပ။ အဘိညေယျံ၊ သိအပ်သော **နာမ်, ရုပ်** ကို။ အဘိဇာနန္တော၊ သိသည်ရှိသော်။ ဣမာတိ သော သိက္ခာယော၊ ဤ ၃-ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ပရိညေယျံ၊ ပိုင်းခြားအပ်သော **အနိစ္စ, ဒုက္ခ, အနတ္တ** ကို။ ပရိဇာနန္တော၊ ပိုင်းခြားသည်ရှိသော်၊ ဣမာ တိသော သိက္ခာယော၊ ဤ ၃-ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ပဟာတဗ္ဗံ၊ ပယ်အပ်သော **ကိလေသာ** ကို။ ပဇဟန္တော၊ ပယ်သည် ရှိသော်။ ဣမာ တိသော သိက္ခာယော၊ ဤ ၃-ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက် ပြုအပ်သော **နိဗ္ဗာန်** ကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုသည်ရှိသော်။ ဣမာ တိသော သိက္ခာယော၊ ဤ ၃-ပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ဘာဝေတဗ္ဗံ၊ ပွါးအပ်သော မဂ်ကို။ ဘာဝေန္တော၊ ပွါးသည်ရှိ သော်။ ဣမာ တိသော သိက္ခာယော၊ ဤသုံးပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်၏။ ။ပါဠိ, အနက်နှင့်-အဓိပ္ပါယ်ကို နှီးနှော၍ရှု။

ထိုကဲ့သို့၊ သီလ,သမာဓိ,ပညာဟု ဆိုအပ်သော အလုပ်စခန်းကို၊ ကြိုးပမ်းတကုတ်၊ လုံ့လထုတ်၍၊ မီးပွတ်သော ယောက်ျား သူတို့လားကဲ့သို့၊ မြင်ခြင်း,ကြားခြင်း,နံခြင်း, စားခြင်း, ထိခြင်း,သိခြင်း,ကွေးခြင်း,ဆန့်ခြင်း အစရှိသော၊ ဖြစ်ဖြစ်သမျှ ဌာနာဌာနတို့၌၊ ဖြစ်သော အခြင်းအရာ ထင် သော သဘောလက္ခဏာကို၊ ကောင်းစွာမှတ်၍၊ အာရုံသို့ ရှေ့ရှုသော ပညာသည်၊ ဉာဏ်မည်၏။ ထိုဉာဏ်သည်၊ အဘယ်နည်း ဆိုသော်၊-

အကြင်အကြင်၊ ရုပ်တရား, နာမ်တရားတို့သည်၊ ဖြစ်သော အခြင်း အရာ၊ ထင်သော လက္ခဏာကို၊ ကောင်းစွာမှတ်၍၊ အာရုံသို့ ရှေးရှုသော ပညာဖြင့် သိအပ်ကုန်သော၊ ထိုထိုရုပ်တရား,နာမ်တရားတို့သည်၊ သိမှတ် အပ်သော အာရုံတို့ ဖြစ်ကုန်၏။ ဤသို့ သိမှတ်အပ်သော အာရုံကို၊ သိမှတ် ခြင်းသည်၊ ဉာတဋ္ဌ-ဉာဏ်လည်းမည်၏။ ပဇာနနဋ္ဌ-ပညာလည်းမည်၏ဟု ဘုရားရှင် ဟောတော်မူသည်။ ထို့ကြောင့်၊-

ကထံ အဘိညာပညာ ဉာတဋ္ဌေဉာဏံ။ ယေယေဓမ္မာ အဘိ ညာတာ ဟောန္တိ။ တေတေ ဓမ္မာ ဉာတာ ဟောန္တိ။ တံ ဉာတ ဋ္ဌေန ဉာဏံ။ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ အဘိညာ ပညာ ဉာတဋ္ဌေဉာဏံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အဘိညာပညာ၊ ဖြစ်သော အခြင်းအရာ၊ ထင်သော သဘောလက္ခဏာကို ကောင်းစွာမှတ်၍၊ အာရုံသို့ ရှေးရှုသော ပညာသည်။ ဉာတဌေ ဉာဏံ၊ ဉာတဌဉာဏ်မည်။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ယေယေ ဓမ္မာ၊ အကြင်အကြင် ရုပ်တရား, နာမ်တရားတို့သည်။ အဘိညာတာ၊ ဖြစ်သော အခြင်းအရာ၊ ထင်သော သဘောလက္ခဏာကို၊ ကောင်းစွာမှတ်၍၊ အာရုံသို့ ရှေးရှုသော ပညာဖြင့်၊ သိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေတေ ဓမ္မာ၊ ဖြစ်သော အခြင်းအရာ၊ ထင်သောသဘောလက္ခဏာကို၊ ကောင်းစွာမှတ်၍အာရုံသို့ ရှေးရှုသော ပညာဖြင့် သိအပ်ကုန်သော၊ ထိုထိုရုပ်တရား, နာမ်တရားတို့သည်။ ဉာတာ၊ သိမှတ်အပ်သော အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇဝံ၊ ဤသို့။ တံ၊ ထိုသိမှတ်အပ်သော အာရုံကို၊ သိမှတ်ခြင်းသည်။ ဉာတဌေန ဉာဏံ၊ ဉာတဌဉာဏ်လည်းမည်၏။ ပဇာနနဌေနပညာ၊ ပဇာနနဌပညာလည်းမည်၏။တေန၊ ထို့ကြောင့်။ အဘိညာပညာ၊ ဖြစ်သော အခြင်းအရာ၊ ထင်သော သဘောလက္ခဏာကို၊ ကောင်းစွာမှတ်၍၊ အာရုံသို့ ရှေးရှုသောပညာကို။ ဉာတဌေဉာဏံ၊ သိမှတ်အပ်သော အာရုံကို၊ သိမှတ်သော ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

## ပဋိစ္စသမုပ္ပါဒ်ကို ပြခြင်း

ထိုကဲ့သို့ သိမှတ်ပိုင်းခြား၍နေသော၊ အခိုက်အတန့်,အခိုက်အတန့်တို့၌၊ မဂ္ဂင် ၈-ပါး ပါရုံတွင် မကသေး၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်း ပြတ်ပေ၏။သစ္စာလေးပါးလည်း တပြိုင်နက် မှတ်သော ခဏ,ခဏ၌၊တဒင်္ဂမင်္ဂအားဖြင့် ထင်ရှားစွာ ဖြစ်ပေါ်ကုန်၏။ ပဋိစ္စသမုပ္ပါဒ်သည်၊ အင်္ဂါအားဖြင့် ၁၂-ပါး၊ကာလ အားဖြင့် ၃-ပါး၊ဝဋ်အားဖြင့် ၃-ပါး၊ အခြင်း အရာအားဖြင့် ၂၀၊ အစပ်အားဖြင့် ၃-ပါး၊ အလျှာအားဖြင့် ၄-လျှာ၊ မူလအားဖြင့် ၂-ပါးရှိသည်ကို၊ ရှေးဦးစွာ စိတ်တွင်း၌၊ မာတိကာ သဘောခင်း၍ထားရမည်။

**အင်္ဂါအားဖြင့် ၁၂-ပါးဟူသော်ကား၊** (၁) အဝိဇ္ဇာ (၂) သင်္ခါရ (၃) ဝိညာဏ် (၄) နာမ်ရုပ် (၅) သဠာယတန (၆) ဖဿ (၇) ဝေဒနာ (၈) တဏှာ (၉) ဥပါဒါန် (၁၀) ဘဝ (၁၁) ဇာတိ (၁၂) ဇရာမရဏ-ဟူ၍၊ အင်္ဂါအားဖြင့် ၁၂-ပါးရှိ၏။

ထို ၁၂-ပါးတို့တွင်၊ အဝိဇ္ဇာကြောင့်-သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့်-ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်ကြောင့် -နာမ်, ရုပ်ဖြစ်၏၊ နာမ်, ရုပ်ကြောင့်-သဠာယတန ဖြစ်၏၊ သဠာယတနကြောင့်-ဖဿဖြစ်၏၊ ဖဿကြောင့်-ဝေဒနာဖြစ်၏၊ ဝေဒနာကြောင့်-တဏှာဖြစ်၏၊ တဏှာကြောင့်-ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ကြောင့်-ဘဝဖြစ်၏၊ ဘဝကြောင့်-ဇာတိဖြစ်၏၊ ဇာတိကြောင့်-ဇရာမရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ တို့သည် ဖြစ်ကြကုန်၏။ ထို့ကြောင့်။-

> အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿု,ပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။
>
> (မဟာဝါပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာပစ္စယာ၊ **အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်**။သင်္ခါရာ၊ **သင်္ခါရတို့သည်**။သမ္ဘဝန္တိ၊ **ဖြစ်ကုန်၏**။သင်္ခါရ ပစ္စယာ၊ သင်္ခါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမ,ရူပံ၊ နာမ်,ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမ,ရူပ ပစ္စယာ၊ နာမ်,ရုပ်တည်းဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ သဠာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတန ပစ္စယာ၊ သဠာယတန ဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿ ပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမန

သုပါယာသာ၊ ဇရာ မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည်၊ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာမဖက်၊ ဆင်းရဲ သက်သက်သော။ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစု၏။သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ထိုပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးသည်၊အဝိဇ္ဇာ၏ သာလျှင်၊အကြွင်းမဲ့ ချုပ်ခြင်းကြောင့်၊ သင်္ခါရ ချုပ်၏။ သင်္ခါရ ချုပ်ခြင်းကြောင့်၊ ဝိညာဏ် ချုပ်၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့်၊ နာမ်,ရုပ် ချုပ်၏။ နာမ်,ရုပ် ချုပ်ခြင်းကြောင့်၊သဠာယတန ချုပ်၏။သဠာယတန ချုပ်ခြင်းကြောင့်၊ဖဿ ချုပ်၏။ ဖဿ ချုပ်ခြင်းကြောင့်၊ဝေဒနာ ချုပ်၏။ ဝေဒနာ ချုပ်ခြင်းကြောင့်၊ တဏှာ ချုပ်၏။ တဏှာ ချုပ်ခြင်းကြောင့်၊ ဥပါဒါန်ချုပ်၏။ ဥပါဒါန် ချုပ်ခြင်းကြောင့်၊ဘဝ ချုပ်၏။ ဘဝ ချုပ်ခြင်းကြောင့်၊ဇာတိ ချုပ်၏။ဇာတိ ချုပ်ခြင်းကြောင့်၊ ဇရာမရဏ, သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာသတို့ ချုပ်ကြသည်ကိုလည်း၊ သတိထားကြဦး။ ထို့ကြောင့်၊-

> အဝိဇ္ဇာယတွေ၀ ဘိက္ခဝေ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော။ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော။ ဝိညာဏနိရောဓာ နာမရူပနိရောဓော။ နာမရူပနိရောဓာ သဠာယတန နိရောဓော။ သဠာယတနနိရောဓာ ဖဿ နိရောဓော။ ဖဿနိရောဓာ ဝေဒနာ နိရောဓော။ ဝေဒနာ နိရောဓာ တဏှာ နိရောဓော။ တဏှာ နိရောဓာ ဥပါဒါန နိရောဓော။ ဥပါဒါန နိရောဓာ ဘဝ နိရောဓော။ဘဝနိရောဓာ ဇာတိနိရောဓော၊ဇာတိနိရောဓာ ဇရာမရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ။ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။
>
> (ဌင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာယ တွေ၀ အသေသ ဝိရာဂ နိရောဓာ၊ **အဝိဇ္ဇာ၏** သာလျှင်၊ ရာဂကင်းသဖြင့် အကြွင်းမဲ့ **ချုပ်ခြင်းကြောင့်**။ သင်္ခါရ နိရောဓော၊ **သင်္ခါရချုပ်သည်**၊ ဟောတိ၊ ဖြစ်၏။ သင်္ခါရ နိရောဓာ၊ သင်္ခါရ ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏ်ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏ နိရောဓာ၊ဝိညာဏ် ချုပ်ခြင်းကြောင့်။နာမရူပ နိရောဓော၊ နာမ်,ရုပ် ချုပ်သည်။ဟောတိ၊ ဖြစ်၏။ နာမရူပ နိရောဓာ၊နာမ် ရုပ်ချုပ်ခြင်းကြောင့်။ သဠာယတန နိရောဓော၊ သဠာယတနချုပ်သည်။

ဟောတိ၊ ဖြစ်၏။ သဠာယတန နိရောဓာ၊ သဠာယတန ချုပ်ခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿ ချုပ်ခြင်းကြောင့်။ ဝေဒနာ နိရောဓော၊ ဝေဒနာချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာ နိရောဓာ၊ ဝေဒနာ ချုပ်ခြင်းကြောင့်။ တဏှာနိရောဓော၊ တဏှာ ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ တဏှာ နိရောဓာ၊ တဏှာချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန် ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိ ရောဓာ၊ ဥပါဒါန် ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝ ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘဝ နိရောဓာ၊ ဘဝချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ နိရောဓာ၊ ဇာတိ ချုပ်ခြင်း ကြောင့်။ ဇရာမရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ ပါယာသာ၊ ဇရာ မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာမဖက်၊ ဆင်းရဲ သက် သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခအစု၏။ နိရောဓော၊ ချုပ်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။

---

## ကာလ ၃-ပါးဖြင့် စက်လည်ပုံကို ပြခြင်း

ဤသို့ ပဋိစ္စသမုပ္ပါဒ်, စက်ရဟတ် တရားတို့၏၊ ချုပ်သည်, လည် သည်ကိုလည်း၊ သတိ ထားရာ၏။ ထို ၁၂-ပါးသော ပဋိစ္စသမုပ္ပါဒ်တို့၏ စက်ရဟတ် ကာလ သုံးပါးဖြင့် လည်ကြပုံမှာ၊ အင်္ဂါ ၁၂-ပါး တို့တွင်၊ အဝိဇ္ဇာ နှင့် – သင်္ခါရကို တတွဲတွဲ၍၊ စိတ်ထဲ၌ မှတ်သား ထားရာ၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်, ဘဝ ဤအင်္ဂါရှစ်ပါးကို တတွဲတွဲ၍၊ စိတ်ထဲ၌ ထားရာ၏။ ဇာတိနှင့် ဇရာမရဏ တတွဲတွဲ၍၊ စိတ်ထဲ၌ ထားရာ၏။ ဤသို့အားဖြင့်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်ကို၊ တွဲစပ်၍ကြည့်သော်၊ ပဌမ, နှစ်လုံး တတွဲ၊ ဒုတိယ, ရှစ်လုံး တတွဲ၊ တတိယ,နှစ်လုံးတတွဲ၊ ပေါင်း ၁၂-လုံးဖြစ်၏။

ထိုသုံးတွဲတို့တွင်၊ ပဌမ ၂-လုံးတွဲ၏ အမည်ကား၊ **အတိတ်**-ဟူသော အမည်ဖြစ်၏။ ဒုတိယ ရှစ်လုံးတွဲ၏ အမည်ကား၊ **ပစ္စုပ္ပန်**-ဟူသော အမည် ဖြစ်၏။ တတိယ ၂-လုံးတွဲ၏ အမည်ကား၊ **အနာဂတ်**-ဟူသော အမည် ဖြစ်၏။ ဤအတိတ်,ပစ္စုပ္ပန်,အနာဂတ် ဟူသော၊ သုံးမည်သည်၊ အတီတ, ပစ္စုပ္ပန္န,အနာဂတ-ဟူသော၊ ပါဠိဘာသာသက်သက်မှ လာသော၊ ပါဠိ ပျက် စကားမျိုးဖြစ်၏။ ထိုပါဠိပျက်စကားမျိုးကို၊ မြန်မာဘာသာ သက်

သက် ပြန်ဆိုသော်၊ အတိတ် – ဟူသော စကားသည်၊ ဖြစ်ပြီး – ဟူသော မြန်မာစကားနှင့်ညီမျှ၏။ ပစ္စုပ္ပန်-ဟူသော စကားသည်၊ ဖြစ်ဆဲ–ဟူသော မြန်မာစကားနှင့်ညီမျှ၏။ အနာဂတ် – ဟူသော စကားသည်၊ ဖြစ်လတံ့ - ဟူသော မြန်မာစကားနှင့် ညီမျှ၏။ အတိတ်,ပစ္စုပ္ပန်,အနာဂတ်–ဟူသော ပါဠိပျက်စကား သုံးလုံးသည်၊ ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံ့-ဟူသော မြန်မာစကား သုံးလုံးနှင့် ညီမျှ၏။

ဖြစ်ပြီးဟူသော ကာလထဲ၌၊ အဝိဇ္ဇာနှင့် သင်္ခါရ နှစ်ပါး။ ဖြစ်ဆဲ ဟူသော ကာလထဲ၌၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ,ဥပါဒါန်,ဘဝ ရှစ်ပါး။ ဖြစ်လတံ့ဟူသော ကာလထဲ၌၊ ဇာတိနှင့် ဇရာမရဏပါ၍၊ ဖြစ်ပြီး,ဖြစ်ဆဲ, ဖြစ်လတံ့ဟူသော ကာလသုံးပါးထဲ၌၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးစလုံးပါ၏။

ထိုကာလ သုံးပါး၊ အဘယ်၌ ဖြစ်သနည်း ဆိုသော်၊ မျက်စိဖြင့် အဆင်းကို မြင်သောခဏ၌၊ မြင်ပြီး,မြင်ဆဲ,မြင်လတံ့ သုံးပါးရှိ၏။ ထို သုံးပါးတို့တွင်၊မြင်ပြီးထဲ၌၊ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာနှင့် သင်္ခါရ အင်္ဂါ၂-ပါး ခေါင်းဆောင်၍၊ ပါသွားသည်ကိုလည်း သိအပ်၏။ မြင်ဆဲထဲ၌၊ ပဋိစ္စ သမုပ္ပါဒ် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝဟု ဆိုအပ်သော၊ အင်္ဂါရှစ်ပါး ခေါင်းဆောင်၍၊ ပါနေ သည်ကိုလည်း သိအပ်၏။ မြင်လတံ့ထဲ၌၊ ပဋိစ္စသမုပ္ပါဒ် ဇာတိနှင့် ဇရာ မရဏ အင်္ဂါ ၂-ပါး ခေါင်းဆောင်၍ ပါလတံ့ကိုလည်း သိအပ်၏။

ဤသို့ မျက်စိနှင့် အဆင်း မြင်ခြင်း သုံးပါးတို့ တွေ့ဆုံသောအခါ၊ မြင်ပြီး,မြင်ဆဲ,မြင်လတံ့။နားနှင့် အသံ ကြားခြင်း သုံးပါးတို့ တွေ့ဆုံသော အခါ၊ ကြားပြီး, ကြားဆဲ, ကြားလတံ့။ နှာခေါင်းနှင့် အနံ့ နံ့ခြင်း သုံး ပါးတို့ တွေ့ဆုံသောအခါ၊နံ့ပြီး,နံ့ဆဲ,နံ့လတံ့။ လျှာနှင့် အရသာ စားခြင်း သုံးပါးတို့ တွေ့ဆုံသောအခါ၊စားပြီး,စားဆဲ,စားလတံ့။ကိုယ်နှင့် အတွေ့ ထိခြင်း သုံးပါးတို့ တွေ့ဆုံသောအခါ။ ထိပြီး, ထိဆဲ, ထိလတံ့။ စိတ်နှင့် သဘော သိခြင်း သုံးပါးတို့ တွေ့ဆုံသောအခါ၊ သိပြီး,သိဆဲ,သိလတံ့ဟု၊ အသီးအသီး၊ သူ့ဒွါရ, သူ့အာရုံ, သူ့ဝိညာဏ် တို့၌၊ ကာလသုံးပါးစီ ဖြစ်၍နေသောကြောင့်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည်၊ မသိသော သူ တို့အား၊ မျက်စိ၌ လည်၏၊ နား၌ လည်၏၊ နှာခေါင်း၌ လည်၏၊ လျှာ၌ လည်၏၊ ကိုယ်၌ လည်၏၊ စိတ်၌ လည်၏ဟု မှတ်ရမည်။

## ဝင် ၃-ပါး,အလှာ ၄-လှာဖြင့် စက်လည်ပုံကို ပြခြင်း

ထိုပဋ္ဌာန်ပစ္စယမုပ္ပါဒ်တရားတို့၏ စက်ရဟတ်သည်၊ ဝဋ်သုံးပါးအားဖြင့် လည်ကြကုန်၏။ လည်ပုံမှာ၊ ထို ၁၂-ပါးသော အင်္ဂါတို့တွင်၊ အဝိဇ္ဇာနှင့် တဏှာ,ဥပါဒါန်တို့သည်၊ကိလေသာဦးစီး၍ ဖြစ်သောကြောင့်၊ကိလေသာ ဝဋ်မည်၏။သင်္ခါရနှင့် ကမ္မဘဝတို့သည်၊ကံဦးစီးဖြစ်သောကြောင့်၊ ကမ္မဝဋ် မည်၏။ ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ,ဥပပတ္တိ ဘဝတို့ သည်၊ဝိပါက်ဦးစီးဖြစ်သောကြောင့်၊ဝိပါကဝဋ်မည်၏။ဤကဲ့သို့ဝဋ်အားဖြင့် လည်း ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်၊ မပြတ်လည်သည်ကိုလည်း သိကြရာ၏။

ထို ပဋ္ဌိစ္စသမုပ္ပါဒ်တရားတို့၏ စက်ရဟတ်သည်၊ အခြင်းအရာ ၂၀, အစပ် ၃-ပါး,အလှာ ၄-လှာ,မူလ ၂-ပါးအားဖြင့် လည်သေး၏။ လည် ပုံမှာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ် တို့တွင်၊ ဇာတိနှင့်, ဇရာမရဏတရား ၂-ပါးကို၊ ခေတ္တထားဘိဦး၍၊ ကျန် ၁၀-ပါး၌၊ အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်,ဘဝ၊ ၎င်းငါးခု တစုစု။ ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ၊ ၎င်းငါးခု တစုစု။ တဏှာ,ဥပါဒါန်,ဘဝ, အဝိဇ္ဇာ,သင်္ခါရ၊ ၎င်း ငါးခု တစုစု။ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ၊ ၎င်းငါးခု တစုစု။ ဤသို့ ပဌမအစု, ဒုတိယအစု, တတိယအစု, စတုတ္ထ အစုဟု အစု ၄-စု ရှိသည်၊ အထူးသတိပြုရာ၏။

ထို ၄-စုတို့တွင်၊ ပဌမ ၅-ခု အစုကို၊ အကြောင်းစုဟု မှတ်ရာ၏။ ဒုတိယ ၅-ခု အစုကို၊ အကျိုးစုဟု မှတ်ရာ၏။ တတိယ ၅-ခု အစုကို၊ အကြောင်းစုဟု မှတ်ရာ၏။ စတုတ္ထ ၅-ခု အစုကို၊ အကျိုးစုဟု မှတ်ရာ၏။ သို့အတွက်၊ ထို ၄-စုထဲ၌၊ အကြောင်း တရားသည် ၂-စု၊ အကျိုးတရား သည် ၂-စု ရှိကုန်၏။

ထို ၄-စုတို့တွင်၊ ပဌမ ၅-ခု အစုသည်၊ အတိတ်ဟု အမည်ရ၏။ ဒုတိယ ၅-ခု အစုသည်၊ ပစ္စုပ္ပန်ဟု အမည်ရ၏။ တတိယ ၅-ခု အစုသည်၊ ပစ္စုပ္ပန်ဟု အမည်ရ၏။ စတုတ္ထ ၅-ခု အစုသည် အနာဂတ်ဟု အမည်ရ၏။

ထိုကြောင့်၊ ထိုလေးစုတို့၏ အမည်ကို၊ သူ့အစဉ်နှင့်သူ၊ တွဲ၍ဖတ် ကြည့်လျှင်၊ အတိတ် အကြောင်းတရား ငါးပါး တစု၊ ပစ္စုပ္ပန် အကျိုး တရား ငါးပါး တစု၊ ပစ္စုပ္ပန် အကြောင်းတရား ငါးပါး တစု၊ အနာဂတ် အကျိုးတရား ငါးပါးတစုဟု ၄-စုတို့၏ အမည်၊ အသီးသီး ဖြစ်ကြပေ၏။

ထို ၄-စုတို့တွင်၊ ပဌမ အစု၌၊ ရှေးကမ္မဘဝ၌၊ မသိသော သဘောသည်-အဝိဇ္ဇာ မည်၏။ အားထုတ်ခြင်း တို့သည် - သင်္ခါရတို့ မည်ကုန်၏။ တပ်မက်ခြင်းသည်-တဏှာ မည်၏။ စွဲလမ်းခြင်းသည် - ဥပါဒါန် မည်၏။ ပြုခြင်းသည်-ဘဝ မည်၏။ ရှေးဘဝက ဤငါးပါးသော အကြောင်းတရားတို့သည်၊ယခု ပဋိသန္ဓေ၏ အကြောင်းတရားတို့မည်ကုန်၏။ ထို့ကြောင့်၊-

ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ။ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ပုရိမကမ္မဘဝသ္မိံ၊ ရှေးကမ္မဘဝ၌။ မောဟော၊ မောဟသည်။ ဝါ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အာယူဟနာ၊ အာယူဟနသည်။ ဝါ၊ အားထုတ်ခြင်းတို့သည်။ သင်္ခါရာ၊ သင်္ခါရမည် ကုန်၏။ နိကန္တိ၊ နိကန္တိသည်။ ဝါ၊ တပ်မက်ခြင်းသည်။ တဏှာ၊ တဏှာ မည်၏။ ဥပဂမနံ၊ ဥပဂမနသည်။ ဝါ၊ စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။ စေတနာ၊ စေတနာသည်။ ဝါ၊ ပြုခြင်းသည်။ ဘဝေါ၊ ဘဝမည်၏။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးကမ္မဘဝ၌။ ဣမေ ပဉ္စဓမ္မာ၊ ဤ အကြောင်းတရား ၅-ပါး တို့သည်။ ဣဓ ပဋိသန္ဓိယာ၊ ယခုဘဝ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့တည်း။

ထို ၄-စုတို့တွင်၊ ဒုတိယအစု၌၊ ယခု ဥပပတ္တိဘဝ၌ ပဋိသန္ဓေသည်၊ ဝိညာဉ်မည်၏။ ပဋိသန္ဓေသို့ သက်ဝင်ခြင်းသည်၊ နာမ်,ရုပ်မည်၏။ အကြည် ၆-ပါးသည်၊ဝါ၊မျက်စိ အကြည်,နား အကြည်,နှာခေါင်း အကြည်, လျှာ အကြည်,ကိုယ် အကြည်,နှလုံး အကြည်သည်၊အာယတနမည်၏. အာရုံနှင့် တွေ့ခြင်းသည်၊ ဖဿမည်၏။ အာရုံကို ခံစားခြင်းသည်၊ ဝေဒနာမည်၏။ ယခုဘဝ၌၊ ဤ အကျိုးတရား ၅-ပါးတို့သည်၊ ရှေးကပြုဘူးသော ကံ၏ အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်၏။ ထို့ကြောင့်၊-

ဣဓ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဋ္ဌော ဖဿော၊ ဝေဒယိတံ ဝေဒနာ။ ဣမေပဉ္စ ဓမ္မာ ဣဓူပပတ္တိ ဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။ ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဣမေ၊ ယာခု ဥပပတ္တိဘဝ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ဩက္ကန္တိ၊ ပဋိသန္ဓေသို့ သက်ဝင်ခြင်းသည်။ နာမရူပံ၊ နာမ်, ရုပ်မည်၏။ ပသာဒေါ၊ အကြည် ၆-ပါးသည်။ဝါ၊ မျက်စိ အကြည်,နား အကြည်,နှာခေါင်း အကြည်,လျှာ အကြည်,ကိုယ်အကြည်,နှလုံးအကြည်သည်။အာယတနံ၊ အာယတနမည်၏။ ဖုဋ္ဌော၊ အာရုံနှင့် တွေ့ခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဝေဒယိတံ၊အာရုံကို ခံစားခြင်းသည်။ ဝေဒနာ၊ဝေဒနာမည်၏။ ဣရူပပတ္တိဘဝသ္မိံ၊ ယာခု ဥပပတ္တိ ဘဝ၌။ ဣမေ ပဉ္စဓမ္မာ၊ ဤ **အကျိုးတရား** ၅-ပါးတို့သည်။ ပုရေကတဿ ကမ္မဿ၊ ရှေးကပြုဘူးသောကံ၏။ ပစ္စယာ၊ အကြောင်းကြောင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ထို ၄-စုတို့တွင်၊ တတိယအစု၌၊ ယာခုကမ္မဘဝ၌၊ ရင့်ကျက်ကုန်သော အာယတနတို့၏ မသိခြင်းသည်၊မောဟ-အဝိဇ္ဇာမည်၏။ အားထုတ်ခြင်းသည်-သင်္ခါရမည်၏။ တပ်မက်ခြင်းသည်-နိကန္တိ တဏှာမည်၏။ စွဲလမ်းခြင်းသည်-ဥပါဒါန်မည်၏။ ပြုခြင်းသည်-ဘဝမည်၏။ယာခု ကမ္မဘဝ၌ ဤအကြောင်းတရား ၅-ပါး တို့သည်၊ နောင် ပဋိသန္ဓေ၏ အကြောင်းမည်ကုန်၏။ ထို့ကြောင့်။—

> ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣမေ ပဉ္စဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။ ။ဒီသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣဓ၊ယာခုဘဝ၌။ ပရိပက္ကတ္တာ၊ ရင့်ကျက်ကုန်သော။အာယတနာနံ၊ အာယတနတို့၏။ မောဟော၊ မောဟသည်။ ဝါ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အာယူဟနာ၊ အာယူဟနသည်။ ဝါ၊ အားထုတ်ခြင်းတို့သည်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ နိကန္တိ၊ နိကန္တိသည်။ ဝါ၊ တပ်မက်ခြင်းသည်။ တဏှာ၊ တဏှာမည်၏။ ဥပဂမနံ၊ ဥပဂမနသည်။ ဝါ၊ စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။ စေတနာ၊ စေတနာသည်။ ဝါ၊ ပြုခြင်းသည်။ ဘဝေါ၊ ဘဝမည်၏။ ဣဓ ကမ္မဘဝသ္မိံ၊ ယာခု ကမ္မဘဝ၌။ ဣမေ ပဉ္စဓမ္မာ၊ ဤ **အကြောင်းတရား** ၅-ပါးတို့သည်။ အာယတိံပဋိသန္ဓိယာ၊ နောင် ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့တည်း။

ထို ၄-စုတို့တွင်၊ စတုတ္ထအစု၌၊ နောင် ဥပပတ္တိဘဝ၌ ပဋိသန္ဓေနေခြင်းသည်၊ ဝိညာဉ်မည်၏။ ပဋိသန္ဓေသို့ သက်ဝင်ခြင်းသည်၊ နာမ်,ရုပ်မည်

၏။ အကြည် ၆-ပါးသည်။ ဝါ၊ မျက်စိ အကြည်, နား အကြည်, နှာခေါင်း အကြည်, လျှာ အကြည်, ကိုယ် အကြည်, နှလုံး အကြည် ဤ ၆-ပါးသည်၊ အာယတနမည်၏။ အာရုံနှင့် တွေ့ခြင်းသည်၊ ဖဿမည်၏။ အာရုံကို ခံစားခြင်းသည်၊ ဝေဒနာမည်၏။ နောင် ဥပပတ္တိဘဝ၌၊ ဤအကျိုးတရား ၅-ပါးတို့သည်၊ ယခုပြုသော ကံ၏ အကြောင်းကြောင့် ဖြစ်ကုန်၏။ ထို့ကြောင့်၊–

> အာယတိံ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဿော ဖဿော၊ ဝေဒယိတံ ဝေဒနာ။ ဣမေ ပဉ္စ ဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓ ကတဿ ကမ္မဿ ပစ္စယာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အာယတိံ၊ နောင် ဥပပတ္တိ ဘဝ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ဩက္ကန္တိ၊ ပဋိသန္ဓေသို့ သက်ဝင်ခြင်းသည်။ နာမရူပံ၊ နာမ်, ရုပ်မည်၏။ ပသာဒေါ၊ အကြည် ၆-ပါးသည်။ ဝါ၊ မျက်စိ အကြည်, နား အကြည်, နှာခေါင်း အကြည်, လျှာအကြည်, ကိုယ် အကြည်, နှလုံး အကြည် ဤ ၆-ပါးသည်။ အာယတနံ၊ အာယတနမည်၏။ ဖုဿော၊ အာရုံနှင့် တွေ့ခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဝေဒယိတံ၊ အာရုံကို ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ အာယတိံ ဥပပတ္တိ ဘဝသ္မိံ၊ နောင် ဥပပတ္တိ ဘဝ၌လည်း။ ဣမေ ပဉ္စဓမ္မာ၊ ဤ **အကျိုးတရား** ၅-ပါးတို့သည်။ ဣဓ ကတဿ ကမ္မဿ၊ ယခုပြုသော ကံ၏။ ပစ္စယာ၊ အကြောင်းကြောင့်။ ဘဝန္တိ။ ဖြစ်ကုန်၏။

---

## အခြင်းအရာ ၂၀-ကို ပြခြင်း

ဤသို့ အကြောင်းတရား ၅-ပါး၊ အကျိုးတရား ၅-ပါး၊ အကြောင်းတရား ၅-ပါး၊ အကျိုးတရား ၅-ပါးအားဖြင့်၊ ၅-ပါး × ၄-လီရှိသောကြောင့်၊ အခြင်းအရာ ၂၀-ဖြစ်ပေ၏။

ဤသို့ အတိတ် အကြောင်းတရား ၅-ပါး တလွှာ၊ ပစ္စုပ္ပန် အကျိုးတရား ၅-ပါး တလွှာ၊ ပစ္စုပ္ပန် အကြောင်းတရား ၅-ပါး တလွှာ၊ အနာဂတ် အကျိုးတရား ၅-ပါး တလွှာအားဖြင့်၊ **အလွှာ** ၄-**လွှာ**ဖြစ်ပေ၏။

ဤသို့ အတိတ် အကြောင်းတရား ၅-ပါးနှင့်+ ပစ္စုပ္ပန် အကျိုးတရား ၅-ပါး တစပ်၊ ပစ္စုပ္ပန် တကျိုးတရား ၅-ပါးနှင့်+ပစ္စုပ္ပန် အကြောင်း

တရား ၅-ပါး တစပ်၊ ပစ္စုပ္ပန် အကြောင်းတရား ၅-ပါးနှင့်+အနာဂတ် အကျိုးတရား ၅-ပါး တစပ်။ အစပ်အားဖြင့်၊ **သုံးစပ်**ဖြစ်ပေ၏။ တနည်း၊ သင်္ခါရနှင့်+ဝိညာဉ် တစပ်၊ ဝေဒနာနှင့်+တဏှာ တစပ်၊ ဘဝနှင့်+ဇာတိ တစပ်ဟု၊ သမ္မောဟအဋ္ဌကထာ၌ ဆို၏။ ထို့ကြောင့်၊—

> ဣတိ ဣမေ စတုသင်္ခေပေ, တယော အဒ္ဓေ, ဝီသတိယာ အာကာရေဟိ, တိသန္ဓိံ, ပဋိစ္စသမုပ္ပါဒံ ဇာနာတိ ပဿတိ၊ အညာတံ ပဋိဝိဇ္ဈတိ၊ တံ ဉာတဋ္ဌေန ဉာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။ ။
>
> ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊

ဣတိ၊ ဤသို့။ စတုသင်္ခေပေ၊ အလ္လာ ၄-ပါး ရှိသော။ ဣမေ တယော အဒ္ဓေ၊ ဤကာလ သုံးပါး၌။ ဝီသတိယာ အာကာရေဟိ၊ အခြင်းအရာ ၂၀-တို့ဖြင့်။ တိသန္ဓိံ၊ အစပ်သုံးပါးရှိသော။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ ဇာနာတိ ပဿတိ၊ သိမြင်၏။ အညာတံ၊ မသိမြင်ဘူးသော ပဋိစ္စသမုပ္ပါဒ်အာရုံကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်းသိမြင်၏။ တံ၊ ထိုသိမြင်ခြင်းသည်။ ဉာတဋ္ဌေန ဉာဏံ၊ ဉာတဉာဏ်လည်းမည်၏။ ပဇာနနဋ္ဌေန ပညာ၊ ပဇာနနဋ္ဌ ပညာလည်းမည်၏။ တေန၊ ထို့ကြောင့်၊ ပစ္စယပရိဂ္ဂဟေ ပညာ၊ နာမ်,ရုပ်၏ အကြောင်းကို သိမ်းဆည်းသော ပညာကို။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## မူလ ၂-ပါးဖြင့် စက်လည်ပုံကို ပြခြင်း

ပဋိစ္စသမုပ္ပါဒ်၏ ကာလသုံးပါး, ဝဋ်သုံးပါး, အခြင်းအရာ ၂၀, အလ္လာ ၄-လ္လာ, အစပ်သုံးပါးတို့ကို ပြပြီး၍၊ ယခုအခါ မူလ ၂-ပါးကို ပြဆိုပေအံ့။ အခြင်းအရာ ၂၀၊ အပုံအားဖြင့် ၄-ပုံ့ဘို့တွင်၊ အကြောင်းတရား ၂-ပုံပါ၍၊ အကျိုးတရား ၂-ပုံပါ၏။ တပုံလျှင် ၅-လုံးစီ ရှိသောကြောင့်၊ အကြောင်းတရား ၁၀-ပါး၊ အကျိုးတရား ၁၀-ပါးဟုလည်း ခေါ်နိုင်၏။

ထိုအကြောင်း, အကျိုး ၂-မျိုးတို့တွင်၊ အကြောင်းတရားမရှိဘဲ လျက်၊ မည်သည့်အခါမှ အကျိုးတရားမဖြစ်နိုင်။ အကြောင်းတရားဖြစ်မှ

သာလျှင်၊ ထိုအကြောင်းနှင့် လျော်သော အကျိုးဖြစ်ပေ၏။ သို့အတွက် ယခုအခါ,နောင်အခါ,နောက်နောက်အခါက စ၍၊သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်၍၊ အားလုံးသော သတ္တဝါတို့အား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရား မပြတ်မနား လည်လည်နေ၍၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်စသော သုံးဆယ့်တစ်ဘုံ၌၊ ကျင်လည်နေရခြင်း၏ အကျိုးကား၊ ဘယ်တရားများ၏ အကြောင်းကြောင့်နည်း။ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းတရားတို့ကြောင့်တည်း။

ထိုပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတို့ကား အဘယ်နည်း၊ အဝိဇ္ဇာ, သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ–ဟူသော အတိတ် အကြောင်းတရား ၅–ပါးနှင့်၊ တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ–ဟူသော ပစ္စုပ္ပန် အကြောင်းတရား ၅–ပါးတို့ပင်တည်း။

ထိုအကြောင်း ၂–စုတို့တွင်၊ ပဌမ အကြောင်းတရား ၅–ပါးအစု၌၊ အဝိဇ္ဇာသည် ဦးစီးနာယက မူလဘူတတရားဖြစ်၏။ဒုတိယ အကြောင်း ၅–ပါးအစု၌၊တဏှာသည် ဦးစီးနာယက **မူလဘူတတရားဖြစ်၏**။ ထို့ကြောင့်၊–

အဝိဇ္ဇာ,တဏှာဝသေန ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ။ ။
(သင်္ဂြိုဟ်ပါဠိ)

မူလာနိစ၊မူလတရားတို့ကိုလည်း။ အဝိဇ္ဇာ,တဏှာဝသေန၊အဝိဇ္ဇာ, တဏှာ၏ အစွမ်းအားဖြင့်။ ဒွေ၊ ၂–ပါးတို့ဟူ၍။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

သို့အတွက်၊ သံသရာကို လည်စေတတ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်၏၊ အကြောင်းတရား ၁၀–ပါး ရှိသော်လည်း၊ ထို ၁၀–ပါးသော တရားတို့၏၊ မူလဘူတ ဦးစီးနာယက တရားကား၊ အဝိဇ္ဇာနှင့် တဏှာ ၂–ပါးသာရှိ၏။ ထိုအကြောင်းတရား ၂–ပါးကြောင့်၊ ၃၁–ဘုံတည်းဟူသော သံသရာ၌၊ ကျင်လည် မျောသွား မရပ်မနားဘဲ နေကြရ၏။

---

## အဝိဇ္ဇာနှင့် တဏှာတွဲပုံကို ပြခြင်း၊

ထိုအဝိဇ္ဇာ, တဏှာဟူသော အကြောင်းတရား ၂– ပါးတို့တွင်၊ အဝိဇ္ဇာသည်၊ ရှေ့က အကြောင်းဖြစ်၏။ တဏှာသည်၊ ယခုအကြောင်း ဖြစ်၏။အဝိဇ္ဇာနှင့် တဏှာ ဆက်၍,ဆက်၍ နေ၏၊ ထို့ကြောင့်၊ယခု ၃၁-ဘုံ၌

ကျင်လည်ပြေးသွား၍၊ နေကြကုန်သော ပုပု ရွရွ သတ္တဝါဟူသမျှတို့သည်၊ အဝိဇ္ဇာတည်းဟူသော ရှေ့က အကြောင်းကြောင့်၊ တဏှာတည်းဟူသော ယခုအကြောင်းဖြစ်၍၊ ကျင်ရ, လည်ရ,ပြေးရ,သွားရပေ၏။

ထို အဝိဇ္ဇာ ဟူသော စကား၊ တဏှာဟူသော စကား ၂-ခု သည်၊ ပါဠိစကား ဖြစ်ကြ၏။ အဝိဇ္ဇာ, တဏှာကြောင့်၊ ပဋိစ္စသမုပ္ပါဒ် စက်လည်သည်ဟု၊ ပြော၍သာ ကြားဘူးကြ၏။ ဘယ်လိုလည်းမှန်း မသိကြချေ။

လည်ပုံပြအံ့။ အဝိဇ္ဇာ ဟူသော ပါဠိစကားကို၊ မြန်မာလို တည့်တည့် ပြန်ဆိုသော်၊ 'မသိ'ဟု ပြန်ဆိုရ၏။ တဏှာ ဟူသော ပါဠိစကားကို၊ မြန်မာလို တည့်တည့်ပြန်သော်၊ 'တပ်မက်'ဟု ပြန်ဆိုရ၏။ သို့အတွက် ပါဠိလို 'အဝိဇ္ဇာ' မြန်မာလို 'မသိ'၊ ပါဠိလို 'တဏှာ'မြန်မာလို 'တပ်မက်'ဟု မှတ်အပ်၏။

ထိုစကား ၂-ရပ်၌၊ ပါဠိလို ချည်းဘဲ ဆိုလျှင်၊ အဝိဇ္ဇာ, တဏှာ ကြောင့် ၃၁-ဘုံ၌၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်၊ ကျင်လည်ပြေးသွား ရ၏။ မြန်မာလို သက်သက်ဆိုသော်၊ 'မသိ,တပ်မက်'ကြောင့်၊ ၃၁-ဘုံ၌၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်၊ ကျင်လည်ပြေးသွားရ၏။

ထိုကဲ့သို့ မသိ, တပ်မက်ခြင်းသည်၊ ဘယ်မှာ မသိ၍၊ ဘယ်မှာ တပ်မက် ပါသနည်း။ ဘုရား ဟောတော်မူပါသလား ဆိုသော်၊ ဟောတော်မူပါသည်။-'ရဟန်းတို့ မျက်စိကို ဟုတ်မှန်သည့်အတိုင်း မသိသည်ရှိသော်၊ မျက်စိ၌ တပ်မက်၏။ အဆင်းတို့ကို ဟုတ်မှန်သည့် အတိုင်း မသိသည်ရှိသော်၊ အဆင်းတို့၌ တပ်မက်၏။ မြင်ခြင်းကို ဟုတ်မှန်သည့် အတိုင်း မသိသည်ရှိသော်၊ မြင်ခြင်း၌ တပ်မက်၏။ မျက်စိဖြင့် မြင်ခြင်း၊ အဆင်းနှင့်တွေ့ခြင်းတို့ကို ဟုတ်မှန်သည့်အတိုင်း မသိသည်ရှိသော်၊ တွေ့ခြင်း၌ တပ်မက်၏။ ခံစားခြင်းကို ဟုတ်မှန်သည့် အတိုင်း မသိသည် ရှိသော်၊ ခံစားခြင်း၌ တပ်မက်၏ဟု ဘုရားဟောတော်မူသည်။

ထိုကဲ့သို့ မျက်စိ,အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်းတို့၌၊ မသိ တပ်မက်နေလျှင် ဘာဖြစ်မလဲ ဆိုသော်၊ ထိုမသိ,တပ်မက်သော ထိုပုဂ္ဂိုလ်အား၊ နောင်တဖန်၌၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပ္ပါဒါန်,အတ္တဝါဒုပါဒါန်ဟု ဆိုအပ် ကုန်သော၊ ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်ကုန်သော၊ ဥပါဒိန္နက ခန္ဓာငါးပါး, ဘဝ တို့သည်၊ အသစ်အသစ် တိုးပွါးခြင်းသို့ ရောက်ကုန်၏။

ဤတွင် မကသေး၊ မျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်းတို့၌၊ မသိ, တပ်မက်နေသော ထိုပုဂ္ဂိုလ်အား၊ တဏှာတရား အဆင့်ဆင့်တိုးပွါး၍၊ နောင်တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်းနှင့်တကွ ဖြစ်၍၊ ထိုထိုအာရုံ ဘုံဘဝတို့၌၊ အလွန် နှစ်သက်တတ်သော ထို **တဏှာ** သည်၊ ထိုပုဂ္ဂိုလ်အား **တိုးပွါးစေ၏**။

ဤတွင် မကသေး၊ မျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်းတို့၌၊ မသိ, တပ်မက်နေသော ထိုပုဂ္ဂိုလ်အား၊ ကိုယ် ၌ ဖြစ်သော **ပူလောင်** ခြင်းတို့သည်၎င်း၊ စိတ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်၎င်း၊ ကိုယ်၌ဖြစ်သော ပူပန်ခြင်းတို့သည်၎င်း၊ **စိတ်** ၌ ဖြစ်သော **ပူပန်**ခြင်းတို့သည်၎င်း၊ ကိုယ်၌ ဖြစ်သော ပူအိုက်ခြင်းတို့သည်၎င်း၊ စိတ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည်၎င်း၊ တိုးပွါးကုန်၏။

ဤကဲ့သို့ မျက်စိ၌၊ မသိသဖြင့် တပ်မက်၍နေသောသူ။ အဆင်းတို့၌၊ မသိသဖြင့် တပ်မက်၍ နေသောသူ။ မြင်ခြင်း၌ မသိသဖြင့်၊ တပ်မက်၍နေသောသူ။ တွေ့ခြင်း၌ မသိသဖြင့်၊ တပ်မက်၍နေသောသူ။ ခံစားခြင်း၌ မသိသဖြင့်၊ တပ်မက်၍ နေသော သူသည်၊ ကိုယ်၌ ဖြစ်သော **ဆင်းရဲ** ကိုလည်း ခံစားရ၏။ **စိတ်** ၌ ဖြစ်သော ဆင်းရဲကိုလည်း ခံစားရ၏။

မျက်စိ၌ကဲ့သို့၊ နား, အသံ, ကြားခြင်း, တွေ့ခြင်း, ခံစားခြင်း၊ နှာခေါင်း, အနံ့, နံခြင်း, တွေ့ခြင်း, ခံစားခြင်း၊ လျှာ, အရသာ, စားခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ကိုယ်, အတွေ့, ထိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ စိတ်, သဘော, သိခြင်း, တွေ့ခြင်း, ခံစားခြင်းဟု ဆိုအပ်သော ၆–ဒွါရ, ၆–အာရုံ, ၆–ဝိညာဉ်, ၆–ဖဿ, ၆–ဝေဒနာတို့၌၊ မသိသဖြင့် တပ်မက်ကြသော သူတို့သည်၊ အထက်ပါ ပြဆိုပြီးသော အကုသိုလ်တွေ ဖြစ်ကုန်၏။ ထို့ကြောင့်၊–

## ပါဠိသာဓကကို ပြခြင်း

စက္ခုံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ၊ ရူပေအဇာနံ အပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ အဇာနံ အပဿံ ယထာဘူတံ၊ စက္ခုသမ္ဖဿံ အဇာနံ အပဿံ ယထာဘူတံ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ

ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဇာနံ အပဿံ ယထာဘူတံ၊ စက္ခုသမ္ဖဿံ သာရဇ္ဇတိ၊ ရူပေသု သာရဇ္ဇတိ၊ စက္ခုဝိညာဏေ သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ သာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ သာရဇ္ဇတိ။ ။ဥပရိပဏ္ဏာသ ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဇာနံ,အပဿန္တော၊ မသိ,မမြင်သည်ရှိသော်။ စက္ခုသ္မိံ၊ မျက်စိ၌။ သာရဇ္ဇတိ၊ တပ်မက်,နှစ်သက်၏။ ရူပေ၊ အဆင်းတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ အဇာနံ, အပဿန္တော၊ မသိ,မမြင်သည်ရှိသော်။ ရူပေသု၊ အဆင်းတို့၌။ သာရဇ္ဇတိ၊ တပ်မက်နှစ်သက်၏။ စက္ခုဝိညာဏံ၊ မြင်သည်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ အဇာနံ, အပဿန္တော၊ မသိမမြင်သည်ရှိသော်။ စက္ခုဝိညာဏေ၊ မြင်သည်၌။ သာရဇ္ဇတိ၊ တပ်မက် နှစ်သက်၏။ စက္ခုသမ္ဖဿံ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့သည်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ အဇာနံ, အပဿန္တော၊ မသိ,မမြင်သည်ရှိသော်။ စက္ခုသမ္ဖဿေ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့သည်၌။ သာရဇ္ဇတိ၊ တပ်မက်,နှစ်သက်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော၊ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ အဇာနံ, အပဿန္တော၊ မသိ,မမြင်သည်ရှိသော်။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်းမဟုတ်, ချမ်းသာသည်လည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုခံစားခြင်း၌လည်း။ သာရဇ္ဇတိ၊ တပ်မက်,နှစ်သက်၏။

တဿ သာရတ္တဿ သံယုတ္တဿ သံမုဠှဿ အဿာဒါနုပဿိနော ဝိဟရတော အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ ဥပစယံ ဂစ္ဆန္တိ။ ။၎င်းပါဠိတော်။

သာရတ္တဿ၊ တပ်မက်, နှစ်သက်သော သဘော ရှိသည် ဖြစ်၍၊ သံယုတ္တဿ၊ဘဝ,သံယောဇဉ် ယှဉ်သော သဘော ရှိသည်ဖြစ်၍။ သံမုဋ္ဌဿ၊ တွေဝေသော သဘောရှိသည်ဖြစ်၍။ အဿာဒါနုပဿိနော၊ နှစ်သက်ဖွယ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ၊ နောင်တဖန် ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်ကုန်သော၊အပါယ်လားစရာ ဥပါဒိန္နက္ခန္ဓာငါးပါး ဘဝတို့သည်။ ဥပစယံ၊ အသစ်အသစ် တိုးပွါးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

တဏှာစဿ ပေါနောဘ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သာ စဿ ပဝဍ္ဎတိ။ ။ရှင်းပါဠိတော်။

တဏှာစ၊ တဏှာသည်လည်း၊ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပေါနောဘ္ဘဝိကာ၊ နောင်တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏၊ နန္ဒီရာဂ သဟဂတာ၊ နှစ်သက်ခြင်းနှင့်တကွ ဖြစ်၏။ တတြတတြ၊ ထိုထိုအာရုံ ဘုံဘဝ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ သာစ တဏှာ၊ ထိုတဏှာသည်လည်း။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပဝဍ္ဎတိ၊ တိုးပွါး၏။

တဿ ကာယိကာပိ ဒရထာ ပဝဍ္ဎန္တိ၊ စေတသိကာပိ ဒရထာ ပဝဍ္ဎန္တိ။ ကာယိကာပိ သန္တာပါ ပဝဍ္ဎန္တိ၊ စေတသိကာပိ သန္တာပါ ပဝဍ္ဎန္တိ။ ကာယိကာပိ ပရိဠာဟာ ပဝဍ္ဎန္တိ၊ စေတသိကာပိ ပရိဠာဟာ ပဝဍ္ဎန္တိ။ ။ရှင်းပါဠိတော်။

တဿ၊ ထိုပုဂ္ဂိုလ်အား။ ကာယိကာပိ ဒရထာ၊ ကိုယ်၌ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ စေတသိကာပိ ဒရထာ၊စိတ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း။ပဝဍ္ဎန္တိ၊တိုးပွါး ကုန်၏။ ကာယိကာပိ သန္တာပါ၊ ကိုယ်၌ ဖြစ်သော ပူပန်ခြင်း တို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ စေတသိကာပိ သန္တာပါ၊ စိတ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ ကာယိကာပိ ပရိဠာဟာ၊ ကိုယ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည်လည်း။ ပဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ စေတသိကာပိ ပရိဠာဟာ၊စိတ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည်လည်း။ပဝဍ္ဎန္တိ၊ ပွားကုန်၏။

သော ကာယိကံပိ ဒုက္ခံပိ စေတောဒုက္ခံပိ ပဋိသံဝေဒေတိ။
(ရှင်းပါဠိတော်)

သော၊ ထိုပုဂ္ဂိုလ်သည်။ ကာယိကံ ဒုက္ခံပိ၊ ကိုယ်၌ ဖြစ်သောဆင်းရဲကိုလည်း။ ပဋိသံဝေဒေတိ၊ အမြဲခံစားရ၏။ စေတောဒုက္ခံပိ၊ စိတ်၌ဖြစ်သော ဆင်းရဲကိုလည်း။ ပဋိသံဝေဒေတိ၊ အမြဲခံစားရ၏။

[သောတံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ ဃာနံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ ဇိဝှံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ ကာယံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ မနံ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ။ ပ။ အတူတူ။]

အထက်ပါ စကားအရ၊ ဘုရားထင်ရှားစွာ ဟောတော်မူခဲ့သည်မှာ၊ မျက်စိ၌ မသိကြ၍၊ တပ်မက်၏။ နား၌ မသိကြ၍၊ တပ်မက်၏။ နှာခေါင်း၌ မသိကြ၍၊ တပ်မက်၏။ လျှာ၌ မသိကြ၍၊ တပ်မက်၏။ ကိုယ်၌ မသိကြ၍၊ တပ်မက်၏၊ စိတ်၌ မသိကြ၍၊ တပ်မက်၏၊ မသိ,တပ်မက်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက်လည်၏။

## ဒုက္ခနှင့် သမုဒယ တွဲပုံကို ပြခြင်း

ဤ'မသိ' ဟူသော မြန်မာစကားကို ပါဠိလိုစီသော်၊ 'အဝိဇ္ဇာ' ဟုစီရ၏၊ ၎င်းအဝိဇ္ဇာကို တရားကိုယ် ကောက်သော်၊ 'မောဟ' ဟု ကောက်ရ၏။ 'တပ်မက်' ဟူသော မြန်မာစကားကို ပါဠိလို စီသော်၊ 'တဏှာ' ဟုစီရ၏။ ထိုတဏှာကို တရားကိုယ် ကောက်သော်၊ 'လောဘ' ဟု ကောက်ရ၏။ထို့ကြောင့်၊မျက်စိ,အဆင်း,မြင်ခြင်း,တွေ့ခြင်း,ခံစားခြင်း၊ ဤငါးပါးဆုံသော ခဏ၊ မြင်တိုင်း, မြင်တိုင်းသော အခိုက်အတန့်တို့၌၊ မသိကြသောသူတို့မှာ၊ မသိ,မသိသော အဝိဇ္ဇာခေါ်သော-မောဟတရားသည်၊ ထိုမြင်ခိုက်,မြင်ခိုက်တို့၌ တပ်မက်သော။ ဝါ၊ တဏှာခေါ်သော လောဘတရားနှင့် ငြိ၍ ဘွဲ့၍နေ၏။

နား, အသံ, ကြားခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤငါးပါး ဆုံသောခဏ၊ ကြားတိုင်း,ကြားတိုင်းသော အခိုက်အတန့်တို့၌၊ မသိကြသော သူတို့မှာ၊ မသိ,မသိသော အဝိဇ္ဇာခေါ်သော-မောဟတရားသည်၊ထိုကြားခိုက်ကြားခိုက်တို့၌ တပ်မက်သော။ ဝါ၊ တဏှာခေါ်သော လောဘတရားနှင့် **တွဲ၍** နေ၏။

နှာခေါင်း,အနံ့,နံခြင်း,တွေ့ခြင်း,ခံစားခြင်း၊ ဤငါးပါးဆုံသောခဏ၊ နံတိုင်း, နံတိုင်းသော အခိုက်အတန့်တို့၌၊ မသိကြသော သူတို့မှာ၊ မသိ,မသိသော အဝိဇ္ဇာခေါ်သော-မောဟတရားသည်၊ ထိုနံခိုက်,နံခိုက်တို့၌ တပ်မက်သော။ ဝါ၊ တဏှာခေါ်သော လောဘတရားနှင့် ဘွဲ့၍တွဲ၍နေ၏။

လျှာ,အရသာ,စားခြင်း,တွေ့ခြင်း,ခံစားခြင်း၊ ဤငါးပါးဆုံသော ခဏ၊ စားတိုင်း,စားတိုင်းသော အခိုက်အတန့်တို့၌၊ မသိကြသော သူတို့မှာ၊မသိ,မသိသော အဝိဇ္ဇာခေါ်သော–မောဟတရားသည်၊ ထိုစားခိုက်, စားခိုက်တို့၌ တပ်မက်သော။ ဝါ၊ တဏှာခေါ်သော–လောဘတရားနှင့် တွဲ၍တွဲ၍ နေ၏။

ကိုယ်, အတွေ့, ထိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤငါးပါးဆုံသော ခဏ၊ တွေ့ထိတိုင်း, တွေ့ထိတိုင်းသော အခိုက်အတန့်တို့၌၊ မသိကြသော သူတို့မှာ၊ မသိ, မသိသော အဝိဇ္ဇာခေါ်သော-မောဟ တရားသည်၊ ထိ ထိခိုက်,ထိခိုက်တို့၌ တပ်မက်သော။ဝါ၊တဏှာခေါ်သော-လောဘတရား နှင့် တွဲ၍ဘွဲ၍ နေ၏။

စိတ်, သဘော, သိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤငါးပါးဆုံသော ခဏ၊ ရှေ့စိတ်ဖြင့် သိတိုင်း, သိတိုင်းသော အခိုက်အတန့်တို့၌၊ နောက်စိတ် ဖြင့် မသိကြသော သူတို့မှာ၊ မသိ, မသိသော အဝိဇ္ဇာခေါ်သော-မောဟ တရားသည်၊ ထိုသိခိုက်,သိခိုက်တို့၌ တပ်မက်သော။ ဝါ၊တဏှာခေါ်သော လောဘတရားနှင့် တွဲ၍တွဲ၍ နေ၏။

နောက်က ပြဆိုခဲ့ပြီးသော နည်းအတိုင်း၊ 'မသိ' ဟူသော မြန်မာ စကားကို ပါဠိလို စီသော်၊ 'အဝိဇ္ဇာ' ဟု စီရ၏။ ၎င်းအဝိဇ္ဇာကို တရား ကိုယ်ကောက်သော်၊ 'မောဟ' ဟု ကောက်ရ၏။ ၎င်းမောဟကို သစ္စာဖွဲ့ သော်၊ အဘိဓမ္မာဘာဇနီယအားဖြင့် 'ဒုက္ခသစ္စာ' ဟု ဖွဲ့ရ၏။ နောက်နည်း အတိုင်း 'တပ်မက်' ဟူသော မြန်မာစကားကို ပါဠိလို စီသော်၊ 'တဏှာ' ဟု စီရ၏။ ၎င်းတဏှာကို တရားကိုယ်ကောက်သော်၊'လောဘ'ဟု ကောက် ရ၏။ ၎င်းလောဘကို သစ္စာဖွဲ့သော်၊ 'သမုဒယသစ္စာ' ဟု ဖွဲ့ရ၏။

ထို့ကြောင့်၊ မျက်စိ,အဆင်း,မြင်ခြင်း,တွေ့ခြင်း,ခံစားခြင်း၊ ဤငါး ပါးဆုံသော ခဏ၌၊ မြင်သော အခိုက်အတန့်၊မသိကြသော သူတို့မှာ၊မသိ သော အဝိဇ္ဇာ,မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်သော တဏှာ,လောဘ သမုဒယသစ္စာနှင့်၊ တွဲ၍တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စမဖြစ်။ မဖြစ်သောကြောင့်၊ ပဋိစ္စသ မုပ္ပါဒ်စက် လည်၏။

နာ၊ အသံ၊ ကြားခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း၊ ဤငါးပါးဆိုသော ခဏ၌၊ ကြားသော အနိုက်အတန့်၊ မသိကြသော သူတို့မှာ၊ မသိသော အဝိဇ္ဇာ၊ မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်သော တဏှာ၊ လောဘ သမုဒယ သစ္စာနှင့်၊ တွဲ၍၊တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို၊ **ပိုင်းခြားသော** ပရိညာ**ကိစ္စမပြစ်**။ မပြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ် စက် လည်၏။

နှာခေါင်း၊ အနံ့၊ နံခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း၊ ဤငါးပါးဆိုသော ခဏ၌၊ နံသော အနိုက်အတန့်၊ မသိကြသော သူတို့မှာ၊ မသိသော အဝိဇ္ဇာ မောဟ ဒုက္ခသစ္စာသည် တပ်မက်သော တဏှာ၊ လောဘ သမုဒယသစ္စာနှင့် တွဲ၍၊ တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို၊ **ပိုင်းခြားသော** ပရိညာ **ကိစ္စမပြစ်**။ မပြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် လည်၏။

လျှာ၊ အရသာ၊ စားခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း ဤငါးပါးဆိုသော ခဏ၌၊ စားသော အနိုက်အတန့်၊ မသိကြသော သူတို့မှာ၊ မသိသော အဝိဇ္ဇာ၊ မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်သော တဏှာ၊ လောဘ သမုဒယသစ္စာနှင့်၊ တွဲ၍၊ တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို၊ **ပိုင်းခြားသော** ပရိညာ**ကိစ္စမပြစ်**။ မပြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ် စက် လည်၏။

ကိုယ်၊ အတွေ့၊ ထိခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း၊ ဤငါးပါးဆိုသော ခဏ၌၊ တွေ့သော အနိုက်အတန့်၊ မသိကြသော သူတို့မှာ၊ မသိသော အဝိဇ္ဇာ၊ မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်သော တဏှာ၊ လောဘ သမုဒယ သစ္စာနှင့်၊ တွဲ၍၊ တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို၊ **ပိုင်းခြားသော** ပရိညာ**ကိစ္စမပြစ်**။ မပြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် လည်၏။

စိတ်၊ သဘော၊ သိခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း၊ ဤငါးပါးဆိုသော ခဏ၌၊ ရှေ့စိတ်ဖြင့် သိသောအနိုက်အတန့်၊ နောက်စိတ်ဖြင့် မသိကြသော သူတို့မှာ၊ မသိသော အဝိဇ္ဇာ၊ မောဟ ဒုက္ခသစ္စာသည်၊ တပ်မက်သော တဏှာ၊ လောဘ သမုဒယသစ္စာနှင့်၊ တွဲ၍၊ တွဲ၍ နေသောကြောင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို၊ **ပိုင်းခြားသော** ပရိညာ**ကိစ္စမပြစ်**။ မပြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် လည်၏။

ဤကဲ့သို့၊ မြင်ဆဲ,ကြားဆဲ,နံဆဲ,စားဆဲ,ထိဆဲ,သိဆဲ,တို့၌၊ ပဋိစ္စသမုပ္ပါဒ်စက် လည်၍၊ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ တွဲစပ်နေရခြင်းသည်၊ မည်သူ၏ လက်ချက်ကြောင့်နည်း ဆိုသော်၊ 'မသိ' သောကြောင့် ဆိုရပေ၏၊ ထို မသိသည်၊ ပဋိစ္စသမုပ္ပါဒ် စက်ကိုလည်း လည်စေတတ်၏။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ မပိုင်းခြားအောင်လည်း ပြုလုပ်စေတတ်၏။

## စက်ပြတ်ပုံကို ပြခြင်း

ဘုရားရှင်က — 'ဒုက္ခံ ပရိညာတိသမယေန အဘိသမေတိ' လို့ ဟော တော်မူခဲ့ပါလျက်၊ ယခု အားလုံးသော ပုထုဇဉ် တို့မှာ၊ မျက်စိဖြင့် အဆင်းကို မြင်သော ခဏ၊ နားဖြင့် အသံကို ကြားသော ခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့် အရသာကို စားသော ခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ စိတ်ဖြင့် သဘောကို သိသော ခဏ တို့၌၊ ပဋိစ္စသမုပ္ပါဒ်စက် လည်၍၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ တွဲရခြင်းသည်၊ မည်သူ့ကြောင့်နည်း။ 'မသိ' ကြောင့်ပင်တည်း။

သို့အတွက် 'မသိ' သည်၊ သံသရာ၌ ကျင်လည်အောင် ပြုလုပ်တတ်သူဖြစ်၍၊ သံသရာ၌ မကျင်လည်လိုကြသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်၊ 'မသိ' ကို သတ်ဘို့ လက်နက် အရေးကြီး၏။ 'မသိ' သေမှသာ၊ သံသရာ၌ ကျင်လည်ခြင်း ရပ်လိမ့်မည်။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာလည်း၊ ပိုင်းခြားသော ပရိညာကိစ္စ ပေါ်လိမ့်မည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်း ပြတ်လိမ့်မည်။

'မသိ' ကို ဘယ်တရားနှင့် သတ်မှ၊ သေမည်နည်း ဆိုသော်၊ လောက၌ ဆန့်ကျင်ဘက် အားဖြင့်၊ **အမှောင်** ရှိလျှင် **အလင်း**ရှိရ၏။ အရုပ်လှရှိလျှင် အရုပ်ဆိုးရှိရ၏။ **အပူ** ရှိလျှင် **အေး** ရှိရ၏။ငင်းအအေးဟူသော စကားသည်၊ စကားအားဖြင့် အပူကို သေအောင်သတ်စေတတ်သော စကားဖြစ်၏။

ထို့ကြောင့်၊ 'မသိ' ဟူသောစကားကို၊ တည့်တည့်သေအောင် သတ်စေတတ်သော စကားကား၊ မည်သူနည်း။ 'သိ' ဟူသော စကားပင်ဖြစ်၏။ 'သိ' မှ တပါး၊ အခြားစကားဖြင့် 'မသိ' ကို သတ်နိုင်သော၊ ဆန့်ကျင်ဘက် စကားမရှိချေ။ 'သိ' သာလျှင် ဆန့်ကျင်ဘက်စကား ဖြစ်၏။

ဝင်း 'သိ'သည်၊ ပညာ, အမောဟ, ပညိန္ဒြေ ဖြစ်သောကြောင့်၎င်း၊ သိနေသောအခိုက်အတန့်တို့၌၊မဂ္ဂင်ရှစ်ပါး ပါသောကြောင့်၎င်း၊ (ထို'သိ' တလုံးထဲ၌၊ မဂ္ဂင်ရှစ်ပါ. ပါဝင်ပုံအကျယ်ကို နောက်က ပြခဲ့ပြီ) မဂ္ဂသစ္စာမည်၏။

ဤကဲ့သို့၊ မျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း, ခံစားခြင်း၊ နား, အသံ,ကြားခြင်း,တွေ့ခြင်း,ခံစားခြင်း၊ နှာခေါင်း,အနံ့, နံခြင်း,တွေ့ခြင်း, ခံစားခြင်း၊ လျှာ,အရသာ,စားခြင်း,တွေ့ခြင်း,ခံစားခြင်း၊ ကိုယ်,အတွေ့, ထိခြင်း, တွေ့ခြင်း,ခံစားခြင်း၊ စိတ်,သဘော,သိခြင်း,တွေ့ခြင်း,ခံစားခြင်း တို့၌၊ 'သိ,သိ' နေသော သူတို့မှာ၊ 'မသိ'ကို၊ သတ်, သတ်နေရာ ရောက် သောကြောင့်၊ တပ်မက် လဲ ပျောက်၏။

ထိုကဲ့သို့၊ သိ,သိနေရမည်ဟု ဘုရားဟောပါ၏ လော၊ ဟောပါ၏။ 'ရဟန်းတို့၊ မျက်စိကို ဟုတ်မှန်သည့် အတိုင်း သိသည်ရှိသော်၊ မျက်စိ၌ မတပ်မက်။ အဆင်းတို့ကို ဟုတ်မှန်သည့်အတိုင်း သိသည်ရှိသော်၊ အဆင်း တို့၌ မတပ်မက်။ မြင်ခြင်းကို ဟုတ်မှန်သည့်အတိုင်း သိသည်ရှိသော်၊ မြင် ခြင်း၌ မတပ်မက်။ တွေ့ခြင်းကို ဟုတ်မှန်သည့် အတိုင်း သိသည်ရှိသော်၊ တွေ့ခြင်း၌ မတပ်မက်။ခံစားခြင်းကို ဟုတ်မှန်သည့်အတိုင်း သိသည်ရှိသော်၊ ခံစားခြင်း၌ မတပ်မက်,ဟု ဘုရားဟောတော်မူသည်။

ဤတွင် မကသေး၊ မျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း,ခံစားခြင်း တို့၌၊ သိသဖြင့် မတပ်မက်သော ထိုပုဂ္ဂိုလ်အား၊ တဏှာတရားတို့သည် အဆင့်ဆင့် မတိုးပွါးမူ၍၊ နောင်တဖန် ဘဝသစ်ကို မဖြစ်စေတတ်။ တပ် မက်ခြင်း ကင်း၍ ထိုထို အာရုံ, ဘုံဘဝတို့၌၊ အလွန် တပ်မက် တတ်သော ထိုတဏှာသည်၊ ထိုပုဂ္ဂိုလ်အား ပယ်ပျောက်၏။

ဤတွင် မကသေး၊ မျက်စိ, အဆင်း, မြင်ခြင်း, တွေ့ခြင်း,ခံစားခြင်း တို့၌၊ သိသဖြင့် မတပ်မက်သော ထိုပုဂ္ဂိုလ်အား၊ကိုယ်၌ဖြစ်သော ပူလောင် ခြင်းတို့သည်၎င်း၊ စိတ်၌ ဖြစ်သော ပူလောင်ခြင်း တို့သည်၎င်း။ ကိုယ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်၎င်း၊ စိတ်၌ ဖြစ်သော ပူပန်ခြင်း တို့သည်၎င်း။ ကိုယ်၌ ဖြစ်သော ပူအိုက်ခြင်းတို့သည်၎င်း၊ စိတ်၌ ဖြစ်သော ပူအိုက်ခြင်းတို့ သည်၎င်း၊ ပယ်ပျောက် ကုန်၏။

ဤတွင် မကသေး၊ ဤကဲ့သို့ မျက်စိ၌ သိသဖြင့် မတပ်မက်သော သူ၊ အဆင်းတို့၌ သိသဖြင့် မတပ်မက်သော သူ၊ မြင်ခြင်း၌သိသဖြင့် မတပ်မက်

သော သူ၊ တွေ့ခြင်း၌ သိသဖြင့် မတပ်မက်သော သူ၊ ခံစားခြင်း၌ သိသဖြင့် မတပ်မက်သော သူသည်၊ ကိုယ်၌ ဖြစ်သော ချမ်းသာခြင်းကိုလည်း ခံစားရ၏။ စိတ်၌ ဖြစ်သော ချမ်းသာခြင်း ကိုလည်း ခံစားရ၏။

မျက်စိ၌ကဲ့သို့၊ နား, အသံ, ကြားခြင်း, တွေ့ခြင်း, ခံစားခြင်း၊ နှာခေါင်း, အနံ့, နံခြင်း, တွေ့ခြင်း, ခံစားခြင်း၊ လျှာ, အရသာ, စားခြင်း, တွေ့ခြင်း,ခံစားခြင်း၊ ကိုယ်, အတွေ့, ထိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ စိတ်, သဘော,သိခြင်း, တွေ့ခြင်း,ခံစားခြင်းဟု ဆိုအပ်သော ၆-ဒွါရ,၆-အာရုံ, ၆-ဝိညာဉ်, ၆-ဖဿ, ၆-ဝေဒနာတို့၌၊ သိသဖြင့် မတပ်မက်ကြသော သူတို့သည်၊ အထက် ပြဆိုပြီး အတိုင်း၊ အကုသိုလ်တရားတို့သည် ပယ်ရှားကုန်၏။ ထို့ကြောင့်၊-

## ပါဠိသက်သေကို ပြခြင်း

စက္ခုံ စ ခေါ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ၊ ရူပေ ဇာနံ ပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ။ စက္ခုသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ၊ ယမိဒံ စက္ခုံသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ စက္ခုသ္မိံ န သာရဇ္ဇတိ၊ ရူပေသု န သာရဇ္ဇတိ၊ စက္ခုဝိညာဏေ န သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ န သာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ န သာရဇ္ဇတိ။ ။

(ဉပရိပဏ္ဏာသပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ စ ခေါ၊ မျက်စိကိုသာလျှင်။ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနံ ပဿန္တော၊ သိ မြင်သည်ရှိသော်။ စက္ခုံသ္မိံ၊ မျက်စိ၌။ န သာရဇ္ဇတိ၊ မတပ်မက်,မနှစ်သက်။ရူပေ၊ အဆင်းတို့ကို။ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ ဇာနံ ပဿန္တော၊ သိ မြင်သည်ရှိ သော်။ ရူပေသု၊ အဆင်းတို့၌။ န သာရဇ္ဇတိ၊ မတပ်မက်, မနှစ်သက်။ စက္ခုဝိညာဏံ၊မြင်သည်ကို။ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ဇာနံ ပဿန္တော၊ သိ မြင်သည်ရှိသော်။ စက္ခုဝိညာဏေ၊ မြင်သည်၌။ န သာရဇ္ဇတိ၊ မတပ်မက်, မနှစ်သက်။ စက္ခုသမ္ဖဿံ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့

သည်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဇာနံ ပဿန္တော၊ သိ မြင်သည် ရှိသော်။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့သည်၌။ န သာရဇ္ဇတိ၊ မတပ်မက်, မနှစ်သက်။ စက္ခုသမ္ဖဿပစ္စယာ။ မျက်စိဖြင့် မြင်ခြင်း၏ အဆင်း နှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ချမ်းသာ သည်လည်း မဟုတ်, ဆင်းရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထို ခံစားခြင်းကိုလည်း။ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ဇာနံ ပဿန္တော၊ သိ မြင်သည် ရှိသော်။စက္ခုသမ္ဖဿပစ္စယာ၊မျက်စိဖြင့် မြင်ခြင်း၏ အဆင်း နှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာ သည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲ သည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ချမ်းသာ သည်လည်း မဟုတ်,ဆင်းရဲသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုခံစားခြင်း၌လည်း။ န သာရဇ္ဇတိ၊ မတပ်မက်, မနှစ်သက်။

တဿ အသာရတ္တဿ အသံယုတ္တဿ အသံမုဠှဿ အာဒီနဝါနုပဿိနော ဝိဟရတော အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ အပစယံ ဂစ္ဆန္တိ။ ။၎င်းပါဠိတော်။

အသာရတ္တဿ၊ တပ်မက်, နှစ်သက်သော သဘောမရှိသည်ဖြစ်၍။ အသံယုတ္တဿ၊ ဘဝသံယောဇဉ် ယှဉ်သော သဘော မရှိသည်ဖြစ်၍။ အသံမုဠှဿ၊ တွေဝေသော သဘော မရှိသည် ဖြစ်၍။ အာဒီနဝါနုပဿိနော၊ အပြစ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ၊ နောင်တဖန် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်ကုန်သော ဥပါဒါနက္ခန္ဓာ ငါးပါး တို့သည်။ အပစယံ၊ အသစ် မတိုးမပွါးသည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

တဏှာစဿ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သာစဿ ပဟီယတိ။ ။၎င်းပါဠိတော်။

တဏှာစ၊ တဏှာသည်လည်း။ အဿ၊ ထို ပုဂ္ဂိုလ်အား။ ပေါနောဗ္ဘဝိကာ၊ နောင်တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂ သဟဂတာ၊

နှစ်သက်ခြင်းနှင့်တကွ ဖြစ်၏။ တတြတတြ၊ ထိုထိုအာရုံ, ဘုံဘဝ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်, တပ်မက်တတ်၏။ သာစ တဏှာ၊ ထိုတဏှာသည်လည်း။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပဟီယတိ၊ ပယ်ပျောက်၏။

တဿ ကာယိကာပိ ဒရထာ ပဟီယန္တိ၊ စေတသိကာပိ ဒရထာ ပဟီယန္တိ။ ကာယိကာပိ သန္တာပါ ပဟီယန္တိ၊ စေတသိကာပိ သန္တာပါ ပဟီယန္တိ။ ကာယိကာပိ ပရိဠာဟာ ပဟီယန္တိ၊ စေတသိကာပိ ပရိဠာဟာ ပဟီယန္တိ။ ။

(ငှ်းပါဠိတော်)

တဿ၊ ထိုပုဂ္ဂိုလ်အား။ ကာယိကာပိ ဒရထာ၊ ကိုယ်၌ ဖြစ်သော ပူဆောင်းခြင်းတို့သည်လည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ စေတသိကာပိ ဒရထာ၊ စိတ်၌ဖြစ်သော ပူလောင်းခြင်းတို့သည်လည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ ကာယိကာပိ သန္တာပါ၊ ကိုယ်၌ ဖြစ်သော ပူပန်ခြင်းတို့သည်သည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ စေတသိကာပိ သန္တာပါ၊ စိတ်၌ဖြစ်သော ပူပန်ခြင်းတို့သည်လည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ ကာယိကာပိ ပရိဠာဟာ၊ ကိုယ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည်လည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ စေတသိကာပိ ပရိဠာဟာ၊ စိတ်၌ဖြစ်သော ပူအိုက်ခြင်းတို့သည်လည်း။ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။

သော ကာယိကံ သုခံပိ စေတော သုခံပိ ပဋိသံဝေဒေတိ။

(ငှ်းပါဠိတော်။)

သော၊ ထိုပုဂ္ဂိုလ်သည်။ ကာယိကံ သုခံပိ၊ ကိုယ်၌ ဖြစ်သော ချမ်းသာကိုလည်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ စေတော သုခံပိ၊ စိတ်၌ဖြစ်သော ချမ်းသာကိုလည်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

[သောတံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ ဃာနံ ဘိက္ခဝေ
ဇာနံ ပဿံ ယထာဘူတံ။ ပ။ ဇိဝှံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။
ပ၊ ကာယံ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ။ ပ။ မနံ ဘိက္ခဝေ ဇာနံ
ပဿံ ယထာဘူတံ။ ပ။ ။အတ္ထုတ္တု။]

## နိရောဓ,မဂ္ဂ ၂-ပါး ပေါ်ပုံကို ပြခြင်း

အထက်ပါ စကားအရ၊ ဘုရားထင်ရှားစွာ ဟောတော် မူခဲ့သည်မှာ၊ မျက်စိ၌သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်။နား၌ သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်၊ နှာခေါင်း၌ သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်။ လျှာ၌ သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်။ ကိုယ်၌ သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်။စိတ်၌သိကြသော သူတို့သည်၊ ၎င်း၌ မတပ်မက်။

ထို့ကြောင့်၊ မျက်စိ,အဆင်း,မြင်ခြင်း,တွေ့ခြင်း,ခံစားခြင်း၊ဤ ၅-ပါး ဆုံသော ခဏ၌၊မြင်သော အခိုက်အတန့် သိကြသော သူတို့မှာ၊ ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ, မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ,လောဘသို့မရောက်။မရောက်သောကြောင့်၊ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည်၊ ကွဲ၍,ကွဲ၍ နေ၏။ထိုကွဲသို့ ကွဲ,ကွဲနေသဖြင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို **ပိုင်းခြားသော** ဒုက္ခ၏၊ ပရိညာ **ကိစ္စ** ဖြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် ပြတ်၏။ 'သိ'သည်၊ မဂ္ဂသစ္စာ မည်၏။ တပ်မက်သည်လည်း၊ အလိုလိုချုပ်၏။ တပ်မက်၏ ချုပ်ခြင်းသည်၊ နိရောဓသစ္စာမည်၏။

နား,အသံ, ကြားခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤ ၅-ပါး ဆုံသော ခဏ၌၊ကြားသော အခိုက်အတန့် သိကြသော သူတို့မှာ၊ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ,မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ,လောဘသို့ မရောက်။ မရောက်သောကြောင့်၊ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည်၊ ကွဲ၍,ကွဲ၍ နေ၏။ထိုကွဲသို့ ကွဲ, ကွဲနေသဖြင့်၊ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို **ပိုင်းခြားသော** ဒုက္ခ၏၊ ပရိညာ **ကိစ္စ** ဖြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် ပြတ်၏။တပ်မက်သည်လည်း၊ အလိုလို ချုပ်၏။ တပ်မက်၏ ချုပ်ခြင်းသည်၊ နိရောဓသစ္စာ မည်၏။ 'သိ'သည်၊ မဂ္ဂသစ္စာ မည်၏။

နှာခေါင်း,အနံ့,နံခြင်း,တွေ့ခြင်း, ခံစားခြင်း၊ ဤ ၅-ပါးဆုံသော ခဏ၌၊ နံသော အခိုက်အတန့် သိကြသော သူတို့မှာ၊ ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ,မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ,လောဘသို့ မရောက်။ မရောက်သောကြောင့်၊ ထိုတပ်မက်သည် ချုပ်၏။ ထိုသို့ တပ်မက်ချုပ်၍၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည်၊ ကွဲ၍,ကွဲ၍ နေ၏။ ထိုကွဲသို့ ကွဲ,ကွဲနေသဖြင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ပိုင်းခြားသော

ဒုက္ခ၏၊ ပရိညာ ကိစ္စ ဖြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် ပြတ်၏။ 'သိ' သည်၊မဂ္ဂသစ္စာ မည်၏။တပ်မက်၏ ချုပ်ခြင်းသည်၊ နိရောဓသစ္စာမည်၏။

လျှာ, အရသာ, စားခြင်း, တွေ့ခြင်း,ခံစားခြင်း၊ဤ ၅-ပါးဆုံသော ခဏ၌၊စားသော အခိုက်အတန့်၊သိကြသော သူတို့မှာ၊ ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ,မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ,လောဘသို့ မရောက်။မရောက်သောကြောင့်၊ထိုတပ်မက်သည် ချုပ်၏။ထိုသို့ တပ်မက် ချုပ်၍၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည်၊ကွဲ၍,ကွဲ၍နေ၏။ ထိုကဲ့သို့ ကွဲ,ကွဲ နေသဖြင့်၊ဒုက္ခသစ္စာ နှင့် သမုဒယသစ္စာကို **ပိုင်းခြားသော** ဒုက္ခ၏၊ ပရိညာ **ကိစ္စ** ဖြစ်သောကြောင့်၊ပဋိစ္စသမုပ္ပါဒ်စက် ပြတ်၏။'သိ' သည်၊ မဂ္ဂ သစ္စာ မည်၏။ တပ်မက်၏ ချုပ်ခြင်းသည်၊ နိရောဓသစ္စာ မည်၏။

ကိုယ်, အတွေ့, ထိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤ ၅-ပါးဆုံသော ခဏ၌၊ ထိသောအခိုက်အတန့်၊ သိကြသော သူတို့မှာ၊ ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ, မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ, လောဘသို့ မရောက်။ မရောက်သောကြောင့်၊ ထို တပ်မက်သည် ချုပ်၏။ ထိုသို့ တပ်မက် ချုပ်၍၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည်၊ ကွဲ၍, ကွဲ၍ နေ၏။ ထိုကဲ့သို့ ကွဲ,ကွဲနေသဖြင့်၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို **ပိုင်းခြား** သော ဒုက္ခ၏၊ ပရိညာ **ကိစ္စ** ဖြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက် ပြတ်၏။ 'သိ'သည်၊ မဂ္ဂသစ္စာ မည်၏။ တပ်မက်၏ ချုပ်ခြင်းသည်၊ နိရောဓသစ္စာ မည်၏၊

စိတ်, သဘော, သိခြင်း, တွေ့ခြင်း, ခံစားခြင်း၊ ဤ ၅-ပါးဆုံသော ခဏ၌၊ ရှေ့စိတ်ဖြင့် သိသော အခိုက်အတန့်၊ နောက်စိတ်ဖြင့် သိကြသော သူတို့မှာ၊ ထိုအခိုက်အတန့်၌၊ မသိသော အဝိဇ္ဇာ,မောဟသည် ပျောက်၍၊ တပ်မက်သော တဏှာ,လောဘသို့ မရောက်။ မရောက်သောကြောင့်၊ ထို တပ်မက်သည် ချုပ်၏။ ထိုသို့ တပ်မက်ချုပ်၍၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ သည်၊ ကွဲ၍,ကွဲ၍ နေ၏။ ထိုကဲ့သို့ ကွဲ,ကွဲနေသဖြင့်၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာကို **ပိုင်းခြားသော** ဒုက္ခ၏၊ ပရိညာ **ကိစ္စ** ဖြစ်သောကြောင့်၊ ပဋိစ္စသ မုပ္ပါဒ်စက် ပြတ်၏။ 'သိ'သည်၊ မဂ္ဂသစ္စာ မည်၏။ တပ်မက်၏ ချုပ်ခြင်း သည်၊ နိရောဓသစ္စာ မည်၏။

## သစ္စာ ၄-ပါးလုံးပေါ်ပုံကို ပြခြင်း

ဤကဲ့သို့ မြင်သောခဏ၌၊ မြင်သည်ဟု သိမှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း, စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ-ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စ။သိသဖြင့် တပ်မက်ပျောက်ခြင်းတည်းဟူသော သမုဒယသစ္စာကို၊ပယ်သော ပဟာနကိစ္စ။သိ၍,သိ၍နေသဖြင့်၊မဂ္ဂင် ၈-ပါးကို ပွါးများ နေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။ သိသဖြင့် တပ်မက် ချုပ်ခြင်း တည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက်ပြုခြင်း သစ္ဆိကာတဗ္ဗကိစ္စ။ ဤသစ္စာ ၄-ချက်သည်၊ သိမှတ်,နေသော စိတ်တချက်တည်း၌၊ တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤအသိ အလုပ်မျိုးကို သိမှတ်, ပိုင်းခြားပေါင်း များသော သူသည်၊ တဒင်္ဂ ပေါင်း များစွာဖြစ်သောကြောင့်၊ အဘယ်မှာ **သမုစ္ဆေဒ** သို့ မဆိုက်ဘဲ ရှိပါအံ့နည်း။

ကြားသော ခဏ၌၊ ကြားသည်ဟု သိမှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း,စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ-ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာ ကိစ္စ။ သိသဖြင့် တပ်မက် ပျောက်ခြင်း တည်းဟူသော သမုဒယသစ္စာကို၊ ပယ်သော ပဟာနကိစ္စ။ သိ၍, သိ၍ နေသဖြင့်၊ မဂ္ဂင် ၈-ပါးကို ပွါးများနေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။ သိသဖြင့် တပ်မက်ချုပ်ခြင်း တည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက်ပြုခြင်း သစ္ဆိကာတဗ္ဗကိစ္စ။ ဤသစ္စာ ၄-ချက်သည်၊ သိမှတ်နေသော စိတ်တချက်တည်း၌၊ တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤအသိ အလုပ်မျိုးကို သိမှတ်, ပိုင်းခြားပေါင်း များသော သူသည်၊ **တဒင်္ဂ** ပေါင်း များစွာဖြစ်သောကြောင့်၊ အဘယ်မှာ **သမုစ္ဆေဒ** သို့၊ မဆိုက်ဘဲ ရှိပါအံ့နည်း။

နံသော ခဏ၌၊ နံသည်ဟု သိမှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း, စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ -ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စ။ သိသဖြင့် တပ်မက် ပျောက်ခြင်း တည်းဟူသော သမုဒယသစ္စာကို၊ ပယ်သော ပဟာနကိစ္စ။ သိ၍, သိ၍ နေသဖြင့်၊ မဂ္ဂင် ၈-ပါးကို ပွါးများနေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။ သိသဖြင့် တပ်မက် ချုပ်ခြင်း တည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက် ပြုခြင်း သစ္ဆိကာဘဗ္ဗကိစ္စ။ ဤ သစ္စာ ၄-ချက်သည်၊ သိမှတ်နေသော စိတ်တချက်တည်း၌၊ တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤအသိအလုပ်မျိုးကို သိမှတ်, ပိုင်းခြားပေါင်းများသော သူသည်၊ **တဒင်္ဂ** ပေါင်းများစွာဖြစ်သောကြောင့်၊ အဘယ်မှာ **သမုစ္ဆေဒ** သို့၊ မဆိုက်ဘဲ ရှိပါအံ့နည်း။

စားသော ခဏ၌၊ စားသည်ဟု သိမှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း, စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ-ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စ။ သိသဖြင့် တပ်မက်ပျောက်ခြင်း တည်းဟူသော သမုဒယ သစ္စာကို၊ ပယ်သော ပဟာနကိစ္စ။ သိ၍,သိ၍ နေသဖြင့်၊ မဂ္ဂင် ၈-ပါးကို ပွါးများနေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။ သိသဖြင့် တပ်မက် ချုပ်ခြင်းတည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက် ပြုခြင်း သစ္ဆိကာတဗ္ဗကိစ္စ။ ဤသစ္စာ ၄-ချက်သည်၊ သိမှတ်နေသော စိတ်တချက်တည်း၌၊ တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤအသိ အလုပ်မျိုးကို၊ သိမှတ်, ပိုင်းခြားပေါင်းများသော သူသည်၊ တဒင်္ဂ ပေါင်း များစွာဖြစ်သောကြောင့်၊ အဘယ်မှာ **သမုဒ္ဒေ** သို့၊ မဆိုက်ဘဲ ရှိပါအံ့နည်း။

ထိသော ခဏ၌၊ ထိသည်ဟု သိမှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း,စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ-ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စ။ သိသဖြင့် တပ်မက် ပျောက်ခြင်း တည်းဟူသော သမုဒယသစ္စာကို၊ပယ်သော ပဟာနကိစ္စ။သိ၍,သိ၍ နေသဖြင့်၊ မဂ္ဂင် ၈-ပါးကို ပွါးများ နေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။ သိသဖြင့် တပ်မက် ချုပ်ခြင်း တည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက် ပြုခြင်း သစ္ဆိကာတဗ္ဗကိစ္စ။ ဤသစ္စာ ၄ - ချက်သည်၊ သိမှတ်နေသော စိတ်တချက်တည်း၌၊ တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤအသိ အလုပ်မျိုးကို၊သိမှတ်, ပိုင်းခြားပေါင်း များသော သူသည်၊ တဒင်္ဂပေါင်း များစွာ ဖြစ်သောကြောင့်၊ အဘယ်မှာ **သမုဒ္ဒေ** သို့၊ မဆိုက်ဘဲ ရှိပါအံ့နည်း။

သိသော ခဏ၌၊သိသည်ဟု မှတ်ကြသော သူတို့၏၊ စိတ်ချက်တိုင်း, စိတ်ချက်တိုင်းမှာ သိသဖြင့်၊ မသိ-ဟူသော ဒုက္ခသစ္စာကို၊ ပိုင်းခြားသော ပရိညာကိစ္စ။ သိသဖြင့် တပ်မက် ပျောက်ခြင်း တည်းဟူသော သမုဒယ သစ္စာကို၊ ပယ်သော ပဟာနကိစ္စ။ သိ၍,သိ၍ နေသဖြင့်၊ မဂ္ဂင် ၈-ပါးကို ပွါးများ နေသောကြောင့်၊ မဂ္ဂသစ္စာကို ပွါးခြင်း ဘာဝနာကိစ္စ။သိသဖြင့် တပ်မက် ချုပ်ခြင်း တည်းဟူသော နိရောဓသစ္စာကို၊ မျက်မှောက် ပြုခြင်း သစ္ဆိကာတဗ္ဗကိစ္စ။ ဤသစ္စာ ၄-ချက်သည်၊ သိမှတ်နေသော စိတ်တချက်တည်း၌၊တဒင်္ဂအားဖြင့် ပါသောကြောင့်၊ ဤ အသိ အလုပ်မျိုးကို သိမှတ်, ပိုင်းခြားပေါင်း များသော သူသည်၊ တဒင်္ဂပေါင်း များစွာ ဖြစ်သောကြောင့်၊အဘယ်မှာ **သမုဒ္ဒေ**သို့၊ မဆိုက်ဘဲ ရှိပါအံ့နည်း။ ထိုကြောင့်၊—

(၁) 'မသိ' သည်—ဒုက္ခသစ္စာ မည်၏၊
(၂) 'တစ်မက်' သည်—သမုဒယသစ္စာ မည်၏။
(၃) 'တစ်မက်'၏ ချုပ်ခြင်းသည်-နိရောဓသစ္စာ မည်၏။
(၄) 'သိ' သည်-မဂ္ဂသစ္စာ မည်၏။

## ဗောဓိပက္ခိယတရား ပါပုံကို ပြခြင်း

ဤသို့ မြင်ဆဲ,ကြားဆဲ,နံဆဲ, စားဆဲ, ထိဆဲ, သိဆဲ ဟု ဆိုအပ်သော အခိုက်အတန့် တို့၌၊ သိမှတ်, ပိုင်းခြားနေသော သူသည်၊ အမှန်မြင်ခြင်း ကြောင့်၊ သမ္မာဒိဋ္ဌိ မဂ္ဂင် ပါ၏။ အမှန် ကြံခြင်းကြောင့်၊ သမ္မာသင်္ကပ္ပ မဂ္ဂင် ပါ၏။ အမှန် အားထုတ် ခြင်းကြောင့်၊ သမ္မာဝါယာမ မဂ္ဂင် ပါ၏။ အမှန် သိခြင်းကြောင့်၊ သမ္မာသတိ မဂ္ဂင် ပါ၏။ အမှန် တည်ခြင်းကြောင့်၊ သမ္မာ သမာဓိ မဂ္ဂင်ပါ၏။ ရှေး သိမှတ်,ပိုင်းခြားဆဲခဏပင်လျှင်၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဟူသော ကာယဒုစရိုက် ၃-ပါး၊ မုသာ ဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက် ၄-ပါး တရား အပေါင်း တို့သည်၊ ပါဝင်ကြလေကုန်သဖြင့်၊ မဂ္ဂင် ၈-ပါး တရား သည်၊ သိမှတ်,ပိုင်းခြား၍ အားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏၊ ဝိပဿနာ ဘာဝနာ၌၊ ပြည့်စုံသည်၏ အဖြစ်သို့ ရောက်၏။ ထို့ကြောင့်၊—

ယာ ယထာဘူတဿ ဒိဋ္ဌိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ။ ယော တထာဘူတဿ သင်္ကပ္ပေါ၊ သွာဿ ဟောတိ သမ္မာ သင်္ကပ္ပေါ။ ယော တထာဘူတဿ ဝါယာမော၊ သွာဿ ဟောတိ သမ္မာဝါယာမော၊ ယာ တထာဘူတဿ သတိ၊ သာဿ ဟောတိ သမ္မာသတိ။ ယော တထာဘူတဿ သ မာဓိ၊ သွာဿ ဟောတိ သမ္မာသမာဓိ။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။ ဧဝ မဿာယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ ။ဥပရိပဏ္ဏာသပါဠိတော်၊

တထာဘူတဿ၊ဟုတ်သောအတိုင်း။ယာ ဒိဋ္ဌိ၊အကြင်မြင်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ သာ ဒိဋ္ဌိ၊ထိုမြင်ခြင်းသည်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သမ္မာ ဒိဋ္ဌိ၊အမှန်မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယထာဘူတဿ၊ဟုတ်သောအ တိုင်း။ယော သင်္ကပ္ပေါ၊အကြင် ကြံခြင်း။သော၊ထိုကြံခြင်းသည်။အဿ၊ထို

ပုဂ္ဂိုလ်အား။သမ္မာသက်ပွေါ၊ အမှန်ကြံခြင်းသည်။ ဟောတိ၊ ဖြစ်၏။တထာ ဘူတသာ၊ ဟုတ်သောအတိုင်း။ယော ဝါယာမော၊အကြင်အားထုတ်ခြင်း။ သော၊ ထိုအားထုတ်ခြင်းသည်.အဿ၊ ထိုပုဂ္ဂိုလ်အား။ သမ္မာဝါယာမော၊ အမှန်အားထုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တထာဘူတဿ၊ ဟုတ်သော အတိုင်း။ ယာ သတိ၊ အကြင်သတိ။ သာ၊ထိုသတိသည်။ အဿ၊ ထိုပုဂ္ဂိုလ် အား။ သမ္မာသတိ၊ အမှန်သတိသည်။ ဟောတိ၊ ဖြစ်၏။ တထာဘူတဿ၊ ဟုတ်သော အတိုင်း၊ ယော သမာဓိ၊ အကြင်တည်ခြင်း။ သော၊ ထိုတည် ခြင်းသည်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သမ္မာသမာဓိ၊ အမှန်တည်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗေဝ ခေါ ပန၊ ရှေးဦးကသာလျှင်။ အဿ၊ ထိုပုဂ္ဂိုလ် အား။ ကာယကမ္မံ၊ ကာယကံ ၃-ပါးသည်ရှင်း။ ဝစီကမ္မံ၊ ဝစီကံ ၄-ပါး သည်ရှင်း။ အာဇီဝေါ၊ မိစ္ဆာဇီဝသည်ရှင်း။ သုပရိသုဒ္ဓေါ၊ ကောင်းစွာ စင်ကြယ်သည်။ ဟောတိ၊ဖြစ်၏။ ဧဝံ၊ ဤသို့။အဿ၊ ထိုပုဂ္ဂိုလ်အား။ အရိယော၊ မြတ်သော။ အယံ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဤမဂ္ဂင် ၈-ပါး တရား သည်။ ဘာဝနာပါရိပူရိံ၊ ဝိပဿနာ,ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဤ သိမှတ်,ပိုင်းခြားသော၊ မဂ္ဂင် ၈-ပါး တရားကို ပွါးများသော ပုဂ္ဂိုလ်အား၊ (၁)ကာယာနုပဿနာ သတိပဋ္ဌာန် (၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန် (၃) စိတ္တာနုပဿနာသတိပဋ္ဌာန် (၄) ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်-ဟူသော၊ **သတိပဋ္ဌာန်** ၄-ပါး တရားတို့သည်ရှင်း။

(၁) ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို တဖန်မဖြစ်စေခြင်း လုလ္လ။ (၂) ဖြစ်ခွင့်ထိုက်သော အကုသိုလ် တရားတို့ကို ဖြစ်ပေါ်ခွင့်မရ စေဘဲ ချုပ်ဆုံးစေခြင်း လုလ္လ။ (၃)ဖြစ်ပြီးသော ကုသိုလ်တရားများ တည် စေခြင်း လုလ္လ။ (၄)မဖြစ်ဘူးသေးသော ကုသိုလ် တရားများ ဖြစ်စေခြင်း လုလ္လ-ဟူသော သမ္မပ္ပဓါန် ၄-ပါး တရားတို့သည်ရှင်း။

(၁) ဆန္ဒိဒ္ဓိပါဒ် (၂) ဝိရိယိဒ္ဓိပါဒ် (၃)စိတ္တိဒ္ဓိပါဒ် (၄) ဝိမံ သိဒ္ဓိပါဒ်-ဟူသော **ဣဒ္ဓိပါဒ်** ၄-ပါး တရားတို့သည်ရှင်း။

(၁) သဒ္ဓိန္ဒြေ (၂) ဝိရိယိန္ဒြေ (၃) သတိန္ဒြေ (၄) သမာ ဓိန္ဒြေ (၅) ပညိန္ဒြေ-ဟူသော ဣန္ဒြေ ၅-ပါး တရားတို့သည်ရှင်း။

(၁) သဒ္ဓါဗိုလ် (၂) ဝိရိယဗိုလ် (၃) သတိဗိုလ် (၄)သ မာဓိဗိုလ် (၅) ပညာဗိုလ်-ဟူသော ဗိုလ် ၅-ပါး တရားတို့သည်ရှင်း။

(၁) သတိသမ္ဗောဇ္ဈင် (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် (၃) ဝီရိယသမ္ဗောဇ္ဈင် (၄) ပီတိ သမ္ဗောဇ္ဈင် (၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင် (၆) သမာဓိ သမ္ဗောဇ္ဈင်၊ (၇)ဥပေက္ခာ သမ္ဗောဇ္ဈင်–ဟူသော ဗောဇ္ဈင် ၇-ပါး တရားတို့သည်ရင်း၊ ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

သည်တွင် မကသေး၊ ဤသိမှတ်, ပိုင်းခြား၍နေသော မဂ္ဂင် ၈-ပါး တရားကို ပွါးများ၍ နေသော သူ၏ လုပ်ငန်းကိစ္စထဲ၌၊ သမထရော ဝိပဿနာပါ ဖြစ်ကြကုန်၏။ ထို့ကြောင့်–

တဿ ဧဝံ ဇာနံ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝယတော စတ္တာရောပိ သတိပဋ္ဌာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ စတ္တာရောပိ သမ္မပ္ပဓာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ စတ္တာရောပိ ဣဒ္ဓိပါဒါ ဘာဝနာပါရိပူရိံ ပစ္စန္တိ၊ ပဉ္စပိဣန္ဒြိယာနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ ပဉ္စပိ ဗလာနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ သတ္တပိ ဗောဇ္ဈင်္ဂါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ တဿိမေ ဒွေဓမ္မာ ယုဂနန္ဓာ ဝတ္တန္တိ သမထောစ ဝိပဿနာစ။ ။ရင်းပါဠိတော်။

ဧဝံ၊ ဤသို့။ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ၈-ပါး ရှိသော။ ဇာနံ အရိယံမဂ္ဂံ၊ ဤအရိယမဂ်ကို။ ဘာဝယတော၊ ပွါးများသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ စတ္တာရောပိ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် တရား ၄-ပါးတို့သည်။ ဘာဝနာပါရိပူရိံ၊ ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတ္တာရောပိ၊ ၄-ပါးလည်း ဖြစ်ကုန်သော။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တရားတို့သည်။ဘာဝနာ ပါရိပူရိံ၊ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတ္တာရောပိ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တရား ၄-ပါးတို့သည်လည်း။ ဘာဝနာ ပါရိပူရိံ၊ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။ပဉ္စပိ ဣန္ဒြိယာနိ၊ ဣန္ဒြေ ၅-ပါး တရားတို့သည်လည်း။ဘာဝနာ ပါရိပူရိံ၊ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။ ပဉ္စပိ ဗလာနိ၊ ဗိုလ်ငါးပါး တရားတို့သည်လည်း။ဘာဝနာပါရိပူရိံ၊ ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။သတ္တပိ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင် ၇-ပါးတရားတို့သည်လည်း။ဘာဝနာ ပါရိပူရိံ၊ဝိပဿနာ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။တဿ၊ထိုသူအား။သမထောစ၊ သမထ သည်ရင်း။ ဝိပဿနာစ၊ ဝိပဿနာသည်ရင်း။ ဣမေ ဒွေဓမ္မာ၊ ဤ တရား ၂-ပါးတို့သည်။ ယုဂနန္ဓာ၊ အစုံအစုံ တို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

## မဂ်ကိစ္စ ၄-ချက်ကို ပြခြင်း

(၁) ထိုသူသည် အကြင် တရား တို့ကို၊ သိသော အားဖြင့် ပိုင်းခြားအပ်၏။ ထိုတရားတို့ကို သိသော အားဖြင့် ပိုင်းခြား၏။

(၂) ထိုသူသည် အကြင်တရားတို့ကို၊ သိသော အားဖြင့် ပယ်အပ်၏။ ထိုတရားတို့ကို သိသောအားဖြင့် ပယ်၏။

(၃) ထို သူသည် အကြင် တရား တို့ကို၊ သိသော အားဖြင့် ပွါးများအပ်၏။ ထိုတရားတို့ကို၊ သိသောအားဖြင့် ပွါးများ၏။

(၄) ထိုသူသည် အကြင်တရားတို့ကို၊ သိသောအားဖြင့် မျက်မှောက်ပြုအပ်၏။ ထိုတရား တို့ကို သိသော အားဖြင့် မျက်မှောက်ပြု၏။

သော ယေ ဓမ္မာ အဘိညာ ပရိညေယျာ၊ တေ ဓမ္မေ အဘိညာ ပရိဇာနာတိ။ ယေ ဓမ္မာ အဘိညာ ပဟာတဗ္ဗာ၊ တေ ဓမ္မေ အဘိညာ ပဇဟတိ။ ယေ ဓမ္မာ အဘိညာ ဘာဝေတဗ္ဗာ၊ တေ ဓမ္မေ အဘိညာ ဘာဝေတိ။ ယေ ဓမ္မာ အဘိညာ သစ္ဆိကာတဗ္ဗာ၊ တေ ဓမ္မေ အဘိညာ သစ္ဆိကရောတိ။ ။
(ၪင်းပါဠိ-တော်)

သော၊ ထိုပုဂ္ဂိုလ်သည်။ ယေ ဓမ္မာ၊ အကြင်တရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပရိညေယျာ၊ ပိုင်းခြားအပ်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပရိဇာနာတိ၊ ပိုင်းခြား၏။ ယေ ဓမ္မာ၊ အကြင်တရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပဇဟတိ၊ ပယ်စွန့်၏။ ယေ ဓမ္မာ၊ အကြင် တရား တို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ဘာဝေတဗ္ဗာ၊ ပွါးများအပ်ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ဘာဝေတိ၊ ပွါးများ၏။ ယေ ဓမ္မာ၊ အကြင်တရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ တေ ဓမ္မေ၊ ထိုတရားတို့ကို။ အဘိညာ၊ သိသော အားဖြင့်။ သစ္ဆိကရောတိ မျက်မှောက်ပြု၏။

(၁) အဘယ် တရား တို့ကို၊ သိသော အားဖြင့် ပိုင်းခြားအပ်ကုန်သနည်း။ **ဥပါဒါနက္ခန္ဓာ ၅-ပါး** တရား တို့ကို၊ သိသောအားဖြင့် ပိုင်းခြားအပ်ကုန်၏။

(၂) အဘယ် တရားတို့ကို၊ သိသောအားဖြင့် ပယ်အပ်ကုန်သနည်း။ **အဝိဇ္ဇာ နှင့် ဘဝတဏှာ** တရားတို့ကို၊ သိသောအားဖြင့် ပယ်အပ်ကုန်၏။

(၃) အဘယ်တရားတို့ကို၊ သိသောအားဖြင့် ပွါးများအပ်ကုန်သနည်း။ သမထ နှင့် ဝိပဿနာ တရားတို့ကို၊ သိသောအားဖြင့် ပွါးများအပ်ကုန်၏။

(၄) အဘယ်တရားတို့ကို၊ သိသောအားဖြင့် မျက်မှောက် ပြုအပ်ကုန်သနည်း။ ဝိဇ္ဇာ နှင့် ဝိမုတ္တိ တရားတို့ကို၊ သိသောအားဖြင့် မျက်မှောက် ပြုအပ်ကုန်၏။ ထို့ကြောင့်၊-

ကတမေ စ ဘိက္ခဝေ ဓမ္မာ အဘိညာ ပရိညေယျာ၊ ပဉ္စုပါဒါနက္ခန္ဓာ တိဿ ဝစနီယံ။ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။ ဣမေ ဓမ္မာ အဘိညာ ပရိညေယျာ။

ကတမေ စ ဘိက္ခဝေ ဓမ္မာ အဘိညာ ပဟာတဗ္ဗာ၊ အဝိဇ္ဇာ စ ဘဝတဏှာ စ။ ဣမေ ဓမ္မာ အဘိညာ ပဟာတဗ္ဗာ။

ကတမေ စ ဘိက္ခဝေ ဓမ္မာ အဘိညာ ဘာဝေတဗ္ဗာ၊ သမထော စ ဝိပဿနာ စ။ ဣမေ ဓမ္မာ အဘိညာ ဘာဝေတဗ္ဗာ။

ကတမေ စ ဘိက္ခဝေ ဓမ္မာ အဘိညာ သစ္ဆိကာတဗ္ဗာ၊ ဝိဇ္ဇာ စ ဝိမုတ္တိ စ။ ဣမေ ဓမ္မာ အဘိညာ သစ္ဆိကာတဗ္ဗာ။ ။

(ရင်းပ ဋ္ဌိ-တာ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမေ စ ဓမ္မာ၊ အဘယ်တရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပရိညေယျာ၊ ပိုင်းခြားအပ်ကုန်သနည်း။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဣဒံ၊ ဤဥပါဒါနက္ခန္ဓာ ၅-ပါးသည်။ သေယျထာ၊ အဘယ်နည်း။ ရူပုပါဒါနက္ခန္ဓော၊ ရူပုပါဒါနက္ခန္ဓာလည်း တပါး။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓာလည်း တပါး။ သညုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓာလည်း တပါး။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓာလည်း တပါး။ ဝိညာဏုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓာ

လည်း တပါး။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပရိညေယျာ၊ ပိုင်းခြားအပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမေ စ ဓမ္မာ၊အဘယ်တရားတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သနည်း။ အဝိဇ္ဇာစ၊ အဝိဇ္ဇာရင်း။ ဘဝတဏှာစ၊ ဘဝတဏှာရင်း။ ဣမေ ဓမ္မာ၊ ဤတရား ၂-ပါး တို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။ကတမေ စ ဓမ္မာ၊အဘယ်တရားတို့ကို။အဘိညာ၊ သိသောအားဖြင့်၊ ဘာဝေတဗ္ဗာ၊ ပွါးများအပ်သနည်း။ သမထောစ၊ သမထရင်း။ ဝိပဿနာစ၊ဝိပဿနာရင်း။ ဣမေ ဓမ္မာ၊ ဤတရား ၂-ပါးတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ ဘာဝေတဗ္ဗာ၊ ပွါးများအပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမေ စ ဓမ္မာ၊ အဘယ် တရား တို့ကို။ အဘိညာ၊ သိသောအားဖြင့်။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ် ကုန်သနည်း။ ဝိဇ္ဇာစ၊ဝိဇ္ဇာရင်း။ ဝိမုတ္တိစ၊ ဝိမုတ္တိရင်း။ ဣမေ ဓမ္မာ၊ ဤတရား ၂-ပါးတို့ကို။ အဘိညာ၊ သိသောအားဖြင့်။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက် ပြုအပ်ကုန်၏။

## ထွက်လေ,ဝင်လေ ရှုနည်းကို ပြခြင်း

ထိုသို့ မြင်သော ခဏ၊ မြင်သည်ဟု မှတ်ရမည်။ ကြားသော ခဏ၊ ကြားသည်ဟု မှတ်ရမည်။ နံသော ခဏ၊ နံသည်ဟု မှတ်ရမည်။ စားသော ခဏ၊ စားသည်ဟု မှတ်ရမည်။ ထိသော ခဏ၊ ထိသည်ဟု မှတ်ရမည်။ သိသော ခဏ၊သိသည်ဟု မှတ်ရမည်ဆိုသော၊တရားအားထုတ်သော နည်း၏ အစဉ်ကို၊ လူဝိန်းတို့ သိနားလွယ်စေခြင်း အကျိုးငှါ၊ အာနာပါန ဘာဝနာ အားထုတ်နည်းဖြင့် ထင်အောင်ပြဦးအံ့။

နိမိတ္တံ အဿာသ,ပဿာသာ၊ အနာရမ္မဏမေကစိတ္တဿ။
အဇာနတော စ တယော ဓမ္မေ၊ ဘာဝနာနုပလဗ္ဘတိ။ ။

နိမိတ္တံ အဿာသ, ပဿာသာ၊ အနာရမ္မဏမေကစိတ္တဿ။
ဇာနတော စ တယော ဓမ္မေ၊ ဘာဝနာ ဥပလဗ္ဘတိ။ ။

(အာနာပါနကထာ)

နိမိတ္တံ၊နိမိတ်။အဿာသ,ပဿာသာ၊ထွက်သက်,ဝင်သက်။ ဣမေ တယော၊ ဤ ၃-ပါးသော တရားတို့သည်။ ဧကစိတ္တဿ၊ စိတ်တကြိမ်၏။ အနာရမ္မဏာ၊ အာရုံ မဖြစ်ကုန်။ ဣမေ တယော ဓမ္မေ၊ ဤ ၃-ပါးသော တရားတို့ကို။ အဇာနတော၊စိတ်တကြိမ်တည်း မသိသော သူအားလည်း။ ဘာဝနာ၊အာနာပါနဿတိ သမာဓိဘာဝနာကို။ န ဥပလဗ္ဘတိ၊ မရအပ်။ နိမိတ္တံ၊နိမိတ်။ အဿာသ,ပဿာသာ၊ထွက်သက်,ဝင်သက်။ ဣမေ တယော ဓမ္မာ၊ဤ ၃-ပါးသော တရားတို့သည်။ ဧကစိတ္တဿ၊ စိတ်တကြိမ်၏။ အနာရမ္မဏာ၊ အာရုံ မဖြစ်ကုန်။ ဣမေ တယော ဓမ္မေ၊ ဤ ၃-ပါးသော တရားတို့ကို။ ဇာနတော၊ စိတ်တကြိမ်တည်း သိသော သူအားသာလျှင်။ ဘာဝနာ၊ အာနာပါနဿတိ, သမာဓိဘာဝနာကို။ ဥပလဗ္ဘတိ၊ရအပ်၏။

> ကထံ ဣမေ တယော ဓမ္မာ ဧကစိတ္တဿ အာရမ္မဏာ န ဟောန္တိ၊ န စိမေ တယော ဓမ္မာ အဝိဒိတာ ဟောန္တိ၊ န စ စိတ္တံ ဝိက္ခေပံ ဂစ္ဆတိ၊ ပဓာနဉ္စ ပညာယတိ၊ ပယောဂဉ္စ သာဓေတိ၊ ဝိသေ သမာဓိ ဂစ္ဆတိ။ ။အာနာပါနကထာ။

ကထံ၊ အဘယ်သို့လျှင်။ ဣမေ တယော ဓမ္မာ၊ ဤ ၃-ပါးသော တရားတို့သည်။ ဧကစိတ္တဿ၊ စိတ်တကြိမ်၏၊ အာရမ္မဏာ၊ အာရုံတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်သနည်း၊ ဣမေ တယော ဓမ္မာ၊ ဤ ၃-ပါးသော တရားတို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န စ ဟောန္တိ၊ မဖြစ်ကုန်သနည်း။ စိတ္တံ၊ စိတ်သည်။ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န စ ဂစ္ဆတိ၊ မရောက်သနည်း။ ပဓာနဉ္စ၊ ပဓာနသည်လည်း။ ပညာယတိ၊ ထင်သနည်း။ ပယောဂဉ္စ၊ ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေသနည်း။ ဝိသေသံ၊ ဝိသေသကို။ အဓိဂစ္ဆတိ၊ ရသနည်း။

> သေယျထာပိ ရုက္ခော သမေ ဘူမိဘာဂေ နိက္ခိတ္တော၊ တမေနံ ပုရိသော ကကစေန ဆိန္ဒေယျ၊ ရုက္ခေ ဖုဋ္ဌကကစ ဒန္တာနံ ဝသေန ပုရိသဿ သတိ ဥပဋ္ဌိတာ ဟောတိ၊ န အာဂတေဝါ ဂတေဝါ ကကစဒန္တေ မနသိကရောတိ၊န အာဂတာဝါ ဂတာဝါ ကကစဒန္တာ အဝိဒိတာ ဟောန္တိ၊ ပဓာနဉ္စ ပညာယတိ၊ ပယောဂဉ္စ သာဓေတိ။ ။အာနာပါနကထာ။

သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ ရုက္ခော၊ သစ်တုံးကို။ သမေဘူမိဘာဂေ၊ ညီညွတ်သော မြေအရပ်၌။ နိက္ခိတ္တော၊ ထားအပ်၏။

တမေနံ၊ ထိုသစ်တုံးကို။ ပုရိသော ယောကျာ်းသည်။ ကကစေန၊ လွှဖြင့်။ ဆိန္ဒေယျ၊ ဖြတ်ရာ၏။ ရုက္ခေ၊ သစ်တုံး၌။ ဖုဋ္ဌ ကကစ ဒန္တာနံ၊ ထိသော လွှသွားတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပုရိသဿ၊ ယောကျာ်း၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ အာဂတေဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတေဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ ကကစဒန္တေ၊ လွှသွားတို့ကို။ န မနသိကရောတိ၊ နှလုံးမသွင်း။ အာဂတာဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတာဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ ကကစဒန္တာ၊ လွှသွားတို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဓာနဥ္စ၊ ပဓာနသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဥ္စ၊ ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေ၏။

> ယထာ ရုက္ခော သမေ ဘူမိဘာဂေ နိက္ခိတ္တော။ ဧဝံ ဥပနိဗန္ဓနာ နိမိတ္တံ။ ယထာ ကကစဒန္တာ၊ ဧဝံ အဿာသ ပဿာသာ။ ယထာ ရုက္ခေ ဖုဋ္ဌကကစဒန္တာနံ ဝသေန ပုရိသဿ သတိ ဥပဋ္ဌိတာ ဟောတိ၊ န အာဂတေဝါ ဂတေဝါ ကကစဒန္တေ မနသိကရောတိ၊ န အာဂတာဝါ ဂတာဝါ ကကစဒန္တာ အဝိဒိတာ ဟောန္တိ၊ ပဓာနဥ္စ ပညာယတိ၊ ပယောဂဥ္စ သာဓေတိ။ ။အာနာပါနကထာ။

ရုက္ခော၊ သစ်တုံးကို။ သမေဘူမိဘာဂေ၊ ညီညွတ်သော မြေအရပ်၌။ နိက္ခိတ္တော ယထာ၊ ထားအပ်သကဲ့သို့။ ဧဝံ၊ ထိုအတူ။ ဥပနိဗန္ဓနာ နိမိတ္တံ၊ သတိဖြင့် ဖွဲ့အပ်သော နိမိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ကကစဒန္တာ ယထာ၊ လွှသွားတို့ ကဲ့သို့။ ဧဝံ၊ ထို့အတူ။ အဿာသ ပဿာသာ၊ ထွက်သက်, ဝင်သက် တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ရုက္ခေ၊ သစ်တုံး၌။ ဖုဋ္ဌကကစ ဒန္တာနံ၊ ထိသော လွှသွားတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပုရိသဿ၊ ယောကျာ်း၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ ထင်သည်၊ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ အာဂတေဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတေဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ ကကစဒန္တေ၊ လွှသွားတို့ကို။ န မနသိကရောတိ ယထာ၊ နှလုံးမသွင်း သကဲ့သို့။ အာဂတာဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတာဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ ကကစဒန္တာ၊ လွှသွားတို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ ယထာ၊ မဖြစ်ကုန်သကဲ့သို့။ ပဓာနဥ္စ၊ ပဓာနသည်လည်း။ ပညာယတိ ယထာ၊ ထင်သကဲ့သို့။ ပယောဂဥ္စ၊ ပယောဂကိုသည်း။ သာဓေတိ ယထာ၊ ပြီးစေသကဲ့သို့။

ဝေမေဝ ဘိက္ခု နာသိကဂ္ဂေဝါ မုခနိမိတ္တေဝါ သတိံ ဥပဋ္ဌာပေတွာ နိသိန္နော ဟောတိ။ န အာဂတေဝါ ဂတေဝါ အဿာသ,ပဿာသေ မနသိကရောတိ၊ န အာဂတာဝါ ဂတာဝါ အဿာသ, ပဿာသာ အဝိဒိတာ ဟောန္တိ၊ ပဓာနဉ္စ ပညာယတိ၊ ပယောဂဉ္စ သာဓေတိ၊ ဝိသေသ မဓိဂစ္ဆတိ။ ။

(အာနာပါနကထာ)

ဧဝ မေဝ၊ ထိုအတူ သာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ နာသိကဂ္ဂေဝါ၊ **နှာသီးဖျားန္ဝင်း**။မုခနိမိတ္တေဝါ၊**နှုတ်ခမ်းဖျားန္ဝင်း**။သတိံ၊သတိကို။ ဥပဋ္ဌာပေတွာ၊ ထင်စေ၍။ နိသိန္နော၊ နေသည်။ ဟောတိ၊ ဖြစ်၏။ အာဂတေဝါ၊ လာသည်လည်း ဖြစ်ကုန်သော။ ဂတေဝါ၊ သွားသည်လည်း ဖြစ်ကုန်သော။ အဿာသ,ပဿာသေ၊ ထွက်သက်,ဝင်သက်တို့ကို။ န မနသိ ကရောတိ။ နှလုံးမသွင်း။အာဂတာဝါ၊လာသည်လည်း ဖြစ်ကုန်သော။ဂတာဝါ၊ သွားသည်သည်း ဖြစ်ကုန်သော။ အဿာသ,ပဿာသာ၊ ထွက်သက်, ဝင်သက်တို့သည်။ အဝိဒိတာ၊ မသိအပ်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပဓာနဉ္စ၊ ပဓာနသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဉ္စ၊ ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေ၏။ ဝိသေသံ၊ ဝိသေသကို။ အဓိဂစ္ဆတိ၊ ရ၏။

'ပဓာနန္တိ'ကတမံ ပဓာနံ၊ အာရဒ္ဓဝီရိယဿ ကာယောပိ စိတ္တမ္ပိ ကမ္မနိယံ ဟောတိ။ ဣဒံ ပဓာနံ။ ။ကတမော ပယောဂေါ အာရဒ္ဓဝီရိယဿ ဥပက္ကိလေသာ ပဟီယန္တိ၊ ဝိတက္ကာ ဝူပသမန္တိ။ အယံ ပယောဂေါ။ ။ကတမော ဝိသေသော အာရဒ္ဓဝီရိယဿ သညောဇနာ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။ အယံ ဝိသေသော။ ။အာနာပါန ကထာ။

ပဓာနန္တိ၊ပဓာနဟု ဆိုရာ၌။ ကတမံ၊ အဘယ်သည်။ ပဓာနံ၊ ပဓာန မည်သနည်း။အာရဒ္ဓဝီရိယဿ၊အားထုတ်သော ဝီရိယ ရှိသော ရဟန်း၏။ ကာယောပိ၊ ကိုယ် သည်၎င်း။ စိတ္တမ္ပိ၊ စိတ် သည်၎င်း။ ကမ္မနိယံ၊ ခံ့သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤကိုယ်,စိတ် ခံ့ခြင်းသည်။ပဓာနံ၊ ပဓာန မည်၏။ ကတမော၊အဘယ်သည်။ပယောဂေါ၊ပယောဂ မည်သနည်း။ အာရဒ္ဓ ဝီရိယဿ၊ အားထုတ်သော ဝီရိယရှိသော ရဟန်း၏။ ဥပက္ကိလေသာ၊အညစ်အကြေးကိလေသာတို့သည်။ ပဟီယန္တိ၊ ပျောက်ကုန်၏။ ဝိတက္ကာ၊ အကြံ,

အစည် ဝိတက် တို့သည်။ ဂူပသမန္တိ၊ ငြိမ်းကုန်၏။ အယံ၊ ဤအညစ် အကြေး ပျောက်ခြင်း, အကြီအစည် ငြိမ်းခြင်းသည်။ ပယောဂေါ၊ ပယောဂမည်၏။ ကတမော၊ အဘယ်သည်။ ဝိသေသော၊ ဝိသေသ မည်သနည်း။ အာရဒ္ဓ ဝီရိယဿ၊ အားထုတ်သော ဝီရိယ ရှိသောရဟန်း၏။ သညောဇနာ၊ ပရိယုဋ္ဌာန် သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ပျောက်ကုန်၏။ အနုသယာ၊ အနုသယ တို့သည်။ ဗျန္တိ၊ ပျက်စီးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံ၊ ဤ **သံယောဇဉ်** ပျောက်ခြင်း, **အနုသယ** ပျက်စီး ခြင်းသည်။ ဝိသေသော၊ ဝိသေသ မည်၏။

ဧဝံ ဣမေ တယော ဓမ္မာ ဧကစိတ္တဿ အာရမ္မဏာ န ဟောန္တိ၊ န စိမေ တယော ဓမ္မာ အဝိဒိတာ ဟောန္တိ၊ န စ စိတ္တံ ဝိက္ခေပံ ဂစ္ဆတိ၊ ပဓာနဉ္စ ပညာယတိ၊ ပယောဂဉ္စ သာဓေတိ။ ဝိသေသ မဓိဂစ္ဆတိ။ ။အာနာပါနကထာ၊

ဧဝံ၊ ဤသို့။ ဣမေ တယော ဓမ္မာ၊ ဤ ၃-ပါးသော တရားတို့သည်။ ဧက စိတ္တဿ၊ စိတ် တကြိမ်၏။ အာရမ္မဏာ၊ အာရုံတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ အဝိဒိတာ၊ စိတ်တကြိမ်တည်းဖြင့် မသိအပ်ကုန်သည်။ န စ ဟောန္တိ၊ မဖြစ်ကုန်။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ န စ ဂစ္ဆတိ၊ မရောက်။ ပဓာနဉ္စ၊ ပဓာနသည်လည်း။ ပညာယတိ၊ ထင်၏။ ပယောဂဉ္စ၊ ပယောဂကိုလည်း။ သာဓေတိ၊ ပြီးစေ၏။ ဝိသေသံ၊ ဝိသေသကို။ အဓိဂစ္ဆတိ၊ ရ၏။

## ထွက်လေ, ဝင်လေလိုဘဲ ဝိပဿနာကို ရ

ထွက်သက်, ဝင်သက်၊ ထိ, တိုက်ခိုက်သော၊ နှာသီးဖျား, နှုတ်ခမ်းဖျားသည်၊ နိမိတ်မည်၏။ နိမိတ်, ထွက်သက်, ဝင်သက်-ဤ ၃-ပါးသောတရားသည်၊ တကြိမ်တည်း ဖြစ်သော စိတ်၏ တပြိုင်နက် အာရုံမဖြစ်။ တကြိမ်တည်း ဖြစ်သော စိတ်၏ တပြိုင်နက် အာရုံမဖြစ်သော၊ နိမိတ်, ထွက်သက်, ဝင်သက် ဤ ၃-ပါးသောတရားကို၊ တကြိမ်တည်း ဖြစ်သော စိတ်ဖြင့် မသိသောသူသည်၊ အာနာပါနဘာဝနာကို မရ။ တကြိမ်တည်းဖြစ်သော စိတ်ဖြင့်၊ သိသော သူသည်သာလျှင်၊ အာနာပါနဘာဝနာကို ရ၏။ အာနာပါနဘာဝနာကို ရခြင်းငှါ အလိုရှိသော သူသည်၊ နှာသီးဖျား, နှုတ်ခမ်း

-များ၊ နိမိတ်၌၊ ထိ, တိုက်ခိုက်သော ထွက်သက်, ဝင်သက်တို့၏ အစွမ်း အားဖြင့်၊ **သတိ ထင်အောင် အမှတ်ပြု**၍သာ နေ၏။ လာသော ထွက်သက်, သွားသော ဝင်သက်ကို အမှတ်မပြု။ လာခဲ့သော ထွက်သက်, သွားသော ဝင်သက် မထင်သည်မဟုတ် ထင်၏။ စိတ်လည်း မပျံ့လွင့်၊ အားထုတ်သော ကိုယ်,စိတ်လည်း ခံ့၏။ဘာဝနာ၏အညစ်အကြေးလည်းပျောက်၏။ဝိတက် အကြံ အစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ အာနာပါနဘာဝနာ အထူးကိုလည်း ရ၏။ အာနာပါနဘာဝနာကို ရခြင်းငှါ အလိုရှိသော သူသည်၊ ဆိုအပ်ပြီးသော နည်းဖြင့် အားထုတ်အပ်၏။

အာနာပါနဘာဝနာ အထူးကို ရသကဲ့သို့။ ထိုအတူ၊ မျက်စိ,နား, နှာ,လျှာ,ကိုယ်,နှလုံး ဤ ၆-ပါးတို့သည်၊ဒွါရ ၆-ပါးမည်ကုန်၏။အဆင်း, အသံ,အနံ့,အရသာ,အတွေ့,သဘော ဤ ၆-ပါးတို့သည်၊ အာရုံ ၆-ပါး မည်ကုန်၏။ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း ဤ ၆-ပါးတို့သည်၊ ဝိညာဉ် ၆-ပါး မည်ကုန်၏။ အသီးအသီး ၃-ပါး တတွဲ, တတွဲ ပေါင်းဆုံမိသော်၊ မျက်စိ,အဆင်း, မြင်ခြင်း၊နား,အသံ, ကြားခြင်း၊ နှာခေါင်း,အနံ့,နံခြင်း၊ လျှာ, အရသာ,စားခြင်း၊ ကိုယ်,အတွေ့,ထိခြင်း၊ နှလုံး,သဘော,သိခြင်း၊ ဤသို့ သူ့ဒွါရ,သူ့အာရုံ,သူ့ဝိညာဉ် ၃-ပါးစီတွဲ။ ဒွါရ, အာရုံ, ဝိညာဉ် ဤ ၃-ပါးသော တရားသည်၊ တကြိမ်တည်းဖြစ်သော စိတ်၏ တပြိုင်နက် အာရုံ မဖြစ်ကောင်း၊ တကြိမ်တည်းဖြစ်သော စိတ်၏ တပြိုင်နက် အာရုံ မဖြစ်ကောင်းသော ဤ ၃-ပါးသော တရားကို၊ တကြိမ်တည်း ဖြစ်သော စိတ်ဖြင့် မသိသော သူသည်၊ **ဝိပဿနာ ဉာဏ်ကို မရ**။ တကြိမ်တည်းဖြစ်သောစိတ်ဖြင့် သိသောသူသည် သာလျှင်၊**ဝိပဿနာ ဉာဏ်ကိုရ** ၏။

ဝိပဿနာဉာဏ်ကို ရခြင်းငှါ အလိုရှိသော သူသည်၊ ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သတိထင်အောင် အမှတ် ပြု၍သာ နေ၏။ လာသော အာရုံ၊ သွားသော ဝိညာဉ်ကို အမှတ်မပြု။ လာသော အာရုံ၊ သွားသော ဝိညာဉ် မထင်သည် မဟုတ်၊ ထင်လည်း ထင်၏။ စိတ်လည်း မပျံ့လွင့်၊ အားထုတ်သော ကိုယ်စိတ်လည်း ခံ့၏။ ဝိပဿနာ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်

စီး၏။ ဝိပဿနာဉာဏ် အထူးကိုလည်းရ၏။ အစဉ်သဖြင့် တဆင့်, တဆင့် တက်၍၊ အထက်, အထက် ဝိပဿနာဉာဏ်အထူး, မဂ်ဉာဏ် အထူးကို လည်း ရ၏။

---

## ဝိပဿနာအလုပ်အစစ်,ဗာဟိယသုတ်ကို ပြခြင်း

> တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ သုတမတ္တံ ဘဝိဿတိ။ မုတေ မုတမတ္တံ ဘဝိဿတိ။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတီတိ။ ဧဝဉှိ တေ,ဗာဟိယ သိက္ခိတဗ္ဗံ။ ။ဗာဟိယသုတ်။

တသ္မာ၊ ထို့ကြောင့်။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တေ တယာ၊ သင်သည်။ ဧဝံ,ဣမိနာမဂ္ဂေန၊ ဤမျှဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ တေ၊ သင်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟု **အမှတ် ပြုရုံမျှ**သည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြား၏ဟု **အမှတ် ပြုရုံမျှ**သည်။ ဘဝိဿဘိ၊ ဖြစ်ရာ၏။ မုတေ၊ နံတွေ့,စားတွေ့,ထိတွေ့,တွေ့ရာ၌။ မုတမတ္တံ၊ တွေ့၏ဟု **အမှတ် ပြုရုံမျှ** သည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိ၏ဟု **အမှတ် ပြုရုံမျှ** သည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဣတိ ဧဝံ ဣမိနာ မဂ္ဂေန၊ ဤမျှဖြင့်။ တေ တယာ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့် အပ်၏။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တေ တယာ၊ သင်သည်။ ဧဝဉှိ,ဣမိနာမဂ္ဂေနေဝ၊ ဤမျှဖြင့် သာလျှင်။ သိက္ခိတဗ္ဗံ၊ ကျင့် အပ်၏။

> ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ သုတမတ္တံ ဘဝိဿတိ။ မုတေ မုတမတ္တံ ဘဝိဿတိ။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ တတော တွံ ဗာဟိယ န တေန။ ယတော တွံ ဗာဟိယ န တေန။ တတော တွံ ဗာဟိယ န တတ္ထ။ ယတော တွံ ဗာဟိယ န တတ္ထ။ တတော တွံ ဗာဟိယ နေဝိဓ၊ န ဟုရံ။ န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿာတိ။ ။ဗာဟိယသုတ်။

ဗာဟိယ၊ ဗာဟိယ။ ယတော၊ အကြင့်ကြောင့်။ ခေါ၊ စင်စစ်။ တေ၊ သင်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌ မတ္တံ၊ မြင်၏ဟု အမှတ် ပြုရုံမျှသည်။ ဘဝိ ဿတိ၊ ဖြစ်ရာ၏။ သုတေ၊ ကြားရာ၌။ သုတ မတ္တံ၊ ကြား၏ဟု အမှတ်ပြုရုံမျှ

သည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏။ မုတေ၊ နံတွေ့, စားတွေ့, ထိတွေ့, တွေ့ရာ၌။ မုတမတ္တံ၊ တွေ့၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိ၏ဟု အမှတ် ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်။ တေန၊ ထိုအမှတ်ပြုရုံမျှဖြင့်။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဗာဟိယ၊ ချစ်သား, ဗာဟိယ။ ယတော၊ အကြင့်ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်၊ တေန၊ ထို **အမှတ်ပြုရုံမျှ** ဖြင့်။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဗာဟိယ၊ ချစ်သား, ဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်။ တတ္ထ၊ ထို ဒွါရ ၆-ပါး,အာရုံ ၆-ပါး,ဝိညာဉ် ၆-ပါးတို့၌။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော၊ အကြင့်ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်။ တတ္ထ၊ ထိုဒွါရ ၆-ပါး,အာရုံ ၆-ပါး, ဝိညာဉ် ၆-ပါး,တို့၌။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တတော၊ ထို့ကြောင့်။ ဣဓ၊ ဤဒွါရ ၆-ပါး၌။ တွံ၊ ဘဝတဖန် သင်သည်။ နေဝ ဘဝိဿတိ၊ မဖြစ်ရာ။ ဟုရံ၊ အာရုံ ၆-ပါး၌။ တွံ၊ ဘဝတဖန် သင်သည်။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဥဘယမန္တရေန၊ ဤဒွါရ, အာရုံ, ၂-ပါးစုံတို့၏ အကြား၊ ဤဝိညာဉ် ၆-ပါး၌။ တွံ၊ ဘဝတဖန် သင်သည်။ န ဘဝိဿတိ၊ မဖြစ်ရာ။ ဧသဝ,ဧသောဧဝ၊ ဤသို့ ဘဝတဖန် သင်မဖြစ်ခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တော၊ အဆုံး, နိဗ္ဗာန်တည်း။ ဇာတိ, ဇရာ, ဇရာမရဏ မတွေ့နေဝ၊ ဤမျှဖြင့်သာ လျှင်။ တေတယာ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

အထခေါ ဗာဟိယဿ ဒါရုစီရိယဿ ဘဂဝတော ဣမာယ သံခိတ္တာယ ဓမ္မဒေသနာယ တာဝဒေဝ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ ။ဗာဟိယသုတ်။

အထခေါ၊ ထိုသို့ ဟောတော်မူသော အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သံခိတ္တာယ၊ အကျဉ်းမျှသာဖြစ်သော။ ဣမာယ ဓမ္မဒေသနာယ၊ ဤတရားဒေသနာတော်ဖြင့်။ ဒါရုစီရိယဿ၊ ပျဉ်ချပ်သင်္ကန်းကို ဝတ်သော။ ဗာဟိယဿ၊ ဗာဟိယ၏။ စိတ္တံ၊ စိတ်သည်။ တာဝဒေဝ၊ ထိုတရားဆုံးသော ခဏ၌ပင်လျှင်။ အနုပါဒါယ၊ ဥပါဒါန်မရှိသည်ဖြစ်၍။ အာသဝေဟိ၊ အာသဝေါတရား ၄-ပါးတို့မှ။ ဝိမုစ္စိ၊ အရဟတ္တဖိုလ် ရဟန္တာ **ပုဂ္ဂိုလ်အဖြစ်ဖြင့်** လွတ်ပြီ။

## နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပြခြင်း

ရူပံ အဘိညေယျံ-အစ၊ဇရာ မရဏံ အဘိညေယျံ-အဆုံးရှိသောကောဋ္ဌာသ ၂၃-ပါးသည်၊ဒွါရ အာရုံ ဝိညာဉ်၏အရ၊ ယထာရဟဖြစ်၏၊ ဒွါရအာရုံ ဝိညာဉ်မှ လွတ်သော ကောဋ္ဌာသမရှိ။ ဒေသနက္ကမအားဖြင့် ဟောသော ကောဋ္ဌာသအစဉ်မျှ သာဖြစ်၏။ အားထုတ်သော အစဉ်မဟုတ်ချေ။ ထို့ကြောင့် ဒွါရအာရုံ ဝိညာဉ်ကိုသာ အားထုတ်အပ်၏၊ ။[အမှာ]

ဆိုအပ်ပြီးသောနည်းဖြင့် အဆင့်ဆင့် ဝိပဿနာ ဉာဏ်အထူး၊ မဂ်ဉာဏ် အထူးကို ရခြင်းငှာ၊ အလိုရှိသော သူသည်၊ ဂေါတြဘုဉာဏ်အဆုံးရှိသော၊ ဝိပဿနာဉာဏ် ၁၃-ပါးတို့တွင်၊ အစဖြစ်သော နာမ, ရူပ ပရိစ္ဆေဒဉာဏ်ကို၊ ရှေးဦးစွာ အားထုတ်လိုသော၊ အာဒိကမ္မိက သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်၍၊ ဒွါရ၌, အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သတိဆင်အောင် အမှတ်ပြုသည်ရှိသော်၊ ပရိဗန္ဓဉာဏ်, ဥပကာရဉာဏ်, ဥပက္ကိလေသဉာဏ်များကို၊ ကိုယ်၌ဖြစ်သော အခြင်းအရာအားဖြင့် ထင်ရှားစေ၍၊ ညွတ်လွန်းသည် မဟုတ်၊ မညွတ်လွန်းသည် မဟုတ်၊ ယုတ်လည်းမယုတ်၊လွန်လည်းမလွန်၊ အနာဂတ်ကိုမလို၊ အတိတ်ကိုမလိုက်၊ ၆-ပါးသော ဌာနအင်္ဂါထိုက်သော၊ ဖြစ်ခိုက်, ဖြစ်ခိုက် ပစ္စုပ္ပန်၌သာ၊ တနေရာဘည်း စိတ်ကိုထား၍၊ **မြင်သောကာလ**၊မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ် မြင်သည်၏ အစွမ်းအားဖြင့်၊ မြင်၏ဟု သတိ ထင်အောင် အမှတ်ပြု၍သာနေ၏။ မျက်စိ,အဆင်း-ရုပ်၊ မြင်-နာမ်ဟု အမှတ်လည်း မပြု။ မျက်စိ,အဆင်း, မြင်ခြင်း၊ နာမ်,ရုပ် မထင်သည်သည်းမဟုတ်၊ ထင်လည်းထင်၏။ ထင်သောကြောင့်ပင်လျှင်၊ မျက်စိ, အဆင်းကို မြင်သည်ဟု ပြောဆိုနိုင်၏။

စက္ခုံ ဘိက္ခဝေ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊စက္ခုဝိညာဏံ အဘိညေယျံ၊-ဟုလည်း ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ သိအပ်၏။ ရူပါ၊ အဆင်းတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

**ကြားသောကာလ**။ နား၌ အသံထင်သည်၊ သောတ ဝိညာဉ်ကြားသည်၏အစွမ်းအားဖြင့်၊ ကြား၏ဟု သတိထင်အောင် အမှတ်ပြု၍သာ

နေ၏။ နား,အသံ-ရုပ်၊ကြား-နာမ်ဟု အမှတ်လည်းမပြု။နား,အသံ,ကြား ခြင်း၊ နာမ်,ရုပ် မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ ထင်သော ကြောင့်ပင်လျှင်၊ နားဖြင့် အသံကို ကြားသည်ဟု ပြောဆိုနိုင်၏။

သောတံ အဘိဇာနာတိ၊ သဒ္ဒေ အဘိဇာနာတိ၊ သောတ ဝိညာဏံ အဘိဇာနာတိ၊- ဟု ဟောတော်မူ၏။

သောတံ၊ နားကို။ အဘိဇာနာတိ၊ သိအပ်၏။ သဒ္ဒေ၊ အသံတို့ကို။ အဘိဇာနာတိ၊ သိအပ်ကုန်၏။ သောတဝိညာဏံ၊ ကြားခြင်းကို။ အဘိဇာနာတိ၊ သိအပ်၏။

**နံသော ကာလ၊** နှာခေါင်း၌ အနံ့ထင်သည်၊ ဃာန ဝိညာဉ် နံ သည်၏အစွမ်းအားဖြင့်၊ နံ၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ နှာခေါင်း,အနံ့-ရုပ်၊ နံ-နာမ်ဟု အမှတ်လည်းမပြု။ နှာခေါင်း,အနံ့, နံ ခြင်း၊ နာမ်,ရုပ် မထင်သည်လည်းမဟုတ်၊ ထင်လည်းထင်၏။ ထင်သော ကြောင့်ပင်လျှင်၊နှာခေါင်းဖြင့် အနံ့ကို နံသည်ဟု ပြောဆိုနိုင်၏။

ဃာနံ အဘိဇာနာတိ၊ ဂန္ဓေ အဘိဇာနာတိ၊ ဃာန ဝိညာ ဏံ အဘိဇာနာတိဟု၊-ဟောတော်မူ၏။

ဃာနံ၊ နှာခေါင်းကို။ အဘိဇာနာတိ၊ သိအပ်၏။ ဂန္ဓေ၊ အနံ့တို့ကို။ အဘိဇာနာတိ၊ သိအပ်ကုန်၏။ ဃာနဝိညာဏံ၊ နံခြင်းကို။ အဘိဇာနာတိ၊ သိ အပ်၏။

**စားသော ကာလ၊** လျှာ၌ အရသာထင်သည်၊ ဇိဝှါ ဝိညာဉ် စား သည်၏ အစွမ်းအားဖြင့်၊စား၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ လျှာ,အရသာ-ရုပ်၊ စား-နာမ်ဟု အမှတ်လည်းမပြု။ လျှာ, အရသာ,စား ခြင်း၊ နာမ်, ရုပ် မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ ထင်သော ကြောင့်ပင်လျှင်၊လျှာဖြင့် အရသာကို စားသည်ဟု ပြောဆိုနိုင်၏။

ဇိဝှါ အဘိဇာနာတိ၊ ရသေ အဘိဇာနာတိ၊ ဇိဝှါ ဝိညာဏံ အဘိဇာနာတိ၊-ဟု ဟောတော်မူ၏။

ဇိဝှါ၊ လျှာကို။ အဘိဇာနာတိ၊ သိအပ်၏။ ရသေ၊ အရသာတို့ကို။ အဘိဇာနာတိ၊ သိအပ်ကုန်၏။ ဇိဝှါဝိညာဏံ၊ စားခြင်းကို။ အဘိဇာနာတိ၊ သိအပ်၏။

**ထိသော ကာလ၊** ကိုယ်၌ အတွေ့ထင်သည်၊ ကာယဝိညာဉ် ထိသည်၏အစွမ်းအားဖြင့်၊ ထိ၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ ကိုယ်,အတွေ့-ရုပ်၊ ထိ-နာမ်ဟု အမှတ်လည်းမပြု။ ကိုယ်, အတွေ့ထိခြင်း၊ နာမ်, ရုပ် မထင်သည်သည်းမဟုတ်၊ ထင်လည်းထင်၏။ ထင်သောကြောင့် ပင်လျှင်၊ကိုယ်ဖြင့် အတွေ့ကို ထိသည်ဟု ပြောဆိုနိုင်၏။

ကာယော အဘိညေယျော၊ ဖောဋ္ဌဗ္ဗာ အဘိညေယျာ။ ကာယဝိညာဏံ အဘိညေယျံ၊-ဟု ဟောတော်မူ၏။

ကာယော၊ ကိုယ်ကို။ အဘိညေယျော၊သိအပ်၏။ ဖောဋ္ဌဗ္ဗာ၊အတွေ့တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ကာယဝိညာဏံ၊ ထိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

**သိသော ကာလ၊** နှလုံး၌ သဘောထင်သည်၊ မနော ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊သိ၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ နှလုံး, သဘော-ရုပ်၊ သိ-နာမ်ဟု အမှတ်လည်းမပြု။ နှလုံး, သဘော, သိခြင်း၊ နာမ်,ရုပ် မထင်သည်လည်းမဟုတ်၊ ထင်လည်းထင်၏။ ထင်သောကြောင့်ပင်လျှင်၊ စိတ်ဖြင့်သဘောကို သိသည်ဟု ပြောဆိုနိုင်၏။

မနော အဘိညေယျော၊ဓမ္မာ အဘိညေယျာ၊ မနောဝိညာဏံ အဘိညေယျံ၊-ဟု ဟောတော်မူ၏။

မနော၊ နှလုံးကို။ အဘိညေယျော၊ သိအပ်၏။ ဓမ္မာ၊သဘောတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ မနောဝိညာဏံ၊ သိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

> မနောအရ နှလုံးကို ရုပ်၊ ရုပ်အရ နှလုံးကို စိတ်ဟု ဆိုသော စကားများကို၊ ဝိပဿနာ အဋ္ဌကထာနှင့် မညီမှသာ ပယ်တော် မူကြပါကုန်။ [ သဘော၏ အပြား၊ သိခြင်း၏အပြားကို ရေတွက် ပိုင်းခြား ခြင်းငှာမတတ်နိုင်။ သတိပဋ္ဌာန် သာမ္ဘစ္ဆပဒ္ဓ အကျဉ်းနည်းကို၊ အစဉ်မှီ သဖြင့် သိအပ်၏။ ။အမှာ]

**သွားသော ကာလ၊** နှလုံး၌ သွားသော သဘော ထင်သည်၊ မနော ဝိညာဉ် သွားလိုသည်၏ အစွမ်းအားဖြင့်၊ သွား၏ဟု သတိ ထင်အောင် အမှတ်ပြု၍သာ နေ၏။ နှလုံး-ရုပ်၊ သွား-ရုပ်၊ သွားလို- နာမ်ဟု အမှတ်လည်း မပြု။ နှလုံး,သွားခြင်း, သွားလိုခြင်း၊ နာမ်,ရုပ် မထင် သည်လည်း

မဟုတ်၊ ထင်လည်း ထင်၏။ ထင်သော ကြောင့်ပင်လျှင်၊ စိတ်ဖြင့် သွား သည်ကို၊ သွားလိုသည်ဟု ပြောဆိုနိုင်၏။ ပြန်သော ကာလ၊ နှလုံး၌ ပြန် သော သဘောထင်သည်၊ မနောဝိညာဉ် ပြန်လိုသည်၏ အစွမ်းအားဖြင့်၊ ပြန်၏ဟု သတိ ထင်အောင် အမှတ် ပြု၍သာ နေ၏။ နှလုံး-ရုပ်၊ ပြန်-ရုပ်၊ ပြန်လို-နာမ်ဟု အမှတ်လည်း မပြု။ နှလုံး, ပြန်ခြင်း, ပြန်လိုခြင်း၊ နာမ်,ရုပ် မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။ ထင်သောကြောင့်ပင်လျှင်၊ စိတ်ဖြင့် ပြန်သည်ကို ပြန်လိုသည်ဟု ပြောဆိုနိုင်၏။

အဘိက္ကန္တေ, ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊- ဟု ဟောတော်မူ၏။

အဘိက္ကန္တေ၊ သွားသည်ရှိသော်။ ပဋိက္ကန္တေ၊ ပြန်သည် ရှိသော်။ သမ္ပဇာနကာရီ၊ သွားသည်, ပြန်သည်ဟု ပညာဖြင့် ဆင်ခြင်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

[ဤနည်းကို အစဉ်မှီးသဖြင့်၊ သဘော၏ အပြား၊ သိခြင်း၏ အပြားကို သတိပဋ္ဌာန်အတိုင်း သိနိုင်လောက်ပြီ။ ။အမှာ]

ဤသို့ အစ ဖြစ်သော၊ နာမ,ရူပ ပရိစ္ဆေဒဉာဏ်ကို ရှေ့ဦးစွာ အား ထုတ်သော၊ အာဒိကမ္မိက သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည်၊ ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိ ထင်အောင် အမှတ်ပြု၍သာနေ၏။ လာသောအာရုံ၊ သွားသော ဝိညာဉ်ကို အမှတ်မပြု။လာသော အာရုံ၊သွားသော ဝိညာဉ် မထင်သည်လည်းမဟုတ်၊ ထင်လည်း ထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်, စိတ် လည်း ခံ့၏။ ဝိပဿနာ၏ အညစ် အကြေးလည်း ပျောက်၏။ ဝိတက်, အကြံအစည်လည်း ငြိမ်း၏။ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနု သယလည်း ပျက်စီး၏။ နာမ, ရူပ ပရိစ္ဆေဒဉာဏ် အထူးကိုလည်း ရ၏။ ။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုမတမတ္တံ၊ မုတေ မုတမတ္တံ၊ ဝိညာတေ ဝိညာတ မတ္တံ။-ဟူသော ဗာဟိယသုတ်နှင့်အညီ၊ မြင်သော်,မြင်၏ဟု အမှတ်ပြုရုံမျှ၊ ကြားသော်,ကြား၏ဟု အမှတ်ပြုရုံမျှ၊ နံသော်, နံ၏ဟု အမှတ်ပြုရုံမျှ၊ စား သော်,စား၏ဟု အမှတ် ပြုရုံမျှ၊ ထိသော်,ထိ၏ဟု အမှတ် ပြုရုံမျှ၊ သိသော်, သိ၏ဟု အမှတ်ပြုရုံမျှ၊ မပြတ်ထင်သော သတိဖြင့်၊ နာမ်,ရုပ် မျှသာ ရှိ၏။ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမ,ဟု ဆုံးဖြတ်သောဉာဏ် တဖက်ကမ်း ရောက်၏။

နာမ,ရူပ ပရိစ္ဆေဒဉာဏ်ပြီး၏။

---

## ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြခြင်း

နာမ ရူပ ပရိစ္ဆေဒဉာဏ်၊တဖက်ကမ်း ရောက်သော သူသည်၊ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင် အောင် အမှတ်ပြုသဖြင့်၊ ဒွါရထင်သော အာရုံ-ရုပ်၊ သိသော ဝိညာဉ်-နာမ်၊ ဤရုပ်,နာမ် ၂-ပါး၏ အကြောင်းကို သိမ်းဆည်းလိုသည် ရှိသော်၊ နာမ်,ရုပ် ၂-ပါးသည်၊—

**အကျိုးအား**ဖြင့် ၅-ပါး ထင်ရှား၏။ အဘယ်သို့ ထင်ရှားသနည်း။ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌ ထင်သော အာရုံကို၊ သိသော ဝိညာဉ်သည် အကျိုး တပါး။ ထင်သောအာရုံသို့ သက်ဝင်သော၊ နာမ်, ရုပ်သည် အကျိုးတပါး၊ အာရုံထင် ကြည်လင်သော၊ ဒွါရ သဠာယတန သည် အကျိုးတပါး။ ထင်သော အာရုံနှင့်၊ တွေ့သော ဖဿသည် အကျိုး တပါး။ ထင်သော အာရုံကို၊ ခံစားသော ဝေဒနာသည် အကျိုးတပါး။ ဤသို့ နာမ်,ရုပ် ၂-ပါးသည်၊ အကျိုးအားဖြင့် ၅-ပါး ထင်ရှား၏။

**အကြောင်း**သည်၊ အခြင်းအရာ **အား**ဖြင့်၊ ၅-ပါး ထင်ရှား၏။ အဘယ်သို့ ထင်ရှားသနည်း။ အကျိုး ၅-ပါး၏ မသိသော အဝိဇ္ဇာသည်- အကြောင်း တပါး။အကျိုး ၅-ပါး၏ အားထုတ်သော ကုသိုလ်,အကုသိုလ် သင်္ခါရသည်-အကြောင်းတပါး။ အကျိုး ၅-ပါး၏ တပ်မက်သော တဏှာ သည်—အကြောင်းတပါး။ အကျိုး ၅-ပါး၏ စွဲလမ်းသော ဥပါဒါန်သည်- အကြောင်း တပါး။ အကျိုး ၅-ပါး၏ ပြုသော ကုသိုလ်, အကုသိုလ်ကံ သည်-အကြောင်းတပါး။ ဤသို့ အကြောင်းသည်၊ အခြင်းအရာအားဖြင့် ၅-ပါး ထင်ရှား၏။

ထင်ရှားသော၊ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာအကျိုး ၅-ပါးကို၊ ရုပ်,နာမ်ဟု မှတ်၍ ထင်ရှားသော အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ကံအကြောင်း ၅-ပါးကို၊တပေါင်းတည်း အကြောင်းဟု မှတ်၍၊ နာမ်,ရုပ်၏ အကြောင်းကို၊ သိမ်းဆည်းလိုသည်ရှိသော်၊ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌၊ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်း အားဖြင့်၊ သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်- ရုပ်, နာမ် ထင်၏။ ထင်ပြီး၍ တဆင့်၊ ဤ ရုပ်, နာမ်သည်၊ အကြောင်းကြောင့် ဖြစ်၏ဟု ရှု၏။

ဤသို့ ဖြစ်ခိုက်,ဖြစ်ခိုက်၊ ပစ္စုပ္ပန် ရုပ်,နာမ်၏ အကြောင်းကို သိမ်းပြီး၍၊ ယခုအကြောင်းကြောင့်၊ ရုပ်,နာမ် ဖြစ်သည်ကို မြင်၍၊ ဤ ရုပ်,နာမ်သည်၊ ယခုအကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ဤရုပ်,နာမ်သည်၊ ရှေးကလည်း အကြောင်းကြောင့်ဖြစ်ပြီ။ ဤ ရုပ်,နာမ်သည်၊ နောင်ခါလည်း အကြောင်းကြောင့်ပင် ဖြစ်လတံ့ဟု ရှု၏။

> သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။–ဟု လည်း မိန့်အပ်၏။
>
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

သော၊ ထိုသူသည်။ ဧဝံ၊ ဤသို့။ ပစ္စယတော၊ အကြောင်းကြောင့်။ နာမ ရူပဿ၊ နာမ်,ရုပ်၏။ ပဝတ္တိံ၊ ဖြစ်သည်ကို။ ဒိသွာ၊ မြင်၍။ ဧတရဟိ၊ ယခု။ ဣဒံ နာမရူပံ၊ ဤနာမ်,ရုပ်သည်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့ ။ဧဝံတထာ၊ ထို့အတူ။ အတီတေပိ အဒ္ဓါနေ၊ ရှေးကလည်း။ ပစ္စယတော၊ အကြောင်းကြောင့်၊ ပဝတ္တိတ္ထ၊ ဖြစ်ပြီ။ အနာဂတေပိ အဒ္ဓါနေ၊ နောင်ခါလည်း။ ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှု၏။

ဤသို့ ရှုသော သူအား၊ ၁၆–ပါးသော ယုံမှားခြင်း ကင်းပျောက်၏။ ဤသို့ နာမ်, ရုပ်၏ အကြောင်းကို၊ သိမ်းဆည်းသော သူသည်၊ ဖြစ်ခိုက်, ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌၊ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ်–နာမ်,ရုပ် ထင်၏။ ထင်ပြီး၍ တဆင့် ဤနာမ်,ရုပ်သည်၊ အကြောင်းကြောင့် ဖြစ်၏ဟု ရှု၏။ ရှုပြီး၍ တဆင့် ဤ နာမ်,ရုပ်သည်၊ ယခုလည်း အကြောင်း ကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း၊ အကြောင်း ကြောင့် ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှု၍သာ နေ၏။ လာသော အကြောင်း၊ သွားသော အကျိုးကိုလည်း အမှတ်မပြု။ လာသော အကြောင်း၊ သွားသော အကျိုး မထင်သည်လည်းမဟုတ်၊ ထင်လည်း ထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခံ့၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်

လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ပစ္စယပရိဂ္ဂဟဉာဏ်အထူးကိုလည်း ရ၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊ အကြောင်းနှင့် အကျိုး မျှသာ ရှိ၏။ အကြောင်း၌လည်း အကျိုး မရှိ။ အကျိုး၌လည်း အကြောင်းမရှိ။ အကြောင်းကြောင့်သာ အကျိုးဖြစ်၏။ အကြောင်းကြောင့်သာ အကျိုး၊ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံ့ ရှိ၏။ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောကျ်ား,မိန်းမ၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ မရှိဟု၊ ဆုံးဖြတ်သောဉာဏ် တဖက်ကမ်းရောက်၏။

ပစ္စယ ပရိဂ္ဂဟဉာဏ် ပြီး၏။

---

## သမ္မသနဉာဏ်ကို ဖြခြင်း

ပစ္စယပရိဂ္ဂဟဉာဏ်၊ တဖက်ကမ်း ရောက်သော သူသည်၊ နာမ်,ရုပ် တို့၏ ဖြစ်ရာ, တည်ရာ၊ ဩကာသအရပ် ၁၁-ပါး တို့ဖြင့်၊ သုံးသပ်လို သည် ရှိသော်။

**မြင်သောကာလ**၊ မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ် မြင် သည်၏ အစွမ်း အားဖြင့်၊ မြင်၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့်၊ မျက်စိ,အဆင်း,မြင်ခြင်း-နာမ်,ရုပ် ထင်၍၊ ဤနာမ်, ရုပ်သည်၊ အကြောင်း ကြောင့် ဖြစ်၏။ ဤ နာမ်, ရုပ်သည်၊ ယခုလည်း အကြောင်းကြောင့် ဖြစ် သကဲ့သို့။ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှုသည်တိုင်အောင်၊ အာရုံ ကူးပြောင်း တိုင်း, ကူးပြောင်းတိုင်း၊ ဉာဏ်စဉ်အတိုင်းလာ၍၊ ပစ္စယပရိဂ္ဂဟဉာဏ်၏ တဖက်ကမ်းသို့ ရောက်မှ၊—

ရှေး၌ ဖြစ်ပြီးသော နာမ်,ရုပ်သည်၊ယခုသို့ မရောက်။ယခုဖြစ်သော နာမ်,ရုပ်သည်၊ နောက်သို့ မရောက်။ အတွင်း ဖြစ်သော နာမ်,ရုပ်သည်၊ အပသို့ မရောက်။ အပဖြစ်သော နမ်,ရုပ်သည်၊ အတွင်းသို့ မရောက်။ ကြမ်း သော နာမ်,ရုပ်သည်၊အနုသို့ မရောက်။နုသော နာမ်,ရုပ်သည်၊ အကြမ်းသို့ မရောက်။ယုတ်သော နာမ်,ရုပ်သည်၊အမြတ်သို့ မရောက်။ မြတ်သော နာမ် ရုပ်သည်၊အယုတ်သို့ မရောက်။ ဝေးသော နာမ်ရုပ်သည်၊ အနီးသို့ မရောက်။ နီးသော နာမ်,ရုပ်သည်။ အဝေးသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်-မမြဲ။ မမြဲသော အနက်သဘော သည်ပင်၊ကြောက်အပ်သော အနက်သဘောကြောင့်-ဆင်းရဲ။ မမြဲ,ဆင်းရဲ သော အနက်သဘောသည်ပင်၊အနှစ်ကင်းသော အနက်သဘောကြောင့်-အစိုးမရဟု သုံးသပ်၏။

**ကြားသော ကာလ၊** နား၌ အသံထင်သည်၊ သောတဝိညာဉ် ကြား သည်၏ အစွမ်းအားဖြင့်၊ ကြား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ နား,အသံ,ကြားခြင်း-နာမ်,ရုပ် ထင်၍။ပ။

**နံသော ကာလ၊** နှာခေါင်း၌ အနံ့ ထင်သည်၊ ဃာနဝိညာဉ် နံ သည်၏ အစွမ်းအားဖြင့်၊ နံ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ နှာ ခေါင်း,အနံ့,နံခြင်း-နာမ်,ရုပ် ထင်၍။ပ။

**စားသော ကာလ၊** လျှာ၌ အရသာ ထင်သည်၊ ဇိဝှါဝိညာဉ် စား သည်၏ အစွမ်းအားဖြင့်၊စား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊လျှာ, အရသာ,စားခြင်း-နာမ်,ရုပ် ထင်၍။ပ။

**ထိသော ကာလ၊** ကိုယ်၌ အတွေ့ ထင်သည်၊ ကာယဝိညာဉ် ထိ သည်၏ အစွမ်းအားဖြင့်၊ထိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ကိုယ်, အတွေ့,ထိခြင်း-နာမ်, ရုပ် ထင်၍။ပ။

**သိသော ကာလ၊** နှလုံး၌ သဘော ထင်သည်၊ မနောဝိညာဉ် သိ သည်၏ အစွမ်း အားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသည်၏ အစွမ်းအားဖြင့်၊ နှလုံး, သဘော,သိခြင်း- နာမ်,ရုပ် ထင်၍၊ ဤ နာမ်,ရုပ် သည် အကြောင်းကြောင့်ဖြစ်၏။ ဤ နာမ်,ရုပ်သည် ယခုလည်းအကြောင်း ကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီ။ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှုပြီးမှ၊

ရှေးက ဖြစ်ပြီးသော နာမ်,ရုပ်သည်၊ ယခုသို့ မရောက်။ ယခုဖြစ်ပြီးသော နာမ်,ရုပ်သည်၊ နောက်သို့ မရောက်။ အတွင်းဖြစ်သော နာမ်,ရုပ်သည်၊ အပသို့ မရောက်။ အပဖြစ်သော နာမ်, ရုပ်သည်၊ အတွင်းသို့ မရောက်။ ကြမ်းသော နာမ်, ရုပ်သည်၊ အနုသို့ မရောက်။ နုသော နာမ်, ရုပ်သည်၊ အကြမ်းသို့ မရောက်။ ယုတ်သော နာမ်, ရုပ်သည်၊ အမြတ်သို့ မရောက်။ မြတ်သော နာမ်,ရုပ်သည်၊အယုတ်သို့ မရောက်။ဝေးသော နာမ်,ရုပ်သည်၊ အနီးသို့ မရောက်။ နီးသော နာမ်,ရုပ်သည်၊ အဝေးသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်-မမြဲ။ မမြဲသော အနက်သဘောသည်ပင်၊ ကြောက်အပ်သော အနက်သဘောကြောင့်-ဆင်းရဲ။ မမြဲ,ဆင်းရဲသော အနက်သဘောသည်ပင်၊အနှစ်ကင်းသော အနက်သဘောကြောင့်-အစိုးမရဟု သုံးသပ်၏။

ဤသို့ နာမ်,ရုပ်တို့၏၊ဖြစ်ရာ,တည်ရာ, ဩကာသအရပ် ၁၁-ပါးတို့ဖြင့်၊ နာမ်,ရုပ်ကို သုံးသပ်သောသူသည်၊ ဖြစ်ခိုက်, ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌၊ အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်-နာမ်,ရုပ်ထင်၍၊ ဤနာမ်,ရုပ်သည်၊ အကြောင်း ကြောင့် ဖြစ်၏။ ဤနာမ်,ရုပ်သည်၊ ယခု အကြောင်းကြောင့်ဖြစ်သကဲ့သို့။ထို့အတူ ရှေးကလည်း၊အကြောင်းကြောင့် ဖြစ်ပြီ။ နောင်ခါလည်း၊ အကြောင်းကြောင့် ဖြစ်လတံ့ဟု ရှုပြီးမှ။

ရှေးက ဖြစ်ပြီးသော နာမ်,ရုပ်သည်၊ ယခုသို့ မရောက်။ ယခုဖြစ်သော နာမ်,ရုပ်သည်၊ နောက်သို့ မရောက်။ အတွင်းဖြစ်သော နာမ်,ရုပ်သည်၊ အပသို့မရောက်။ အပဖြစ်သော နာမ်, ရုပ်သည်၊ အတွင်းသို့ မရောက်။ ကြမ်းသော နာမ်,ရုပ်သည်၊ အနုသို့ မရောက်။နုသော နာမ်,ရုပ်သည်၊အကြမ်းသို့ မရောက်။ယုတ်သော နာမ်,ရုပ်သည်၊အမြတ်သို့မရောက်။ မြတ်သော နာမ်,ရုပ်သည်၊ အယုတ်သို့ မရောက်။ဝေးသော နာမ်,ရုပ်သည်၊ အနီးသို့ မရောက်။နီးသော နာမ်,ရုပ်သည်၊အဝေးသို့ မရောက်။

ကုန်သော အနက်သဘောကြောင့်-မမြဲ။မမြဲသော အနက်သဘောသည်ပင်၊ ကြောက်အပ်သောအနက်သဘောကြောင့်-ဆင်းရဲ။ မမြဲ,ဆင်းရဲသော အနက်သဘောသည်ပင်၊ အနှစ်ကင်းသော အနက်သဘောကြောင့် အစိုးမရဟု သုံးသပ်၍သာနေ၏။

နာမ်,ရုပ်၏ညွှတ်သော၊ ဖေါက်ပြန် သော အားဖြင့်၊ လာသော-သဘာဝလက္ခဏာ၊ နာမ်,ရုပ်၏ ဥပါဒ်, ဌီ,ဘင်, အားဖြင့်၊ သွားသော-သင်္ခတလက္ခဏာကိုလည်း အမှတ်မပြု။မထင်သည်လည်းမဟုတ်၊ထင်လည်း ထင်၏။စိတ်လည်း မပျံ့လွင့်။အားထုတ်သော ကိုယ်စိတ်လည်း ခံ့၏။ဝိပဿနာ အညစ်အကြေးလည်း ပျောက်၏၊ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ သမ္မသနညာဏ် အထူးကိုလည်းရ၏။

အနိစ္စသညာ,ဒုက္ခသညာ,အနတ္တသညာ၊ မြဲမြံ ခိုင်ခန့်သည်ဖြစ်၍၊ နိစ္စသညာ, သုခသညာ, အတ္တသညာ ကင်းပျောက်သဖြင့်၊ ဉာဏ်တဖက် ကမ်း ရောက်၏။

သမ္မသနဉာဏ် ပြီး၏။

## ဥဒယဗ္ဗယဉာဏ်ကို ပြခြင်း

သမ္မသနဉာဏ် တဖက်ကမ်းရောက်သော သူသည်၊ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသောဒွါရ၌ အာရုံထင်သည်၊ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်-နာမ်, ရုပ်ထင်၍၊ ပစ္စုပ္ပန် သက်သက်၊ နာမ်,ရုပ်၏ အဖြစ်,အပျက်ကို၊ ရှုလိုသည် ရှိသော်။

ဖြစ်ခိုက်, ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏အစွမ်းအားဖြင့်၊ သိ၏ဟု သတိ ထင်အောင် အမှတ် ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ်-နာမ်,ရုပ်ထင်၍၊ ပစ္စုပ္ပန်သက်သက်၊ နာမ်, ရုပ်၏ အဖြစ်, အပျက်ကို မြင်သော၊ သမ္မသနဉာဏ်၏ တဖက် ကမ်းသို့ ရောက်မှ။

**မြင်သောကာလ**၊ မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ် မြင်သည်၏ အစွမ်းအားဖြင့်၊ မြင်၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့်၊ မျက်စိ,အဆင်း, မြင်ခြင်း-နာမ်,ရုပ်ထင်၍၊ နာမ်,ရုပ်၏ အစ-ဥဒယ သည် ကား၊ ဖြစ်သောသဘော။ နာမ်,ရုပ်၏ အဆုံး-ဝယသည်ကား၊ ပျက်သော သဘောဟု ရှု၏။

**ကြားသောကာလ**၊ နား၌ အသံထင်သည်၊ သောတဝိညာဉ် ကြား သည်၏ အစွမ်းအားဖြင့်၊ ကြား၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ နား,အသံ,ကြားခြင်း-နာမ်ရုပ်ထင်၍၊ နာမ်,ရုပ်၏အစ-ဥဒယသည်ကား၊ ဖြစ်သော သဘော။ နာမ်,ရုပ်၏အဆုံး-ဝယသည်ကား၊ပျက်သောသဘော ဟု ရှု၏။

**နံသောကာလ**၊ နှာခေါင်း၌ အနံ့ထင်သည်၊ ဃာနဝိညာဉ် နံသည် ၏အစွမ်းအားဖြင့်၊ နံ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ နှာခေါင်း,

အနံ့၊ နံခြင်း-နာမ်၊ ရုပ်ထင်၍၊ နာမ်၊ ရုပ်၏အစ-ဥဒယသည်ကား၊ ဖြစ်သော သဘော။ နာမ်၊ ရုပ်၏အဆုံး-၀ယသည်ကား၊ ပျက်သော သဘောဟု ရှု၏။

**စားသောကာလ**၊ လျှာ၌ အရသာ ထင်သည်၊ ဇိဝှါ၀ိညာဉ် စားသည်၏ အစွမ်းအားဖြင့်၊ စားဟု၏ သတိထင်အောင် အမှတ်ပြုသဖြင့်၊ လျှာ၊ အရသာ၊ စားခြင်း-နာမ်၊ ရုပ် ထင်၍၊ နာမ်၊ ရုပ်၏ အစ-ဥဒယသည်ကား၊ ဖြစ်သော သဘော။ နာမ်၊ ရုပ်၏အဆုံး-၀ယသည်ကား၊ ပျက်သော သဘောဟု ရှု၏။

**ထိသောကာလ**၊ ကိုယ်၌ အတွေ့ထင်သည်၊ ကာယ၀ိညာဉ် ထိသည်၏အစွမ်းအားဖြင့်၊ ထိ၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့်၊ ကိုယ်၊ အတွေ့၊ ထိခြင်း-နာမ်၊ ရုပ် ထင်၍၊ နာမ်၊ ရုပ်၏ အစ-ဥဒယသည်ကား၊ ဖြစ်သောသဘော။ နာမ်ရုပ်၏အဆုံး-၀ယသည်ကား၊ ပျက်သောသဘောဟု ရှု၏။

**သိသောကာလ**၊ နှလုံး၌ သဘောထင်သည်၊ မနော၀ိညာဉ် သိသည်၏အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့်၊ နှလုံး၊ သဘော၊ သိခြင်း-နာမ်၊ ရုပ် ထင်၍၊ နာမ်၊ ရုပ်၏ အစ-ဥဒယ သည်ကား၊ ဖြစ်သောသဘော။ နာမ်၊ ရုပ်၏ အဆုံး-၀ယသည်ကား၊ ပျက်သောသဘောဟု ရှု၏။

ဤသို့ ပစ္စုပ္ပန်သက်သက်၊ နာမ်၊ ရုပ်၏ အဖြစ်အပျက်ကို ရှုသောသူသည်၊ ဖြစ်ခိုက်၊ ဖြစ်ခိုက်၊ တပါးပါးသောဒွါရ၌ အာရုံထင်သည်၊ ၀ိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ၊ အာရုံ၊ ၀ိညာဉ်၊ ပစ္စုပ္ပန် နာမ်၊ ရုပ်ထင်၍၊ နာမ်၊ ရုပ်၏ အစ-ဥဒယသည်ကား၊ ဖြစ်သောသဘော။ နာမ်၊ ရုပ်၏အဆုံး-၀ယသည်ကား၊ ပျက်သော သဘောဟု၊ တမြင်တည်း မြင်၍သာနေ၏။

နာမ်၊ ရုပ်၏ ဖြစ်သော အားဖြင့်၊ လာသော-ဥဒယ၊ လက္ခဏာ ၂၅-ပါး။ နာမ်၊ ရုပ်၏ ပျက်သောအားဖြင့်၊ သွားသော-၀ယ၊ လက္ခဏာ ၂၅-ပါးကိုလည်း အမှတ်မပြု။ မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်၊ စိတ်လည်း ခံ့၏။ ၀ိပဿနာ အညစ် အကြေးလည်း ပျောက်၏။ ၀ိတက် အကြီအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ဥဒယဗ္ဗယဉာဏ် အသူးကိုလည်း ရ၏။

နာမ်,ရုပ်၏ ဖြစ်သော သဘောပင် ရှိသော်လည်း၊ ထင်သော သတိအမှတ်အားလျော့စွာ၊ အဖြစ်ကိုလွှတ်၍ အပျက်ကိုမြင်သဖြင့်၊ ဉာဏ်တဖက်ကမ်းရောက်၏။

ဥဒယဗ္ဗယ ဉာဏ်ပြီး၏။

---

## ဘင်္ဂဉာဏ်ကို ပြခြင်း

ဥဒယဗ္ဗယဉာဏ် တဖက်ကမ်း ရောက်သော သူသည်၊ နာမ်,ရုပ်တို့၏ ဖြစ်သော - သဘောပင် ရှိသော်လည်း၊ ထင်သော သတိအမှတ်အား လျော့စွာ၊ အဖြစ်ကိုပယ်၍၊ အပျက်ကို မြင်သဖြင့်၊ ပျက်သော ရှေ့အာရုံဝတ္ထုမှ၊ ပျက်သော နောက် အာရုံဝတ္ထုသို့၊ ပြောင်းရွှေ့ နိုင်သော- **ဝတ္ထုသင်္ကမနပညာ**။ အဖြစ်ကို ပယ်၍၊ အပျက်၌ တည်သော- **ဝိဝဋ္ဋနပညာ**။ ပျက်သော ရှေ့အာရုံကို၊ ပျက်သော သဘော, ကုန်သော သဘောဟု ရှုပြီး၍၊ ပျက်သော နောက်အာရုံကို၊ ပျက်သော သဘော, ကုန်သော သဘောဟု၊ ဆင်ခြင်ခြင်း၄ါ စွမ်းနိုင်သော- **အာဝဋ္ဋနာဗလ ပညာ**။ ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ပဋိသင်္ခါဝိပဿနာ။

မျက်မှောက်ထင်ထင် မြင်သော အားဖြင့်၊ ပျက်သော ပစ္စုပ္ပန်အာရုံကို၊ အစဉ်လိုက်နိုင်သော - အာရမ္မဏ အန္ဝယ ပညာ။ ဤနာမ်,ရုပ်သည်၊ ယခု ပျက်သကဲ့သို့။ ထို့အတူ ရှေးကလည်း ပျက်ပြီ၊ နောင်အခါလည်း ပျက်လတံ့ဟု၊ ပျက်ပြီးသော နာမ်,ရုပ်၊ ပျက်လတံ့သော နာမ်,ရုပ်၊ အတိတ်,အနာဂတ်,အာရုံ ၂-ပါးစုံကို၊ယခု ပျက်သော ပစ္စုပ္ပန်အာရုံနှင့်၊ အပျက်တူအောင် ထပ်တူဆောင်၍၊ဝိုင်းခြားနိုင်သော-ဧကော ဝေ ဝတ္ထနာပညာ။ပျက်သော အာရုံ၌၊အမြဲနှလုံးသွင်းနိုင်သော-နိရောဓေ အဓိမုတ္တတာပညာ။ ဤအင်္ဂါ ၃-ပါးနှင့်ပြည့်စုံသော ဝယလက္ခဏာဝိပဿနာ။

ပျက်သော အာရုံကို၊ ပျက်သော သဘော, ကုန်သော သဘောဟု ရှုနိုင်သော- အာရမ္မဏပဋိသင်္ခါပညာ။ ပျက်သော သဘော, ကုန်သော သဘောဟု၊ ရှုသော ပညာ၏ အဆုံးကို မြင်သဖြင့်၊ ပျက်သော သဘော, ကုန်သော သဘောဟု ရှုနိုင်သော - ဘင်္ဂါနုပဿနာပညာ။ ပျက်သော သဘောကား၊ တစုံတခုမျှမရှိ သုဉ်း၏,ဆိတ်၏ဟု ထင်သော - သုညတော ဥပဋ္ဌာနပညာ။ ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော အဓိပညာဝိပဿနာ။

ဤသို့ ဝိပဿနာအားဖြင့် ၃-ပါး၊ အင်္ဂါအားဖြင့် ၉-ပါးနှင့် ပြည့်စုံသော ဘင်ဉာဏ်ကို ရခြင်းငှါ၊ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်း အားဖြင့်၊ သိ၏ဟု သတိ ထင်အောင် အမှတ်ပြုသဖြင့်၊ဒွါရ,အာရုံ,ဝိညာဉ်-နာမ်,ရုပ် ထင်၍၊ နာမ်, ရုပ်၏ အဆုံးကို မြင်သဖြင့်၊ ပျက်သော သဘော, ကုန်သော သဘောဟု ရှု၏။ ပျက်သော သဘော, ကုန်သော သဘောဟု ရှုသော၊ စိတ် အဆုံးကို မြင်သဖြင့်၊ ပျက်သော သဘော, ကုန်သော သဘောဟု ရှု၏။ နာမ်,ရုပ် ဟူသော-ဉာတ၊ ရှုသော-ဉာဏ၊ ဤဉာတ,ဉာဏ ၂-ပါးစုံ အာရုံကို ရှုပြီးမှ၊-

ဤနာမ်, ရုပ်သည်၊ ယခု ပျက်သကဲ့သို့။ ထို့အတူ ရှေးကလည်း ပျက်ပြီ၊ နောင်ခါလည်း ပျက်လတံ့ဟု ရှု၍သာ နေ၏။ ပျက်သော နာမ်, ရုပ်ကို ရှု၍၊ ထင်သောအားဖြင့် လာသော၊ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ ၇-ပါး၊ ပျက်သော နာမ်,ရုပ်ကို ရှု၍၊-

အနုပဿနာ ပယ်ဖျောက်သောအားဖြင့် သွားသော၊ နိစ္စသညာ, သုခသညာ,အတ္တသညာ,နန္ဒီ,ရာဂ,သမုဒယ, အာဒါန ၇-ပါးကို၊ အမှတ်လည်း မပြု၊ မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။ ထင်သောကြောင့် ပင်လျှင်၊မမြဲဟု ရှု၏၊မြဲသဟု မရှု။ဆင်းရဲဟု ရှု၏၊ ချမ်းသာဟု မရှု။ အစိုးမရဟု ရှု၏၊ အစိုးရဟု မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်မက်ကင်း၏၊ မတပ်မက်။ အနုသယ,ပရိယုဋ္ဌာန် ဘဝတဖန်ကိုချုပ်စေ၏၊ မဖြစ်စေ။ အနုသယ, ပရိယုဋ္ဌာန်, ဘဝတဖန်ကို စွန့်၏၊ မယူဟု ပြောဆိုနိုင်၏။

စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်,စိတ်လည်း ခံ့၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ ဘင်ဉာဏ် အထူး ကိုလည်း ရ၏။ ဘေးထင်သဖြင့် ဉာဏ်တဖက်ကမ်း ရောက်၏။

ဘင်ဉာဏ် ပြီး၏။

## ဘယ,အာဒီနဝ,နိဗ္ဗိဒါဉာဏ်ကို ပြခြင်း

ဘင်ဉာဏ် တဖက်ကမ်း ရောက်သော သူသည်၊ ဘေးထင် သဖြင့်၊ ဥပ္ပါဒ,ပဝတ္တ,နိမိတ္တ, အာယူဟန, ပဋိသန္ဓိ မူလ ၀ဋ္ဋ၊ ၅-ပါး။ ဂတိ,နိဗ္ဗတ္တိ,

ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ ပရိယာယ်ဝဋ္ဋ ၁၀-ပါး။ ဤသို့ အားဖြင့် ၁၅-ပါးသော ဝဋ္ဋတို့တွင်၊ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ မူလဝဋ္ဋ ၅-ပါး၊တပါးပါး၌ ဘေးတည်းဟု အပြစ်ထင်သော-အာဒီနဝဉာဏ် ၅-ပါး။ဘေးတေည်းဟု နိဗ္ဗာန်ထင်သော-သန္တိပဒဉာဏ် ၅—ပါး။

ဤသို့ အားဖြင့်၊ ၁၀-ပါးသော ဉာဏ်နှင့်ပြည့်စုံသော၊ အာဒီနဝဉာဏ်ကို ရခြင်းငှါ၊ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်-နာမ်,ရုပ် ထင်၍၊ နာမ်,ရုပ်၏ ဖြစ်ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ မဖြစ်ခြင်းသည်ကား၊ ဘေးတေည်းဟု နိဗ္ဗာန် ထင်၏။ နာမ်,ရုပ်၏ အစဉ်မပြတ်ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ အစဉ်ပြတ်ခြင်း သည်ကား၊ ဘေးတေည်းဟု နိဗ္ဗာန် ထင်၏။ နာမ်,ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။ နာမ်,ရုပ်၏ နိမိတ်မထင်ခြင်းသည်ကား၊ဘေးတေည်းဟု နိဗ္ဗာန်ထင်၏။နာမ်,ရုပ်၏ အားထုတ်ခြင်းသည်ကား၊ ဘေးတည်းဟု အပြစ်ထင်၏။နာမ်,ရုပ်၏ အားမထုတ်ခြင်းသည်ကား၊ဘေးတေည်းဟု နိဗ္ဗာန်ထင်၏။ ယခုယခု နာမ်,ရုပ်၏၊နောင်တဖန်,နောင်တဖန်၊ နာမ်,ရုပ်နှင့် စပ်ခြင်းသည်ကား၊ဘေးတည်းဟု အပြစ်ထင်၏။ယခုယခု နာမ်,ရုပ်၏၊နောင်တဖန်,နောင်တဖန်၊နာမ်,ရုပ်နှင့်မစပ်ခြင်းသည်ကား၊ဘေးတေည်းဟုနိဗ္ဗာန်ထင်၏။

ဤသို့ အပြစ်ထင်သော-အာဒီနဝဉာဏ်၊ နိဗ္ဗာန်ထင်သော-သန္တိပဒဉာဏ်၊ အစုံအစုံဖြင့် ဒွါရ,အာရုံ, ဝိညာဉ်၊ နာမ်,ရုပ် ထင်တိုင်း, ထင်တိုင်း ရှု၍သာ နေ၏။

ရှေးရှေးက လာသော၊ မူလဝဋ္ဋ ၅-ပါး။ နောက်နောက်သို့ သွားသော၊ ပရိယာယ်ဝဋ္ဋ ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝဋ္ဋကို အမှတ်လည်း မပြု၊ မထင်သည်လည်း မဟုတ်၊ ထင်လည်း ထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်,စိတ်လည်း ခံ့၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ အာဒီနဝဉာဏ်အထူးကိုလည်း ရ၏။ လွတ်လိုသဖြင့် ဉာဏ်တဖက်ကမ်းရောက်၏။

ယာစ ဘယတုပဋ္ဌာနေပညာ၊ ယဥ္စ အာဒီနဝေဉာဏံ၊ယာစ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဥ္ဇနမေဝ နာနံ။ ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ယာခ ဘယတုပဋ္ဌာနေပညာ၊ အကြြင်ဘေးထင်သော ပညာသည် ၎င်း။ ယဋ္ဌ အာဒီနဝဉာဏ်၊ အကြြင်အပြစ်ထင်သော ဉာဏ်သည်၎င်း။ ယာခ နိဗ္ဗိဒါ၊ အကြြင် ငြီးငွေ့ ခြင်းသည်၎င်း။ ဣမေ ဓမ္မာ၊ ဤတရား ၃-ပါး တို့ သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဥ္ဇန မေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ မတူ။

ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ် ပြီး၏။

## မုဥ္စိတုကမျတာ,ပဋိသင်္ခါ,သင်္ခါရုပေက္ခာဉာဏ်ကို ပြခြင်း

အာဒီနဝဉာဏ် တဖက်ကမ်း ရောက်သော သူသည်၊ [လွတ်လိုသဖြင့် ဥပ္ပါဒ,ပဝတ္တ,နိမိတ္တ,အာယူဟန,ပဋိသန္ဓိ မူလဝတ္ထု ၅-ပါး။ ဂတိ,နိဗ္ဗတ္တိ, ဥပပတ္တိ, ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ ပရိ ယာယ်ဝတ္ထု ၁၀-ပါး။

ဤသို အားဖြင့်၊ ဝတ္ထု ၁၅-ပါး တို့တွင်၊ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန,ပဋိသန္ဓိ မူလဝတ္ထု ၅-ပါး။ တပါးတပါးကို၊ အစဉ်သ လွတ်လို သော-မုဥ္စိတုကမျတာဉာဏ်။ အလယ်၌ လွတ်အောင် ဆင်ခြင်သော-ပဋိ သင်္ခါဉာဏ်။ အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှုသော – သင်္ခါရု ပေက္ခာ ဉာဏ် တပါး,တပါး။

ဤသို အားဖြင့်၊ ၁၅–ပါးသော ဉာဏ်နှင့် ပြည့်စုံသော၊ သင်္ခါရု ပေက္ခာဉာဏ်ကို ရခြင်းငှါ၊ ဖြစ်ခိုက်,ဖြစ်ခိုက်၊ တပါးပါးသော ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သတိထင်အောင် အမှတ် ပြုသဖြင့်၊ ဒွါရ,အာရုံ,ဝိညာဉ်-နာမ်,ရုပ် ထင်၍၊နာမ်,ရုပ်၏ ဖြစ်ခြင်းသည် ကား၊ ဆင်းရဲတည်းဟု **အစဉ် လွတ်လို၏**။ နာမ်,ရုပ်၏ ဖြစ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်,ရုပ်၏ ဖြစ်ခြင်း သည်ကား၊ ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။

နာမ်,ရုပ်၏ အစဉ်မပြတ်ခြင်း သည်ကား၊ ဆင်းရဲတည်းဟု အစဉ်သ လွတ်လို၏။ နာမ်,ရုပ်၏ အစဉ်မပြတ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု **အလယ်၌ လွတ်အောင် ဆင်ခြင်၏**၊ နာမ်,ရုပ်၏ အစဉ် မပြတ် ခြင်းသည် ကား၊ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။

နာမ်,ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား၊ဆင်းရဲတည်းဟု အစ၌လွတ်လို၏။ နာမ်,ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်,ရုပ်၏ နိမိတ် ထင်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု **အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏**။

နာမ်,ရုပ်၏အားထုတ်ခြင်းသည်ကား၊ဆင်းရဲတည်းဟု အစ၌ လွတ်လို၏။ နာမ်,ရုပ်၏ အားထုတ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်,ရုပ်၏ အားထုတ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။

ယခုယခု နာမ်,ရုပ်၏၊ နောက် နောက်တဖန်၊ နာမ်,ရုပ်နှင့် စပ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အစ၌ လွတ်လို၏။ ယခုယခု နာမ်,ရုပ်၏၊ နောက်နောက်တဖန်၊ နာမ်,ရုပ်နှင့် စပ်ခြင်းသည်ကား၊ ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ ယခုယခု နာမ်,ရုပ်၏၊နောက်နောက် တဖန်၊ နာမ်,ရုပ်နှင့် စပ်ခြင်းသည်ကား၊ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။

ဤသို့ အစ,အစ၊ လွတ်လိုသော-မုဉ္စိတုကမျတာဉာဏ်။ အလယ်, အလယ်၊ လွတ်အောင် ဆင်ခြင်သော-ပဋိသင်္ခါဉာဏ်။ အဆုံး, အဆုံး လွတ်၍၊ ညီညွတ်အောင် ရှုသော-သင်္ခါရုပေက္ခာဉာဏ် ၃-ပါးဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်၊နာမ်,ရုပ် ထင်တိုင်း, ထင်တိုင်း ရှု၍သာ နေ၏။

ရှေးရှေးက လာသော၊မူလဝတ္ထု ၅-ပါး၊ နောက်နောက်သို့ သွားသော၊ ပရိယာယ်ဝတ္ထု ၁၀-ပါးကို၊ အမှတ်လည်း မပြု၊ မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်, စိတ်လည်း ခံ့၏။ ဝိပဿနာ အညစ်အကြေးလည်း ပျောက်၏။ ဝိတက် အကြံအစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အနုသယလည်း ပျက်စီး၏။ သင်္ခါရုပေက္ခာဉာဏ် အထူးကိုလည်း ရ၏။ နိဗ္ဗာန်ကို မြင်သဖြင့်၊ ဉာဏ်တဖက်ကမ်း ရောက်၏။

ဣဒ္ဓ ပန အနုလောမဉာဏံ သင်္ခါရုပေက္ခာယ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ ဟောတိ။ သဗ္ဗေန သဗ္ဗံ ပန ဂေါတြဘုဉာဏံ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣဒဥ္စ ပန အနုလောမညာဏံ၊ ဤအနုလောမဉာဏ်သည်လည်း။ သင်္ခါရာရမ္မဏာယ၊ သင်္ခါရလျှင်အာရုံရှိသော။ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏။ ပရိယောသာနံ၊ အဆုံးသည်။ ဟောတိ၊ ဖြစ်၏။ ဂေါတြဘုညာဏံ ပန၊ ဂေါတြဘုဉာဏ်သည်ကား။ ဝုဋ္ဌာန ဂါမိနိယာ ဝိပဿနာယ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏။ သဗ္ဗေန သဗ္ဗံ၊ အလုံးစုံ။ ပရိယောသာနံ၊ အဆုံးသည်။ ဟောတိ၊ ဖြစ်၏။

ယာစ မုဉ္စိတုကမျတာ၊ ယာစ ပဋိသင်္ခါနုပဿနာ၊ ယာစ
သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။

ယာစ မုဉ္စိတုကမျတာ၊ အကြင် မုဉ္စိတုကမျတာဉာဏ်သည်ရင်း။ ယာစ ပဋိသင်္ခါနုပဿနာ၊ အကြင် ပဋိသင်္ခါနုပဿနာဉာဏ်သည်ရင်း။ ယာစ သင်္ခါရုပေက္ခာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည်ရင်း။ ဣမေ ဓမ္မာ၊ ဤတရား ၃-ပါးတို့သည်။ ဧကတ္ထာ၊ တူသော အနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ မတူ။

မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,
သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

## အနုလောမ, ဂေါတြဘူ,မဂ်,ဖိုလ်,ပစ္စဝေက္ခဏာကိုပြခြင်း

သင်္ခါရုပေက္ခာဉာဏ်၊ တဖက်ကမ်း ရောက်သော သူသည်၊ နိဗ္ဗာန်ကို မြင်သဖြင့်၊ အနိစ္စတော-အစ၊ သံကိလေသိက ဓမ္မတော- အဆုံးရှိသော၊ ဝိပဿနာ ၄၀-တို့တွင်၊ အနိစ္စတော၏အရ၊ မဂ်သို့ရောက်သော ဝိပဿနာ ဖြစ်သောကြောင့်၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်သော၊ သင်္ခါရုပေက္ခာဉာဏ် အနိစ္စာနုပဿနာဖြင့်၊-

ယခုပင် အနိမိတ္တမဂ်သို့ ဝင်ခြင်းငှါ၊ တပါးပါးသော ဒွါရ၌ အာရုံ ထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ် ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဏ် ဖြစ်ခိုက်၊ ထင်သောနာမ်,ရုပ်ကို၊ မမြဲဟု-သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်၍၊ ဘဝင်သို့ သက်၏။

ဘဝင်မှထ၍၊ မမြဲဟု-သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်, ရုပ်ကိုပင်၊အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။ အာဝဇ္ဇန်း၏အဆုံး၊တိက္ခပုဂ္ဂိုလ်အား ၂-ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ၃-ကြိမ်၊ ပရိကံ, ဥပစာ, အနုလုံ မည်သော **အနု**

**လောမဉာဏ်**ဖြင့်၊ မဖြိဟု–သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်,ရုပ် ကိုပင်၊ မဖြိ,မဖြိ,မဖြိဟု ၃–ကြိမ် အာရုံ ပြု၏။

အနုလောမဉာဏ်၏ အဆုံး၊ ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်သော အားဖြင့် လွန်၍၊ အရိယာတို့၏ အနွယ်သို့ ဝင်သောအားဖြင့် သက်၍၊ ပုထုဇဉ် တဖန်တခေါက်၊ နောက်ပြန် မရောက်သော ဂေါတြဘူဉာဏ် ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။

ဂေါတြဘူဉာဏ်၏ အဆုံး၊ ဒုက္ခသစ္စာကို ပိုင်းခြားခြင်း ကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်း ကိစ္စ၊နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်း ကိစ္စ။ဤမဂ်ကိစ္စ ၄–ချက်ကို တပြိုင်နက် ပြီးစေလျက်၊–

**သောတာပတ္တိမဂ်** ဖြင့်၊ နိဗ္ဗာန်ကို အာရုံပြု၏။ သောတာပတ္တိ မဂ်၏ အဆုံး၊ တိက္ခပုဂ္ဂိုလ်အား ၃–ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ၂–ကြိမ်၊ သောတာပတ္တိဖိုလ်ဖြင့်၊အဇ္ဈတ္တ,ဗဟိဒ္ဓမှ ထသော၊မဂ်ပယောဂ သမ္ဘပ္ပဓာန်၊ငြိမ်းသော ပဋိပဿဒ္ဓိပဟာန်၊ ဖိုလ်အကျိုးကို ခံခြင်းငှါ နိဗ္ဗာန်ကို ၂–ကြိမ်, ၃–ကြိမ် အာရုံပြု၍၊ ဘဝင်သို့ သက်၏။

ဘဝင်မှထ၍၊ အာဝဇ္ဇန်း၏ အဆုံးအဆုံး၊ ငါသည် သောတာပတ္တိ **မဂ်ကို** ရပြီ။ ငါသည် သောတာပတ္တိ ဖိုလ်ကို ရပြီ။ ငါသည် **နိဗ္ဗာန်ကို** ရပြီ ဟု ဗဟုဿုတ အလို၊ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်၏။ငါသည် မဂ်ကို ရပြီ၊ ဖိုလ်ကို ရပြီ၊ နိဗ္ဗာန်ကို ရပြီဟု အပ္ပဿုတ အလို၊ **ပစ္စဝေက္ခဏာဉာဏ်** ဖြင့် ဆင်ခြင်၏။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။ ။

(သင်္ဂြိုဟ်ပါဠိ)

ပဏ္ဍိတော၊ အရိယာ ပညာရှိသည်။မဂ္ဂဉ္စ၊မဂ်ကိုလည်း။ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဖလဉ္စ၊ ဖိုလ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဟီနေ ကိလေသေစ၊ ပယ်ပြီး သော ကိလေသာတို့ကိုရင်း။ သေသေစ ကိလေသေ။ ကြွင်းသော ကိလေ သာတို့ကိုရင်း။ ပစ္စဝေက္ခတိဝါ၊ ဆင်ခြင်မိသူလည်းရှိ၏။ နဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်မိသူလည်းရှိ၏။

ပစ္စဝေက္ခဏာဉာဏ်၏အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှထ၍ အာ ဝဇ္ဇန်း၏ အခြားမဲ့၊ **ဥဒယဗ္ဗယဉာဏ်** ဖြင့် တည်၏။

တဖန် ဥဒယဗ္ဗယညာဏ်မှစ၍၊ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာညာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာညာဏ်၏အဆုံး၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, ပစ္စဝေက္ခဏာညာဏ် အစဉ်အတိုင်း ဖြစ်၏။ ပစ္စဝေက္ခဏာညာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၊ ဥဒယဗ္ဗယညာဏ်ဖြင့် တည်၏။

တဖန် ဥဒယဗ္ဗယညာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာညာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာညာဏ်၏အဆုံး၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အနာဂါမိမဂ်, အနာဂါမိဖိုလ်, ပစ္စဝေက္ခဏာညာဏ် အစဉ်အတိုင်းဖြစ်၏။ ပစ္စဝေက္ခဏာညာဏ်၏အဆုံး ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၊ ဥဒယဗ္ဗယညာဏ်ဖြင့် တည်၏။

တဖန် ဥဒယဗ္ဗယညာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာညာဏ်သို့ ဆိုက်သည်ဖြစ်အံ့။ သင်္ခါရုပေက္ခာညာဏ်၏အဆုံး၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အရဟတ္တမဂ်, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာညာဏ် အစဉ်အတိုင်း ဖြစ်၏။ ပစ္စဝေက္ခဏာညာဏ်၏အဆုံး ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၊ ဥဒယဗ္ဗယညာဏ်ဖြင့် တည်၏။

ဤသို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ၊ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်လုံးပင်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဆင်ခြင်ပြီး၍၊ ဥဒယဗ္ဗယညာဏ်ဖြင့် တည်မြဲဖြစ်၏။ ထို့ကြောင့်ပင်လျှင်။

ယံကိဉ္စိ သမုဒယ ဓမ္မံ။ သဗ္ဗန္တံ နိရောဓဓမ္မန္တိ-ဟု ဟောတော်မူ၏။

ယံကိဉ္စိ၊ အလုံးစုံသည်။ သမုဒယဓမ္မံ၊ ဖြစ်သော သဘောရှိ၏။ တံသဗ္ဗံ၊ ထိုဖြစ်သော သဘောရှိသော အလုံးစုံသည်။ နိရောဓ ဓမ္မံ၊ ချုပ်ပျက်သော သဘောရှိ၏။ ဣတိ၊ ဤသို့။ အရိယော၊ အရိယာသည်။ အနုပဿတိ၊ ရှု၏။

အနုလောမညာဏ်, ဂေါတြဘူညာဏ်, မဂ်ညာဏ်, ဖိုလ်ညာဏ်,

ပစ္စဝေက္ခဏာညာဏ် ပြီး၏။

ဤတွင်

မင်းကွန်း, ဝိပဿနာသူဒနီကျမ်း

ပြီး ပြီ။

# မင်းကွန်းဝိပဿနာ

# ဉာဏသုဒ္ဒနီ

သထုံမြို့
ကျေးဇူးရှင် မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးသည်
၁၂၈၂-ခုနှစ်သောက်က ရေးသားတော်မူခဲ့သော
နာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ်
၂-ပါးတို့ကို အကျယ်ပြအပ်သော

ဉာဏသုဒ္ဒနီ နံပါတ်-၇။

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နာမ,ရူပ ပရိစ္ဆေဒဉာဏ်

### ကာလသုံးပါး သဘောသွား လက္ခဏာ ပြခြင်း

တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္မာဒေတုကာမေန အညံ
ကိဉ္စိ ကာတဗ္ဗံနာမ နတ္ထိ။ ယဉ္စိ အနေန ကာတဗ္ဗံ သိယာ၊ တံ
အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတ မေဝ။ ။
(ဝိသုဒ္ဓိမဂ်)

တတ္ထ၊ ထို ၄-ပါးသော မဂ်ဉာဏ်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပဌမ မဂ္ဂဉာဏံ၊ ပဌမ မဂ်ဉာဏ်ကို။ သမ္မါဒေတုကာမေန၊ ပြီးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ အညံ၊ တပါးကို။ ကိဉ္စိ၊ တစုံတခု။ ကာတဗ္ဗံနာမ၊ ပြုအပ်သော မည်သည်။ နတ္ထိ၊ မရှိချေ။ ယံ၊ အကြင် ပဌမ မဂ်ဉာဏ်ကို။ အနေန၊ ဤယောဂီ ပုဂ္ဂိုလ်သည်။ ကာတဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုယောဂီ ပြုအပ်သော ပဌမ မဂ်ဉာဏ်သည်။ အနုလောမာဝသာနံ၊ အနုလုံအဆုံးရှိသော။ ဝိပဿနံ၊ဝိပဿနာကို။ ဥပ္ပါဒေန္တေန၊ ဖြစ်စေသဖြင့်။ ကတမေဝ၊ ပြီးတော့သာလျှင်တည်း။

ဉာဏ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနု လောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်-ဟူ၍ အလုံးစုံ သိမ်းကြုံး၍ဆိုသော ဉာဏ်စဉ်အားဖြင့် ၁၆-ပါး အပြားရှိ၏။

ဤ ဉာဏ်တို့တွင်၊ နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာ အားထုတ် အပ်၏။ နာမ်,ရုပ်ကို ဟုတ်တိုင်း မှန်စွာ သိခြင်းသည်၊ နာမရူပပရိစ္ဆေဒ ဉာဏ်မည်၏။ ဤ နာမရူပ ပရိစ္ဆေဒဉာဏ်ကို အားထုတ်လိုသော ယောဂီ သည်၊ ရုပ်ကိုရှေးဦးစွာ ပိုင်းခြားအပ်၏။ ရုပ်ကိုပိုင်းခြားပါမှ ရုပ်ကို သိသောစိတ် အကြောင်းအခါကာလ ထင်၏။ ထိုအခါကာလ နာမ်,ရုပ် အစုံ ပိုင်းခြားအပ်၏။ ။ဤကား အကျဉ်းလက္ခဏာ ဆောင်ပုဒ်တည်း။

---

## ပစ္စုပ္ပန် နာမ်ရုပ်ကိုသာ အားထုတ်ရမည်

နာမ်ရုပ်သည် အတိတ်,အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ၃-ပါးအပြား ရှိ၏။ ထို ၃-ပါးတို့တွင်၊ ဖြစ်ပြီးသော နာမ်ရုပ်သည် - အတိတ် မည်၏။ ဖြစ်လတံ့ ပျက်လတံ့သော နာမ်ရုပ်သည် - အနာဂတ် မည်၏။ ဖြစ်ဆဲ, ပျက်ဆဲသော နာမ်ရုပ်သည် - ပစ္စုပ္ပန် မည်၏။ ဤနေရာ၌ ဝိပဿနာကို အစစွာ အားထုတ်သော အာဒိကမ္မိက ယောဂီပုဂ္ဂိုလ်သည်၊ အတိတ်,အနာ ဂတ်,ပစ္စုပ္ပန် ၃-ပါး တို့တွင်၊ အတိတ်, အနာဂတ်ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် မပိုင်းခြားအပ်။

အတီတံ နာန္ဝာဂမေယျ၊ န ပဋိကင်္ခေ အနာဂတံ။
ယဒ တီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။နေတ္တိပါဠိတော်။

ယံ အတီတံ၊ အကြောင်းအတိတ်သည်။ ပဟီနံ၊ သဘောလက္ခဏာ မမြင် ရာသို့ရောက် ပျောက်ကွယ်လေပြီ။ တံ အတီတံ၊ထိုသဘောလက္ခဏာ မမြင် ရာသို့ရောက် ပျောက်ကွယ်ပြီးသော အတိတ်ကို။ နာန္ဝာဂမေယျ၊ လွန်ပြီ ဟော့ထ နောက်မှတဖန် ပြန်မလိုက်ရာ။ယဉ္စ အနာဂတံ၊ အကြောင်း အနာဂတ် သည်လည်း။ အပ္ပတ္တံ၊လက္ခဏာသဘော ဖြစ်ခွင့်ပေါ်ပေါက် မရောက်သေး။ တံ အနာဂတံ၊ထိုလက္ခဏာသဘော ဖြစ်ခွင့်ပေါ်ပေါက် မရောက်လာသေး သော အနာဂတ်ကို။ န ပဋိကင်္ခေ၊ မဖြစ်မှီဟော့ ကြိုဆို အလိုမရှိရာ။

ဝိပဿနာကို အစစ္စာအားထုတ်သော အာဒိကမ္မိက ယောဂီပုဂ္ဂိုလ်သည်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃-ပါး တို့တွင်၊ ပစ္စုပ္ပန်ကိုသာလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြားအပ်၏။

ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။ ။
(နေမိပါဠိတော်)

တတ္ထတတ္ထ ခဏေခဏေ၊ ထိုထိုခဏခဏ၌။ ပစ္စုပ္ပန္နံ၊အသစ်အသစ် ခုတင်ခုဖြစ်သော။ ယဉ္စ ဓမ္မံ၊ အကြင်ပစ္စုပ္ပန်အာရုံကို။ ဝိပဿတိ၊ စေ့စေ့ ငုငု နှေ့မှုညွှတ်ထွေ ရှုအပ်လေ၏။တံ ဓမ္မံ၊ထိုအသစ်အသစ် ခုတင်ခုဖြစ်သော ပစ္စုပ္ပန် အာရုံကို။ အသံဟိရံ၊ စေ့စေ့ငုငု နှေ့မှုညွှတ်ထွေ ရှုလေကောင်းကောင်း မပြောင်းမရွေ့။ အသင်္ကုပ္ပံ၊ စေ့စေ့ငုငု နှေ့မှုညွှတ်ထွေ ရှုလေ နောက်နောက်။ ဝါ၊ တနည်း။ အသံဟိရံ၊ ပစ္စုပ္ပန်လာ လက္ခဏာဟေ့ မပြောင်းရွေ့မှီ။ အသင်္ကုပ္ပံ၊ ပစ္စုပ္ပန်လာ လက္ခဏာ ရောက် မပျောက်ပျက်မှီ။ ဝိဒ္ဓါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ တဆင့်တဆင့် မြင့်တမျှားမျှား ပွားများရာ၏။

**အသစ်ကို မကြံလင့်၊ အဟောင်းကို မပြန်လင့်။ ဖြစ်အောင် မပြုလင့်၊ ပျက်အောင် မပြုလင့်။ ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှု။ ။ဖြစ်အောင်ပြု-လောဘ၊ပျက်အောင်ပြု-ဒေါသ၊ဖြစ်တိုင်း ပျက်တိုင်းမသိ-မောဟ။ ။ဤကား ဆောင်ပုဒ်တည်း။**

အဓိပ္ပါယ်ကား၊ ဤဆောင်ပုဒ်၌၊ အနာဂတ်ကို ကြံခြင်းသည်၊ အသစ်ကို ကြံသည်မည်၏။ အနာဂတ်ကို မကြံခြင်းသည်၊ အသစ်ကို မကြံသည် မည်၏။ ထို့ကြောင့် အသစ်ကို မကြံလင့်ဟု ဆိုသည်။ ။အတိတ်ကို ကြံခြင်းသည်၊ အဟောင်းကို ပြန်သည်မည်၏။ အတိတ်ကို မကြံခြင်းသည်၊ အဟောင်းကို မပြန်သည်မည်၏။ ထို့ကြောင့် အဟောင်းကို မပြန်လင့်ဟု ဆိုသည်။

လောကအလို၊ မဖြစ်သေးသည်ကို ဖြစ်အောင်ပြုလိုသော သဘောသည်၊ ဖြစ်အောင် ပြုသည်မည်၏။ လောကအလို၊ မဖြစ်သေးသည်ကို ဖြစ်အောင် မပြုလိုသော သဘောသည်၊ ဖြစ်အောင် မပြုသည်မည်၏။ ထို့ကြောင့် ဖြစ်အောင်မပြုလင့်ဟု ဆိုလိုသည်။ ။လောကအလို၊ဖြစ်ပြီးသည်ကို ပျက်အောင်ပြုလိုသော သဘောသည်၊ပျက်အောင်ပြုသည်မည်၏။လောက

အလို၊ ဖြစ်ပြီးသည်ကို ပျက်အောင်မပြုလိုသော သဘောသည်၊ ပျက်အောင် မပြုသည်မည်၏။ ထို့ကြောင့် ပျက်အောင်မပြုလင့်ဟု ဆိုသည်။

နာမ်ရုပ်တို့၏ ဖြစ်ခြင်းသည်၊ ဖြစ်တိုင်းမည်၏။ နာမ်ရုပ်တို့၏ ပျက်ခြင်းသည်၊ ပျက်တိုင်းမည်၏။ နာမ်,ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိခြင်းသည်၊ ထင်အောင် ရှုသည် မည်၏။ ထို့ကြောင့် ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှုဟု ဆိုသည်။ ။လောကအလို၊မဖြစ်သေးသည်ကို ဖြစ်အောင်ပြုလိုသော သဘောသည်၊ လောဘမည်၏။ ထို့ကြောင့် ဖြစ်အောင်ပြု–လောဘဟု ဆိုသည်။လောကအလို၊ဖြစ်ပြီးသည်ကို ပျက်အောင်ပြုလိုသော သဘောသည်၊ဒေါသမည်၏။ ထို့ကြောင့် ပျက်အောင်ပြု–ဒေါသဟု ဆိုသည်။

နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသည်၊ ဖြစ်တိုင်းပျက်တိုင်း မည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို မသိခြင်းသည်၊ မောဟမည်၏။ ထို့ကြောင့် ဖြစ်တိုင်း ပျက်တိုင်းမသိ-မောဟဟု ဆိုသည်။ ။ထို့ကြောင့် .... အသစ်ကို မကြိုလင့်၊ အဟောင်းကို မပြန်လင့်။ ဖြစ်အောင်မပြုလင့်၊ ပျက်အောင် မပြုလင့်။ ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှု။ ။ဖြစ်အောင်ပြု- လောဘ၊ ပျက်အောင်ပြု- ဒေါသ၊ ဖြစ်တိုင်း ပျက်တိုင်းမသိ- မောဟဟု ဆိုခဲ့ပေသည်။ ။ဤကား ဆောင်ပုဒ်၏ အဓိပ္ပါယ်တည်း။

---

## ရုပ် ဝိုင်းခြားပုံကို ပြခြင်း

နာမရူပ ပရိစ္ဆေဒဉာဏ်သည်၊ နာမ်ကို ဝိုင်းခြားသော – နာမပရိစ္ဆေဒဉာဏ်၊ ရုပ်ကို ဝိုင်းခြားသော – ရူပ ပရိစ္ဆေဒဉာဏ်အားဖြင့် ၂–ပါး အပြားရှိ၏။ ထို ၂–ပါးတို့တွင်၊ ရူပပရိစ္ဆေဒဉာဏ်သည် ရှေးဦးစွာဖြစ်၏။ ရူပပရိစ္ဆေဒဉာဏ်အားဖြင့် ရုပ်ကို ဝိုင်းခြားလိုသော်။....

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊ မြင် မြင်တယ်မှတ်။ နားဖြင့် အသံကို ကြားသောခဏ၊ ကြား ကြားတယ်မှတ်။ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ နံ နံတယ်မှတ်။လျှာဖြင့် အရသာကို စားသောခဏ၊ စား စား တယ်မှတ်။ ကိုယ်ဖြင့်အတွေ့ကို ထိသောခဏ၊ ထိ ထိတယ်မှတ်။ စိတ်ဖြင့် သဘောကိုသိသောခဏ၊ သိ သိတယ်မှတ်။

၁–မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊ မြင် မြင်တယ်မှတ် ဆိုသော စကားရပ်၌၊ အဆင်းထင်သောခဏ၊ စက္ခုဒွါရ ကြည်ခြင်းသည်၊ မျက်စိ ကြည်သော ခဏ မည်၏။ မျက်စိ ကြည်သော ခဏ၊ ရူပါရုံ ထင်ခြင်းသည်

အဆင်းထင်သောခဏ မည်၏။ မျက်စိကြည်သောခဏ, အဆင်းထင်သော ခဏ၊ အဆင်းကိုမြင်သော စက္ခုဝိညာဏ်သည်၊ မြင်သောခဏမည်၏။ ထို့ကြောင့် မျက်စိဖြင့်အဆင်းကို မြင်သောခဏ–ဟု ဆိုခဲ့ပေသည်။

ဖင်းဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆုံသော ခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို၊တပေါင်းတည်း တပြိုင်နက်၊မြင် မြင်တယ်ဟု ဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ မျက်စိ,အဆင်း,မြင်ခြင်း သည်၊ မြင်သည်မည်၏။ ထို့ကြောင့် 'မြင်'ဆိုသည်။

စက္ခုဒွါရ ရှေ့ဝိထိဖြင့် မြင်သည်ကို၊ နောက် ဝိပဿနာ စိတ်ဖြင့် မြင်တယ်–ဟု အမှတ်ပြုခြင်းသည်၊ မြင်တယ်မှတ်သည် မည်၏။ ထို့ကြောင့် 'မြင်တယ်မှတ်' ဆိုသည်။ ။ထို့ကြောင့် မျက်စိဖြင့် အဆင်းကို မြင်သော ခဏ၊ 'မြင်–မြင်တယ်မှတ်'ဟု ဆိုခဲ့ပေသည်။

၂-နားဖြင့် အသံကိုကြားသောခဏ၊ကြား ကြားတယ်မှတ် ဆိုသော စကားရပ်၌၊ အသံထင်သော ခဏ၊ သောတဒွါရ ကြည်ခြင်းသည်၊ နား ကြည်သောခဏမည်၏။ နားကြည်သောခဏ၊သဒ္ဒါရုံထင်ခြင်းသည်၊ အသံ ထင်သောခဏမည်၏။ နားကြည်သောခဏ, အသံထင်သောခဏ၊ အသံကို ကြားသော သောတဝိညာဏ်သည်၊ ကြားသောခဏ မည်၏။ ထို့ကြောင့် နားဖြင့်အသံကို ကြားသောခဏ-ဟု ဆိုခဲ့ပေသည်။

ဖင်းဒွါရ,အာရုံ,ဝိညာဏ် ၃-ပါးဆုံသော ခဏ၌၊ ဖင်းဒွါရ,အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို၊ တပေါင်းတည်း တပြိုင်နက်၊ ကြား ကြား တယ်ဟု ဝိပဿနာဖြင့် သိမှတ် ပိုင်းခြား အပ်သောကြောင့်၊ နား, အသံ, ကြားခြင်းသည်၊ ကြားသည်မည်၏။ ထို့ကြောင့် 'ကြား'ဆိုသည်။

သောတဒွါရ ရှေ့ဝိထိဖြင့် ကြားသည်ကို၊နောက် ဝိပဿနာစိတ်ဖြင့် ကြားတယ်ဟု အမှတ်ပြုခြင်းသည်၊ကြားတယ်မှတ်သည်မည်၏။ ထို့ကြောင့် 'ကြားတယ်မှတ်' ဆိုသည်။ ။ထို့ကြောင့် နားဖြင့် အသံကို ကြားသော ခဏ၊ 'ကြား-ကြားတယ်မှတ်'ဟု ဆိုခဲ့ပေသည်။

၃ - နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ နံ နံတယ်မှတ် ဆိုသော စကားရပ်၌၊ အနံ့ထင်သောခဏ၊ ဃာနဒွါရ ကြည်ခြင်းသည်၊ နှာခေါင်း ကြည်သောခဏမည်၏။ နှာခေါင်းကြည်သောခဏ၊ ဂန္ဓာရုံထင်ခြင်းသည်၊ အနံ့ထင်သော ခဏ မည်၏။ နှာခေါင်းကြည်သောခဏ, အနံ့ထင်သော

ခဏ၊ အနံ့ကိုနံသော ဃာနဝိညာဏ်သည်၊ နံသောခဏမည်၏။ ထို့ကြောင့် နှာခေါင်းဖြင့် အနံ့ကို နံသောခဏ-ဟု ဆိုခဲ့ပေသည်။

ဇဝင်းဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆုံသော ခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါး အပေါင်းကို၊ တပေါင်းတည်း တပြိုင်နက်၊ နံ နံတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ် ပိုင်းခြား အပ်သောကြောင့်၊ နှာခေါင်း, အနံ့ နံခြင်းသည်၊ နံသည်မည်၏။ ထို့ကြောင့် 'နံ'ဆိုသည်။

ဃာနဒွါရ ရှေ့ဝီထိဖြင့် နံသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့် နံတယ်ဟု အမှတ်ပြုခြင်းသည်၊ နံတယ်မှတ်သည်မည်၏။ ထို့ကြောင့် 'နံတယ်မှတ်'ဆိုသည်။ ။ထို့ကြောင့် နှာခေါင်းဖြင့် အနံ့ကို နံသော ခဏ၊ 'နံ-နံတယ်မှတ်'ဟု ဆိုခဲ့ပေသည်။

၄-လျှာ ဖြင့် အရသာကိုစားသောခဏ၊စား စားတယ်မှတ် ဆိုသော စကားရပ်၌၊ အရသာထင်သောခဏ၊ဇိဝှါဒွါရ ကြည်ခြင်းသည်၊ လျှာကြည်သောခဏမည်၏။ လျှာကြည်သောခဏ၊ ရသာရုံထင်ခြင်းသည်၊ အရသာထင်သောခဏမည်၏။ လျှာကြည်သောခဏ, အရသာထင်သောခဏ၊ အရသာကိုစားသော ဇိဝှါဝိညာဏ်သည်၊ စားသောခဏ မည်၏။ ထို့ကြောင့် လျှာဖြင့် အရသာကိုစားသောခဏ-ဟု ဆိုခဲ့ပေသည်။

ဇဝင်းဒွါရ,အာရုံ, ဝိညာဏ် ၃- ပါးဆုံသော ခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို၊ တပေါင်းတည်း တပြိုင်နက်၊ စား စားတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ လျှာ, အရသာ, စားခြင်းသည်၊ စားသည်မည်၏။ ထို့ကြောင့် 'စား'ဆိုသည်။

ဇိဝှါဒွါရ ရှေ့ဝီထိဖြင့် စားသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့် စားတယ်ဟု အမှတ်ပြုခြင်းသည်၊ စားတယ်မှတ်သည်မည်၏။ ထို့ကြောင့် 'စားတယ်မှတ်' ဆိုသည်။ ။ထို့ကြောင့် လျှာဖြင့် အရသာကို စားသောခဏ၊ 'စား-စားတယ်မှတ်'ဟု ဆိုခဲ့ပေသည်။

၅-ကိုယ် ဖြင့် အတွေ့ကို ထိသော ခဏ၊ ထိ ထိတယ်မှတ် ဆိုသော စကားရပ်၌၊ အတွေ့ထင်သောခဏ၊ ကာယဒွါရ ကြည်ခြင်းသည်၊ ကိုယ်ကြည်သောခဏ မည်၏။ ကိုယ်ကြည်သောခဏ၊ ဖောဋ္ဌဗ္ဗာရုံထင်ခြင်းသည်၊ အတွေ့ထင်သော ခဏ မည်၏။ ကိုယ်ကြည်သောခဏ, အတွေ့ ထင်သော

ခဏ၊ အတွေ့ကိုထိသော ကာယဝိညာဏ်သည်၊ ထိသောခဏမည်၏။ ထို့ကြောင့် ကိုယ်ဖြင့်အတွေ့ကို ထိသောခဏ–ဟု ဆိုခဲ့ပေသည်။

ၝင်းဒွါရ, အာရုံ, ဝိညာဏ် ၃-ပါး ဆုံသော ခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို၊တပေါင်းတည်း တပြိုင်နက်၊ ထိ ထိတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ ကိုယ်, အတွေ့, ထိခြင်းသည်၊ ထိသည်မည်၏။ ထို့ကြောင့် 'ထိ'ဆိုသည်။

ကာယဒွါရ ရှေ့ဝီထိဖြင့် ထိသည်ကို၊ နောက် ဝိပဿနာ စိတ်ဖြင့် ထိတယ်ဟု အမှတ်ပြုခြင်းသည်၊ ထိတယ်မှတ်သည်မည်၏။ ထို့ကြောင့်'ထိတယ်မှတ်' ဆိုသည်။ ။ထို့ကြောင့် ကိုယ်ဖြင့် အတွေ့ကို ထိသော ခဏ၊ 'ထိ-ထိတယ်မှတ်'ဟု ဆိုခဲ့ပေသည်။

**၆-စိတ်** ဖြင့် သဘောကို သိသောခဏ၊ သိ သိတယ်မှတ် ဆိုသော စကားရပ်၌၊သဘောထင်သောခဏ၊မနောဒွါရ ကြည်ခြင်းသည်၊စိတ်ကြည်သောခဏ မည်၏။ စိတ်ကြည်သောခဏ၊ ဓမ္မာရုံထင်ခြင်းသည်၊ သဘောထင်သောခဏမည်၏။ စိတ်ကြည်သောခဏ, သဘောထင်သောခဏ၊ သဘောကိုသိသော မနောဝိညာဏ်သည်၊ သိသောခဏမည်၏။ ထို့ကြောင့် စိတ်ဖြင့် သဘောကို သိသောခဏ–ဟု ဆိုခဲ့ပေသည်။

ၝင်းဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆုံသော ခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် သုံးပါးအပေါင်းကို၊ တပေါင်းတည်း တပြိုင်နက်၊ သိ သိတယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ စိတ်, သဘော, သိခြင်းသည်၊ သိသည်မည်၏။ ထို့ကြောင့်'သိ'ဆိုသည်။

မနောဒွါရ ရှေ့ဝီထိဖြင့် သိသည်ကို၊ နောက် ဝိပဿနာ စိတ်ဖြင့် သိတယ်ဟု အမှတ်ပြုခြင်းသည်၊ သိတယ်မှတ်သည်မည်၏။ ထို့ကြောင့် 'သိတယ်မှတ်' ဆိုသည်။ ။ထို့ကြောင့် စိတ်ဖြင့် သဘောကို သိသောခဏ၊ 'သိ-သိတယ်မှတ်'ဟု ဆိုခဲ့ပေသည်။

မြင် မြင်တယ်မှတ် ဆိုသော စကားရပ်၌၊ မြင်ကား-မှတ်စရာအာရုံ၊ မြင်တယ်ကား- မှတ်တဲ့စိတ်၊ မှတ်ကား- သတိ, ပညာ, ဝိပဿနာနှင့်တကွ မှတ်တဲ့စိတ်ဟု အမှာတည်း။ ထို့အတူ၊ ကြား, နံ, စား, ထိ, သိကား-မှတ်စရာအာရုံ။ ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ကား- မှတ်တဲ့စိတ်။ မှတ်ကား-သတိ,ပညာ,ဝိပဿနာနှင့်တကွ မှတ်တဲ့စိတ်ဟု အမှာတည်း။ ဤကား အဓိပ္ပါယ်တည်း။

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ ဓာရဏဋ္ဌေတ္တ သလ္လက္ခဏံ။
ပညာ ပဝိစယောတိ နိဒ္ဒိဋ္ဌော ပဝိစယော စေတ္တ နိဋ္ဌယော။ ။
(မဟာဋီကာ)

ဟိ၊ မထင်သည်ကို ထင်အောင်ပြအံ့။ သတိ၊ သတိကို။ ဧတ္ထ၊ ဤ ဝိပဿနာ အရာ၌။ဓာရဏာတိ၊အမှတ်ဟူ၍။နိဒ္ဒိဋ္ဌာ၊ ညွှန်ကြားပြောဆိုအပ်၏။ သတိယာစ၊ သတိဖြင့်လည်း။ ဓာရဏံ၊ မှတ်ခြင်း။ သလ္လက္ခဏံ၊ ကောင်းစွာ မှတ်ခြင်း။ ပညာ၊ ပညာကို။ ဧတ္ထ၊ ဤဝိပဿနာ အရာ၌။ ပဝိစယော၊ အဆုံးအဖြတ်ဟူ၍။ နိဒ္ဒိဋ္ဌော၊ ညွှန်ကြား ပြောဆို အပ်၏။ ပညာယစ၊ ပညာဖြင့်လည်း။ ပဝိစယော၊ ဆုံးဖြတ်ခြင်း။ နိဋ္ဌယော၊ ဆုံးဖြတ်ခြင်း။

ယခု ပြဆိုခဲ့သော အဓိပ္ပါယ်များနှင့် ဋီကာ၏စကားသွားကို ဆင်ခြင်စဉ်းစား၍၊ မှတ်သားသည်ဆိုသော ဝိပဿနာသည်၊သညာစေတသိက် မဟုတ်၊ လိုရင်းအချုပ်မှာ ပညိန္ဒြေစေတသိက်ကို ရသည်ဟု သဘာဝကျနအောင်၊ ယထာဘူတကိုယူဆ၍ သတိပြုကြပါကုန်။

---

## ဝိပဿနာအားမထုတ်သူ ပုထုဇဉ်မည်ပုံ

ဝိပဿနာ အလုပ်ကို အားမထုတ်သော သူသည် ပုထုဇဉ် မည်၏။ ပုထုဇဉ်သည် ပုထုဇဉ်တို့၏နည်း အထင်အမှတ်ဖြင့်သာ မှတ်၏။ အထင်အမှတ်ဖြင့်သာ မှတ်ခြင်းကြောင့်၊ နန္ဒိမည်သော သံယောဇဉ်ကြိုး ဖွဲ့ချည်၏ မပြေ။ မပြေခြင်းကြောင့်၊ နာမ်နှင့်ရုပ် ကိလေသာ တကွဲတပြား အပိုင်းအခြားမဖြစ်။ ထို့ကြောင့် မြင် မြင်တယ်, ကြား ကြားတယ်, နံ နံတယ်, စား စားတယ်, ထိ ထိတယ်,သိ သိတယ်-ဟု၊ ပုထုဇဉ်တို့၏နည်း အထင်အမှတ်ကို၊ အရင်းအမြစ် အစစ်မူလဖြစ်သော၊ ပါဠိတော် သာဓကကို ပြသဖြင့်၊ ယုံကြည်စွာ သိမှတ်ကြပါလေ။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသဓမ္မေ အဝိနီတော။ ပ။ ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ ဒိဋ္ဌံ မညတိ၊ ဒိဋ္ဌသ္မိံ မညတိ၊ ဒိဋ္ဌတော မညတိ၊ ဒိဋ္ဌံ မေတိ မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ။ တံ ကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။ ။

(မူလပဏ္ဏာသ-မူလပရိယာယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌။ အဿုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇနော၊ ယောဂီမတွင် ပုထုဇဉ်သည်။ အရိယာနံ၊ အရိယာတို့၏။ အဒဿာဝီ၊ ဝိပဿနာမှု ရုပ်နာမ်ကို ရှုလေ့မရှိသည် ဖြစ်၍။ အရိယဓမ္မဿ၊ အရိယာတို့၏ ဝိပဿနာ အကျင့် တရား၌။ အကောဝိဒေါ၊ လိမ္မာသော ဉာဏ်မရှိသည်ဖြစ်၍။ အရိယ ဓမ္မေ၊ အရိယာတို့၏ ဝိပဿနာ အကျင့်တရားဖြင့်။ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သောဉာဏ် မရှိသည်ဖြစ်၍။ သပ္ပုရိသာနံ၊ ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏။ အဒဿာဝီ၊ ဝိပဿနာမှု ရုပ်နာမ်ကိုရှုလေ့မရှိသည် ဖြစ်၍။ သပ္ပုရိသဓမ္မဿ၊ ကိလေသာငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာ အကျင့် တရား၌။ အကောဝိဒေါ၊ လိမ္မာသော ဉာဏ်မရှိသည် ဖြစ်၍။ သပ္ပုရိသဓမ္မေ၊ ကိလေသာ ငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာအကျင့်တရားဖြင့်။ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သော ဉာဏ်မရှိသည်ဖြစ်၍။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ဒိဋ္ဌတော၊ မြင်ခြင်းဟု။ သဉ္ဇာနာတိ၊ အထင်ဖြင့် မှတ်၏။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ဒိဋ္ဌတော၊ မြင်ခြင်းဟု။ သညတွာ၊ အထင်ဖြင့်မှတ်၍။ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ ဒိဋ္ဌသ္မိံ၊ မြင်ခြင်း၌။ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို။ မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဒိဋ္ဌတော၊ မြင်ခြင်းမှ၊ ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို။ မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဒိဋ္ဌံ မြင်ခြင်းကို။ မညတိ၊ ထင်မှတ်၏။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ၊ ထိုယောဂီမတွင် ပုထုဇဉ်အား။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

ဤကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကိုမြင်ရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ခြင်းမရှိသေးသော၊ ပကတိပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော။ပ။ သုတံ သုတတော သဉ္ဇာနာတိ၊ သုတံ သုတတော သညတွာ သုတံ မညတိ၊ သု

တသ္မိံမညတိ၊ သုတတော မတိ မညတိ၊သုတံ မေတိ မညတိ၊ သုတံအဘိနန္ဒတိ။ တံကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။ ။မူလပရိယာယသုတ်။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ဤငါဘုရား သာသနာတော်မြတ်၌။အသုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ ယောဂီမတွင် ပုထုဇဉ်သည်။ ။ပ။ သုတံ၊ ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟူ။ သဥ္ဇာနာတိ၊ အထင်ဖြင့်မှတ်၏။ သုတံ၊ ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟူ။ သညတွာ၊ အထင်ဖြင့်မှတ်၍။ သုတံ၊ ကြားခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံမညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ သုတသ္မိံ၊ ကြားခြင်း၌။ သုတံ၊တစိတ်ကြားခြင်းကို။ မေတိ၊ တစိတ်ကြားခြင်းက ငါ့, ငါ့ဥစ္စာဟု။ မညတိ၊ထင်မှတ်၏။ သုတတော၊ ကြားခြင်းမှ။ သုတံ၊ တစိတ်ကြားခြင်းကို။ မေတိ၊ တစိတ်ကြားခြင်းက ငါ့,ငါ့ဥစ္စာဟု။ မညတိ၊ထင်မှတ်၏။ ဣတိ ဝေံ၊ဤသို့။သုတံ၊ကြားခြင်းကို။ မညတိ၊ထင်မှတ်၏။ သုတံ၊ကြားခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊အဘယ်အကြောင်းကြောင့်။အဘိနန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ ထိုယောဂီမတွင် ပုထုဇဉ်အား။ သုတံ၊ကြားခြင်းကို။ အ ပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဝေံ၊ဤသို့။ ဝဒါမိ၊ငါဘုရားဟောကြားတော်မူ၏။

ဤကား၊ နားဖြင့် အသံအမျိုးမျိုးကိုကြားရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ခြင်း မရှိသေးသော၊ ပကတိ ပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ပ။ မုတံ မုတတော သဥ္ဇာနာတိ၊ မုတံ မုတတော သညတွာ မုတံ မညတိ၊ မုတသ္မိံ မညတိ၊ မုတတော မညတိ၊ မုတံ မေတိ မညတိ၊ မုတံ အဘိနန္ဒတိ။တံ ကိဿဟေတု အပရိညာတံ တဿာတိ ဝဒါမိ။

(မူလပရိယာယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌။ အသုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ ယောဂီမတွင် ပုထုဇဉ်သည်။

။ပ။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု။ သဥ္စာနာတိ၊ အထင်ဖြင့်မှတ်၏။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို။ မုတတော၊ နံသော,စားသော, ထိသော တွေ့ခြင်းဟု။ သညတွာ၊ အထင်ဖြင့်မှတ်၍။ မုတံ၊ နံသော, စားသော,ထိသော တွေ့ခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ မုတသ္မိံ၊ နံသော,စားသော,ထိသော တွေ့ခြင်း၌။ မုတံ၊ နံသော, စားသော, ထိသော တစိတ် တွေ့ခြင်းကို။ မေတိ၊ နံသော, စားသော,ထိသော တစိတ် တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းမှ။ မုတံ၊ နံသော, စားသော,ထိသော တစိတ်တွေ့ခြင်းကို။ မေတိ၊ နံသော, စားသော, ထိသော တစိတ်တွေ့ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဍတိ ဇေ၀၊ ဤသို့။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို။ မညတိ၊ ထင်မှတ်၏။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ၊ ထိုယောဂီမတွင် ပုထုဇဉ်အား။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို။ အ ပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်၏။ ဍတိ ဇေ၀၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောကြားတော်မူ၏။

ဤကား၊ နှာခေါင်း, လျှာ,ကိုယ် တို့ဖြင့်၊ အနံ့, အရသာ, အတွေ့ အမျိုးမျိုးကိုတွေ့ရာ၌၊ ဝိပဿနာကို အားထုတ်ခြင်း မရှိသေးသော၊ပကတိ ပုထုဇဉ်တို့၏ အထင် အမှတ် ဖြစ်သော၊ အလေ့ သဘောကို ပြဆိုခြင်း ပေတည်း။

ဍုမ ဘိက္ခဝေ အသုတဝါ ပုထုဇနော။ပ။ ဝိညာတံ ဝိညာတတော သဥ္စာနာတိ၊ ဝိညာတံ ဝိညာတတော သညတွာ ဝိညာတံ မညတိ၊ ဝိညာတသ္မိံ မညတိ၊ ဝိညာတတော မညတိ၊ ဝိညာတံ မေတိ မညတိ၊ ဝိညာတံ အဘိနန္ဒတိ။ တံ ကိဿဟေတု အ ပရိညာတံ တဿာတိ ဝဒါမိ။ ။

(မူလပရိယာယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဍုမ၊ ဤငါဘုရား သာသနာတော်မြတ်၌။ အသုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇနော၊ ယောဂီမတွင် ပုထုဇဉ်

သည်၊ပ။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟု။ သဥ္ဇာနာတိ၊ အထင်ဖြင့်မှတ်၏။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟု။ သညာ တ္တာ၊ အထင်ဖြင့် မှတ်၍။ ဝိညာတံ၊ သိခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ ဝိညာတသ္မိံ၊ သိခြင်း၌။ ဝိညာတံ၊ တစိတ်သိခြင်းကို။ မေတိ၊ တစိတ်သိခြင်းက ငါ,ငါ့ဥစ္စာဟု။ မညတိ၊ ထင် မှတ်၏။ ဝိညာတတော၊ သိခြင်းမှ။ ဝိညာတံ၊ တစိတ်သိခြင်းကို။ မေတိ၊ တစိတ်သိခြင်းက ငါ,ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဣတိ ပေ၊ ဤသို့။ ဝိညာတံ၊ သိခြင်းကို။ မညတိ၊ ထင်မှတ်၏။ ဝိညာတံ၊ သိခြင်းကို။ အဘိ နန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ အဘိ နန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ ထိုယောဂီမတွင် ပုထုဇဉ်အား။ ဝိညာတံ၊ သိခြင်းကို။ အ ပရိညာတံ၊ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြား အပ်။ တေန ဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ် သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိ ဝေ၊ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ စိတ်ဖြင့် သဘောအမျိုးမျိုးကိုသိရာ၌၊ ဝိပဿနာ အလုပ် ကို အားထုတ်ခြင်း မရှိသေးသော၊ ပကတိ ပုထုဇဉ်တို့၏ အထင်အမှတ် ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယခု ပြဆိုခဲ့သော ဒေသနာအစဉ်များသည်ကား၊ တရားကို အား မထုတ်မို ယောဂီမတွင်သေးသော ပုထုဇဉ်တို့၏ အစွမ်းအားဖြင့်၊ ပဌမ နည်းဖြစ်ရာ အပိုင်း အခြားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားများ ဖြစ်၏။ ဒေသနာတော်လာ အစဉ်မှီး၍ အဓိပ္ပါယ်ညာဏ်ကြီးကြပါလေ။

## ဝိပဿနာကို အားထုတ်သောသူ သေက္ခမည်ပုံ

ဝိပဿနာ အလုပ်ကို အားထုတ်သော သူသည် သေက္ခ မည်၏။ သေက္ခပုဂ္ဂိုလ်သည် အရိယာတို့၏နည်း အသိအမှတ်ဖြင့်သာမှတ်၏။ အသိ အမှတ်ဖြင့်သာ မှတ်ခြင်းကြောင့်၊ နန္ဒီမည်သော သံယောဇဉ် နှောင်ကြိုး မပွဲမချည် ပြေ၏။ ပြေခြင်းကြောင့်၊နာမ်ရုပ်နှင့် ကိလေသာ တကွဲတပြား အပိုင်းအခြားဖြစ်၏။ထိုကြောင့် မြင် မြင်တယ်,ကြား ကြားတယ်,နံ နံတယ်, စား စားတယ်, ထိ ထိတယ်, သိ သိတယ်–ဟု အရိယာတို့၏နည်း အသိ

အမှတ်ကို၊ အရင်းအမြစ် မူလဖြစ်သော ပါဠိတော်သာဓကကို ပြသဖြင့်၊ ယုံကြည်စွာ သိမှတ်ကြပါလေ။

ယောဝိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောဝိ ။ပ။ ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော အဘိညာယ ဒိဋ္ဌံ မာမညိ၊ ဒိဋ္ဌသ္မိံ မာမညိ၊ ဒိဋ္ဌတော မာမညိ၊ ဒိဋ္ဌံ မေတိ မာမညိ၊ ဒိဋ္ဌံ မာဘိနန္ဒိ။ တံကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။ ။မူလပရိယာယသုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ယောဂီအစစ် ရဟန်းဖြစ်သော။ ယောဝိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြင်သေက္ခသည်လည်း။ အနုတ္တရံ၊လောကုတ္တရာသို့။ အ ပတ္တမာနသော၊မရောက်ဘူးသောပုထုဇဉ်စိတ်ရှိသည်ဖြစ်၍၊ ယောဂက္ခေမံ၊ နိဗ္ဗာန်ကို။ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍။ဝိဟရတိ၊နေ၏။ သောဝိ သေခေါ၊ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ဒိဋ္ဌံ၊ မြင်ခြင်းကို။ ဒိဋ္ဌတော၊မြင်ခြင်းဟူ။အဘိဇာနာတိ၊အမှတ်ဖြင့်သိ၏။ဒိဋ္ဌံ၊မြင်ခြင်းကို။ဒိဋ္ဌံ၊မြင်ခြင်းဟူ။အဘိညာယ၊အမှတ်ဖြင့်သိ၍။ ဒိဋ္ဌံ၊မြင်ခြင်းကို။မာမညိ၊ မထင်မှတ်။ကိံ မာမညိ၊ အဘယ်သို့ မထင်မှတ်သနည်း။ဒိဋ္ဌသ္မိံ၊ မြင်ခြင်း၌၊ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို။ မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဒိဋ္ဌတော၊ မြင်ခြင်းမှ။ဒိဋ္ဌံ၊ တစိတ်မြင်ခြင်းကို။မေတိ၊ တစိတ်မြင်ခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိ ဧငံ၊ ဤသို့၊ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မာမညိ၊ မထင်မှတ်။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မာဘိနန္ဒိ၊ မနှစ်သက်။ တံ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ မာဘိနန္ဒိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခအား။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ မာဘိနန္ဒိ၊ မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကိုမြင်ရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲ ဖြစ်ကြသော၊သေက္ခ ယောဂီတို့၏ အသိအမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယောဝိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော
အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သော။ ပ ။
သုတံ သုဘတော အဘိဇာနာတိ၊ သုတံ သုတတော အဘိ
ညာယ သုတံ မာမညိ၊ သုတသ္မိံ မာမညိ၊သုတတော မာမညိ၊
သုတံ မေတိ မာမညိ၊ သုတံ မာဘိနန္ဒတိ။ တံကိဿဟေတု၊
ပရိညေယျံ တဿာတိ ဝဒါမိ။ ။မူလပရိယာယသုတ်။

ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခု၊ယောဂီအစစ် ရဟန်းဖြစ်သော။ ယောဝိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြင်သေက္ခသည်လည်း။ အနုတ္တရံ၊လောကုတ္တရာသို့။ အ ပတ္တခါနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ် ရှိသည်ဖြစ်၍။ ယောဂခေက္ခမံ၊ နိဗ္ဗာန်ကို။ ပတ္ထယခါနော၊ တောင့်တသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ သောဝိ သေခေါ၊ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ပ။ သုတံ၊ ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟု။ အဘိဇာနာတိ၊အမှတ်ဖြင့်သိ၏။ သုတံ၊ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟု။ အဘိညာယ၊အမှတ်ဖြင့်သိ၍။ သုတံ၊ ကြားခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံ ခါမညိ၊ အဘယ်ကဲ့သို့ မထင်မှတ်သနည်း။ သုတသ္မိံ၊ကြားခြင်း၌။ သုဘံ၊ တစိတ်ကြားခြင်းကို။ မေတိ၊ တစိတ်ကြားခြင်းက ငါ့, ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ သုတတော၊ ကြားခြင်းမှ။ သုတံ၊ တစိတ်ကြားခြင်းကို။ မေတိ၊ တစိတ်ကြားခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့။ သုတံ၊ ကြားခြင်းကို။ မာမညိ၊ မထင်မှတ်။ သုတံ၊ ကြားခြင်းဘို။ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက် သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခအား။ သုတံ၊ ကြားခြင်းကို။ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေန ဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲဖြစ်ကြသော၊ သေက္ခပုဂ္ဂိုလ်တို့၏ အသိအမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယောဝိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော
အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောဝိ။ပ။

မုတံ မုတတော အဘိဇာနာတိ၊ မုတံ မုတတော အဘိညာ ယ မုတံ မာမညိ၊ မုတသ္မိံ မာမညိ၊ မုတတော မာမညိ၊ မုတံ မေတိ မာမညိ၊ မုတံ မာဘိနန္ဒိ။ တံကိဿဟေတု၊ ပရိ ညေယျံ တဿာတိ ဝဒါမိ။ ။မူလပရိယာယသုတ်။

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သော။ ယောပိ သော သေခေါ၊ သည် လည်း။ အနုတ္တရံ၊ သို့။ အပတ္တမာနသော၊ ၍။ ယောဂက္ခေမံ၊ ကို။ ပတ္ထယ မာနော၊ ၍။ ဝိဟရတိ၊ ၏။ သောပိ သေခေါ၊ သည်လည်း။ ပ။ မုတံ၊ နံ သော, စားသော, ထိသော တွေ့ခြင်းကို။ မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု။ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။မုတတော၊ နံသော, စားသော, ထိသော တွေ့ခြင်းဟု။ အဘိညာယ၊ အမှတ်ဖြင့်သိ၍။ မုတံ၊ နံသော, စားသော, ထိ သော တွေ့ခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊ အဘယ်သို့ မထင် မှတ်သနည်း။ မုတသ္မိံ၊ နံသော, စားသော, ထိသော တွေ့ခြင်း၌။ မုတံ၊ နံသော,စားသော,ထိသော တစိတ်တွေ့ခြင်းကို။မေတိ၊နံသော,စားသော, ထိသော တစိတ် တွေ့ခြင်းက ငါ,ငါ့ဉစ္စာဟု။ မာမညိ၊ မထင်မှတ်။ မုတ တော၊ နံသော,စားသော,ထိသော တွေ့ခြင်းမှ။ မုတံ၊ နံသော,စားသော, ထိသော တစိတ်တွေ့ခြင်းကို။ မေတိ၊ နံသော,စားသော,ထိသော တစိတ် တွေ့ခြင်းက ငါ,ငါ့ဉစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့။ မုတံ၊ နံသော,စားသော, ထိသော တွေ့ခြင်းကို။ မာမညိ၊ မထင်မှတ်။ မုတံ၊ နံ သော,စားသော,ထိသော တွေ့ခြင်းကို။ မာဘိနန္ဒိ၊ မနှစ်သက်။ တံကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်။ မာဘိနန္ဒိ၊ မနှစ်သက် သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခအား။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။ ပရိညေယျံ၊ ကိလေသာ နှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေန ဟေတု၊ ကိလေသာနှင့် မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ မာဘိ နန္ဒိ၊ မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြား တော်မူ၏။

ဤကား၊ နှာခေါင်း,လျှာ, ကိုယ် တို့ဖြင့်၊ အနံ့, အရသာ, အတွေ့ အမျိုးမျိုးတို့ကို တွေ့ရှိရာ၌၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ ဖြစ်ကြ သော၊ သေက္ခပုဂ္ဂိုလ်တို့၏ အသိအမှတ်ဖြစ်သော အလေ့သဘောကို ပြဆို ခြင်းပေတည်း။

ယောဝိ ဒေသာ ဘိက္ခဝေ ဘိက္ခု ဒေသခေါ် အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောဝိ ။ပ။ ဝိညာတံ ဝိညာတတော အဘိဇာနာတိ၊ ဝိညာတံ ဝိညာတတော အဘိညာယ ဝိညာတံ မာမညိ၊ ဝိညာတသ္မိံ မာမညိ၊ ဝိညာတတော မာမညိ၊ ဝိညာတံ မေတိ မာမညိ၊ ဝိညာတံ မာဘိနန္ဒတိ။ တံကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။

(မူလပရိယာယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ယောဂီအစစ် ရဟန်းဖြစ်သော။ ယောဝိ သော သေခေါ်၊ ပုထုဇဉ်မည်ရ အကြင် သေက္ခသည်လည်း။ အနုတ္တရံ၊ လောကုတ္တရာသို့။ အပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ်ရှိသည်ဖြစ်၍။ ယောဂက္ခေမံ၊ နိဗ္ဗာန်ကို။ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သောဝိ သေခေါ်၊ ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ပ။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟု။ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟု။ အဘိညာယ၊ အမှတ်ဖြင့်သိ၍။ ဝိညာတံ၊ သိခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊ အဘယ်သို့ မထင်မှတ်သနည်း။ ဝိညာတသ္မိံ၊ သိခြင်း၌။ ဝိညာတံ၊ တစိတ်သိခြင်းကို။ မေတိ၊ တစိတ်သိခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဝိညာတတော၊ သိခြင်းမှ။ ဝိညာတံ၊ တစိတ်သိခြင်းကို။ မေတိ၊ တစိတ်သိခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိ ဧဝံ၊ ဤသို့။ ဝိညာတံ၊ သိခြင်းကို။ မာမညိ၊ မထင်မှတ်။ ဝိညာတံ၊ သိခြင်းကို။ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်မည်ရ ထိုသေက္ခအား။ ပရိညေယျံ၊ ကိလေသာနှင့် မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့် မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်။ ဣတိ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ စိတ်ဖြင့် သဘောအမျိုးမျိုးကိုသိရာ၌၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲဖြစ်ကြသော၊ သေက္ခယောဂီတို့၏ အသိအမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယခု ပြဆိုခဲ့သော ဒေသနာအစဉ်များသည်ကား၊ အားထုတ်ဆဲ တရား၌တည် ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ ပုထုဇဉ်အမည်ရသော သေက္ခ၏အစွမ်းအားဖြင့်၊ ဒုတိယနည်းဖြစ်ရာ အပိုင်းအခြားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားများ ဖြစ်၏။ ဒေသနာတော်လာ အစဉ်မှီး၍ အဓိပ္ပါယ်ညှက်ကြီးကြပါလေ။

---

## ကမ္မဒွါရ, ဝိညတ္တိဒွါရ ၂-ပါးကို ပြခြင်း

ဒွါရသည်၊ ကမ္မဒွါရ, ဝိညတ္တိဒွါရ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ကမ္မဒွါရသည်လည်း၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ ကာယကံကို ဖြစ်စေတတ်သော ကိုယ်အမူအရာသည်၊ ကာယဒွါရ မည်၏။ ဝစီကံကို ဖြစ်စေတတ်သော နှုတ်အမူအရာသည်၊ ဝစီဒွါရမည်၏။ မနောကံကို ဖြစ်တတ်သော စိတ်အမူအရာသည်၊ မနောဒွါရမည်၏။

ဝိညတ္တိဒွါရသည်လည်း၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရအားဖြင့် ၆-ပါးအပြား ရှိ၏။ ထို ၆-ပါးတို့တွင်၊ စက္ခုဒွါရ,သောတဒွါရ,ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ၊ ဤ ၅-ပါးသော ပဉ္စဒွါရသည်၊ ကာယကံ, ဝစီကံ ၂-ပါးကို မဖြစ်စေတတ်၊ မနောကံ တပါးကိုသာ ဖြစ်စေတတ်သောကြောင့်မနောဒွါရမည်၏။ ကိုယ်ဖြင့် မကောင်းသော အကျင့်၊ မကောင်းသော အလေ့အလာ ဒုဿီလ-မိစ္ဆာဇီဝသည်၊ ကာယဒွါရမှာဖြစ်၏။ နှုတ်ဖြင့် မကောင်းသော အကျင့်၊ မကောင်းသော အလေ့အလာ ဒုဿီလ - မိစ္ဆာဇီဝသည်၊ ဝစီဒွါရမှာ ဖြစ်၏။ စိတ်ဖြင့်မကောင်းသော အကျင့်၊ မကောင်းသော အလေ့အလာ ဒုဿီလ-အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိသည်၊ မနောဒွါရမှာဖြစ်၏။

ကိုယ်ဖြင့် ကောင်းသောအကျင့်၊ ကောင်းသော အလေ့အလာ သီလ-သမ္မာအာဇီဝသည်၊ ကာယဒွါရမှာ ဖြစ်၏။ နှုတ်ဖြင့် ကောင်းသော အကျင့်၊ ကောင်းသော အလေ့အလာ သီလ-သမ္မာအာဇီဝသည်၊ ဝစီဒွါရမှာဖြစ်၏။ စိတ်ဖြင့် ကောင်းသောအကျင့်၊ ကောင်းသော အလေ့အလာ သီလ-အနဘိဇ္ဈာ,အဗျာပါဒ,သမ္မာဒိဋ္ဌိသည်၊မနောဒွါရမှာဖြစ်၏။

မြင်သောခဏ စက္ခုခြေကို၊ ကြားသောခဏ သောတိခြေကို၊ နံသောခဏ ဃာနိခြေကို၊ စားသောခဏ ဇိဝှိခြေကို၊ ထိသောခဏ ကာယိခြေကို၊

သိသောခဏ မနိန္ဒြေကို၊ မစောင့်ရှောက်သော ဒုဿီလ,မေ့လျော့သော မုဋ္ဌသတိ,မသိသော အညာဏ,သည်းမခံသော အက္ခန္တိ,အားမထုတ်သော ကောသဇ္ဇ ဤ ၅-ပါးသည်၊ မနေ့ာဒွါရမှာ ဖြစ်၏။

မြင်သောခဏ စက္ခုန္ဒြေကို၊ ကြားသောခဏ သောတိန္ဒြေကို၊ နံသောခဏ ဃာနိန္ဒြေကို၊ စားသောခဏ ဇိဝှိန္ဒြေကို၊ ထိသောခဏ ကာယိန္ဒြေကို၊ သိသောခဏ မနိန္ဒြေကို၊ စောင့်ရှောက်သော သီလ,မမေ့လျော့သော သတိ,သိသော ဉာဏ,သည်းခံသော ခန္တိ, အားထုတ်သော ဝီရိယ ဤ ၅-ပါးသည်၊ မနေ့ာဒွါရမှာ ဖြစ်၏။

ပစ္စည်း ၄-ပါးကို၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ သတိ သမ္ပဇဉ်ကင်း မဆင်ခြင်ခြင်း ဒုဿီလသည်၊ မနေ့ာဒွါရမှာ ဖြစ်၏။ ပစ္စည်း ၄-ပါးကို၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ သတိသမ္ပဇဉ် ဆင်ခြင်သော သီလသည်၊ မနေ့ာဒွါရမှာဖြစ်၏။

မျက်စိဖြင့် အဆင်းကို၊ မြင်သောခဏ ဇောကာလမှာ၊ ဝိပဿနာကို အားမထုတ်သောသူတို့၏ အသင်ဖြင့်သာ မှတ်၍၊ စက္ခုန္ဒြေကို မစောင့်ရှောက်သော ဒုဿီလ,မေ့လျော့သော မုဋ္ဌသတိ, မသိသော အညာဏ, သည်းမခံသော အက္ခန္တိ, အားမထုတ်သော ကောသဇ္ဇ၊ ဤတရား ၅-ပါး ဖြစ်သည်ရှိသော်၊ စက္ခုန္ဒြေကို မစောင့်ရှောက်သည် မည်၏။ ဒွါရတံခါး မလုံခြုံ၊ ဘဝင်စိတ် ဝီထိစိတ် မလုံခြုံ၊ လောဘ,ဒေါသ,မောဟ-တည်းဟူသော ခိုးသူဝင်၍၊ ကုသိုလ်တည်းဟူသော ဥစ္စာထုပ်ကို လုယူသည်မည်၏။ သဘော အားဖြင့် ဖြူစင်သန့်ရှင်းကြည်လင်သော၊ အာဝါသိက ဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း၊ ဧည့်သည်အာဂန္တုကဖြစ်သော၊ လောဘ, ဒေါသ, မောဟ – ကိလေသာ အညစ်အကြေးဖြင့်၊ ညစ်ညူးလူးလဲပေရေ လိမ်းကျံနေသည်မည်၏။

> ဇဝနက္ခဏေ ပန သစေ ဒုဿီလျံဝါ မုဋ္ဌသစ္စံဝါ အညာဏံဝါ အက္ခန္တိဝါ ကောသဇ္ဇံဝါ ဥပ္ပဇ္ဇတိ၊ အသံဝရော ဟောတိ။ ဧဝံ ဟောန္တော ပန သော စက္ခုန္ဒြိယေ အသံဝရောတိ ဝုစ္စတိ။ ကသ္မာ။ ယသ္မာ တသ္မိံ သတိ ဒွါရံပိ အဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ။ ။ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊

ဇဝနက္ခဏေ ပန၊ ဇောခဏ၌ကား။ ဒုဿီလျံဝါ၊ သီလမရှိသည်၏ အဖြစ်သည်၎င်း။ မုဋ္ဌသစ္စံဝါ၊ မေ့လျော့သော သတိရှိသည်၏ အဖြစ်သည်

ရင်း။ အညာဏံဝါ၊ မသိခြင်းသည်ရင်း။ အက္ခန္တိဝါ၊ သည်းမခံခြင်းသည်ရင်း။ ကောသဇ္ဇံဝါ၊ ပျင်းရိသောသူ၏ အဖြစ်သည်ရင်း။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ ဖြစ်အံ့။ အ သံဝရော၊ မစောင့်ရှောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ ဟောန္တော၊ ဤသို့ဖြစ်သော။ သော၊ ထိုသူ့ကို။ စက္ခုန္ဒြိယေ အသံဝရောတိ၊ စက္ခုန္ဒြေကို မစောင့်ရှောက်သောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယသ္မာ၊ အကြင့်ကြောင့်။ တသ္မိံ၊ ထိုမစောင့်ရှောက်ခြင်းသည်။ သတိ၊ ရှိသော်။ ဒွါရံပိ၊ ဒွါရ တံခါးသည်လည်း။ အဂုတ္တံ၊ မလုံသည်။ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်စိတ်သည်ရင်း။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်း အစရှိကုန်သော။ ဝိထိစိတ္တာနိပိ၊ ဝိထိစိတ်တို့သည်ရင်း။ အဂုတ္တာနိ၊ မလုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ ။ဧကင်္ဂုတ္တရ ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ကြည်လင်သန့်ရှင်း ဖြူစင်ခြင်းဖြင့်၊ လင်းတလက်လက် ထွက်သောအရောင်၊ တပြောင်ပြောင် တောက်ပ၏။ တဉ္စခေါ စိတ္တံ၊ ထိုစိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဧည့်သည်အာဂန္တု ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ကိလေသာ အညစ်အကြေးတို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ရောင်ဆင်းမမြူး ညစ်ညှုးလူးလဲ၏။

နားဖြင့် အသံကို ကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့် အရသာကို စားသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ စိတ်ဖြင့် သဘောကို သိသောခဏ၊ ဇောကာလမှာ ဝိပဿနာကို အားထုတ်သောသူတို့၏ အထင်အမှတ်ဖြင့်သာ မှတ်၍၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို မစောင့်ရှောက်သော ဒုဿီလ, မေ့လျော့သော မုဋ္ဌသတိ, မသိသော အညာဏ, သည်းမခံသော အက္ခန္တိ, အားမထုတ်သော ကောသဇ္ဇ၊ ဤတရား ၅-ပါး ဖြစ်သည်ရှိသော်၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို မစောင့်ရှောက်သည် မည်၏။

ဒွါရတံခါး မလုံခြို၊ ဘဝင်စိတ် ဝိထိစိတ် မလုံခြို၊ လောဘ, ဒေါသ, မောဟ—တည်းဟူသော ခိုးသူသည်ဝင်၍၊ ကုသိုလ်တည်းဟူသော ဥစ္စာကို လုယူသည်မည်၏။ သဘောအားဖြင့် ဖြူစင်ကြည်လင် သန့်ရှင်းသော၊ အာဝါသိကဖြစ်သော ဘဝင်စိတ် ဝိထိစိတ်သည်လည်း၊ ဧည့်သည်အာဂန္တုက

ဖြစ်သော၊ လောဘ, ဒေါသ, မောဟ – ကိလေသာ အညစ်အကြေးဖြင့်၊ ညစ်ညျုးလူးလဲ၏။ ။သာဒကေ ပါဠိ အဋ္ဌကထာ နည်းတူ။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ၊ ဝိပဿနာကို အားထုတ်သောသူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍၊ စက္ခုန္ဒြေကို စောင့်ရှောက်သော သီလ, မမေ့ မလျော့သော သတိ,သိသော ဉာဏ, သည်းခံသော ခန္တိ, အားထုတ်သော ဝီရိယ၊ ဤတရား ၅-ပါး ဖြစ်သည်ရှိသော်၊ စက္ခုန္ဒြေကို စောင့်ရှောက်သည် မည်၏။ ဒွါရတံခါး လုံခြုံသည် မည်၏။ ဘဝင်စိတ် ဝီထိစိတ် လုံခြုံသည်မည်၏။ လောဘ, ဒေါသ, မောဟ-တည်း ဟူသော သူခိုးမဝင်နိုင်၊ ကုသိုလ်တည်းဟူသော ဥစ္စာထုပ်ကို လုမယူသည် မည်၏။သဘောအားဖြင့် ဖြူစင်ကြည်လင် သန့်ရှင်းသော၊အာဝဇ္ဇိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ်သည်လည်း၊ ညွှန်သည်အာဂန္တုက ဖြစ်သော၊ လောဘ, ဒေါသ, မောဟ– ကိလေသာ အညစ်အကြေးဖြင့်၊ မညစ်ညျုး မလူးလဲ မပေရေ မလိမ်းကျံသည်မည်၏။

ဇဝနေ သီလာဒီသု ဥပ္ပန္နေသု ဒွါရံပိ ဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ။ တသ္မာ ဇဝနက္ခဏေ ဥပ္ပဇ္ဇမာနောပိ စက္ခုန္ဒြိယေ သံဝရောတိ ဝုတ္တော။ သောတေန သဒ္ဒံ သုတွာတိ အာဒီသုပိ ဧသေဝနယော။ ဧဝမိဒံ သင်္ခေပတော ရူပါဒီသု ကိလေသာနုဗန္ဓ နိမိတ္တာဒိဂ္ဂါဟ ပရိဝဇ္ဇန လက္ခဏံ ဣန္ဒြိယသံဝရသီလန္တိ ဝေဒိတဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဇဝနေ၊ ဇော၌။သီလာဒီသု၊ သီလ,သတိ,ဉာဏ,ခန္တိ,ဝီရိယ ၅-ပါး တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ ဒွါရံပိ၊ ဒွါရသည်လည်း။ ဂုတ္တံ၊ လုံခြုံသည်။ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်သည်၎င်း။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်း အစရှိကုန်သော။ ဝီထိစိတ္တာနိပိ၊ ဝီထိစိတ်တို့သည်၎င်း။ ဂုတ္တာနိ၊ လုံခြုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဇဝနက္ခဏေ၊ ဇောခဏ၌။ ဥပ္ပဇ္ဇမာနောပိ သံဝရော၊ ဖြစ်သော စောင့်ရှောက်ခြင်းကို လည်း။ စက္ခုန္ဒြိယေ သံဝရောတိ၊ စက္ခုန္ဒြေကို စောင့်ရှောက်၏ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ သောတေန၊ နားဖြင့်။ သဒ္ဒံ အသံကို။ သုတွာ၊ကြား၍။ ဣတိ အာဒီသုပိ၊ဤသို့ အစရှိသည်တို့၌လည်း။ဧသေဝနယော၊ဤနည်းလျှင် နည်းရှိသလျှင်ကတည်း။ ဧဝံ၊ဤသို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ရူပါဒီသု၊ အဆင်း အစရှိသည်တို့၌။ ကိလေသာနုဗန္ဓ နိမိတ္တာဒိဂ္ဂါဟ ပရိဝဇ္ဇန

လက္ခဏာ၊ ကိလေသာအစဉ်တစိုက် မပြတ်လိုက်သော၊ မိန်းမ,ယောကျ်ား, ခြေလက်အင်္ဂါ, မျက်နှာရင်ဝမ်း, နှုတ်ခမ်းသွားမေး,ယဉ်ကျေးအစ၊ လှုပ တင့်တယ်, ပြုံးရယ်ခြင်း, ပြောဆိုခြင်း, တူရူတစောင်းကြည့်ခြင်းစသော၊ အထင်အမှတ်ဖြင့်၊ ဖေါက်ပြန် မှားယွင်းသော အယူမှ ရှောင်ကြဉ်သော လက္ခဏာရှိသော။ ဣဒံသီလံ၊ မြင် မြင်တယ် အမှတ်ဖြင့်သိသော ဤအလေ့ကို။ ဣန္ဒြိယသံဝရသီလန္တိ၊ ဣန္ဒြေကို စောင့်ရှောက်သော အလေ့ ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နားဖြင့် အသံကိုကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသော ခဏ၊ လျှာဖြင့် အရသာကို စားသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသော ခဏ၊ စိတ်ဖြင့် သဘောကို သိသောခဏ၊ ဇောကာလမှာ၊ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို၊ စောင့်ရှောက်သော သီလ, မမေ့ မလျော့သော သတိ,သိသော ဉာဏ,သည်းခံသော ခန္တီ,အားထုတ်သော ဝိရိယ၊ ဤတရား ၅-ပါးဖြစ်သည်ရှိသော်၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို စောင့်ရှောက်သည် မည်၏။ ဒွါရတံခါး လုံခြုံသည်မည်၏။ ဘဝင်စိတ် ဝီထိစိတ် လုံခြုံသည် မည်၏။ လောဘ, ဒေါသ, မောဟ–တည်းဟူသော သူခိုးမဝင်နိုင်၊ကုသိုလ်တည်းဟူသော ဥစ္စာထုပ်ကို လုမယူသည်မည်၏။သဘောအားဖြင့် ဖြူစင်ကြည်လင် သန့်ရှင်းသော၊အာဝါသိကဖြစ်သော ဘဝင်စိတ် ဝီထိစိတ် သည်လည်း၊ ညွှဲသည် အာဂန္တုက ဖြစ်သော လောဘ, ဒေါသ, မောဟ– ကိလေသာ အညစ် အကြေးဖြင့်၊ မညစ်ညူး မလူးလဲ။ ။သာဓကပါဠိ အဋ္ဌကထာ နည်းတူ၊

---

## မှတ်နေတာ ရုပ်ကိုသာ ပိုင်းခြားသေး၏

ကံသည်၊ စေတနာကံ,စေတသိက်ကံ အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ စေတနာကံသည်၊ ကာယကံ ၃-ပါး, ဝစီကံ၄-ပါး အားဖြင့် ၇-ပါး အပြား ရှိ၏။ စေတသိက်ကံသည်၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိအားဖြင့် ၃-ပါးအပြားရှိ၏။

ဝိရတီသည်၊ သမ္မာဝါစာဝိရတိ, သမ္မာကမ္မန္တဝိရတိ, သမ္မာအာဇီဝဝိရတီအားဖြင့် ၃-ပါး အပြားရှိ၏။ ထိုသုံးပါး တို့တွင်၊ ကာယကံ ၃-ပါး, ဝစီကံ

၄-ပါးအားဖြင့် ၇-ပါးသော စေတနာကံ၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ အားဖြင့် ၃-ပါးသော စေတသိက်ကံ၊ ၂-ပါးစုံကို တပေါင်းတည်း မဂ်ဖြင့် ပယ်ဖြတ်ခြင်းသည်၊ သမုစ္ဆေဒဝိရတီမည်၏။

ကာယကံ ၃-ပါး,ဝစီကံ ၄-ပါးအားဖြင့် ၇-ပါးသော စေတနာကံကို၊ ၅-ပါးသီလ, ၁၀-ပါးသီလ, ပါတိမောက္ခ သံဝရသီလအားဖြင့် ပယ်ခြင်းသည်၊ သမာဒါနဝိရတီမည်၏။ အဘိဇ္ဈာ, ဗျာပါဒ,မိစ္ဆာဒိဋ္ဌိအားဖြင့် ၃-ပါးသော စေတသိက်ကံကို၊ ဣန္ဒြိယသံဝရသီလ, ပဟာနသီလ, ဝိပဿနာသီလဖြင့် ပယ်ခြင်းသည်၊ သမ္ပတ္တဝိရတီမည်၏။

အဘိဇ္ဈာသည်၊ နှစ်သက်သော ဣဋ္ဌလက္ခဏာအားဖြင့် – လောဘ မည်၏။ ဗျာပါဒသည်၊မနှစ်သက်သော လက္ခဏာအားဖြင့်–ဒေါသမည်၏။ မိစ္ဆာဒိဋ္ဌိသည်၊ မညီမညွတ်ရှိသော အသမပေက္ခန လက္ခဏာအားဖြင့် – မောဟမည်၏။

မကောင်းသော အကြံကိုကြံသော ဗာလလက္ခဏာ၊ မကောင်းသော အပြော အဆိုကို ပြောဆိုသော ဗာလလက္ခဏာ၊ မကောင်းသော အပြု အကျင့်ကို ပြုကျင့်သော ဗာလလက္ခဏာ ၃-ပါးမှ ဝေးစွာရှောင်ကြဉ်၍၊ ကောင်းသောအကြံကို ကြံသော ပဏ္ဍိတလက္ခဏာ၊ ကောင်းသော အပြော အဆိုကို ပြောဆိုသော ပဏ္ဍိတလက္ခဏာ၊ ကောင်းသော အပြုအကျင့်ကို ပြုကျင့်သော ပဏ္ဍိတလက္ခဏာ ၃-ပါးနှင့် ပြည့်စုံလိုသော ယောဂီသည်၊ မကောင်းသော ကိုယ်အပြုအကျင့်, မကောင်းသော နှုတ်အပြောအဆို ဗာလ လက္ခဏာ ၂-ပါးကို၊ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလ, ပါတိမောက္ခသံဝရသီလဖြင့် ပယ်၏။

ဤသို့ပယ်၍၊ မကောင်းသော အကြံကို ကြံသော ဗာလလက္ခဏာ ရှိသော၊ လောဘ, ဒေါသ, မောဟ အားဖြင့် ၃-ပါးသော မနောကံကို ပယ်ခြင်းငှါ၊ မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊ ဇောကာလမှာ၊ မြင်, မြင်တယ်မှတ်။

ဤသို့ မှတ်သဖြင့် ကိလေသာ အစဉ်တစိုက် မပြတ်လိုက်သော၊မိန်းမ ယောက်ျား လက်ခြေ အင်္ဂါ၊ မျက်နှာရင်ဝမ်း နှုတ်ခမ်းသွား မေး၊ ယဉ် ကျေးစစ လှပတင့်တယ်၊ ပြုံးရယ် ပြောဆိုခြင်း စသော အထင်အာ မှတ်အိုမယူ၊ အမှတ်ဖြင့်သိ၍ မြင်, မြင်တယ် မှတ်ရုံမျှနှင့်ရပ်၏။ ကိလေ သာနှင့်မစပ်၊ ဘဝင် ဒွါရ အာရုံ ဝိညာဏ်၊ တပေါင်းတည်း ရုပ်နာမ်

အပိုင်းအခြားဖြစ်၏။ ဆံပင်ကိုမြင်လျှင် ဆံပင်၊ မွေးညှင်းကို မြင်လျှင် မွေးညှင်း စသော အတိုင်းကိုသာ၊ မမှားမယွင်း မဖေါက်မပြန် ဟုတ်တိုင်းကိုသာ၊ မမှားမယွင်း မဖေါက်မပြန် ဟုတ်တိုင်းမှန်စွ ာသိမှတ်ပိုင်းခြားခါ ယူ၏။

မျက်စိဖြင့် မြင်သောခဏ ဇောကာလမှာ၊ မြင်,မြင်တယ်မှတ် ဆိုသော စကားရပ်၌၊ မှတ်ခြင်းသည် ပထမအကြိမ်, ဒုတိယအကြိမ်, တတိယအကြိမ်အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင်။ စက္ခုဒွါရ မြင်သောခဏ ဇောကာလမှာ၊ ပထမအကြိမ် မြင်, မြင်တယ် မှတ်ခြင်းသည်၊ ဘဝင် ဒွါရ အာရုံ ဝိညာဏ်နှင့် ကိလေသာ မရော မစပ်အောင်၊ ဇူဠေကို စောင့်ရှောက်သောအားဖြင့် ပိုင်းခြားအပ်သောကြောင့်၊ မျက်စိ,အဆင်း, မြင်ခြင်းကို တပေါင်းတည်း ပိုင်းခြားသည်မည်၏။

နာမ်အပိုင်းအခြား, ရုပ်အပိုင်းအခြား ၂-ပါးတို့တွင်၊ အဆင်းကို အာရုံပြု၍ မြင်, မြင်တယ် မှတ်သောကြောင့်၊ အဆင်းဟူသော ရုပ်အပိုင်း အခြားမျှသာဖြစ်၏။ ထို့အတူ တဒနုဝတ္တက မနောဒွါရ ဇောကာလမှာ ဒုတိယအကြိမ်၊ တဒနုဝတ္တက မနောဒွါရ ဇောကာလမှာ တတိယအကြိမ် မြင်,မြင်ဘယ် မှတ်ခြင်းသည်၊စက္ခုဒွါရဖြင့် မြင်ပြီးသော အဆင်းကို အာရုံပြု၍၊ မြင်,မြင်တယ် မှတ်သောကြောင့်၊ အဆင်းဟူသော ရုပ်အပိုင်းအခြား မျှသာဖြစ်၏။

ထို့အတူ ကြားသောခဏ, နံသောခဏ, စားသောခဏ, ထိသော ခဏ,သိသောခဏ၊ ကြားတယ်,နံတယ်, စားတယ်, ထိတယ်, သိတယ်မှတ် ခြင်းသည်၊ အသီးသီး မိမိဥစ္စာဖြစ်သော၊ အသံ, အနံ့,အရသာ, အတွေ့, သဘောကို အာရုံပြု၍၊ ကြားတယ်, နံတယ်, စားတယ်, ထိတယ်,သိတယ် မှတ်သောကြောင့်၊ အသံ,အနံ့, အရသာ,အတွေ့,သဘော-ဟူသော ရုပ် အပိုင်းအခြားမျှသာ ဖြစ်၏။

မြင်သောခဏ၊ မြင်-မြင်တယ်မှတ်ရာ၌။ မြင်-စက္ခုဝိညာဉ် ဆိုသည် ဖြစ်လျက် နာမ်အပိုင်း အခြားမဖြစ်၊ အဆင်းဟူသော ရုပ်အပိုင်း အခြား မျှသာဖြစ်၏ဆိုသော စကားရပ်၌၊ မြင်သောခဏ မှတ်သော အသိဉာဏ် မှာ၊ မျက်စိဖြင့် အဆင်းကိုမြင်တယ်၊ အဓိပ္ပါယ် မှတ်မထင်၊ ရုပ်နှင့်နာမ် ၃-ပါးလုံးကွဲအောင်၊မမြင်ခင် မြင်၏လော၊မြင်၏။အဘယ်ကိုမြင်သနည်း။ အညို အရွှေ အနီ အဖြူစသည် တခုခုကိုမြင်၏ဟု၊ အဆင်းကိုသာမှတ်၍

ပြောသကဲ့သို့။ မြင်—စက္ခုဝိညာဉ်ဆိုသော်လည်း၊ မြင်သောခဏ၊ မြင့်,မြင်တယ်ဟု၊ အညို အဝါ အနီ အဖြူစသည့် တခုခု အဆင်း ကိုသာ အာရုံပြု၍၊ အာဒိကမ္မိက အစဖွား ရုပ်ကို ပိုင်းခြားသော ယောဂီ မှတ်၏ဆိုသည်၊ အဆင်းဟူသော ရုပ်အပိုင်းအခြားမျှသာဖြစ်၏။ နာမ်အပိုင်းအခြားမဖြစ်။ ။ဤနည်းကိုမှီ၊ နောက်ဆိုရန်မှာ သိသာလှပြီ။

---

## နာမ်ကိုပိုင်းခြားသောဉာဏ် အလိုလိုပေါ်ပုံ

ဤနည်းဖြင့်၊ ကြိမ်ဖန်များစွာ သိမှတ် ပိုင်းခြားပါများ၍၊ နာမ်ကိုပိုင်းခြားသော ဉာဏ်တဆင့်၊ ဘာသာအလျောက် တက်သည်ရှိသော်၊ မြင်သောခဏ မြင်—မြင်တယ်ဟု အဆင်းကိုတကြိမ် ဝိပဿနာစိတ်ဖြင့် မှတ်၏။ မြင်တယ်မှတ်သော ရှေ့ဝိပဿနာစိတ်ကို၊ မြင်တယ်မှတ် မှတ်တယ်ဟု စိတ်ကိုတကြိမ် နောက်ဝိပဿနာစိတ်ဖြင့်မှတ်၏။ဤသို့ မှတ်သည်ရှိသော်၊ရုပ်ကိုပိုင်းခြားသောဉာဏ်, နာမ်ကိုပိုင်းခြားသောဉာဏ်စုံ၍၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။ မြင်သောခဏ ယောဂီ၏ဉာဏ်မှာ၊ မြင်—မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ထင်၏။

ထို့အတူ၊ ကြားသောခဏ ကြား – ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်။ နံသောခဏ နံ–နံတယ်၊ နံတယ်မှတ် မှတ်တယ်။ စားသောခဏ စား–စားတယ်၊ စားတယ်မှတ် မှတ်တယ်။ ထိသောခဏ ထိ–ထိတယ်၊ ထိတယ်မှတ် မှတ်တယ်။ သိသောခဏ သိ– သိတယ်၊ သိတယ်မှတ် မှတ်တယ် ယောဂီ၏ အသိဉာဏ်မှာထင်၏။ ဤသို့ ထင်သည် ရှိသော်၊ ရုပ်ကိုပိုင်းခြားသောဉာဏ်, နာမ်ကိုပိုင်းခြားသောဉာဏ်စုံ၍၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။

အဆင်းထင်မှ မျက်စိကြည်၏။ မျက်စိကြည်မှ အဆင်းထင်၏။ မျက်စိကြည်မှ, အဆင်းထင်မှ၊ မျက်စိဖြင့် အဆင်းကိုမြင်ရာ၌၊ အဆင်းထင်သောခဏ မျက်စိကြည်ခြင်းသည်၊ မျက်စိ၏ ရူပနလက္ခဏာမည်၏။ အဆင်း၌မြင်သောစိတ်ကို ဆွဲပို့ခြင်းသည်၊ မျက်စိ၏ကိစ္စ မည်၏။ မြင် - မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ၊ မျက်စိဖြင့် မြင်တယ်ထင်ခြင်းသည်၊မျက်စိ၏ ပစ္စုပဋ္ဌာန်မည်၏။ကလာပ်တူကမ္မဇမဟာဘုတ်သည်၊မျက်စိ၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ အဆင်းထင်ခြင်းသည်၊အဆင်း၏ရူပနလက္ခဏာမည်၏။ မြင်သောစိတ်၏ အာရုံဖြစ်ခြင်းသည်၊ အဆင်း၏ကိစ္စမည်၏။

မြင်-မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ၊ အဆင်းဖြူလျှင် အဖြူထင်ခြင်းသည်၊ အဆင်း၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်တူ မဟာဘုတ်သည်၊ အဆင်း၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ, အဆင်းထင်သောခဏ၊ အဆင်းကို အာရုံပြုခြင်းသည်၊ မြင်သောစိတ်၏ နမနလက္ခဏာမည်၏။ အဆင်းကို မြင်ခြင်းသည်၊ မြင်သောစိတ်၏ ကိစ္စမည်၏။ မြင်-မြင်တယ် မှတ်သော ယောဂီဉာဏ်မှာ၊ အဆင်းကို မြင်တယ်ထင်ခြင်းသည်၊ မြင်သောစိတ်၏ ပစ္စုပဋ္ဌာန်မည်၏။ အဆင်းကိုဆင်ခြင်သော အာဝဇ္ဇန်းသည်၊ မြင်သောစိတ်၏ ပဒဋ္ဌာန်မည်၏။

မျက်စိဖြင့် အဆင်းကိုမြင်သောခဏ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော အဆင်းကို၊ ဇောကာလမှာ မြင်-မြင်တယ် မှတ်ခြင်းသည်၊ အဆင်းကိုသာ သိသည် မဟုတ်သေး၊ အဆင်း၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-ကိုလည်း သိ၏။ ဆင်ပြောင်ကြီးတွေ့ကတည်းက၊ ဆင်ခြေရာ ခံဘွယ်မရှိပြီဟူသကဲ့သို့။ အဆင်းကို မြင်-မြင်တယ် မှတ်ကတည်းက၊ အဆင်း၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို၊ မှတ်ဘွယ်မရှိပြီ။ ထို့ကြောင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို၊ ဤနေရာ၌ အထူးမဆိုလိုပြီ။

ဤနည်းဖြင့်၊ အကြိမ်ကြိမ် အခါခါ သိမှတ် ပိုင်းခြားပါ များ၍၊ ဉာဏ်အဆင့်ဆင့် တက်သည်ရှိသော်၊ မြင်သောခဏ၊ မြင်တာက-စိတ်ဘဲ၊ အဆင်းက- အာရုံဘဲ၊ အဆင်းထင် ကြည်လင်တာက - မျက်စိဘဲ၊ မျက်စိဖြင့် အဆင်းကို မြင်တာဘဲ။ ။ကြားသော ခဏ၊ ကြားတာက - စိတ်ဘဲ၊ အသံက - အာရုံဘဲ၊ အသံထင် ကြည်လင်တာက - နားဘဲ၊ နားဖြင့် အသံကို ကြားတာဘဲ။ ။နံသောခဏ၊ နံတာက-စိတ်ဘဲ၊ အနံ့က-အာရုံဘဲ၊ အနံ့ထင် ကြည်လင်တာက- နှာခေါင်းဘဲ၊ နှာခေါင်းဖြင့် အနံ့ကို နံတာဘဲ။ ။စားသောခဏ၊ စားတာက-စိတ်ဘဲ၊ အရသာက-အာရုံဘဲ၊ အရသာထင် ကြည်လင်တာက-လျှာဘဲ၊ လျှာဖြင့် အရသာကို စားတာဘဲ။ ။ ထိသောခဏ၊ ထိတာက - စိတ်ဘဲ၊ တွေ့တာက - အာရုံဘဲ၊ အတွေ့ထင် ကြည်လင်တာက - ကိုယ်ဘဲ၊ ကိုယ်ဖြင့် အတွေ့ကို ထိတာဘဲ။ ။သိသောခဏ၊ သိတာက-စိတ်ဘဲ၊ သဘောက-အာရုံဘဲ၊ သဘောထင် ကြည်လင်တာက-စိတ်ဘဲ၊ စိတ်ဖြင့် သဘောကို သိတာဘဲ။

အာရုံနှင့်တွေ့တာက–ဖဿဘဲ၊ အာရုံကိုနှစ်သက်တာက– ချမ်းသာဘဲ၊ မနှစ်သက်တာက–ဆင်းရဲဘဲ၊ ချမ်းသာ,ဆင်းရဲ မထင်တာက– ဥပေက္ခာဘဲ။ ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ၊ ဝိထိစိတ်ပါ ရုပ်နာမ်ကွဲအောင် ယောဂီဉာဏ်မှာထင်၏။ ဝိညာဏ် ဖဿ ဝေဒနာထင်သဖြင့်၊ စိတ်စေတသိက် ဝိထိစိတ္တုပ္ပါဒ် ထင်သည်မည်၏။ ဤသို့ ထင်သောအခါ၊ မြင်သောခဏ၊ မြင်–မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိဖြင့် အဆင်းကို မြင်တယ်။ပ။ သိသောခဏ၊ သိ – သိတယ်၊ သိတယ်မှတ် မှတ်တယ်၊ စိတ်ဖြင့်သဘောကို သိတယ်၊ ယောဂီဉာဏ်မှာထင်၏။ ဤသို့သော ယောဂီဉာဏ်မှာ ထင်သည်ကို ရည်တော်မူ၍၊........

စက္ခုံ အဘိညေယျံ၊ ရူပါ အဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊ စက္ခုသမ္ဖဿော အဘိညေယျော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊တမ္ပိ အဘိညေယျံ။သောတံ။ ဃာနံ။ ဇိဝှါ။ ကာယော။ မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ၊ မနောဝိညာဏံ အဘိညေယျံ၊ မနောသမ္ဖဿော အဘိညေယျော၊ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဘိညေယျံ။– ဟု အဘိညေယျ နိဒ္ဒေသကို ဟောတော်မူပြီ။

စက္ခုံ၊မျက်စိကို။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ရူပါ၊အဆင်းတို့ကို။ အဘိညေယျာ၊ အမှတ်ဖြင့် သိအင်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အဘိညေယျံ၊ အမှတ်ဖြင့်သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်း နှင့် တွေ့ခြင်းကို။ အဘိညေယျော၊ အမှတ်ဖြင့် သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့် သုခံဝါ၊ ချမ်းသာ သည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။အဒုက္ခမသုခံဝါ၊ချမ်းသာလည်းမဟုတ်, ဆင်းရဲလည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ပ။ သောတံ၊ နားကို။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ ဃာနံ၊ နှာခေါင်းကို။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ ဇိဝှါ၊လျှာကို။ အဘိညေယျာ၊ အမှတ်ဖြင့် သိအပ်၏။ ကာယော၊ ကိုယ်ကို။အဘိညေယျော၊အမှတ်ဖြင့် သိအင်၏။ မနော၊စိတ်ကို။

အဘိညေယျော၊ အမှတ်ဖြင့် သိအပ်၏။ ဓမ္မာ၊ သဘောတို့ကို။ အဘိညေယျာ၊ အမှတ်ဖြင့် သိအပ်ကုန်၏။ မနောဝိညာဏံ၊ သိခြင်းကို။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ မနော သမ္ဖဿော၊ စိတ်ဖြင့်သိခြင်း၏ သဘောနှင့် တွေ့ခြင်းကို။ အဘိညေယျော၊အမှတ်ဖြင့်သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်ဖြင့် သိခြင်း၏ သဘောနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည် လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ချမ်းသာလည် းမဟုတ်, ဆင်းရဲလည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားမှုသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။

ဤအဘိညေယျ နိဒ္ဒေသနည်းဖြင့် ဆိုခဲ့ပြီးသောအတိုင်း၊ဒွါရ,အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ၊ သုခ,ဒုက္ခ,ဥပေက္ခာ၊ သိမှတ် ပိုင်းခြားတိုင်း, သိမှတ်ပိုင်းခြားတိုင်း ယောဂီဉာဏ်မှာ ထင်သည်ရှိသော်၊ ရုပ်နာမ်ထင်ကာ မျှမဟုတ်၊ ဒွါရ,အာရုံ,ဝိညာဏ်,ဖဿ,သုခ,ဒုက္ခ,ဥပေက္ခာ ဝေဒနာတို့နှင့် ဆက်ဆံသော၊ ကာမဘုံဖြင့် ရေတွက် အပ်သော၊ ခန္ဓာ ၅–ပါး, ဒွါရ ၆ ပါး, အာရုံ ၆–ပါး,ဝိညာဏ် ၆–ပါး,ဖဿ ၆-ပါး, ဝေဒနာ၆-ပါး, သညာ ၆-ပါး, စေတနာ ၆-ပါး, တဏှာ ၆– ပါး, ဝိတက် ၆–ပါး, ဝိစာရ ၆-ပါး,ဓာတ် ၆-ပါး,ကောဋ္ဌာသ ၃၂-ပါး,အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး,လောကီဣန္ဒြေ ၁၉-ပါး၊ ကာမဓာတ်,ကာမဘဝ,ဝဋ္ဋဝေါ ကာရဘဝ, သညီဘဝ၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး ထိုက်သည် အား လျော်စွာထင်၏။ နှုတ်တက်အောင် သုတမယဉာဏ်ဖြင့် မဆောင်နိုင်ဘူး သူသည်၊အမည်နာမ သရုပ်သဏ္ဍာန်ကို ပညတ်တင်၍ မပြောဆိုနိုင်၊ထင်သော အတိုင်း မှတ်သောအတိုင်းသာ ဝိပဿနာမှာ ပြောဆိုနိုင်၏။

## သိတိုင်းဝိပဿနာမဟုတ်, သတိပဋ္ဌာန်အတိုင်းမှတ်၏

စိတ်ဖြင့် သဘောကိုသိသောခဏ၊ သိ–သိတယ်မှတ် ဆိုသောစကား ရပ်၌။ သိ-သိတယ် မှတ်ခြင်းသည်၊ သာမညသာဖြစ်၏။ ဝိသေသအားဖြင့် သော်ကား၊ များသောအပြားရှိ၏။ အကျယ်ဆိုသော်လည်း ဝိပဿနာမှာ အကျိုးမရှိပြီ။ဝိပဿနာမည်သည်ကား၊သတိပဋ္ဌာန်နှင့် တရံတခါမျှ မကင်း ကောင်း။ ဝိပဿနာဉာဏ် အခြေအမြစ်မှန်သော သတိပဋ္ဌာန်အရ၊ သွား သောခဏ သွား-သွားတယ်မှတ်၊ ရပ်သောခဏ ရပ်-ရပ်တယ်မှတ်၊ ထိုင် သောခဏ ထိုင်-ထိုင်တယ်မှတ်၊ အိပ်သောခဏ အိပ်–အိပ်တယ်မှတ်။

**သွားသောခဏ** သွား-သွားတယ်မှတ်ဆိုသော စကားရပ်၌။ သွားချင်သောစိတ် ဖြစ်သောခဏ၊ စိတ္တဇဝါယောဓာတ် လှုပ်ရှားခြင်းသည်၊ ကိုယ်လှုပ်ရှားသော ခဏမည်၏။ ကိုယ်လှုပ်ရှားသောခဏ၊ ကိုယ်တရွေ့ရွေ့ ရွေ့ခြင်းသည်၊ သွားသောခဏမည်၏။ ထို့ကြောင့် သွားသောခဏဆိုသည်။

ကိုယ်တရွေ့ရွေ့ ရွေ့ခြင်းသည်၊ ရွေ့သည်ကို သွား,သွားသည်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့်၊ သွားသည်မည်၏။ ထို့ကြောင့်'သွား'ဆိုသည်။ သွားသည်ကို သွား, သွားတယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည်၊ သွားတယ် မှတ်သည် မည်၏။ ထို့ကြောင့် 'သွားတယ်မှတ်'ဆိုသည်။ ထို့ကြောင့် သွားသောခဏ 'သွား,သွားတယ်မှတ်' ဆိုသည်။

**ရပ်သောခဏ** ရပ်-ရပ်တယ်မှတ်ဆိုသော စကားရပ်၌။ ရပ်ချင်သောစိတ်ဖြစ်သောခဏ၊ စိတ္တဇဝါယောဓာတ် ဆောက်ခံ တည်တန့်ခြင်းသည်၊ ကိုယ်ခတ်တန့်သောခဏမည်၏။ ကိုယ်ခတ်တန့်သောခဏ၊ ကိုယ်မရွေ့ခြင်းသည်၊ ရပ်သောခဏမည်၏။ ထို့ကြောင့် ရပ်သောခဏဆိုသည်။

ကိုယ်မရွေ့ ခြင်းသည်၊မရွေ့သည်ကို ရပ်,ရပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ ရပ်သည်မည်၏။ ထို့ကြောင့်'ရပ်' ဆိုသည်။ ရပ်သည်ကို ရပ်,ရပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ် ပြုခြင်းသည်၊ ရပ်တယ်မှတ်သည် မည်၏။ ထို့ကြောင့် 'ရပ်တယ်မှတ်' ဆိုသည်။ ထို့ကြောင့် ရပ်သောခဏ 'ရပ်,ရပ်တယ်မှတ်'ဆိုသည်။

**ထိုင်သောခဏ** ထိုင်-ထိုင်တယ်မှတ်ဆိုသော စကားရပ်၌။ ထိုင်ချင်သောစိတ် ဖြစ်သော ခဏ၊ စိတ္တဇဝါယောဓာတ် ကျခြင်းသည်၊ အထက်ကိုယ်ကို ချသောခဏမည်၏။ အထက်ကိုယ်ကို ချသောခဏ၊ အောက်ကိုယ်ကိုခေါက်၍ အထက်ကိုယ်ကို တည်ထားခြင်းသည်၊ ထိုင်သောခဏမည်၏။ ထို့ကြောင့် ထိုင်သောခဏဆိုသည်။

အောက်ကိုယ်ကိုခေါက်၍၊ အထက်ကိုယ်ကို တည်ထားခြင်းသည်၊ တည်ထားသည်ကို ထိုင်,ထိုင်တယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ထိုင်သည်မည်၏။ ထို့ကြောင့်'ထိုင်'ဆိုသည်။ ထိုင်သည်ကို ထိုင်,ထိုင်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည်၊ထိုင်တယ်မှတ်

သည် မည်၏။ ထို့ကြောင့် 'ထိုင်တယ်မှတ်'ဆိုသည်။ ထို့ကြောင့် ထိုင်သော ခဏ ထိုင်,ထိုင်တယ်မှတ်'ဆိုသည်။

**အိပ်သောခဏ** အိပ် အိပ်တယ်မှတ်ဆိုသော စကားရပ်၌၊ အိပ်ချင်သော စိတ်ဖြစ်သောခဏ၊ စိတ္တဇဝါယောဓာတ် ဖြန့်ခြင်းသည်၊ ကိုယ်ဆန့်ခင်းသောခဏမည်၏။ ကိုယ်ဆန့်ခင်းသော ခဏ၊ ကိုယ်စန့် လျောင်းခြင်းသည်၊ အိပ်သောခဏမည်၏။ ထို့ကြောင့် အိပ်သောခဏဆိုသည်။

ကိုယ်စန့် လျောင်းခြင်းသည်၊စန့်လျောင်းသည်ကို အိပ်,အိပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် သိမှတ် ပိုင်းခြား အပ်သောကြောင့်၊ အိပ်သည် မည်၏။ ထို့ကြောင့်'အိပ်' ဆိုသည်။ အိပ်သည်ကို အိပ် အိပ်တယ်ဟု ဝိပဿနာစိတ်ဖြင့် အမှတ် ပြုခြင်းသည်၊ အိပ်တယ်မှတ်သည် မည်၏။ ထို့ကြောင့် 'အိပ်တယ်မှတ်' ဆိုသည်။ ထို့ကြောင့် အိပ်သောခဏ 'အိပ်, အိပ်တယ်မှတ်' ဆိုသည်။

သွားဆိုတာက-မှတ်စရာအာရုံ၊ သွားတယ်ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက- သတိ, ပညာ, ဝိပဿနာ။ ရပ်ဆိုတာက-မှတ်စရာအာရုံ၊ ရပ်တယ်ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ, ပညာ, ဝိပဿနာ။ ထိုင်ဆိုတာက-မှတ်စရာအာရုံ၊ ထိုင်တယ် ဆိုဘာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ။ အိပ်ဆိုတာက-မှတ်စရာအာရုံ၊အိပ်တယ်ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ။

သွား-သွားတယ်၊ ရပ်-ရပ်တယ်၊ထိုင်-ထိုင်တယ်၊ အိပ်-အိပ်တယ် ဆိုသောစကားရပ်၌။ သွားသော ရုပ်ကို၊ သွားတယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ထိုင်သော ရုပ်ကို၊ ထိုင်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။အိပ်သော ရုပ်ကို၊ အိပ်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း၊ ဉာဏ်တဆင့်တက်၍ သွားတယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ သွားတယ်မှတ် မှတ်တယ်။ ရပ်တယ်မှတ်သော ရှေ့စိတ်ကို၊ နောက်ဝိပဿနာစိတ်ဖြင့်၊ ရပ်တယ်မှတ် မှတ်တယ်။ ထိုင်တယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ ထိုင်တယ်မှတ် မှတ်တယ်။အိပ်တယ်မှတ်သော ရှေ့စိတ်ကို၊နောက် ဝိပဿနာစိတ်ဖြင့်၊ အိပ်တယ်မှတ် မှတ်တယ်-ဟု နာမ်ကိုပိုင်းခြား၏။ နာမ်ရုပ်စုံ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

သွားသောခဏ, ရပ်သောခဏ, ထိုင်သောခဏ, အိပ်သောခဏ - မှတ်တိုင်း မှတ်တိုင်း၊ သွား—သွားတယ်၊ သွားတယ်မှတ် မှတ်တယ်။ ရပ်-ရပ်တယ်၊ ရပ်တယ်မှတ် မှတ်တယ်။ ထိုင်-ထိုင်တယ်၊ ထိုင်တယ်မှတ် မှတ်တယ်။ အိပ်-အိပ်တယ်၊ အိပ်တယ်မှတ် မှတ်တယ်။-ဉာဏ်မှာထင်၏။

ဉာဏ်အဆင့်ဆင့်တက်၍၊ သွားချင်သောစိတ်, ရပ်ချင်သောစိတ်, ထိုင်ချင်သောစိတ်, အိပ်ချင်သောစိတ်ဖြစ်သော ခဏခဏ၊ မသွားမီ သွားမည့်အစီအရင်၊ မရပ်မီ ရပ်မည့်အစီအရင်၊ မထိုင်မီ ထိုင်မည့် အစီအရင်၊ မအိပ်မီ အိပ်မည့်အစီအရင်၊ ကိုယ်အမူအရာ ဟူသမျှကို လည်းမှတ်၏။ မှတ်သော ရှေ့စိတ်ကိုလည်း၊ နောက်စိတ်ဖြင့် မှတ်၏။ နာမရူပပရိစ္ဆေဒ ဉာဏ်ဖြစ်၏။

---

## ဣရိယာပုထ် ၃-မျိုးကွဲပုံကို ပြခြင်း

ဣရိယာပုထ်သည်၊ မဟာဣရိယာပုထ်, မဇ္ဈိမဣရိယာပုထ်, ခုဒ္ဒကဣရိယာပုထ်အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ ဣရိယာပထပဗ္ဗ၌လာသော သွားသော ဣရိယာပုထ်, ရပ်သော ဣရိယာပုထ်, ထိုင်သော ဣရိယာပုထ်, အိပ်သော ဣရိယာပုထ် ၄-ပါးသည်၊ ကာလအားဖြင့် ရှည်ကြာလွန်းသည်ဖြစ်၍၊ မဟာဣရိယာပုထ် မည်၏။ သမ္ပဇညပဗ္ဗ၌၊ အဘိက္ကန္တေ,ပဋိက္ကန္တေ-အရ ဌာန၌လာသော ၎င်းဣရိယာပုထ် ၄-ပါးသည်၊ ကာလအားဖြင့် မရှည်လွန်း,မကြာလွန်းသည်ဖြစ်၍၊ မဇ္ဈိမ ဣရိယာပုထ် မည်၏။ ဂစ္ဆတော, ဌိတေ, နိသိန္နေ, သုတ္တေ-အရ ဌာန၌လာသော ၎င်းဣရိယာပုထ် ၄-ပါးသည်၊ ကာလအားဖြင့် တိုလွန်းသည်ဖြစ်၍၊ ခုဒ္ဒကဣရိယာပုထ်မည်၏။

**မဟာဣရိယာပုထ်** ၄ ပါး, မဇ္ဈိမဣရိယာပုထ် ၄-ပါး, ခုဒ္ဒကဣရိယာပုထ် ၄ ပါးကို ပေါင်း၍၊ တပါးတပါးသော ဣရိယာပုထ်ဖြစ်သော်၊ သွားသော အရိယာပုထ်၌ ရှေ့သို့တက်ခြင်းသည်၊ အဘိက္ကန္တ-အရ သွားသည်မည်၏။ နောက်သို့ ဆုတ်ခြင်းသည်၊ ပဋိက္ကန္တ—အရ ပြန်သည်မည်၏။ ရပ်သော ဣရိယာပုထ်၌ ရှေ့ ကုန်းခြင်းသည်၊ ၎င်းအရ သွားသည်မည်၏။ နောက်လှန်ခြင်းသည်၊ ၎င်းအရ ပြန်သည်မည်၏။ ထိုင်သော ဣရိယာပုထ်၌ ရှေ့ကုန်းခြင်းသည်၊ ၎င်းအရ သွားသည်မည်၏။ နောက်လှန်ခြင်း

သည်၊ ၎င်းအရ ပြန်သည်မည်၏။ အိပ်သော ဣရိယာပုထ်၌ ရှေ့ဝမ်းလျား မှောက် အိပ်ခြင်းသည်၊ ၎င်းအရ သွားသည်မည်၏။ နောက်ပက်လက်လှန် အိပ်ခြင်းသည်၊ ၎င်းအရ ပြန်သည်မည်၏။ ဤသို့ သွားသောခဏ၊ သွား- သွားတယ်၊ သွားတယ်မှတ်- မှတ်တယ်။ ပြန်သောခဏ၊ ပြန်-ပြန်တယ်၊ ပြန်တယ်မှတ်-မှတ်တယ်ထင်၏။

သွားသောခဏ,ပြန်သောခဏ၊ ဘယ်ခြေလှမ်း- လှမ်းတယ်၊ လှမ်း တယ်မှတ်-မှတ်တယ်။ ညာခြေလှမ်း - လှမ်းတယ်၊ လှမ်းတယ်မှတ် - မှတ် တယ်။ ခြေတလှမ်း တလှမ်း၌၊ ခြေကြွသော ခဏ၊ကြွ-ကြွတယ်၊ ကြွတယ် မှတ်-မှတ်တယ်။ ခြေရှေ့ဆောင်သောခဏ၊ ဆောင်-ဆောင်တယ်၊ ဆောင် တယ်မှတ်-မှတ်တယ်။ ခြေဖယ်ရှောင်ခဏ၊ ရှောင်-ရှောင်တယ်၊ ရှောင် တယ်မှတ် - မှတ်တယ်။ ခြေအောက်လွှတ်သောခဏ၊ လွှတ်-လွှတ်တယ်၊ လွှတ်တယ်မှတ် - မှတ်တယ်။ ခြေမြေကျသော ခဏ၊ ချ-ချတယ်၊ ချတယ် မှတ်-မှတ်တယ်။ ခြေနှိပ်နင်းသောခဏ၊ နင်း-နင်းတယ်၊ နင်းတယ်မှတ်- မှတ်တယ်ထင်၏။

ကြည့်ခြင်းသည်၊ သာမညအားဖြင့် ၂- ပါးပင်ဖြစ်သော်လည်း၊ ဝိသေသအားဖြင့်၊ ၆-ပါး အပြား ရှိ၏။ ထို ၆-ပါးတို့တွင်၊ ရှေ့တူရူကို ကြည့်ခြင်းသည်၊ အာလောကိတ-အရ၊ ရှေ့ကြည့်သည်မည်၏။ နောက်ပြန် ကြည့်ခြင်းသည်၊ ပရလောကိတ-အရ၊ နောက်ကြည့်သည်မည်၏။ လက်ျာ တစောင်းကြည့်ခြင်းသည်၊ ဝိလောကိတ-အရ၊ လက်ျာဘေး ကြည့်သည် မည်၏။သက်ဝဲတစောင်း ကြည့်ခြင်းသည်၊ ဝိလောကိတ-အရ၊ လက်ဝဲဘေး ကြည့်သည်မည်၏။ငုံ့၍ကြည့်ခြင်းသည်၊ အဝလောကိတ-အရ၊ အောက်သို့ ကြည့်သည်မည်၏။မော်၍ကြည့်ခြင်းသည်၊ ဥလ္လောကိတ-အရ၊ အထက်သို့ ကြည့်သည်မည်၏။ အထင် ၆-ပါး ဖြစ်သင့်သည်အားလျော်စွာ သိသာပြီ။

ခြေလက် ကွေးသောခဏ,ခြေလက် ဆန့်သောခဏ,ထိုင်သောခဏ, ယူသောခဏ, စားသောခဏ, သောက်သောခဏ,ခဲသောခဏ,လျက်သော ခဏ,ကျင်ကြီးကျင်ငယ် စွန့်သောခဏ, သွားသောခဏ,ရပ်သောခဏ,ထိုင် သောခဏ, အိပ်သောခဏ, နိုးသောခဏ, ပြောသောခဏ, ဆိတ်ဆိတ်နေ သောခဏ၊ ဆိတ်ဆိတ်နေ-နေတယ်၊ နေတယ်မှတ်-မှတ်တယ်။

## သမ္မဇဉ် ၄–ပါးကို ပြခြင်း

သမ္ပဇာနကာရီ-အရ၊ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်သော အလေ့သဘောရှိသော ယောဂီသည်၊ သမ္ပဇာနကာရီမည်၏။ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်ခြင်းသည်၊သမ္ပဇညမည်၏။သမ္ပဇညသည်၊ သာတ္ထကသမ္ပဇည, သပ္ပါယသမ္ပဇည, ဂေါစရသမ္ပဇည, အသမ္မောဟသမ္ပဇညအားဖြင့် ၄-ပါး အပြားရှိ၏။ ထိုလေးပါးတို့တွင်၊ သွားလိုသောစိတ် ဖြစ်သည်ရှိသော်၊ သွားလိုသောစိတ်၏ အစွမ်းအားဖြင့် မသွားသေးဘဲ၊ အဘယ်နည်း ဤအရပ်သို့ သွားသဖြင့် ငါ့အား အကျိုးရှိမည်လော, မရှိမည်လော-ဟု ဆင်ခြင်ပြီး၍၊ အကျိုး မရှိသည်ကိုပယ်, အကျိုး ရှိသည်ကို ဆင်ခြင်ခြင်းသည်–သာတ္ထက သမ္ပဇည မည်၏။ ဝိပဿနာ မဟုတ်။

အဘယ်ကြောင့်နည်း၊ မသွားမီက သွားသော်ဟု မှတ်သော်လည်း၊ သွားသော ဣရိယာပုထ် မဖြစ်သေးသောကြောင့်၊ ဝိပဿနာ မဟုတ်ဟူ ပေသတည်း။ သွားလိုသောစိတ် ဖြစ်သည်ရှိသော်၊ သွားလိုသောစိတ်၏ အစွမ်းအားဖြင့် မသွားသေးဘဲ၊ အဘယ်နည်း ဤအရပ်သို့ သွားသဖြင့် ငါ့အား လျောက်ပတ်မည်လော, မလျောက်ပတ် မည်လော–ဟု ဆင်ခြင်ပြီး၍၊ မလျောက်ပတ်သည်ကိုပယ်, လျောက်ပတ်သည်ကို ဆင်ခြင်ခြင်းသည်–သပ္ပါယသမ္ပဇည မည်၏။

သာတ္ထက,သပ္ပါယ ၂-ပါးတို့တွင်၊ အသုဘရှုသွားလျှင် သာတ္ထက အကျိုးပင်ရှိသော်လည်း၊ယောကျ်ားမှာ ယောကျ်ားအသုဘသာ လျောက်ပတ်၏၊ မိန်းမအသုဘ မလျောက်ပတ်။ မိန်းမမှာ မိန်းမ အသုဘသာ လျောက်ပတ်၏၊ ယောကျ်ားအသုဘ မလျောက်ပတ်။ ဆွေမတော်မျိုးမစပ် ယောကျ်ား, မိန်းမ ၂-ရပ်မှာ၊ ဝိသဘာဂ ဖြစ်ခဲ့ပါလျှင်၊ အဝိညာဏက အသုဘပင်ဖြစ်လင့်ကစား၊ မှားယွင်း ပျက်စီးခြင်းများ ဖြစ်တတ်၏။ သဝိညာဏက မိန်းမနှင့် ယောကျ်ားမှာ၊ ကေန်သာ မှားယွင်းပျက်စီး၏။

မှားယွင်း ပျက်စီးခြင်း မသင့်ပါဘဲလျက်၊ ထင်ချက် သက်သေ အင်္ဂုတ္တရေ ပါဠိနေအတွေ့၊ ဘုရားဟောကို ရှေ့ပြု၊စေ့စေ့ကြီး ရှုမိသဖြင့်၊ မိမိ၏ သဘော သူရော ကိုယ်ပါ၊ တယောက် ယောက်က ပုထုဇဉ်ဖြစ်ခဲ့ပါလျှင်၊ အသွားအလာ အတူများ၊ အထွက် အဝင် အတူများ၊ အတွေ့အကြုံ အတူများ၊ အနေအထိုင် အတူများ၊ အတူအိပ် အတူသွား၊ အပြောအဆို အတူများ၊ ကြီးရေဖန်ရေ အမှုအရာတွေ အတူများခဲ့လျှင်၊ အမိနှင့်သား

မှားယွင်း ပျက်စီး၏။ အဘနှင့်သမီး မှားယွင်းပျက်စီး၏။ မောင်နှင့်နှမ မှားယွင်းပျက်စီး၏။

အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ။
အထည ုမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။ ။
ဓမ္မပဒပါဠိတော်၊

အတ္တာနမေဝ၊ ကိုယ့်ကိုယ်ကိုသာလျှင်။ ပထမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်တင့်လျောက်ပတ်ရာ၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နိဝေသယေ၊ တည်စေရာ၏။ အထပစ္ဆာ၊ နောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ န ကိလိဿေယျ၊ မြူကိလေသခြမ်း မညစ်နွမ်းစေရာ။

ဤသပ္ပါယ သမ္မာဇဉ်သည်လည်း၊ ဝိပဿနာ မဟုတ်၊ မသွားမှီက အကျိုးရှိသည့်လျောက်ပတ်သည်ကို ဆင်ခြင်ပြီး၍၊ သွားသောခဏ သွား- သွားတယ် အမှတ်ပြုရခြင်းသည်၊ ဂေါစရသမ္မာဇဉ်မည်၏။ဝိပဿနာ အမှန် ကေန်ဟုတ်၏။ အဘယ့်ကြောင့်နည်း၊ မသွားမှီကလည်း မဟုတ်၊ သွား ပြီးမှလည်း မဟုတ်၊သွားသောခဏ၊သွားသော ဣရိယာပုထ် ရုပ်ကမ္မဋ္ဌာန်း အာရုံကို၊ သွား-သွားတယ်ဟု၊ ယထာဘူတ ဟုတ်သောအတိုင်း အမှတ် ပြုသောကြောင့်၊ ဝိပဿနာအမှန် ကေန်ဟုတ်၏ ဟူပေသတည်း။

ဤနည်းဖြင့် ရုပ်ကိုသိမှတ်ပိုင်းခြားပါများ၍၊ နာမ်ကိုပိုင်းခြားသော ဉာဏ်တဆင့်တက်သည်ရှိသော်၊ သွားသောခဏ သွားသော ဣရိယာပုထ် ရုပ်ကို၊ သွား-သွားတယ်မှတ်၏။ တဆင့်သွားတယ် မှတ်သော ရှေ့စိတ်ကို၊ သွားတယ်မှတ်-မှတ်တယ်ဟု၊ နောက် ဝိပဿနာစိတ်ဖြင့် မှတ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။

သွားသောခဏ၊သွားသော ဣရိယာပုထ်သည်၊သွား-သွားတယ်ဟု မှတ်သော၊ ပထမရုပ်ကို ပိုင်းခြားသောဉာဏ်၏အာရုံဖြစ်၏။ မှတ်ပြီးသော ခဏ၊ သွား-သွားတယ်မှတ်သောစိတ်သည်၊ သွားတယ်မှတ် မှတ်တယ်ဟု မှတ်သော၊ဒုတိယနာမ်ကို ပိုင်းခြားသောဉာဏ်၏အာရုံဖြစ်၏။ ပထမ ရုပ်ကို ပိုင်းခြားသောဉာဏ်၏အာရုံ ရုပ်ပင်ဖြစ်စေ၊ ဒုတိယ နာမ်ကိုပိုင်းခြားသော ဉာဏ်၏အာရုံ နာမ်ပင် ဖြစ်စေ၊ ဖြစ်သောခဏ၊ ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်သည်၊ သိမှတ်ပိုင်းခြား အားထုတ်သောဝိပဿနာမှု၏ တည်ကြည်ရာ ဖြစ်သောကြောင့်၊ ကမ္မဋ္ဌာန်းမည်၏။

ဖြစ်သော ခဏခဏ၊ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်သည်၊ဝိပဿနာ ဘာဝနာ၏အာရုံဖြစ်သောကြောင့်၊ ဂေါစရမည်၏။ ဖြစ်သော ခဏခဏ၊ ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်ကို အသိအမှတ် ပြုခြင်းသည်၊ ဂေါစရသမ္ပဇည္သမည်၏။ ဣရိယာပုထ် ၄-ပါး တပါးတပါး၌၊ဖြစ်သော ခဏခဏ၊ ဤ နည်းနှင်နှင် အသွားအပြန် ရုပ်နာမ် ၂-ပြင်ကို၊ မလစ် မလပ် ဉာဏ်အစဉ် မပြတ်အောင်၊ သတိအမှတ်ပြုသော ဂေါစရသမ္ပဇည္ သည်သာလျှင် ဝိပ ဿနာအထွဋ်အထိပ်သို့ ရောက်၏။ ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်ဆိုသော စကားရပ်၌၊ ဖြစ်သော ခဏခဏ၊ သိမှတ်ဝိုင်းခြားအပ်သော၊ ဖြစ်-ဖြစ်သမျှ သော ရုပ်၊ဖြစ်-ဖြစ်သမျှသော နာမ်ကို၊ ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်ဆို သည်။ ဆိုရန်ကြွင်းသမျှကို အကုန်သိမ်းသည် မှတ်ရမည်။

ယောဂကမ္မဿ ပဝတ္တိဋ္ဌာနတာယ ဘာဝနာယ အာရမ္မဏံ
ဂေါစရန္တိ ဝုစ္စတီတိ အာဟ၊ ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရန္တိ။ ။
(ဋီကာ)

ဣတိ ဣမသ္မိံ စတုက္ကေ ယွာယံ ဟရတိစ ပစ္စာဟရတိစ၊
တဿ ဂေါစရသမ္ပဇည္ဇန္တိ သိခါပတ္တံ ဟောတိ။ ။အဋ္ဌကထာ။

ဘာဝနာယ၊ ဝိပဿနာ ဘာဝနာ၏။ အာရမ္မဏံ၊ ရုပ်နာမ်အာရုံကို။ ယောဂကမ္မဿ၊ သိမှတ်ဝိုင်းခြား အားထုတ်သော ဝိပဿနာမှု၏။ ပဝတ္တိ ဋ္ဌာနတာယ၊ ဖြစ်ရာဌာန၏ အဖြစ်ကြောင့်။ ဂေါစရန္တိ၊ ဂေါစရ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရန္တိ၊ ရုပ် ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းဟု ဆိုအပ်သော အာရုံဟူ၍။ အာဟ၊ အဋ္ဌ ကထာဆရာ မိန့်ပြီ။ ။ဋီကာနက်။

ကေစ္စော၊ အချို့သော ယောဂီသည်။ ဟရတိ၊ အသွားသာ ကမ္မဋ္ဌာန်းကို ဆောင်၏။ န ပစ္စာဟရတိ၊ အပြန်မဆောင်။ ကေစ္စော၊သည်။ ပစ္စာဟရတိ၊ အပြန်သာဆောင်၏။ န ဟရတိ၊ အသွားမဆောင်။ကေစ္စော၊ သည်။ နေဝ ဟရတိ၊ အသွားလည်း မဆောင်။ န ပစ္စာဟရတိ၊ အပြန် လည်းမဆောင်။ ကေစ္စော၊ သည်။ ဟရတိစ၊ အသွားလည်း ကမ္မဋ္ဌာန်းကို ဆောင်၏။ ပစ္စာဟရတိစ၊ အပြန်လည်း ကမ္မာဋ္ဌာန်းကို ဆောင်၏။ ဣတိ ဣမသ္မိံ စတုက္ကေ၊ ဤစတုက္က၌။ ယွာယံ-ယော အယံ၊အကြင် ယောဂီသည်။ ဟရတိစ၊ အသွား ကမ္မဋ္ဌာန်း ကိုလည်း ဆောင်၏။ ပစ္စာဟရတိစ၊ အပြန်-

ကမ္မဋ္ဌာန်း ကိုလည်း ဆောင်၏။ တဿ၊ ထိုအသွား ကမ္မဋ္ဌာန်း, အပြန် ကမ္မဋ္ဌာန်းကို ဆောင်သော ယောဂီ၏။ ဂေါစရသမ္ပဇညမ္ပိ – ဂေါစရသမ္ပဇညံဝေ၊ ဂေါစရသမ္ပဇညသည်သာလျှင်။ သိခါပတ္တံ၊ဝိပဿနာ အထွဋ်အထိပ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ။အဋ္ဌကထာအနက်။

ဈာန်မဂ်ဖိုလ် နောင်မှသာ ပစ္စဝေက္ခဏာဉာဏ် ကျသည်မဟုတ်သေး၊ နာမရူပပရိစ္ဆေဒဉာဏ်အစ၊ သင်္ခါရုပေက္ခာဉာဏ် အဆုံးရှိသော ဂေါစရသမ္ပဇည ဝိပဿနာဉာဏ် ၁၂–ပါး၊ တပါး တပါးသော ဝိပဿနာဉာဏ် တဘက်ကမ်း ရောက်သည်ရှိသော်၊ တဘက်ကမ်းရောက်သော ဝိပဿနာဉာဏ်၏အဆုံး အဆုံး၊ဝိပဿနာ၏အာရုံ ခန္ဓာ, အာယတန,ဓာတ်,ပစ္စည်းကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ကျ၏။ဤပစ္စဝေက္ခဏာ ဉာဏ်သည်၊ဝိပဿနာနောင် မခွေ့မဝေ ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့်၊ အသမ္မောဟသမ္ပဇညမည်၏။

ဝေမတ္တ ခန္ဓာယတနဓာတုပစ္စယ ပစ္စဝေက္ခဏဝသေနပိ<br>
အသမ္မောဟသမ္ပဇညံ ဝေဒိတဗ္ဗံ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤအသမ္မောဟ သမ္ပဇည အရာ၌။ ခန္ဓာယတနဓာတုပစ္စယ ပစ္စဝေက္ခဏဝသေနပိ၊ ခန္ဓာ, အာယတန, ဓာတ်, ပစ္စည်းကို ဆင်ခြင်သည်၏ အစွမ်းအားဖြင့်လည်း။ အသမ္မောဟ သမ္ပဇညံ၊ အသမ္မောဟ သမ္ပဇညကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

ဝိ-သဒ္ဒါဖြင့်၊ ခန္ဓာ အာယတန ဓာတ် ပစ္စည်းမှ တပါး၊ အမျိုးမျိုး အဖုံဖုံ ဆင်ခြင်ပုံကိုယူ။

မသွားမှီကလည်း မဟုတ်၊ သွားပြီးမှလည်း မဟုတ်၊ သွားသောခဏ ခဏ၊ သွား–သွားတယ်၊ သွားတယ်မှတ်–မှတ်တယ်။ ဤနည်းဖြင့် အကြိမ်ကြိမ် အခါခါ သိမှတ်ဝိုင်းခြားပါများ၍၊ ဉာဏ်အဆင့်ဆင့် တက်သည်ရှိသော်၊ သွား-သွားတယ်၊ သွားတယ်မှတ်-မှတ်တယ်၊ ရုပ်နာမ်အစုံကို သိမှတ်ဝိုင်းခြားသော၊ ဂေါစရသမ္ပဇည ဝိပဿနာ၏ အဆုံးအဆုံး၊ သွားက–ကိုယ်တရွေ့ရွေ့ ရွေ့တာဘဲ၊ကိုယ်တရွေ့ရွေ့ ရွေ့တာက-ကိုယ်လှုပ်ရှားလို့ဘဲ၊ ကိုယ်လှုပ်ရှားတာက-- သွားချင်လို့ဘဲ၊ သွားချင်တာက- စိတ်ဘဲ၊ သွားချင်လို့ ကိုယ်လှုပ်ရှားတော့၊ကိုယ်တရွေ့ရွေ့ ရွေ့တာကို၊သွားတယ် ဆိုရတာဘဲဟု ဆင်ခြင်ခြင်းသည်၊ အသမ္မောဟသမ္ပဇညမည်၏။ ဝိပဿနာကား မဟုတ်ပေ။ ။

အဘယ့် ကြောင့်နည်း၊ သွားပြီးမှ သွားသော သဘော ဆပ်ဆပ် ပရမတ်ကိုလွှတ်၊ ပညတ်သို့တင်၊ သွားချင်လို့ ကိုယ်လှုပ်ရှားတော့၊ ကိုယ်တရွေ့ရွေ့ ရွေ့တာကို၊ သွားတယ် ဆိုရတာဘဲဟု၊ လောကဝေါဟာရ အမည် နာမထင်အောင် ဆင်ခြင်ခြင်းကြောင့်၊ ဝိပဿနာ မဟုတ် ဟူပေသတည်း။

အာလောကိတာဒိ သမညာဝိ ယသ္မာ ဓမ္မာမတ္တသောဝ ပ-ဝတ္တိဝိသေသော၊တဿ ယာထာဝတော ပဇာနနံ အသမ္မောဟသမ္ပဇညံ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

အာလောကိတာဒိ သမညာဝိ၊ ရှေ့ကြည့်ခြင်း အစရှိသော။ ဝါ၊ သွားခြင်း, ပြန်ခြင်း, ရှေ့ကြည့်ခြင်းအစရှိသော အမည်သည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဓမ္မာမတ္တသောဝ၊ ဟုတ်သောအတိုင်း တရားသဘော၏သာလျှင်။ ပဝတ္တိဝိသေသော၊ ဖြစ်သော အမည်ထူးပင်တည်း။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ကိုအမည်ထူးကို။ ယာထာဝတော၊ ဟုတ်သောအတိုင်း။ ပဇာနနံ၊ သိခြင်းသည်။ အသမ္မောဟ သမ္ပဇညံ၊ အသမ္မောဟသမ္ပဇညမည်၏။ ။အဓိပ္ပါယ်အမှန်၊ မြန်မာပြန်၊ သမ္မန်နက်သိ၊ အလွန်ခဲသတည်း။ ။ဓမ္မ အာမ အတ္တသောဝ။

ဤနည်းဖြင့် ဉာဏ်အဆင့်ဆင့်တက်၍၊ ဝိပဿနာဉာဏ်၏ တဘက်ကမ်းသို့ရောက်အောင်၊ ဆင်ခြင်နိုင်သည်ရှိသော်၊ သွား-သွားတယ်၊ သွားတယ်မှတ်-မှတ်တယ်၊ သွားချင် ကိုယ်လှုပ်ရှား၊ ကိုယ်တရွေ့ရွေ့ ရွေ့သွားတယ်၊ ယောဂီ၏ဉာဏ်တွင် အမှန်ထင်၏။

---

## ဒွေး, မြေဒွေး အသိမျိုး မဟုတ်ပုံကို ပြခြင်း

တတ္ထ ကာမံ သောဏ သိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ဧဝရူပဉှိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊သတ္တသညံ န ဥဂ္ဃါဋေတိ၊ ကမ္မဋ္ဌာနံဝါ သတိပဋ္ဌာနဘာဝနာဝါ န ဟောတိ။ ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ သတ္တသညံ ဥဂ္ဃါဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ။

(သုတ်မဟာဝါ အဋ္ဌကထာ)

တတ္ထ၊ ထိုဣရိယာပထ ပဗ္ဗ၌။ သောဏသိင်္ဂါလာဒယောပိ၊ ခွေး, မြေခွေး အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဂစ္ဆာမာတိ၊ သွားကုန်၏ဟူ၍။ ကာမေ ဇာနန္တိ၊ အကယ်၍ သိကြကုန်၏။ ပန တထာပိ၊ ထိုသို့ပင် သိကြကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့ တိရစ္ဆာန်သိသော သဘောရှိသော။ ဇာနနံ၊ သိခြင်းကို။ သန္ဓာယ၊ ရည်၍။ ဧတံ ဇာနနံ၊ ထိုသိခြင်းကို။ န ဝုတ္တံ၊ မဟောအပ်။ ဟိသစ္စံ၊ မှန်၏။ ဧဝရူပံ၊ ဤသို့ တိရိစ္ဆာန်သိသော သဘော ရှိသော။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါအယူကို။ န ပဇဟတိ၊ မစွန့်။ သတ္တသညံ၊ သတ္တဝါ အမှတ်ကို။ န ဥဂ္ဃာဋေတိ၊ မခွါ။ ကမ္မဋ္ဌာနံဝါ၊ ဂေါစရသမ္ပဇည ဝိပဿနာ ကမ္မဋ္ဌာန်း သည်လည်း။ န ဟောတိ၊ မဖြစ်။ သတိပဋ္ဌာန ဘာဝနာဝါ၊ အသမ္မောဟ သမ္ပဇည သတိပဋ္ဌာန် ဘာဝနာသည်လည်း။ န ဟောတိ၊ မဖြစ်။ ဣမဿပန ဘိက္ခုနော၊ ဤယောဂီ ရဟန်း၏ကား။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါအယူကို။ ပဇဟတိ၊ စွန့်၏။ သတ္တသညံ၊ သတ္တဝါ အမှတ်ကို။ ဥဂ္ဃာဋေတိ၊ ခွါ၏။ ကမ္မဋ္ဌာနဉ္စေဝ၊ ဂေါစရသမ္ပဇည ဝိပဿနာ ကမ္မဋ္ဌာန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ သတိပဋ္ဌာန ဘာဝနာစ၊ အသမ္မောဟ သမ္ပဇည သတိပဋ္ဌာန် ဘာဝနာသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ–စသည်ဖြင့်၊ ပါဠိ၌ပင် ဂေါစရ သမ္ပဇည ထင်ရှား၏။ အသမ္မောဟ သမ္ပဇည မထင်ရှား၍ ထင်ရှားအောင်၊ ဣဒဉှိ ကော ဂစ္ဆတိ–စသော စကားရပ်ကို၊ အဋ္ဌကထာဆရာမိန့်သော်။....

ဣဒဉှိ ကော ဂစ္ဆတိ၊ ကဿ ဂမနံ၊ ကိံကာရဏာ ဂစ္ဆတီတိ။ ဧဝံ သမ္ပဇာနနံ သန္ဓာယ ဝုတ္တံ။ ဌာနာဒီသုပိ ဧသေဝ နယော။ တတ္ထ ကောဂစ္ဆတီတိ န ကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဂစ္ဆတိ။ ကဿ ဂမနန္တိ န ကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ ဂမနံ။ ကိံကာရဏာ ဂစ္ဆတီတိ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန ဂစ္ဆတိ။ တသ္မာ သေဧဝံ ပဇာနာတိ၊ ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ။ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။ ဌာနာဒီသုပိ ဧသေဝ နယော။ ။

(သုတ်မဟာဝါ အဋ္ဌကထာ)

ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ကော၊ အဘယ်သူသည်။ ဂစ္ဆတိ၊ သွားပါအံ့နည်း။ ကဿ၊အဘယ်သူ၏။ ဂမနံ၊ သွားခြင်း ဟုတ်ပါအံ့နည်း။ ကာရဏာ၊ အကြောင်းကြောင့်။ ဂစ္ဆတိကိံ၊ သွားသည် မဟုတ်ပါလော။ ဣတိဧဝံ၊ ဤသို့။ ပဇာနနံ၊ သိခြင်းကို။ သန္ဓာယ၊ ရည်၍။ ဣဒံ ဇာနနံ၊ ဤ ယောဂီ၏ သိခြင်းကို။ ဝုတ္တံ၊ ဟောအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းကဲ့သို့သော နည်းပင်တည်း။ တတ္ထဝစနေ၊ ထိုစကား၌။ ကော ဂစ္ဆတီတိ၊ ကော ဂစ္ဆတိ-ဟူသည်ကား။ ကောစိ၊ တစုံတယောက်သော။ သတ္တောဝါ၊ သတ္တဝါ သည်လည်း။ န ဂစ္ဆတိ၊ မသွား။ပုဂ္ဂလောဝါ၊ပုဂ္ဂိုလ်သည်လည်း။န ဂစ္ဆတိ၊မသွား။ကဿဂ မနန္တိ၊ ကဿဂမနံ-ဟူသည်ကား။ ကဿစိ၊ တစုံတယောက်သော၊ သတ္တ ဿဝါ၊ သတ္တဝါ၏လည်း။ န ဂမနံ၊ သွားခြင်းမဟုတ်။ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ် ၏လည်း။ န ဂမနံ၊ သွားခြင်းမဟုတ်။ ကိံကာရဏာ ဂစ္ဆတီတိ၊ ကိံကာရ ဏာဂစ္ဆတိ-ဟူသည်ကား။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရေန၊ စိတ္တဇဝါ ယောဓာတ် လှုပ်ရှားခြင်းကြောင့်။ ဂစ္ဆတိ၊ သွား၏။ တသ္မာ၊ ထို့ကြောင့်။ သေ-သော၊ဤယောဂီသည်။ဧဝံ၊ဤသို့။ပဇာနာတိ၊သိ၏။ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ဂစ္ဆာမီတိ စိတ္တံ၊ သွားအံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ ဝါယံ၊ လေကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ, သူတပါး ၂-ပါးစုံကို သွားတယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် လှုပ်ရှား ခြင်းကြောင့်။ သကလကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့သို့ ဆောင်သည်ကို။ ဂမနန္တိ၊ သွား၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းကဲ့သို့ သော နည်းပင်တည်း။

ထိုမှတပါး၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၏ သဘောလက္ခဏာ နှင့်၊ ဖြစ်ပုံ အခြင်းအရာများကို ထင်ရှားစွာ ပြပြန်လိုသောကြောင့်။ တတြာ ပိဟိ-စသော စကားကို အဋ္ဌကထာဆရာ မိန့်ကြားတော် မူသတည်း။....

တတြာပိဟိ တိဋ္ဌာမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါ ရေန သကလကာယဿ ကောဋိတော ပဋ္ဌာယ ဥဿိတဘာ ဝေါ ဌာနန္တိ ဝုစ္စတိ၊ နိသီဒါမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေ

> တိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန ဟေဋ္ဌိမကာယဿ သမ္မိဉ္ဇနံ ဥပရိမကာယဿ ဥဿိတဘာဝေါ နိသဇ္ဇာတိ ဝုစ္စတိ။ သယာမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊တံ ဝါယံ ဇနေတိ၊ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန သကလသရီရဿ တိရိယတော ပသာရဏံ သယနန္တိ ဝုစ္စတီတိ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

တဖြာပိဟိ၊ ထိုရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့တွင်လည်း။ တိဋ္ဌာမီတိစိတ္တံ၊ ရပ်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ ဝါယံ၊ လေကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို ရပ်တယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန၊ စိတ္တဇဝါယောဓာတ်ပြန့်နှံ့ခြင်းကြောင့်။ သကလကာယဿ၊တကိုယ်လုံး၏။ ကောဋိတော၊ အောက်အစွန်းမှ။ ပဋ္ဌာယ၊ စ၍။ ဥဿိတဘာဝေါ၊ ရပ်စောက် မတ်တန့်သည်၏အဖြစ်ကို၊ ဌာနန္တိ၊ ရပ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိသီဒါမီတိစိတ္တံ၊ ထိုင်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ဝါယံ၊ လေကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို ထိုင်တယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရေန၊ စိတ္တဇ ဝါယောဓာတ် ကျခြင်းကြောင့်။ဟေဋ္ဌိမကာယဿ၊ အောက်ကိုယ်၏။ သမ္မိဉ္ဇနံ၊ ကွေးသည်ကို။ ဥပရိမကာယဿ၊ အထက်ကိုယ်၏။ ဥဿိတဘာဝေါ၊ တည်ထားသည်၏ အဖြစ်ကို။ နိသဇ္ဇာတိ၊ ထိုင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သယာမီတိစိတ္တံ၊ အိပ်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ ဝါယံ၊ လေကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို အိပ်တယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ပြန့်ခြင်းကြောင့်။ သကလသရီရဿ၊ တကိုယ်လုံး၏။ တိရိယတော ပသာရဏံ၊ ဖီလာဆန့်ခြင်းကို။ သယနန္တိ၊ အိပ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

တဘန်၊ သွားခြင်း,ရပ်ခြင်းစသော သဘောသည်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါးမဟုတ်၊ ခေါ်ဝေါ် ပြောဆိုခါမျှ သာတည်းဟု ဆင်ခြင်

စဥ်းစားသည်ကို ပြခြင်း၄ါ။ တဿဝံ—စသော စကားကို အဋ္ဌကထာဆရာ မိန့်ကြားတော်မူသတည်း။

> တဿ ဧဝံ ပဇာနတော ဧဝံ ဟောတိ သတ္တော ဂစ္ဆတိ၊ သတ္တော တိဋ္ဌတီတိ ဝုစ္စတိ။ အတ္ထိပန ကောစိ သတ္တော ဂစ္ဆန္တော ဝါ ဌိတော ဝါ နတ္ထိ။ ပ။ တတော သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတိ၊ အဟံ ဂစ္ဆာမိ အဟံ တိဋ္ဌာမိတိ ဝေါဟာရ မတ္တံ ဟောတိ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

ဧဝံ၊ ဤသို့။ ပဇာနတော၊ သိသော။ တဿ၊ ထိုယောဂီအား။ ဧဝံ–သော ဝိစာရဏာ၊ ဤသို့သော စိစစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကထံ ဟောတိ၊အဘယ်သို့ ဖြစ်သနည်း။သတ္တော၊သတ္တဝါသည်။ဂစ္ဆတိ၊သွား၏။ သတ္တော၊သတ္တဝါသည်။ တိဋ္ဌတိ၊ ရပ်၏။ သတ္တော၊သတ္တဝါသည်။ နိသီဒတိ၊ ထိုင်၏။ သတ္တော၊ သတ္တဝါသည်။ သယတိ၊ အိပ်၏။ ဣတိ၊ ဤသို့။ အဇာနန္တေဟိ၊ မသိကုန်သောသူတို့သည်၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဂစ္ဆန္တော ဝါ၊ သွားသည်လည်းဖြစ်သော။ ဌိတော ဝါ၊ ရပ်သည်လည်းဖြစ်သော။ နိသိန္နော ဝါ၊ ထိုင်သည်လည်း ဖြစ်သော၊ သယာနော ဝါ၊ အိပ်သည်လည်း ဖြစ်သော။ ကောစိ သတ္တော၊ တစုံတယောက်သော သတ္တဝါသည်။ အတ္ထိပန၊ ရှိသလော။ နတ္ထိ၊ မရှိချေ။ပ။ တတော၊ ထိုသို့မရှိခြင်းကြောင့်၊ သတ္တောဂစ္ဆတိ၊ သတ္တဝါ သွား၏။ သတ္တော တိဋ္ဌတိ၊ သတ္တဝါရပ်၏။ သတ္တောနိသီဒတိ၊ သတ္တဝါထိုင်၏။သတ္တော သယတိ၊သတ္တဝါအိပ်၏။အဟံ ဂစ္ဆာမိ၊ငါသွား၏။ အဟံ တိဋ္ဌာမိ၊ ငါရပ်၏။ အဟံနိသဇ္ဇာမိ၊ ငါထိုင်၏။ အဟံ သယာမိ၊ ငါအိပ်၏။ ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ပြောဟောခေါ်ဆိုရုံမျှသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ – သော ဝိစာရဏာ၊ ဤသို့သော စိစစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

## အသမ္မောဟ သမ္ပဇဉ်ကို ပြခြင်း

> အဘိက္ကမာဒီနိ ပန အသမ္မုယှန် အသမ္မောဟသမ္ပဇည်။တံ ဧဝံ ဝေဒိတဗ္ဗံ၊ဣဓဘိက္ခု အဘိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ ယထာ အန္ဓဗာလပုထုဇနာ အဘိက္ကမာဒိသု အတ္တာ အဘိက္ကမတိ၊

အတ္တနာ အတိက္ကမော နိဗ္ဗတ္တိတောတိဝါ အဟံ အတိက္ကမာမိ၊ မယာ အတိက္ကမော နိဗ္ဗတ္တိတောတိဝါ သမ္မုယှန္တိ။ တထာ အသမ္မုယှန္တော အတိက္ကမာမီတိစိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံစိတ္တသမုဋ္ဌာန ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။ ဣတိ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသံဃာတော အတိက္ကမတိ။ ။

(သာမညဖလသုတ်အဖွင့်)

အတိက္ကမာဒီနိ ပန၊အသွားအစ ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ် တို့ကို။ အသမ္မုယှနံ၊ မတွေဝေ မယုံမှားခြင်းသည်။ အသမ္မောဟသမ္ပဇညံ၊ အသမ္မောဟသမ္ပဇညမည်၏။ တံ၊ ထိုအသမ္မောဟသမ္ပဇညကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ကထံ ဝေဒိတဗ္ဗံ၊ အဘယ်သို့ သိအပ်သနည်း။ အန္ဓဗာလပုထုဇ္ဇနာ၊ မိုက်ကန်းသော ပုထုဇဉ်တို့သည်။ အတိက္ကမာဒိသု၊ အသွားအစ ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ်တို့၌။ အတ္တာ၊ မိမိသည်။ အတိက္ကမတိ၊ သွား၏။ အတ္တနာ၊ မိမိသည်။ အတိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိယထာ၊ တွေဝေ ယုံမှားကုန်သကဲ့သို့။ အဟံ၊ ငါသည်။ အတိက္ကမာမိ၊ သွား၏။ မယာ၊ ငါသည်။ အတိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိယထာ၊ တွေဝေ ယုံမှားကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ဣမ၊ဤငါ့ဘုရား သာသနာတော်မြတ်၌။ဘိက္ခု၊ယောဂီရဟန်းသည်။ အတိက္ကမန္တော ဝါ၊ သွားသော်ရင်း။ ပဋိက္ကမန္တော ဝါ၊ ပြန်သော်ရင်း။ အသမ္မုယှန္တော၊ မတွေဝေ မယုံမှားဘဲ။ အတိက္ကမာမီတိ စိတ္တေ၊ သွားအံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ တေနေဝ စိတ္တေန၊ ထိုစိတ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ စိတ္တသမုဋ္ဌာန ဝါယောဓာတု၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို သွားတယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနယမာနာ၊ ဖြစ်စေလျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရဝသေန၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် လှုပ်ရှားသည်၏ အစွမ်းအားဖြင့်။ ကာယသမ္မတော၊ ကိုယ်ဟု သမုတ် အပ်သော။ အယံ အဋ္ဌိသံဃာတော၊ ဤအရိုးစုသည်။ အတိက္ကမတိ၊ သွား၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

ရုပ်နာမ်အစုံကို ပိုင်းခြားသော ဂေါစရသမ္မဇည ဝိပဿနာ၏အဆုံး အဆုံး၊ ဂေါစရသမ္မဇည ဝိပဿနာ၏ အာရုံ၊ရုပ်ကမ္မဋ္ဌာန်း,နာမ်ကမ္မဋ္ဌာန်း ကို ဉာဏ်အဆင့်ဆင့်တက်၍၊ ဝိပဿနာ၏ တဘက်ကမ်းသို့ ရောက်အောင် ဆင်ခြင်နိုင်မှ အသမ္မောဟသမ္မဇည ဖြစ်၏။ ဂေါစရသမ္မဇည ဝိပဿနာ မပါ၊ သာမညရုပ်နာမ်ကို အမြင်သန်အောင် ဆင်ခြင်လျှင်လည်း၊အသမ္မော ဟသမ္မဇည ဝိပဿနာပင်တည်းဟု မကြံဆသာပြီ။

ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ, အာယတန, ဓာတု, ဣန္ဒြိယ, သစ္စ, ပဋိစ္စ သမုပ္ပါဒ နိဒ္ဒေသလာတိုင်း၊ ဂေါစရသမ္မဇည ဝိပဿနာ မပါ၊ ဘာသာ အလျောက် ရုပ်နာမ်ကောက်၍ ဆင်ခြင်လျှင်၊ အသမ္မောဟသမ္မဇဉ် ဝိပဿ နာပင်တည်းဟု ယုံကြည်ကာမျှကို၊ အညတြေဝ သဒ္ဓါယ-ပုဒ်ဖြင့် ပယ်အပ် ပြီ၊၊နှစ်သက်သဘောကျ အာသာဆန္ဒ အလိုရှိခါမျှကို၊ အညတြ အရုစိယာ- ပုဒ်ဖြင့် ပယ်အပ်ပြီ။ သင်အံသေ့ကျက် နှုတ်တက်ရွရွ ကြားရနာရ သုတ မယဉာဏ်ဖြင့် ဆင်ခြင်လျှင်၊ အသမ္မောဟသမ္မဇဉ် အထင်အမြင်ကို၊အညတြ အနုဿဝါ-ပုဒ်ဖြင့် ဆင်ခြင်လျှင်၊ အသမ္မောဟ သမ္မဇဉ် အထင်အမြင်ကို၊ အညတြ အာကာရပရိဝိတက္ကာ-ပုဒ်ဖြင့် ပယ်အပ်ပြီ။ အဟုတ် အမှန် ရဟန္တာအရှင်အမြတ်တို့၏ဉာဏ်လို၊ ယထာဘူတ စိန္တာမယဉာဏ်ဖြင့် ဆင် ခြင်လျှင်၊ အသမ္မောဟသမ္မဇဉ် အထင်အမြင်ကို၊ အညတြ ဒိဋ္ဌိနိဇ္ဈာန ခန္တိ- ယာ-ပုဒ်ဖြင့် ပယ်အပ်ပြီ။

သဒ္ဓါ ရုစိ အနုဿဝ အာကာရပရိတက္က ဒိဋ္ဌိနိဇ္ဈာနခန္တိ၊၅-လီဋ္ဌာန ဆင်ခြင် သောဉာဏ်မျှသည်၊ ဂေါစရသမ္မဇဉ် ဝိပဿနာအမည်လည်းမတွင်၊ အသမ္မောဟသမ္မ ဇဉ်လည်း မဟုတ်၊ ဝိပဿနာဝိမုတ်ဟု၊ ယုံကြည်စွာ မှတ်ယူအပ်ပေသတည်း၊

## ဂေါစရသမ္မဇဉ်ကို ပြခြင်း

ဂေါစရသမ္မဇည, အသမ္မောဟသမ္မဇည ၂-ပါးတို့တွင်၊ အသမ္မော ဟ သမ္မဇညသည်၊ ဂေါစရသမ္မဇည၏ တဘက်ကမ်းသို့ရောက် နောက်မှ ဖြစ်၏။ ဂေါစရသမ္မဇညသည်၊ ရှေးဦးစွာဖြစ်၏။ ဂေါစရသမ္မဇညသည် လည်း၊ ရုပ်ကို ပိုင်းခြားသောဉာဏ်,နာမ်ကို ပိုင်းခြားသော ဉာဏ်အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ရုပ်ကို ပိုင်းခြားသော ဉာဏ်သည်၊ ရှေးဦးစွာဖြစ်၏။ နာမ်ကို ပိုင်းခြားသောဉာဏ်သည်၊ နောက်မှဖြစ်၏။

ရုပ်ကို ပိုင်းခြားသောဉာဏ်သည်လည်း။ ခဏကာလအားဖြင့် ရုပ်ကို ပိုင်းခြားသောဉာဏ်,သန္တတိ ကာလအားဖြင့် နာမ်ကို ပိုင်းခြားသောဉာဏ် အားဖြင့် ၂-ပါး အပြားရှိ၏။ နာမ်ကို ပိုင်းခြားသောဉာဏ်သည်၊ သန္တတိ ကာလအားဖြင့် ပိုင်းခြားသောဉာဏ် ၁-ပါးသာရှိ၏။ ဖြစ်ဆဲ ဖြစ်သော နာမ်ရုပ်သည်၊ ခဏကာလ မည်၏။ ဖြစ်ပြီး၍ တဝီထိ, ၂-ဝီထိ, ၃-ဝီထိ လွန်သော နာမ်ရုပ်သည်၊ သန္တတိကာလမည်၏။ ထိုခဏကာလ, သန္တတိ ကာလ ၂-ပါးတို့တွင်၊ တဝီထိ၏ အတွင်း၌ဖြစ်သော ရုပ်ကို၊ တဝီထိ၏ အတွင်းဖြစ်သော ပထမဝီထိ ဇောကာလဖြင့် ပိုင်းခြားခြင်းသည်၊ ခဏကာ လဖြင့် ရုပ်ကို ပိုင်းခြားသည်မည်၏။ ။

ဇုန္ဓိယသံဝရနှင့် အာရမ္မဏ ပူခရဇာတ ဝတ္ထာရမ္မဏ ပူရေဇာတကို၍။

ဖြစ်ပြီး၍၊ တဝီထိလွန် ၂-ဝီထိလွန်သော ရုပ်ကို၊ ဒုတိယဝီထိ ဇော ကာလ, တတိယဝီထိ ဇောကာလဖြင့် ပိုင်းခြားခြင်းသည်၊ သန္တတိကာလ ဖြင့် ရုပ်ကို ပိုင်းခြားသည်မည်၏။ ပထမဝီထိ ဇောကာလဖြင့် ရုပ်ကိုပိုင်း ခြား, ဒုတိယဝီထိဇောကာလဖြင့် ရုပ်ကိုပိုင်းခြား,တတိယဝီထိ ဇောကာလ ဖြင့် ရုပ်ကို ပိုင်းခြားသောစိတ်ကို၊ စတုတ္ထ ဇောကာလဖြင့် ပိုင်းခြား ခြင်း သည်၊ သန္တတိကာလဖြင့် နာမ်ကို ပိုင်းခြားသည်မည်၏။ အရမ်းမဲ့ ကောင်း ကင် လက်ဖွေ့သတ် သင်သလို၊ မှတ်ချင်တိုင်း မှတ်ရသည် မဟုတ်ချေ။

မှတ်ချင်တိုင်း မှတ်ခဲ့ချေသော်၊ ပထဝီစ ဒူရေ၊ နဘံစ ဒူရေ၊ ကောင်း ကင်နှင့် မြေကြီး ဝေးကြီး ဝေးသလို ဝေးမည်။ ထို့ကြောင့်၊ ဖြစ်ဆဲ-ဖြစ်ဆဲ သော ပစ္စုပ္ပန် နာမ်ရုပ်ကို၊ သိမှတ်ပိုင်းခြား အားမထုတ်ဘဲ၊ နာမ်ရုပ်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို၊ သင်အံ လေ့ကျက် တွေးတော ကြံဆ၊ အမည်နာမ သရုပ်သချၤာ၊ ဝိပဿနာ ဉာဏ်မှာ ထင်လာအောင်၊ မှတ်ချင်တိုင်း သိမှတ်ပိုင်းခြား အားထုတ်ရမည်ဟု၊ ပါဠိ အဋ္ဌကထာ ဋီကာ တို့၌ တစိုးတစိမျှ မဆိုချေ။ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်-ပစ္စုပ္ပန်လက္ခ ဏာ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော၊ ဖြစ်ဆဲ ပစ္စုပ္ပန် နာမ်ရုပ်ကိုသာ ရည် တော်မူ၍၊ ဖြစ်ဆဲ-ဖြစ်ဆဲသော ရုပ်ခဏ,နာမ်ခဏ ကာလကို၊ သိမှတ်ပိုင်း ခြား အားထုတ်ရမည် ဆိုချေသည်။

ဖြစ်ဆဲ ရုပ်ခဏသည်၊ ဆတ်ဆတ်မုချ ပရမတ္ထအားဖြင့် ရုပ္ပနလက္ခ ဏာမည်၏။ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄-ပါးနှင့်လည်း ပြည့်စုံ၏။ ဖြစ်ဆဲ

နာမ်ခဏသည်၊ ဆတ်ဆတ်မှုချ ပရမတ္ထအားဖြင့် နမနလက္ခဏာ မည်၏။ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄-ပါးနှင့်လည်း ပြည့်စုံ၏၊ ဖြစ်ဆဲ ရုပ်ခဏ, နာမ်ခဏကို၊ မိဿကအားဖြင့် ထိုက်သည် အားလျော်စွာ၊ သိမှတ် ပိုင်းခြားရာ ဌာန ကာလဖြင့်၊ သိမှတ် ပိုင်းခြားမှုသာလျှင်၊ ရှေ့ကပျက်သော ရုပ်နာမ် အစဉ်၊ နောက်ကဖြစ်သော ရုပ်နာမ်အစဉ် မရောယှက်သည်ဖြစ်၍၊ ရှေ့က ပျက်သော ရုပ်နာမ်အစဉ်လည်း တခြားပင်ထင်သည်။ နောက်ကဖြစ်သော ရုပ်နာမ်အစဉ်လည်း တခြားပင်ထင်သည်။ ထင်အောင် ရှေ့ကပျက်သော ရုပ်နာမ်အစဉ်နှင့်၊ နောက်ကဖြစ်သော ရုပ်နာမ်အစဉ် မရောယှက်သော ခဏကာလ ခြားပုံမှာ။—

သွားသောခဏ၊ သွား–သွားတယ်၊ သွားတယ်မှတ်– မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မသွားမှီက ရုပ်အစဉ်, သွားသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သွားသော ရုပ်အစဉ်,သွားတယ်မှတ်သော စိတ်အစဉ်၊ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သွား–သွားတယ် မှတ်သော စိတ်အစဉ်၊ သွားတယ် မှတ် – မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

သိမှတ်ပိုင်းခြားသောဉာဏ်မှာ ဝိညာဏ်၏အာရုံထင်သောအတိုင်း၊ ရုပ်သက်သက်, နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,ယောကျ်ား,မိန်းမ မထင်။

ရုပ်သောခဏ, ထိုင်သော ခဏ, အိပ်သော ခဏ, ဘယ်လှမ်းသော ခဏ, ညာလှမ်းသော ခဏ၊ တလှမ်း တလှမ်း၌၊ ကြွသောခဏ, ဆောင်သောခဏ , ရှောင်သောခဏ, လွှတ်သောခဏ, ချသောခဏ, နင်းသော ခဏ, ရှေ့ကြည့်သောခဏ, နောက်ကြည့်သောခဏ၊ လကျ်ာဘေးကြည့် သောခဏ, လက်ဝဲဘေးကြည့်သောခဏ၊ အောက်ကြည့်သောခဏ,အထက် ကြည့်သောခဏ၊ ကွေးသောခဏ,ဆန့်သောခဏ၊ ကိုင်သောခဏ,ယူသော ခဏ, စားသောခဏ, သောက်သောခဏ၊ ခဲသောခဏ, လျက်သောခဏ၊ ကျင်ကြီးစွန့်သောခဏ, ကျင်ငယ်စွန့်သောခဏ၊ အိပ်သောခဏ, နိုးသော ခဏ၊ ပြောသောခဏ, ဆိတ်ဆိတ်နေသောခဏ၊ ဆိတ်ဆိတ်နေ နေတယ်၊ နေတယ်မှတ် မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ ဆိတ်ဆိတ်မနေ

မှိုက ရုပ်အစဉ်, ဆိတ်ဆိတ်နေသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

ဆိတ်ဆိတ် နေသော ရုပ်အစဉ်၊ နေတယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ဆိတ်ဆိတ်နေ နေတယ်မှတ်သော စိတ်အစဉ်၊ နေဘယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ဝိညာဉ်၏အာရုံထင်သောအတိုင်း၊ရုပ်သက်သက် နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ မထင်။

## ဓါတ်ကြီး ၄-ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း

ပထဝီ ကက္ခဠလက္ခဏာ ထင်ပုံမှာ၊ ချသောခဏ, နင်းသောခဏ, နှိပ်သောခဏ, ဖိသောခဏ, စူးသောခဏ, ရှသောခဏ, တိုက်သောခဏ, ထိသောခဏ၊ ထိ—ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့်၊ မထိမှိုက ရုပ်အစဉ်,ထိသောရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ထိသော ရုပ်အစဉ်, ထိတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ထိ-ထိတယ်မှတ်သော စိတ်အစဉ်,ထိတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဏ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက် နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား,မိန်းမ မထင်။

အာပေါ ပဂ္ဃရဏ လက္ခဏာ ထင်ပုံမှာ။ ချွဲပတ်သောခဏ, ပြည်ထွက်သော ခဏ, သွေးထွက်သော ခဏ, ချွေးထွက်သော ခဏ, မျက်ရေထွက်သောခဏ,ဆီကြည်ထွက်သောခဏ,တံတွေးထွေးသောခဏ,နှပ်ညှစ်သောခဏ။

တေဇောဥဏှတ္တ လက္ခဏာထင်ပုံမှာ။ ပူသောခဏ,အိုက်သောခဏ, လောင်သောခဏ, ကျက်သောခဏ။ ။သီတလက္ခဏာထင်ပုံမှာ။ အေးသောခဏ,ချမ်းသောခဏ။

ဝါယောစလန လက္ခဏာထင်ပုံမှာ။ လှုပ်ရှားသောခဏ, ရွေ့သော ခဏ, ချီသောခဏ, ဆောင်သောခဏ, ရှောင်သောခဏ, သွားလာသော ခဏ, ကွေးသောခဏ, ဆန့်သောခဏ, တိုးဝှေ့သောခဏ၊ တိုးဝှေ့-တိုး ဝှေ့တယ်၊ ဝှေ့တယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မတိုးဝှေ့မီက ရုပ်အစဉ်၊ တိုးဝှေ့သော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

တိုးဝှေ့သော ရုပ်အစဉ်, တိုးဝှေ့တယ် မှတ်သော စိတ်အစဉ်၊ ကိ လေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ တိုးဝှေ့-ဝှေ့တယ် မှတ် သော စိတ်အစဉ်, ဝှေ့တယ်မှတ်–မှတ်တယ်မှတ်သော စိတ်အစဉ်၊ ကိလေ သာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသောဉာဏ် မှာ၊ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက်, နာမ်သက်သက် မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ မထင်။

ဝေဒနာ ဝေဒယိတလက္ခဏာ ထင်ပုံမှာ။ နာသောခဏ, ကျင်သော ခဏ,ကိုက်သောခဏ, ခဲသောခဏ,အောင့်သောခဏ,အင့်သောခဏ, နင့် သောခဏ,သက်သာသောခဏ,မသက်သာသောခဏ,နှစ်သက်သောခဏ, မနှစ်သက်သောခဏ၊ နှစ်သက် – နှစ်သက်တယ်၊ နှစ်သက်တယ်မှတ် – မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မနှစ်သက်မီက ဝေဒနာ အစဉ်,နှစ်သက်သော ဝေဒနာစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်း အခြား ထင်၏။ နှစ်သက်သော ဝေဒနာအစဉ်, နှစ်သက်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။နှစ်သက်– နှစ်သက်တယ် မှတ်သော စိတ်အစဉ်, နှစ်သက်တယ်မှတ်–မှတ်တယ် မှတ် သောစိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ နာမ်ရုပ် သက်သက်သာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,ယောကျ်ား, မိန်းမ မထင်။

ကိလေသာနှင့်တကွ စိတ်, ကိလေသာ ကင်းသောစိတ်၊ ဝိဇာနန လက္ခဏာထင်ပုံမှာ။ သရာဂစိတ်–တပ်မက်သောခဏ၊ ဝိတရာဂစိတ်–မတပ် မက်သောခဏ၊ သဒေါသစိတ်–စိတ်ဆိုးသောခဏ၊ ဝိတဒေါသစိတ်–စိတ် မဆိုးသောခဏ။သမောဟစိတ်–မသိသောခဏ၊ ဝိတမောဟစိတ်-သိသော

ခဏ၊ သံခိတ္တစိတ် အားမထုတ်ဝံ့-တွန့်သောခဏ၊ ဝိက္ခိတ္တစိတ်-ပျံ့လွင့်သော ခဏ၊ သမာဟိတစိတ်-တည်ကြည်သောခဏ၊ အသမာဟိတစိတ်-မတည်ကြည်သောခဏ၊ ဝိမုတ္တစိတ်-ကိလေသာမှ လွတ်သောခဏ၊ အဝိမုတ္တစိတ်--ကိလေသာမှ မလွတ်သော ခဏ၊ ကိလေသာမှ လွတ်သော ခဏ၊ လွတ်-လွတ်တယ်၊ လွတ်တယ်မှတ်-မှတ်တယ်ဟု သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မလွတ်မှီက စိတ်အစဉ်, လွတ်သောစိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

လွတ်သော အစိတ်အစဉ်, လွတ်တယ်မှတ်သော စိတ်အစဉ်၊ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ လွတ်-လွတ်တယ်မှတ်သော စိတ်အစဉ်, လွတ်တယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ သိမှတ်ပိုင်းခြားသောဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ နာမ်သက်သက်မျှသာ ထင်၏။ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မထင်။

## အာရုံ ၆-ပါးနှင့် ကိလေသာမစပ်ပုံ ပြခြင်း

ဝိညာဉ် ၆-ပါး၏အာရုံထင်ပုံ ခဏကာလမှာ။ မြင်သောခဏ၊ မြင်--မြင်တယ်၊ မြင်တယ်မှတ် - မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မမြင်မှီက ရုပ်အစဉ်, မြင်သော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ။မြင်သော ရုပ်အစဉ်, မြင်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ မြင်-မြင်တယ်မှတ်သော စိတ်အစဉ်, မြင်တယ်မှတ် - မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

ကြားသောခဏ၊ ကြား-ကြားတယ်၊ ကြားတယ်မှတ်-မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မကြားမှီက ရုပ်အစဉ်, ကြားသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ကြားသော ရုပ်အစဉ်,ကြားတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ကြား-ကြားတယ်မှတ်သော စိတ်အစဉ်,ကြားတယ်မှတ် - မှတ်ဘယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

နံသောခဏ၊ နံ-နံတယ်၊ နံတယ်မှတ်-မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊မနံမှီက ရုပ်အစဉ်,နံသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ်ပြတ်သော အပိုင်းအခြားထင်၏။ နံသော ရုပ်အစဉ်, နံတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ နံ-နံတယ်မှတ်သော စိတ်အစဉ်,နံတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

စားသောခဏ၊စား-စားတယ်၊ စားတယ်မှတ်-မှတ်တယ်ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊ မစားမှီက ရုပ်အစဉ်,စားသော ရုပ်အစဉ်၊ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ စားသော ရုပ်အစဉ်, စားတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ စား-စားတယ် မှတ်သော စိတ်အစဉ်, စားတယ်မှတ်- မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။

ထိသောခဏ၊ထိ-ထိတယ်၊ထိတယ်မှတ်-မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့်၊ မထိမှီက ရုပ်အစဉ်, ထိသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ထိသော ရုပ်အစဉ်, ထိတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ထိ-ထိတယ် မှတ်သော စိတ်အစဉ်, ထိတယ်မှတ်- မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

သိသောခဏ၊ သိ-သိတယ်၊ သိတယ်မှတ် - မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့်၊ မသိမှီက ရုပ်အစဉ်, သိသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိသော ရုပ်အစဉ်၊ သိတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်း အခြား ထင်၏။ သိ-သိတယ်မှတ်သော စိတ်အစဉ်, သိတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ သိမှတ် ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ရုပ်သက်သက်,နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မထင်။

မြင်သောရုပ် ကြားသောရုပ် 'နံသောရုပ်, စားသောရုပ်, ထိသောရုပ်,သိသောရုပ်ကို ပြေဆိုခဲ့ပြီးသောအတိုင်း၊ သတ္တဝါတို့၏အမှတ် မူလသို့လိုက်၍၊ မုချ, ဉပစာ သင့်အောင် ယူကြပါကုန်၊ အပြစ်ကို အလွန်မရှုကြပါကုန်လင့်၊

## ဝိညာဏ်နှင့် ကိလေသာ မစပ်ပုံကို ပြခြင်း

ဝိညာဏ်၏အာရုံ၊ ရုပ်သက်သက်,နာမ်သက်သက်မျှသာထင်၏။ ကိလေသာ၏အာရုံ၊ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ မထင်ဆိုသော စကားရှိ၏။ မြင်သောခဏ၊ စက္ခုဝိညာဏ် မြင်၏။ ကြားသောခဏ၊ သောတဝိညာဏ် ကြား၏။ နံသောခဏ၊ ဃာနဝိညာဏ် နံ၏။ စားသောခဏ၊ ဇိဝှါဝိညာဏ် စား၏။ ထိသောခဏ၊ ကာယဝိညာဏ် ထိ၏။ သိသောခဏ၊ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ် သိ၏။ မြင်ခြင်း, ကြားခြင်း,နံခြင်း, စားခြင်း, ထိခြင်း, သိခြင်းသည်၊ ဝိပါက် ကြိယာစိတ်မျှသာ ဖြစ်သောကြောင့်၊ ပုဗ္ဗဂ်မပဓာနအားဖြင့်၊ ကိလေသာနှင့်မယှဉ် ဝိညာဏ် မည်၏။

မြင်သော စက္ခုဝိညာဏ်၏အာရုံ အဆင်း၊ ကြားသော သောတဝိညာဏ်၏အာရုံ အသံ၊ နံသော ဃာနဝိညာဏ်၏အာရုံ အနံ့၊ စားသော ဇိဝှါဝိညာဏ်၏အာရုံ အရသာ၊ ထိသော ကာယဝိညာဏ်၏အာရုံ အတွေ့၊ သိသော မနောဝိညာဏ်၏အာရုံ သဘော။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘောသည်၊ ပညတ်နှင့် မရောမစပ် ပရမတ်ဆတ်ဆတ် ဖြစ်သောကြောင့်၊ ကိလေသာနှင့် မယှဉ်၊ ဝိညာဏ်၏အာရုံ ရုပ်သက်သက်,နာမ်သက်သက်မည်၏။

ဇောကာလ မှတ်သောခဏ၊ မြင်–မြင်တယ်၊ ကြား–ကြားတယ်၊ နံ–နံတယ်၊ စား–စားတယ်၊ ထိ–ထိတယ်၊ သိ–သိတယ် မှတ်ခြင်းသည်၊ ပညတ်နှင့် မရောမစပ်၊ပရမတ်ဆတ်ဆတ်၊ ကိလေသာနှင့်မယှဉ်၊ဝိညာဏ်၏အာရုံ ရုပ်သက်သက်, နာမ်သက်သက်မျှသာ ထင်သောကြောင့်၊ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မထင်သည် မည်၏။

ကိလေသာ အကုသိုလ် ဟူသမျှ၊ မုချဆတ်ဆတ် ပရမတ်ပင် ဖြစ်သော်လည်း၊ မိန်းမ, ယောကျ်ား စသည်အမှတ် ပညတ်မထင်ဘဲ မဖြစ်နိုင်ဟူ၍ မှတ်ယူသိရှိကြပါလေ။

တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ မုတေ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ ယတောခေါ် တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

သုတေ မုတေ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ တတော တွံ ဗာဟိယ နတေန၊ ယတော တွံ ဗာဟိယ နတေန၊ တတော တွံ ဗာဟိယ န တတ္ထ၊ ယတော တွံ ဗာဟိယ န တတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ န ဥဘယ မန္တရေန ဧသေဝန္တော ဒုက္ခဿ။

ဗာဟိယ၊ ချစ်သား ဗာဟိယ။ ဣဟ၊ ဤငါဘုရား သာသနာတော်မြတ်၌။ တေ–တယာ၊ သင်သည်။ ဧဝံ၊ ဤသို့။ ယသ္မာ၊ အကြင့်ကြောင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ သင်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြားရုံမျှသည်။ မုတေ၊ နံသော,စားသော,ထိသော တွေ့ရာ၌။ မုတမတ္တံ၊ တွေ့ရုံမျှသည်။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတောခေါ၊ အကြင့်ကြောင့်လျှင်။ တေ၊ သင့်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြားရုံမျှသည်။ မုတေ၊ နံသော, စားသော, ထိသော တွေ့ရာ၌။ မုတမတ္တံ၊ တွေ့ရုံမျှသည်။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

ဗာဟိယ၊ ချစ်သား ဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ သင်သည်။ တေန၊ ထိုသို့ မြင်ရုံမျှ,ကြားရုံမျှ,နံသော, စားသော,ထိသော တွေ့ရုံမျှ သိရုံမျှဖြင့်။ အတ္တာနံ၊ ကိုယ်ကို၊ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော၊အကြင့်ကြောင့်။ တွံ၊သင်သည်။ တေန၊ ထိုသို့ မြင်ရုံမျှ,ကြားရုံမျှ,နံသော,စားသော,ထိသော တွေ့ရုံမျှ သိရုံမျှဖြင့်။အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ သင်သည်။ တတ္ထ၊ ထိုမြင်ရာ, ကြားရာ, နံသော, စားသော, ထိသော တွေ့ရာ သိရာ၌။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော၊ အကြင့်ကြောင့်။တွံ၊ သင်သည်။ တတ္ထ၊ ထိုမြင်ရာ,ကြားရာ,နံသော,စားသော, ထိသော တွေ့ရာ သိရာ၌။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဣဓ၊ ဤမျက်စိ, နား,နှာ,လျှာ, ကိုယ်,စိတ် ၆–ဒွါရ၌။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊

မမြင်လတံ့။ ဟုရုံ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော အာရုံ ၆-ပါး၌။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတံ့။ ဥဘယ မန္တရေန၊ ဒွါရ, အာရုံ ၂-ပါးစုံတို့၏အကြား စိတ်စေတသိက် နာမ် တရား၌။အတ္တာနံ၊ကိုယ်ကို။ န ပဿိဿတိ၊ မမြင်လတံ့။ သေဝ-သော ဧဝ အနတ္တာ၊ ဤသို့သော ပညတ်သဘော သင်မမြင်သော ကိုယ်သည်ပင် လျှင်။ ဒုက္ခဿ၊ သင်ဟုသမုတ် ဝဋ္ဋဒုက္ခ၏။ အန္တော၊ အဆုံးအပြီး နိဗ္ဗာန် ကြီးပင်တည်း။

အတ္တာနံ နပဿတီတိ အနတ္တ-ပြု။ ယော သော-ကား နိဗ္ဗာန်စွဲ။ ၊ ယော အန္တော အကြင် အဆုံးအပြီး နိဗ္ဗာန်ကြီးသည်။ အတ္တာနံ၊ ကိုယ်ကို။န ပဿတိ၊ မိမိလည်း မမြင်တတ်, သူ့ကိုလည်း မမြင်စေတတ်။ဣတိ၊ ထို့ကြောင့်။သော အန္တော၊ ထိုအဆုံးအပြီး နိဗ္ဗာန်ကြီးသည်။ အနတ္တာ၊ အနတ္တမည်၏။

အတ္တ၏ အရကား၊ ရှိသဖြင့် မချုပ်,ဖြစ်သဖြင့် မချုပ်သော၊ ကိလေ သာ အနုသယ, ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာနာမ်ရုပ် တရားကိုယ်တည်း။ အနတ္တ၏ အရကား၊ မရှိသဖြင့် ချုပ်,မဖြစ်သဖြင့် ချုပ်သော ကိလေသာ အနုသယ ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာနာမ်ရုပ် တရားကိုယ်တည်း။ ထို့ ကြောင့် အတ္တ၏အနက်မြန်မာ ကိုယ်-ဟု ယသတ် ပြန်ဆိုမှ သင့်မည်။ အဘယ့်ကြောင့်နည်း၊ ဤဗာဟိယသုတ်ကို ကြားနာရသောကာလ၊ဝိပဿ နာနှင့်တကွ အစဉ်အတိုင်း ၄-ပါးသောမဂ်ဖြင့် ကိုယ်ကိုမမြင် အနတ္တထင် သဖြင့်၊ ဗာဟိယ ဒါရုစီရိယ မထေရ် နိဗ္ဗာန်ကို မြင်သောကြောင့် ဟူပေ သတည်း။

ဤဗာဟိယသုတ်ဖြင့် အစပင် ဖြစ်သော်လည်း၊ ဝိပဿနာ မှန်လျှင် ဝိညာဏ်၏အာရုံမျှသာ ထင်ပုံ၊ ကိလေသာ၏အာရုံ မထင်ပုံ။ကိလေသာ၏ အာရုံ မထင်လျှင်လည်း၊ တဒင် တဒင် ကိလေသာ ချုပ်ပုံ။ ကိလေသာ ချုပ်လျှပ်လည်း၊ တဒင် တဒင် ဘဝတဖန် ခန္ဓာနာမ်ရုပ် ချုပ်ပုံ။ နောက် ဉာဏ်အဆင့်ဆင့် မြင်သဖြင့်၊ ကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ် ချုပ်လျှင် လည်း၊တဒင် တဒင် ဉာဏ်ဖြင့်ထင်ထင် ကိုယ်ကို မမြင်ပုံ။ကိုယ်ကို မမြင်လျှင် လည်း၊ တဒင် တဒင် အနတ္တထင်ပုံ။ အနတ္တထင်လျှင်လည်း၊ တဒင် တဒင် နိဗ္ဗာန်ကိုမြင်ပုံ၊ အလုံးစုံကို အကုန်မကြွင်း၊ အကျဉ်းအားဖြင့် သိမှတ်၍၊ မြဲမြံစွာ မှတ်ယူအပ်လှပေသတည်း။

## ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံသာ ထင်ပုံကို ပြခြင်း

မဂ်ဖြင့် အနုသယ,ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာနာမ်ရုပ် အကြွင်းမဲ့ ချုပ်သော နိဗ္ဗာန်ကို၊ နောက်မှ အကျယ်ဆိုလတံ့။

အစပင်ဖြစ်သော်လည်း၊ ဝိပဿနာမှန်လျှင် ဝိညာဏ်၏အာရုံမျှသာ ထင်ပုံ၊ ကိလေသာ၏အာရုံ မထင်ပုံ–ဆိုသော စကားရပ်၌၊ ဝိပဿနာမှန် လျှင် ဝိညာဏ်၏အာရုံသာထင်၏၊ ကိလေသာ၏အာရုံ မထင်။ ဝိပဿနာ မမှန်လျှင် ကိလေသာ၏အာရုံသာထင်၏၊ ဝိညာဏ်၏အာရုံမထင်။ ဝိညာဏ် ဖြင့်သိသောခဏ၊ဘယ်ပုဂ္ဂိုလ်မျိုးမဆို ဝိညာဏ်၏အာရုံတူမျှကြ၏။ ဇောကာ လ မှတ်သောခဏ၊ မတူမျှကြ။ သွားသော ခဏ၊ ခွေး မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့သည်လည်း၊ သွားသော ရုပ်သက်သက်ကို အာရုံပြု၍၊ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့်၊ သွား–သွားတယ်ဟု သိကြ ကုန်၏။ ဇောကာလ မှတ်သောခဏ၊ ကိလေသာ၏အာရုံဖြစ်သော သွား သောသတ္တဝါကို အာရုံပြု၍၊ ငါသွား,ငါသွားတယ်ဟု မှတ်ကြကုန်၏။ မှတ် သောအတိုင်းလည်း ပြောဆိုကြကုန်၏။ ဝိညာဏ်၏အာရုံ မထင်ကြကုန်။

သွားသောခဏ ယောဂီပုဂ္ဂိုလ်တို့သည်လည်း၊ သွားသော ရုပ်သက် သက်ကို အာရုံပြု၍၊ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့်၊ သွား– သွားတယ်ဟု သိကြကုန်၏။ ဇောကာလ မှတ်သောခဏလည်း၊ ဝိညာဏ်၏ အာရုံဖြစ်သော သွားသောရုပ်သက်သက်ကိုပင်အာရုံပြု၍၊သွား–သွားတယ် ဟူ၍ပင် မှတ်ကြကုန်၏။ မှတ်သောအတိုင်းသာ ပြောဆိုကြကုန်၏။ ကိလေ သာ၏အာရုံ မထင်ကုန်။ ထို့ကြောင့် အစပင်ဖြစ်သော်လည်း၊ ဝိပဿနာ မှန်လျှင် ဝိညာဏ်၏အာရုံမျှသာ ထင်ပုံ၊ ကိလေသာ၏အာရုံ မထင်ပုံဟု ဆို သည်။ ဤနိဒဿနဲ နည်းဖြင့် ဖြေဆိုပုံကိုမှတ်၍၊ ဖြေဆိုရန်အလုံးစုံကို အကုန် သိမ်းကြုံး၍၊ ပြီးဆုံးအောင် သိသင့်လှပေပြီ။

လက္ခဏာသည်၊ သဘာဝ လက္ခဏာ, သင်္ခတ လက္ခဏာ, သာမည လက္ခဏာအားဖြင့် ၃–ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ ဖြစ်ဆဲသော နာမ်ရုပ်သည်၊ သဘာဝလက္ခဏာမည်၏။ ဖြစ်ဆဲသော နာမ်ရုပ်၏ ဥပါဒ်, ဌီ,ဘင်သည်၊ သင်္ခတလက္ခဏာမည်၏။ ဥပါဒ်,ဌီ,ဘင် သင်္ခတလက္ခဏာ၏ မမြဲဟု မှတ်အပ်သော၊ ဖေါက်ပြန် ပျက်စီးသော အခြင်းအရာ၊ ဆင်းရဲဟု မှတ်အပ်သော နှိပ်စက်သော အခြင်းအရာ၊ အစိုးမရဟု မှတ်အပ်သော အလိုသို့ မလိုက်သော အခြင်းအရာသည်၊ သာမညလက္ခဏာ မည်၏။

သာမညသက္ခဏာ ထင်အောင်၊သန်္တတလက္ခဏာကို သိမှတ်ပိုင်းခြားအပ်၏။ သန်္တတ သက္ခဏာ ထင်အောင်၊ သဘာဝလက္ခဏာကို သိမှတ်ပိုင်းခြားအပ်၏။ သဘာဝလက္ခဏာ ထင်အောင်၊ ဖြစ်ဆဲရုပ်နာမ်ကို သိမှတ်ပိုင်းခြားအပ်၏။ ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ်ဖြင့် သိသောခဏ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ဖြစ်ဆဲသော နာမ်ရုပ်ကို အာရုံပြု၍၊ နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ ဝိညာဏ်ဖြင့်သိ၏။ သိသော်လည်း ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ် သိရုံမျှသာဖြစ်၍၊ နာမ်ရုပ် အပိုင်းအခြားလည်း မဖြစ်၊ ဝိပဿနာလည်း မဟုတ်။ ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ်သည်၊ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ဝိညာဏ်မည်၏။ ဖြစ်ဆဲသောနာမ်ရုပ်သည်၊ ကိလေသာ၏အာရုံ မဟုတ်သည်ဖြစ်၍ ဝိညာဏ်၏အာရုံ မည်၏။

ဇောကာလ မှတ်သောခဏ၊ ဝိပဿနာကို အားမထုတ်နိုင်သော၊ ခွေး မြေခွေး အစရှိသော အန္ဓဗာလပုထုဇဉ်သည်၊ကိလေသာ၏အာရုံဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍၊ ဖြစ်ဆဲသော နာမ်ရုပ်ကိုပင်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ဝိညာဏ်၏အာရုံလည်း မထင်၊ နာမ်ရုပ် အပိုင်း အခြားလည်း မဖြစ်၊ ဝိပဿနာလည်း မဟုတ်။

ဇောကာလ မှတ်သောခဏ၊ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဝိညာဏ်၏အာရုံ ဖြစ်သော ဖြစ်ဆဲသော နာမ်ရုပ်ကိုသာ အာရုံပြု၍၊ နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြား၏။ ကိလေသာ၏အာရုံလည်း မထင်၊ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၏။ ဝိပဿနာလည်း ဟုတ်၏။

ဤသို့ ဇောကာလ မှတ်သောခဏ၊ ဝိပဿနာလည်း မဟုတ်၊ နာမ်ရုပ် အပိုင်းအခြားလည်းမဖြစ်၊ ဝိညာဏ်၏အာရုံလည်း မထင်၊ ကိလေသာ၏အာရုံဖြစ်သော သတ္တဝါကိုသာအာရုံပြု၍၊ ဖြစ်ဆဲသော နာမ်ရုပ်ကိုပင်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု ထင်မှတ်သော၊ ဝိပဿနာကို အားမထုတ်နိုင်သော ခွေးမြေခွေး အစရှိသော၊ အန္ဓဗာလပုထုဇဉ်တို့၏ အထင်အမှတ်ကို ပယ်ရှား၍၊ ဇောကာလ မှတ်သောခဏ၊ ဝိပဿနာလည်း ဟုတ်၊ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၊ ကိလေသာ၏ အာရုံလည်း မထင်၊ ဝိညာဏ်၏အာရုံဖြစ်သော၊ ဖြစ်ဆဲသော နာမ်ရုပ်ကိုသာ အာရုံပြု၍၊ နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြားသော၊ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ သိမှတ်

ပိုင်းခြားသောနည်းဖြင့်၊ သိမှတ် ပိုင်းခြားပါများသော်၊ နာမရူပပရိစ္ဆေဒ ဉာဏ် တဘက်ကမ်းသို့ရောက်၏။

ဤသို့ နာမရူပပရိစ္ဆေဒဉာဏ် တဘက်ကမ်းသို့ ရောက်သည်ရှိသော်၊ မှချဆတ်ဆတ် ပရမတ်အားဖြင့် နာမ်ရုပ်မျှသာရှိ၏။ နာမ်ရုပ်မှ တပါး ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး,ယောကျ်ား, မိန်းမ, လူနတ် ဗြဟ္မာမရှိဟု၊ အကြင်အခါကာလ ဆုံးဖြတ်သောဉာဏ်ဖြစ်၏၊ထိုအခါကာလ နာမရူပ ပရိ စ္ဆေဒဉာဏ် တဘက်ကမ်း ရောက်၏။ နာမ်ရုပ်မျှသာ ထင်၏။ သတ္တသညာ ဒိဋ္ဌိကွာ၏။ နာမ်ရုပ်ကို ပိုင်းခြားသောဉာဏ် အစဉ်မပြတ် စပ်၏။ နေ့ရော ညဉ့်ပါ အခါမစဲ၊ အမြဲမပြတ်မလပ်အောင် နာမ်ရုပ်ထင်၏။ သတ္တသညာ ပျောက်၏။ နာမရူပပရိစ္ဆေဒဉာဏ်သည်၊ ဂေါစရသမ္ပဇဉ်မည်၏။ ဆုံးဖြတ် သော ဉာဏ်သည်၊ အသမ္မောဟသမ္ပဇဉ်မည်၏။

**နာမရူပပရိစ္ဆေဒဉာဏ်**

**ပြီး ၏။**

# ပစ္စယပရိဂ္ဂဟဉာဏ်

## ဝိပဿနာ သမ္ပဇဉ်ကို ပြခြင်း

ယသ္မာ မဟာသိဝတ္ထေရဝါဒေ အနန္တရေ အနန္တရေ ဇာရိ ယာပထေ ပဝတ္တရူပါရူပ ဓမ္မာနံ တတ္ထတတ္ထေဝ နိရောဓ ဒဿ နဝသေန သမ္ပဇာနကာရိတာ ဂဟိတာတိ တံ သမ္ပဇည ဝိပ ဿနာစာရဝသေန ဝေဒိတဗ္ဗံ။ တေန ဝုတ္တံ တယိဒံ မဟာသိဝ တ္ထေရေန ဝုတ္တံ အသမ္မောဟဓုရံ မဟာသတိပဋ္ဌာနသုတ္တေ အဓိပ္ပေတန္တိ။

ယသ္မာ၊ အကြင့်ကြောင့်။ မဟာသိဝတ္ထေရဝါဒေ၊ မဟာသိဝထေရ်၏ ဝါဒ၌။ အနန္တရေ အနန္တရေ၊ အခြားမဲ့တိုင်း အခြားမဲ့တိုင်း။ ဇာရိယာပထေ၊ ဇာရိယာ ပုထ်၌။ ပဝတ္တရူပရူပါဓမ္မာနံ၊ ဖြစ်သောရုပ်နာမ် တရားတို့၏။ တတ္ထ တတ္ထေဝ၊ ထိုထို ဇာရိယာပုထ်၌သာလျှင် နိရောဓဒဿနဝသေန၊ ချုပ်ပျက် သည်ကို ရှုမြင်သည်၏ အစွမ်းအားဖြင့်။ သမ္ပဇာနကာရိတာ၊ သမ္ပဇဉ်ကို ပြုခလေ့ရှိသော ယောဂီ၏အဖြစ်ကို။ ဂဟိတာ၊ ယူအပ်၏။ ဣတိ၊ ထို့ကြောင့်။

တံ သမ္မာဒိဋ္ဌိံ၊ ထိုယောဂီ၏ သမ္မာဒိဋ္ဌိကို။ သမ္မာဒိဋ္ဌိဝိပဿနာစာရဝသေန၊ သမ္မာဒိဋ္ဌိဝိပဿနာ ဖြစ်သည်၏အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တေန၊ ထို့ကြောင့်။ တယိဒံ။ပ။ အဓိပ္ပေတန္တိ၊ တယိဒံ။ပ။ အဓိပ္ပေတံ– ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ မဟာသိဝတ္ထေရေန၊ မဟာသိဝထေရ်သည်။ ဝုတ္တံ၊ မိန့်ဆို အပ်သော။ တယိဒံ–တံ ဣဒံသမ္မာဒိဋ္ဌိံ၊ ထိုသမ္မာဒိဋ္ဌိကို။ မဟာသတိပဋ္ဌာနသုတ္တေ၊မဟာသတိပဋ္ဌာနသုတ်၌။အသမ္မောဟာခုရံ၊အသမ္မောဟာသမ္မာဒိဋ္ဌိ၏ ရှေ့ဦးဖြစ်သော ဂေါစရသမ္မာဒိဋ္ဌိဟူ၍။ အဓိပ္ပေတံ၊ လိုအပ်၏။

ဤသာမညဖလသုတ်၏အဖွင့်၊ ဗုဒ္ဓမတည္ဆု အဋ္ဌကထာ ဋီကာတို့၏ အလိုအားဖြင့်၊မဟာသတိပဋ္ဌာနသုတ်၌ ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိသည်၊ ဝိပဿနာသက်သက်ဖြစ်၍ သာတ္ထကသမ္မာဒိဋ္ဌိလည်း မမည်ခဲ့ချေ၊ သပ္ပါယသမ္မာဒိဋ္ဌိလည်း မမည်ခဲ့ချေ၊ အသမ္မောဟသမ္မာဒိဋ္ဌိလည်း မမည်ခဲ့ချေ၊သမ္မာဒိဋ္ဌိ ဝိပဿနာသက်သက်ဖြစ်၍၊ဂေါစရသမ္မာဒိဋ္ဌိသာမည်ခဲ့ချေ၏။ သမ္မာဒိဋ္ဌိဝိသေသ, ဝိပဿနာဝိသေသကို ဆိုသဖြင့်၊ ဝိပဿနာသည် ဂေါစရသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိအားဖြင့် ၂–ပါးအပြားရှိ၏။ ထို ၂–ပါးတို့တွင်၊ ဂေါစရသမ္မာဒိဋ္ဌိသည်၊ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ဖြစ်၏။ ဝိပဿနာသမ္မာဒိဋ္ဌိသည်၊ ပစ္စယပရိဂ္ဂဟဉာဏ်မှစ၍ ဖြစ်၏။ ထိုဉာဏ် ၂–ပါးတို့တွင်၊ နာမ်ရုပ်၏ အကြောင်းကိုသိမ်းဆည်းဆင်ခြင်သော ဉာဏ်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

---

## နာမ်၏အကြောင်း ရုပ်ထင်ပုံကို ပြခြင်း

ဤ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်၊ တဘက်ကမ်းရောက်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်၊ သိမှတ်ပိုင်းခြားအပ်သော၊ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်ကို လွှတ်၍၊ သက်သက် နာမ်ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်းဆင်ခြင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်ရမည် မဟုတ်ချေ။ တဘက်ကမ်း ရောက်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့်၊ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်ကို သိမှတ် ပိုင်းခြားပါ များ၍၊ သိမှတ်ပိုင်းခြားအပ်သော၊ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်၏အကြောင်းကို၊ အကြင်အခါကာလ ဉာဏ်တဆင့်တက်၍ သိမှတ်ပိုင်းခြားနိုင်၏။ ထိုအခါကာလ ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်မည်၏။

ပစ္စယပရိဂ္ဂဟဉာဏ်သို ရောက်ပုံမှာ။ သွားသောခဏ၊ သွား - သွားတယ်၊ သွားတယ်မှတ် - မှတ်တယ်ဟု၊ သွားသောခဏ၊ သွားသောရုပ်ကို သွား–သွားတယ် မှတ်သောစိတ်ဖြင့်၊ မှတ်သောခဏ၊ သွားတယ် မှတ်သောစိတ်ကို၊ သွားတယ်မှတ် မှတ်သောစိတ်ဖြင့်၊ နာမ်ရုပ်အစုံကို တဘက်ကမ်းရောက် သိမှတ်ပိုင်းခြားနိုင်သော၊ နာမရူပပရိစ္ဆေဒ ဉာဏ်သည်၊ ဖြစ်ဖြစ်သမျှသော နာမ်ရုပ်ကို မလစ်မလပ် ဉာဏ်အစဉ် စပ်အောင်၊ သိမှတ်ပိုင်းခြားခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍၊ မသွားမှီက သွားချင်သောစိတ်ကို သိမှတ်ပိုင်းခြားနိုင်၏။ သိမှတ် ပိုင်းခြား နိုင်သော ကာလမှစ၍၊ သွားချင်သောခဏ, သွားသောခဏ,မှတ်သောခဏ ၃-ဌာနလုံး စုံအောင်၊ သွားချင်–သွားချင်တယ်၊ သွား–သွားတယ်၊ သွားတယ်မှတ်–မှတ်တယ်ဟု၊ ယောဂီ၏ဉာဏ်တွင် အမှတ်ထင်၍ သိမြင်လာလေတော့၏။

ဤနည်းဖြင့် အမှတ်ထင်ပါများ၍၊ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်သည်ရှိသော်၊ အမှတ်၏အဆုံးအဆုံး သွားချင်သောကြောင့် သွား၏။ သွားသောကြောင့် သွား–သွားတယ် မှတ်၏။ သွားတယ်မှတ်သောကြောင့် သွားတယ်မှတ် မှတ်၏ဟု၊ ပကတိ မိမိသဘော အထင်ကျမ်းရိုးစကားပြင် ငြိပြင်အောင်၊နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်သည်ဖြစ်၍၊ ကျမ်းဂန်သင်ဘူးသူ ယောဂီလူတို့၏ဉာဏ်တွင်၊ နာမ်ရုပ်၏အကြောင်း ထင်၏၊ နာမ်ရုပ်၏အကြောင်း ထင်သောဉာဏ်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သည်မည်၏။

သွားချင်လို့ သွား၏၊ သွားလို့ သွား–သွားတယ် မှတ်၏၊ သွားတယ်မှတ်လို့ သွားတယ်မှတ်– မှတ်၏ဟု၊ ပကတိ မိမိသဘော အထင်ကျမ်းရိုးစကားပြင် မငြိမပြင်။ နာမ်ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်းဆင်ခြင်သည်ဖြစ်၍၊ ကျမ်းဂန်မသင်ဘူးသူ ယောဂီလူတို့၏ဉာဏ်တွင်၊ လောကီလူတို့ စကားပြင်လို နာမ်ရုပ်၏အကြောင်းထင်၏။ နာမ်ရုပ်၏အကြောင်း ထင်သော ဉာဏ်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သည်ဟု မည်လေတော့၏။

ဘာပြုလို့ သွားသနည်း၊ သွားချင်လို့ သွား၏။ ဘာပြုလို့ သွား–သွားတယ် မှတ်သနည်း၊ သွားလို့ သွား–သွားတယ် မှတ်၏။ ဘာပြုလို့ သွားတယ်မှတ်– မှတ်သနည်း၊ သွားတယ်မှတ်လို့ သွားတယ်မှတ်- မှတ်၏။–ဟု အမေးနှင့်အဖြေ လောကီလူတို့ စကားပြေလို၊ နာမ်ရုပ်၏ အ

ကြောင်းကို ဆင်ခြင်၏ဆိုလည်း။ ကျမ်းဂန်မသင်ဘူးသူ လူထူ လူပြိန်းပင်ဖြစ်သော်လည်း၊ ယောဂီမှန်လျှင် ဤနည်းဖြင့် နာမ်ရုပ်၏အကြောင်းကို၊ ပကတိမိမိသဘောအထင် လောကီလူတို့စကားပြင်လို ဆင်ခြင်နိုင်၏။ ဆင်ခြင်နိုင်သောကြောင့်ပင်လျှင်၊ ကျမ်းဂန်မသင်ဘူးသူ လူထူ, လူပြိန်းပင် ဖြစ်သော်လည်း၊ မဂ်ဖိုလ်ကိုရ၏။ မဂ်ဖိုလ်ကို ရသောကြောင့်ပင်လျှင်၊ သဘောဟုတ်လောကုတ္တရာ ဆိုသောစကား အမှန်သာဖြစ်၏။

ပြန်ချင်သောခဏ, ပြန်သောခဏ, မှတ်သောခဏ၊ ပြန်ချင်–ပြန်ချင်တယ်၊ ပြန် - ပြန်တယ်၊ ပြန်တယ်မှတ်– မှတ်တယ်။ ပြန်ချင်သောကြောင့် ပြန်၏၊ ပြန်သောကြောင့် ပြန် – ပြန်တယ် မှတ်၏၊ ပြန်တယ် မှတ်သောကြောင့် ပြန်တယ်မှတ်–မှတ်၏။

လှမ်းချင်သောခဏ, လှမ်းသောခဏ, မှတ်သောခဏ၊ လှမ်းချင် – လှမ်းချင်တယ်၊ လှမ်း - လှမ်းတယ်၊ လှမ်းတယ်မှတ်– မှတ်တယ်။ လှမ်းချင်သောကြောင့် လှမ်း၏၊လှမ်းသောကြောင့် လှမ်း–လှမ်းတယ် မှတ်၏၊ လှမ်းတယ်မှတ်သောကြောင့် လှမ်း–လှမ်းတယ် မှတ်၏။ လှမ်းချင်လို့ လှမ်း၏၊ လှမ်းလို့ လှမ်း– လှမ်းတယ် မှတ်၏၊ လှမ်းတယ် မှတ်လို့ လှမ်းတယ်မှတ်–မှတ်၏။

ကြည့်ချင်သောခဏ, ကြည့်သောခဏ, မှတ်သောခဏ၊ ကြည့်ချင်–ကြည့်ချင်တယ်၊ ကြည့်–ကြည့်တယ်၊ ကြည့်တယ်မှတ်–မှတ်တယ်။ ကြည့်ချင်သောကြောင့် ကြည့်၏၊ ကြည့်သောကြောင့် ကြည့် – ကြည့်တယ် မှတ်၏၊ ကြည့်တယ် မှတ်သောကြောင့် ကြည့်တယ်မှတ် - မှတ်၏။ ကြည့်ချင်လို့ ကြည့်၏၊ ကြည့်လို့ ကြည့်-ကြည့်တယ်မှတ်၏၊ ကြည့်တယ်မှတ်လို့ ကြည့်တယ်မှတ်–မှတ်၏။

ကွေးချင်သောခဏ,ကွေးသောခဏ၊မှတ်သောခဏ၊ ကွေးချင်–ကွေးချင်တယ်၊ ကွေ–ကွေးတယ်၊ ကွေးတယ်မှတ် – မှတ်တယ်။ ကွေးချင်သောကြောင့် ကွေး၏၊ ကွေးသောကြောင့် ကွေး-ကွေးတယ်မှတ်၏၊ ကွေးတယ်မှတ်သောကြောင့် ကွေးတယ်မှတ်–မှတ်၏။ ကွေးချင်လို့ ကွေး၏၊ ကွေးလို့ ကွေး– ကွေးတယ် မှတ်၏၊ ကွေးတယ်မှတ်လို့ ကွေးတယ်မှတ်–မှတ်၏။ ။
ဆိတ်ဆိတ်နေသည်တိုင်းအောင်သွားလေ။

မြင်သောခဏ, မှတ်သောခဏ၊ မြင်–မြင်တယ်၊ မြင်တယ်မှတ်–မှတ်တယ်၊ မျက်စိကြည်လင် အဆင်းထင်လို့ မြင်တယ်။ ကြားသောခဏ, မှတ်

သောခဏ၊ ကြား-ကြားတယ်၊ ကြားတယ်မှတ်-မှတ်တယ်၊ နားကြည်လင် အသံထင်လို့ ကြားတယ်။ နံသောခဏ,မှတ်သောခဏ၊ နံ-နံတယ်၊ နံတယ် မှတ်-မှတ်တယ်၊နှာခေါင်းကြည်လင် အနံ့ထင်လို့ နံတယ်။ စားသောခဏ, မှတ်သောခဏ၊ စား-စားတယ်၊ စားတယ်မှတ်-မှတ်တယ်၊ လျှာကြည်လင် အရသာထင်လို့ စားတယ်။ ထိသောခဏ, မှတ်သောခဏ၊ ထိ-ထိတယ်၊ ထိတယ်မှတ်-မှတ်ဘယ်၊ ကိုယ်ကြည်လင် အတွေ့ထင်လို့ ထိတယ်။သိသော ခဏ, မှတ်သောခဏ၊ သိ-သိတယ်၊ သိတယ်မှတ်-မှတ်တယ်၊စိတ်ကြည်လင် သဘောထင်လို့ သိတယ်။

---

## ဃနကွဲပုံ မကွဲပုံကို ပြခြင်း

ဘဝခန္ဓာ နာမ်ရုပ်ကို မသိခြင်းသည် - အဝိဇ္ဇာမည်၏။ အားထုတ် ခြင်းသည်-သင်္ခါရမည်၏။ တပ်မက် တောင့်တခြင်းသည် - တဏှာမည်၏။ စွဲလမ်းခြင်းသည်-ဥပါဒါန်မည်၏၊ပြုခြင်းသည်-ကံမည်၏။ ဤ၌ အနိဋ္ဌဖြစ် သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့,သဘော၊ အဋ္ဌတ္တ ဗဟိဒ္ဓ ဖြစ်သော ရုပ်အာရုံ ၆-ပါးသည်၊ ဇနက,ဥပထမ္ဘကဖြစ်သော၊ ကံ,စိတ်, ဥတု, အာဟာရကြောင့် ဖြစ်၏။ ကမ္မဇရုပ်သည် ကံကြောင့်ဖြစ်၏၊ စိတ္တဇ ရုပ်သည် စိတ်ကြောင့်ဖြစ်၏၊ ဥတုဇရုပ်သည် ဥတုကြောင့်ဖြစ်၏၊ အာဟာရ ဇရုပ်သည် အာဟာရကြောင့် ဖြစ်၏။

စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ,ဝတ္ထု,ဘာဝ,ဇီဝိတ,မျက်စိ, နား,နှာ,လျှာ,ကိုယ်,နှလုံး,မိန်းမ,ယောကျ်ားတို့၏ အသွင်အပြင် အမူအ ရာ၊ အသက် အဆက်ဆက် ပွါးတိုးစေခြင်း အကျိုးငှာ၊ဆံပင်အစ ကျင်ငယ် အဆုံးရှိသော ကောဋ္ဌာသမျိုး ပွားတိုးစေခြင်း အကျိုးငှာ၊ဘောဇဉ်အစာ အာဟာရကို စားသောက်ကြ၏ဟု၊ ပကတိ မိမိသဘောအားဖြင့် ကြီးငယ် မဟူ၊ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့သည်၊ သိလည်းသိကြ၏။ ဟုတ်မှန် စွာသိသဖြင့်၊ ဖြောင့်မတ်သော အယူကိုလည်း ယူကြ၏။

ယခုအခါ သာသနာတော်တွင်း၌ ဖြစ်ကြကုန်သော၊ကြီးငယ်မဟူ ရဟန်းရှင်လူ ခပ်သိမ်းသော သူတို့သည်၊ ဒိဋ္ဌိမျက်မှောက် ဝိပဿနာဉာဏ် ဖြင့် အထင်အမြင် မရောက်သေးသော်လည်း။ကြားနာဘူးသော ဗဟုသုတ- သုတမယဉာဏ်၊ သဘောသကန် အဟုတ်အမှန်ကြားဘူးသော-စိန္တာမယ ဉာဏ် အရင်းခံ သဖြင့်၊ အယူကို ဖြောင့်မတ်စွာ ပြုတတ်သော ဒိဋ္ဌိဇုကမ္မ

ပညာကြီးယာဝတ္ထုနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဝတ္ထု, ဘာဝဒသက ကလာပ်အားဖြင့် ၇-ပါး၊ သရုပ်အားဖြင့် ၇၀-ကမ္မဇရုပ် စေတသိက်ယှဉ်နှင့်တကွ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်, ဝိညာဏ် ၆-ပါး၊ ဝိပါက် ကမ္မဇနာမ် ဤရုပ်နာမ် ၂-ပါးသည်၊ ယခုဘဝ ခဏခဏဖြစ်သည်ရှိသော်၊ ရှေးရှေးသောကာလ ဘဝက၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ,ဥပါဒါန်, ကံကြောင့် ဖြစ်၏ဟု သိလည်းသိကြကုန်၏။ ဟုတ်မှန်စွာ သိသဖြင့် ဖြောင့်မတ်သောအယူကို ယူကြကုန်၏။ စေတသိက် ယှဉ်နှင့်တကွ၊ ဝိထိစိတ် ဝိညာဏ်နာမ်သည်၊ ဒွါရ, အာရုံကြောင့် ဖြစ်၏ဟု သိလည်းသိကြကုန်၏။ဟုတ်မှန်စွာ သိသဖြင့် ဖြောင့်မတ်သော အယူကိုလည်း ယူကြကုန်၏။

ဖြောင့်မတ်သောအယူကို ယူမိကြသည်ဖြစ်၍၊သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့်၊ ယခုဘဝ ခဏခဏဖြစ်သော ခန္ဓာနာမ်ရုပ်ကို၊ အကြောင်းနှင့်တကွ သိကြပါ၏ ဆိုသော်လည်း၊ စိန္တာမယဉာဏ်, သုတမယဉာဏ်ဖြင့် သိခြင်းသည်၊ဝိနိဗ္ဘောဂ မဖြစ်၊အဝိနိဗ္ဘောဂသာဖြစ်၍၊နာမ်ရုပ် အပိုင်းအခြားမျှ မဖြစ်ချေ။ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်ရန်မှာ၊ ဆိုရာမရှိ အလွန်ပင်ဝေးကွာဘိ၏။

ဝိနိဗ္ဘောဂ,အဝိနိဗ္ဘောဂ ၂-ပါးတို့တွင်၊ အဝိနိဗ္ဘောဂသည်၊သန္တတိဃန အဝိနိဗ္ဘောဂ, သမူဟဃန အဝိနိဗ္ဘောဂ,ကိစ္စဃန အဝိနိဗ္ဘောဂ, အာရမ္မဏဃန အဝိနိဗ္ဘောဂ အားဖြင့် ၄-ပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်၊ တဝိထိစီ ရှေးကဖြစ်သော ဒွါရအာရုံ၊ ဝိထိစိတ်ဝိညာဏ် နာမ်ရုပ်တရားတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ်ဘဲ၊ တပေါင်းတည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်ခြင်းသည်၊ သန္တတိဃန အဝိနိဗ္ဘောဂ မည်၏။

တပေါင်းတည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်သောကြောင့်ပင်လျှင်၊ မျက်စိတဆုံး အကုန်သိမ်းကြိုး၍ ကြည့်သော်လည်း၊ တပြိုင်နက် တပေါင်းတည်း တကြိမ်တခါတည်း မြင်သည် ထင်၏။ တဝိထိတည်းဖြစ်သော ဒွါရ,အာရုံ-ရုပ်တရားတို့၏၊ ဝိထိစိတ်ဝိညာဏ်- နာမ်တရားတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ်ဘဲ၊ တပေါင်းတည်း နာမ်ရုပ်အပေါင်း ရောစပ်ခြင်းသည်၊ သမူဟဃန အဝိနိဗ္ဘောဂ မည်၏။

တပေါင်းတည်း နာမ်ရုပ်အပေါင်း ရောစပ်သောကြောင့် ပင်လျှင်၊ မြင်သောခဏ၊ မြင်–မြင်တယ်၊ မြင်တယ်မှတ်–မှတ်တယ်၊ မျက်စိဖြင့် အဆင်းကို မြင်တယ်စသည်ဖြင့်၊ မြင်တာတခြား, မှတ်တာတခြား, မျက်စိတခြား, အဆင်းတခြား, မြင်တဲ့ဝီထိစိတ် ဝိညာဏ်နာမ်တခြား၊ ဤသို့သော နာမ်အပိုင်းအခြား ရုပ်အပိုင်းအခြား မထင်ချေ။ ရုပ်ကလာပ်ပေါင်း, နာမ်ကလာပ်ပေါင်း၊ တပေါင်းတည်း ရောစပ်လေ၏။ ယခုဖြစ်သော ဝီထိစိတ်နှင့်တူသော၊ ရှေ့ကဖြစ်သော၊ ဝီထိစိတ်တို့၏၊ ယခုနောက်ကဖြစ်သော ဝီထိစိတ်ကိစ္စအထူးတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့်မမှတ်ဘဲ၊ တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်ခြင်းသည်၊ ကိစ္စဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်သောကြောင့် ပင်လျှင်၊ ရှေ့ကကြားဘူးတာနှင့် ယခုကြားဘူးတာမထူး အတူတူဘဲ၊ ခုတင်ခုပြော ခုတင်ခုကြား မထူး အတူတူဘဲဟု၊ ကိုယ်ပါသူရော ပြောမိကြ၏။ ရှေ့ကကြားသော ကိစ္စခဏကာလနှင့်၊ ယခုနောက်မှ ကြားသော ကိစ္စခဏကာလ၏ရှိ မရှိ၊ အထူးသတိဖြင့် အမှတ်မပြု၊ ကြားတိုင်း ကြားတိုင်း၊ ကြား–ကြားတယ်,ကြား–ကြားတယ်ဟု၊ ဝိပဿနာပညာဖြင့် ပိုင်းခြားမှုမထင်ချေ၊ ကြားသောကိစ္စ ရှေ့နောက် ရောစပ်ကြလေ၏။ ယခုပြုသော အာရုံနှင့်တူသော ရှေ့က ပြုသော အာရုံတို့၏၊ ယခုနောက်ကပြုသော အာရုံအထူးတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့် မမှတ်ဘဲ၊ တပေါင်းတည်း ရှေ့နောက် အာရုံရောစပ်ခြင်းသည်၊ အာရမ္မဏဃန အဝိနိဗ္ဘောဂ မည်၏။

တပေါင်းတည်း ရှေ့နောက် ရောစပ်သောကြောင့်ပင်လျှင်၊ ရှည်ကြာအောင် မြည်သော အသံကို ကြားသော်လည်း၊ တကြိမ်တခါတည်း ကြားသည်ထင်၏။ ကွေး–ကွေးတယ်,ဆန့်–ဆန့်တယ်ဆိုတဲ့ အသိမျိုး၊ယခုမှ သိရမည်မဟုတ်၊မွေးစပေါက်က သိ၏ဟုဆိုကြ၏။ ရှေ့နောက်အာရုံ မထူး အတူတူရောစပ်မိလေ၏။ ဤသို့ သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့်၊ ယခုဘဝ ခဏခဏဖြစ်သော၊ ဒွါရ,အာရုံ,ဝိညာဏ်–နာမ်ရုပ်တို့ကို၊ ရှေ့နောက် အစဉ်, အပေါင်း, ကိစ္စ, အာရုံ၊ ကွဲပြား ခြားပြတ် တပေါင်းတည်း မရောစပ်အောင်၊သိမှတ် ပိုင်းခြားနိုင်သည်မဟုတ်သောကြောင့် ဝိနိဗ္ဘောဂ မဖြစ်။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလအားဖြင့်၊ ဖြစ်ပြီး,ဖြစ်လတံ့, ဖြစ်ဆဲမဟုတ်၊ ဖြစ်သင့်သော ဒွါရ, အာရုံ, ဝိညာဏ်–နာမ်ရုပ်တို့၏အမည်

နာမ သရုပ်သဘော သဘောလက္ခဏာကိုသာ၊ တွေးတောကြံဆ ဆင်ခြင်မိကာမျှဖြစ်၍၊ ဖြစ်တိုင်း, ဖြစ်တိုင်း သိမှတ်ပိုင်းခြား သင့်လျက်၊ မသိမမှတ် မပိုင်းမခြားသော၊ဒွါရ,အာရုံ,ဝိညာဏ်–နာမ်ရုပ်တို့၏ ရှေ့နောက် အစဉ်, အပေါင်း, ကိစ္စ, အာရုံ၊ မကွဲမပြား မခြားမပြတ် တပေါင်းတည်း ရောစပ်သောကြောင့်၊ အဝိနိဗ္ဘောဂသာဖြစ်၏။

ထို့ကြောင့် စိန္တာမယဉာဏ်, သုတမယဉာဏ်ဖြင့် သိခြင်းသည်၊ ဝိနိဗ္ဘောဂ မဖြစ်၊အဝိနိဗ္ဘောဂသာဖြစ်၍၊ နာမ်ရုပ် အပိုင်းအခြားမျှ မဖြစ်ချေ။ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်ရန်မှာ၊ ဆိုဘွယ်ရာမရှိ အလွန်ဝေးကွာဘိ၏ဟု ဆိုသည်။

ဖြစ်တိုင်း,ဖြစ်တိုင်း၊ မသိမမှတ် မပိုင်းခြားခြင်းကြောင့်၊ အစဉ်, အပေါင်း, ကိစ္စ, အာရုံ၊ မကွဲမပြား မခြားမပြတ်၊ တပေါင်းတည်း ရောစပ်သော အဝိနိဗ္ဘောဂ ၄–ပါးကို ဆိုသဖြင့်၊ ဖြစ်တိုင်း, ဖြစ်တိုင်း သိမှတ်ပိုင်းခြားခြင်းကြောင့်၊ အစဉ်, အပေါင်း, ကိစ္စ, အာရုံ၊ ကွဲပြားခြားပြတ် တပေါင်းတည်း မရောစပ်သော အဝိနိဗ္ဘောဂ ၄–ပါးကို သိအပ်၏။ ဝိပဿနာ ဘာဝနာမယ ဉာဏ်ဖြင့် သိခြင်းသည်၊ အဝိနိဗ္ဘောဂ မဖြစ်၊ ဝိနိဗ္ဘောဂသာ ဖြစ်၍ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၏။ နာမ်ရုပ်၏ အကြောင်းကိုလည်း သိမ်းဆည်း ဆင်ခြင်နိုင်၏။သဘာဝလက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာလည်း၊ ထင် သင့်သည် အားလျော်စွာ ထင်၏။

ယခု နာမရူပ ပရိစ္ဆေဒဉာဏ်က တဘက်ကမ်းရောက်၊ပစ္စယပရိဂ္ဂဟဉာဏ်ကအစ၊ ဝိပဿနာ ဘာဝနာမယ ဉာဏ်ဖြင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ၃–ပါးတို့တွင်၊ ခဏပစ္စုပ္ပန်, သန္တတိ ပစ္စုပ္ပန် ဖြစ်သော၊ ခဏခဏဖြစ်သော ဒွါရ, အာရုံ, ဝိညာဏ်–နာမ်ရုပ်တို့ကို၊ အကြောင်းနှင့်တကွ သိမှတ်ပိုင်းခြား သိမ်းဆည်း ဆင်ခြင်ခြင်းသည်၊ နာမ်ရုပ်တို့၏ ရှေ့နောက် အစဉ်, အပေါင်း,ကိစ္စ,အာရုံ၊ ကွဲပြားခြားပြတ် တပေါင်းတည်း မရောစပ်သောကြောင့်၊ အဝိနိဗ္ဘောဂ မဖြစ်၊ဝိနိဗ္ဘောဂသာဖြစ်၍ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၏။ နာမ်ရုပ်တို့၏ ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန် ဖြစ်သော အကြောင်းတစိတ်လည်း၊ သိမ်းဆည်း ဆင်ခြင်နိုင်၏။ အတိတ် အကြောင်းကို မဆင်ခြင်နိုင်သေး။ အတိတ်, အနာဂတ် နာမ်ရုပ်တို့၏ အကြောင်းကိုလည်း မဆင်ခြင်နိုင်သေးပေ။

ထို့ကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်အစ၌၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါး၌ဖြစ်သော၊ ဒွါရ,အာရုံ,ဝိညာဏ်-နာမ်ရုပ်တို့၏ အကြောင်းကို၊ သိမှတ်ပိုင်းခြား သိမ်းဆည်းဆင်ခြင်နိုင်ခြင်း အကျိုး၄ါ၊ ဝိပဿနာကို အားမထုတ်မှီက မသိမထင်ပုံ၊ ယခု ဝိပဿနာကို အားထုတ်သောကာလ သိထင်ပုံ အလုံးစုံကို၊ ဤပစ္စယပရိဂ္ဂဟဉာဏ် အစသို့ရောက်သော ယောဂီမှန်ပါလျှင်၊ ဆင်ခြင်နိုင်မြဲပင် ဖြစ်၏။ ဝိပဿနာ မဟုတ်ပေ။

---

## ဝိပဿနာအားထုတ်သူ,အားမထုတ်သူ အထင်ကို ပြခြင်း

ဆင်ခြင်ပုံမှာ။ ။ယခု ဝိပဿနာကို အားထုတ်သောကာလ၊ မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ်– မှတ်တယ်ဟု မှတ်သဖြင့် သိ၏၊ ယောကျ်ား,မိန်းမဟု မထင်မှတ်။မထင်မှတ်၍ ယောကျ်ား,မိန်းမကို မမြင်ရ။ မြင်ရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ား,မိန်းမကို မမြင်ရ။ မြင်ရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ား. မိန်းမကို မမြင်ရ။ မြင်ရအောင် မစွဲလမ်း၊ [မစွဲလမ်း၍ ယောကျ်ား, ကိုမိန်းမ မမြင်ရ။ မြင်ရအောင် မပြု။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ မြင်သောခဏ၊ မြင်–မြင်တယ်၊မြင်တယ်မှတ်–မှတ်တယ်ဟု မှတ်သဖြင့် သိ၏၊ ယောကျ်ား,မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ားဘဝ, မိန်းမဘဝ ကို မရ။ ရအောင် မစွဲလမ်း၊ မစွဲလမ်း၍ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မှီက၊ မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ်- မှတ်တယ်ဟု မှတ်သဖြင့် မသိ။ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား, မိန်းမကို မမြင်ရ၊ မြင်ရအောင် အားထုတ်၏။ အားထုတ်၍ ယောကျ်ား,မိန်းမကို မမြင်ရ။ မြင်ရအောင် တောင့်တ၏။ တောင့်တ၍ ယောကျ်ား,မိန်းမကို မမြင်ရ၊ မြင်ရအောင် စွဲလမ်း၏၊ စွဲလမ်း၍ ယောကျ်ား, မိန်းမ ကို မမြင်ရ။ မြင်ရအောင် ပြု၏၊ယောကျ်ားဘဝ,မိန်းမဘဝကို မရ။ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကိုအားထုတ်သော ကာလ၊ကြားသော ခဏ၊ကြား-ကြားတယ်၊ ကြားတယ်မှတ်- မှတ်တယ်ဟု၊ မှတ်သဖြင့်သိ၏၊ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် မတောင့်တ၊မတောင့်တ၍ ယောကျ်ားသံ,မိန်းမသံကို မကြားရ။ ကြားရအောင် မစွဲလမ်း၊မစွဲလမ်း၍ ယောကျ်ားသံ,မိန်းမသံကို မကြားရ။ ကြားရအောင် မပြု၊ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ၊ ကြားသောခဏ၊ ကြား-ကြားတယ်၊ ကြားတယ်မှတ်-မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ ယောကျ်ား, မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် အားထုတ်၏၊ အားထုတ်၍၊ ယောကျ်ားသံ, မိန်းမသံကို မကြားရ။ ကြားရအောင် တောင့်တ၏၊ တောင့်တ၍ ယောကျ်ားသံ,မိန်းမသံကို မကြားရ။ ကြားရအောင် စွဲလမ်း၏၊ စွဲလမ်း၍ ယောကျ်ားသံ,မိန်းမသံကို မကြားရ။ ကြားရအောင် ပြု၏၊ ယောကျ်ားဘဝ,မိန်းမဘဝကို ရ။ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ နံသောခဏ၊ နံ-နံတယ်၊ နံတယ်မှတ်-မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏၊ ယောကျ်ား, မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား,မိန်းကို မနမ်းရ။ နမ်းရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် မစွဲလမ်း၊ မစွဲလမ်း၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် မပြု၊ ယောကျ်ားဘဝ,မိန်းမဘဝကို မရ။ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ၊ နံသောခဏ၊ နံ-နံတယ်၊ နံတယ်မှတ် - မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ ယောကျ်ား မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် အားထုတ်၏၊ အားထုတ်၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် တောင့်တ၏၊ တောင့်တ၍ ယောကျ်ား မိန်းမကို မနမ်းရ။ နမ်းရအောင် စွဲလမ်း၏၊ စွဲလမ်း၍ ယောကျ်ား, မိန်းမကို မနမ်းရ။ နမ်းရအောင် ပြု၏၊ ယောကျ်ားဘဝ,မိန်းမ ဘဝကို မရ။ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ စားသောခဏ၊ စား–စားတယ်၊စားတယ်မှတ်–မှတ်တယ်ဟု၊မှတ်သဖြင့် သိ၏၊ ယောကျ်ား မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် မစွဲလမ်း၊ မစွဲလမ်း၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် မပြု၊ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် အားမထုတ်။ မတောင့်တ။ မစွဲလမ်း။ မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ၊ စားသောခဏ၊ စား–စားတယ်၊ စားတယ်မှတ်–မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ ယောကျ်ား မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် အားထုတ်၏၊ အားထုတ်၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် တောင့်တ၏၊ တောင့်တ၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် စွဲလမ်း၏၊ စွဲလမ်း၍ ယောကျ်ား မိန်းမကို မစားရ။ စားရအောင် ပြု၏၊ ယောကျ်ားဘဝ, မိန်းမ ဘဝကို မရ။ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ မပြု။

ယခု ဝိပဿနာကို အားထုတ်သော ကာလ၊ ထိသောခဏ၊ ထိ–ထိတယ်၊ ထိတယ်မှတ်–မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ ယောကျ်ား မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် အားမထုတ်၊ အားမထုတ်၍ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် မစွဲလမ်း၊ မစွဲလမ်း၍ ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် မပြု၊ ယောကျ်ားဘဝ ,မိန်းမဘဝကို မရ။ ရအောင် အားမထုတ်။ မတောင့်တ။မစွဲလမ်း။မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ၊ထိသောခဏ၊ ထိ–ထိတယ်၊ ထိတယ်မှတ်– မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ ယောကျ်ား မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား မိန်းမကို မထိရ။ထိရအောင် အားထုတ်၏၊ အားထုတ်၍ ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် တောင့်တ၏၊ တောင့်တ၍ ယောကျ်ား မိန်းမကို မထိရ။ ထိရအောင် စွဲလမ်း၏၊စွဲလမ်း၍ ယောကျ်ား မိန်းမကို မထိရ။ထိရအောင် ပြု၏၊ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် အားထုတ်၏။ တောင့်တ၏။ စွဲလမ်း၏။ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ သိသောခဏ၊ သိ-သိတယ်၊ သိတယ်မှတ်-မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏၊ ယောကျ်ား,မိန်းမဟု မထင်မှတ်။ မထင်မှတ်၍ ယောကျ်ား,မိန်းမကို မသိရ။ သိရအောင် အားမထုတ်၊ အားမထုတ်၍ ယောကျ်ား,မိန်းမကို မသိရ။ သိရအောင် မတောင့်တ၊ မတောင့်တ၍ ယောကျ်ား, မိန်းမကို မသိရ။ သိရအောင် မစွဲလမ်း၊ မစွဲလမ်း၍ ယောကျ်ား, မိန်းမကို မသိရ။ သိရအောင် မပြု၊ ယောကျ်ားဘဝ,မိန်းမဘဝကို မရ။ရအောင် အားမထုတ်။မတောင့်တ။ မစွဲလမ်း။မပြု။

ရှေ့ ဝိပဿနာကို အားမထုတ်မှီကာလ၊ သိသောခဏ၊ သိ-သိတယ်၊ သိတယ်မှတ်-မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ ယောကျ်ား,မိန်းမဟု ထင်မှတ်၏။ ထင်မှတ်၍ ယောကျ်ား,မိန်းမကို မသိရ။ သိရအောင် အားထုတ်၏၊ အားထုတ်၍ ယောကျ်ား,မိန်းမကို မသိရ။ သိရအောင် တောင့်တ၏၊ တောင့်တ၍ ယောကျ်ား, မိန်းကို မသိရ။ သိရအောင် စွဲလမ်း၏၊ စွဲလမ်း၍ ယောကျ်ား,မိန်းမကို မသိရ။ သိအောင် ပြု၏၊ ယောကျ်ားဘဝ, မိန်းမဘဝကို မရ။ ရအောင် အားထုတ်၏။ တောင့်တ၏။စွဲလမ်း၏။ပြု၏။

ဤသို့သောနည်းဖြင့်၊ မိမိကိုယ်၌ ကိုယ်တိုင် သိ-မသိ, ထင်-မထင် အမှုကို၊ မဆင်ခြင်သောသူသာလျှင် မထင်၊ ဆင်ခြင်လျှင် ထင်သောသူချည်းပင်တည်း။

---

## ဝိပဿနာကို အားထုတ်သဖြင့် အဝိဇ္ဇာမရှိပုံ ပြခြင်း

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ ဖြစ်တိုင်း ဖြစ်တိုင်း သိသဖြင့်၊ မှတ်အပ်သော နာမ်ရုပ်၌သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်းသဖြင့် ဥပါဒါန်မရှိ၊ မပြုသဖြင့် ကံမရှိ။ ယခု အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကံ အကြောင်း မရှိခြင်းကြောင့်၊ နောင် အကျိုးနာမ်ရုပ် မဖြစ်ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းမရှိ အကျိုးမဖြစ်။ ယခု နာမ်ရုပ်၌ အကြောင်း,အကျိုး ချုပ်ပုံ၊ နောင် မဂ်၏အာရုံ နိဗ္ဗာန်နှင့်ဆ၍သိရအောင်၊ ယုံကြည်ဘို့ သတိပြုလေ။

ဝိပဿနာကို အားမထုတ်မှီကာလ၊ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်၌၊မသိသဖြင့် အဝိဇ္ဇာရှိ၏၊ အားထုတ်သဖြင့် သင်္ခါရရှိ၏၊ တောင့်တသဖြင့် တဏှာရှိ၏၊ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏၊ ပြုသဖြင့် ကံရှိ၏။ ယခု အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အကြောင်း ရှိခြင်း

ကြောင့်၊ နောင် အကျိုးနာမ်ရုပ်ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းရှိ အကျိုးဖြစ်၊ ယခု နာမ်ရုပ်၌ အကြောင်း, အကျိုး မချုပ်ပုံ၊ နောင် ရဟန္တာတို့၏ သဉပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်နှင့်ဆ၍ သိရအောင်၊ ယုံကြည်ဘို့ သတိပြုလေ။

ရှေးဘဝကာလ၊ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏၊ အားထုတ်သဖြင့် သင်္ခါရရှိ၏၊ တောင့်တသဖြင့် တဏှာရှိ၏၊ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏၊ ပြုသဖြင့် ကံရှိ၏။ ရှေး အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အကြောင်းရှိခြင်းကြောင့်၊ ယခု အကျိုးနာမ်ရုပ်ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု ဆင်ခြင်သဖြင့် ထင်၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့်၊ သိအပ်သော နာမ်ရုပ်၏အစ ဖြစ်သောသဘောကို ဆင်ခြင်သဖြင့်၊ ဇာတိလည်း ထင်၏။ အလယ် အိုသောသဘောကို ဆင်ခြင်သဖြင့်၊ ဇရာလည်း ထင်၏။ အဆုံး ပျက်သောသဘောကို ဆင်ခြင်သဖြင့်၊ မရဏလည်း ထင်၏။ သုတမယဉာဏ်ဖြင့် ကြားဘူးသောအတိုင်း၊ စိန္တာမယ ဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ကြောင့် ရုပ်ဖြစ်၏၊ ဒွါရ အာရုံကြောင့် နာမ်ဖြစ်၏။ ကံ, စိတ်, ဥတု, အာဟာရကြောင့် ရုပ်ဖြစ်၏၊ ဆက်ဆံသော အကြောင်း, မဆက်ဆံသော အကြောင်းကြောင့် နာမ်ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။

ဤသို့ ယခု ဝိပဿနာကို အားထုတ်သောကာလ သိထင်ပုံ၊ ဝိပဿနာကို အားမထုတ်မှီက မသိ မထင်ပုံ၊ သုတမယဉာဏ်, စိန္တာမယဉာဏ်ကာလ သိထင်ပုံ အလုံးစုံကို၊ အကုန်ဆင် ခြင်၏၊ ဝိပဿနာ မဟုတ်ပေ။

စိတ်သည်၊ သုတစိတ်, စိန္တာစိတ်, ဘာဝနာစိတ် အားဖြင့် ၃-ပါး အပြားရှိ၏။ထိုသုံးပါးတို့တွင်၊သုတစိတ်သည် ကြားနာသောကာလ သုတမယဉာဏ်ဖြင့်၊ ဒေသနာသံ နာမ်ရုပ်တို့၏ အမည် နာမပညတ်ထင်၏။ကြားနာပြီး၍ ဆင်ခြင်သောကာလ သုတမယဉာဏ်ဖြင့်၊ ဒေသနာသံ၏အနက် နာမ်ရုပ်တို့၏သဘော တဇ္ဇာပညတ်ထင်၏။ စိန္တာစိတ်သည် တွေးတော

ကြီးဆသောကာလ စိန္တာမယဉာဏ်ဖြင့်၊နာမ်ရုပ်တို့၏သဘော တဇ္ဇာပညတ် ထင်၏။ ဘာဝနာစိတ်သည် ပွားများအားထုတ်သောကာလ ဘာဝနာမယ ဉာဏ်ဖြင့် နာမ်ရုပ်ဆတ်ဆတ် ပရမတ်သဘော ထင်၏။

> နနု စ တဇ္ဇာပညတ္တိဝသေန သဘာဝဓမ္မော ဂယှတီတိ။ သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ ပန ဝဍ္ဎမာနာယ ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝ စိတ္တံ တိဋ္ဌတိ။

တဇ္ဇာပညတ္တိဝသေန၊ တဇ္ဇာပညတ်၏ အစွမ်းအားဖြင့်။ သဘာဝ ဓမ္မော၊သဘောတရားကို။ ဂယှတိ နနု၊ယူအပ်သည် မဟုတ်လော။ ဣတိစ၊ ဤသို့လည်း။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ပုဗ္ဗဘာဂေ၊ ဘာဝနာမှရှေ့ သုတမယ, စိန္တာမယ ကာလအဘို့၌။ ဂယှတိ၊ယူအပ်သည်။ သစ္စံ၊မှန်ပေ၏။ ပန တထာပိ၊ ထိုသို့ပင် မှန်သော်လည်း။ ဘာဝနာယ၊ ဘာဝနာကို။ ဝဍ္ဎမာ နာယ၊ ပွားအပ်သည်ရှိသော်။ ပညတ္တိံ၊ ပညတ်ကို။ သမတိက္ကမိတွာ၊ လွန်၍။ သဘာဝေယေဝ၊ သဘော ပရမတ်၌ သာလျှင်။ စိတ္တံ၊ စိတ်သည်။ တိဋ္ဌတိ၊ တည်၏။

ဝိပဿနာကို အားထုတ်သောသူသည်၊ သုတမယဉာဏ်ဖြင့် ကြား နာဘူးသောအတိုင်း၊နာမ်ရုပ်ထင်အောင် အားထုတ်သော သူတယောက်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ နာမ်ရုပ်ထင်အောင် အားထုတ် သော သူတယောက်။ ထို ၂-ယောက်တို့တွင်၊ ဤပစ္စယပရိဂ္ဂဟဉာဏ် အစိ အရင်၌၊ ပဌမနည်း, ဒုတိယနည်းဖြင့် ဝိပဿနာကို အားထုတ်သော သူ သည်၊သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း၊ နာမ်ရုပ် ထင်အောင် အားထုတ်သောသူမည်၏။ တတိယနည်း, စတုတ္ထနည်း, ပဉ္စမနည်းဖြင့် ဝိပဿနာကို အားထုတ်သောသူသည်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသော အတိုင်း၊ နာမ်ရုပ်ထင်အောင် အားထုတ်သောသူမည်၏။

## ကာလသုံးပါး၌ ယုံမှားကင်းသည်ကို ပြခြင်း

**ပဌမ နည်း**ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊ သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း၊ ယခု တဘဝပတ်လုံး ဖြစ် သော ရုပ်အပေါင်း၏အကြောင်း ၅-ပါးကို တပေါင်းတည်း မြင်၏။တဝိထိ လုံး, တဝိထိလုံး ဖြစ်သော နာမ်အပေါင်း၏ ဒွါရ, အာရုံ အကြောင်းကို

တပေါင်းတည်း မြင်၏။ မြင်ခြင်း၄ါ အားထုတ်သော ကာလ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံ,အာဟာရကြောင့် ရုပ်ဖြစ်၏ဟု၊ အမြဲ အခါခပ်သိမ်း ရုပ်၏အကြောင်းကိုသာ သိမ်းဆည်း ဆင်ခြင်၏။

အကြား, အကြား မြင်သောခဏ၊ မျက်စိကြည်လင် အဆင်းထင်သောကြောင့် မြင်၏။ အကြား အကြား, ကြားသောခဏ၊ နားကြည်လင် အသံထင်သောကြောင့် ကြား၏။အကြား,အကြား နံသောခဏ၊ နှာခေါင်း ကြည်လင် အနံ့ထင်သောကြောင့် နံ၏။ အကြား,အကြား စားသောခဏ၊ လျှာကြည်လင် အရသာထင်သောကြောင့် စား၏။ အကြား,အကြား ထိသောခဏ၊ ကိုယ်ကြည်လင် အတွေ့ထင်သောကြောင့် ထိ၏။ အကြား, အကြား သိသောခဏ၊ စိတ်ကြည်လင် သဘောထင်သောကြောင့် သိ၏-ဟု၊ နာမ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်၏။

ဤသို့သော နည်းဖြင့်၊ သိမ်းဆည်း ဆင်ခြင်ပါများ၍ ငါဖြစ်သည် မထင်။ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင်အခါ ကာလ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု၊ ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် ရုပ်နာမ်ဖြစ်သည်ကို မြင်၏။ထိုထိုအခါကာလ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်း ကင်း၏။

ရှေးက ငါဖြစ်ဘူးလေသလော၊ ရှေးက ငါမဖြစ်ဘူးလေသလော၊ ရှေးက ဘယ်အမျိုး ငါဖြစ်ဘူးလေသနည်း၊ ရှေးက အဘယ်သဏ္ဌာန် ငါ ဖြစ်ဘူးလေသနည်း၊ ရှေးက ဘယ်အမျိုး ငါဖြစ်ပြီး၍ ဘယ်အမျိုး ငါဖြစ်ဘူးလေသနည်း။ အတိတ် ယုံမှားခြင်း ၅-ပါး။

နောင်ခါ ငါဖြစ်ရလတံ့လော၊ နောင်ခါ ငါမဖြစ်ရလတံ့လော၊ နောင်ခါ ဘယ်အမျိုး ငါဖြစ်ရလဘံ့နည်း၊ နောင်ခါ အဘယ်သဏ္ဌာန် ငါ ဖြစ်ရလတံ့နည်း၊ နောင်ခါ ဘယ်အမျိုး ငါဖြစ်ရလတံ့သည်ဖြစ်၍ ဘယ် အမျိုး ငါဖြစ်ရလတံ့နည်း။ အနာဂတ် ယုံမှားခြင်း ၅-ပါး။

ယခု ငါဖြစ်သလော၊ ယခု ငါမဖြစ်သလော၊ ယခု ဘယ်အမျိုး ငါ ဖြစ်သနည်း၊ ယခု ဘယ်သဏ္ဌာန် ငါဖြစ်သနည်း၊ ယခု ဘယ်က ငါလာရ

လေသနည်း၊ ယခု ဘယ်ကို ငါသွားရမည် ဖြစ်လေသနည်း။ ပစ္စုပ္ပန် ယုံမှားခြင်း ၆-ပါး။

ပထမနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်ပုံ တယောက်။

ဒုတိယနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော် သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း၊ ယခု တဘဝပတ်လုံး ဖြစ်သော ရုပ်အပေါင်းတို့၏ အကြောင်း၄-ပါးကို တပေါင်းတည်း မြင်၏။ တဝီထိလုံး တဝီထိလုံးဖြစ်သော နာမ်အပေါင်း၏ ဆက်ဆံသော အကြောင်း, မဆက်ဆံသောအကြောင်းကို တခြားစီမြင်၏။ မြင်ခြင်း၄ာ အားထုတ်သောကာလ၊ ကံ, စိတ်, ဥတု,အာဟာရကြောင့် ရုပ်ဖြစ်၏ဟု အမြဲအခါခပ်သိမ်း ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်၏။

အကြား,အကြား မြင်သော ခဏ၊ မျက်စိကြည်လင် အဆင်းထင်သောကြောင့် မြင်၏။ အကြား,အကြား ကြားသောခဏ၊ နားကြည်လင် အသံသင်သောကြောင့် ကြား၏။အကြား,အကြား နံသောခဏ၊နှာခေါင်းကြည်လင် အနံ့ထင်သောကြောင့် နံ၏။ အကြား,အကြား စားသောခဏ၊ လျှာ ကြည်လင် အရသာထင်သောကြောင့် စား၏။ အကြား,အကြား ထိသောခဏ၊ကိုယ်ကြည်လင် အတွေ့ထင်သောကြောင့်ထိ၏။အကြား အကြား သိသောခဏ၊ စိတ်ကြည်လင် သဘောထင်သောကြောင့် သိ၏-ဟု၊နာမ်၏ ဆက်ဆံသော အကြောင်းကို၊ တခြား သိမ်းဆည်း ဆင်ခြင်၏။

အသင့်အတင့် နှလုံးသွင်းသောကြောင့် ကုသိုလ်ဖြစ်၏။ မသင့်မတင့် နှလုံးသွင်းသောကြောင့် အကုသိုလ်ဖြစ်၏။တရားနာသောကြောင့် ကုသိုလ် ဖြစ်၏။ တရားမနာသောကြောင့် အကုသိုလ်ဖြစ်၏။ ရှေး ကံ, ကိလေသာ အကြောင်းကြောင့် ယခု အကျိုး ဝိပါက်ဖြစ်၏။ ဘဝင်ကြောင့် အာဝဇ္ဇန်းကြိယာဖြစ်၏။ သန္တီရဏကြောင့် ဝုဋ္ဌောကြိယာဖြစ်၏-ဟု၊ နာမ်၏ မဆက်ဆံသော အကြောင်းကို၊ တခြား သိမ်းဆည်း ဆင်ခြင်၏။ ဆင်ခြင်သော်လည်း တိက္ခ,မန္ဒ ယောဂီအားလျော်စွာ အကျဉ်းအကျယ် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် သိမ်းဆည်း ဆင်ခြင်ပါ များ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင်အခါ ကာလ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်း

ကြောင့် နာမ်ရုပ်ဖြစ်လတံ့-ဟု၊ ယခု အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ်ကို သက်သေပြု၍၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထို အခါကာလ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါး သော ယုံမှားခြင်းကင်း၏။

ဒုတိယနည်းဖြင့် အားထုတ်၍ ဥာတပရိညာသို့ ရောက်သူတယောက်။

---

## ပဋိစ္စသမုပ္ပါဒ်၏ ၁၂-ရပ်သော အင်္ဂါကို သိသာရန် ပြခြင်း

ခဏခဏ ဖြစ်တိုင်း ဖြစ်တိုင်း၊နာမ်ရုပ်တို့ကို မသိခြင်းသည်-အဝိဇ္ဇာ မည်၏။ နာမ်ရုပ်တို့ကို မဖြစ် ဖြစ်အောင် အားထုတ်ခြင်းသည် – သင်္ခါရ မည်၏။ဘဝ၏အစ ပဋိသန္ဓေစိတ်သည်-ဝိညာဏ်မည်၏။ ဝိညာဏ်နှင့်တကွ ဖြစ်သော စေတသိက် ကမ္မဇနာမ်,ကမ္မဇရုပ်သည်-နာမ်ရုပ်မည်၏။ မျက်စိ အကြည်သည်-စက္ခာယတနမည်၏။ နား အကြည်သည်-သောတာယတန မည်၏။ နှာခေါင်း အကြည်သည်-ဃာနာယတန မည်၏။ လျှာ အကြည် သည်-ဇိဝှါယတနမည်၏။ ကိုယ်အကြည်သည်-ကာယာယတန မည်၏။ စိတ်အကြည်သည်-မနာယတန မည်၏။ဤအာယတန ၆-ပါးသည် သဠာ ယတန မည်၏။

မျက်စိဖြင့် အဆင်းနှင့်တွေ့၊ နားဖြင့် အသံနှင့်တွေ့၊ နှာခေါင်းဖြင့် အနံ့နှင့်တွေ့၊ လျှာဖြင့် အရသာနှင့်တွေ့၊ ကိုယ်ဖြင့် အတွေ့နှင့်တွေ့၊ စိတ်ဖြင့် သဘောနှင့်တွေ့။ ဤအတွေ့ ၆-ပါးသည်၊ ဖဿမည်၏။

မျက်စိဖြင့်တွေ့သော အဆင်းကို ခံစား၊ နားဖြင့်တွေ့သော အသံကို ခံစား၊ နှာခေါင်းဖြင့်တွေ့သော အနံ့ကို ခံစား၊ လျှာဖြင့်တွေ့သော အရသာကို ခံစား၊ ကိုယ်ဖြင့်တွေ့သော အတွေ့ကို ခံစား၊ စိတ်ဖြင့်တွေ့ သော သဘောကို ခံစား။ ဤခံစားခြင်း ၆-ပါးသည်၊ ဝေဒနာမည်၏။

အဆင်းကို တပ်မက်တောင့်တ၊ အသံကို တပ်မက်တောင့်တ၊ အနံ့ကို တပ်မက်တောင့်တ၊ အရသာကို တပ်မက်တောင့်တ၊ အတွေ့ကို

တစ်မက်တောင့်တ၊ သဘောကို တစ်မက်တောင့်တ။ ဤတစ်မက်တောင့်တခြင်း ၆-ပါးသည်၊ တဏှာမည်၏။

အဆင်း,အသံ,အနံ့,အရသာ,အတွေ့ ၅-ပါးသော ဝတ္ထုအာရုံ ကာမဂုဏ်ကို၊ မရ ရအောင် စွဲလမ်းခြင်းသည်-ကာမုပါဒါန်မည်၏။ မိစ္ဆာ အယူ စွဲလမ်းခြင်းသည် – ဒိဋ္ဌုပါဒါန်မည်၏။ မှားယွင်းသော အကျင့် သီလဖြင့်၊ စင်ကြယ်ခြင်းကို စွဲလမ်းခြင်းသည် – သီလဗ္ဗတုပါဒါန်မည် ၏။ ငါ သူတပါးဟု ကိုယ်ဟူသောအယူကို စွဲလမ်းခြင်းသည်-အတ္တဝါဒုပါဒါန်မည်၏။ ဤဥပါဒါန် ၄-ပါးသည်၊ ဥပါဒါန်မည်၏။

တစုံတခု အမှုကို ပုထုဇဉ်တို့၏ ပြုခြင်းသည်၊ ဘဝတဖန် နာမ်ရုပ်ကို ဖြစ်စေတတ်သောကြောင့်--ကံ မည်၏။ နာမ်ရုပ်တို့၏ **အစ** ဖြစ်ခြင်းသည်– ဇာတိ မည်၏၊ **အလယ်** အိုခြင်းသည်–ဇရာမည်၏။ **အဆုံး** ပျက်ခြင်းသည်– မရဏမည်၏။

**တတိယနည်း** ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ ယခု ဝိပဿနာကို အားထုတ် သောကာလ၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ သိအပ်သော နာမ် ရုပ်တို့၏ အစဖြစ်သောသဘောကို မြင်သဖြင့်၊ ဇာတိလည်း ထင်၏။အလယ် အိုသော သဘောကို မြင်သဖြင့်၊ ဇရာလည်း ထင်၏။ အဆုံး ပျက်သော သဘောကို မြင်သဖြင့်၊ မရဏလည်း ထင်၏။

ဇာတိ,ဇရာ,မရဏ ၃-ပါးတို့တွင်၊ အကျိုးဖြစ်သော ဇရာမရဏ၏၊ အကြောင်းဖြစ်သော ဇာတိကို မြင်သဖြင့်၊ အဆုံးကစ၍ အစတိုင်အောင် အစဉ်အတိုင်းဖြစ်သော အကျိုးအဆက်ဆက်တို့၏၊ အစဉ်အတိုင်းဖြင်သော အကြောင်းအဆက်ဆက်ကို မြင်၏။

မြင်ခြင်းဌာ အားထုတ်သောကာလ၊ နာမ်ရုပ်တို့၏ ဇာတိဖြစ်သည် ရှိသော်၊ ဇရာ,မရဏဖြစ်၏။ ကံရှိသော်၊ နာမ်ရုပ်တို့၏ ဇာတိဖြစ်၏။ ဥပါ ဒါန်ရှိသော်၊ ကံဖြစ်၏။ တဏှာရှိသော်၊ဥပါဒါန်ဖြစ်၏။ ဝေဒနာ ရှိသော်၊ တဏှာဖြစ်၏။ ဖဿရှိသော်၊ ဝေဒနာဖြစ်၏။ သဠာယတန ရှိသော်၊ ဖဿ ဖြစ်၏။ နာမ်ရုပ်ရှိသော်၊ သဠာယတန ဖြစ်၏။ ဝိညာဏ်ရှိသော်၊ နာမ်ရုပ် ဖြစ်၏။ သင်္ခါရရှိသော်၊ ဝိညာဏ်ဖြစ်၏။အဝိဇ္ဇာရှိသော်၊ သင်္ခါရ ဖြစ်၏။– ဟု တကြိမ်, တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို၊ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ထင်သည်၏အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင်အခါကာလ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့-ဟု၊ ယခု ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ထိုအခါကာလ အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊၁၆-ပါးသော ယုံမှားခြင်းကင်း၏။

တဘိသနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူတယောက်။

**စတုဆွနည်းဖြင့်** ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊ ဝိပဿနာကို အားမထုတ်မီက၊ခဏခဏဖြစ်သော နာမ်ရုပ်၌၊မသိသောအဝိဇ္ဇာကိုမြင်၍၊ ရှေးရှေးကာလ ဘဝဘဝက၊ ခဏခဏဖြစ်သော နာမ်ရုပ်၌၊ မသိသော အဝိဇ္ဇာကိုမြင်သဖြင့်၊မြင်သော အဝိဇ္ဇာမှစ၍၊အဆုံး ဇရာမရဏတိုင်အောင်၊ယခုဝိပဿနာကို အားထုတ်သောကာလ၊ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊သိအပ်သော နာမ်ရုပ်၏ အကြောင်း အစဉ်အဆက်, အကျိုး အစဉ်အဆက် ကိုမြင်၏။

မြင်ခြင်းငှာ အားထုတ်သောကာလ၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။ သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ကံဖြစ်၏။ကံကြောင့် ဇာတိဖြစ်၏။ဇာတိကြောင့် ဇရာ, မရဏ ဖြစ်၏။ –ဟု တကြိမ်တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို အနုလောမ ပဋိစ္စသမုပ္ပါဒ် ထင်သည်၏အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြစ်သည်မထင်၊အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါကာလ၊ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ် ဖြစ်လတံ့။–ဟု၊ ယခု ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါး တို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်

သည်ကို မြင်၏။ ထိုအခါကာလ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါး တို့၌၊ ၁၆-ပါးသော ယုံမှားကင်း၏။

စတုတ္ထနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူတယောက်။

အရိယာတို့၏သန္တာန်၌၊ ပစ္စုပ္ပန် ယခု အသစ် အသစ် ဖြစ်သော၊ တခုတခုသော စိတ်အကြိမ်၊ တခုတခုသော ရုပ်အကြိမ်သည်၊ အတိတ်, အနာဂတ် ရှေ့နောက် အကြောင်းအကျိုးနှင့် မစပ်၊ ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်လည်သောအားဖြင့် မဖြစ်။ ။ပယ်ပြီးသော အကြောင်း အကျိုး ကိုယူ။

ပုထုဇဉ်တို့၏သန္တာန်၌၊ ပစ္စုပ္ပန် ယခု အသစ်အသစ် ဖြစ်သော တခု တခုသော စိတ်အကြိမ်၊ တခုတခုသော ရုပ်အကြိမ်သည်၊ အတိတ်, အနာ ဂတ် ရှေ့နောက် အကြောင်းအကျိုးနှင့်စပ်၍၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သောအားဖြင့် ဖြစ်၏။ ။တစုံတခုသော အကြောင်းအကျိုး ကို မပယ်ဟု ယူ။

ဘဝသည်၊ ကမ္မဘဝ, ဥပပတ္တိဘဝ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ အကြောင်းသည် ကမ္မဘဝမည်၏။ အကျိုးသည် ဥပပတ္တိ ဘဝမည်၏။ အကြောင်း အကျိုး ၂-ပါးတို့တွင်၊အကြောင်းသည်၊အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အားဖြင့် ၅-ပါးအပြား ရှိ၏။ ထို ၅-ပါး တို့တွင်၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်သည်၊ ကိလေသဝဋ်မည်၏။ ကံ,သင်္ခါရ သည်၊ ကမ္မဝဋ်မည်၏။ အကြောင်း၏အဖြစ် တူသောအားဖြင့် ကိလေသဝဋ် ကို ကမ္မဝဋ်၌ထည့်၍၊ အကြောင်း တရား ၅-ပါးသည်၊ တပေါင်းတည်း ကမ္မဝဋ်ပင်မည်၏။ အကျိုးသည်၊ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာအားဖြင့် ၅-ပါးအပြားရှိ၏။ အကျိုးတရား ၅-ပါးသည်၊ ဝိပါက ဝဋ် မည်၏။ ဝိပါကဝဋ်သည်၊ နာမ်ရုပ်မည်၏။ ကမ္မဝဋ်သည် နာမ်ရုပ်၏ အကြောင်းဖြစ်၏။

ယခု ဝိပဿနာကို အားထုတ်သော ကာလ၊ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော နာမ်ရုပ်တို့၌၊ သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ် သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်းသဖြင့် ဥပါဒါန် မရှိ၊ မပြုသဖြင့် ကံမရှိ။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ၊ ယခု အကြောင်းမရှိ ခြင်းကြောင့်၊ နောင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အကျိုးမရှိ။ ယခု အကြောင်း မရှိ၊ နောင် အကျိုးမရှိ သည်ကိုမှတ်၍၊ ကာလအားဖြင့် အတိတ်,အနာဂတ်,ပစ္စုပ္ပန် နာမ်ရုပ်တို့၌၊

ယခု တဒဂ် အကြောင်းချုပ်ပုံ အကျိုးချုပ်ပုံကို၊ ထင်မြင်အောင် ဆင်ခြင်လျှင် လိုရင်းပင်ဖြစ်လင့်၏။ ပစ္စယပရိဂ္ဂဟဉာဏ်၏ အရာဌာနမဟုတ်၍သာ အကျယ်မှာ မဆိုသာချေ။

ဝိပဿနာကို အားမထုတ်မိက၊ အားထုတ်သော ခဏခဏ၊ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် မသိအပ်သော နာမ်ရုပ်တို့၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏၊ အားထုတ်သဖြင့် သင်္ခါရရှိ၏၊ တောင့်တသဖြင့် တဏှာရှိ၏၊ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏၊ ပြုသဖြင့် ကံရှိ၏။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ၊ ယခု အကြောင်းရှိခြင်းကြောင့်၊ နောင် ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ အကျိုးရှိ၏။ ယခု အကြောင်းရှိ နောင် အကျိုးရှိသည် မှတ်၍၊ ကာလအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် နာမ်ရုပ်တို့၌၊ ယခုက အကြောင်း မချုပ်ပုံ အကျိုးမချုပ်ပုံကို၊ ထင်အောင် ဆင်ခြင်ခြင်းသာလျှင် လိုရင်းသာ၍ပင် ဖြစ်၏။ ပစ္စယပရိဂ္ဂဟဉာဏ်၏ အရာဌာန လိုရင်းကျ၍၊ အကျယ်မှာလည်း ဆိုသာချေသည်။

ဝိပဿနာစိတ်၏ အာရုံဖြစ်သော နာမ်ရုပ်တို့၌၊ အကြောင်းအကျိုး တဒဂ်ချုပ်၏။ ဝိပဿနာစိတ်၌၊ အကြောင်းအကျိုး တဒဂ်မျှ မချုပ်။ ဝိပဿနာစိတ်သည်၊ ကံကိလေသာဟူသော အစွန်တွင်မှလည်း မထ၊ ဘဝတဘန် နာမ်ရုပ်ဟူသော ပဝတ္တမှလည်း မထ။ ဤအရာဌာနကြောင့်၊ ဆိုအပ်ပြီး,ဆိုအပ်လတံ့သော အစီအရင်ကို၊ စေ့စေ့ငုငု သတိပြု၍ ကြည့်ရှုကြသဖြင့်၊ အပြစ်မယူသင့်ပြီ၊

ပဋိစ္စသမုပ္ပါဒ်၏ ၁၂ ရပ်သော အင်္ဂါကို ပြဆိုခြင်းပြီး၏။

---

## နာမ်ရုပ်၏ အကျိုးအကြောင်း ပိုင်းခြားရာ၌ ဉာတပရိညာ၏သဘောကို ပြဆိုခြင်း

ပဉ္စမနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊စိန္တာမယဉာဏ်ဖြင့် ကြံဘူးသော အတိုင်း၊ ဝိပဿနာကို အားမထုတ်မိက၊ အားမထုတ်သော ခဏခဏ၊ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ၊ဖြစ်တိုင်းဖြစ်တိုင်းမှတ်သဖြင့် မသိအပ်သော ရုပ်နာမ်တို့၌ရှိသော၊ ယခုအကြောင်း, နောင်အကျိုးကိုမြင်သဖြင့်၊ ရှေးရှေးကာလ ဘဝက ဖြစ်တိုင်းဖြစ်တိုင်းမှတ်

သဖြင့်၊မသိအပ်သော နာမ်ရုပ်တို့၌ရှိသော၊ ရှေး အကြောင်း,ယခု အကျိုးကိုမြင်၏။

မြင်ခြင်း၄ာ အားထုတ်သောကာလ၊ ရှေးကမ္ဘာ၀၌ ခဏခဏဖြစ်သဖြင့်၊ ရင့်သော အာယတနတို့ကို၊ မသိတာက-အဝိဇ္ဇာ၊ အားထုတ်တာက- သင်္ခါရ၊ တောင့်တတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ပြုတာက-ကံ။ ရှေးကမ္ဘာ၀ အဝိဇ္ဇာ, သင်္ခါရ, တဏှာ ဥပါဒါန်, ကံ၊ ဤအကြောင်း တရား ၅-ပါးသည်၊ ယခုဘ၀ ပဋိသန္ဓေ၏ အကြောင်း ပင်တည်း။

ယခုဘ၀ ပဋိသန္ဓေက-ဝိညာဏ်၊ သက်ဝင်တာက-နာမ်ရုပ်၊ ကြည်တာက-အာယတန၊ တွေ့တာက-ဖဿ၊ခံစားတာက-ဝေဒနာ။ ဤအကျိုးတရား ၅-ပါးသည်၊ ရှေးက ပြုဘူးသောကံကြောင့်ဖြစ်သော အကျိုးပင်တည်း။ ယခုကမ္ဘာ၀၌ ခဏခဏဖြစ်သဖြင့်၊ ရင့်သော အာယတနတို့ကို၊ မသိတာက-အဝိဇ္ဇာ၊ အားထုတ်တာက-သင်္ခါရ၊ တောင့်တတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ပြုတာက-ကံ။ ယခု ကမ္ဘာ၀ အဝိဇ္ဇာ သင်္ခါရ, တဏှာ, ဥပါဒါန်,ကံ၊ ဤအကြောင်းတရား ၅-ပါးသည်၊ နောင်ဘ၀ ပဋိသန္ဓေ၏ အကြောင်းပင်တည်း။

နောင်ဘ၀ ပဋိသန္ဓေက-ဝိညာဏ်၊ သက်ဝင်တာက-နာမ် ရုပ်၊ ကြည်တာက-အာယတန၊ တွေ့တာက-ဖဿ၊ ခံစားတာက-ဝေဒနာ၊ ဤအကျိုးတရား ၅-ပါးသည်၊ ယခုဘ၀ ပြုသောကံကြောင့် ဖြစ်သော အကျိုးပင်တည်းဟု၊ တကြိမ် တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏အကြောင်းကို၊ ကမ္မဝဋ်, ဝိပါကဝဋ် ထင်သည်၏အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ် ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါကာလ၊ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ် ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ် ဖြစ်လတံ့ဟု၊ ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌ ငါဖြစ်သည်မထင်၊ အကြောင်းကြောင့် နာမ်ရုပ် ဖြစ်သည်ကို မြင်၏။ထိုအခါကာလ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်း ကင်း၏။

ဤသို့လျှင် ပဌမနည်း ဖြင့် အားထုတ်၍ ဥာတပရိညာသို့ ရောက်သူတယောက် ဖြစ်၏၊

အညာ ဟောတိ ဉာတပရိညာတိ ယာယ နာမရူပပရိဂ္ဂဟံ တဿစ ပစ္စယပရိဂ္ဂဟံ ကရောတိ၊ သာ အညာ ယောဂိနော ဇာဒ်နာမံ တွေကံ နာမန္တိ အာဒိနာ တဿ အယံ ပစ္စယောတိ အာဒိနာစ ပရိစ္ဆေဒဝသေန ဉာတဝတီကတွာ ဉာတပရိညာ။

(မဟာဋီကာ)

အညာ ဟောတိ ဉာတ ပရိညာတိ၊ အညာဟောတိ ဉာတပရိညာ–ဟူသည်ကား။ ယာယ ပညာယ၊ အကြင်ပညာဖြင့်။ နာမရူပပရိဂ္ဂဟံ၊ နာမ်ရုပ်ကို ပိုင်းခြားခြင်းကို။ ကရောတိ၊ ပြု၏။ တဿစ၊ ထိုပိုင်းခြားသော နာမ်ရုပ်၏လည်း။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို သိမ်းဆည်းခြင်းကို။ ကရောတိ၊ ပြု၏။ သာ ပညာ၊ ထို ပညာသည်။ အညာ ယောဂိနော၊ ထို ပိုင်းခြားသော ယောဂီအား။ ဉာတပရိညာ၊ ဉာတပရိညာသည်။ ဟောတိ၊ ဖြစ်၏။ ဇာဒ်၊ ဤအာရုံပြုခြင်းသည်ကား။ နာမံ၊ အာရုံသို့ညွတ်သဖြင့် အာရုံပြု – နမနလက္ခဏာထင်သော နာမ်တည်း။ တွေကံ၊ ဤအာရုံ ပြုသော ကာလမှုသည်ကား။ နာမံ၊ အာရုံသို့ ညွတ်သဖြင့် အာရုံပြုကာလ – နမနလက္ခဏာသင်သော နာမ်တည်း။ဇာတိအာဒိနာစ ပရိစ္ဆေဒ ဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်ကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်ငင်း။ အယံ၊ ဤ ဒွါရ,ဤအာရုံသည်ကား။ တဿ၊ ထိုပိုင်းခြားသောနာမ်၏။ ပစ္စယော၊ အကြောင်းတည်း။ တွေကော၊ ဤမှုသော ဒွါရကာလ, ဤမှုသော အာရုံကာလသည်ကား။ တဿ၊ ထို ပိုင်းခြားသော နာမ်၏။ ပစ္စယော၊ အကြောင်းတည်း။ ဇာတိအာဒိနာစ ပရိစ္ဆေဒဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားသည်၏အစွမ်းအားဖြင့်ငင်း။ ယာ ပညာ၊ အကြင် ပညာသည်။ ဉာတဝတီ၊ ဉာတ-ဟူသော နာမ်ရုပ်ကို ပိုင်းခြား, ဉာတ-ဟူသော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားသော။ ပညာ၊ပညာတည်း။ဇာတိကတွာ၊ ထို့ကြောင့်။ သာ ပညာ၊ ထိုပညာသည်။ ဉာတပရိညာ၊ ဉာတပရိညာ မည်၏။

တွေကံ တွေခကာ-ဟူသောပုဒ်၏ မြန်မာပြန် အနက်သံမှာ၊ ဤရွေ့ ဤမျှအောက်၊ ဤရွေ့ဤမျှထက် မယုတ်မသာ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ဖြစ်ဖြစ်သမျှ အမည်နာမ၊ သရုပ်သချာ အကုန်ပါသော နာမ်ရုပ်ကို၊ နာမ်ရုပ်၏အကြောင်းကို ဝိဋ္ဌကတ်ဉာဏ်က လိုပုံရ၏။ ဝိပဿနာဉာဏ်က မလို၊တိုက်ရိုက် ဆိုမူ၊ အာရုံ, အာရမ္မဏိက ဖြစ်သောခဏ၊ ဖြစ်တိုင်းဖြစ်တိုင်း အာရုံသို့

ညွတ်သဖြင့် အာရုံပြုထင်သော-နမနလက္ခဏာ၊ ဖြစ်တိုင်းဖြစ်တိုင်း ရှေ့ရုပ် အစဉ်နှင့်မတူ၊ နောက်ရုပ်အစဉ် ဖေါက်ပြန်သဖြင့်၊ အာရုံထင်သော-ရုပ္ပန လက္ခဏာ၊နာမ်ရုပ်ကိုသာ ဝိပဿနာဉာဏ်က လို၏။ အာရုံ, အာရမ္မဏိက ဖြစ်သော ခဏ-နမနလက္ခဏာ, ရုပ္ပနလက္ခဏာ ထင်သည်ကို သိမှ၊ နာမ်ရုပ် အပိုင်းအခြားဖြစ်၏။ အပိုင်းအခြားဖြစ်သော နာမ်ရုပ်၏၊ အကြောင်းကို ပိုင်းခြားမှ ဉာတပရိညာဖြစ်၏။ တွေးတောကြံဆ စိတ်ကထင်ရာ ဖြစ်သင့် သော သဘောအနေနှင့်၊ နာမ်ရုပ်၏အကြောင်းကို ရှာဖွေ၍၊ ပိုင်းခြားကာ မျှနှင့်ဉာတပရိညာ မဖြစ်၊ စိန္တာမယဉာဏ်မျှ ဖြစ်၏။

သုတမယဉာဏ်, စိန္တာမယဉာဏ်နှင့်၊ ဝိပဿနာ ဘာဝနာမယဉာဏ် ၃ ပါး ခွဲပုံကို၊ သိသာရုံ ပြဆိုခြင်း စကားစုတို့ပေတည်း။

## ယုံမှားခြင်းကင်းပျောက်၍ ဉာဏ်အဆုံးရောက်ပုံကိုပြခြင်း

ဤသို့ ကိုယ်စီကိုယ်ငှ ပစ္စယပရိဂ္ဂဟဉာဏ်ကို၊ အသီးသီး အားထုတ် ကြသောနည်းဖြင့်၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ ပိုင်းခြား အပ်သော နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်၍၊ ကာလ ၃- ပါးတို့၌ ၁၆-ပါးသော ယုံမှားခြင်းကင်းသောသူအား၊ ဖြစ်ဖြစ်သမျှ အကုန် အလုံးစုံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ခန္ဓာနာမ်ရုပ်တို့ သည်၊ စုတိ ပဋိသန္ဓေ၏ အစွမ်းအားဖြင့်၊ အကြင် အခါကာလ ထင်ရှား ကုန်၏။ ထိုအခါကာလ ဉာတပရိညာဖြစ်၏။ ဖြစ်သော ဉာတပရိညာဖြင့် စုတိပဋိသန္ဓေကို မြင်၍၊ အကြင်အခါကာလ အနိစ္စ, ဒုက္ခ, အနတ္တအား ဖြင့် ထင်ရှားကုန်၏။ ထိုအခါကာလ ပစ္စယပရိဂ္ဂဟဉာဏ်မြင်က အဆုံး ကျ၍၊ သမ္မသနဉာဏ်က အစ၊ ပစ္စယပရိဂ္ဂဟဉာဏ်၏ တဘက်ကမ်းသို့ ရောက်၏။

ရောက်ခြင်းငှါ အားထုတ်သောကာလ၊ ဉာတပရိညာဖြင့် ယောဂီ ပုဂ္ဂိုလ်၊ ဤသို့ စုတိပဋိသန္ဓေကို သိမြင်၏။ အဘယ်သို့ သိမြင်သနည်း။ ရှေးဘဝက ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည်၊ ရှေးဘဝ အဆုံး ချုပ်ပျက်ကုန်ကြပြီ။ ယခု ဘဝအစ ရှေးကံကြောင့်၊ တပါးအသစ် ခန္ဓာဖြစ် ကြကုန်၏။ ရှေးဘဝက တစုံတခုသောတရားမျှ၊ ယခုဘဝသို့ မလာ မရောက်။

ယခုဘဝ ရှေးကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည်၊ ယခုဘဝ အဆုံး ချုပ်ပျက်ကြကုန်လတံ့။ နောင်တဖန် ဘဝအစ၊ ယခု ဘဝက ကံကြောင့်၊ တပါးအသစ် ခန္ဓာဖြစ်ကြကုန်လတံ့။ ယခု ဘဝက တစုံတခု သောတရားမျှ၊ နောင်တဖန်ဘဝသို့ မသွားမရောက်။ ရှေးဘဝက တစုံ တခုသော တရားမျှ၊ ယခုဘဝသို့ မပြောင်းမရွေ့။ မပြောင်းမရွေ့သော် လည်း၊ ရှေးဘဝက ခန္ဓာ, အာယတန, ဓာတ်ကြောင့်၊ ယခုဘဝ အစ ခန္ဓာ, အာယတန, ဓာတ် မဖြစ်သည်မဟုတ် ဖြစ်၏။

ယခုဘဝက တစုံတခုသောတရားမျှ၊နောင်တဖန်ဘဝသို့ မပြောင်း မရွေ့၊ မပြောင်းမရွေ့သော်လည်း၊ ယခု ဘဝက ခန္ဓာ, အာယတန, ဓာတ်ကြောင့်၊ နောင်တဖန် ဘဝအစ ခန္ဓာ,အာယတန,ဓာတ် မဖြစ်သည် မဟုတ် ဖြစ်ပြန်လေ၏။

ရှေးဘဝအဆုံး စုတိမနေ သေသောစိတ်ဖြစ်၏။ သေသောစိတ် ကြောင့်၊ ယခုဘဝအစ ပဋိသန္ဓေနေသော စိတ်ဖြစ်၏။ ရှေးဘဝ အဆုံး စုတိမနေ သေသောစိတ်က တစုံဘခုမျှ၊ ယခုဘဝအစ ပဋိသန္ဓေနေသော စိတ်သို့ မလာမရောက်။ ယခုဘဝအဆုံး စုတိမနေ သေသောစိတ်ဖြစ်၏။ သေသောစိတ်ကြောင့် နောင်တဖန်ဘဝအစ ပဋိသန္ဓေနေသော စိတ်ဖြစ် ၏။ ယခုဘဝအဆုံး စုတိမနေ သေသောစိတ်က တစုံတခုမျှ၊ နောင်တဖန် ဘဝအစ ပဋိသန္ဓေနေသော စိတ်သို့ မသွားမရောက်။

ဤသို့ ဉာဏပရိညာဖြင့် ယောဂီပုဂ္ဂိုလ် စုတိပဋိသန္ဓေကို သိမြင် ၏။ စုတိပဋိသန္ဓေ အစွမ်းအားဖြင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ် သော၊ ခပ်သိမ်းဉဿုံ အလုံးစုံ ခန္ဓာနာမ်ရုပ်တရားကို၊ ဉာဏပရိညာဖြင့် သိသော ယောဂီအား၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏ အကြောင်းကို၊ သိမ်းဆည်းဆင်ခြင်သော ပစ္စယပရိဂ္ဂဟဉာဏ်၊ အားရှိ အားမဲ့ သိမ်းဆည်းဆင်ခြင်ခြင်းငှါ၊ စွမ်းသန်ထက်မြက်ခြင်းသို့ ရောက်၏။

ထိုအခါ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှား ခြင်းကင်း၏။ ၆၂-ပါးသော ဒိဋ္ဌိကွာ၏။ စုတိကိုမြင်၍ နိမိတ္တအရ၊ ခပ် သိမ်းသော သင်္ခါရတို့သည် ဟုတ်သောအတိုင်း၊ မမြဲသော သဘော— အနိစ္စအားဖြင့် ထင်ရှားကုန်၏။ ပဋိသန္ဓေကိုမြင်၍ ပဝတ္တအရ၊ ခပ်သိမ်း

သော သင်္ခါရတို့သည် ဟုတ်သောအတိုင်း၊ ဆင်းရဲသော သဘော-ဒုက္ခအားဖြင့် ထင်ရှားကုန်၏။ စုတိ, ပဋိသန္ဓေ ၂-ပါးစုံကို မြင်၍၊ နိမိတ္တ, ပဝတ္တ ၂-ပါးစုံအရ၊ ခပ်သိမ်းသောတရားတို့သည် ဟုတ်သောအတိုင်း၊ မမြဲ, ဆင်းရဲက ကိုယ်အလိုမကျသောသဘော-အနတ္တအားဖြင့် ထင်ရှားကုန်၏။ အနိစ္စ, ဒုက္ခ, အနတ္တ ထင်သဖြင့်၊ ပစ္စယပရိဂ္ဂဟဉာဏ် အဆုံးကျ၍၊ သမ္မသနဉာဏ်က အစ၊ ပစ္စယပရိဂ္ဂဟဉာဏ်၏ တဘက်ကမ်းသို့ ရောက်၏။

ထိုအခါ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှားခြင်းကင်း၏။ ၆၂-ပါးသော ဒိဋ္ဌိကွာ၏ဆိုသော စကားရပ်၌၊ အတိတ်၌ ယုံမှားခြင်း ၅-ပါး၊ အနာဂတ်၌ ယုံမှားခြင်း ၅-ပါး၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။ ကာလကိုမှတ်သောအားဖြင့်၊ ယုံမှားခြင်း ၁၆-ပါး ပြားသော်လည်း၊ ဘုရား၌ယုံမှားခြင်း, တရား၌ယုံမှားခြင်း, သံဃာ၌ ယုံမှားခြင်း, အကျင့်၌ယုံမှားခြင်း, အတိတ်၌ယုံမှားခြင်း, အနာဂတ်၌ ယုံမှားခြင်း, ပစ္စုပ္ပန်၌ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း၊ ဌာနကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၈-ပါးသာဖြစ်၏။

ဌာနကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၈-ပါး ပြားသော်လည်း၊ နာမ်ရုပ်၌ယုံမှားခြင်း, နာမ်ရုပ်၏ အကြောင်း၌ယုံမှားခြင်း၊ အာရုံကိုမှတ်သောအားဖြင့်၊ ယုံမှားခြင်း ၂-ပါးသာဖြစ်၏။

အာရုံကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၂-ပါး ပြားသော်လည်း၊ ယုံမှားသောအခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့်၊ ဝိစိကိစ္ဆာ တပါးသာဖြစ်၏။

ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး, အပရန္တာနုဒိဋ္ဌိ ၄၄-ပါး။ ဝါဒကိုမှတ်သောအားဖြင့် ၆၂-ပါး ပြားသော်လည်း၊ ခန္ဓာကို မှတ်သောအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀-သာဖြစ်၏။ ခန္ဓာကို မှတ်သောအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀-ပြားသော်လည်း၊ အဝိဇ္ဇာ, တဏှာကို မှတ်သောအားဖြင့်၊ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးသာဖြစ်၏။

အဝိဇ္ဇာ ဘဝတဏှာကို မှတ်သောအားဖြင့်၊ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးပြားသော်လည်း၊ ယူမှားသော အခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့်၊ အတ္တဒိဋ္ဌိ တပါးသာဖြစ်၏။

ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ နာမ်ရုပ်ကိုမပိုင်းခြား, နာမ်ရုပ်၏အကြောင်းကို မပိုင်းခြားသည်ရှိသော်၊ မပိုင်းခြားသော နာမ်ရုပ်, မပိုင်းခြားသော နာမ်ရုပ်၏အကြောင်း၌၊ ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာ ဖြစ်၏။ ဝိစိကိစ္ဆာဖြစ်သော်လည်း၊ သဟဇေဋ္ဌက အားဖြင့်၊ ယုံမှားသောအခြင်းအရာ ဒိဋ္ဌိဖြစ်၏။

သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၊ သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်း၌၊ ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာမဖြစ်၊ ဝိစိကိစ္ဆာ မဖြစ်သည်ရှိသော်၊ ပဟာနေကဋ္ဌအားဖြင့်၊ ယူမှားသောအခြင်းအရာ ဒိဋ္ဌိမဖြစ်။ ထို့ကြောင့်၊ ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာတရားကိုယ် အရင်းကင်းသဖြင့်၊ အရင်းလဲက အဖျားထင်းဖြစ်သကဲ့သို့၊ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှားခြင်းကင်း၏။ ယူမှားသောအခြင်းအရာ ဒိဋ္ဌိတရားကိုယ် အရင်းကွာသဖြင့်၊ အရင်းလဲက အဖျားထင်းဖြစ်သကဲ့သို့၊ သဿတ,ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးကွာ၏။သက္ကာယဒိဋ္ဌိ ၂၀-ကွာ၏။ ၆၂-ပါးသော ဒိဋ္ဌိကွာ၏ဆိုသည်။

---

## ဩလီယန္တစသော ပုဂ္ဂိုလ် ၃-မျိုးကို ပြခြင်း

ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏အမည်နာမ သရုပ်သဏ္ဍာန် အရေအတွက်အကုန်ပါအောင်၊ အပြားအားဖြင့် ၁-ပါးစီ၊ ဝိပဿနာဉာဏ်ဖြင့် သိသင့်, သိထိုက်, သိအပ်၊ ပယ်သင့်, ပယ်ထိုက်, ပယ်အပ်သည် မဟုတ်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်၏ဆိုသော စကား၏အရ၊ ဖြစ်လျက် ပယ်ထားသည်မဟုတ်၊ အလျဉ်းပင်မဖြစ်ပေါ်လာ၊ ယုံမှားကင်းသော အနေမျိုး ယူမှားကင်းသောအနေမျိုးသာဖြစ်၏။

ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ နာမ်ရုပ်ကို သိမှတ်ပိုင်းခြား၊ နာမ်ရုပ်၏အကြောင်းကို သိမှတ်ပိုင်းခြားသော၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်အပ်သည်ဖြစ်လျက်၊ မြင်းကိုစီးလို့မှ အထီးမှန်း အမမှန်း မသိဆိုဘိသကဲ့သို့။ ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏ အမည်နာမ သရုပ်သဏ္ဍာ၊ အရေအတွက် အကုန်ပါအောင်၊ တပါးစီ အသီးအသီး မသိကတည်းက၊ ဘာမှမဟုတ်ဟု မယုံကြည်ကြခဲ့။

ထို့ကြောင့် ဘဝ၌မွေ့လျော်ပျော်ရွှင်၊ ဖြစ်သော နာမ်ရုပ်ကိုမြင်၊ ငါဟူသော သတ္တဝါ ထင်မှတ်သဖြင့်၊ မကျင့်ဘဲ နေသောသူ - ဩလီယန္တ

ပုဂ္ဂိုလ်တယောက်။ ဘဝ၌ ပျင်းရိငြီးငွေ့ မမွေ့မလျော် မပျော်မရွှင်၊ ဖြစ်သော နာမ်ရုပ်ကိုမမြင်၊ ငါဟူသောသတ္တဝါ သေသည်နောက် မဖြစ်ဟု ထင်မှတ်သဖြင့်၊ လွန်ပြေးသောသူ-အတိဓာဝန္တ ပုဂ္ဂိုလ်တယောက်။ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၊ သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏ အကြောင်း၌၊ဝိပဿနာ အကျိုး၄ာ၊မဂ်အကျိုး ဖိုလ်အကျိုး၄ာ၊ နိဗ္ဗာန်အကျိုး၄ာ၊ ယုံကြည်သဖြင့်ကျင့်သော စက္ခုမန္တပုဂ္ဂိုလ် တယောက်။ ဤသို့ ပုဂ္ဂိုလ် ၃-ယောက်ကို ဟောတော်မူ၏။

ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ။ ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ ဘဝသမုဒိတာ။ တေသံ ဘဝနိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ န ပက္ခန္ဒတိ နပ္ပသီဒတိ န သန္တိဋ္ဌတိ နာဓိမုစ္စတိ။ ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။

ကထဉ္စ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။ ဘဝေနေဝ ခေါ ပနေကေ အဋ္ဋီယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ ဝိဘဝံ အဘိနန္ဒန္တိ။ ယတော ကိရ ဘော အယံ အတ္တာ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ န ဟောတိ ပရမ္မရဏာ ဧတံသန္တံ ဧတံ ပဏီတံ ဧတံ ယာထာဝန္တိ။ ဧဝံ ခေါ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ ဩလီယန္တိ၊ နေရစ်ကုန်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဘဝါရာမာ၊ ဘဝ၌ မွေ့လျော်ကြကုန်၏။ ဘဝရတာ၊ ဘဝ၌ တပ်မက်ကြကုန်၏။ ဘဝသမုဒိတာ၊ ဘဝ၌ မွေ့လျော်ရွှင်လန်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန်၏။ တေသံ၊ ထိုနတ်လူတို့အား။ ဘဝနိရောဓာယ၊ ဘဝချုပ်ခြင်းငှါ၊ ဓမ္မေ၊ အကျင့် တရား တို့ကို။

ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ နပက္ခန္ဒတိ၊ အကျင့်၌ မသက်ဝင်။ နပ္ပသီဒတိ၊ အကျင့်ကို မယုံ။ နသန္တိဋ္ဌတိ၊ ကျင့်မည်ဟု မဆောက်တည်။ နာဓိမုစ္စတိ၊ ကျင့်မည်ဟု နှလုံးမသွင်း။ ဘိက္ခဝေ၊ တို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ ဩလီယန္တိ၊ နေရစ်ကုန်၏။

ဤကား ဩလီယန္တပုဂ္ဂိုလ်၏ သဘောသွားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားပေတည်း။ ဒေသနာတော်၏ အဓိပ္ပါယ်များကို၊ ဉာဏ်သွားတိုင်း ဆင်ခြင်၍ မြင်အောင် သိရှိကြပါစေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ အတိဓာဝန္တိ၊ လွန်ပြေးကုန်သနည်း။ ဘဝေနေ ဝခေါ ပန၊ ဘဝမှသာလျှင်။ အဋ္ဋီယမာနာ၊ ငြီးငွေ့ကုန်သည် ဖြစ်၍။ ဟရာယမာနာ၊ ရှက်နိုး ကုန်သည်ဖြစ်၍။ ဇိဂုစ္ဆမာနာ၊ စက်ဆုပ်ကုန်သည်ဖြစ်၍။ ဝိဘဝံ၊ ဘဝပြတ်သည်ကို။ အဘိနန္ဒန္တိ၊ နှစ်သက်ကုန်၏။ ဘော၊ အိုအချင်းတို့။ အယံအတ္တာ၊ ဤငါဟူသော သတ္တဝါသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျက်၏။ ပရမ္မရဏာ၊ သေသည်မှနောက်။ န ဟောတိ၊ မဖြစ်။ ဧတံ၊ ဤသို့သေသည်မှနောက် မဖြစ်ခြင်းသည်။ သန္တံ၊ ငြိမ်း၏။ ဧတံ၊ ဤငြိမ်းခြင်းသည်။ ပဏီတံ၊ မြတ်၏။ ယထာဝံ၊ အကြင့်ကြောင့်။ ယာထာဝံ ကိရ၊ အမှန်ဟုတ်သတတ်။ ဣတိ၊ ထို့ကြောင့်။ ဝိဘဝံ၊ ဘဝကင်းပြတ်ခြင်းကို။ အဘိနန္ဒန္တိ၊ နှစ်သက်ကြကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ အတိဓာဝန္တိ၊ လွန်ပြေးကြကုန်၏။

ဤကား အတိဓာဝန္တပုဂ္ဂိုလ်၏ သဘောသွားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ စက္ခုမန္တော၊ မျက်စိအမြင် ရှိသော သူတို့သည်သာလျှင်။ ပဿန္တိ၊ မြင်ကုန်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား၏ ဩဝါဒ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဘူတံ၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းကို။ ဘူတတော၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းဖြင့်။ ပဿတိ၊ ရှုမြင်၏။ ဘူတံ၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းကို။ ဘူတတော၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းဖြင့်။ ဒိသွာ၊ ရှုမြင်၍။ ဘူတဿ၊ နာမ်ရုပ်တို့၏ ဖြစ်

သောအတိုင်း၌။ နိမ္မိဒါယ၊ ငြိးငွေ့သော ဝိပဿနာအကျိုးငှာ။ ဝိရာဂါယ၊ ကိလေသာကင်းသော မဂ်အကျိုးငှာ။ နိရောဓာယ၊ ဘဝတဖန်ခန္ဓာ နာမ်ရုပ်ချုပ်သော နိဗ္ဗာန် အကျိုးငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ ဧဝံခေါ၊ ဤသို့လျှင်။ စက္ခုမန္တော၀၊ မျက်စိအမြင်ရှိသော သူတို့သည်သာလျှင်။ ပဿန္တိ၊ မြင်ကုန်၏။

ဤကား စက္ခုမန္တပုဂ္ဂိုလ်၏ သဘောသွားကို မှတ်သားရန် ပြဆိုသောစကားပေတည်း။

ယခု ပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ် ၃-ပါး၌၊ မှတ်သားရန် အဓိပ္ပါယ်အထူးမှာ၊ ဩလီယန္တပုဂ္ဂိုလ်သည်၊ သဿတဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ အတိဓာဝန္တ ပုဂ္ဂိုလ်သည်၊ ဥစ္ဆေဒဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ စက္ခုမန္တ ပုဂ္ဂိုလ်သည်၊ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မျက်စိရှိသော ယောဂီပုဂ္ဂိုလ် မည်၏။ ဝိပဿနာဉာဏ် မျက်စိဖြင့် မျက်စိရှိသည်ဖြစ်၍၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ ရှုမြင်သဖြင့် သိမှတ်ပိုင်းခြားအပ်သော၊ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သော၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံသော ယောဂီ ပုဂ္ဂိုလ်သည်၊ မဆုတ်မတက် တသက်ပတ်လုံး ဤဉာဏ်နှင့် ပြည့်စုံသည်ရှိသော်၊ သေသည်မှနောက် လူ့ဘဝ နတ်ဘဝသို့ ရောက်သော၊ ဒုတိယဂတိ မြဲသည်ဖြစ်၍ စူဠသောတာပန်မည်၏။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣမိနာပန ဉာဏေန၊ ဤနာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးနှင့်။ သမန္နာဂတော၊ပြည့်စုံသော။ ဝိပဿကော၊ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည် မှီခိုရာရှိသည်ဖြစ်၍။နိယတဂတိကော၊မြင့်မြတ်သောဘုံဘဝ၌ မြဲသောလားခြင်း ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ သောတာပန်ငယ် သောတာပန်အထွေးမည်သည်။ ဟောတိ၊စင်စစ်မသွေ ဖြစ်ရလေသတည်း။

ဩသီယန္တစသော ပုဂ္ဂိုလ် ၃-မျိုး၏အလားကို ပြဆိုခြင်း ပြီး၏။

**ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏။**

ဤညာဏ် ၂-ပါးကို မေသချာစေ့ငု၊ ကြည့်ရှုပြီးလျှင်၊ ကျေးဇူးရှင် မူသ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိပဿနာ ညာဏ်စဉ်ကျမ်းကြီးကို လေ့လာကြပါက၊ လွယ်လင့်တကူ အဓိပ္ပါယ်သဘော သဘာဝတ္ထုတို့ကို သိနိုင်မြင်နိုင်ကြပါလိမ့်မည်။

ဤတွင်

မင်းကွန်းဝိပဿနာ ဥဒါဟာသုဒနီကျမ်း

ပြီး၏။

# နိဒါန်း

သာသနသောဓကေ သာသနပါလ ပညာဝန္တ ဂုဏဝန္တ၊ ဗဟုဿုတ ပရိယတ္တိဝိသာရဒ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ သဒ္ဓမ္မမာမက သံသာရဘယဘီရုက အစစ် ဖြစ်ကြီးဖြစ်တော်မူသော၊ သထုံမြို့ ဇေတဝန် ကျောင်းတိုက်၌ ယာပထလေးလီဖြင့် မျှညီရှင်ပြုံး၊ သီတင်းသုံးနေတော် မူစဉ်၊ **မူလ မင်းကွန်း ဇေတဝန်ဆရာတော်** ဘုရားကြီးသည်၊ သဇ္ဈနဂိုဏ်း ဝင်၊ သူတော်စင်အများတို့၏အကျိုးငှါ၊ ဝိပဿနာ ဉာဏ်အဆင့်ဆင့် နိဗ္ဗာနကထာအဆုံး ပေါင်းရုံးဝေဖြာ **အာရမ္မဏဝိဓိ ဝိဿဇ္ဇနာကျမ်းကြီး** ကို အံ့ချီးဘွယ်ရာ ကရုဏာရှေ့ထား၊ ရေးသား စီရင်ပြုစုတော် မူခဲ့ဘူးပြီ ဖြစ်ပါကြောင်း။

ငှင်း အာရမ္မဏဝိဓိဝိဿဇ္ဇနာကျမ်းကြီး၌ ဝိပဿနာလေးဆယ်အနက်၊ တပါးတပါးသော ဝိပဿနာ၏ ဆန့်ကျင်ဘက် နိဗ္ဗာန်ထင်၍ မဂ်ဝင်ပုံ ၄၀၊ နိဗ္ဗာန်ထင်ပုံ ၄၀၊ ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ အခန်း၌ပါ ဝင်သော တောလေးဆယ်ကို၊ အကျယ်တဝင့် ဖွင့်ဆိုရေးသားပါမည့်အ ကြောင်းနှင့် ယောဂီတပည့်များ အပေါင်းက၊ အကြိမ်ကြိမ်တောင်းပန် လျှောက်ထားကြသည်ဖြစ်၍၊ ဤ**တောလေးဆယ်အဖွင့်** ကို ထောက်ချင့် လေးမူ သနားခြင်းရှေးရှုပြီး ကြည်ဖြူစွာ ရေးသားတော်မူပြန်ပါကြောင်း။

ငှင်းတောလေးဆယ်အဖွင့်၌၊ အနိစ္စထင်ချက် ၁၀-ပါး၊ ဒုက္ခထင် ချက် ၂၅-ပါး၊ အနတ္တထင်ချက် ၅-ပါး၊ မဂ်ဝင်ပုံ, နိဗ္ဗာန်ထင်ပုံ အနု ပဿနာ အစုံလေးဆယ် အနက်အဓိပ္ပါယ်တို့ဖြင့်၊ တန်ဆာဆင်ယင်လျက်၊ ကွက်ကွက်ကွင်းကွင်း ထင်လင်းသချာ လူပြိန်းတို့ဉာဏ်မှာပင် သန့်ရှင်း အောင် ချွတ်ရေးသားသော ကျမ်းဖြစ်လေသောကြောင့်၊ ကလျာဏ သပ္ပုရိသဂိုဏ်းဝင် နိဗ္ဗာန်ကိုခင်မင်သည့် သူတော်စင်အပေါင်းတို့ နှစ် ထောင်းအားရ၊ ယောနိသော မနသိကာရဖြင့်၊ ကျနစွာကြည့်ရှုလေ့လာ နိုင်ကြစေကုန်သောဝ်း။

ငှင်း တောလေးဆယ် အဖွင့်ကျမ်းသည်၊ လွန်ခဲ့သောနှစ်ပေါင်း ၂၅- နှစ်ခန့်က စက်တင်ပုံနှိပ်ခဲ့ရာ၊ စာအုပ်ရေ တထောင်ကျော်မျှသာ ရိုက်နှိပ် ဝေငှရပါသဖြင့်၊ ယခုအခါ ကျွင်းကျန်မရှိ အလိုရှိသူတို့၏ဆန္ဒ မပြည့်ဝ ဖြစ်ခဲ့ရာသည်။သို့မပြည့်ဝလေသောကြောင့်၊**ရန်ကုန်မြို့ မင်းကွန်းဆရာတော်** ဘုရားသည်၊ အလိုရှိသော တပည့်အပေါင်းတို့၏ လိုအင်ဆန္ဒ ပြည့်ဝစေ

ခြင်း, ပဋိပတ္တိသာသနာတော်၏ ပြန့်ပွားစေခြင်း, မူလ မင်းကွန်းဇေတဝန် ဆရာတော် ဘုရားကြီး၏ ကျေးဇူးတော်ကို ဆပ်ရာရောက်စေခြင်းဟူသော အကျိုးသုံးခု အာရုံပြု၍၊ ထပ်မံ၍စက်တင်ပုံနှိပ်မည် ဆန္ဒတော်ရှိစဉ်၊ ဗျာဓိဓမ္မ ဂိလာနဝင် ကိစ္စတွေချွတ်၍ မလွတ်ဘင်္ကျွဏ၊ မရဏဓမ္မော အနတိတော–ဟု ရှင်စောဘုရား ဟောကြားဒေသနာ၊ ခေမာအမတ နိဗ္ဗာနဓာတ် သူ မြတ်တို့ခိုလှုံ ဓမ္မာရုံသို့၊ အစုံခန္ဓာ ဇာတ်သိမ်းပါ၍၊ မြန်စွာစိုက်စိုက် ကြွခါ လိုက်သဖြင့်၊ မရိုက်ဖြစ်ဘဲ ကြွင်းကျန်ရစ်ပါသည်။

သို့ကြွင်းကျန်ရစ်ခဲ့ပါသော်လဲ၊ "ဆရာကျေးဇူး၊ ဂုဏ်အထူးကို၊ ပြန့်ပြူး စေငှာ၊ ဆပ်ဘိုရာ၊ တပည့်တာဝန်သာ" ဟူသော ပရိဘာသာ နှင့် အညီ၊ ဆရာ၏ အလိုတော်ဆန္ဒ ပြည့်ဝထပ်ထပ် ကျေးဇူးဆပ်အနေ သာသနာ တော် ပြန့်ပွားစေဟူသော ယောနိသောနှလုံးထားဖြင့်၊ လက်ရှိ မင်းကွန်း ဆရာတော်ဘုရားက၊ ထပ်မံ၍ပြင်ဆင်၊ သုတ်သင်ခါပုဒ်ပါဠိ၊ ရှင်းလင်းစွာ တည်းဖြတ်ပြီး၊ ချို့ယွင်းမှု ကင်းလတ်အောင် ဒုတိယအကြိမ် စက်တင်၍ ပုံနှိပ်အပ်ပါသတည်း။

မင်းကွန်း ပဋိပတ္တိသာသနာနုဂ္ဂဟ အသင်းချုပ်ကြီး
မင်းကွန်းတောရကျောင်းတိုက်
မင်းကွန်းဝိဟာရလမ်း
ရန်ကုန်မြို့။



# တောလေးဆယ်အဖွင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အနိစ္စလက္ခဏာ ၁၀-ပါး

### အနိစ္စတောအဖွင့်

**အနိစ္စတော သမ္မသတိ။ ကထံ။**

အနိစ္စတော၊ မမြဲဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ အနိစ္စတော၊ မမြဲဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

အနိစ္စတဲ-မမြဲဟု သုံးသပ်သော သမ္မသနဉာဏ်၏အာရုံ ဖြစ်သော၊ မမြဲသော သဘော၏အရ-အနိစ္စ။ အနိစ္စ၏အရ-ခန္ဓပဥ္စက။ ခန္ဓပဥ္စက၏ အရ-ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်။ ဤရုပ်, ဤဝေဒနာ, ဤသညာ,ဤသင်္ခါရ,ဤဝိညာဏ်၊ တပါးတပါးသော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှ ပေါ်လာ၍၊ဖြစ်သောခဏ သစ်သောကာလလည်း မမြဲ။ ဖြစ်သောခဏ သစ်သောကာလမှ ပြောင်းရွှေ့၍၊ တည်သောခဏ ဟောင်းသောကာလလည်း မမြဲ၊ တည်သောခဏ ဟောင်းသောကာလမှ ပြောင်းရွှေ့၍၊ ပျက်သောခဏ ကုန်သောကာလလည်း မမြဲ။ ဤရုပ်,ဤဝေဒနာ,ဤသညာ, ဤသင်္ခါရ,ဤဝိညာဏ်၊ တပါးတပါးသော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှ ပေါ်လာ၍၊ ဖြစ်သောခဏ သစ်သောကာလ အစလည်း မမြဲ။ ဖြစ်သောခဏ သစ်သောကာလ အစမှ ပြောင်းရွှေ့၍၊ တည်သောခဏ ဟောင်းသောကာလ အလယ်လည်း မမြဲ၊ တည်သောခဏ ဟောင်းသောကာလ အလယ်မှ ပြောင်းရွှေ့၍၊ ပျက်သောခဏ ကုန်သောကာလ အဆုံးလည်း

မမြဲ။ ဤရုပ်, ဤဝေဒနာ, ဤသညာ, ဤသင်္ခါရ,ဤဝိညာဏ်၊ တပါးတပါး သော ခန္ဓာ၏မဖြစ်ခင် မထင်မြင်ရာမှ ပေါ်လာ၍၊ ဖြစ်သောခဏ သစ် သောကာလ၊ အစ, ဥပ္ပါဒ သင်္ခတလက္ခဏာလည်း မမြဲ။ အနိစ္စလက္ခဏာ တပါး။ ။ဖြစ်သောခဏ သစ်သောကာလမှ ပြောင်းရွေ့၍၊ တည်သော ခဏ ဟောင်းသောကာလ၊အလယ်, ဌိတိ သင်္ခတလက္ခဏာလည်း မမြဲ။ အနိစ္စလက္ခဏာ တပါး။ ။တည်သောခဏ ဟောင်းသောကာလ အလယ်မှ ပြောင်းရွေ့၍၊ ပျက်သောခဏ ကုန်သောကာလ၊ အဆုံး, ဝယ သင်္ခတ လက္ခဏာသည်း မမြဲ။ အနိစ္စလက္ခဏာ တပါး။

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတ မာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိ တဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သင်္ခတဿ သင်္ခတလက္ခဏာနိ။

ဘိက္ခဝေ၊ရဟန်းတို့။ သင်္ခတဿ၊ခဏတ္တယ သမင်္ဂီသင်္ခတ၏။သင်္ခတ လက္ခဏာနိ၊ ဥပါဒ်, ဌီ, ဘင် သင်္ခတလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤ သုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဝယော၊ ပျက်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဌိတဿ၊ တည်ခြင်း၏။ အညထတ္တံ၊ ဖြစ်သည်,ပျက်သည်မှ တပါး သော အခြင်းအရာသည်။ ပညာယတိ၊ ထင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သင် တဿ၊ ခဏတ္တယ သမင်္ဂီသင်္ခတ၏။ သင်္ခတလက္ခဏာနိ၊ ဥပါဒ်, ဌီ, ဘင် သင်္ခတလက္ခဏာတို့သည်။ ဣမာနိ ခေါ တီဏိ၊ ဖြစ်, တည်, ခြုတ်ပျက်၊ ဤ သုံးချက်တို့ပင်တည်း။

ဤသို့အားဖြင့် အသီးအခြား တပါးတပါးသောခန္ဓာ၏ ခဏတ္တယ သမင်္ဂီ အနိစ္စလက္ခဏာ သုံးပါးပြားသော၊ ဥပါဒ်, ဌီ, ဘင်၊ အစ,အလယ်, အဆုံး သုံးပါးလုံး အတူအမျှရှိကြသော၊ ဤရုပ်,ဤဝေဒနာ,ဤသညာ, ဤ သင်္ခါရ,ဤဝိညာဏ်၊တပါးတပါးသော ခန္ဓာကို မြဲသောသဘောမရှိ။အစ, အလယ်, အဆုံး၏ရှိခြင်းကြောင့်၊ အနိစ္စဟဲ-မမြဲဟု သုံးသပ်သော ယောဂီ ပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ အနိစ္စဟဲ-မမြဲဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမ ဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ အနိစ္စန္တိကတာယ အာဒိအန္တဝန္တတာယစ အနိစ္စတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ အနိစ္စန္တိကတာယစ၊ မြဲသောသဘော၏ မရှိခြင်းကြောင့်၎င်း။ အာဒိအန္တဝန္တတာယစ၊ အစ, အဆုံး ရှိသည်၏ အဖြစ်ကြောင့်၎င်း။ အနိစ္စတော၊ မမြဲဟု။ သမ္မသတိ၊ သုံးသပ်၏။

အနိစ္စဘဲ-မမြဲဟု သုံးသပ်သော သမ္မသနညာဏ် အစ၊ အနိစ္စဘဲ-မမြဲဟု ရှုမြင်သော အနုလောမညာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာညာဏ်တို့၏၊ သိခိုက်ခဏ သိခိုက်ခဏ၊ မြဲသော သဘော၏အရ-နိစ္စ။ နိစ္စ၏အရ-နိဗ္ဗာန်။ နိဗ္ဗာန်၏အရ-အနိစ္စဘဲ မမြဲဟု သုံးသပ်သော သမ္မသနညာဏ် အစ၊ အနိစ္စဘဲ-မမြဲဟု ရှုမြင်သော၊ အနုလောမညာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာညာဏ်တို့၏အာရုံဖြစ်သော၊ အတိတ်, အနာဂတ်,ပစ္စုပ္ပန်၊ခန္ဓာနာမ်ရုပ်သုံးပါးသောကာလတို့၌၊ယခုယခု အသစ်ဖြစ်ခြင်း၄ါမထိုက်၊သိခိုက်ခဏ သိခိုက်ခဏ၊ကံကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ်၊တဒင် တဒင် ယခုမဖြစ်ဘဲဖြစ်သော-အနုပ္ပါဒနိရောဓ။ ဤအနုပ္ပါဒနိရောဓ၏နောင်ခါ အသစ်အသစ်၊ ဖြစ်သောခဏ မထင်၊ သစ်သော ကာလနှင့် မယှဉ်ခြင်းသည်လည်း၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်း။

ဖြစ်သောခဏ မထင်၊ သစ်သောကာလနှင့် မယှဉ်က၊ အသစ်, အဟောင်း ပြောင်းရွှေ့ခြင်းမရှိ၊ တည်သောခဏ မထင်၊ ဟောင်းသော ကာလနှင့် မယှဉ်ခြင်းသည်လည်း၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်း။

တည်သောခဏ မထင်၊ ဟောင်းသော ကာလနှင့် မယှဉ်က၊ အဟောင်းအပျက် ပြောင်းရွှေ့ခြင်းမရှိ၊ ပျက်သောခဏ မထင်၊ကုန်သောကာလနှင့် မယှဉ်ခြင်းသည်လည်း၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်း။

ဤအနုပ္ပါဒနိရောဓ၏၊ နောင်ခါ အသစ်အသစ် ဖြစ်သောခဏ မထင်၊ သစ်သောကာလနှင့် မယှဉ်၍၊ အစ၏မရှိခြင်းသည်လည်း၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်း။ ။ဖြစ်သောခဏ မထင်၊ သစ်သော ကာလနှင့် မယှဉ်က၊ အသစ်,အဟောင်း ပြောင်းရွှေ့ခြင်းမရှိ၊ တည်သောခဏ ထင်၊ ဟောင်းသောကာလနှင့် မယှဉ်၍၊ အလယ်၏ မရှိခြင်းသည်လည်း၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်း။ ။တည်သောခဏ မထင်၊ ဟောင်းသော ကာလနှင့် မယှဉ်က၊ အဟောင်းအပျက် ပြောင်း

ရွေ့ခြင်းမရှိ၊ ပျက်သောခဏ မထင်၊ ကုန်သောကာလနှင့် မယှဉ်၍၊ အဆုံး၏မရှိခြင်းသည်လည်း၊ မြဲသော သဘော နိဗ္ဗာန်ပင်တည်း။

ဤအနုပ္ပါဒ နိရောဓ၏၊ နောင်ခါ အသစ်အသစ် ဖြစ်သောခဏ မထင်ခြင်း၊ အသင်္ခတလက္ခဏာ တပါး။ တည်သောခဏ မထင်ခြင်း၊ အသင်္ခတလက္ခဏာ တပါး။ ပျက်သောခဏ မထင်ခြင်း၊ အသင်္ခတ လက္ခဏာ တပါး။

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဿ၊ နိဗ္ဗာန်၏။ အသင်္ခတလက္ခဏာနိ၊ နိဗ္ဗာန်၏လက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ န ပညာယတိ၊ မထင်။ ဝယော၊ ပျက်ခြင်းသည်။ န ပညာယတိ၊ မထင်။ ဌိတဿ၊ တည်ခြင်း၏။ အညထတ္တံ၊ ဖြစ်သည့်ပျက်သည့်မှ တပါးသော အခြင်းအရာသည်။ န ပညာယတိ၊ မထင်။ ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဿ၊ နိဗ္ဗာန်၏၊ အသင်္ခတလက္ခဏာနိ၊ နိဗ္ဗာန်၏လက္ခဏာတို့သည်။ ဣမာနိခေါ တီဏိ၊ ဤသုံးပါးတို့ပင်တည်း။

ဤသို့အားဖြင့်၊ အသီးအခြား အသင်္ခတလက္ခဏာ သုံးပါးပြားသော၊ ဥပါဒ်လည်းမရှိ၊ ဌီလည်းမရှိ၊ ဘင်လည်းမရှိ၊ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးလည်းမရှိသော၊ ကံကိလေသာ ဘဝတဖန် ခန္ဓာနာမ်ရုပ်၊ သမ္ဘာသနည်းဏ် အစ၊အနုလောမညာဏ်အဆုံးရှိသော၊ဆယ်ပါးသော ဝိပဿနာညာဏ်တို့၏အာရုံဖြစ်သော၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်၊ သုံးပါးသောကာလတို့၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှာမထိုက်၊ သိမ်းဆည်းနိုက်ခဏ သိမ်းနိုက်ခဏ၊ ဝိပဿနာညာဏ်ဖြင့်၊ ယခုယခုအသစ်၊ မဖြစ်ဘဲချုပ်သော တဒင် တဒင်၏၊ မဂ်ညာဏ်ဖြင့်နောင်ခါ သမုစ္ဆေဒ–မဖြစ်ဘဲ ချုပ်ခြင်းသည်၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ် မဂ်ညာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟူ၍ ပဿန္တော၊ ရှုသည် ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## ပလောကတောအဖွင့်

### ပလောကတော သမ္မသတိ။ ကထံ။

ပလောကတော၊ ပျက်စီးသော သဘောဟူ၍ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ ပလောကတော၊ ပျက်စီးသော သဘောဟူ၍။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ မျက်စိနာသဖြင့် ပျက်စီးသည်၏အဖြစ်၊ မျက်စိ အိုသဖြင့် ပျက်စီးသည်၏ အဖြစ်၊ မျက်စိသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော သဘောဟု သုံးသပ်၏။ နားနာသဖြင့် ပျက်စီးသည်၏အဖြစ်၊ နားအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ နားသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်၏။ ။နှာနာသဖြင့် ပျက်စီးသည်၏အဖြစ်၊ နှာအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ နှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်၏။ ။လျှာနာသဖြင့် ပျက်စီးသည်၏အဖြစ်၊ လျှာအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ လျှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်၏။ ။ကိုယ်နာသဖြင့် ပျက်စီးသည်၏အဖြစ်၊ ကိုယ်အိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ ကိုယ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်၏။ ။စိတ်နာသဖြင့် ပျက်စီးသည်၏အဖြစ်၊ စိတ်အိုသဖြင့် ပျက်စီးသည်၏ အဖြစ်၊ စိတ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ ဖြစ်သောခဏ, တည်သောခဏ, ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်အသစ်၊ ဖြစ်ခြင်းငှါသိုက်သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ မျက်စိနာ

သဖြင့် ပျက်စီးသည်၏အဖြစ်၊ မျက်စိအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ မျက်စိသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။နားနာသဖြင့် ပျက်စီးသည်၏အဖြစ်၊နားအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ နားသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။နှာ နာသဖြင့် ပျက်စီးသည်၏အဖြစ်၊ နှာအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ နှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။လျှာနာသဖြင့် ပျက်စီးသည်၏အဖြစ်၊လျှာအိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ လျှာသေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ကိုယ်နာသဖြင့် ပျက်စီးသည်၏အဖြစ်၊ ကိုယ်အိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ ကိုယ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသန ဉာဏ်ကို ရ၏။ ။စိတ်နာသဖြင့် ပျက်စီးသည်၏အဖြစ်၊ စိတ်အိုသဖြင့် ပျက်စီးသည်၏အဖြစ်၊ စိတ်သေသဖြင့် ပျက်စီးသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ ပျက်စီးသော သဘောဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ဗျာဓိဇရာ မရဏေဟိ ပလုဇ္ဇနတာယ ပလောကတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဗျာဓိ ဇရာ မရဏေဟိ၊ နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ဖြင့်။ ပလုဇ္ဇနတာယ၊ ပျက်စီးသည်၏အဖြစ်ကြောင့်။ ပလောကတော၊ ပျက်စီးသောသဘောဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊သုံးသပ်ရှုမြင်မိက၊ ဖြစ်သောခဏ၊တည်သောခဏ၊ပျက်သောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငါမထိုက်၊

သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ခြုပ်သောသဘော-အနုပ္ပါဒနိရောဓ။ပျက်စီးခြင်း ကင်းသော၊ယခုယခု တဒင်္ဂ၏၊နောင်အသစ်အသစ်တဖန်၊ဖြစ်ပြန်ခြင်း၄ါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ-အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ခြုပ်ခြင်းသည်၊ ပျက်စီးခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကို ရ၏။

ပဉ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပလောကိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ငါးပါးသော ခန္ဓာတို့ကို။ ပလောကတော၊ ပျက်စီးသောသဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊အနုလောမခန္တိဉာဏ်ကို၊ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ခြုပ်ခြင်းသည်။ အပလောကိကံ၊ ပျက်စီးသောအလေ့၊ ပျက်စီးသောသဘောကင်းသော။ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ဣတိ၊ဤသို့။ပဿန္တော၊မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## စလတောအဖွင့်

### စလတော သမ္မသတိ။ ကထံ။

စလတော၊ တုန်လှုပ်သော သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ စလတော၊တုန်လှုပ်သောသဘောဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ နာသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သော သဘောဟု သုံးသပ်၏။ ။အိုသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။သေသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။လာဘ်ပေါများသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သော သဘောဟု

သုံးသပ်၏။ ။လာဘ်နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။အခြွေအရံ ပေါများသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ အခြွေအရံ နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။ချီးမွမ်းသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။ကဲ့ရဲ့သဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။ချမ်းသာ သဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။ ။ဆင်းရဲသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ နာသောခဏ၊ အိုသောခဏ၊ သေသောခဏ၊ လာဘ်ပေါများသောခဏ၊ လာဘ်နည်းပါးသောခဏ၊ အခြွေအရံ ပေါများသောခဏ၊ အခြွေအရံနည်းပါးသောခဏ၊ ချီးမွမ်းသောခဏ၊ ကဲ့ရဲ့သောခဏ၊ ချမ်းသာသောခဏ၊ ဆင်းရဲသောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငါထိုက်သော၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ နာသဖြင့်သည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။အိုသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသန ဉာဏ်ကိုရ၏၊ ။သေသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။လာဘ်ပေါများသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။လာဘ်နည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။အခြွေအရံပေါများသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။အခြွေအရံနည်းပါးသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။ချီးမွမ်းသဖြင့်လည်း တုန်လှုပ်သည်၏အဖြစ်ကြောင့်၊တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ကဲ့ရဲ့သဖြင့်လည်း တုန်လှုပ်

သည်၏အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ချမ်းသာသဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။ဆင်းရဲ သဖြင့်လည်း တုန်လှုပ်သည်၏ အဖြစ်ကြောင့်၊ တုန်လှုပ်သောသဘောဟု သုံးသပ်သောယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ တုန်လှုပ်သော သဘောဟု၊ ရှုမြင်သော ယောဂီ ပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

> သော ကောကံ ခန္ဓံ ဗျာဓိဇရာမရဏေဟိ စေဝ လာဘာ
> ဒိဟိစ လောကဓမ္မေဟိ ပစလိတတာယ စလတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဗျာဓိ ဇရာ မရဏေဟိ စေဝ၊ နာခြင်း, အိုခြင်း, သေခြင်းတို့ဖြင့်၎င်း။ လာဘာဒိဟိ၊ လာဘအစရှိကုန်သော။ လောက ဓမ္မေဟိစ၊ လောကဓမ်တရား ရှစ်ပါးတို့ဖြင့်၎င်း။ ပစလိတတာယ၊ တုန်လှုပ်သည်၏အဖြစ်ကြောင့်။ စလတော၊ တုန်လှုပ်သောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ် ရှုမြင်မိက၊ နာသောခဏ၊ အိုသောခဏ၊ သေသော ခဏ၊ လာဘ်ပေါ်များသော ခဏ၊ လာဘ်နည်းပါးသောခဏ၊ အခြွေအရံ ပေါ်များသောခဏ၊ အခြွေအရံ နည်းပါးသောခဏ၊ ချီးမွမ်းသောခဏ၊ ကဲ့ရဲ့သောခဏ၊ ချမ်းသာသောခဏ၊ ဆင်းရဲသောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခုအသစ် ဖြစ်ခြင်း၄ါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော-အနုပ္ပါဒနိရောဓ။ တုန်လှုပ်ခြင်းကင်းသော၊ ယခုယခုတဒင်္ဂ၏၊ နောင် အသစ်တဖန်၊ ဖြစ်ပြန်ခြင်း၄ါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည်၊ တုန်လှုပ်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

> ပဥ္စက္ခန္ဓေ စလတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိ
> လာဘတိ။ပဥ္စန္နံ ခန္ဓာနံ နိရောဓော အစလံ နိဗ္ဗာနန္တိ ပဿန္တော
> သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ စလတော၊ တုန်လှုပ်သောသဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အစလံ၊ တုန်လှုပ်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ။ သက်ဝင်၏။

## ပဘင်္ဂုတောအဖွင့်

### ပဘင်္ဂုတော သမ္မသတိ၊ ကထံ။

ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ ပဘင်္ဂုတော၊ ပျက်စီးသောအလေ့သဘောဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ မိမိဖျက်ဆီးသော လုံ့လပယောဂအားဖြင့်လည်း၊ ပျက်စီးခြင်းသို့ ရောက်သော၊ အလေ့သဘောရှိသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု သုံးသပ်၏။ ။သူတပါး ဖျက်ဆီးသော လုံ့လပယောဂအားဖြင့်လည်း၊ ပျက်စီးခြင်းသို့ ရောက်သော၊ အလေ့သဘောရှိသည်၏ အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု သုံးသပ်၏။ ။သဘာဝဓမ္မ ပျက်စီးသော ကိစ္စအားဖြင့်လည်း၊ ပျက်စီးခြင်းသို့ရောက်သော၊ အလေ့သဘော ရှိသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ ဖျက်ဆီးသောခဏ၊ ပျက်စီးသောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခုအသစ် ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို။ မိမိဖျက်ဆီးသော လုံ့လပယောဂအားဖြင့်လည်း၊ ပျက်စီးခြင်းသို့သော၊ အလေ့သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ် ကိုရ၏။ ။သူတပါးဖျက်ဆီးသော လုံ့လပယောဂ အားဖြင့်လည်း၊ ပျက်စီးခြင်းသို့ရောက်သော၊ အလေ့သဘော ရှိသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု၊ သုံးသပ်

သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သဘာဝဓမ္မ ပျက်စီးသော ကိစ္စအားဖြင့်လည်း၊ ပျက်စီးခြင်းသို့ရောက်သော၊ အလေ့သဘောရှိသည်၏အဖြစ်ကြောင့်၊ ပျက်စီးသော အလေ့သဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ ပျက်စီးသော အလေ့သဘောဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ဥပက္ကမေနစေဝ သရသေနစ ပဘင်္ဂုပဂမန သီလတာယ ပဘင်္ဂုတော သမ္မသတိ။

သော၊ ယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဥပက္ကမေနစေဝ၊ မိမိလုံ့လ, သူတပါးလုံ့လ အားဖြင့်၎င်း။ သရသေနစ၊ သဘောကိစ္စ အားဖြင့်၎င်း။ ပဘင်္ဂုပဂမနသီလတာယ၊ ပျက်စီးခြင်းသို့ရောက်သော အမလေ့သဘောရှိသည်၏ အဖြစ်ကြောင့်။ ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ဖျက်ဆီးသော ခဏ၊ ပျက်စီးသောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲချုပ်သောသဘော– အနုပ္ပါဒနိရောဓ။ ပျက်စီးခြင်း အလေ့သဘော ကင်းသော၊ ယခုယခု တဒင်္ဂ၏၊ နောင် အသစ်အသစ်တဖန်၊ ဖြစ်ပြန်ခြင်းငှါ မထိုက်၊ မင်္ဂဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည်၊ ပျက်စီးခြင်း အလေ့သဘော ကင်းသော၊ နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မင်္ဂဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ပဘင်္ဂုတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပဘင်္ဂု နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ပဘင်္ဂုတော၊ ပျက်စီးသော အလေ့သဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော

ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အပဘင်္ဂု၊ ပျက်စီးခြင်း အလေ့သဘောကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

## အစုဝတော အဖွင့်

### အစုဝတော သမ္ပသတိ။ ကထံ၊

အစုဝတော၊ မမြဲဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ အစုဝတော၊ မမြဲဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ သွားသောခဏ၊ ပြန်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။တူရူကြည့်သောခဏ၊ တစောင်းကြည့်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။ကွေးသောခဏ၊ ဆန့်သောခဏ၊ အခိုက်အတန့် ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။သင်္ကန်းသပိတ်၊ အဝတ်အရုံ၊ တစုံတခု ကိုင်ယူသောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။စားသောခဏ၊ သောက်သောခဏ၊ ခဲသောခဏ၊ လျက်သောခဏ၊ အခိုက်အတန့် ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။ကျင်ကြီးစွန့်သောခဏ၊ ကျင်ငယ်စွန့်သောခဏ၊ အခိုက်အတန့် ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။သွားသောခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ၊ နိုးသောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏ အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။ ။ပြောဆိုသောခဏ၊ ဆိတ်ဆိတ်နေသောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်၏။

မသုံးသပ်မိက၊ သွားသောခဏ၊ ပြန်သောခဏ၊ တူရူကြည့်သောခဏ၊ တစောင်းကြည့်သောခဏ၊ ကွေးသောခဏ၊ ဆန့်သောခဏ၊ သင်္ကန်း

သပိတ်၊ အဝတ်အရုံ၊ တစုံတခု ကိုင်သောခဏ၊ စားသောခဏ၊ သောက်သောခဏ၊ ခဲသောခဏ၊ လျက်သောခဏ၊ ကျင်ကြီးစွန့်သောခဏ၊ ကျင်ငယ်စွန့်သောခဏ၊ သွားသောခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ၊ နိုးသောခဏ၊ ပြောဆိုသောခဏ၊ ဆိတ်ဆိတ်နေသောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်း၄ါထိုက်သော၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ သွားသောခဏ၊ ပြန်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။တူရူကြည့်သောခဏ၊ တစောင်းကြည့်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ကွေးသောခဏ၊ ဆန့်သောခဏ၊အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သော သဘော မရှိသည်၏ အဖြစ်ကြောင့် မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သင်္ကန်းသပိတ်၊ အဝတ်အရုံ၊တစုံတခု ကိုင်ယူသောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။စားသောခဏ၊ သောက်သောခဏ၊ ခဲသောခဏ၊ လျက်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ကျင်ကြီးစွန့်သောခဏ၊ ကျင်ငယ်စွန့်သောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။သွားသောခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ၊ နိုးသောခဏ၊ အခိုက်အတန့်ကျသဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ပြောဆိုသောခဏ ဆိတ်ဆိတ်နေသောခဏ၊ အခိုက်အတန့် ကျဖြင့်လည်း၊ မြဲမြံခိုင်ခံ့ တည်တံ့သောသဘော မရှိသည်၏အဖြစ်ကြောင့်၊ မမြဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ မမြဲဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ သဗ္ဗာဝတ္ထာနိပါတိတာယ ထိရဘာဝဿစ အဘာဝတာယ အစုဝတော သမ္ပဿတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ သဗ္ဗာဝတ္ထာနိပါတိတာယ၊ ခပ်သိမ်းဥဿုံ အလုံးစုံအနိုက်အတန့် ကျသည်၏အဖြစ်ကြောင့်။ ထိရဘာဝဿစ၊ မြဲမြံ ခိုင်ခံ့ တည်တံ့သောသဘော၏လည်း။ အဘာဝတာယ၊ မရှိသည်၏အဖြစ်ကြောင့်။ အစုဝတော၊ မမြဲဟု။ သမ္ပဿတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိကာ၊ သွားသောခဏ၊ပြန်သောခဏ၊ တူရူကြည့်သောခဏ၊ တစောင်းကြည့်သော ခဏ၊ ကွေးသောခဏ၊ ဆန့်သောခဏ၊ သင်္ကန်းသပိတ်၊ အဝတ်အရုံ၊ တစုံတခုကိုင်ယူသောခဏ၊ စားသောခဏ၊ သောက်သောခဏ၊ ခဲသောခဏ၊ လျက်သောခဏ၊ကျင်ကြီးစွန့်သော ခဏ၊ ကျင်ငယ်စွန့်သော ခဏ၊ သွားသော ခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ၊ နိုးသောခဏ၊ ပြောဆိုသောခဏ၊ဆိတ်ဆိတ်နေသောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခုအသစ် ဖြစ်ခြင်းငှါမထိုက်၊ သိနိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော--အနုပ္ပါဒနိရောဓ၊ မြဲသောသဘော၊ ယခုယခုတဒင်္ဂ၏၊ နောင် အသစ်အသစ်တဖန်ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ဉာဏ်ဖြင့်သိနိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည်၊ မြဲသောသဘော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

ပဥ္စက္ခန္ဓေ အစုဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဓုဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အစုဝတော၊ မမြဲဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဓုဝံ၊မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

## ဝိပရိဏာမဓမ္မတောအဖွင့်

### ဝိပရိဏာမဓမ္မတော သမ္မသတိ။ ကထံ။

ဝိပရိဏာမဓမ္မတော၊ ဖေါက်ပြန်သော သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ ဝိပရိဏာမဓမ္မတော၊ ဖေါက်ပြန်သော သဘောဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါး တပါးသော ခန္ဓာကို၊ ရုပ်ဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသောကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သော သဘော။ တည်သော ခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သော ခဏ၊ ကုန်သောကာလသို့ ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်၏။

ဝေဒနာဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသော ကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သော သဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်၏။

သညာဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသော ကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သောသဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သော ကာလသို့ ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်၏။

သင်္ခါရဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသော ကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သောသဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်၏။

ဝိညာဏ်ဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သော ခဏ၊ ဟောင်းသော ကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သော သဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သော ခဏ၊ ကုန်သောကာလသို့ ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏ အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ ရုပ်ဖြစ်သောခဏ၊ ဝေဒနာ ဖြစ်သောခဏ၊ သညာ ဖြစ်သောခဏ၊ သင်္ခါရဖြစ်သောခဏ၊ ဝိညာဏ်ဖြစ်သောခဏ၊ ပစ္စုပ္ပန် ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်. ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ရုပ်ဖြစ်သောခဏ၊ သစ် သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသောကာလသို့ရောက် ၍၊ အိုသဖြင့် ဖေါက်ပြန်သောသဘော။ တည်သောခဏ၊ ဟောင်းသော ကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ရောက်၍၊ သေ သဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏အဖြစ်ကြောင့်၊ ဖေါက်ပြန် သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ ဝေဒနာဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသောကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သောသဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန် သောကာလသို့ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘော ရှိသည်၏ အဖြစ်ခြကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သညာ ဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသော ကာလသို့ရောက်၍၊ အိုသဖြင့် ဖေါက် ပြန်သောသဘော။ တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ် သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သင်္ခါရ ဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသောကာလသို့ ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သောသဘော။ တည်သောခဏ၊ ဟောင်း သော ကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သောသဘောရှိသည်၏အဖြစ်ကြောင့်၊ ဖေါက်ပြန် သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ ဝိညာဏ်ဖြစ်သောခဏ၊ သစ်သောကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသော ကာလသို့ရောက်၍၊ အိုသဖြင့် ဖေါက်ပြန်သော သဘော။

တည်သောခဏ၊ ဟောင်းသောကာလမှ နောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ရောက်၍၊ သေသဖြင့် ဖေါက်ပြန်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဖေါက်ပြန်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနညာဏ်ကိုရ၏။

သမ္မသနညာဏ်မှ အထက်၊ အဆင့်ဆင့်တက်၍၊ အနုလောမ ညာဏ်တိုင်အောင်၊ ဖေါက်ပြန်သော သဘောဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမညာဏ်ရ၏။

သော ကောကံ ခန္ဓံ ဇရာယစေဝ မရဏေနစာတိ ဒွေ့ဓာ ပရိဏာမ ပကတိတာယ ဝိပရိဏာမဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို။ ဇရာယစေဝ၊ အိုခြင်းဖြင့်၎င်း။ မရဏေနစ၊ သေခြင်းဖြင့်၎င်း။ ဣတိ၊ ဤသို့။ ဒွေ့ဓာ ပရိဏာမ ပကတိတာယ၊ ၂-ပါးသော အခြင်းအရာအားဖြင့်၊ ဖေါက်ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့်။ ဝိပရိဏာမဓမ္မတော၊ ဖေါက်ပြန်သောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနညာဏ် အစ၊ အနုလောမညာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာညာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ရုပ်ဖြစ်သော ခဏ၊ ဝေဒနာဖြစ်သောခဏ၊ သညာဖြစ်သောခဏ၊ သင်္ခါရ ဖြစ်သော ခဏ၊ ဝိညာဏ်ဖြစ်သောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ် ဖြစ်ခြင်းငှါ မထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ခြုပ်သောသဘော -အနုပ္ပါဒနိရောဓ။ ဖေါက်ပြန်ခြင်းကင်းသော၊ ယခုယခုတဒင်္ဂ၏၊ နောင် အသစ်တဘန်၊ ဖြစ်ပြန်ခြင်းငှါ မထိုက်၊ မဂ်ညာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ခြုပ်ခြင်းသည်၊ ဖေါက်ပြန်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ညာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ဝိပရိဏာမဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ ဝိပရိဏာမဓမ္မတော၊ ဖေါက်ပြန်သော သဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ

ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါး သော ခန္ဓာတို့၏။ နိရောဓေ၊ ချုပ်ခြင်းသည်။ အဝိပရိဏာမဓမ္မံ၊ဖောက် ပြန်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

## အသာရကတောအဖွင့်

**အသာရကတော သမ္မသတိ၊ ကထံ၊**

အသာရကတော၊ အနှစ်မရှိဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ အသာရကတော၊ အနှစ်မရှိဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ကျသောခဏ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌၊ မခိုင်တဲတဲ အားနဲ့သဖြင့်လည်း၊ အကာကဲ့သို့ ကျိုးလွယ်သည်၏ အဖြစ်ကြောင့်၊ အနှစ်မရှိဟု သုံးသပ်၏။

မသုံးသပ်မီက၊ကျသောခဏ၊အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ၌၊ ယခုယခုအသစ် ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ကျသောခဏ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလ၌၊ မခိုင်ဘဲတဲ အားနဲ့သဖြင့်လည်း၊ အကာကဲ့သို့ ကျိုးလွယ် သည်၏အဖြစ်ကြောင့်၊ အနှစ်မရှိဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ အနှစ်မရှိဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ် ကို ရ၏။

> သော ကေကံ ခန္ဓံ ဒုဗ္ဗလတာယ ဖေဂ္ဂုဝိယ သုဘဥ္ဇနီယ
> တာယ စ အသာရကတော သမ္မသတိ။

သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ ခေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဒုဗ္ဗလတာယစ၊ အားနည်းသည်၏ အဖြစ်ကြောင့်၎င်း။ ဖေဂ္ဂုဝိယ၊ အကာကဲ့သို့။ သုံဘဥ္ဇနီယတာယစ၊ ကျိုးလွယ်သည်၏အဖြစ်ကြောင့်၎င်း။ အသာရကတော၊ အနှစ်မရှိဟု။ သမ္မသတိ၊ သုံးသပ်၏။

**အမှာစကား။** ။အဋ္ဌကထာ၌၊ "သုခဘဥ္ဇနီယတာယ"၌၊ သုခ-ပုဒ်ကို 'ဣဒမ ပန သုခေဘဒါဝေ" ဟူသော ဋီကာပုဒ်ကိုရှု၍၊ ပမဒလေဟောသိ။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ကျသောခဏ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ခြုပ်သောသဘော-အနုပ္ပါဒနိရောဓ။ အနှစ်ရှိသော ယခုယခုတဒင်္ဂ၏၊ နောင် အသစ်အသစ် တဖန်၊ ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ခြုပ်ခြင်းသည်၊ အနှစ်ရှိသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အသာရကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အသာရကတော၊ အနှစ်မရှိဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏။ နိရောဓော၊ ခြုပ်ခြင်းသည်။ သာရံ၊ အနှစ်ရှိသော။ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## ဝိဘဝတောအဖွင့်

### ဝိဘဝတော သမ္မသတိ၊ ကထံ။

ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ဝိဘဝတော၊ဖြစ်ပြီးမှ ကင်းသောသဘောဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ဘဝသည်၊ ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ, သင်္ခါရ -ဟေတု ပဉ္စကသည်၊ ကမ္မဘဝမည်၏။ ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ-ဖလပဉ္စကသည်၊ ဥပပတ္တိဘဝမည်၏။ ။ဟေတုပဉ္စကသည်လည်း၊ အတိတ်ဟေတုပဉ္စက,ပစ္စုပ္ပန်ဟေတုပဉ္စကအားဖြင့် ၂-ပါး အပြားရှိ၏။ထို ၂-ပါး

တို့တွင်၊ အတိတ် ဟေတုပဋ္ဌကသည်၊ ပစ္စုပ္ပန် ဖလပဋ္ဌကနှင့် စပ်၏။ ပစ္စုပ္ပန် ဟေတုပဋ္ဌကသည်၊ အနာဂတ် ဖလပဋ္ဌကနှင့်စပ်၏။ ။ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊-

စက္ခု ဝိညာဏ်၊ မြင်သောကာလ၊ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

သောတဝိညာဏ်၊ ကြားသောကာလ၊ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

ဃာန ဝိညာဏ်၊ နံသောကာလ၊ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

ဇိဝှါဝိညာဏ်၊ စားသော ကာလ၊ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

ကာယဝိညာဏ်၊ ထိသော ကာလ၊ ဖြစ်သော ခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

မနောဝိညာဏ်၊ သိသော ကာလ၊ ဖြစ်သော ခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ စက္ခုဝိညာဏ် မြင်သောကာလ ဖြစ်သောခဏ၊ သောတဝိညာဏ် ကြားသောကာလ ဖြစ်သောခဏ၊ ဃာနဝိညာဏ်

နံသောကာလ ဖြစ်သောခဏ၊ ဇိဝှါဝိညာဏ် စားသောကာလ ဖြစ်သောခဏ၊ ကာယဝိညာဏ် ထိသောကာလ ဖြစ်သောခဏ၊ မနောဝိညာဏ် သိသောကာလ ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်း ၄ါထိုက်သော၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊တပါးတပါးသော ခန္ဓာကို။ စက္ခုဝိညာဏ် မြင်သောကာလ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သောတဝိညာဏ် ကြားသောကာလ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ဃာနဝိညာဏ် နံသောကာလ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏ အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ဇိဝှါဝိညာဏ် စားသောကာလ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ကာယဝိညာဏ် ထိသောကာလ ဖြစ်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ပျက်သောခဏ၊ ဖလပဋ္ဌက-အကျိုးဘဝ၏၊ ဟေတုပဋ္ဌက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

မနောဝိညာဏ် သိသောကာလ ဖြစ်သောခဏ၊ ဖလပဉ္စက-အကျိုးဘဝ၏၊ ဟေတုပဉ္စက-အကြောင်းဘဝနှင့် ပြည့်စုံပြီးမှ။ ပျက်သောခဏ၊ ဖလပဉ္စက-အကျိုးဘဝ၏၊ ဟေတုပဉ္စက-အကြောင်းဘဝနှင့် ကင်းသည်၏အဖြစ်ကြောင့်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့်တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ဝိဂတဘဝတာယ ဝိဘဝသမ္ဘူတတာယစ ဝိဘဝတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသောခန္ဓာကို။ ဝိဂတဘဝတာယစ၊ ဖြစ်ပြီးမှ ကင်းသည်၏အဖြစ်ကြောင့်၎င်း။ ဝိဘဝသမ္ဘူတတာယစ၊ ပြည့်စုံသောဘဝမှ ကင်းသည်၏အဖြစ်ကြောင့်၎င်း။ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ်အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ စက္ခုဝိညာဏ်၊ မြင်သောကာလ၊ ဖြစ်သောခဏ။ သောတဝိညာဏ်၊ ကြားသောကာလ၊ ဖြစ်သောခဏ။ ဃာနဝိညာဏ်၊ နံသောကာလ၊ ဖြစ်သောခဏ။ ဇိဝှါဝိညာဏ်၊ စားသောကာလ၊ ဖြစ်သောခဏ။ ကာယဝိညာဏ်၊ ထိသောကာလ၊ ဖြစ်သောခဏ။ မနောဝိညာဏ်၊ သိသောကာလ၊ ဖြစ်သောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခု ယခု အသစ်ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏၊ မဖြစ်ဘဲ ချုပ်သောသဘော-အနုပ္ပါဒနိရောဓ။ ဖြစ်ခြင်းကင်းသော ယခုယခု တဒင်္ဂ၏၊ နောင် အသစ်အသစ်တဖန်၊ ဖြစ်ပြန်ခြင်းငှါ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည်၊ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ဝိဘဝတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဝိဘဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ဝိဘဝတော၊ ဖြစ်ပြီးမှ ကင်းသောသဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝိဘဝံ၊ ဖြစ်ခြင်း ကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## သင်္ခတတောအဖွင့်

### သင်္ခတတော သမ္မသတိ။ ကထံ။

သင်္ခတတော၊ ပြုပြင်စီရင်အပ်သော သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ သင်္ခတတော၊ ပြုပြင်စီရင်အပ်သော သဘောဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါး တပါးသော ခန္ဓာကို။ ။(သမန္တစက္ခုရော ဟေတုပစ္စယော ပစ္စယော)

သင်္ခါရ ဖြစ်ခိုက်၊ ရှေ့ အဝိဇ္ဇာက-အကြောင်း၊ ယခု အဝိဇ္ဇာက-ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

ဝိညာဏ် ဖြစ်ခိုက်၊ ရှေ့ သင်္ခါရက– အကြောင်း၊ ယခု သင်္ခါရက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

နာမ်ရုပ် ဖြစ်ခိုက်၊ ရှေ့ ဝိညာဏ်က-အကြောင်း၊ ယခု ဝိညာဏ်က-ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

သဠာယတန ဖြစ်ခိုက်၊ ရှေ့ နာမ်ရုပ်က – အကြောင်း၊ ယခု နာမ်ရုပ်က – ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

ဖဿ ဖြစ်ခိုက်၊ ရှေ့ သဠာယတနက–အကြောင်း၊ ယခု သဠာယတနက - ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏၊

ဝေဒနာ ဖြစ်ခိုက်၊ရှေ့ ဖဿက–အကြောင်း၊ယခု ဖဿက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

တဏှာ ဖြစ်ခိုက်၊ ရှေ့ ဝေဒနာက–အကြောင်း၊ ယခု ဝေဒနာက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

ဥပါဒါန် ဖြစ်ခိုက်၊ ရှေ့ တဏှာက–အကြောင်း၊ ယခု တဏှာက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

ဘဝ ဖြစ်ခိုက်၊ ရှေ့ ဥပါဒါန်က–အကြောင်း၊ ယခု ဥပါဒါန်က–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ သင်္ခါရ ဖြစ်ခိုက်၊ ဝိညာဏ် ဖြစ်ခိုက်၊ နာမ်ရုပ် ဖြစ်ခိုက်၊ သဠာယတန ဖြစ်ခိုက်၊ ဖဿ ဖြစ်ခိုက်၊ ဝေဒနာ ဖြစ်ခိုက်၊ တဏှာ ဖြစ်ခိုက်၊ ဥပါဒါန် ဖြစ်ခိုက်၊ ဘဝဖြစ်ခိုက်၊ပစ္စုပ္ပန်ကာလ၌၊ယခုယခု အသစ်ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်, ဝေဒနာ, သင်္ခါရ, သညာ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို။ သင်္ခါရဖြစ်ခိုက်၊ ရှေ့ အဝိဇ္ဇာက–အကြောင်း၊ ယခု အဝိဇ္ဇာက-ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ဝိညာဏ် ဖြစ်ခိုက်၊ ရှေ့ သင်္ခါရက–အကြောင်း၊ ယခု သင်္ခါရက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

နာမ်ရုပ် ဖြစ်ခိုက်၊ ရှေ့ ဝိညာဏ်က–အကြောင်း၊ ယခု ဝိညာဏ်က–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သဠာယတန ဖြစ်ခိုက်၊ ရှေ့ နာမ်ရုပ်က–အကြောင်း၊ ယခု နာမ်ရုပ်က - ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။

ဖဿ ဖြစ်ခိုက်၊ ရှေ့ သဠာယတနက–အကြောင်း၊ ယခု သဠာယတနက – ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။

ဝေဒနာ ဖြစ်ခိုက်၊ ရှေ့ ဖဿက–အကြောင်း၊ ယခု ဖဿက–ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

တဏှာ ဖြစ်ခိုက်၊ ရှေ့ ဝေဒနာက–အကြောင်း၊ ယခု ဝေဒနာက– ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင်အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ဥပါဒါန် ဖြစ်ခိုက်၊ ရှေ့ တဏှာက–အကြောင်း၊ ယခု တဏှာက– ပစ္စည်း၊ ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

ဘဝ ဖြစ်ခိုက်၊ ရှေ့ ဥပါဒါန်က–အကြောင်း၊ ယခု ဥပါဒါန်က– ပစ္စည်း၊ တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်၊ ပြုပြင်စီရင် အပ်သောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ ပြုပြင်စီရင်အပ်သောသဘောဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ဟေတုပစ္စယေဟိ အဘိသင်္ခတတာယ သင်္ခတတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဟေတုပစ္စယေဟိ၊ အကြောင်းပစ္စည်းတို့ဖြင့်။အဘိသင်္ခတတာယ၊

တပေါင်းတည်း ပြုပြင်စီရင်အပ်သည်၏အဖြစ်ကြောင့်။သခ်တတော၊ပြုပြင်စီရင်အပ်သောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊သုံးသပ် ရှုမြင်မိက၊သင်္ခါရဖြစ်ခိုက်၊ဝိညာဏ်ဖြစ်ခိုက်၊ နာမ်ရုပ်ဖြစ်ခိုက်၊ သဠာယတနဖြစ်ခိုက်၊ ဖဿဖြစ်ခိုက်၊ ဝေဒနာဖြစ်ခိုက်၊ တဏှာ ဖြစ်ခိုက်၊ ဥပါဒါန် ဖြစ်ခိုက်၊ ဘဝ ဖြစ်ခိုက်၊ ပဋိသန္ဓေကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏မဖြစ်ဘဲ ချုပ်သောသဘော - အနုပ္ပါဒနိရောဓ။ ပြုပြင်စီရင်ခြင်းကင်းသော ယခုယခုတဒင်္ဂ၏၊ နောင် အသစ်အသစ် တဖန်၊ ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည်၊ ပြုပြင်စီရင်ခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ သင်္ခတတော၊ ပြုပြင်စီရင်အပ်သောသဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသင်္ခတံ၊ ပြုပြင်စီရင်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

## မရဏဓမ္မတော အဖွင့်

### မရဏဓမ္မတော သမ္မသတိ။ ကထံ။

မရဏဓမ္မတော၊ သေသော သဘောဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ မရဏဓမ္မတော၊ သေသောသဘောဟု။သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါး တပါးသော ခန္ဓာကို။ ရုပ် ကုန်သောခဏ၊ ပျက်သော သဘောက ရှိသည်၏ အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်၏။ ။ဝေဒနာ ကုန်သောခဏ၊ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသော သဘောဟု သုံးသပ်၏။ ။သညာ ကုန်သောခဏ၊ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်၏။ ။သင်္ခါရ ကုန်သောခဏ၊ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်၏။ ။ဝိညာဏ် ကုန်သောခဏ၊ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်၏။

မသုံးသပ်မိက၊ ရုပ် ကုန်သောခဏ၊ ဝေဒနာ ကုန်သောခဏ၊ သညာ ကုန်သောခဏ၊ သင်္ခါရ ကုန်သောခဏ၊ ဝိညာဏ် ကုန်သောခဏ၊ ပစ္စုပ္ပန် ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို။ ရုပ် ကုန်သောခဏ၊ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ဝေဒနာ ကုန်သောခဏ၊ ပျက်သော သဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သညာ ကုန်သောခဏ၊ ပျက်သောသဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။သင်္ခါရ ကုန်သောခဏ၊ ပျက်သောသဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသောသဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ဝိညာဏ် ကုန်သောခဏ၊ ပျက်သောသဘောက ရှိသည်၏အဖြစ်ကြောင့်၊ သေသော သဘောဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့်တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ သေသောသဘောဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကိုရ၏။

> သော ကောကံ ခန္ဓံ မရဏပကတိတာယ မရဏဓမ္မတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ မရဏပကတိတာယ၊ ပျက်သောသဘောရှိသည်၏အဖြစ်ကြောင့်။ မရဏဓမ္မတော၊ သေသောသဘောဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနညာဏ် အစ၊ အနုလောမညာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာညာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ရုပ် ကုန်သောခဏ၊ ဝေဒနာ ကုန်သောခဏ၊ သညာ ကုန်သောခဏ၊ သင်္ခါရ ကုန်သောခဏ၊ ဝိညာဏ် ကုန်သောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ်ဖြစ်ခြင်းငှါ မထိုက်။ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသောခန္ဓာတို့၏ မဖြစ်ဘဲ ချုပ်သောသဘော၊ အနုပ္ပါဒနိရောဓ၊ သေခြင်းကင်းသော ယခုယခု တဒင်္ဂ၏၊ နောင် အသစ်အသစ်တဖန်၊ ဖြစ်ပြန်ခြင်းငှါမထိုက်၊ မဂ်ညာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည်၊ သေခြင်းကင်းသော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ညာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ မရဏဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အမတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ မရဏဓမ္မတော၊ သေသောသဘောဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီညာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော။ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

**အနိစ္စတော**တိ အနိစ္စာနုပဿနာ။ ပလောကတောတိ အနိစ္စာနုပဿနာ။ စလတောတိ အနိစ္စာနုပဿနာ။ ပဘင်္ဂုတောတိ အနိစ္စာနုပဿနာ။ အဓုဝတောတိ အနိစ္စာနုပဿနာ။ ဝိပရိဏာမ ဓမ္မတောတိ အနိစ္စာနုပဿနာ။ အသာရကတောတိ အနိစ္စာနုပဿနာ။ ဝိဘဝတောတိ အနိစ္စာနုပဿနာ။ သင်္ခတတောတိ အနိစ္စာနုပဿနာ။ မရဏဓမ္မတောတိ အနိစ္စာနုပဿနာ။ ။အနိစ္စာနုပဿနာ ဆယ်ပါး။

**အနိစ္စလက္ခဏာ ၁၀-ပါးပြီး၏။**

# ဒုက္ခလက္ခဏာ ၂၅-ပါး

## ဒုက္ခတော အဖွင့်

### ဒုက္ခတော သမ္မသတိ။ကထံ။

ဒုက္ခတော၊ ဆင်းရဲဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ ဒုက္ခတော၊ ဆင်းရဲဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, သံသာရဒုက္ခအားဖြင့် ၇-ပါးတို့တွင်၊ တပါးတပါးသော ခန္ဓာ၏ ဖြစ်ခြင်းသည်၊ ဇာတိဒုက္ခမည်၏။ တည်ခြင်းသည်၊ ဇရာဒုက္ခမည်၏။ ပျက်ခြင်းသည်၊ မရဏဒုက္ခမည်၏။ ကိုယ်ဆင်းရဲသော ကာယိကဒုက္ခ တပါး၊ စိတ်ဆင်းရဲသော စေတသိကဒုက္ခ တပါး၊ ဤနှစ်ပါးသည်၊ ဒုက္ခဒုက္ခမည်၏။ တပါးတပါးသော ခန္ဓာ၏ ဥပါဒ်,ဋ္ဌီ,ဘင် သည်၊ သင်္ခါရ ဒုက္ခမည်၏။ သတ္တဝါတို့၏ တဘဝ တဘဝ အဆုံးကာလ၌၊ သေရခြင်းသည်၊ ဝိပရိဏာမ ဒုက္ခမည်၏။ အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည်၊ သံသာရဒုက္ခမည်၏။

ဒုက္ခ၏တည်ရာဝတ္ထုဖြစ်သော၊ ရုပ်. ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ဖြစ်သဖြင့်လည်း၊ ပင်ပန်းသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ တည်သဖြင့်လည်း၊ ပင်ပန်းသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ ပျက်သဖြင့်လည်း၊ ပင်ပန်းသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ ကျင်နာကိုက်ခဲ၊ ကိုယ်ဆင်းရဲသောကြောင့် ဆင်းရဲဟု သုံးသပ်၏။ ကောက်ကျစ်စဉ်းလဲ၊ စိတ်ဆင်းရဲသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။

မသုံးသပ်မိက၊ တပါးတပါးသော ခန္ဓာ၏ ဖြစ်သောခဏ, တည်သောခဏ, ပျက်သောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ အစဉ်တစိုက်ပါ၍ လိုက်သော အဟောင်းက တထပ်,အသစ်က တထပ်၊ ဤနှစ်ရပ် စက်ရဟတ်က ဖြစ်သောသဘော-ဥပါဒ်လည်း မထင်၊ တည်သောသဘော- ဋ္ဌီလည်း မထင်၊ ပျက်သောသဘော-ဘင်လည်း မထင်၊ သဘောသာပါဝင်၍၊ အစဉ်သဖြင့် အကျိုးပေးခွင့်မရသေးသမျှ၊ မသိသောသဘော-အဝိဇ္ဇာ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ အားထုတ်သောသဘော

သင်္ခါရ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ရှေးနောက် ဘဝ နှစ်ရပ် စပ်သောသဘော-ဝိညာဏ် ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ သက်သောသဘော-နာမ်ရုပ် ကျသောကြောင့်လည်း၊ ဆင်း ရဲဟု သုံးသပ်၏။ ကြည်သောသဘော-သဠာယတန ကျသောကြောင့် လည်း၊ ဆင်းရဲဟု သုံးသပ်၏။ တွေ့သောသဘော-ဖဿ ကျသောကြောင့် လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ခံစားသောသဘော-ဝေဒနာ ကျသော ကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ တပ်သောသဘော-တဏှာ ကျ သောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ စွဲလမ်းသောသဘော-ဥပါ ဒါန် ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ပြုသောသဘော- ဘဝ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ဖြစ်သောသဘော- ဇာတိ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ အိုသောသဘော- ဇရာ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ သေသောသဘော- မရဏ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ စိုးရိမ်သောသ ဘော-သောက ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ငိုကြွေး သောသဘော-ပရိဒေဝ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ ကိုယ်ဆင်းရဲသောသဘော-ဒုက္ခ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံး သပ်၏။ စိတ်ဆင်းရဲသောသဘော-ဒေါမနဿ ကျသောကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။ စိတ်ပင်ပန်းသော သဘော-ဥပါယာသကျသော ကြောင့်လည်း၊ ဆင်းရဲဟု သုံးသပ်၏။

ဤသို့ဟေတုဖလနိဿန္ဒ၊ အကြောင်းအကျိုး အာနိသင် အဆက် ဆက်၊ ချမ်းသာနှင့်မရောမယှက်၊ သက်သက်သော ဆင်းရဲအစု၊ ယခုယခု စည်းဝေးတွေ့ကြုံ ပေါင်းဆုံမိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၊ သံသရာဝဋ်ဒုက္ခ၏ တည်ရာဖြစ်သောကြောင့်၊ ဆင်းရဲဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ ဆင်းရဲဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကို ရ၏။

သော ကောကံ ခန္ဓံ ဥပ္ပါဒဝယ ပဋိပီဠနတာယ ဒုက္ခဝတ္ထုံ
တာယ စ ဒုက္ခတော သမ္မသတိ။

သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဥပ္ပါဒဝယ ပဋိပီဠနတာယစ၊ ဖြစ်ခြင်း,ပျက်ခြင်းဖြင့် မပြတ်ပင်

ပန်းသည်၏ အဖြစ်ကြောင့်ဌင်း။ ဒုက္ခဝတ္ထုတာယစ၊ ဆင်းရဲ၏တည်ရာဝတ္ထု၏ အဖြစ်ကြောင့်ဌင်း။ ဒုက္ခတော၊ ဆင်းရဲဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနညာဏ် အစ၊ အနုလောမညာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာညာဏ်တို့ဖြင့် သုံးသပ်ရှုမြင်မိက၊ တပါးတပါးသော ခန္ဓာ၏ ဖြစ်သောခဏ, တည်သောခဏ,ပျက်သောခဏ, ပစ္စုပ္ပန်ကာလ၌၊ အစဉ်တစိုက် ပါဝင်၍မလိုက်သော၊အဟောင်းလည်း တထပ်၊ အသစ်လည်း တထပ်၊ ဤနှစ်ရပ် စက်ရဟတ်က ဖြစ်သောသဘော-ဥပါဒ်၌လည်း မထင်၊ တည်သောသဘော-ဌီ၌လည်း မထင်၊ ပျက်သောသဘော-ဘင်၌လည်း မထင်၊ သဘောမျှ မပါဝင်ဘဲ၊ အစဉ်သဖြင့် အကျိုးပေးခွင့်လည်းမရ။ သိခိုက်ခဏ သိခိုက်ခဏ၊ မသိသောသဘော-အဝိဇ္ဇာ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ အားထုတ်သော သဘော-သင်္ခါရ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ရှေ့နောက် ဘဝနှစ်ရပ် စပ်သောသဘော- ဝိညာဏ်မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။သက်သောသဘော-နာမ်ရုပ်မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ ကြည်သော သဘော-သဠာယတန မကျသောကြောင့်လည်း၊အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ တွေ့သောသဘော-ဖဿ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ ခံစားသောသဘော-ဝေဒနာ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။တပ်သောသဘော-တဏှာ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ စွဲလမ်းသောသဘော-ဥပါဒါန် မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ ပြုသောသဘော- ဘဝမကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ဖြစ်သောသဘော-ဇာတိမကျသောကြောင့်လည်း၊အနုပ္ပါဒသုခ-မဖြစ်သော ချမ်းသာ။အိုသောသဘော-ဇရာ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ -မဖြစ်သောချမ်းသာ။ သေသောသဘော- မရဏ မကျသောကြောင့်လည်း၊အနုပ္ပါဒသုခ-မဖြစ်သော ချမ်းသာ။စိုးရိမ်သော သဘော-သောက မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ ငိုကြွေးသောသဘော-ပရိဒေဝ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ ကိုယ်ဆင်းရဲသောသဘော-ဒုက္ခ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ စိတ်ဆင်းရဲသောသဘော-

ဒေါမနဿ မကျသောကြောင့်လည်း၊ အနုပ္ပါဒသုခ-မဖြစ်သောချမ်းသာ။ စိတ်ပင်ပန်းသောသဘော-ဥပါယာသ မကျသောကြောင့်လည်း၊အနုပ္ပါဒသုခ -မဖြစ်သောချမ်းသာ။

ဤသို့ ဟေတုဖလနိဿန္ဒ၊ အကြောင်းအကျိုး အာနိသင်အဆက်ဆက်၊ ချမ်းသာနှင့်မရောမယှက်၊သက်သက် ဆင်းရဲအစု၊ယခုယခု မစည်းမဝေး မတွေ့မကြုံ မပေါင်းမဆုံမိဘဲ။ သမ္မသနဉာဏ် အစ၊အနုလောမဉာဏ်အဆုံးရှိသော၊၁၀-ပါးသော ဝိပဿနာဉာဏ်တို့၏သိနိုက်ခဏ သိနိုက်ခဏ၊ တဒင်ခြုပ်ငြိမ်း ရပ်သိမ်းသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်၊ သံသရာစက်ရဟတ် စင်းလုံးပြတ်သော ဝိဝဋ္ဋသုခ၊ယခုယခု တဒင်၏ နောင် အသစ်အသစ်တဖန်၊ ဖြစ်ပြန် ခြင်း၄ါ မထိုက်၊ မဂ်ဉာဏ်ဖြင့် သိနိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအကျန်မရှိ၊ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ, သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာသ၊ ဟေတု ဖလနိဿန္ဒ၊ အကြောင်းအကျိုး အာနိသင်အဆက်ဆက်၊ ချမ်းသာနှင့် မရောမယှက်၊ သက်သက်ဆင်းရဲအစုဟု ဆိုအပ်သော၊ ခန္ဓာငါးပါးတို့၏ခြုပ်ငြိမ်း ရပ်သိမ်းခြင်းသည်၊ ချမ်းသာသော သဘော-နိဗ္ဗာန်ပင်တည်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ဒုက္ခတော၊ ဆင်းရဲဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တီဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ခြုပ်ခြင်းသည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

## ရောဂတော အဖွင့်

### ရောဂတော သမ္မသတိ။ ကထံ။

ရောဂတော၊ ရောဂါဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ ရောဂတော၊ ရောဂါဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

လောကသုံးရွာ သတ္တဝါကား၊ ငါဟုသမုတ်၊ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ စားသောက်ချိန် သင့်က စားသောက်ကြသဖြင့် မျှတ၍၊ ယခု အနာရောဂါမရှိခင်၊ ရောဂါကင်းစင် အာရောဂျပင် ဆိုရပါလျက်။ ယခု အနာရောဂါမရှိသေးသော်လည်း၊ စားသောက်ချိန်သင့်က မစားရသော်၊ ဖြစ်ပေါ်လာခြင်းငှါ ထိုက်သော အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍၊ အနာရောဂါ မဖြစ်ပေါ်အောင် ဆွမ်းပစ္စည်း အရ၊ ထမင်းဟင်း စားသောက်သဖြင့် မျှရသောကြောင့်၊ ရောဂါဟု သုံးသပ်၏။ အချိုအချဉ် အစပ်အငန်၊ အဖန်အခါး၊စားသောက်သဖြင့် မျှရသောကြောင့်၊ ရောဂါဟု သုံးသပ်၏။

သင်္ကန်းပစ္စည်း အရ၊ အခြုံအရုံ, အဝတ်ပုဆိုး၊ ဝတ်ရုံချိန်သင့်က ဝတ်ရုံကြသဖြင့် မျှတ၍၊ ယခု အနာရောဂါ မဖြစ်ပေါ်ခင်၊ ရောဂါကင်းစင်၊ အာရောဂျပင် ဆိုရပါလျက်။ ယခု အနာရောဂါ မဖြစ်သေးသော်လည်း၊ ဝတ်ရုံချိန်သင့်က မဝတ်ရုံရသော်၊ ဖြစ်ပေါ်လာခြင်းငှါ ထိုက်သော အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍၊ အနာရောဂါ မဖြစ်ပေါ်အောင် သင်္ကန်းပစ္စည်းအရ၊ အခြုံအရုံ အဝတ်ပုဆိုး၊ ဝတ်ရုံသဖြင့် မျှရသောကြောင့်၊ ရောဂါဟု သုံးသပ်၏။

ကျောင်းပစ္စည်းအရ၊ စရပ်, တန်ဆောင်း, ကျောင်း, အိမ်, အရိပ်သစ်ပင်၊ ကော်ဇော, ကမ္ဗလာ,မွေ့ရာ, သင်ဖြူး၊ အုံးအိပ်ရာ နေရာ၊ နေရချိန်သင့်က နေကြသဖြင့် မျှတ၍၊ ယခု အနာရောဂါ မဖြစ်ပေါ်ခင်၊ ရောဂါကင်းစင် အာရောဂျပင် ဆိုရပါလျက်။ ယခု အနာရောဂါ မဖြစ်ပေါ်သေးသော်လည်း၊ အိပ်ချိန် နေချိန်သင့်က မအိပ်မနေရသော်၊ ဖြစ်ပေါ်လာခြင်းငှါ ထိုက်သော၊ အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့် ရှုမြော်၍၊ အနာရောဂါ မဖြစ်ပေါ်အောင် ကျောင်းပစ္စည်းအရ၊ စရပ်,တန်ဆောင်း, ကျောင်း, အိမ်,အရိပ်သစ်ပင်၊ ကော်ဇော, ကမ္ဗလာ, မွေ့ရာ, သင်ဖြူး၊ အုံး အိပ်ရာ နေရာနှင့်၊ အိပ်နေသဖြင့် မျှရသောကြောင့်၊ ရောဂါဟု သုံးသပ်၏။

ဆေးပစ္စည်းအရ၊ ဆီဦးထောပတ် ပျားသကာတင်လဲ၊ အဖျော်ယမကာ၊ သုံးစွဲချိန်သင့်က သုံးစွဲကြသဖြင့် မျှတ၍၊ ယခု အနာရောဂါ မဖြစ်ပေါ်ခင်၊ ရောဂါကင်းစင် အာရောဂျပင် ဆိုရပါလျက်။ ယခု အနာရောဂါ မဖြစ်ပေါ်သေးသော်လည်း၊ သုံးစွဲချိန်သင့်က မသုံးစွဲရသော်၊ ဖြစ်ပေါ်လာခြင်းငှါထိုက်သော၊ အနာရောဂါ ဖြစ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍၊အနာရောဂါ မဖြစ်ပေါ်အောင် ဆေးပစ္စည်းအရ၊ ဆီဦးထောပတ် ပျားသကာတင်လဲ၊ အဖျော်ယမကာ၊ သုံးစွဲသဖြင့် မှုရသောကြောင့်၊ ရောဂါဟု သုံးသပ်၏။

မသုံးသပ်မိက၊ ရှေ့ကံဟောင်းက ပါသော၊ အဟောင်းဖြစ်သော ဝေဒနာ၊ ယခု ကံသစ်ကျသဖြင့်ရသော အသစ်ဖြစ်သော ဝေဒနာ၊ အကျိုးရောဂါ ဖြစ်ပေါ်လိမ့်မည်ကို ဉာဏ်ဖြင့်ရှုမြော်၍၊ အကျိုးရောဂါ မဖြစ်ပေါ်အောင်၊လေးပါးသော ပစ္စည်းအရ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ မှီဝဲသုံးဆောင်သဖြင့် မှုရသောကြောင့်၊ ရောဂါဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင် ရောဂါဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမ ဉာဏ်ကို ရ၏။

> သော ကောကံ ခန္ဓံ ပစ္စယ ယာပနိယတာယ ရောဂမူလတာယ စ ရောဂတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ပစ္စယ ယာပနိယတာယစ၊ ပစ္စည်းလေးပါးဖြင့် မှုရသည်၏အဖြစ်ကြောင့်၎င်း။ ရောဂမူလတာယစ၊ ရောဂါ၏ အကြောင်းရင်းမူလ၏ အဖြစ်ကြောင့်၎င်း။ ရောဂတော၊ ရောဂါဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ ရောဂါ၏ အကြောင်းရင်း မူလဖြစ်သော၊ ယခု ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ရောဂါဟု သုံးသပ်ရှုမြင်မိက၊ ပစ္စည်းလေးပါး သုံးစွဲသမျှ၊ သိခိုက်ခဏ သိခိုက်ခဏ၊ ယခု အသစ်အသစ် အနာရောဂါလည်း ဖြစ်ပေါ်ခြင်းငှါ မထိုက်၊ ရှေးကံဟောင်းက ပါလာသော၊ အဟောင်းဖြစ်သော ဝေဒနာ၊

အကျိုးရောဂါ၊ ယခု ကျခြင်းငှါမထိုက်။ ယခု ကံအသစ်ကျသဖြင့်ရသော၊ အသစ် ဖြစ်သော ဝေဒနာ၊ အကျိုးရောဂါ၊ နောင်ခါ ဖြစ်ပေါ်ခြင်းငှာ လည်းမထိုက်။ သိခိုက်ခဏ သိခိုက်ခဏ၊ ရောဂါ၏အကြောင်းရင်းမူလဖြစ် သော၊ ခန္ဓာငါးပါးတို့၏၊ တဒင်္ဂ တဒင်္ဂ မဖြစ်ဘဲ ချုပ်သောသဘော အနုပ္ပါဒအာရောဂျ၊ ယခု တဒင်္ဂ၏၊ နောင် အသစ်တဘန်၊ အဆင့်ဆင့်ဖြစ် ပြန်ခြင်းငှါလည်းမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ အကြွင်းအ ကျန်မရှိ၊ ရောဂါ၏ အကြောင်းရင်းမူလဖြစ်သော၊ ခန္ဓာငါးပါးတို့၏ချုပ် ခြင်းသည်၊ အနာရောဂါကင်းသော နိဗ္ဗာန်တည်းဟု၊ ရှုမြင်သော ယောဂီ ပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ရောဂတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အာရောဂျံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ရောဂတော၊ ရောဂါဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ် ကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အာရောဂျံ၊ အနာရောဂါကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန် တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## ဂဏ္ဍတော အဖွင့်

### ဂဏ္ဍတော သမ္မသတိ။ ကထံ။

ဂဏ္ဍတော၊ အိုင်းအမာဟု။ သမ္မသတိ၊ သုံးသပ်၏။ကထံ၊ အဘယ့် ကြောင့်။ ဂဏ္ဍတော၊ အိုင်းအမာဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊တပါးတပါးသောခန္ဓာကို၊ ကိုယ်၌ဖြစ်သော ဆင်းရဲ၊စိတ်၌ဖြစ်သော ဆင်းရဲ၊ ဒုက္ခဒုက္ခတာ။ဆူးကြောင့် တံကျင်၊ အထက်အောက် ထုတ်ချင်းခတ်၊ စူးဝင်ထိုးလျှိုသော အလေ့သ ဘောအားဖြင့်၊ ကိလေသာအညစ်အကြေး သွေးအနုသယ၊ ပရိယုဋ္ဌာန်ပါ အံ့လုံးကြွလျက်၊ မန်းတက်၍ မချိမဆန့်အောင်၊ အစဉ်ရောင်သောကြောင့်၊ အိုင်းအမာဟု သုံးသပ်၏။

တပါးတပါးသော ခန္ဓာ၏ ဖြစ်သောခဏ၊ သစ်သော ကာလမှ နောက်၊ တည်သောခဏ၊ ဟောင်းသောကာလသို့ရောက်သော၊ သင်္ခါရ ဒုက္ခတာ။ ဆူးငြောင့်တံကျင်၊ ရှေ့နောက်ထုတ်ချင်းခတ်၊ စူးဝင်ထိုးလျှို သော အလေ့သဘောအားဖြင့်၊ မစင်ကြယ်သော ကိလေသာအပုတ်အ သိုး၊ ပွားတိုးဆင့်ဆင့် အောင်းသဖြင့်ပြည့်သော်၊ ပြည်မှည့်၍ မချိမဆန့်နိုင် အောင်၊ အလယ်၌ရင့်သောကြောင့်၊ အိုင်းအမာဟု သုံးသင်၏။

တပါးတပါးသော ခန္ဓာ၏ တည်သောခဏ၊ ဟောင်းသော ကာ လမှနောက်၊ ပျက်သောခဏ၊ကုန်သောကာလသို့ရောက်သော၊ ဝိပရိဏာမ ဒုက္ခတာ။ ဆူးငြောင့်တံကျင်၊ ဖီလာကန့်လန့်၊ ထုတ်ချင်းခတ်၊ စူးဝင်ထိုးလျှို သော အလေ့သဘောဖြင့်၊ တဒီးဒီးယိုစီးသော ကိလေသာသွေးပြည်က ထွက်၊ အက်ကွဲ၍မချိမဆန့်အောင်၊ အဆုံး၌ပေါက်ကွဲသောကြောင့်၊အိုင်း အမာဟု သုံးသင်၏။

မသုံးသင်မိက၊ ရောင်သောခဏ၊ ရင့်သောခဏ၊ ပေါက်သော ခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခုအသစ်အသစ်၊ ဖြစ်ခြင်းငှါထိုက်သော၊ ရုပ်, ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်၊ တပါးတပါးသော ခန္ဓာကို၊ ယခု အ သစ်အသစ်၊ ဖြစ်ခြင်းငှါထိုက်သော၊ ကိုယ်၌ဖြစ်သောဆင်းရဲ၊ စိတ်၌ဖြစ် သောဆင်းရဲ၊ ဒုက္ခဒုက္ခတာ။ ဆူးငြောင့်တံကျင်၊ အထက်အောက်ထုတ် ချင်းခတ်၊ စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့်၊ ကိလေသာအညစ် အကြေး သွေးအနုသယ၊ ပရိယုဋ္ဌာန်ပါ အုံလုံးကြွလျက်၊ မန်းတက်၍ မချိ မဆန့်အောင်၊ အစ၌ရောင်သောကြောင့်၊ အိုင်းအမာဟု သုံးသင်သော ယောဂီပုဂ္ဂိုလ်၊ သမ္မာသနည်းဏ်ကိုရ၏။

တပါးတပါးသောခန္ဓာ၏ ဖြစ်သောခဏ၊ သစ်သော ကာလမှ နောက်၊ တည်သောခဏ၊ ကုန်သောကာလသို့ရောက်သော၊ ယခု အသစ် အသစ်၊ ဖြစ်ခြင်းငှါထိုက်သော၊ သင်္ခါရဒုက္ခတာ။ ဆူးငြောင့်တံကျင်၊ ရှေ့နောက်ထုတ်ချင်းခတ်၊ စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့်၊ မစင် ကြယ်သော ကိလေသာ အပုတ်အသိုး၊ ပွားတိုးဆင့်ဆင့် အောင်းသဖြင့် ပြည့်သော်၊ ပြည်မှည့်၍ မချိမဆန့်အောင်၊ အလယ်၌ ရင့်သောကြောင့်၊ အိုင်းအမာဟု သုံးသင်သော ယောဂီပုဂ္ဂိုလ်၊ သမ္မာသနည်းဏ်ကိုရ၏။

တပါးတပါးသောခန္ဓာ၏ တည်သောခဏ၊ ဟောင်းသောကာလ မှနောက်၊ ပျက်သောခဏ၊ ကုန်သောကာလသို့ရောက်သော၊ ယခု အသစ်

အသစ်၊ ဖြစ်ခြင်း၄ါထိုက်သော၊ ဝိပရိဏာမဒုက္ခတာ။ ဆူးခြောင့်တံကျင်၊ ဗိလာကန့်လန့်၊ ထုတ်ချင်းခတ်၊ စူးဝင်ထိုးလျှိုသော အလေ့သဘောဖြင့်၊ တဒိးဒိးယိုစီးသော ကိလေသာ သွေးပြည်ကထွက်၊ အက်ကွဲ၍ မချိမဆန့်အောင်၊ အဆုံး၌ပေါက်ကွဲသောကြောင့်၊ အိုင်းအမာဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ်တိုင်အောင်၊ အိုင်းအမာဟု ရှုမြင်သော ယောဂီ ပုဂ္ဂိုလ်၊ အနုလောမဉာဏ်ကို ရ၏။

သော ဧကေကံ ခန္ဓံ ဒုက္ခတာ သူလယောဂိတာယ ကိလေသာသုစိပဿရဏတာယ ဥပ္ပါဒဇရာဘင်္ဂေဟိ ဥဒ္ဓုမာတက ပရိပက္ကပဘိန္နတာယ စ ဂဏ္ဍတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဧကေကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဒုက္ခတာသူလယောဂိတာယ၊ ဒုက္ခတာ ဆူးခြောင့်တံကျင်၊ စူးဝင်ထိုးလျှိုသော အလေ့သဘော၏အဖြစ်ကြောင့်။ ကိလေသာသုစိပဿရဏတာယ၊ ကိလေသာ မစင်ကြယ်သော သွေးပြည်၊ ယိုစီးသည်၏ အဖြစ်ကြောင့်။ ဥပ္ပါဒဇရာဘင်္ဂေဟိ၊ ဥပါဒ်, ဌီ, ဘင်၊ သင်္ခတလက္ခဏာ၊ အစ, အလယ်, အဆုံး သုံးပါးတို့ဖြင့်။ ဥဒ္ဓုမာတကပရိပက္ကပဘိန္နတာယစ၊ ဖူးဖူးရောင်သည်၏အဖြစ်၊ မှည့်ရင့်သည်၏အဖြစ်၊ ပေါက်ကွဲသည်၏ အဖြစ်ကြောင့်၎င်း။ ဂဏ္ဍတော၊ အိုင်းအမာဟု၊ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ တပါးတပါးသော ခန္ဓာ၊ အိုင်းအမာ ရောင်သောခဏ၊ ရင့်သောခဏ၊ ပေါက်သောခဏ၊ ပစ္စုပ္ပန်ကာလ၌၊ ယခု အသစ်အသစ်၊ ဖြစ်ခြင်း၄ါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏၊မဖြစ်ဘဲခြုပ်သော-အနုပ္ပါဒနိရောဓ၊ ယခုယခု အိုင်းအမာမဟုတ်၊ ခြုပ်သော တဒင်္ဂ၏၊ နောင် အသစ်အသစ် တဖန်၊ ဖြစ်ပြန်ခြင်း၄ါမထိုက်၊ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ-အကြွင်းအကျန်မရှိ၊ ခန္ဓာငါးပါးတို့၏ ခြုပ်ခြင်းသည်၊ အိုင်းအမာမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီ ပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ ဂဏ္ဍတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဂဏ္ဍံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ ဂဏ္ဍတော၊ အိုင်းအမာဟူ။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဂဏ္ဍံ၊ အိုင်းအမာ မဟုတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## သလ္လတော အဖွင့်

### သလ္လတော သမ္မသတိ။ ကထံ၊

သလ္လတော၊ မြားဟူ။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ သလ္လတော၊ မြားဟူ။ သမ္မသတိ၊ သုံးသပ်သနည်း။

တပါးတပါးသော ခန္ဓာကို၊ ဣဋ္ဌာရုံဖြစ်က၊ ချစ်ခင်၍မဝ၊ ရာဂသလ္လ။ အနိဋ္ဌာရုံဖြစ်က၊ အပြစ်မြင်၍မဝ၊ ဒေါသသလ္လ။ မဇ္ဈတ္တာရုံဖြစ်က၊ ယစ်မေ့၍မဝ၊ မောဟသလ္လ။ စဉ်းသွားကျသဖြင့်၊ နှိပ်စက်သည်၏ အဖြစ်ကြောင့်၊ မြားဟု သုံးသပ်၏။

တပါးတပါးသော ခန္ဓာကို၊ ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား၊ အာရုံပြုသော စိတ်နှလုံးသား အတွင်း၌၊ တနင့်နင့် ထိုးကျင်သည်၏အဖြစ်ကြောင့်၊ မြားဟု သုံးသပ်၏။

အာရုံပြုသော စိတ်နှလုံးသား၏အတွင်း၌၊ တနင့်နင့် ထိုးကျင်သော၊ ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား ကျသောခန္ဓာ၊ ဣဋ္ဌာရုံ ဖြစ်လျှင်လည်း၊ ချစ်ခင်တာကို။ အနိဋ္ဌာရုံ ဖြစ်လျှင်လည်း၊ အပြစ်မြင်တာကို။ မဇ္ဈတ္တာရုံ ဖြစ်လျှင်လည်း၊ ယစ်မေ့တာကို။ နုတ် ပစ်နိုင်ခဲသည်၏ အဖြစ်ကြောင့်၊ မြားဟု သုံးသပ်၏။

မသုံးသပ်မိက၊ ကျခဲသောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခု အသစ်အသစ်ဖြစ်သော ခန္ဓာကို၊ ဣဋ္ဌာရုံဖြစ်က၊ ချစ်ခင်၍မဝ၊ ရာဂသလ္လ။ အနိဋ္ဌာရုံဖြစ်က

အပြစ်မြင်၍မ၀၊ဒေါသသလ္လ။မဏ္ဍတ္တာရုံဖြစ်က၊ယစ်မေ့၍မ၀၊ မောဟသလ္လ။ ယခု အသစ်သစ်၊ စဉ်းသွား ကျသဖြင့်၊ နှိပ်စက်သည်၏ အဖြစ်ကြောင့်၊ မြားဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သလ္လသနုဉာဏ်ကိုရ၏။

ယခု အသစ်အသစ်၊ ဖြစ်သော ခန္ဓာကို၊ ယခု အသစ်အသစ်ဖြစ်သော၊ ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား၊ အာရုံပြုသော စိတ်နှလုံးသား၏ အတွင်း၌၊ တနင့်နင့် ထိုးကျင်သည်၏ အဖြစ်ကြောင့်၊ မြားဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သလ္လသနုဉာဏ်ကိုရ၏။

အာရုံပြုသော စိတ်နှလုံးသား၏အတွင်း၌၊ တနင့်နင့် ထိုးကျင်သော၊ ယခု အသစ်အသစ် ဖြစ်သော၊ ရာဂစဉ်းသွား, ဒေါသစဉ်းသွား, မောဟစဉ်းသွား ကျသောခန္ဓာ၊ ဣဋ္ဌာရုံဖြစ်လျှင်လည်း၊ ချစ်ခင်တာကို။ အနိဋ္ဌာရုံဖြစ်လျှင်လည်း၊အပြစ်မြင်တာကို၊ မဏ္ဍတ္တာရုံဖြစ်လျှင်လည်း ယစ်မေ့တာကို။ နုတ် ပစ်နိုင်ခဲသည်၏အဖြစ်ကြောင့်၊ မြားဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သလ္လသနုဉာဏ်ကိုရ၏။

သလ္လသနုဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ မြားဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊အနုလောမဉာဏ်ကိုရ၏။

သော ကောကံ ခန္ဓံ ပီဠာဇနကတာယ အန္တောတုဒနတာယ ဒုန္နီဟရဏီယတာယ စ သလ္လတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ပီဠာဇနကတာယ၊ နှိပ်စက်သော အကြောင်း၏ အဖြစ်ကြောင့်၊ အန္တောတုဒနတာယ၊ အတွင်း၌ ထိုးကျင်သည်၏အဖြစ်ကြောင့်။ ဒုန္နီဟရဏီယတာယစ၊ နုတ် ပစ်နိုင်ခဲသည်၏အဖြစ်ကြောင့်။ သလ္လတော၊ မြားဟု။ သမ္မသတိ၊ သုံးသပ်၏။

သလ္လသနုဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးရှိသော၊ ဆယ်ပါးသော ဝိပဿနာဉာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်ငြိက၊ ကျသောခဏ ပစ္စုပ္ပန် ကာလ၌၊ ယခု အသစ်အသစ်၊ ဖြစ်ခြင်းငှါမထိုက်၊သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ငြိမ်သောသဘော- အနုပ္ပါဒနိရောဓ၊ ယခုယခု မြားမဟုတ်၊ ငြိမ်သော တဒင်္ဂ တဒင်္ဂ၏၊ နောင် အသစ်အသင်၊ တဖန်ဖြစ်ခြင်းငှါမထိုက်။ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ- အကြွင်း

အကျန်မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ဖြစ်ခြင်းသည်၊ မြားမဟုတ်သော နိဗ္ဗာန်ပင်တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ဉာဏ်ကိုရ၏။

ပဉ္စက္ခန္ဓေ သလ္လတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ဝိသလ္လံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာ တို့ကို။ သလ္လတော၊ မြားဟု၊ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။နိရောဓော၊ ဖြစ်ခြင်းသည်။ ဝိသလ္လံ၊ မြားမဟုတ်သော်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## အဃတော အဖွင့်

### အဃတော သမ္မသတိ။ ကထံ။

အဃတော၊ မကောင်းဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့်ကြောင့်။ အဃတော၊ မကောင်းဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

တပါးတပါးသော ခန္ဓာကို၊ ယောဂီပုဂ္ဂိုလ်တို့၏ ရုပ်အစုက၊ အသုဘတ္တာ။ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်အစုက၊အသုဘသညာ။ အသုဘသညာ၊ အသုဘဝတ္ထု၊ရှုက မတင့်တယ်၊ကွဲရဲ့ဘွယ်၏အဖြစ်ကြောင့်၊မကောင်းဟု သုံးသပ်၏။ ။ယောဂီပုဂ္ဂိုလ်တို့၏၊ဝေဒနာအစုက၊ဒုက္ခဝတ္ထု။ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အစုက၊ဒုက္ခသညာ။ဒုက္ခသညာ၊ဒုက္ခဝတ္ထု၊ ရှုက မကောင်း၊ အကြောင်းချီးဖဲ့၊ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်၏။ ။ယောဂီပုဂ္ဂိုလ်တို့၏ ဝိညာဏ်အစုက၊ အနိစ္စဝတ္ထု။ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အစုက၊ အနိစ္စသညာ။ အနိစ္စသညာ၊ အနိစ္စဝတ္ထု၊ ရှုက မကောင်း၊ အကြောင်းချီးဖဲ့၊ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်၏။ ။ယောဂီပုဂ္ဂိုလ်တို့၏၊ သညာ, သင်္ခါရ အစုက၊ အနတ္တဝတ္ထု။ ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်အစုက၊ အနတ္တသညာ။ အနတ္တသညာ၊ အနတ္တဝတ္ထု၊ ရှုက မကောင်း၊ အကြောင်းချီးဖဲ့၊ အကျိုးမဲ့ကို ဆောင်သည်၏အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်၏။ ။တပါးတပါး

သော ခန္ဓာကို၊ ခန္ဓာတို့၏ ဖြစ်သမျှအပေါင်း၊ ကိလေသာ၏အကြောင်းဟု၊ မကောင်းမှုအစု၊ ဝဋ္ဋ၏အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်၏။

မသုံးသပ်မိက၊ ဖြစ်သောခဏ ပစ္စုပ္ပန်ကာလ၌၊ ယခုယခု အသစ် ဖြစ်ခြင်းငှါထိုက်သော၊ တပါးတပါးသော ခန္ဓာကို၊ ပုထုဇန်တို့ ရုပ်အစုက၊ သုဘဝဋ္ဋ။ ပုထုဇန်တို့ ဉာဏ်အစုက၊ သုဘသညာ။ သုဘသညာ၊ သုဘ ဝဋ္ဋ၊ရှုက မတင့်တယ်၊ကွဲရဲ့ဘွယ်၏အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ် သော ယောဂီပုဂ္ဂိုလ်၊ သမ္မသန ဉာဏ်ကိုရ၏။ ။ပုထုဇန်တို့၏ ဝေဒနာ အစုက၊ သုခဝဋ္ဋ။ ပုထုဇန်တို့၏ ဉာဏ်အစုက၊ သုခသညာ။ သုခသညာ၊ သုခဝဋ္ဋ၊ ရှုက မကောင်း၊ အကြောင်းချိုးဖဲ့၊ အကျိုးမဲ့ကို ဆောင်သည်၏ အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ် ကိုရ၏။ ။ပုထုဇန်တို့၏ ဝိညာဏ်အစုက၊ နိစ္စဝဋ္ဋ။ ပုထုဇန်တို့၏ ဉာဏ် အစုက၊နိစ္စသညာ။နိစ္စသညာ၊နိစ္စဝဋ္ဋ၊ရှုက မကောင်း၊အကြောင်းချိုးဖဲ့၊ အကျိုးမဲ့ကိုဆောင်သည်၏အဖြစ်ကြောင့်၊မကောင်းဟု သုံးသပ်သောယော ဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။ ။ပုထုဇန်တို့၏ သညာ, သင်္ခါရအစုက၊ အတ္တဝဋ္ဋ။ ပုထုဇန်တို့၏ဉာဏ်အစုက အတ္တသညာ။ အတ္တသညာ၊ အတ္တ ဝဋ္ဋ၊ ရှုက မကောင်း၊ အကြောင်းချိုးဖဲ့၊ အကျိုးမဲ့ကို ဆောင်သည်၏အ ဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကို ရ၏။ ။ယခု အသစ်အသစ်၊ ဖြစ်ခြင်းငှါထိုက်သော တပါးတပါးသော ခန္ဓာကို၊ ခန္ဓာတို့၏ဖြစ်သမျှ အပေါင်း၊ ကိလေသာ၏ အကြောင်းဟု၊ မကောင်းမှုအစ ဝဋ္ဋ၏ အဖြစ်ကြောင့်၊ မကောင်းဟု သုံးသပ်သော ယောဂီပုဂ္ဂိုလ်၊ သမ္မသနဉာဏ်ကိုရ၏။

သမ္မသနဉာဏ်မှ အထက်၊ အဆင့်ဆင့် တက်၍၊ အနုလောမဉာဏ် တိုင်အောင်၊ မကောင်းဟု ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ အနုလောမဉာဏ် ကိုရ၏။

သော ကောကံ ခန္ဓံ ဝိဂရဟဏီယတာယ အဝဍ္ဎိအာဝဟန
တာယ အဃဝတ္ထုတာယ စ အဃတော သမ္မသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကောကံ ခန္ဓံ၊ တပါးတပါးသော ခန္ဓာကို။ ဝိဂရဟဏီယတာယ၊ ကွဲရဲ့ဘွယ်၏အဖြစ်ကြောင့်။ အဝဍ္ဎိအာ ဝဟနတာယ၊ အကျိုးမဲ့ကို ဆောင်သည်၏ အဖြစ်ကြောင့်။ အဃဝတ္ထု တာယစ၊ မကောင်းမှု၏တည်ရာဝတ္ထု၏အဖြစ်ကြောင့်ရင်း။ အဃတော၊ မကောင်းဟု။ သမ္မသတိ၊ သုံးသပ်၏။

သမ္မသနညာဏ် အစ၊ အနုလောမညာဏ် အဆုံးရှိသော၊ ဆယ်ပါး သော ဝိပဿနာညာဏ်တို့ဖြင့်၊ သုံးသပ်ရှုမြင်မိက၊ ဖြစ်သောခဏ ပစ္စုပ္ပန် ကာလ၌၊ ယခုအသစ်အသစ် ဖြစ်ခြင်းငှါမထိုက်၊ သိခိုက်ခဏ သိခိုက်ခဏ၊ ငါးပါးသော ခန္ဓာတို့၏ မဖြစ်ဘဲ ခြုပ်သောသဘော-အနုပ္ပါဒနိရောဓ၊ ယခုယခု မကောင်းမှုခြုပ်သော၊ တဒင်္ဂတဒင်္ဂ၏ နောင် အသစ်တဖန်၊ ဖြစ် ပြန်ခြင်းငှါမထိုက်၊ မဂ်ညာဏ်ဖြင့် သိခိုက်ခဏ၊ သမုစ္ဆေဒ-အကြွင်းအကျန် မရှိ၊ ငါးပါးသော ခန္ဓာတို့၏ ခြုပ်ခြင်းသည်၊ ကောင်းသော နိဗ္ဗာန်ပင် တည်းဟု၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်၊ မဂ်ညာဏ်ကိုရ၏။

> ပဉ္စက္ခန္ဓေ အဃတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနဃံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အဃတော၊ မကောင်းဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကံ ခန္တိံ၊ အနုလောမ ခန္တိညာဏ် ကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့၏။ နိရောဓော၊ ခြုပ်ခြင်းသည်။ အနဃံ၊ ကောင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

---

## အာဗာဓတော အဖွင့်

### အာဗာဓတော သမ္မသတိ။ ကထံ။

အာဗာဓတော၊ အနာဟု။ သမ္မသတိ၊ သုံးသပ်၏။ ကထံ၊ အဘယ့် ကြောင့်။ အာဗာဓတော၊ အနာဟု။ သမ္မသတိ၊ သုံးသပ်သနည်း။

